ပဲခူးမြို့
ကြခတ်ဝိုင်း ပဓာနထေရ်
အရှင်ဇောတိပါလ
ရေး

# ဘာဝနာရသဝိဘာဝနီကျမ်း
နှင့်
# အမတရသဝိဘာဝနီကျမ်း

[ဒုတိယပိုင်း]

ဓမ္မဒါန



အရှင်ဇောတိပါလ

ကြခတ်ဝိုင်း ပဓာန နာယကထေရ်

ပဲခူးမြို့

ပဲခူးမြို့

ကြခတ်ဝိုင်း ပဓာန နာယကထေရ်

အရှင်ဇောတိပါလ-ရေး

# ဘာဝနာရသဝိဘာဝနီကျမ်း

နှင့်

# အမတရသဝိဘာဝနီကျမ်း

[ဒုတိယပိုင်း]

[၁၃၄၂ ခုနှစ်၊ ပထမဝါဆိုလ]

ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၉၁၅/၉၁၅-က)
မျက်နှာဖုံးဒီဇိုင်း ခွင့်ပြုအမှတ် (၂၃၅၃)
ပထမအကြိမ်၊ အုပ်-၂၅၀၀
၁၃၄၂-ခုနှစ်၊ ပထမဝါဆိုလ၊
(၁၉၈၀-ခုနှစ်၊ ဇွန်လ)

မျက်နှာဖုံးပန်းချီ 'ဦးမြင့်မောင်'
ဘလောက်-အဝင်း၊ အဖုံးရိုက်-စိုးမိုးမိတ်ဆက်
စာအုပ်ချုပ်-စုလှိုင်စာအုပ်ချုပ်

(ပထမအကြိမ်)

# ဓမ္မဒါန

ဦးစံလှ၊ ကင်းလွတ်ခွင့်အမှတ် (၃၅၅/၃၅၅-က)
အမှတ် ၁၀၀၊ ၂၉-လမ်း၊ ရန်ကုန်က တာဝန်ခံ ထုတ်ဝေ၍

ဦးစံလှ (၀၂၂၀၉) စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်၊
၁၄၆၊ ၃၃-လမ်း၊ ရန်ကုန်တွင် ရိုက်နှိပ်သည်။

# မာတိကာ အညွှန်း

**အကြောင်းအရာ** — **စာမျက်နှာ**

## အချိန်မသုံး တန်ဘိုးဆုံး တရားတော်

### မာလာဘာရီမည်သော နတ်သားနှင့် ပတိပူဇိကာ မည်သောနတ်သွီးတို့ တာဝတိံသာနတ်ပြည်ရှိ တခုသော ပန်းဥယျာဉ်ကြီးအတွင်း၌ နတ်သွီးတထောင်နှင့်တကွ လူ့လောက ဘဝဖြစ်စဉ်ကို မေးမြန်း သံဝေဂ ဖြစ်ကြပုံ


တရားသံပေါက်များ .... ၄၉၁
နတ်သမီးတယောက် ကွယ်ပျောက်စုတေ မီးမသေ့ .... ၄၉၃
ဘဝလင်ဟောင်း ဆုတောင်းကုသိုလ် ပြုထိုထို .... ၄၉၃
လူ့ဘဝသက် ချင့်တွက်ခဏ မကြာလှ .... ၄၉၄
လူတို့အသက်မှာ လွန်စွာတိုလျ - မေ့လျော့ကြ .... ၄၉၄
လူတို့အသက် နေ့ရက်တိုလှ မမေ့ရ .... ၄၉၅
ဝတ္ထုကိလေ နှစ်ထွေကာမ ဆိုးဝါးလှ .... ၄၉၆
ကာမဂုဏ်ပန်း ဆွတ်လှမ်းနေစဉ် သေပွဲဝင် .... ၄၉၆


## သံဝေးထက် ဉာဏ်ဝေးနက် တရားတော်

### အနာဂါမ်ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ဖြစ်ရလျှင် (ဥဒ္ဒံသောတ ဓဝပုဂ္ဂလ)မည်ကြောင်း အနာဂါမ် မထေရ်ကြီးကိုရည်၍ ဘုရားရှင် ဟောကြားထားပုံ


တရားသံပေါက်များ .... ၄၉၇
သေသောကာလ ဗြဟ္မာ့ပြည်မှာ ဖြစ်ရပါ .... ၄၉၈
တပည့်များက မေးကြသော်ငြား ပြန်မကြား .... ၄၉၈
ဥဒ္ဓံသောတ္ထာ ဖြစ်ရအမှန် ဘဲစဉ်စံ .... ၅၀၀


## သားတော်မြတ် (အရှင်ရာဟုလာ) မထေရ်၏ ကျင့်စဉ်နှင့် နိဗ္ဗာန်မျက်မှောက်ပြုခန်း


တရားသံပေါက်များ ၅၀၁
ရာဟုလာကား လျှောက်ထားဘုရားထံ ဟောပို့ရန် .... ၅၀၃
ဒီလိုရှုက လုံးဝသေချာ မသင့်ပါ .... ၅၀၄
ကိလေလွတ်ငြား ကုန်သွားသည့်ခါ ရဟန္တာ ၅၀၄

## - မာတိကာ -

**အကြောင်းအရာ** **စာမျက်နှာ**


**ခန္ဓောပမ သုတ္တန် ဒေသနာတော်**

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၅၀၅ |
| အကြောင်းအကျိုး နှစ်မျိုးဆက်ကာ ဖြစ်ချုပ်ပါ | .... | ၅၀၇ |
| သစ်သားနှစ်ခု ထိမှုရှိကြ မီးပေါ်ရ | .... | ၅၀၇ |

**ဒဗ္ဗ သုတ္တန် ဒေသနာတော်**

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၅၀၉ |
| ကျွန်ုပ်ဒြင်ငါးတန် မှတ်ရန်အညီ လေးပါးစီ | .... | ၅၁၀ |

**ဒါရုက္ခန္ဓောပမ သုတ္တန် ဒေသနာတော်**

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၅၁၁ |
| မျောလာသစ်တုံး ရွှေဘုန်းပြကာ မေးလျှောက်ပါ | .... | ၄၁၅ |
| ဂင်္ဂါရေမှာ ကပ်ပါသစ်တုံး ဥာဏ်ခွဲသုံး | .... | ၅၁၅ |
| သမ္မာဒိဋ္ဌိ စရိမဂ္ဂင် နိဗ္ဗာန်ဝင် | .... | ၅၁၆ |
| မြတ်ဘုရားထံ မိန့်ရန်လျှောက်ထား ရဟန်းများ | .... | ၅၁၇ |
| ဘုရားရှင်းပြ နားကြဝပ်တွား ရဟန်းများ | .... | ၅၁၈ |

**သီလဝန္တ သုတ္တန် ဒေသနာတော်**

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၅၁၉ |
| ဥပါဒါနက္ခန် ငါးတန်အနိစ္စ စသည်ပြ | .... | ၅၂၀ |
| ရဟန္တာလဲ ရှုမြဲရှုပါ ကျိုးနှစ်ဖြာ | .... | ၅၂၂ |

**သုပ္ပဗုဒ္ဓ သုတ္တန် ဒေသနာတော်**

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၅၂၃ |
| ဤလူအုပ်ဝယ် ခဲဘွယ်ဘောဇဉ် ရမည်ထင် | .... | ၅၂၅ |
| မြတ်ရှင်တရား နာကြားဘို့ရည် ထိုင်လိုက်ပြီ | .... | ၅၂၆ |
| ခမ္မစက္ခု ဖြစ်မှုသေချာ သုပ္ပမှာ | .... | ၅၂၆ |
| ဗုဒ္ဓစွမ်းရည် ပြပြီချီးကျူး အထူးထူး | .... | ၅၂၇ |
| အကုသိုလ်ကြွင်း မယွင်းလူနူ ဖြစ်ခဲ့သူ | .... | ၅၂၇ |

**မဟာသုဒဿန သုတ္တန် ဒေသနာတော်**

| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၅၂၉ |
| မြို့ကြီးများမှာ ကြွကာပြုရန် ပရိနိဗ္ဗာန် | .... | ၅၃၀ |
| အာဠကမန္ဒာ နက်ရှာတမျှ ပြည့်စုံလှ | .... | ၅၃၂ |
| အသံဆယ်ပါး ထင်ရှားနေ့ည မဆိတ်ကြ | .... | ၅၃၂ |

# - မာတိကာ -

**အကြောင်းအရာ** **စာမျက်နှာ**


တံတိုင်းခုနစ်ထပ် လေးရပ်တံခါး လွန်ခမ်းနား .... ၅၃၃
ရတနာကွဒ္ဒိ ဖြိုးပြည့်မယွင်း စကြာမင်း .... ၅၃၃

**အနာထပိဏ်သဋ္ဌေးကြီး၏ သမီး**
**သကဒါဂါမ် အရိယာမလေး သုမနာဒေဝီ ဝတ္ထု**

တရားသံပေါက်များ .... ၅၃၄
အနာထပိဏ် ဂုဏ်ရှိန်ကြီးထ ဝိသာခ .... ၅၃၆
သမီးမကျန်းမာ ခေါ်ရာအနီး ရောက်ခဲ့ပြီး .... ၅၃၆
ဘခင်ကိုပင် မောင်လျှင်လုံးလုံး တွင်တွင်သုံး .... ၅၃၇
သင်ကသောတာပန် အမှန်ဆိုပိမ့် အဆင့်နိမ့် .... ၅၃၇
ပစ္စုပ်တမလွန် နှစ်တန်ဘဝ ချမ်းသာရ .... ၅၃၈

**အနဏ္ဍငါးရစ် ကျေးရူးဆပ် တရားတော်**

တရားသံပေါက်များ .... ၅၃၉
ရဟန်းဖြစ်လို ပြုလိုခညောင်း ခွင့်ပန်တောင်း .... ၅၄၁
ရဟန်းပြုလို တောင်းဆိုအရေး ခွင့်မပေး .... ၅၄၁
ကမ္မဋ္ဌာန်းမှု အားပြုအစဉ် တောသို့ဝင် .... ၅၄၂
ဘုရားသာဝက မိဘပါရည် ဆက်မေးပြီ .... ၅၄၃
အိုကွယ့်ငါ့ရှင် သင်သည်ယခု လုပ်ကျွေးပြုလော့ .... ၅၄၃
ရဟန်းတော်မြတ် စိတ်ကပ်လမ်းညွှန် ဇေတဝန် .... ၅၄၄
ရဟန်းဘဝ တက်ကြွစိတ်သန် ပြုစုရန် .... ၅၄၄
သုံးဦးဆုံလျက် ဖက်၍ငိုကြ ထိုကာလ .... ၅၄၅
မိဘကျွေးမွေး ပြုပေးမလို ကဲ့ရဲ့ဆို .... ၅၄၅
မိဘကျွေးမွေး ပြုပေးသူ့ကို ချီးမွမ်းဆို .... ၅၄၆

**အလောင်းတော်မြတ် တောသိုကစ် တရားတော်**
**မဟာဇနကမင်းနှင့် သီဝလိဒေဝီတို့ ဝတ္ထု**

တရားသံပေါက်များ .... ၅၄၇
ညီအစ်ကိုချင်းအား အမှားယုံလတ် လက်ထိပ်ခတ် .... ၅၄၉
မင်းမှာသစ္စာ လူမှာဂတိ စွမ်းအင်ရှိ .... ၅၄၉
လောင်းမြတ်သန္ဓေ ပျက်ကြွေမရှိ သူစောင့်ကြည့် ... ၅၅၀
စစ်ရှုံးလေရာ သတ်မှာရွံ့တွေး ထင်ရာပြေး .... ၅၅၀
ထိုမိဖုရား ပြုအားအလီလီ စောင့်ရှောက်ပြီ .... ၅၅၁
မုဆိုးမသား ဆိုငြားစေကာ စိတ်သက်သာ .... ၅၅၁

## - မာတိကာ -

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မဟာဇနက အိမ်မှထွက်ခွာ မိထိလာ | .... | ၅၅၂ |
| လင့်စင်ထက်မှ ခုန်ချအားသွန် ငါးလိပ်လွန် | .... | ၅၅၂ |
| နတ်သမီးမေခလာ မေးလာမချို့ ဤကဲ့သို့ | .... | ၅၅၃ |
| မဟာဇနကမင်းသား စိတ်ထားတဲ့တဲ့ ပြန်ပြောခဲ့ | .... | ၅၅၄ |
| ကြိုးစားသူမှာ ကောင်းစွာမချွတ် ကဲ့ရဲ့လွတ်၏ | .... | ၅၅၅ |
| ဥယျာဉ်တွင်းမှာ သိပ်ကာလှည့်ပြန် နတ်တို့ထံ | .... | ၅၅၆ |
| အင်္ဂါလေးပါး ပြည့်ငြားသူမြတ် တိုင်းပြည်အပ် | .... | ၅၅၆ |
| ဖုတ်သွင်းရထား လွှတ်ငြားရအပ် မင်းထူးမြတ် | .... | ၅၅၇ |
| အဓိဋ္ဌာန်မှု တောင်းဆုပြုကာ လွှတ်ကြရာ | .... | ၅၅၈ |
| မင်္ဂလာရထား ဆိုက်သွားအားရ ကျောက်ဖျာမှ | .... | ၅၅၉ |
| ကျောက်ဖျာထက်တွင် တွေ့မြင်အတန်တန် စုံစမ်းပြန် | .... | ၅၆၀ |
| ရာထူးခန့်ပုံ အကုန်နှံ့စပ် ဝိုင်းကျေနပ် | .... | ၅၆၁ |
| သင်၏စကား မကြားသလိုပင် မြက်လောက်ထင် | .... | ၅၆၁ |
| မဟာဇနက မင်းမှုမသွေ လေးပါးဖြေ | .... | ၅၆၂ |
| ရွှေအိုးဖော်နည်း မင်းကြီးမိန့်မှာ သုံးဂါထာ | .... | ၅၆၃ |
| ဂါထာဓိပ္ပာယ် လွန်ကျယ်ဤသို့ သိကြဘို့ | .... | ၅၆၃ |
| ပူဇော်ချီးကျူး အထူးခယ လာဖူးကြ | .... | ၅၆၄ |
| အလောင်းတော်မြတ် ရှင်လတ်အထူး ဥဒါန်းကျူး | .... | ၅၆၅ |
| သရက်နှစ်ပင် တွေ့မြင်တတ်အပ် အကဲခတ် | .... | ၅၆၆ |
| ဘုံသုံးပါးကား မခြားစွဲယူ မီးပုံတူ | .... | ၅၆၇ |
| တရားသံဝေ စွဲလေစင်စစ် ဤသို့ဖြစ် | .... | ၅၆၇ |
| ပြာသာဒ်ပေါ်မှ ဆင်းကြွတော့မည် ဆုံးဖြတ်ပြီ | .... | ၅၆၈ |
| ပြာသာဒ်ပေါ်မှ ဆင်းကြွသွားပြီ လောင်းမြတ်ထီ (ထေရ်) | .... | ၅၆၈ |
| အိမ်အိုဇရပ် ချဉ်းကပ်သူလိုက် မီးနှင့်တိုက် | .... | ၅၆၉ |
| မိထိလာပြည်ကြီး ဘယ်မီးလောင်လောင် ငါမလောင် | .... | ၅၇၀ |
| ရသေ့နှစ်ပါး မိန့်ကြားသြဝါဒ နာယူကြ | .... | ၅၇၀ |
| လက်ကောက်နှစ်ကွင်း ဖြစ်ခြင်းတူစွာ ပြန်လွှတ်ရာ | .... | ၅၇၁ |
| အမှန်ရောက်လို လူဗိုလ်ကဝိ မြားသို့ကြည့် | .... | ၅၇၂ |
| ဖြူဆံမြက်စို့ ရှေ့သို့မြဲခိုင် မဖြစ်နိုင် | .... | ၅၇၃ |
| မင်းနှင့်မိဖုရား နှစ်ပါးယှဉ်တွဲ နောက်ဆုံးခွဲ | .... | ၅၇၃ |
| မဟာဇနက လောင်းလျာသိရှိန် ဇာတ်ပေါင်းချိန် | .... | ၅၇၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

**ကြို့တင် မျက်မှောက် ဒိမာန်ပေါက် တရားတော်**
**နန္ဒိယသူကြွယ်နှင့် ရေဝတီ အမျိုးသမီး ဝတ္ထု**

တရားသံပေါက်များ .... ၅၇၆
ချွေးမလောင်းအား သင်ကြားချပ်မှ ဤကဲ့သို့ .... ၅၇၇
နန္ဒိယသူကြွယ် ခန့်ထယ်မချွတ် အလှူဝတ် .... ၅၇၉
နန္ဒိယအတွက် ပေါ်ထွက်ဝင်းလျှံ နတ်ဗိမာန် .... ၅၇၉
နန္ဒိယကျောင်းဒကာ သူ့တာဝင်းတောက် ဗိမာန်ပေါက် .... ၅၈၀
ရှင်မောဂ္ဂလာန်အပြန် အမြန်လာဘို့ နတ်ပြည်သို့ .... ၅၈၀
ရှင်မောဂ္ဂလာန်မေး မနှေးခုပေ ဘုရားဖြေ .... ၅၈၁
လူ့ပြည်မှသေ ရောက်လေနတ်ရွာ လွန်ဝမ်းသာ .... ၅၈၂

**အာရုဏ်မတက် နေမထွက် တရားတော် (သူရိယောပမ သုတ္တန် ဒေသနာ)**

တရားသံပေါက်များ .... ၅၈၄
ဗောဇ္ဈင်ခုနစ်ပါး ရှုပွားမလေ့လျှင် နိဗ္ဗာန်ဝင် .... ၅၈၆

**ဗိမိအတိတ်ကံ ပြုစီမံ တရားတော်**

**အမျိုးသမီး ရူပနန္ဒာ ဇျာယိနီ တဒေဂ်ရ ရဟန္တာမ ဖြစ်ခန်း**

တရားသံပေါက်များ .... ၅၈၇
ရူပနန္ဒာ ခေါ်လာဝိုင်းမ အများက .... ၅၈၉
ပမာဏလေးပါး မှီအားကြီးလှ ကြည်ညိုကြ .... ၅၈၉
ဆူးကိုဆူးချင်း နုတ်ခြင်းသည်သာ လျှောက်ပတ်ရာ .... ၅၉၀
ပျိုရုပ်အိုရုပ် ပြထုတ်ဇရာ ထင်ရှားလာ .... ၅၉၀
အရိုးမြို့တော် မှည့်ခေါ်ကြရာ ငါးခန္ဓာ .... ၅၉၁
နန္ဒာဘိက္ခုနီ ထေရီခေါ်ကြ ရဟန္တာမ ၅၉၂

**မရဏာဿတိ ကမ္မဋ္ဌာန်း စီးဖြန်းခဲ့၍ သောတာပန်တည်ပြီး**
**တုသိတာဘုံ၌ နတ်သမီးဖြစ်ရသည် ယက်ကန်းသည်မလေး (ပေသကာရီ, ဝတ္ထု)**

တရားသံပေါက်များ ၅၉၃
မရဏာဿတိကမ္မဋ္ဌာန်း စီးဖြန်းလို့တိုင်း ပွားများပြီ .... ၅၉၅
ပေသကာရီ ပွားပြီးထိမ် မရဏာဿတိ ... ၅၉၆
အာဠဝီသား များစုယ တိုင်ပင်ကြ ... ၅၉၆
အင်းပျဉ်ပေါ်တက် ထိုးပျက်ချည်တွေ ရစ်၍နေ ... ၅၉၆
သောတာပန်စစ် အယစ်ဖြစ်ရာ တုသိတာ ... ၅၉၇
အမေမလေးတော့ အဖြေပေါ် သိမှတ်ယ ... ၅၉[illegible]

## - မာတိကာ -

**အကြောင်းအရာ** **စာမျက်နှာ**


မေးဖြေလေးချက် ရှင်းလျက်ပြပြန် နောက်တဖန် .... ၅၉၈
သားဘနှစ်ဦး အထူးအပြည့် အကျိုးရှိ .... ၆၀၀

**အသုဘ ကမ္မဋ္ဌာန်းကို ရပ်စဲ၍ ခလာဟိတ ဏသိုဏ်းကို ပေးမှ စတုတ္ထဈာန်နှင့် အရဟတ္တဖိုလ်ဥာဏ်တိုင် ဆိုက်ခဲ့ရသော ရွှေပန်းတိမ်သည်သား (ရှင်သုဝဏ္ဏ) ရဟန်းတော် ဝတ္ထု၊**

တရားသံပေါက်များနှင့် ဂါထာပါဠိအနက် ၆၀၁+၆၀၃
ရှင်သာရိပုတ္တရာ ဆရာစစ်မေး ကိုယ်တိုင်ပေး .... ၆၀၅
ဘုရားချန်ထား တရားပိုင်ပိုင် မပေးနိုင် .... ၆၀၅
သူ့ကိုရဟန္တာ ကြည့်ပါမှုချ ယနေ့ည .... ၆၀၆
ကမ္မဋ္ဌာန်းပေး အရေးသိမှ မြန်မြန်ရ .... ၆၀၇
မီးပုံအကောင်ပုပ် အဟုတ်ထင်ပြီ ထိုယောဂီ .... ၆၀၇
ကြာပွင့်ကိုရှု ယခုမကြာ ရဟန္တာ .... ၆၀၈

**မဂ္ဂင်ရှစ်ပါးနှင့် စပ်၍ အရှင်အာနန္ဒာ လျှောက်ထားချက်နှင့်တကွ မြတ်စွာဘုရား ဖြေကြားထားပုံ ဝိဘင်္ဂ သုတ္တန် ဒေသနာတော်**

တရားသံပေါက်များ .... ၆၀၉
မဂ္ဂင်ရှစ်ပါး ထင်ရှားမှတ်ဘွယ် အဓိပ္ပါယ် .... ၆၁၁

**သံသရာဒုက္ခဖြတ်နည်း အရှင်အာနန္ဒာ လျှောက်ထားချက်နှင့်တကွ မြတ်စွာဘုရား ဖြေကြားထားပုံ (ပဋိစ္စ သမုပ္ပါဒ သုတ္တန် ဒေသနာတော်)**

တရားသံပေါက်များ .... ၆၁၄
ပဋိစ္စသမုပါဒ် နှစ်ရပ်ကျိုးကြောင်း ဆိုးအကောင်း .... ၆၁၆
အင်္ဂါဆယ်နှစ်ပါး မှတ်သားအလွယ် အဓိပ္ပာယ် .... ၆၁၇

**အကုသိုလ်ဟူ မီးပုံတူ တရားတော် နှစ်တသိန်း ငရဲကျ၊ ဘဝတရာ အိမ်မီးလောင်ခံရယင်း ၃၄၅၀၈ ရာ အမျိုးသမီးအတွက် ပြဿနာလေးချက် မြတ်စွာဘုရား ဖြေကြားထားပုံ**

တရားသံပေါက်များ .... ၆၁၈
ရေတွင်ချမ်းလှ မိန်းမတသိုက် ဝိုင်းမီးတိုက် .... ၆၂၀
ပြာဖြစ်ပြီမို့ မီးရှို့မိန်းမ ပြန်သွားကြ .... ၆၂၀
ပစ္စေကအဆင့် မီးဖြင့်ရှို့သတ် တသိန်းမှတ် .... ၆၂၁
အဖြေနှစ်ခု ပြမှုစီစဉ် ဤဥပင် .... ၆၂၁

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


ကြွင်းအမြေများ ပြထားစိစဉ် ဤ၌ပင် .... ၆၂၂
သတိရှိငြား သေသွားလျှင်လည်း ရှင်သူတည်း .... ၆၂၃


## ပညာရှိ သူတော်ကောင်း ရှာ၍ပေါင်း တရားတော်
## ကောသမ္ဗီပြည် ရှင်ဘုရင်ဥတေန မင်းသားလေး၏
## ဆန်းကြယ်သောဖြစ်ရပ်များ


တရားသံပေါက်များ .... ၆၂၅
မင်းမြတ်နှစ်ပါး စိတ်ထားတူညီ ဆုံးဖြတ်ပြီ .... ၆၂၆
တောင်အချင်းချင်း အခင်း ရှိ မရှိ မီးဖြင့်သိ .... ၆၂၈
ဝေဒ္ဒဒီပက သေထနတ်မင်း သူဖန်ဆင်း .... ၆၂၉
ပြေးစေ လာစေ နှစ်ထွေသုံးရန် စောင်းမန္တာန် .... ၆၂၉
အမဲတုံးထင် ငှက်ဆင်ချီသွား မိဖုရား .... ၆၃၀
သုံးပါးလေးထွေ ဝင်မွေတွေ့ရ ကံဆိုးမ .... ၆၃၀
သားအမိနှစ်သွယ် တကယ်သနား အကယ်မှား .... ၆၃၁
ကောသမ္ဗီမင်း မယွင်းဖြစ်ရန် တာဝန်ခံ .... ၆၃၂
ဥတေနမိခင် ပျော်ရွှင်တက်ကြွ သားပြောပြ .... ၆၃၂
စစ်တိုက်မည်လား ရေးသားပို့ထ ဥတေန .... ၆၃၃
ပြည်အပ်စစ်ထိုး နှစ်မျိုးလုံးပင် မပေးချင် .... ၆၃၃
လက်စွပ်ကမ္ဗလာ သိမှတ် တိုင်းပြည်အပ်ပြုပါ .... ၆၃၄


## အပင်ရင့်လေ အပွင့်ဝေ တရားတော်
## သားမဃ္ဃကုဏ္ဍလီ ပုဏ္ဏားလေး တာဝတိံသာနတ်ပြည် ယူဇနာသုံးဆယ်ရှိ ရွှေဗိမာန်ကြီး၌ ဖြစ်ရခြင်းနှင့် ဘခင်အဒိန္နပုဗ္ဗကပုဏ္ဏားကြီး သဥ္ဇါပန်း ပွင့်လန်းလာချိန်


တရားသံပေါက်များ .... ၆၃၅
မသက်သာသား မသွားသုတ်သုတ် အပြင်ထုတ် .... ၆၃၆
သားပြာပုံအနား ကပ်ငြားပြောဆို နေ့စဉ်ငို .... ၆၃၈
မဋ္ဌကုဏ္ဍလီ နေသည့်အိမ်ပေါက် တံခါးရောက် .... ၆၃၈
ယူဇနာသုံးဆယ် ခန့်ထယ်ဝင်းလျှံ ရွှေဗိမာန် .... ၆၃၉
မဋ္ဌကုဏ္ဍလီနတ်သား မှာကြားဆုံးမ ဤသုံးဝ .... ၆၃၉
စိတ်ကြည်ညိုအား နတ်များသမ္ဘတ္တိ ရှိ မရှိ .... ၆၄၀
ဗိမာန်ရထား နတ်သားထင်စွာ ဆိုက်ရောက်လာ .... ၆၄၀
အဒိန္နပုဗ္ဗက များလှဥစ္စာ မြှုပ်နှံရာ .... ၆၄၁

## မာတိကာ -

**အကြောင်းအရာ** **စာမျက်နှာ**

### အစားခက် မဂ်မရ တရားတော်

**မာတိကာဥပါသိကာမကြီး အနာဂါမ်တည်၍ သားရဟန်း**
**အပါး ၆၀-တို့ ရဟန္တာများ ဖြစ်သွားကြသည်။**


တရားသံပေါက်များ .... ၆၄၂
မာတိကာရွာ ခိုကာဒို့အလုပ် ဒို့အားထုတ် .... ၆၄၄
သူတို့ချင်းချင်း ရင်းရင်းဆုံးမ မနာယူကြ .... ၆၄၅
ဒွတ္တိံသာကာရ ခယဝယေ ဆင်ခြင်နေ .... ၆၄၇
အာဟာရသပ္ပါယ မျှမှုရလာ ဧကဂ္ဂတာ .... ၆၄၇
အပါးခြောက်ဆယ် ခန့်ထယ်ကျန မဂ်ဖိုလ်ရ .... ၆၄၈


### မိမိအသားအင် မှတ်ကျောက်တင် တရားတော်

**ကမ္မဋ္ဌာန်းဆရာ မဟာတိဿထေရ်ကြီး အနှစ် ၆၀-လုံးလုံး**
**မိမိကိုယ်ကို ရဟန္တာမှတ်ခဲ့လျက် နောက်မှ ပုထုဇဉ်သာ ရှိသေးကြောင်းသိရ**
**ဘာ့ကြောင့်သိသလဲ၊ ဘာ့ကြောင့် မသိခဲ့သလဲ**


တရားသံပေါက်များ .... ၆၄၉
မဟာတိဿထံ အမှန်ရောက်ထ ခမ္မဒိန္န .... ၆၅၀
ဆယ့်ခြောက်နှစ်ရွယ် ချစ်ဖွယ်မိန်းမ ဖန်ဆင်းပြ .... ၆၅၂
ဆရာတပည့် ပြောသည့်စကား တန်ဘိုးထား .... ၆၅၂
သမာပတ်စ ဖြစ်ကြဉ်ခါ ကိလေကွာ .... ၆၅၃


### ဆုကြီးများပန် အောင့်သည်းခံ တရားတော်

**အတ္တတရားနာ ရဟန်း ၂၅၀-အားလုံး ရဟန္တာဖြစ်ကြလျက်**
**ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ဘယ်အဆင့်သို့မျှ မရောက်ခဲ့၊**
**အကြောင်းဘယ်သို့နည်း။**


တရားသံပေါက်များ .... ၆၅၄
မဂ်ဖိုလ်တရား ရှာသွားဘို့ရန် စိတ်ကကြံ .... ၆၅၆
မိမိသာပြု ထိုမှုသေချာ မိမိသာ .... ၆၅၇
အနောမဒဿီ ပွင့်ပြီးသိမှတ် အတ္တုပ္ပတ် .... ၆၅၇
သရဒထံ အမှန်ကြွလတ် ဘုရားမြတ် .... ၆၅၈
ဘုရားမြတ်စွာ လက္ခဏာကြည့် အမှန်သိ .... ၆၅၈
တုပ်ဝပ်ဖူးတွေ့ ရသေ့တသိုက် ဦးဖြင့်တိုက် .... ၆၅၉
ဆွမ်းဘုဉ်းပေးခြင်း မယွင်းအတည် ပြီးစေပြီ .... ၆၆၀
ပန်းမွေ့ယာထက် ဘက်ပါစေချင် လျှောက်ဆိုတင် .... ၆၆၀

# – မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


ဘုရားရှင်အား ဝပ်တွားရှိသေ ထိုင်၍နေ .... ၆၆၁
ဆံမုတ်ဆိတ်အသီးသီး ပယ်ပြီးဆင်မြန်း ဝတ်သင်္ကန်း .... ၆၆၁
သာဝကပါရမီ ခေါ်သည်ဉာဏ်များ လွန်ကြီးမား .... ၆၆၂
ပညာဝုဍ္ဎိ ကိတ္တိအမြတ် ရာထူးအပ် .... ၆၆၃


## အရှုံးနှင့်အမြတ် တရားတော်

## သဌေးသမီး ပဋာစာရီ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခန်း


တရားသံပေါက်များ .... ၆၆၄
မိဘများထံ ပြန်ကြောင်းကိုသာ မှာခဲ့ရာ .... ၆၆၆
ဖြစ်သမျှအကြောင်း အကောင်းချည်းသာ ဖြေဖျောက်ကာ .... ၆၆၆
သားနှင့်မိခင် မရှင်ဆင်းရဲ တောကြီးထဲ .... ၆၆၇
တောင်ပို့အနီး ခွေပြီးသေရ ကိုဒါသ .... ၆၆၇
သားငယ်သိပ်ထား တအားအမှီ ဆင်းခဲ့ပြီ .... ၆၆၈
သားကြီး သားငယ် လင်သယ်ပျက်ရ အရှုံးမ .... ၆၆၉
ခြောက်ယောက်စလုံး ပျက်ပြုန်းငါ့မှာ မယ်ပဋာ .... ၆၆၉
ပါရမီဆုတောင်း စုပေါင်းတူညီ ပြည့်နေပြီ .... ၆၇၀
သမုဒ္ဒရာ လေးဖြာရေက နည်းလွန်းလှ .... ၆၇၁
သောတာပန်တည် ဘိက္ခုနီပြု အေးငြိမ်းမှု .... ၆၇၁
ရဟန္တာမ ဖြစ်ရလေပြီ ပဋာစာရီ .... ၆၇၂


## ရဇောဟရဏ ကမ္မဋ္ဌာန်း တရားတော်

## အရှင်စူဠပန္ထကမထေရ် ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ ရဟန္တာဖြစ်ခန်း


တရားသံပေါက်များ .... ၆၇၃
လမ်းပေါ်မွေးဖွား နှစ်ပါးသားတော် မောင်လမ်းခေါ် .... ၆၇၅
သာမဏေမြတ် ညွှန်လတ်အပြီး မောင်လမ်းကြီး .... ၆၇၅
လေးလကျက်ထ မရနိုင်ပါ တဂါထာ .... ၆၇၆
ဉာဏ်ထိုင်းအပြစ် စိစစ်မကြည် နှင်ထုတ်ပြီ .... ၆၇၇
ပူထွက်တော့မည် ရည်ရွယ်သတ်မှတ် သူဆုံးဖြတ် .... ၆၇၇
ဝိပဿနာများ ရှုပွားအတန်တန် စူဠပန် .... ၆၇၈
ရာဂ ဒေါသ မောဟတရား မြူသုံးပါး .... ၆၇၉
တိပိဋက သဟပဋိသမ္ဘိဒါ ရဟန္တာ .... ၆၈၀

- မာတိကာ -

အကြောင်းအရာ — စာမျက်နှာ

## နန်းအမြင့်မှ ပန်းတပွင့် တရားတော်

### ၄၅-ယူဇနာအမြင့် ကောင်းကင်ထက်၌ နတ်သမီးသေးပေါက်ပေါက် သောတာပန်တည်ခန်း


တရားသံပေါက်များ .... ၆၀၁
လက်အုပ်ချီမိုး ရှိခိုးအလီလီ ပင့်လျှောက်ပြီ .... ၆၀၃
တာဝတိံမှာ ချမ်းသာရှုမငြီး နတ်သမီး .... ၆၀၃
သောက်သုံးရေခပ် ချဉ်းကပ်တံမြက် သူမပျက် .... ၆၀၄
နတ်သမီးလာဇာ သေချာပြောပြ ပြုလိုလှ .... ၆၀၅
ကုသိုလ်ကောင်းမှု ပြုရန်အကြောင်း အခွင့်တောင်း .... ၆၀၅
နတ်သမီးပေါက်ပေါက် တည်ရောက်အမှန် သောတာပန် .... ၆၀၆


## အရှိနှင့်အသိ တရားတော်

### သတိပဋ္ဌာန် အသိမှန်ဖြင့် လူစကားပြောသော ငှက်ကလေးဝတ္ထု


တရားသံပေါက်များ .... ၆၀၀
ငှက်ကလေးလိမ်မာ ကောင်းစွာဝိုင်းပေး အစာကျွေး .... ၆၉၀
အရိုးစု အရိုးစု မှတ်ရှုရက်ဆက် ထိုကျေးငှက် .... ၆၉၀
သိန်းငှက်ချီသွား တအားလိုက်ကြ လက်လျှော့ရ .... ၆၉၁
ဘိက္ခုနီမကြီး ထိုင်ပြီးသေချာ မေးစစ်လာ .... ၆၉၁
သတိပဋ္ဌာန် နိဗ္ဗာန်သို့တိုင် ကျိုးပေးနိုင် .... ၆၉၂


## ယဉ်အောင်ပြု နူအောင်ဆင် တရားတော်

### ၇-နှစ် သမီးက သောတာပန်တည်ခဲ့သော ဝိသာခါ (မဂိုင်း) ဝတ္ထု


တရားသံပေါက်များ .... ၆၉၃
နေဥ္ဇယ သုမနဒေဝီ သန္ဓေတည် .... ၆၉၅
ခုနစ်နှစ်အရွယ်မှ တည်ထအမှန် သောတာပန် .... ၆၉၅
မိဂါရမာတု ခေါ်မှုတွင်လာ ဝိသာခါ .... ၆၉၆


## အတူနေလျက် မြင်ဘို့ခက်တရားတော်

### ဓိဗ္ဗလ တောင်ခြေရှိ ဓိဗ္ဗလရဟန္တာကြီးနှင့် တပည့်ရဟန်းကြီးတို့ ဝတ္ထု


တရားသံပေါက်များ .... ၆၉၇
အရှင်ဖြေကြား ထင်ရှားဘယ်ဟာ အရိယာ .... ၆၉၉
မြတ်ရှင်ရိယာ လွန်စွာနက်နဲ သိနိုင်ခဲ .... ၇၀၀
အရိယာများ တရားသိမှု မြင်သောသူ .... ၇၀၀

# - မာတိကာ -

**အကြောင်းအရာ** — **စာမျက်နှာ**

## ယောဂီသူမြတ် သိထားအပ် တရားတော်
## ဖဿယတန ကမ္မဋ္ဌာန်းဖြင့်
## ရဟန္တာဖြစ်လာသော မထေရ်ကြီး ဖလသမာပတ် ဝင်စားပုံ


တရားသံပေါက်များ .... ၃၀၁
ဝေါတြဘူဥာဏ် နှစ်တန်သတ္တိ အားမရှိ .... ၃၀၃
မဂ်ရ မရကို စမ်းလိုကြလျှင် ဖိုလ်နှင့်ပင် .... ၃၀၃
ရပြီးသမျှ ရေးပြဥပမာ မှတ်လိုက်ပါ .... ၃၀၄


## ပညာရှိ သတိဖြစ်ခဲ့ တရားတော်
## အလောင်းတော် မင်းကုသနှင့် ပဘာဝတီတို့ ရှေးဆုတောင်း


တရားသံပေါက်များ .... ၃၀၅
သွားဆုတောင်းရန် အမှန်ခယ ဝိုင်းအော်ကြ .... ၃၀၇
သမန်းမြက်ကို ကြောင်းဆိုမယွင်း ကုသမင်း .... ၃၀၈
လင်သားမျက်နှာ နေ့မှာလုံးဝ မကြည့်ရ .... ၃၀၈
ပဘာဝတီကား လင်သားကိုပင် ဘီလူးထင် .... ၃၀၉
ပြဿနာကား ဆန်းပြားမကောင်း ရှေးဆုတောင်း .... ၃၁၀
ပစ္စေကဗုဒ္ဓါ ကြွလာကြုံခိုက် မုန့်လှူလိုက် .... ၃၁၀
ပဘာဝတီ ရည်ရွယ်မကောင်း ရှေးဆုတောင်း .... ၃၁၁
ဒေါသခြံရံ သူ့ကံအကျိုး အရုပ်ဆိုး .... ၃၁၁


## တန်ဆေး လွန်ဘေး တရားတော်
## ကုဋေ(၁၀)ကြွယ် သဋ္ဌေးကြီး၏သမီးချော (ဥပ္ပလဝဏ်ထေရီ)
## အလောင်းတော် ဥမ္မာဒန္တီ၏ ရှေးဆုတောင်း


တရားသံပေါက်များ .... ၃၁၃
ဥမ္မာအလှ ကျနယဉ်ကျေး ရူးပြီးငေး .... ၃၁၅
အဝတ်နီမြန်း သက်န်းဒါန ဤသို့လှ .... ၃၁၅
ဝတ်ပန်းထဘီ ဝတ်မည်အားကိုး ရေဆင်းချိုး .... ၃၁၆
ဥမ္မာဒန္တီ ရည်ရွယ်ညွှတ်ပျောင်း ရှေးဆုတောင်း .... ၃၁၆
သိဝိမင်းကြီး စွဲပြီးအလီလီ အုံအုံမြည် .... ၃၁၇
ဥမ္မာအလှ ဥပ္ပလထေရီ ဖြစ်လာပြီ .... ၃၁၈

# - မာတိကာ -


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **စိတ်အားသန် ကြံတိုင်းပြီး တရားတော်** | | |
| **သိကြားမင်းကြီးနှင့် သုဇာတာမျိုးမကလေး ဝတ္ထု** | | |
| တရားသံပေါက်များ | .... | ၃၁၉ |
| သုံးကျိပ်သုံးဦး အထူးညီညာ စေတနာ | .... | ၃၂၁ |
| သိကြားမင်းကြီး ဇနီးများပါ အားလုံးရှာ | .... | ၃၂၂ |
| သုဇာတာသည် ခြေရှည်လည်သေး မျိုးမလေး | .... | ၃၂၂ |
| မျိုးမလေးအား ခေါ်သွားပွေ့ချီ ထက်နတ်ပြည် | .... | ၃၂၂ |
| နိစ္စပဉ္စသီ ပြည့်ညီပါက ပြန်နီးကြ | .... | ၃၂၃ |
| အနှစ်ငါးရာ ငါးဖြာသီလ မြဲနေ့ည | .... | ၃၂၄ |
| သိကြားမင်းကြီး ရပြီးပွေ့ချီ ခေါ်သွားပြီ | .... | ၃၂၄ |
| **အာဒိတ္တ သုတ္တန် တရားတော်** | | |
| တရားသံပေါက်များ | .... | ၃၂၅ |
| ခန္ဓာငါးလီ ပူသည်ရှုပွား ငြိုးငွေ့များ | .... | ၃၂၇ |
| ဒွါရဝိစိကိစ္စာ နှစ်ဖြာကိလေ အသေးတွေ | .... | ၃၂၇ |
| စိတ္တက္ခဏာ ဉာဏ်မျှအသက် ရှည်၏မင် | .... | ၃၂၈ |
| မဂ္ဂဝီထိ ရှုကြည့်သေချာ ရှင်းလင်းရာ | .... | ၃၂၈ |
| သောတာပတ္တိ မြတ်သည့်ချမ်းသာ သိရှိရာ | .... | ၃၂၉ |
| ဘကယ်ရောက်က သိကြသည်မှာ ဉာဏ်သို့သာ | .... | ၃၂၉ |
| **ပျင်းရိသောရဟန်းတော်လေး ရဟန္တာဖြစ်သွားပုံ** | | |
| **ဘုရားအလောင်း ပဉ္စာဝုဓဇာတ်တော်** | | |
| တရားသံပေါက်များ | .... | ၃၃၁ |
| လက်နက်ငါးမျိုး တန်ခိုးကြီးချက် အဟောထွက် | .... | ၃၃၃ |
| တက္ကသိုလ်မှ ပြန်ထခုခါ မြို့ဗာရာ | .... | ၃၃၄ |
| သိလေသဘီလူး အထူးစိုးချုပ် ဉာဏ်တောအုပ် | .... | ၃၃၄ |
| လက်နက်ငါးပါး ထိုးငြားအလီလီ ကပ်ငြိပြီ | .... | ၃၃၄ |
| မှုန့်မှုန့်ညက်ညက် ဆက်လက်သင့်ရည် ငါပြုမည် | .... | ၃၃၅ |
| ဉာဏ်သို့ငါးထွေ ငြိနေဇွဲကောင်း လူတွဲလောင်း | .... | ၃၃၆ |
| ဘီလူးကြီးပင် စားချင်မငံ့ သူလွှတ်စွန့် | .... | ၃၃၆ |
| ဘီလူးကြီးအား ညွှန်ကြားပြသ သြဝါဒ | .... | ၃၃၆ |
| ဘီလူးအင်္ဂါ ဖြစ်မှုပဉ္စာ ဗုဒ္ဓသာ | .... | ၃၃၇ |

## - မာတိကာ -

အကြောင်းအရာ | စာမျက်နှာ

### ကုဋေ(၈၀)ကြွယ် ဝေဒေဟသဋ္ဌေးကြီး၏ ကောင်းမှုနှင့် ဆုတောင်း
### အရှင်မဟာကဿပအလောင်း ဝေဒေဟ ဇာတ်တော်


တရားသံပေါက်များ .... ၃၃၉
မဟာဒါန ဝိုင်း မ ကူညီ ပြီးလေပြီ .... ၃၄၁
မီးရှိန်ပြင်းထန် ရေနံသွန်မှောက် ဟုန်းဟုန်းတောက် .... ၃၄၁
မဟာဒါန ပြုရစုပေါင်း ရှေးဆုတောင်း .... ၃၄၂
ဝေဒေဟသဋ္ဌေး လှူရေးဘက်ကြွ နက်နဲလှ .... ၃၄၃


### တံစဉ်တလဲ ဒုတ်တလဲ တဟူးတော် (သမ္မောဒိ သုတ္တန်)


တရားသံပေါက်များ .... ၃၄၄
ဒုတ်ကိုပြန်ချ ကိုင်တံစဉ် ရိတ်မြဲပင် .... ၃၄၆
ဥပမာရှစ် စိစစ်သေချာ ရှုမှတ်ပါ .... ၃၄၆


### အရှပ်ကြက်နှင့် အဟုတ်ကြက် တရားတော် (ဘာဝနာ သုတ္တန်)


တရားသံပေါက်များ .... ၃၄၇
ဝိပဿနာဉာဏ် မဂ်ဉာဏ်အထိ မရောက်ရှိ .... ၃၄၉
ဥမဆုံး ပုပ်မဆုံး လည်အုံးခါခါ သံသရာ .... ၃၄၉
မိခင်စေတနာ ကောင်းစွာပြည့်ညီ ကြီးခဲ့ပြီ .... ၃၅၀
အဝိဇ္ဇာဥခွံ ထက်ချွန်နှုတ်ခြေ ဖောက်ထွက်ပေ .... ၃၅၀
မဂ္ဂင်ရှစ်ပါး ပွားများလေလျှင် နိဗ္ဗာန်ဝင် .... ၃၅၁


### မဂ်ဉာဏ်ပေါ်မှု သတိပြု တရားတော် (ဓမ္မဒါယာဒ သုတ္တန်)


တရားသံပေါက်များ .... ၃၅၂
ဘာဝနာပွားနည်း အပြီးမှတ်ပါ နှစ်နည်းသာ .... ၃၅၄
သမထ ဝိပဿနာ ဘာဝနာနှစ်ခု ပြည့်အောင်ရှု .... ၃၅၅
ဉာဏ်၏အလိုက် အံကိုက်အောင်သာ ရှုပွားပါ .... ၃၅၅
ခဏိကသမာဓိ မရှိလေလျှင် ဝိပဿ်မဝင် .... ၃၅၆
သမထ ဝိပဿနာ ပြည့်လာခဏ မဂ်ဆိုက်ရ .... ၃၅၇


### မကျေနပ် ဂါတ်တိုင် တရားတော် (အန္တရာ သုတ္တန်)


တရားသံပေါက်များ .... ၃၅၈
စကြိန်လမ်းပေါ် လဲချော်ခွေကာ ပျံလွန်ရှာ .... ၃၆၀
ဘုန်းကြီးဘဝ စိတ်ကစွဲထား ထိုနတ်သား .... ၃၆၁
ရှုမှတ်မှုအား ပျက်ပြားယိမ်းယိုင် မပြုနိုင် .... ၃၆၁

# - မာတိကာ -

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


မကျေနပ်ငြား ဂါတ်သွားတိုင်မည် ဘုရားဆီ .... ၄၆၂
နှစ်ဘက်လုံးကို မိန့်ဆိုတရား ဟောမိန့်ကြား .... ၄၆၂

**ဘိက္ခုနီအစ ဂေါတမီက တရားတော် (မိထွေးတော် ဂေါတမီ ဝတ္ထု)**

တရားသံပေါက်များ .... ၄၆၃
ခုနစ်ရက်ကြာ မာယာမိဖုရား နတ်ရွာလား .... ၄၆၅
မင်းသားငါးရာ ကောင်းစွာတောထွက် ရဟန်းတက် .... ၄၆၅
အမျိုးသမီးငါးရာ ရဟန္တာမ ဖြစ်ကုန်ကြ .... ၄၆၆

**ပွင့်သောပန်း မနွမ်းစေနဲ့ တရားတော် (စုန္ဒ သုတ္တန်)**

တရားသံပေါက်များ .... ၄၆၇
ငါ၏ဟောကြား ငါ့တရားသာ အားကိုးရာ .... ၄၆၈
သပိတ်သင်္ကန်း ဆင်မြန်းကိုယ်စီ ယူခဲ့ပြီ .... ၄၇၀
ဘုရားရှင်အား လျှောက်ထားပုံမှာ ဤသို့သာ .... ၄၇၀
မယ်တော်တိုက်ခန်း ကြွမြန်းဝင်စံ မြတ်နိဗ္ဗာန် .... ၄၇၁
ကိုယ်လုံးပေါ်မှန် သိရန်ရွယ်ရည် ထောင်ပြပြီ .... ၄၇၂
ရေဝတီနတ်သမီး ကိုယ်ထည်းဆင်းလာ မြေသို့သာ .... ၄၇၂
ညီတော်စုန္ဒ လျှောက်ပြသွားတိ သာဝတ္ထိ .... ၄၇၃

**ကိုင်လျှင်ဆေး ပေးလျှင်မန္တန် တရားတော် (မဟာမိတ္တထေရ် ဝတ္ထု)**

တရားသံပေါက်များ .... ၄၇၄
မိခင်ရောဂါ သက်သာဘို့ရန် သားမြတ်ထံ .... ၄၇၆
ဆေးနည်းဆေးကောင်း တောင်းပြီးပင့်လာ လွှတ်လိုက်ရှာ .... ၄၇၆
ညီမလေးအား မှာကြားဤသို့ ပွတ်သပ်ဘို့ .... ၄၇၇
ပါဠိစကား သိကြားဘို့ရန် အနက်ပြန် .... ၄၇၇
ရေမြုပ်အလား ကျေသွားသောခါ လွန်ဝမ်းသာ .... ၄၇၈

**လူမမာနှင့် တူစွာကျင့် တရားတော် (ကုရုဏ္ဍက မထေရ် ဝတ္ထု)**

တရားသံပေါက်များ .... ၄၈၀
ဝါခြောက်ဆယ်ကျော် နေသော်မသိ ရှိ မရှိ .... ၄၈၂
ကံ့ကော်ပင်ကား ထင်ရှားပွင့်ရှိ ကျရှုံသိ .... ၄၈၂
မင်းမိဖုရား ဝပ်တွားတင်ချီ ပြန်ခဲ့ပြီ .... ၄၈၃
ဘာလွဲတချော် ပြောခေါ်ဖြစ်ရှိ မကြည့်မိ .... ၄၈၃
တောတောင်တွေဟိန်း ကုန်ငြိမ်းကိလေ ထိုမထေရ် .... ၄၈၄
မျောက်သမင်အလား လှုပ်ရှားစိတ်နေ ယဥ်ကျေးစေ .... ၄၈၄

**- မာတိကာ -**

**အကြောင်းအရာ** | **စာမျက်နှာ**

**အားအင်ပြည့်ဝ လိုတရ တရားတော် (သံဃရက္ခိတ မထေရ် ဝတ္ထု)**


တရားသံပေါက်များ .... ၇၀၆
လောကုတ်ဓမ္မ ရထားပြီလား မေးလျှောက်ထား .... ၇၀၈
ပုထုဇဉ်မျှ သိက မချမ်းသာ လွန်သေချာ .... ၇၀၈
အများရှေ့တင် ငါပင်လက်လျှော့ မဖူးတော့ .... ၇၀၉
ရဟန်းအလုပ် အဟုတ်ပြီး ထ လက်ခါပြ .... ၇၀၉
သတိအသိ မြဲဘိသေချာ ပိတ်ဆို့ပါ .... ၇၁၀
လူရုပ်နတ်ကူ ဘယ်သူမချစ်ပဲ ရှိမည်လဲ .... ၇၁၀


**ဝိတက္ကောပမ သုတ္တန် ဒေသနာတော် (အရှင်သောဏ မထေရ် ဝတ္ထု)**


တရားသံပေါက်များ .... ၇၁၂
ဘယ်လိုကြိုးစား တရားမရ ရှင်သောဏ .... ၇၁၄
သဒ္ဓါ ပညာ သမာဓိရဲ့ ညီအောင်ညှိ .... ၇၁၄


**လူလည်းကစ် နတ်လည်းကူ တရားတော်**
**ဇာနေခြေခြောက်ပါး ထိန် သိမ့် နိုင်ခြင်း တရားတော် အကျိုး**
**ရှင်မဟာက ပန္ထည်း မထေရ် ဝတ္ထု)**


တရားသံပေါက်များ .... ၇၁၅
သိကြားမင်းကြီး ဦးစီးပရိသတ် များပြားကြပ .... ၇၁၇
ခြေတော်နှစ်ဆူ ဆွဲယူပွေ့ပိုက် ဦးဖြင့်တိုက် .... ၇၁၇
ခြောက်ကောင်သောမြင်း မယှဉ်းတူစွာ ဆုံးမကြ .... ၇၁၈


**မှန်/မမှန် စစ်ဆေး ကိုယ့်ကိုမေး တရားတော်**
**အစမှ ပြန်လည် အားထုတ်မှ ရဟန္တာ ဖြစ်ကြသော ရဟန်းကြီး**
**အပါ ၆၀-ဝတ္ထု**


တရားသံပေါက်များ .... [illegible]
အပါးခြောက်ဆယ် ဘင့်တာယ်ကောင်းစွာ ပြန်ရှဲပေ .... ၈၀၂
အာနန္ဒာအား ဘုရားမြတ်စွာ မှာထားရှာ .... ၈၀၂
မိန်းမအလောင်း စုပေါင်းကိုယ်စီ ရှုကြပြီ .... ၈၀၃
တရားတဂါထာ ကြားနာအဆုံး ကိလေသာကုံး .... ၈၀၃

# - မာတိကာ -


အကြောင်းအရာ    စာမျက်နှာ

**ဒုက္ခရမရိယာ ခြောက်နှစ်ကြာ တရားတော်**
**မနောကံကြောင့် ဥရုဝေလတောကြီး ဖြစ်လာရကြောင်း**

တရားဂါထာများ .... ၀၀၅
မနောကံကား ထင်ရှားခဲခက် မိမိတွက် .... ၀၀၇
သဲစုသဲပုံ ဖြစ်ပုံဝေလ ဥရုပြ .... ၀၀၇

**ဘေးအတွက် ဆေးတခွက် တရားတော် (ဘယ ဘေရဝ သုတ္တန်)**

တရားသံပေါက်များ .... ၀၀၀
ဇာဏုသောဏိ မည်ရှိပုဏ္ဏား မေးဖြေကြား .... ၀၁၀
ချာန်ဝင်စားမှု ကြီးထုအကျိုး ဤငါးမျိုး .... ၀၁၁
ဝိမောက္ခပင် ခေါ်တွင်ရှစ်ရပ် သမာပတ် .... ၀၁၁
သေက္ခပုထုဇဉ် အရှင်တို့တွက် ဝင်စားချက် .... ၀၁၂
အဘိညာဉ်ပါဒက ရရန်အတွက် ဝင်စားချက် .... ၀၁၃
နိရောဓ သမာပတ် ရအပ်အတွက် ဝင်စားချက် .... ၀၁၅
နိရောဓ သမာပတ် ရအပ်ဂုဏ်အင် အာနိသင် .... ၀၁၆
ဘဝေါဂ္ဂမန ရရန်အတွက် ဝင်စားချက် .... ၀၁၇

**အသုံးတတ်လျှင် အဖတ်တင် တရားတော်**

တရားသံပေါက်များ .... ၀၁၀
အသက်အတွက် ငွေကွက်လေလျှင် ပြန်ဘို့ပြင် .... ၀၂၀
တောင်ခြေမှပင် စီစဉ်ကကိက ဆုံးဖြတ်ကြ .... ၀၂၀
နေရာယူကာ ရဟန္တာဖြစ်မှု ဦးတည်ရှု .... ၀၂၁
ကတိကဝတ် မချွတ်ရှိငြား တို့မစား .... ၀၂၁
အနာနှင့်ဆေး ကိုက်ရေးဆယူ မလွယ်ကူ .... ၀၂၂
မထေရ်ငါးပါး နတ်သားဘဝ စံပျော်ကြ .... ၀၂၂
ဂေါတမလက်ထက် ဆင်းသက်ကိုယ်စီ ဖြစ်ကြပြီ .... ၀၂၃

**ရှစ်ခြောက်ရပ် သဟိကဝ် တရားတော်**
**ခေတိယ တောင်ခြေမှ (အသုဘ သညက မထေရ်ကြီး) ရဟန္တာ ဖြစ်သွားပုံ**

တရားသံပေါက်များ .... ၀၂၄
ဆွမ်းခံသွားလမ်း အဆန်းမမြင် ရှုမှတ်စဉ် .... ၀၂၆
အသံကျယ်ကျယ် သူရယ်နှုတ်ဆက် သွားဖော်လျက် .... ၀၂၆
အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းလိုက်ရာ ရဟန္တာ .... ၀၂၇
ငါ၏သိမှု အရိုးစုကြီးသာ သွားခဲ့ပါ .... ၀၂၇

# - မာတိကာ -

**အကြောင်းအရာ** | **စာမျက်နှာ**


**အစကောင်းမှ အနှောင်းလှ တရားတော် (ကုဋ္ဌမြို့က တိဿ မထေရ် ဝတ္ထု)**

တရားသံပေါက်များ .... ၁၂၉
ညီနှင့်ခယ်မ လုံးဝပေးအပ် တောသို့ကပ် .... ၁၃၁
လာရင်းရွယ်ရည် သတ်မည်တဲတဲ တကဲကဲ .... ၁၃၁
ဆိုင်းဘို့တည အာမခံပြု ရှာမရ .... ၁၃၂
ညဥ့်၏သုံးယံ အကျန်မရှိ အားထုတ်ဘိ .... ၁၃၂
ဂါထာဥဒါန်း မြည်တမ်းရွတ်ဆို ဝမ်းမြောက်လို .... ၁၃၃

**ကိုယ့်အလုပ်မှန် ပိုင်းဖောက်ခံ တရားတော်(ကဿက မထေရ်ကလေး ဝတ္ထု)**

တရားသံပေါက်များ .... ၁၃၄
ထမင်းအသိုး ဟင်းသိုးပုံးရည် စားတော့မည် .... ၁၃၆
ရာဂ ဒေါသ မောဟ ရှိခိုက် မခံထိုက် .... ၁၃၇
ရုက္ခစိုးနတ် မိန့်လတ်အထူး ဥဒါန်းကျူး .... ၁၃၇
ကြည်ညိုစိတ်တွေ ထွေထွေပေါ်လှ ဖျောက်မရ .... ၁၃၈
ရဟန်းကိစ္စ ပြီးမှသာသနာ စိတ်ချရာ .... ၁၃၉

**တစက်ထည်းကျန် အလံမလဲ့ တရားတော်**
**တောနေ ရဟန်းကြီး အပါး ၃၀-တို ရင်ဆိုင်ခဲ့ရသော ပြဿနာများ**

တရားသံပေါက်များ .... ၁၄၀
ဥပုသ်ပြုရာ သံဃာ့ဆယ့်ငါး မေးမြန်းထား .... ၁၄၂
အမှတ်မလွတ် မချွတ်စေရန် စိတ်အားသန် .... ၁၄၂
မိမိရည်မှန်း ဥဒါန်းစကား ဟောမြွက်ကြား .... ၁၄၃
ဥဒါန်းအတွက် အနက်မြန်မာ ပြန်ဆိုရာ .... ၁၄၄

**တိဟိတ်စစ်မှန် ကျင့်အားသန် တရားတော်**
**(ဝိတမလ္လ မထေရ်ကြီး ဝတ္ထု)**

တရားသံပေါက်များ .... ၁၄၅
ဝိတမလ္လမည် ဥပသကာ စိတ်ကူးရှာ .... ၁၄၇
ဆန္ဒရာဂ ပယ်ကနေ့ညဥ့် ချမ်းသာဘိ .... ၁၄၇
ဒူးဖြင့်ကြုံဖန် စကြိန်ကြွလတ် ဖိရှုမှတ် .... ၁၄၈
မထေရ်ရွှင်လန်း ဥဒါန်းများမှာ နှစ်ဂါထာ .... ၁၄၈
နှစ်ဂါထာနက် ပြန်ချက်ဖော်ပြ ပြည့်စုံလှ .... ၁၄၉

## - မာတိကာ -

**အကြောင်းအရာ** **စာမျက်နှာ**

### သောကပြတ်ငြိမ်း ပူဇာတ်သိမ်း တရားတော်
### (သုဗြဟ္မာနတ်သား လျှောက်ထား၍ ဘုရား ဖြေဆိုခြင်း)


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၁၅၀ |
| ပုဗ္ဗနိမိတ်ငါးပါး ထင်ရှားမြင်ခြင်း သိကြားမင်း | .... | ၁၅၂ |
| သိကြားမင်းပါ တည်လာရှစ်သောင်း နတ်အပေါင်း | .... | ၁၅၃ |
| နတ်သမီးငါးရာ သုဗြဟ္မာဘုရား မေးလျှောက်ထား | .... | ၁၅၃ |
| မေးမြန်းပါဌ်နက် မှတ်ကျက်လိုပါ ဤသို့လာ | .... | ၁၅၄ |
| သုဗြဟ္မာနတ်သား ဘုရားဖြေပုံ အလုံးစုံ | .... | ၁၅၄ |
| နတ်သမီးငါးရာ သုဗြဟ္မာနတ်သား ပြန်၍သွား | .... | ၁၅၅ |


### လူ၏ဘဝ အသုံးချ တရားတော် (မဟာသီဝမထေရ် ဝတ္ထု)
### သိကြားမင်း လူ့ပြည်ဆင်း၍ အတင်းခြေလှု ဆေးသောအကြောင်း


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၁၅၆ |
| ရွာအနီးကျောင်း တောင်ခေါင်းအတွင်း နှလုံးသွင်း | .... | ၁၅၇ |
| မဖြစ်မစန့် ကျောဆန့်မပေး ခြေမဆေး | .... | ၁၅၇ |
| ဘယောက်နတ်သမီး ငိုပြီးရှိသေ ထိုင်၍နေ | .... | ၁၅၈ |
| ခေါင်းတန်းမဝေး ခြေဆေးပျဉ်တွင် ထိုင်နေစဉ် | .... | ၁၅၈ |
| ငါ့ခြေငါသာ ဆေးမှာအမှန် သင်သီးခံ | .... | ၁၆၀ |
| သိကြားမင်းပင် ဦးတင်ညွတ်ပြောင်း ဆေးခွင့်တောင်း | .... | ၁၆၀ |
| နတ်တို့ပျော်ရာ ဝတိံသာဆီ ပြန်သွားပြီ | .... | ၁၆၁ |


### သူတော်ကောင်းမှ နတ်ကောင်းမ တရားတော် (ရှင်သောပါက ဝတ္ထု)
### မေတ္တာချောင် အခြေခံ၍ ဝိပဿနာကျူးပြီး ရဟန္တာ ဖြစ်သွားပုံ


| | | |
|---|---|---|
| တရားသံပေါက်များ | .... | ၁၆၂ |
| မဖွားလိမ်ပိန် အချိန်များစွာ မေ့မျောရှာ | .... | ၁၆၄ |
| ရှေ့နောက်မခြား သားဖွားပြီးလေ မိခင်သေ | .... | ၁၆၄ |
| သောပါကဟု မည်ပြုချစ်ကျင် သူ့ဘခင် | .... | ၁၆၅ |
| မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းသောချောင် အခြေခံ | .... | ၁၆၅ |
| ဂန္ထ သိဠ္ဍန နိဂမ ဂါထာများ | .... | ၁၆၆ |


### ဂန္ထ သိဠ္ဍန နိဂမ ဂါထာများ

အယ မေတ္တ အမတ ရသ ဝိဘာဝနီ

မာတိကာ

## အရှင်ဇောတိပါလထေရ် ရေးသားပြုစုသော
## မဟာဝဂ္ဂါဒိ ဂန္ထ သတ္တက ပါဠိပါရဂူ ကျမ်းကြီး၏
## နိဂုံး ပါဠိ ၁၄-ဂါထာတို့ကို
## ရန်ကုန်မြို့၊ နိုင်ငံကျော် စာရေးဆရာကြီး
## ဒဂုန် ဦးစန်းငွေ အနက်ဖွင့်ဆို ပူဇော်သည်။

**လှပအထူး** နာနာစေတိယာ လက်တေ၊ သောဏ္ဏာဟံသာဟိ သောဘိတေ။
**မြို့ဝဲရူး** ပသိဒ္ဓေ နဒိယာ မဇ္ဈေ၊ သေတုယာ ဒါနိ သဲ်တေ။ ။

နာနာစေတိယာလက်တေ=စောထွတ်ဘုန်းလျှံ၊ ကြွလှာစံသို့၊ ဆံတော်မြုတေ၊ အထွေထွေဟု၊ မွေသရီတော်၊ ကိန်းဝပ်ပျော်သား၊ ဖောင်တော်ဦးချီ၊ မဟာစေတီနှင့်၊ ကလျာဏီ, ကျိုက်ပွန်၊ ကျိုက်သလွန်, ကျိုက်ပေါ၊ ရွှေမော်ဓော အစရှိသော စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထားအပ်သော။ သောဏ္ဏာဟံသာဟိ=ရွှေသိင်္ဂနိုက်၊ ဖိတ်ဖိတ်လျှံဝင်း၊ ထိန်ထိန်လင်းသည့်၊ငှက်မင်းရာဇာ၊ ရွှေဟင်္သာတို့ဖြင့်။ သောဘိတေ=ရှုမငြီးဘွယ်၊ အလွန်တင့်တယ်ပေထသော။ မဇ္ဈေ=ပတ်သန်းရေညို၊ ရစ်ကြို့ခိုသည့်၊ ဗဟိုချက်မ၊ မြို့လယ်ရပ်ဌာန၌။ နဒိယာ=အဏ္ဏဝါပြင်ကျယ်၊ မြစ်ပင်လယ်ကြီးဖြင့်။ ပသိဒ္ဓေ=မြို့တည်ဦးစ၊ ရှေးမဆွက၊ ရေမှမောက်မို့၊ ရွှေတောင်ပို့သို့၊ စို့နှယ်အလား၊ အမြင်အားဖြင့်၊ ထင်ရှားစွာထသော။ ဒါနိ=ငွေသဲသောင်ခုံ၊ ပလ္လင်ပုံသို့၊ ပေါ်တုံပြီးနောက်၊ မျက်မှောက်ဖြစ်သော ယခုအခါ၌။ သေတုယာ = လူနှင့်ယာဉ်များ၊ အစားစားတို့၊ လာသွားဥဒဟို၊ အလျှိုလျှို ကူးသန်းနိုင်သော မြို့လယ်တံတားကြီးဖြင့်။ သဲ်တေ=နတ်မြို့ပုံဟန်၊ ဝိသုဖန်သို့၊ စီမံပြုပြင်ထားအပ်သော။

**ဝိုင်းမြတ်ဝိဟာ** ပဲခူးပုရေ ဥတ္တရန္တေ၊ လောဟဗိမ္ဗသ သန္တိကေ။
**လွန်သာယာ** မဇ္ဈေ တီသု ဒေသေသု၊ စုလ္လိယာ ကုမ္ဘ သန္တိဘေ။ ။

ပဲခူး ပုရေ=ဥဿာပဲခူး၊ ဗျူပွတ်ပူး၍၊ ပဲခူးတွင်မည်၊ မင်းနေပြည်ကြီး၌။ လောဟဗိမ္ဗသ=သကျမှန်ကူ၊ စောဘုန်းလူ၏၊ ပုံတူဖော်ညွန်း၊ ကြေးဖြင့် သွန်းအပ်သော (ကြေးသွန်းဘုရားကြီး)၏။ သန္တိကေ=မကွာခရီး၊ အနီးပတ်ဝန်းကျင်ဖြစ်ပေထသော။ ဥတ္တရန္တေ=မြောက်ဘက်အစွန်း၊ နေရာမှန်၌။ တီသု ဒေသေသု = မည်တွင်ခေါ်ပြု

ကျောက်ကြီးစုနှင့်၊ ယခုညောင်ဝိုင်း၊ ခေါင်လှိုင်းဆင့်ပွား၊ သွန်းဘုရားတည်းဟူသော ရပ်ကွက်ကြီးသုံးခုတို့၌။ တီသု ဒေသေသု=တိန္န ဒေသာနံ=ဆိုပြီးစေ့ငု၊ ထိုရပ်ကွက်ကြီး သုံးခုတို့၏။ အန္တရေ=အကြား၌။ ဝါ=အထက်၌။ စုလ္လိယာ ကုမ္ဘ သန္နိဘေ=ဖိုခုံ လျှောက်ဆိုင်၊ သုံးခုပြိုင်တွင်၊ တူနိုင်ယိုးမှား၊ အိုးကိုတင်ထားသည်နှင့် တူသော။ မဇ္ဈေ=ဗဟိုသတ်မှတ်၊ အလယ်ခေါင်အရပ်၌။ ကြခတ္တ မဏ္ဍလသညာတော=ကြခတ် ဝိုင်းဟု၊ သမိုင်းပညတ်၊ သိအပ် မှတ်အပ်သော။ ယော အာရာမော=စာချ စာသင်၊ ဝေးရပ်ခွင်မှ၊ သင်္ချာညွှန်းဖော်၊ သုံးရာ့ခြောက်ဆယ်ကျော်သည့် သံဃာတော်ပေါင်း အရှင်ကောင်းတို့၏၊ ခိုအောင်းပျော်မွီး၊ အကြင် ကျောင်းတိုက်ကြီးသည်။ အတ္ထိ= ထီးထီးမားမား၊ ကြွားကြွားဝင့်ဝင့်၊ တစွင့်စွင့်နှင့်၊ အသင့်မသွေ၊ တည်ရှိလေ၏။ တတ္ထ=တသ္မိံ အာရာမေ=ကြခတ်ဝိုင်းဟု၊ သမိုင်းတည်စိုက်၊ ထိုကျောင်းတိုက်ကြီး၌။

**ကြီးမားခြိမ့်သဲ** ဝိနယုစ္စေ သတဝါရေ၊ ဝိနယာစာရ နုဂ္ဂဟေ။
**ပူဇော်ပွဲ** ဝိနယံ ဝိဃုတံ ကတွာ၊ ပူဇေန္တိ ဝိနယမ္ဗုဒံ။ ။

ဝိနယုစ္စေ သတဝါရေ=ဝိနယုစ္စေန သတဝါရေန=တရာကြိမ်မြောက်၊ လျှမ်း လျှမ်းတောက်မျှ၊ ချီးမြှောက်ရှင်ပျ၊ ကျင်းပလာခဲ့သော ဝိနည်းစာပြန်ပွဲကြီးနှင့်။သဟ= တကွဆင်နွဲ၊ ယှဉ်ကာတွဲ၍။ ဝိနယာစာရ နုဂ္ဂဟေ=ဝိနည်း ပိဋကတ်၊ ထွတ်မြတ်ဝှဲခြီး၊ ပူဇော်ပွဲကြီး၌။ ဝိနယံ=ဝိနည်းခေါ်အပ်၊ သိက္ခာပုဒ်တော်မြတ်ကို။ ဝိဃုတံ ကတွာ= သံဃာထောင်ထု၊ တခုမကျန်၊ နှုတ်သံတွတ်တွတ်၊ ပြန်ရွတ်မြွက်ကြားခြင်း ပြုကြကုန် လျက်။ ဝိနယမ္ဗုဒံ=သာသနာ့သက်တမ်း၊ ရှည်စေမှန်း၍၊ စီးဖြန်းခြိမ့်သည်း၊ ဝိနည်း ပူဇော်ပွဲကြီးကို။ ပူဇေန္တိ=ရွှေကြာလက်စုံ၊ ထိပ်ဝယ်ပုံ၍၊ ခိုလှုံတုပ်ပျပ်၊ သဒ္ဓါခတ် ဖြင့်၊ ဆည်းကပ်စေ့ငု၊ ပူဇော်ခြင်း ပြုကြကုန်သတည်း။

**ရာပြည့်ဓမ္မာရုံ** မဟာသာသန ပါကာရ၊ သညိတေ ဝိနယုဿဝေ။
**ခြောက်သိန်းကုန်** သတံ သဟဿ ဆက္ကာဝိ၊ ရူပိယ က္ခိဏာ ပူဇိတေ။ ။

တဒါ=ရာပြည့်စာပြန်ပွဲကြီးနှင့် ဝိနည်း ပိဋကတ်၊ ထွတ်အမြတ်ပူဇော်ပွဲကြီးကို၊ ဒွန်တွဲပြုရာ ထိုအခါ၌။ မဟာသာသန ပါကာရ သညိတေ=မဟာဇယ ပြိုင်စံမပေါ်၊ သာသနာ့နိုင်ငံတော်၏၊ မဟာရံတံတိုင်းကြီးဟူ၍ အမှတ်ပြုလတ်၊ သမုတ်အပ်သော။ သတံ သဟဿ ဆက္ကာဝိ ရူပိယ က္ခိဏာ ပူဇိတေ=ငွေအသပြာ၊ သင်္ချာတွက်ကိန်း၊ ၆-သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်ပူဇော်အပ်သော။ ဝိနယုဿဝေ-ဝိနယု ဿဝ=နာမဝှဲခြီး၊ အနှစ်ဘရာပြည့် ဝိနည်းစာပြန်ပွဲကြီး ဓမ္မာရုံပလ္လင်ဦးသို့။ အာဂ တာနံ=ရှိသေစွာ ပင့်လျှောက်သဖြင့်၊ ချီးမြှောက်ရန် ကြွလာတော် မူကြကုန်သော။ ဘိက္ခူနံ=သင်္ချာမြားမြောင်၊ တထောင် အရေအတွက်ရှိသော ရဟန်း သံဃာတော် အရှင်မြတ်တို့အား။ ဖာသု ဝိဟာရတ္ထာယ=ချမ်းသာစွာ သီတင်းသုံးတော်မူနိုင်ကြ စေခြင်းငှာ။

**ကျောင်းဆောင်အဖြစ် နှစ်ဆယ့်နှစ်**

ဓမ္မာရမ္မဏ ဝိဇ္ဇောတေ၊ ဝိမာနေ မဏိ ကုဏ္ဍလေ။
မဏိ ဝံသိက အာသောကေ၊ ဝိဗောဓေ စေဝ စမ္ပကေ။ ။
ခေမိက ဓမ္မဝိပုလေ၊ ဗြဟ္မသက္ကေဟိ နိမ္မိတေ။
သောဓနေ သုခ ပါသာဒေ၊ ဘူသိတေ ပန မူလိကေ။ ။
မဟိကေ ဗောဓိယာ သန္နေ၊ ကေကုဓော သုသဏ္ဍိတေ။
ဥတ္တရေ ဒက္ခိဏေ ကမ္မ၊ ဌာနေစ ပိဋကာ လယေ။ ။

ဝိဟာရာ=စက်ခန်းနေရာ၊ သန့်ပြန့်စွာနှင့်၊ အသင့်ရှိနေကြကုန်သော ကျောင်းဆောင်တို့သည်ကား။ ဓမ္မာရမ္မဏ ဝိဇ္ဇောတေ=(၁) ရာပြည့်၊ (၂) ရာကျော် ကျောင်းနှစ်ဖော်နှင့်တကွ (၃) ပရိယတ္တိ ဝိဇ္ဇောတာရုံကျောင်းဆောင်။ ဝိမာနေ=(၄) သာသနာ့ဗိမာန်တော်ကျောင်းဆောင်။ မဏိကုဏ္ဍလေ=(၅)မဏိကုဏ္ဍလိကာရုံ ကျောင်းဆောင်။ မဏိ ဝံသိက အာသောကေ=(၆) မဏိဝံသိကာရုံကျောင်းဆောင်။ (၇) အာသောက မာလာရုံကျောင်းဆောင်။ ဝိဗောဓေ=(၈) ဓမ္မဝိဗောဓာရုံ ကျောင်းဆောင်။ စမ္ပကေ=(၉) စမ္ပကမာလာရုံကျောင်းဆောင်။

ပန=ကျောင်းဆောင်စာရင်း ဆက်သွင်းပါဦးအံ့။ ခေမိက ဓမ္မဝိပုလေ=(၁၀) အဘယ ခေမိကာရုံ ကျောင်းဆောင်။ (၁၁) ဓမ္မဝိပုလာရုံ ကျောင်းဆောင်။ ဗြဟ္မ သက္ကေဟိနိမ္မိတေ=(၁၂) ဗြဟ္မနိမ္မိကာရုံ ကျောင်းဆောင်။ (၁၃) သက္ကနိမ္မိတာရုံ ကျောင်းဆောင်။ သောဓနေ သုခပါသာဒေ=(၁၄) သီလ ဝိသောဓနိကာရုံ ကျောင်းဆောင်။ (၁၅) စိတ္တသုခေသိတာရုံ ကျောင်းဆောင်။ (၁၆) စိတ္တပါသာဒိကာရုံ ကျောင်းဆောင်။ ဘူသိတေ=(၁၇) သီလဝိဘူသိတာရုံကျောင်းဆောင်။ မူသိကေ= (၁၈) ပရိယတ္တိမူလိကာရုံ ကျောင်းဆောင်။

ဗောဓိယာ=သဗ္ဗညုဉာဏ်ရောင်၊ ကွန့်ရွှန်းပြောင်သည့်၊ ဗောဓိမည်ဟီး၊ ညောင် ပင်ကြီး၏။ အာသန္နေ = အနီး၌။ ကေကုဓော = မြေမှုကြွလျက်၊ တပြိုင်နက်တည်း။ မဟိကေ=ပုံတူကျန၊ လွန်လှပသော။ သုသဏ္ဌိတေ=နတ်ဝိသုကာ၊ ဖန်လေသည့်လား၊ ကြွားကြွားဝင့်ဝင့်၊ စွင့်ရရွှင့်ကောင်းစွာ၊ တည်၍လာသော။ ဥတ္တရေ=(၁၉) ဗောဓိ ဥတ္တရုံကျောင်းဆောင်။ ဒက္ခိဏေ=(၂၀) ဗောဓိဒက္ခိဏာရုံ ကျောင်းဆောင်။ ကမ္မဋ္ဌာနေ=(၂၁) ကမ္မဋ္ဌာနိကာရုံ ကျောင်းဆောင်။ ပိဋကာလယေ=(၂၂) ပိဋကတ် တိုက်ကျောင်းဆောင်။ ဣတိ=ဤသို့။ ဒွါဝီသမတ္တာ=၂၂-မျှကုန်သော။ ဝိဟာရာ= ထိုင် လျောင်း ရပ် သွား၊ လေးပါးဣရိယာ၊ မျှစွာရွှင်ပြုံး၊ သိတင်းသုံးရန် ကျောင်း ဆောင်တို့သည်။ ယာဝ ပရိပုဏ္ဏာ=သံဃာတထောင်အတွက် ပြည့်စုံသည်တိုင်အောင်။ ပဟောနကာ=လောက်ငကုံလုံသည်။ အဟေသုံ=ကောင်းစွာစီရရီ၊ ဖြစ်ကုန်ပြီတည်း။

**ကျန်းရေးဌာန အထူးပြု**

ပါကာရ သောပါနာရာမေ၊ ဒွါရ ကောဋ္ဌက သဇ္ဇိတေ။
ဆာယူ ဒကေဟိ သမ္ပန္နေ၊ ပဟူတ သံဃ သောဘိတေ။ ။
ကြခတ္တ မဏ္ဍလာဝါသေ၊ ကတာဟံ ဂန္ဓိမံ လိခေ။
သတော ပဓာန ဘာဝေန၊ ဉာဏာယ ပဋိမာ ဇနာ။ ။

## - ပါဋ္ဌိဂါထာ ပါဋ္ဌ် အနက် -

ပါကာရ သောပါနာရာမေ=ပရိဝုဏ်ဓိမိုင်း၊ သံတံတိုင်းသို့၊ ရံဝိုင်းပတ်သန်း၊ ရှုမခန်းမျှ၊ စောင်းတန်းမို့မို့၊ စို့ရရို့နှင့်၊ အလွန်နှစ်လို့ဘွယ်ရာ ကောင်းလှစွာသော။ ဒွါရ ကောဋ္ဌက သဇ္ဇိတေ=တံခါးမုခ်ဦး၊ ရှုတိုင်းမြူးအောင်၊ အထူးတလည် စီရင်ထားအပ်သော။ ဆာယူ ဒကေဟိ=ရှည်သွယ်ကိုင်းခက်၊ ဗိတာန်ကြက်သို့၊ ကူးယှက်ပိတ်ကာ၊ အေးရိပ်သာနှင့်၊ သီတာရေချမ်း၊ စိမ့်ရေစမ်းတို့ဖြင့်။ သမ္ပန္နေ=ပြည့်စုံလုံလောက်၊ မိုချေမောက်သော။ ပဟူတ သံဃ သောဘိတေ=ရွှေဝါရောင်သန်း၊ မြတ်သက်န်းနှင့်၊ ရဟန်းသံဃာ၊ သုံးရာခြောက်ဆယ်၊ ထေရ်ကြီးငယ်တို့ဖြင့် တင့်တယ်သော။

ကြခတ္တာ မင်္ဂလာ ဝါသေ=ကြခတ်ဝိုင်းဟူ၊ သမိုင်းထူစိုက်၊ ပရိယတ္တိ စာသင်တိုက်ကြီး၌။ ဝသန္တော=မူရနှစ်ပါး၊ စွမ်းအားရှိရှိ၊ တာဝန်သိကာ၊ ဆောင်ရွက်နေထိုင်ခဲ့ပါသော။ အဟံ=ဇောတိပါလ၊ နာမထင်စွာ၊ ကျမ်းပြုဆဲရာ ငါသည်။ ပစ္စိမာဇနာ=နောင်လာနောက်သား၊ များလှဗိုလ်လူ၊ အဆူဆူတို့သည်။ ဉာဏာယ= သိရှိရစ်ကြစေရန်အလို့ငှာ။ ပမာနဘာဝေန=ပမာန နာယက ပုဂ္ဂိုလ်၏ အဖြစ်ဖြင့်။ သတော=သာသနာပြု၊ ကောင်းမှုပေါ်လွင်၊ နေခဲ့ရစဉ်။ ကတံ=ရေးသားတည်ထွင်၊ ပြုစီရင်အပ်သော။ ဣမံဂန္ထံ=မဟာဝဂ္ဂ ဒိဂန္ထ သတ္တက မည်သော ဤ **'ပါဋ္ဌိပါရဂူ ကျမ်းကြီး'** ကို။ လိခေ-လိခိံ=ရေးသားသမှု၊ စီရင်ခြင်း ပြုခဲ့ပြီတည်း။

**ဇာတိချက်ကြွေ**
**မွေးရာမြေ**

တိကာသီတိ ဝဿာဓိကေ၊ ဒွိသတေက သဟဿကေ။
ဒုတိယေ ဇုဏှ ပက္ခဿ၊ အင်္ဂါရေ ဇေဋ္ဌ မာသကေ။ ။
ပဲခူး ရဋ္ဌဿ ဒက္ခိဏေ၊ ကဝဋ္ဌာနဿ ပုဗ္ဗကေ။
သမ္မာဇီဝေ တု နိဗ္ဗာန၊ ဂါမေ ဇာတော အဟော မမ။ ။

တိကာသီတိ ဝဿာဓိကေ=သင်္ချာပိုက်ကျူး၊ ရှစ်ဆယ့်သုံး အလွန်ရှိသော။ ဒွိသတေက သဟဿကေ=မြန်မာ့ဝေါဟာ၊ကောဇာသက္ကရာဇ်၊ တထောင်နှစ်ရာခုနစ်၌။ ဇေဋ္ဌမာသကေ=စမ္မာယ် မြတ်လေး၊ ပျို့မွေးကြိုင်ထုံ၊ လ နယုန်၌။ ဇုဏှပက္ခဿ= ယုန်ပုံစကြာ၊ စန်းလွှာထွန်းစ၊ လဆန်းပက္ခ၏။ ဒုတိယေ အင်္ဂါရေ=ဆန်းစနှစ်ရက်၊ နံ့စက်ကြုံတွေ့ အင်္ဂါနေ့၌။

တု=ဇာတ်ချက်ကြွေ မွေးရပ်မြေကို ဆိုလိုက်ပါဦးအံ့။ ပဲခူးရဋ္ဌဿ=ဉဿာပဲခူး၊ လွှင့်မြူးသမိုင်း၊ ပဲခူးတိုင်း၏။ ဒက္ခိဏေ=တောင်ဘက်မျက်နှာ၊ ရပ်ဒိသာ၌။ ကဝဋ္ဌာနဿ ပုဗ္ဗကေ=ကဝမြို့၏ အရှေ့ဘက်၌ တည်ရှိသော။ သမ္မာဇီဝေ နိဗ္ဗာနဂါမေ= သမ္မာအာဇီဝဖြင့် အသက်မွေးကြသော နိဗ္ဗာန်ရွာ ဂါမ၌။ မမ=ငါ့အား။ အဟော ဇာတော=မီးရှူးသန့်စင် ဖွားမြင်ခဲ့ပြီတည်း။

## - ပါဠိဂါထာ ပါဠ် အနက် -

**ရဟန်းဘ၀** ဒုကာဝိ တိသတေ ယေကေ၊ ကာဠေ ပက္ခဿ ဖဂ္ဂုဏေ။
**ရောက်ခဲ့ရ** ဒွိဟေ ကြခတ္တ သီမာယ၊ ပပ္ပေါမိ ဥပ သမ္ပဒံ။ ။

အဟံ=ဇောတိပါလ၊ နာမဘွဲ့ချီ၊ သာကီသည်းချာ၊ မထေရ်ငါကား။ ဒုကာဝိ တိသတေယေကေ = မြန်မာ့ဝေါဟာ၊ ကောဇာအဖြောင့်၊ ဂဏန်းစောင့်သား၊ တထောင့်သုံးရာနှစ်ခုနှစ်၌။ ကာဠေ ပက္ခဿ ဖဂ္ဂုနေ ဒွိဟေ=ရွက်ဟောင်းကျကြွေ၊ ရွက်သစ်ဝေသည့်၊ နွေဦးပေါက်စ၊ တပေါင်းလပြည့်ကျော် နှစ်ရက်၌။ ကြခတ္တ သီမာယ=ကြခတ်ဝိုင်းကျောင်းတိုက်၊ သမိုက်သညာ၊ မင်္ဂလာရှိပြီး "သီလဝိသောဓနီ" မည်သော သိမ်တော်ကြီး၌။ ဥပသမ္ပဒံ=သာသနာ့ဝန်ထမ်း၊ ရဟန်း ပဉ္စင်းအဖြစ်သို့။ ပပ္ပေါမိ=ရောက်ခဲ့ပြီတည်း။

**ကျမ်းပြီးကမ္ပတ်** ဆတ္တိံသ တိသတေ ယေကေ၊ သက္ကရာဇေ သုမာပိတော။
**နိဂုံးသတ်** ပေါဠပါဒဿ မာသကေ၊ ကာဠေ ပက္ခဿ ပဉ္စမေ။ ။

ဇာတိယာ ဟိ တေပညာသ၊ ဝဿိကော ဂန္ထ ပါရဂူ။
ယတိတော စတုတ္တိံ သူပ၊ ကာရကော နိဋ္ဌိတော တဒါ။ ။

သုမာပိတော=ဒေဝါသနင်း၊ သိကြားမင်းသည်၊ ဖြို့ခွင်းသက္ကရာဇ်၊ ကောင်းစွာ စစ်၍၊ အသစ် တည်ထားအပ်သော။ သက္ကရာဇေ=မြန်မာ့ဝေါဟာ၊ နှစ်ကောဇာသည်။ ဆတ္တိံသ တိသတေ ယေကေ=တထောင့်သုံးရာ၊ သုံးဆယ်လာ၍၊ ခြောက်ဖြာစွန်းလစ်၊ ယင်းခုနှစ်သို့ ရောက်လတ်သော်။ ပေါဠ ပါဒဿ မာသကေ=ရနံ့ကြိုင်သင်း၊ အပြိုင် ခင်းသည့်၊ ယင်းမာပေါ်ထ၊ တော်သလင်းလ၌။ ဝါ=တော်သလင်းလ၏။ ကာဠေ ပက္ခဿ ပဉ္စမေ=လပြည့်ပေါ်တက်၊ ကျော် ငါးရက်၌။

ဟိ=ကျမ်းပြီးခေါင်အုပ်၊ နိဂုံးချုပ်ကို၊ ထုတ်၍ ဆိုတော့အံ့။ ယဒါ=အကြင် အခါ၌။ မမ=ငါ၏။ ဇာတိယာ=ဖွားမြင်သည်မှ၊ စ၍ရေတွက်၊ မွေးဖွားသက်အားဖြင့်။ တေ ပညာသ ဝဿိကော=၅၃-နှစ် ရှိလေပြီ။ ယတိတော=ရဟန်းသက်အားဖြင့်၊ ဝါ=ရဟန်းဝါအားဖြင့်။ စတုတ္တိံ သူပ ကာရကော=၃၄-ဝါ ရလေပြီ။ တဒါ= အသက် ငါးဆယ်၊ သုံးနှစ်ကယ်၍၊ သုံးဆယ်လေးဝါရသော ထိုအခါ၌။ ဂန္ထ ပါရဂူ= မွှေးကြူကြိုင်လျှမ်း၊ 'ပါဠိ ပါရဂူ'မည်သော ဤကျမ်းသည်။ နိဋ္ဌိတော = လုံးစုံ သိမ်းကျုံး၊ ကမ္ပတ်ဖုံး၍၊ အဆုံးသို့ ရောက်ခဲ့ပြီတည်း။

**ဒဂုန် ဦးစန်းငွေ**

၂၀-၁၁-၇၉

## ပဲခူးမြို့ ကြခတ်ဝိုင်း ပဓာနထေရ်

## အရှင်ဇောတိပါလ-ရေး

## ဘာဝနာရသ ဝိဘာဝနီနှင့် အမတ ရသ ဝိဘာဝနီ

## ၂-ကျမ်းတွဲ ပဋ္ဌိပတ္တိ ဗွယ်စုံကျမ်းကြီး ပေါ်ပေါက်လာပုံ

## (သိဒ္ဓိ + ရတ္တု)

လောက လူသားတို့၏ အနေဖြင့် ပြောရလျှင် မျက်မှောက် တဘဝ ကောင်းစားရေးအတွက် ဆောင်ရွက်ရသော လောကရေးရာ လူမှုကိစ္စတို့သည် မည်မျှလောက် မြားမြောင်သည် ဖြစ်စေ ဘဝခရီးဆက် ကောင်းမွန်ရေးနှင့် ဘဝခရီး ရပ်နားရေး အတွက် အမှန်ပြုလုပ်ထိုက်သော ဓမ္မရေးရာအရ ကောင်းရေး ကောင်းမှုတို့သည် ကား-

၁။ ဒါန-ပေးလှူ စွန့်ကြဲခြင်း၊

၂။ သီလ-ကိုယ်နှုတ် စောင့်ထိန်းခြင်း၊

၃။ ဘာဝနာ-ကမ္မဋ္ဌာန်း စီးဖြန်း ပွားများခြင်း

ဟူသော ဤသုံးမျိုးတို့ပင် ဖြစ်၏။ တမျိုးပြောရလျှင်-

၁။ သီလ-ကိုယ်နှုတ် စောင့်ထိန်းရေးလမ်းစဉ်၊

၂။ သမာဓိ-စိတ်တည်ငြိမ်ရေး (သို့မဟုတ်) သမာဓိ ထူထောင်ရေးလမ်းစဉ်၊

၃။ ပညာ-အသိဉာဏ် တိုးတက်ပွားများရေး (သို့မဟုတ်)ဘာဝနာ ထူထောင်ရေး လမ်းစဉ်၊ ဤသုံးမျိုးတို့ပင်တည်း။

### ဘဝသံသရာ၌ နစ်မွန်းကြရခြင်း

အမှန်မှာ မျက်မှောက်တဘဝ၌ ကောင်းစားရေးဖြစ်သော လူမှုကိစ္စတို့က ရာချီ ထောင်ချီ များပြားသလောက် နိဗ္ဗာန်ရသည်အထိ နောင်ဘဝ အဆက်ဆက် ကောင်းစားရေးဖြစ်သော ကောင်းရေး ကောင်းမှုတို့သည်ကား အထက် ဖော်ပြပါ ၃-မျိုးမှတပါး အခြား အရေးအခင်း မရှိတော့ပါ။ သို့ရာတွင် လောက လူသားတို့ အဖို့မှာ ရာချီ ထောင်ချီ များပြားသော တဘဝ ချမ်းသာရေး အလုပ်ကိစ္စတို့ကို

နေ့မအား ညဥ့်မအား ကြိုးစား ဆောင်ရွက်နိုင်ကြသော်လည်း ဘဝအဆက်ဆက် ကောင်းမွန်ရေးဖြစ်သော ယင်း ကောင်းမွန်ရေး ကောင်းမှု ၃-မျိုးကို ကျင့်သုံးရန်မှာကား တွန့်ဆုတ်လျက် ရှိနေကြပြန်သည်။

တဘဝ ကောင်းစားရေးအတွက် လောကရေး အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ပါလျက် ဘဝများစွာ ကောင်းစားရေးဖြစ်သော ကောင်းရေး ကောင်းမှု ၃-မျိုးတို့ကို အနည်း အကျဉ်းမျှ မပြုလုပ်နိုင်ခြင်းသည်ကား အဘယ်ကြောင့်ပါနည်း။ အကောင်းဘက်သို့ ဦးတည်ခဲ့သော ပါရမီဓာတ်ခံ နည်းပါးကြသေးသောကြောင့်ပင် ဖြစ်၏။ဤနည်းအားဖြင့် ဘဝသံသရာကြီး၌ တဘဝပြီး တဘဝ ခရီးဆက်နေကြရသော သတ္တဝါတို့သည် မိမိတို့၏ ဘဝခရီးစဉ် ဖြူးဖြောင့် သာယာမှု မရှိပဲ အပါယ်လေးပါးနှင့် ထွေးလုံးရစ်ပတ်ဖြစ်ကာ ဘဝသံသရာ၌ နစ်မွန်းနေကြရသနည်း။

## ပါရမီဓာတ်ခံ ရင့်သန်ဦးတည် မြန်မာပြည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖို့ ပြောရလျှင် ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်သော တိုင်းပြည်ဖြစ်သည့် အလျောက် ထိုတိုင်းပြည်၌ ကံပေး၍ လူဖြစ်လာကြရသော နိုင်ငံတော်သူ နိုင်ငံတော်သား လူများစုတို့သည်ကား အကောင်းဘက်သို့ ဦးတည်သော ပါရမီ ဓာတ်ခံရှင်တို့သာ များပြားလျက် ရှိကြောင်း ဆိုခွင့်ရှိပြန်၏။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာကဲ့သို့ ဖြစ်ခဲ့ရသော မွန်ရာဇဝင်၊ မြန်မာရာဇဝင် တလျှောက်လုံးမှ လူတို့သည်လည်း ဘဝခရီးဆက် ကောင်းမွန်ရေးဖြစ်သော ကောင်းရေး ကောင်းမှုတို့ကို ထိပ်ဦးပိုင်း ရှင်ဘုရင်မှ စ၍ အောက်ဆုံးပိုင်း တောင်သူလယ်သမား၊ အလုပ်သမားအထိ တန်ဘိုးထား၍ ပြုလုပ်ခဲ့ကြသည်။

ဤသည်တို့ကို ထောက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကောင်းမှုမင်္ဂလာ ပွားများရာ မဟာပုညတိတ္ထ (ကောင်းမှုဆိပ်ကမ်းကြီး) ဖြစ်ခဲ့ရကား မြန်မာပြည် အရပ်ရပ်၌ ပေးလှူ စွန့်ကြဲနိုင်သော ဒါနပြုသူတွေ များပြားသည်နှင့်အမျှ ကိုယ် နှုတ် စောင့်ထိန်းသူ၊ ကိုယ်ကျင့်တရားကောင်းသူ လူ သီလဝန္တ၊ ရဟန်း သီလဝန္တ ပုဂ္ဂိုလ်တို့သည်လည်း များပြားလှပြန်သတည်း။

## ဘာဝနာတရား ခေါင်းပါးသေးသိန် အားနည်းချိန်

ဤ ဆိုအပ်သည့်အတိုင်း မိမိတို့၏ တိုင်းပြည်က ပုညတိတ္ထဖြစ်သည့် အားလျော်စွာ ဌာနီဖြစ်သော ပုဂ္ဂိုလ်တို့ဘက်မှလည်း ဒါနပြုသူတွေ၊ သီလ စောင့်ထိန်းသူတွေ မြောက်မြားစွာ ရှိခဲ့ကြသည်မှာ မှန်၏။ သို့ရာတွင် စိတ်ဓာတ် ငြိမ်းချမ်းရေးနှင့် ဘဝခရီး ရပ်နားရေးဖြစ်သော ဘာဝနာတရား လိုက်စား ကျင့်သုံးမှုမှာမူ မရှိသလောက် ရှားပါးလှပြန်၏။ ထိုသို့ ဖြစ်ရခြင်းမှာ အဘယ်ကြောင့်ပါနည်း။ ထိုခေတ်ရှိ လူတို့က ဘာဝနာတရားသည် ငါတို့နှင့် ထိုက်တန်သော တရားမဟုတ်၊ ရဟန်း သံဃာတော်

များသာ ပွားများရမည့် သံသိကပစ္စည်း ကမျိုးပင်ဘည်းဟု ယူဆထားသောကြောင့်ပင်တည်း။

သို့ဖြစ်ရာ ကုန်းဘောင် ရာဇဝင်ခေတ်၊ အမရပူရ ကောင်းစားစဉ်က ပေါ် ပေါက်လာသည်ဟု ယူဆရန်ရှိသော စတုဂိရိ (တောင်လေးလုံး ဝိပဿနာ ရှုဘွယ် ကျမ်း) နှင့် ဗြိတိသျှ အစိုးရတို့၏ လက်ထက် ခေတ်ဦးပိုင်း၌ ပေါ်ပေါက်လာသော စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး၏ နိဗ္ဗာနမဂ္ဂဘေဒနီခေါ် ဝိပဿနာရှုနည်း ကျမ်းသည်လည်း တရားလိုက်စားသော လူတို့၏ မျက်မှောက်သို့ပင် မထိုးဖောက် မစိမ့်ဝင်နိုင်ပဲ ရှိခဲ့ရသည်။ ထို့ပြင် ဘာဝနာတရား ပွားများရေး၌ အပြည့်စုံဆုံးဖြစ်သော ပရမတ္ထဘေဒနီ ကဲ့သို့သော ကျမ်းကြီးများပင်သော်လည်း လု ကြည့် စာပေ မဖြစ်ပဲ ရဟန်းကြည့်စာပေ အဖြစ်၌သာ ရပ်တည်ခဲ့ရသတည်း။

## ဘာဝနာလုပ်ရပ် စိတ်ဓာတ်စစ်ဆင်ရေး စတင်သောချိန်

ဤဆိုခဲ့သည့်အတိုင်း လူ့လောကအနေဖြင့် ဘာဝနာပွားရေး အားသေးနေချိန် မှာပင် သူမတူတန်အောင် ထူးကဲတော်မူသော ကမ္ဘာ့ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် ကမ္ဘာ့ တက်နေဝန်းကြီးပမာ ပေါ်ပေါက်တော် မူလာခဲ့၏။ ထို ဆရာတော် ဘုရားကြီး၏ မြင့်မားသော ရည်ရွယ်တော်မူချက်သည်ကား ဗုဒ္ဓ ဓမ္မ၏ အနှစ်သာရကို သူသိသကဲ့သို့ လူအများစုကိုလည်း သိနားလည် စေရမည်၊ ဗုဒ္ဓ ဓမ္မ၏ အတ္ထရသအမြုတေကို သူ သုံးဆောင်ရသကဲ့သို့ လူအများစုကိုလည်း သုံးဆောင် စေရမည်ဟု ဆန္ဒတော် ပြင်းပြခြင်းပင် ဖြစ်ပါသည်။

ထိုရည်ရွယ်ချက် ပြင်းပြမှုကို ရှေ့ထားပြီးလျှင် ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးသည် လူတိုင်းသိနိုင်သော စကားလုံးဖြင့် ဒီပနီ ကျမ်းပေါင်း များစွာကို မြန်မာလို ရေးသားတော်မူကာ ဘာဝနာ အရေးအခင်း၌ အိပ်မောကျနေသော ဗုဒ္ဓဘာသာဝင် လူထုကြီးတရပ်လုံးကို ဘာဝနာလုပ်ရပ် စိတ်ဓာတ် စစ်ဆင်ရေးဖြင့် တပ်လှန့်ပေးခဲ့ရုံမျှမက ကိုယ်တော်တိုင်လည်း အမြို့မြို့ အနယ်နယ်သို့ ကြွရောက်၍ ရုပ်သံ နာမ်သံပေးကာ ဘာဝနာ ပွားများရေး အားပေး တိုက်တွန်းတော်မူခဲ့ပါသည်။

ထို့ပြင် ရွှေကျင်နိကာယ ဓမ္မသေနာပတိ ကျေးဇူးရှင် ဒုတိယ ဝိသုဒ္ဓါရုံ ဒီပဲရင်း ဆရာတော် ဘုရားကြီးသည်လည်း ဘာဝနာ စိတ်ဓာတ်ကို မြှင့်တင်ပေးရာ၌ အလွန် ထိရောက်လှသော ပရမတ္ထ စက္ခုကျမ်းဖြင့်ပင် အန္ဓဘူတ ဖြစ်နေသော လူ့လောကကြီး အတွက် ပရမတ်မျက်လုံး တပ်ဆင်ပေးခဲ့ပါသည်။ထိုအချိန်မှစ၍ တရားဘာသနာထုံသော လူတို့ဖက်မှလည်း အလှူ၊ မသာရှိလျှင် ဇာတ်ဝတ္ထု ရာဇဝင် ပြောလေ့ ပြောထရှိသော ခေတ်မှ ရုပ်စကား နာမ်စကား ပြော၍ ဝိပဿနာတရား ဆွေးနွေးသော ခေတ်သို့ ပြောင်းလဲလာကြပြန်သည်။

## ပဋိပက္ခ စွယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

## စိတ်ဓာတ် ငြိမ်းချမ်းရေး ရှာဖွေကြပုံ

ထိုဆရာတော်ကြီး နှစ်ပါး၏ ကျေးဇူး ဥပကာရကြောင့် ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတို့ဘက်မှလည်း ဗုဒ္ဓ ဓမ္မ၏ အနှစ်သာရနှင့် ပတ်သက်သော အသိတရားတွေ မြင့်မားလာခဲ့ရာ ရပ်နားခြင်း မရှိသော အချိန်ကာလတို့သည်လည်း လူ့လောက၏ ဆင်းရဲတို့ကို မွေးထုတ်ပေးဖို့ရန် ဒုတိယ ကမ္ဘာစစ်ကြီးခေတ်သို့ ဆိုက်ရောက်ခဲ့ရသည်။

ထို့နောက် မျှားမကြာမီပင် ဒုတိယ ကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက်ပြန့်နှံ့လာခဲ့ရာ စစ်ဘလင်း ဖြစ်ခဲ့ရသော မြန်မာပြည်အဖို့မှာကား မသက်သာလှချေ။ သတ္တန္တရကပ်၊ ရောဂန္တရကပ်ဆိုက်၍ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရခြင်း၊ အိုးမဲ့ အိမ်မဲ့ ဖြစ်ရခြင်း၊ ဥစ္စာဓန ဆုံးရှုံးခဲ့ရခြင်း၊ ပြေးလွှား တိမ်းရှောင်ရခြင်း စသော ဆင်းရဲတို့ကို အလူးအလဲ ခံခဲ့ကြရ၏။ ထိုအခါမျိုး၌ ကပ်ကြီးသုံးပါးမှ လွတ်မြောက်ရလိုပါ၏ဟု ရှေးက တောင်းဆိုခဲ့ကြသော ဆုသည်လည်း သူတို့၏ဆင်းရဲမှ မကာကွယ်နိုင်ခဲ့ပါ။

## ဆင်းရဲလေလေ သံဝေရရ

ဆင်းရဲတွေ ပတ်လည်ဝိုင်းနေသော ထိုအခါတွင် တရားဓာတ်ခံရှိခဲ့သော လူဘန်းစား အမျိုးမျိုးတို့သည် ''ဆင်းရဲလေလေ သံဝေရရ'' ဆိုသည့်အတိုင်း တရားသံဝေဂစိတ်များ ထက်သန်လာပြီးလျှင် လူကိုသာ စစ်မီးလောင်လျှင် လောင်ပစေ၊ လူ့စိတ်ကိုကား ကမ္ဘာ့စစ်မီး မလောင်စေရ ဟူသော ရည် မှန်း ဦး တည် ချက် ဖြင့် စိတ်ဓာတ် ငြိမ်းချမ်းရေး တရားကို ထောက်လျက် ထောက်လှမ်းရှာဖွေခဲ့ကြသည်။ တွေ့ရဲ့လား၊ ရတ်တရက် မတွေ့ပါပေ။

စစ်မဖြစ်မီက သူတို့ကိုယ်တိုင် နာကြားခဲ့ရသော အဟောကောင်း အပြောကောင်း ဓမ္မကထိကတို့၏ လွမ်းခန်း ဆွေးခန်း ဝ တ္ထု ဇာတ် လမ်း တို့ သည် လည်း ပူလောင်နေသော သူတို့၏ စိတ်ကို ငြိမ်းအေးအောင် မတတ်နိုင်ခဲ့။ သို့သော် နောက်ဆုံး၌ ရှာဖွေတွေ့ရှိရသော တရားသည်ကား စိတ်ဓာတ် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုသော သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ပင် ဖြစ်ပါသည်။ ထိုအချိန်မှ အစပြု၍ စိတ်ဓာတ် ငြိမ်းချမ်းရေး၊ ဘဝခရီး ရပ်နားရေး ဖြစ်သော ဘာဝနာ တရားများလည်း ထွန်းကားလာခဲ့ပါသည်။

## အလုပ်ပေးတရား ခေတ်စားလာပုံ

ဤ ဆိုအပ်ခဲ့သည့်အတိုင်း အခြေအနေက တောင်းဆိုနေသော အချိန်မှာပင် ဘဝခရီး ရပ်နားရေးဖြစ်သော ဝိပဿနာရှုနည်း အလုပ်ပေး ကျမ်းစာတို့သည်လည်း

## ပဋိပတ္တိ စွယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

တမျိုးပြီး တမျိုး ထွက်ပေါ်လာကြသည်။ သို့သော် အမျိုးအစားပေါင်း မည်မျှ လောက်ပင် မြားမြောင်သည်ဖြစ်စေ တူရာတူရာ ပေါင်းစပ်လိုက်လျှင်-

(၁) အာနာပါန ' အခြေခံသော ဝိပဿနာရှုနည်း နှင့်

(၂) ဣရိယာပထ သမ္ပဇညပဗ္ဗ အခြေခံသော ဝိပဿနာရှုနည်း ၂-မျိုးပင် ဖြစ်၏။

မည်သည့် ဝိပဿနာရှုနည်း ကျမ်းစာကို ရှုသည်ဖြစ်စေ နေ့ချင်းပေါက် ရထားဖြင့် နိဗ္ဗာန်ပို့မည့် ရေးနည်း ရေးဟန်တို့သာ ဖြစ်၏။ အလုပ်ပေးတရား ရေးသားသော ဆရာတော်တို့၏ ရည်မှန်း ဦးတည်ချက်သည်ကား မြင့်မားပါပေစွ။ သို့ဖြစ်ပါက တဘဝတည်းနှင့် နိဗ္ဗာန်ရောက်သွားလျှင် မကောင်းဘူးလားဟု မေးစရာ ရှိသည်။ ကောင်းပါသည် ဟူ၍သာ ဖြေရပါမည်။ သို့သော် တရားအားထုတ်သူ လူတရာ ရှိလျှင် လူ ၇၀-လောက်က နေ့ချင်းပေါက် ရထားဖြင့် နိဗ္ဗာန်သို့ မလိုက်လိုကြ။ တရားအားထုတ်လျှင် သေသည်မှ နောက်၌ အပါယ်မကျဘူးဟူသော မူအရ တရား အားထုတ်သူတွေ ဖြစ်ကြပါသည်။

အမှန်မှာ မည်သည့် တရားရှင်သည်ပင် ဖြစ်စေ ဘဝခရီး ဆက်ရဦးမည်သာ ဖြစ်၏။ သို့ဖြစ်လျှင် ဘဝခရီးဆက် ကောင်းမွန်ရေးဖြစ်သော ဒါနနှင့် သီလတို့လည်း လိုအပ်ပါသည်။ စိတ်ဓာတ် ငြိမ်းချမ်းရေးဖြစ်သော သမထ ဘာဝနာများသည်လည်း အလားတူ လိုအပ်သည်သာတည်း။

## ပြတိုက်ထဲမှ အလှပြ ပစ္စည်းများလော့

မည်သို့ပင်ဖြစ်စေ၊ ဝိပဿနာ ဘာဝနာ တမျိုးတည်းကိုသာ ဦးစားပေး၍ ရေးသားထားသော ကျမ်းစာများက ကသိုဏ်းဆယ်ပါး စသော သမထ ကမ္မဋ္ဌာန်း များကို မဂ်ဖိုလ်နိဗ္ဗာန်ရရေးအတွက် ဖင့်နွဲ့လိမ့်မည် ဟူသော စိုးရိမ်မှုဖြင့် ချန်လှပ် ထားခဲ့ကြသောကြောင့် စိတ်ဓာတ် ငြိမ်းချမ်းရေးဖြစ်သော ယင်း သမထ ကမ္မဋ္ဌာန်း များသည်ကား ယခုအခါ၌ ပြတိုက်ထဲမှ လူမသုံးသော ရှေးဟောင်း ပစ္စည်းပမာ တိမ်မြှုပ်နေရရှာသည်။

ဗုဒ္ဓမြတ်စွာသည်ပင် နာနဇ္ဈာသယ ဝေနေယျတို့၏ စရိုက်အားလျော်စွာ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းဟု ၂-တန်ထား၍ ကမ္မဋ္ဌာန်း အမျိုးမျိုးတွေကို ခွဲခြမ်း စိတ်ဖြာ ဟောဖော်ပြတော်မူခဲ့ပါလျှင် ဗုဒ္ဓသာသနာတော် နေလို လလို ထွန်း လင်းခိုက် အခါ၌ကား ထို သမထကမ္မဋ္ဌာန်း အမျိုးမျိုးကို ကျင့်သုံး ပွားများနေသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်လည်း ရှိနေထိုက်သည်ဟု ဆိုချင်ပါ သည်။ အမှန်မှာ ထို သမထ ကမ္မဋ္ဌာန်းများကိုလည်း ဖော်ထုတ်ပေးရမည်သာတည်း။

## ပဋ္ဌာန်း ပစ္စယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

## ပဲခူးမြို့၊ ကြခတ်ဝိုင်း ပဓာနထေရ်
## အရှင်ဇောတိပါလ—ရေး

# ဘာဝနာရသ ဝိဘာဝနီနှင့် အမတ ရသ ဝိဘာဝနီ ခေါ်

# ၂-ကျမ်းတွဲ ပဋ္ဌာန်း စွယ်စုံကျမ်းကြီး

အထက် ခေါင်းစဉ်တပ်ရာပါ ၂-ကျမ်းတွဲ ပဋ္ဌာန်း စွယ်စုံကျမ်းကြီးသည် သာသနာတော်၌ ပဋ္ဌာန်းနယ ကျင့်နည်းမျိုးစုံကို အသီးသီး အခန်းဖွဲ့၍ ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီး နာယက ပဓာန ဖြစ်တော်မူသော (ဆရာတော် ဦးဇောတိပါလ)သည် ဗုဒ္ဓဓမ္မ၏ အနှစ်သာရများကို သာသနာ့ မြင်ကွင်း ထဲသို့ လိုအပ်သောအချိန်မှာ တင်သွင်း ဖော်ပြလိုက်သော အဖိုးတန် ကျမ်းကြီး ၂-ဆူ ဖြစ်ပေသည်။

ထိုကျမ်းကြီး ၂-ဆူ အနက် အမှတ်(၁) ဘာဝနာရသ ဝိဘာဝနီကျမ်းကြီးဖြင့် ပြတိုက်ထဲ၌ လူမသုံးသော ရှေးဟောင်းပစ္စည်းများကဲ့သို့ ဖြစ်နေသော သမထ ကမ္မဋ္ဌာန်းအမျိုးမျိုးကို လူသုံး ခေတ်ပစ္စည်းဖြစ်အောင် ဖန်တီးထားသည်ကို တွေ့ရပါ· သည်။ ထိုတွင်မက ရေးသား စီစဉ်ရာ၌လည်း အယုတ်ဆုံး ပြောရလျှင် ပထဝီ ကသိုဏ်းရှုနည်းကို ဖော်ပြရာ၌ ကသိုဏ်းဝန်း၏ အတိုင်းအတာ၊ ပမာဏ စသည် ကိုပါ မြေပုံဆွဲပြသည့်အလား အသေးစိတ်အားဖြင့် ရှင်းလင်းထားပါသည်။

အမှန်မှာ ဤ ဘာဝနာရသ ဝိဘာဝနီကျမ်းသည် ဘဝခရီးဆက် ကောင်း မွန်ရေးနှင့် စိတ်ထား ကြည်ငြိမ်ရေးအတွက် ရေးရသော ကျမ်းဖြစ်ရကား ဒါန ပြုပုံ ပြုနည်း၊ သီလ ဆောက်တည်ပုံ ဆောက်တည်နည်း စသည်တို့ကိုပါ အသေးစိတ် ဖော်ပြထားပါသည်။

## လမ်းတည်ပေးခြင်း

အချို့သူတို့က ဒါနပြုလျှင် သံသရာရှည်သည်၊ သီလကိုချည်း ဆောက်တည် နေလျှင်လည်း သံသရာရှည်သည်၊ သမထ ကမ္မဋ္ဌာန်းများကို ပွားများလျှင်လည်း ခရီး ဖင့်နွှဲသည်ဟု ပြောလေ့ ပြောထ ပြုကြ၏။ အမှန်မှာ ဒါန သီလ သမထတို့ ကြောင့် သံသရာရှည်သည် မဟုတ်ပါ။ ဒါနပြုသူ၊ သီလဆောက်တည်သူ၊ သမထ ပွားများသူတို့၏ ရည်မှန်း ဦးတည်ချက် လွဲမှားခြင်းကြောင့်သာ သံသရာရှည်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဒါနပြုသူ၊ သီလဆောက်တည်သူတို့၏ ရည်မှန်း ဦးတည်ချက် လွဲမှားသော အရာကို ဤ ဘာဝနာရသ ဝိဘာဝနီကျမ်းကြီးက တိမ်းစောင်းမသွား

စေရန် လမ်းတည့်ပေးသည်ကိုလည်း တွေ့ရသည်။ တမျိုး ပြောရလျှင် ယင်း ကျမ်းကြီးသည် ပဋ္ဌာနပတ္တိ သာသနာဝင် တလျှောက်၌ လစ်လပ်နေသော ဟာကွက်တခုကို ဖြည့်ပေးလိုက်ရာ ရောက်ပါသည်။

## အမှတ် (၂) အမတ ရသ ဝိဘာဝနီ

ယင်း အမတ ရသ ဝိဘာဝနီကျမ်းသည်ကား ဘဝခရီး ရပ်နားရေးအတွက် အများဆုံး အထောက်အကူပြုသော ကျမ်းကြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ ဘဝခရီး ရပ်နားရေးဖြစ်သော ဝိပဿနာနည်းပြ အချက်အလက်တို့ကို ဖော်ပြထားပါသည်။ မှန်၏။ ဘဝ ခရီးသည်တို့ အဖို့မှာ မည်မျှလောက်ပင် ဘဝခရီးဆက် ကောင်းမွန်နေစေကာမူ "လည်ပါများတဲ့ဘီး မစင်လူး" ဆိုသည့်အတိုင်း မိမိတို့၏ ဘဝခရီးဆက်က တမျှော်တခေါ်ကြီး ရှည်မျောသွားခဲ့ပါလျှင် အပါယ်လေးပါးမှလည်း လွတ်မြောက်နိုင်ရန် မလွယ်ကူလှပါ။ ထို့ကြောင့် သတ္တဝါတိုင်း အဖို့မှာ ဘဝခရီး ရပ်နားမှုသည်ကား အရေးအကြီးဆုံး လိုအပ်ချက် ဖြစ်ပါသည်။

သို့အတွက် ကျမ်းပြု ဆရာတော်က ဤအချက်များကိုလည်း အရေးတကြီး သတိပေးထားပါသည်။

## ၂-ကျမ်းလုံး၏ အနေအထား

(၁) ဘာဝနာ ရသ ဝိဘာဝနီနှင့် (၂) အမတ ရသ ဝိဘာဝနီ ၂-ကျမ်းတွဲ၏ အနေအထားကို ခြုံ၍ သုံးသပ်ရလျှင် ဟောပြောလိုသူတို့အတွက် ဟောနည်း ပြောနည်းကိုလည်း အပြည့်အဝ ပေးထားပါသည်။ ကျင့်ကြံလိုသူတို့အတွက်လည်း ကျင့်နည်း ကြံနည်းများကို အပြည့်အဝ ပေးထားပါသည်။ စာပေ ဗဟုသုတ သမားတို့ အတွက်လည်း မှတ်သား လေ့လာရန် ကျက်မှတ်ရန် ဆောင်ပုဒ် ကဗျာ အမျိုးမျိုး တို့ဖြင့် မွမ်းမံထားပါသည်။

ကျမ်းပြု ဆရာတော် အနေဖြင့်လည်း

(၁) ကြောင်ပန်းသြဝါဒ မိန့်ခွန်းတော် (တရားပေါင်းချုပ်)

(၂) ညောင်တုန်း ရွှေဟင်္သာတောရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ထေရုပ္ပတ္တိကထာ၊

(၃) အရညဝါသီ ရွှေကျင် နိကာယသမိုင်း၊

(၄) ပလ္လက်ာဒိ ကပ္ပိယာ ကပ္ပိယ ဝိနိစ္ဆယကျမ်း၊

(၅) မဟာဝဂ္ဂါဒိ ဂန္ထ သတ္တက ပါဠိပါရဂူကျမ်းကြီး နှင့်

(၆) သင်္ခေပ ဇုဒ္ဒဝင်၊

(၇) ပဲခူး ရာဇဝင်၊

## ပဋိပတ္တိ စွယ်စုံကျမ်းကြီး ၂-တွဲ ပေါ်ပေါက်လာပုံ

(ဂ) ပဲခူး မဟာစေတီတော်သမိုင်း စသည်တို့ကို ရေးသားပြုစုတော်မူခဲ့သည့်ပြင် စာသင်သား သံဃာတော် အပါး ၃၆၀-တို့ကို အုပ်ချုပ်၍ စာပေ ပို့ချပြီးလျှင် (ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ စေတီယင်္ဂဏ ဓမ္မာစရိယ၊ အစိုးရ ဓမ္မာစရိယ၊ ငယ်၊ လတ်၊ ကြီး)ဖော်ပြပါ စာအောင်ဂေဇက်အတိုင်း နှစ်စဉ် အလွန် များပြားစွာ မွေးထုတ်ခဲ့သောကြောင့် ကျမ်းပြု ဆရာတော်၏ ပရိယတ္တိ အရည်အသွေးကား ဘယ်နည်း ဘယ်ပုံ ဖြစ်သည်ဟု အထူး ဖော်ပြရန် မလိုတော့ပါ။ ပဋိပတ္တိ အရည်အသွေးအရ ပြောရလျှင်လည်း အလွန် မြင့်မား လေးနက်သည့် ဂမ္ဘီရနယဒွေသက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘုရားကြီး အသီးသီးတို့ထံ၌ နည်းယူလျက် အလုပ်နှင့် ဒေသနာ နှိုင်းညှိပြီး နှစ်ပေါင်းများစွာ ဟောကြား၍ ကိုယ်တိုင် ပွားများ အားထုတ်လာသော ယောဂါဝစရ ကမ္မဋ္ဌာနိက ဓုတင်္ဂဓရ ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

### လက်မလွှတ်တမ်း ဘာသ်ရှုကြကုန်လော

ဤကဲ့သို့ ပရိယတ္တိ ထိပ်ခေါင်တင်၊ ပဋိပတ္တိ ထိပ်ခေါင်တင်ဟု ထင်ရှား အများ သိနေသော ပဲခူးမြို့ ကြခတ်ဝိုင်း ပဓာနထေရ် (သာသနဓဇ သိရီပဝရနှင့် ဝိနယာဓိက ပရိယတ္တိ သိရီပဝရ ဓမ္မာစရိယ) အရှင်ဇောတိပါလ၏ ၂-ကျမ်းတွဲ ပဋိပတ္တိ စွယ်စုံ ကျမ်းကြီးကို ဘဝခရီးဆက် ကောင်းမွန်ရေး အလို့ငှာ လည်းကောင်း၊ ဘဝခရီး ရပ်နားရေး အလို့ငှာ လည်းကောင်း၊ ရဟန်း ရှင် လူ အားလုံးတို့ လက်မလွှတ်တမ်း ဘာသ်ရှု လေ့လာ ရှုမှတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

**ဆရာတော် အရှင်စန္ဒဇောတိ**

ဂန္ထကာရက၊ ဓမ္မာစရိယ
ကာဗျဝိဒူ
မလှိုင် သိရီသောမာရုံ မဟာထေရ်

၁၃၄၁-ခုနှစ်၊
တော်သလင်းလဆန်း (၅)ရက်၊
တနင်္ဂနွေနေ့။

## တရားထူးရလိုသူတိုင်း ဆန့်ကျင်ဘက် အလုံးစုံကို အထူး ရှောင်ရှားသင့်ကြောင်း

## အစားဝမှ တရားရသော

## ဒုဂ္ဂတဥပါသကာ သောတာပန် တည်ခန်း

## မှတ်သားဖွယ် အကျဉ်းချုပ်

❁

### ဘုရားထံပါး တရားနာရန် စိတ်အကြံ

ဤ ဒေသနာတော်ကို မြတ်စွာဘုရားသည် အာဠဝီပြည်၌ နေလျက် တယောက်သော ဥပါသကာကို အကြောင်းပြု၍ ဟောတော်မူ၏။

တခုသောနေ့၌ မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ ဂန္ဓကုဋီတိုက်၌နေလျက် မိုးသောက်သောအခါ၌ လူအပေါင်းကို ကြည့်သည်ရှိသော် အာဠဝီပြည်၌ တယောက်သော ဒုဂ္ဂတဥပါသကာကို မြင်၍ သူ၏ ဥပနိဿယသမ္ပတ္တိကို သိ၍ ရဟန်း ၅၀၀ ခြံရံလျက် အာဠဝီပြည်သို့ ကြွတော်မူ၏။ပြည်သူပြည်သားတို့သည် မြတ်စွာဘုရားကို ဖိတ်ကုန်၏။ထိုဒုဂ္ဂတဥပါသကာသည် ဘုရားရှင် ကြွလာမှန်း သိ၍ ဘုရားထံ၌ တရားနာအံ့ဟု နှလုံးသွင်း၏။

### သုံးဆယ်ယူဇနာ ရည်ကာကြွရ ဒုဂ္ဂတ

ထိုနေ့၌ ထိုဥပါသကာ၏ နွားတကောင်သည် ပြေး၏။ နွားရှာအံ့လော၊ တရားနာအံ့လောဟု ကြံ၍ နွားရှာပြီးနောက်မှ တရားနာအံ့ဟု စောစော အိမ်မှ ထွက်လေ၏။ အာဠဝီ ပြည်သူ ပြည်သားတို့သည် ဘုရားအမှူးရှိသော သံဃာတော် အပေါင်းကို နေရာပေး ဆွမ်းလုပ်ကျွေးပြီး အနုမောဒနာ အလို့ငှာ သပိတ်ကို ယူကုန်၏။

မြတ်စွာဘုရားသည် အကြင်သူကို အကြောင်းပြုလျက် ယူဇနာ ၃၀ တိုင်အောင် ကြွလာခဲ့ရ၏။ ထိုသူသည် နွားရှာရန် တောသို့သွား၏။ သူလာမှ

တရားဟောအံ့ဟု ဆိတ်ဆိတ်နေ၏။ ထို ဒုဂ္ဂတဥပါသကာသည် နေဝင်အခါမှ နွားကိုမြင်၍ နွားအပေါင်း၌ ထည့်၍ အကယ်၍ တပါးသူ မရှိအံ့၊ ဘုရားရှင်အား ရှိခိုးရုံမျှ ပြုအံ့ဟု ဤသို့ ဆာလောင်ခြင်း နှိပ်စက်သော်လည်း အိမ်သို့ သွားအံ့သောငှာ စိတ်ကို ဆုံးမ၍ လျင်စွာ ဘုရားထံလာပြီး ရှိခိုးလျက် တနေရာ၌ နေ၏။ မြတ်စွာဘုရားသည် ဒုဂ္ဂတဥပါသကာ၏ ထိုင်သော အခါ၌ ဝေယျာဝစ္စပုဂ္ဂိုလ်ကို မိန့်ကြား၏။

## ကြောင့်ကြခပ်သိမ်း ကုန်ငြိမ်းစေမှု ဦးစွာပြု

ဘုရားရှင်သည် မေးတော်မူ၏။ "ရဟန်း သံဃာ၏ အကြွင်းအကျန် ဘာမျှား ရှိသေးသလဲ"။ "အရှင်ဘုရား၊အလုံးစုံ ရှိပါ၏"။ "ဤလူကို ကျွေးလိုက်ပါ"ဟု ဆို၏။ ထို ဝေယျာဝစ္စ ဥပါသကာသည် ဘုရားရှင် မိန့်ကြားသော နေရာ၌ပင်လျှင် ထိုဒုဂ္ဂတဥပါသကာကို ထိုင်စေ၍ ခဲဘွယ် ဘောဇဉ်တို့ဖြင့် ရိုသေစွာ လုပ်ကျွေး၏။ ထို ဒုဂ္ဂတဥပါသကာသည် ခဲဘွယ် ဘောဇဉ်တို့ကို စားပြီးနောက် မျက်နှာကို သန့်စင်အောင် ပြု၏။ ခံတွင်းကို ဆေးကြော၏။ အစားမဝ တရားမရ ဖြစ်တတ်၏။ ဝလင်စွာ စားပြီးသည်ဖြစ်၍ ဟိုဟို ဒီဒီ သွားရန် လာရန် မရှိတော့ပြီ။

ဇိဃစ္ဆာပရမာ ရောဂါ။

ရောဂါ၊ ရောဂါ ဝေဒနာတို့သည်။ ဇိဃစ္ဆာပရမာ၊ ဆာလောင်မွတ်သိပ်ခြင်းလျှင် အလွန် အကဲ ရှိကုန်၏။ (ရောဂါ ဝေဒနာတို့တွင် ဆာလောင်မွတ်သိပ်သော ရောဂါ ဝေဒနာသည် အလွန်ဆုံး၊ အကဲဆုံး၊ အကြီးမားဆုံး ဟူလို။)

စားသောက်ပြီးသည်ဖြစ်၍ ပူပန်စရာ၊ တောင့်တစရာ၊ ကြောင့်ကြစရာ မရှိ။ ထို့ကြောင့် ယောဂီတိုင်း ရှေးဦးစွာ ပူပန်ခြင်း စသည် ငြိမ်းအောင် လုပ်ရသည်။

တဿ ပဿဒ္ဓဒရထဿ စိတ္တံ ဧကဂ္ဂံ ဟောတိ။

ပဿဒ္ဓဒရထဿ၊ ပူပန်စရာ တောင့်တစရာ ကြောင့်ကြစရာ ငြိမ်းပြီးသော။ တဿ၊ ထိုယောဂီ၏။ စိတ္တံ၊ မှတ်ရ ရှုရ အလုပ်လုပ်ရမည့်စိတ်သည်။ ဧကဂ္ဂံ၊ တည်ငြိမ်သွားသည်။ ဟောတိ၊ ဖြစ်၏။

## ဆာလောင်မှုမှာ ကြီးစွာဒုက္ခ မက်မရ

ထို့နောင်မှ မြတ်စွာဘုရားသည် ဟောနေကျ တရားများကို ဟော၍ လေးပါးသော သစ္စာတို့ကို ပြတော်မူ၏။ ထို (ဒုဂ္ဂတဥပါသကာ)သည် ဒေသနာ အဆုံး၌ သောတာပန်တည်၏။ မြတ်စွာဘုရားသည် အနုမောဒနာပြုကာ ပြန်ကြွ၏။ လိုက်ပို့သော လူများအပေါင်းသည်လည်း ပြန်ကြပြီ· မြတ်စွာဘုရားနှင့် ပါလာကြကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအား ကဲ့ရဲ့ကြကုန်၏။ ကဲ့ရဲ့ပုံမှာ "ငါ့ရှင်တို့၊ ကြည့်ကြကုန်လော့။ မြတ်စွာဘုရား၏ လုပ်ပုံမှာ အရင်ဒီလိုမဟုတ်၊ ယခုမူ ဆင်းရဲသူ လူတယောက်ကို မြင်လျှင် မြင်ချင်း ယာဂုစသည် တောင်းကျွေး၏"တဲ့။ မြတ်စွာဘုရားသည် သိတော်မူ၍ နောက်လှည့် မတ်တတ်ရပ်လျက်ပင် မေးလေ၏၊ မေးပုံမှာ "ရဟန်းတော်များ အို-ချစ်သားတို့၊ ဘာပြောကြသနည်း" အကျိုးအကြောင်း ပြန်လျှောက်ကြ၏။ "ရဟန်းတော်များ အို-ချစ်သားတို့၊ ယနေ့ ငါသည် ယူဇနာ ၃၀ ရှိသော ခရီးကို ကုန်းကြောင်း လာခဲ့ရ၏။ အကြောင်းမှာ-

(က) တဿ ဥပါသကဿူပနိဿယံ ဒိသွာ အာဂတော၊ သော အတိဝိယ ဇိဃစ္ဆိတော၊ ပါတောဝ ပဋ္ဌာယ ဂေါဏံ ပရိယေသန္တော အရညေ ဝိစရိ။

တဿ ဥပါသကဿ၊ ထိုသူဆင်းရဲ ဥပါသကာ၏။ ဥပနိဿယံ၊ ကြီးစွာသော (ဝါ) ရလတ္တံ့သော မဂ်ဖိုလ်ဟူသော အကြောင်းကို။ ဒိသွာ၊ မြင်တော်မူ၍။ အာဂတော၊ ငါဘုရား ကြွလာခဲ့၏၊ သော၊ ထိုလူဆင်းရဲ ဥပါသကာသည်။ အတိဝိယ၊ အလွန်သာလျှင်။ ဇိဃစ္ဆိတော၊ ဆာလောင် နေ၏။ ပါတောဝ၊ နံနက်စောစောကပင်လျှင်။ ပဋ္ဌာယ၊ စ၍။ ဂေါဏံ၊ နွားကို။ ပရိယေသန္တော၊ ရှာမှီးလျက်။ အရညေ၊ တော၌။ ဝိစရတိ၊ လှည့်လည်၏။

(ခ) ဇိဃစ္ဆာဒုက္ခေန ဓမ္မေ ဒေသိယမာနေပိ ပဋိဝိဇ္ဈိတုံ န သက္ကုဏေယျာတိ စိန္တေတွာ ဧဝံ အကာသိ၊ ဇိဃစ္ဆာ ရောဂသဒိသော ရောဂေါ နာမ နတ္ထိတိ။

ဇိဃစ္ဆာဒုက္ခေန၊ ဆာလောင်သော ဆင်းရဲကြောင့်။ ဓမ္မေ၊ တရားကို။ ဒေသိယမာနေပိ၊ ဟောကြားပါသော်လည်း။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍သိခြင်းငှာ။

န သက္ကုဏတိ၊ မစွမ်းနိုင်လတ္တံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ ဧဝံ၊ ဤသို့ ယာဂု စသည် တောင်းကျွေးခြင်းကို။ အကာသိ၊ ပြုခဲ့ပြီ။ ဇိဃစ္ဆာ ရောဂသဒိသော၊ ဆာလောင်ခြင်းရောဂါနှင့်တူသော။ ရောဂေါနာမ၊ အနာ ရောဂါမည်သည်။ လောကေ၊ လောက၌၊ နတ္ထိ၊ မရှိတော့ပြီ။

ဤသို့ ဆို၍ အောက်ပါ ဂါထာကို ဆက်ဟော၏။

ဇိဃစ္ဆာပရမာ ရောဂါ၊ သင်္ခါရပရမာ ဒုခါ။
ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။ ။

ဤတရားဒေသနာ အဆုံး၌ များစွာသော ရဟန်းတို့ အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာ ဖြစ်သွားကြကုန်၏။

၁၃၃၆-ခုနှစ်၊ ဒုတိယ ဝါဆို လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### တုသိတာသွား နတ်ရထား တရားတော်

ဓမ္မိက ဥပါသကာ ဝတ္ထု၊

သာဝတ္ထိသည်၊ မြို့နာမည်၊ ကျောင်းသည် ဇေတဝန်သာ၊
ဓမ္မိကတွက်၊ ကြောင်းပြုလျက်၊ ဟောမြွက် များသတ္တာ။
ထိုဤဘဝ၊ စုံသုခ၊ မုချ ဝမ်းမြောက်ရာ။
ဒါန သီလ၊ အာဒိစ၊ ပြုကြ သာသနာ။
ထိုတွင်သက်ဆင်း၊ ရောဂါညှဉ်း၊ ထန်ပြင်း ဝေဒနာ။
ကျောင်းတော်လျှောက်ထား၊ ရဟန်းများ၊ ထင်ရှား ကြွ၍လာ။
ခုတင်အနား၊ ဝိုင်းကာထား၊ ဟောကြား ပရိတ်မေတ္တာ။
နတ်မြင်းသိန္ဓဝ၊ တထောင် က၊ ကြီးထ လှပစွာ။
ခြောက်စီးထင်ရှား၊ နတ်ရထား၊ ဆိုက်ပြား ခြောက်နတ်ရွာ၊
မိမိနေရာ၊ နတ်တို့ရွာ၊ ကြွပါ ခုမြန်စွာ။
ကြိမ်ကြိမ်ခေါက်ခေါက်၊ အိမ်ရာရောက်၊ ပင့်လျှောက် မနေသာ။
ဓမ္မအန္တရာယ်၊ ငြိမတွယ်၊ စွန့်ပယ် တားမြစ်ရှာ။
ရဟန်းများက၊ ထင်လွဲကြ၊ ပြန်ကြွ ကျောင်းသို့သာ
တားမြစ်ခဲ့ရ၊ မှန်မုချ၊ ရှင်းပြ ဥပါသကာ။
လောင်းမြတ်မယ်တော်၊ ခမည်းတော်၊ ရွှင်ပျော် တုသိတာ။
ကောင်းမှုခုရုံး၊ မိဋ္ဌာန်သုံး ပန်းကုံး ချိပ်လျက်ဆာ။

စုတိအနေ၊ ခန္ဓာကြွေ၊ ထွေထွေ ဝမ်းမြောက်စရာ။
ယူဇနာနှစ်ဒေါ်း၊ ဝင်းထိန်ကြွား၊ ရွှေသား ဗိမာန်မှာ။
သုံးဂါဝုတ်မျှ၊ ကိုယ်ကာယ၊ လှပ တင့်တယ်စွာ။
လှည်းခြောက်စီးမျှ၊ တန်ဆာလှ၊ ဆင်သ ဝေဝေဖြာ။
တထောင် နတ်သမီး၊ ရှုမငြီး၊ အနီး ခြံရံကာ။
တုသိတာနန်း၊ ဘုံကြငှန်း၊ စံမြန်း ပြည့်စုံစွာ။

(ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ အဋ္ဌကထာ။ ပ၊ ၅၁-၇၃)

ပရိက္ခရာကုန်သည် အမိ ဒေါ်အုန်းမြနှင့် ဦးကျော်လှိုင်-ဒေါ်ခင်နု
မိသားစု ကောင်းမှု။ မင်းညှမ်း၊ ပဲခူးမြို့။

## တုသိတာ့သွား နတ်ရထား တရားတော်

## ဓမ္မိက ဥပါသကာ ဝတ္ထု

### မှတ်သားဘွယ် အကျဉ်းချုပ်

## မိသားစုဆယ့်ခြောက် စိတ်ရောက်ဒါန မွေ့လျော်ကြ

ဤ တရား ဒေသနာ တော် ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌နေစဉ် ဓမ္မိကဥပါသကာကို အကြောင်းပြု၍ ဟော တော်မူ၏။

သာဝတ္ထိပြည်၌ ဓမ္မိက (တရားစောင့်သူ) ဥပါသကာ ၅၀၀ ရှိကုန်၏။ တယောက်တယောက်မှာ ၅၀၀၊ ၅၀၀ စီ ခြံရံကြလေကုန်၏။ယင်း ဥပါသကာ အားလုံးတို့ကို အုပ်ချုပ်သော ခေါင်းဆောင် ဥပါသကာကြီးမှာ သား ၇ ယောက်၊ သမီး ၇ ယောက် ရှိကုန်၏။ တယောက်တယောက်မှာ တခု တခု သော-

(၁) သလာကယာဂု၊ (၂) သလာကဘတ္တ၊
(၃) ပက္ခိကဘတ္တ၊ (၄) နိမန္တနဘတ္တ၊
(၅) ဥပေါသထိကဘတ္တ၊ (၆) အာဂန္တုကဘတ္တ၊
(၇) သံဃဘတ္တ၊ (၈) ပဿာဝါသိက၊

ဝတ်များ ရှိကြ၏။ အားလုံး အနုဇာတ သားသမီးတို့သာတည်း။ မိဘ နှစ်ပါး အပါ ၁၆-ယောက် ဖြစ်ကုန်၏။ အားလုံး သား မယားနှင့်တကွ သီလရှိ၏။ ကောင်းသောသဘောရှိ၏။ ဒါနတရား သံဝိဘာဂတရားတို့၌ မွေ့လျော်၏။

## တရားနာယင်း အတင်းမသေ့ ဖယ်ခိုင်းနေ

ယင်း ဥပါသကာကြီးအား နောင် ရောဂါဖြစ်၏။ အာယုသင်္ခါရများလည်း ဆုတ်ယုတ်၏။ တရားနာလို၍ ၈-ပါး၊ ၁၆-ပါးသော ရဟန်းများ လွှတ်ပေးဘို့ ဘုရားရှင်ထံ လျှောက်၏။ ဘုရားရှင် လွှတ်ပေး၏။ ထိုရဟန်းတို့သည် ညောင်စောင်းကို ဝိုင်း၍ ခင်းထားသော နေရာတို့၌ နေကုန်၏။ "တပည့်တော်မှာ ဖူးရခဲပါသည်၊ အားလည်း အလွန်နည်းလာပြီ။ သုတ္တန်တခု ရွတ်ပါ" လျှောက်၏။ "အဘယ်သုတ်နည်း"ဟု မေးသော် "ခပ်သိမ်းသော ဘုရားများ မစွန့်လွှတ်သော သတိပဋ္ဌာန သုတ်တည်း"ဟု လျှောက်သော်-

"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ"စသော သုတ္တန်ကို ရွတ်ကုန်၏။ ထိုအခါ နတ်ပြည် ခြောက်ထပ်တို့မှ ခပ်သိမ်းသော တန်ဆာဆင်အပ်သော သိန္ဓောမြင်းတထောင် ကသော ယူဇနာ ၁၅၀ ရှိသော နတ်ရထားကြီး ခြောက်စီး လာကုန်၏။ နတ်သား နတ်သမီးများက သူ့ရထား စီးပါ၊ ငါ့ရထား စီးပါဟု အတင်း ဝိုင်းခေါ်နေကြ၏။ "ဥပါသကာကြီး၊ မြေအိုးကိုခွဲ၍ ရွှေအိုးကို ယူလိုက်ဘိသကဲ့သို့ ငါတို့၏ နတ်ပြည်သို့ လိုက်ခဲ့ပါလော့"ဟု ဆိုကြကုန်၏။ ဥပါသကာကြီးသည် တရားနာမှု၏ အန္တရာယ် ဖြစ်နေ၍ "ဖယ်ကြ၊ ဖယ်ကြ"ဟု ဆို၏။ ရဟန်းတို့သည် သူတို့ကို ဖယ်ခိုင်းသည် မှတ်၍ ရပ်နေကြကုန်၏။

## တုသိတာဘုံ ခိုလှုံပါသွား နတ်ရထား

ထိုအခါ သားသမီးများက ငါတို့ဘခင်သည် ရှေးအခါ တရားနာလို့ ဘယ်အခါမှ မရောင့်ရဲ၊ ယခုမူ ဘာ့ကြောင့် တားမြစ်ပါသနည်း။ အော် မကြောက်သောသတ္တဝါ မရှိဘဲကိုး။ သေဘေးမှ ကြောက်ရှာ၏ဟု ထင်ကြ၏။ သံဃာတော်များ ထပြန်ကြကုန်၏။ အတန်ငယ်ကြာ သတိရ၊ ငိုနေကြတာ တွေ့၍ မေး၊ ပြောပြကြ၊ "ငါ သံဃာတော်များနှင့် စကားမပြောလိုက်ရ"ဟု ဆို၏၊ "ဒါဖြင့် ဘယ်သူနှင့် စကားပြောနေတာလဲ"ဟု မေးသော် "နတ်ပြည် ခြောက်ထပ်မှ နတ်ရထားခြောက်စီး ကောင်းကင်မှရပ်၍ သူ့ရထား စီးပါ၊ သူ့နတ်ပြည် လိုက်ပါ စသည် အတင်း ဝိုင်းခေါ်နေကြ၊ သူတို့နှင့် စကားပြော နေရ၏။ ငါ့အား ပန်းကုံးပေးပါဟု တောင်း၍ ဘုရားလောင်းများ၊ ဘုရားမယ်တော်၊ ဘတော်များ နေထိုင်ရာ တုသိတာနတ်ပြည် အကောင်းဆုံးဖြစ်၏ဟု

သားသမီးများ ဖြေဆို ပြောပြချက်အရ "တုသိတာဘုံမှ လာသော ရထားသည် ငြိနေပါစေသတည်း"ဟု အဓိဋ္ဌာန်ပြု ပစ်လိုက်လျှင် ယင်း ပန်းကုံး စွပ်လျက် ဖြစ်ပါ၏။ ရထားဦး၌ စွပ်လျက်ဖြစ်ပြီး ကောင်းကင်၌ တွဲလဲ ဖြစ်နေ၏။ အားလုံး တွေ့ကြ၏။ ရထားကိုတော့ မတွေ့ကြရ။ သူသာ မြင်၏။ ငါလို ရောက်ချင်ကြလျှင် ငါလို ကောင်းမှုများ ပြုကြ"ဟု ဆိုပြီး ကွယ်လွန်၍ တုသိတာဘုံမှ ရထား၌ တည်ပြီ။

## ကုသိုလ်ရှိက စိတ်ချအမှန် တုသိတာ

ထို ဓမ္မိကဥပါသကာမှ ဖြစ်လာသော ဓမ္မိကနတ်သားသည် ခန္ဓာကိုယ် သုံးဂါဝုတ်ရှိ၏။ လှည်းအစီး ခြောက်ဆယ်တို့ဖြင့် တင်အပ် တိုက်အပ်သော တန်ဆာ တို့ဖြင့် တန်ဆာဆင်အပ်၏။ နတ်သမီးတထောင် အခြံအရံရှိ၏။ ရရှိသော ရွှေဗိမာန်ကြီးသည် ၂၅-ယူဇနာ ရှိ၏။ ပရိတ်ရွတ် ရဟန်းများ ပြန်လျှောက်။ မြတ်စွာဘုရားက "ချစ်သားတို့၊ ထိုဥပါသကာ ဓမ္မိကသည် သင်တို့နှင့်တကွ **စကားမပြော**။ နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စီး တန်ဆာဆင်၍ ထို ဥပါသကာကို လာခေါ်ကြကုန်၏။ ဓမ္မိက ဥပါသကာသည် ဓမ္မဒေသနာ၏ အန္တရာယ်ကို အလိုမရှိသောကြောင့် ထိုနတ်သား၊ နတ်သမီးတို့နှင့် စကား ပြော၏၊ ဖယ်ခိုင်း၏၊ တားမြစ်၏။ ယခု တုသိတာနတ်ပြည်၌ ဖြစ်နေပြီ"ဟု အမိန့်ရှိ၏။ ထို့နောက် အောက်ပါ ဂါထာကို ဟောကြားလေ၏။

ဣဓ မောဒတိ ပေစ္စ မောဒတိ၊ ကတပုညော ဥဘယတ္ထ မောဒတိ
သော မောဒတိ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။ ။

ကတပုညော၊ ပြုအပ်ပြီးသော ကောင်းမှုရှိသောသူသည်။ ဣဓ၊ ဤဘဝ၌။ မောဒတိ၊ မွေ့လျော်ရ၏။ ပေစ္စ၊ တမလွန်ဘဝ၌။ မောဒတိ၊ မွေ့လျော်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌။ မောဒတိ၊ မွေ့လျော်၏။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ ကံ၏ စင်ကြယ်ခြင်းကို၊ ဒိသွာ၊ မြင်၍။ သော၊ ထိုသူသည်။ မောဒတိ၊ မွေ့လျော်ရ၏။ သော၊ ထိုသူသည်။ ပမောဒတိ၊ အဖန်ဖန် မွေ့လျော်ရ၏။

ဤဒေသနာအဆုံး၌ များစွာသော လူတို့သည် အချို့ သောတာပန်၊ အချို့ သကဒါဂါမ် စသည် တည်ကုန်၏။ များစွာသော လူတို့သည် ကုသိုလ် တွေ များစွာ ဖြစ်ကြကုန်၏။

၁၃၁၆-ခုနှစ်၊ ဒုတိယ ဝါဆိုလဆုတ် (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်စသော

**နန္ဒမူလိုဏ်ဝမှ ပစ္စေကဗုဒ္ဓါ ရဟန္တာကြီးများ ကောင်းကင်ယံဖြင့် အထူးကြွလာ ချီးမြှင့်သော အလောင်းတော် ရောရုဝမင်းကြီး နှင့် သမုဒ္ဒဝိဇယာမိဖုရားကြီး ဝတ္ထု**

သိဝိတိုင်းမှ၊ ရောရုဝ၊ မင်းက ထို့တူစွာ။
ပညာဉာဏ်ကြီး၊ သဒ္ဓါကြီး၊ ဇနီး သမုဒ္ဒဝိဇယာ။
နေ့စဉ်ဒါန၊ ပြုခဲ့ကြ၊ နောက်မှ ကြံပေါ်လာ။
ပုညခေတ္တာ၊ နူတ္တရာ၊ ရွေးရန် မဟာဒါနာ။
အဂ္ဂဒက္ခိဏေယျ၊ ပစ္စေက၊ ဗုဒ္ဓ လှူလိုပါ။
ပင့်ဆောင်ဘို့မေး၊ ထိုဉာဏ်တွေး၊ ကြံရေး မလွယ်ပါ။
ထို့နောက်ထင်ရှား၊ အကြံများ၊ ပေါ်ပြား သမုဒ္ဒဝိဇယာ။
သီလဆောက်တည်၊ လှည့်လည်စည်၊ စောင့်ပြီ ဥပုသ်သာ။
မဟာဒါန၊ ပြုလိုကြ၊ ဆင်းထ ပြာသာဒ်မှာ။
ရှေ့နောက်တောင်မြောက်၊ လက်စုံမြှောက်၊ ထိုးလျှောက် မိဋ္ဌာန်လာ။
ပန်းခုနစ်ဆုပ်၊ ရည်ရွယ်လုပ်၊ လက်အုပ် ချီပစ်ရာ။
လေးရက်ပြည့်မှ၊ မြောက်ဟိမ၊ ရောက်ထ နန္ဒမူမှာ။
လိုဏ်ဝတွင်နေ၊ ငါးရာထေရ်၊ ကျလေ ထက်တွင်မှာ။

ခုနစ်ပွင့်က၊ ပွင့်ခွန်မျှ၊ ပြောထံ ဥပမာ။
ကောင်းကင်ခရီးမှ၊ ကြွလာကြ၊ ဆင်းထ မင်းအိမ်မှာ။
ခုနစ်ရက်မျှ၊ လှူဒါန၊ နောက်မှ ဒေသနာ။
ကောင်းကင်ယံမှ၊ တက်ပြန်ကြွ၊ ဆင်းထ နန္ဒမူမှာ။
မင်းမိဖုရား၊ ရှင်နှစ်ပါး၊ ထင်ရှား ပီတိဖြာ။
စေတနာမျှ၊ သဒ္ဓါကြွ၊ လှိုင်းထ ဥပမာ။
စေတနာတူ၊ သဒ္ဓါတူ၊ ဖြစ်မူ ကွေမကွာ။
သမုဒ္ဒဝိဇယာ၊ ဒေဝီမှာ၊ မာတာ ရာဟုလာ။
ယသော်ဓရာဟူ၊ ကောင်းချီးပြု၊ သွန်းထု လွန်ထင်စွာ။
ရောရုဝကား၊ ငါဘုရား၊ ထင်ရှား ဖြစ်၍လာ။

(ဇာတက အဋ္ဌကထာ၊ တတိယအုပ်။ နှာ-၄၄၆)

ဗသ ပုံနှိပ်တိုက် မိသားစု ကောင်းမှု၊ ပန်းလှိုင် (၂၁)လမ်း၊ ပဲခူးမြို့

## နန္ဒမူလိုဏ်ဝမှ ပစ္စေကဗုဒ္ဓါ ရဟန္တာကြီးများ ကောင်းကင်ယံဖြင့် အထူးကြွလာ ချီးမြှင့်သော အလောင်းတော် ရောရုဝမင်းကြီးနှင့် သမုဒ္ဒဝိဇယာ မိဖုရားကြီးဝတ္ထု

### မှတ်သားဘွယ် အကျဉ်းချုပ်

### ပစ္စေကဗုဒ္ဓါ ပင့်လာရရေး လိုက်လံမေး

ရှေးအခါ သိဝိတိုင်း ရောရုဝမြို့၌ ရောရုဝမင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ သင်္ဂဟဝတ္ထု လေးပါးတို့ဖြင့် လူအပေါင်းကို ချီးမြှင့်လျက် လူများအပေါင်း၏ မိဘအရာ၌တည်၍ ခေါင်းပါးသူ၊ ခရီးသွားသူ စသည်တို့အား အလှူကြီးကို ဖြစ်စေ၏။ မိဖုရားကား သမုဒ္ဒဝိဇယာ မည်၏။ ပညာရှိ၏။ ဉာဏ်နှင့် ပြည့်စုံ၏။ မင်းကြီးသည် တနေ့သောအခါ မိမိအလှူကို ကြည့်၍ "ငါ၏ အလှူဝတ်ကို သီလမဲ့သူ၊ လျှပ်ပေါ်သူတို့ သုံးဆောင်ကုန်၏။ ထိုအလှူသည် ငါ့ကို ရွှင်ပျစေမှု မပြုနိုင်။ ငါသည် စင်စစ် သီလဝန္တ အဂ္ဂဒက္ခိဏေယျ ပစ္စေကဗုဒ္ဓါတို့အား လှူလို၏။ ထိုပစ္စေကဗုဒ္ဓါတို့သည် ဟိမဝန္တာ အရပ်၌ နေကြကုန်၏။ အဘယ်သူ သွားရောက် ပင့်နိုင်သနည်း။ ဘယ်သူ့ကို စေလွှတ်ရပါအံ့နည်း"ဟု စိတ်ကူးပြီး မိဖုရားကြီးကို ပြောပြလေ၏။

### မင်းကြီးစကား ထင်ရှားမျက်မှောက် မိဖုရားလျှောက်

ထိုအခါ မင်းကြီးကို မိဖုရားကြီးက အောက်ပါအတိုင်း ပြောလေ၏။

မဟာရာဇ မာ စိန္တယိတ္ထ၊ အမှာကံ ဒါနဗ္ဗဒါနဗလေန သီလဗလေန သစ္စဗလေန ပုပ္ဖါနိ ပေသေတွာ ပစ္စေကဗုဒ္ဓေ နိမန္တေတွာ တေသံ အာဂတကာလေ သဗ္ဗပရိက္ခာရသမ္ပန္နဒါနံ ဒဿာမ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မာ စိန္တယိတ္ထ၊ ဘာကိုမျှ မကြံစည် မစိုးရိမ်ကြကုန်လင့်။ အမှာကံ၊ ငါတို့၏။ ဒါတဗ္ဗဒါနဗလေန၊ ပေးလှူအပ်သော ဒါန၏အစွမ်းဖြင့်။ သီလဗလေန၊ ဆောက်တည်အပ်သော သီလ၏ အစွမ်းဖြင့်။ သစ္စဗလေန၊ ဆိုအပ်သော သစ္စာစကား၏ အစွမ်းဖြင့်။ ပုပ္ဖါနိ၊ ပန်းတို့ကို၊ ပေသေတွာ၊ ပို့လွှတ်၍။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ နိမန္တေတွာ၊ ပင့်ဖိတ်၍။ တေသံ၊ ထိုပစ္စေကဗုဒ္ဓါတို့၏။ အာဂတကာလေ၊ ကြွလာတော်မူသော အခါ၌။ သဗ္ဗပရိက္ခာရသမ္ပန္နဒါနံ၊ အလုံးစုံသော ပရိက္ခရာတို့နှင့် ပြည့်စုံသော ဒါနကို။ ဒဿာမ၊ ပေးလှူကုန်အံ့။

## မြောက်အရပ်ဝယ် ရည်ရွယ်ပစ်သမျှ ပန်းများကျ

မင်းကြီးသည် ကောင်း၏ဟု ဝန်ခံ၍ "တမြို့လုံး သီလဆောက်တည်ကြကုန်လော" ဟု စည်တီး ကြွေးကြော်စေလျက် ကိုယ်ဘိုင် ပရိသတ်နှင့်တကွ ဥပုသ်စောင့်လျက် အလှူကြီးပေးပြီး မြတ်လေးပန်းခြင်းကိုယူ၍ ပြာသာဒ်မှ ဆင်း၍ အရှေ့အရပ်၌ ရဟန္တာတို့ကို ရှိခိုး၏။ "အကျွန်ုပ်တို့အား အကယ်၍ တစုံတခု ကျေးဇူးရှိအံ့၊ အကျွန်ုပ်တို့အား ချီးမြှင့်သောအားဖြင့် ဆွမ်းအလှူခံ ကြွကြပါကုန်" ဟု လျှောက်၍ ပန်းခုနစ်ဆုပ်တို့ကို ပစ်၏။ အရှေ့အရပ်၌ ပစ္စေကဗုဒ္ဓါမရှိ၍ နောက်တနေ့ မကြွ၊ ဒုတိယနေ့ တောင်အရပ်မှ ပင့်၏၊ မကြွ။ တတိယနေ့ အနောက်အရပ်မှ ပင့်၏၊ မကြွ၊ စတုတ္ထနေ့ မြောက်အရပ်မှ ပင့်၏၊ ပန်းတို့သည် သွား၍ နန္ဒမူလကလိုဏ်အတွင်း ပစ္စေကဗုဒ္ဓါငါးရာတို့၏ အထက်၌ ပန်းချား ကျကုန်၏။

## မင်း မိဖုရား နှစ်ပါးကြည်ဖြူ ပေးအလှူ

ထို ပစ္စေကဗုဒ္ဓါတို့သည် ဆင်ခြင်ကြကုန်သည် ရှိသော် မင်းကြီးသည် မိမိအား ဖိတ်မန်သည်၏အဖြစ်ကို သိ၍ နောက်တနေ့ ပစ္စေကဗုဒ္ဓါ ခုနစ်ပါးတို့ကို ပင့်၍ "အရှင်တို့၊ မင်းကြီးသည် သင်တို့အား ပင့်၏။ မင်းကြီးအား ချီးမြှင့်ကုန်အံ့" ဟု မိန့်လေ၏။ ခုနစ်ဆူသော ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင် ခရီ ဖြင့် ကြွလာ၍ မင်းအိမ်တံခါး၌ သက်ကုန်၏။ ထိုပစ္စေကဗုဒ္ဓါတို့ကို ဖူးရ၍ မင်းကြီးသည် အလွန် သောမနဿဖြစ်လျက် ရှိခိုးပြီး ပြာသာဒ်ထက်သို့ တက်၍ များစွာပူဇော်မှုကိုပြုပြီး အလှူကို လှူပြီး ဆွမ်းကိစ္စ အဆုံး၌ နောက်တနေ့ ထပ်ခါထပ်ခါ ပင့်နေ၍ ခြောက်ရက်ဖြစ်သွားပြီး ခုနစ်ရက်မြောက်နေ့၌ (သဗ္ဗ

ပရိက္ခာရဒါန)ကို စီစဉ်၍ ရတနာခုနစ်ပါးဖြင့်စီသော ညောင်စောင်းအင်းပျဉ် တို့ကို ခင်းစေ၍ တိပိဋကရိက် စသော အလုံးစုံသော သမဏ ပရိဘောဂတို့ကို ပစ္စေကဗုဒ္ဓါ ခုနစ်ပါးတို့၏ အထံ၌ ထား၍ "မယံ ဣမေ ပရိက္ခာရေ တုမှာကံ ဒေမ" ဟု ဆို၍ ထိုပစ္စေကဗုဒ္ဓါတို့၏ ဆွမ်းကိစ္စ ပြီးဆုံးသည်ရှိသော် ရောရုဝ မင်းကြီးသည် လည်းကောင်း၊ သမုဒ္ဒဝိဇယာ မိဖုရားကြီးသည် လည်းကောင်း နှစ်ယောက်လုံး ရှိခိုး ထိုင်နေကြကုန်၏။ သံဃထေရ်သည် အနုမောဒနာတရား နှစ်ဂါထာတို့ဖြင့် ဟောလေ၏။

## အိုနာသေမှု မီးဟုမှတ်ယူ မျှားမျှားလှူ

ယင်း နှစ်ဂါထာတို့ကား–

(၁) အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။
တံ တဿ ဟောတိ အတ္ထာယ၊ နော စ ယံ တတ္ထ ဍယှတိ။ ။

(၂) ဧဝမာဒီပိတော လောကော၊ ဇရာယ မရဏေန စ။
နီဟရေထေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟတံ။ ။

အဂါရသ္မိံ၊ မြင့်မြင့်ထီးထီး မိမိတို့ နေအိမ်ကြီးကို။ အာဒိတ္တသ္မိံ၊ အလျှံပြောင်ပြောင် ကြောက်ခမန်း မီးတွေ လောင်၍လာသည်ရှိသော်။ တတ္ထ၊ ထို မိမိတို့ နေအိမ်ကြီး၌။ ယံ ဘာဇနံ၊ အကြင် ဥစ္စာထုပ်ကို။ နီဟရတိ၊ ထုတ်ယူ သယ်ထားနိုင်၏။ ယံ ဘာဇနံ၊ အကြင် ဥစ္စာထုပ်သည်။ နောစ ဍယှတိ၊ မလောင် ဘဲသာ ကျန်ရစ်ပါ၏။ တံ၊ ထို မီးမလောင်ဘဲ ကျန်ရစ်၍နေသော ဥစ္စာစုသည် သာလျှင်။ တဿ၊ ထိုအိမ်သူ အိမ်သား လူအများ၏။ အတ္ထာယ၊ သုံးစွဲစရာ ကိုယ်ပိုင် အလို့ငှာ။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

ဧဝံ၊ ဤအတူ။ လောကော၊ မြင်မြင်သမျှ သခၤါရ ခပင်း လူတသင်းကို။ ဇရာယ စ၊ အိုခြင်း မီးသည်လည်းကောင်း။ မရဏေန စ၊ သေခြင်း မီးသည် လည်းကောင်း။ အာဒီပိတော၊ မပြတ်မစဲ တသဲသဲ လောင်အပ်သည်ဖြစ်၍။ ဘတော၊ ထို အိုခြင်း သေခြင်းတည်းဟူသော မီးပုံအတွင်းမှ။ ဒါနေန၊ ဒါန စေတနာဖြင့်။ နီဟရေထေဝ၊ ထုတ်ယူ သယ်ထားနိုင်ရာ၏။ ဒိန္နံ၊ ယခု လှူဒါန်း ရသော ဥစ္စာစုသည်။ သုနီဟတံ၊ ကောင်းစွာ ထုတ်ယူ သယ်ထားနိုင်သော ဥစ္စာစုမည်သည်။ ဟောတိ၊ မချမသွေ ဖြစ်ပါပေ၏။

## အာဒိတ္တဇာတ် သိမှတ်စေချင် ဇာတ်ပေါင်းလျှင်

ဤသို့ သံဃာ့ထေရ်ကြီး (ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီး)သည် ဩဝါဒ ပေး၍ ကောင်းကင်သို့ ပျံတက်၍ ပြာသာဒ်ထွဋ်ကို ခွဲဖောက်၍ ကြွလျက် နန္ဒမူလက တောင်ဝှမ်း၌သာ ဆင်းလေ၏။ ထိုသံဃာ့ထေရ်အား လှူဒါန်း လိုက်သော ပရိက္ခရာသည်လည်း ထိုသံဃာ့ထေရ်နှင့် အတူသာ ပျံဘက်၍ နန္ဒမူလက တောင်ဝှမ်း၌ပင် ဆင်းလေ၏။ မင်းကြီးနှင့် မိဖုရားကြီးတို့မှာ တကိုယ်လုံး ပီတိတို့ဖြင့်သာ ဖုံးပြီး ပျံ့နှံ့နေတော့သည်။ ထို့အတူ သံဃာ့ထေရ် ကြွသည်ရှိသော် ကြွင်းသော ထေရ်တို့သည်လည်း တဂါထာစီ အနုမောဒနာ ပြု၍ ပရိက္ခရာတို့နှင့်အတူ ပျံကြွကြလေကုန်၏။ ပစ္စေကဗုဒ္ဓါ ခုနစ်ပါးလုံး ပြန်ကြွပြီးနောက် မင်းမိဖုရားတို့သည် ဒါနစသည်ပြု၍ စုတေသော် နတ်ပြည်သို့ ရောက်၏။ ဇာတ်ပေါင်းသော် ပစ္စေကဗုဒ္ဓါတို့သည် ပရိနိဗ္ဗာန်ပြုသွားကြကုန်ပြီ။

(၁) သမုဒ္ဒဝိဇယာ မိဖုရားကြီးသည် ရာဟုလာ မယ်တော် ယသော် ဓရာ မိဖုရား ဖြစ်လာပြီ။

(၂) ရောရုဝမင်းကြီးသည်ကား ငါဘုရား ဖြစ်လာပြီ။

၁၃၃၆-ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိကပါလ ဟောကြားအပ်သော

### အငြိမ့်ပြတ် အရှိရပ် တရားတော်

❀

### ကုဋေ (၁၆၀)ကြွယ်ဝသော သဌေးသားလေးနှင့် သဌေးသမီး သမိလ္လဟာသိနီတို့ ပစ္စည်းများ စွန့်လှူပြီး ပရိဗိုဇ်အဖြစ်ဖြင့် တောထွက် တရားအားထုတ်ခန်း

ဗာရာဏသီ၊ တိုင်းရွှေပြည်၊ မျိုးသည် ဗြာဟ္မဏာ။
တက္ကသိုလ်ခေါ်၊ ပြည်ကြီးမော်၊ လောင်းတော် ပညာရှာ။
ပညာတတ်မြောက်၊ ရွယ်တိုင်ရောက်၊ ချင့်ထောက် နားချရာ။
အပျော်အရွှင်၊ ဖော်မခင်၊ တွင်တွင် ငြင်းခဲ့ပါ။
အလှဘုရင်၊ ရွှေရုပ်သွင်၊ စီစဉ် ထိမ်းမြားလာ။
ရဟန်းကြီးများ၊ ပုံမခြား၊ နေသွား နှစ်ရှည်စွာ။
နှစ်ဘက်ရှိကြ၊ မိနှင့်ဘ၊ ကွယ်ပ သွားသည့်ခါ။
ဓမ္မသံဝေ၊ စွဲထွေထွေ၊ ကြင်ဆွေ ပြောပြရာ။
တရား့ခြောက်ဆယ်၊ ကုဋေကြွယ်၊ များထယ် ထိုဥစ္စာ။
တံတွေးပေါက်ပမာ၊ စွန့်လှူကာ၊ ဟိမာ တောသို့သာ။
စိတ်တူကိုယ်မျှ၊ သဘောကျ၊ သောက ကင်းဝေးစွာ။
နေခဲ့ကြလာ၊ သွေးအန်နာ၊ ဖြစ်ပါ မယ့်ကိုယ်မှာ။
ဗာရာဏသီတွင်၊ မင်းဥယျာဉ်၊ ပို့တင် ဇရပ်မှာ။
ထိုတွင်ခဏ၊ ဆွမ်းခံကြ၊ သေရ သမိလ္လာ။
ငှဲခြင်း ညှာခြင်း၊ အားနာခြင်း၊ ငြိခြင်း ဓိပ္ပာယ်သာ။

အငြိမ့်မပြတ်၊ ရှိမရပ်၊ နွားတော် ဆားရေပမာ။
အငြိလည်း ပြတ်၊ ရှိလည်း ရပ်၊ ဆတ်ဆတ် လောင်းတော်မှာ။
မဟာဇနူ၊ သင်္ဂြိုဟ်ကြ၊ ဟောထ ဒေသနာ။
ဟိမဝန်ကြွ၊ အားထုတ်က၊ ဈာန အဘိညာ။
သမာပတ်များ၊ ထင်အရှား၊ နောက်ကား ဗြဟ္မာ့ရွာ။
ဟာသိနီမှာ၊ ရာဟုလာ၊ မာတာ ဖြစ်၍လာ။
လောင်းရသေ့ကား၊ ငါဘုရား၊ ထင်ရှား ထို့တူစွာ။

(ဇာတက အဋ္ဌကထာ တတိယအုပ်။ နှာ-၈၅)

ဗဿပုံနှိပ်တိုက် မိသားစု ကောင်းမှု၊ ပန်းလှိုင် ၂၁-လမ်း၊ ပဲခူးမြို့

## အငြိမြတ် အရှိရပ် တရားတော်
## ကုဋေ(၁၆၀)ကြွယ်ဝသော သဌေးသားလေးနှင့် သဌေးသမီး သမိလ္လာဟာသိနီတို့ ပစ္စည်းများ စွန့်လှူပြီး ပရိဗိုဇ်အဖြစ်ဖြင့် တောထွက် တရားအားထုတ်ခန်း

### မှတ်သားဖွယ် အကျဉ်းချုပ်

❁

### ရွှေရုပ်လိုလို ရခဲ့အမှန် ပေးဆောင်ရန်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု သည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ မိဘတို့ထံသို့ သွား၏။ ဤဇာတ်၌ ဘုရားလောင်းသည် အိမ်ထောင်မပြုဘဲ မြတ်သော အကျင့်ကို ကျင့်လေ့ ရှိ၏။ ထိုအခါ ဘုရားလောင်း၏ မိဘတို့သည် ''သင့် အတွက် သူငယ်မ တယောက်ကို ရှာကုန်အံ့'' ဟု ပြောပြ၏။ ဘုရားလောင်းသည် အိမ်ထောင်မှု မပြုလိုကြောင်း ပြော၏။ ''အကျွန်ုပ်သည် မိဘ ကွယ်လွန်က ရဟန်းတက်အံ့'' ဟု ဆို၍ မိဘများ အထပ်ထပ် ပူဆာအပ်သည်ဖြစ်၍ တခုသော ရွှေရုပ်ကို ထု၍ ''ဤအမျိုးသမီးမျိုးရလျှင် ယူပါမည်'' ဟု ဆို၏။ အလောင်း တော်၏ မိဘနှစ်ပါးတို့သည် ထိုရွှေရုပ်ကို ဝှက်ကာ လှည်းပေါ်တင်၍ များစွာ သော အခြံအရံဖြင့် လှည့်လည် ကြွေးကြော်စေကုန်၏။

ဂစ္ဆထ ဇမ္ဗုဒီပတလံ ဝိစရန္တာ ယတ္ထ ဧဝရူပံ ဗြာဟ္မဏကုမာရိကံ ပဿထ၊ တတ္ထ ဣမံ ကဉ္စနရူပကံ ဒတွာ တံ အာနေထ။

ဘော၊ အမောင်တို့။ ဂစ္ဆထ၊ သွားကြကုန်လော့။ ဇမ္ဗုဒီပတလံ၊ ဇမ္ဗူဒီပတကျွန်းလုံးသို့။ ဝိစရန္တာ၊ လှည့်လည်ကြကုန်လျက်။ ယတ္ထ၊ အကြင်အရပ်၌။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဗြာဟ္မဏကုမာရိကံ၊ ပုဏ္ဏားမျိုး သူငယ်မကို။ ပဿထ၊ တွေ့မြင်ကြရကုန်၏။ တတ္ထ၊ ထိုအရပ်၌။ ဣမံ ကဉ္စနရူပကံ၊ ဤရွှေရုပ် ကို။ ဒတွာ၊ ပေး၍။ တံ၊ ထိုပုဏ္ဏားမျိုး သူငယ်မကို။ အာနေထ၊ ဆောင်ယူခဲ့ ကြပါကုန်လော့။

## အိုးအိမ်ထောင်မှု ပြုဘို့မရည် ဘိက္ခုနီ

ထိုအခါ ဘုန်းရှိသော တယောက်သော သတ္တဝါသည် ဗြဟ္မာ့ပြည်မှ စုတေ၍ ကာသိတိုင်း နိဂုံး ရွာကြီး၌ ကုဋေ ၈၀-ကြွယ်ဝသော ပုဏ္ဏားကြီးအိမ်၌ သတို့သမီးလေး ဖြစ်လေ၏။ အမည်ကား သမိလ္လဟာသိနီတည်း၊ သူမသည် အသက် တဆယ့်ခြောက်နှစ် အရွယ်ကပင် အဆင်းလှ၏၊ ကြည်ညိုဘွယ် ဂုဏ်အင်္ဂါနှင့် ပြည့်စုံ၏။ နှစ်လိုဘွယ်ရာ နတ်သမီးနှင့်တူစွာ ဖြင်၏။ အလုံးစုံ ပြည့်စုံသော အင်္ဂါလက္ခဏာရှိ၏။ ကိလေသာ၏ အစွမ်းဖြင့် စိတ်မဖြစ်ဘူး။ စင်စစ် မြတ်သော အကျင့် ရှိ၏။ ရွှေရုပ်ကိုယူ၍ သွားကုန်သော သူတို့သည် ထိုရွာသို့ ရောက်ကုန်၏။ထိုရွာသူ ရွာသားတို့သည် ထိုရွှေရုပ်ကိုမြင်သည်ရှိသော် ''ဤမည်သော ရွာက ဤမည်သော ပုဏ္ဏားကြီး၏ သမီး သမိလ္လဟာသိနီ ဘယ်အကြောင်းကြောင့် ဤရွာ ရောက်နေသနည်း''ဟု ဆိုကြကုန်၏။လူတို့သည် ထိုစကားကို ကြားရ၍ ယင်း သမိလ္လဟာသိနီထံ သွား၍ ကြောင်းလမ်း ပြောဆိုကြလေကုန်၏။ ယင်း သမိလ္လဟာသိနီသည် ''ငါသည် မိဘတို့ ကွယ်လွန်သည်ရှိသော် ရဟန်းပြုပါအံ့။ အိမ်ရာထောင်မှုဖြင့် အလိုမရှိ''ဟု မိဘတို့ထံ ပြောကြားလေ၏။

## လောင်းတော်နှစ်ပါး ချည်ဆားလိုအပ် မြို့သို့ကပ်

မိဘနှစ်ပါးတို့သည် တဘက် အတွက် စိတ်စောလွန်းသဖြင့် ရဟန်းပြုပြီး ဘာလုပ်အံ့နည်းဟု ဆို၍ ရွှေရုပ်ကိုယူကာ သမိလ္လဟာသိနီကို ပို့လိုက်ကုန်၏။ ဘုရားအလောင်းတော်လေးနှင့် သမိလ္လဟာသိနီတို့ နှစ်ဦးလုံး အလိုမရှိဘဲ အိမ်ထောင်ပြုပေးလေ၏။ အတူနေထိုင်ကြရသော်လည်း အချင်းချင်း ကိလေသာ၏ အစွမ်းဖြင့် ကြည့်ပင် မကြည့်ဘူးကြပေ။ ရဟန်းနှစ်ပါး၊ တနည်း ဗြဟ္မာမင်းကြီးနှစ်ဦး အတူနေကြသလို နေကြကုန်၏။ တနေ့ ဘုရားလောင်း၏ မိဘများ ကွယ်လွန်လေ၏။ သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးဆုံးပြီး သမိလ္လာဟာသိနီကို ခေါ်၍ ''အရှင်မ၊ ငါ၏မိဘများဘက်မှ ပစ္စည်း ကုဋေ ရှစ်ဆယ်၊ သင်၏ မိဘများဘက်မှ ကုဋေ ရှစ်ဆယ်၊ ဤနှစ်ဘက် ပစ္စည်းတို့ကို သင်တဦးတည်း ယူ၍ သဒ္ဓါမ လုပ်ပါတော့။ ငါ့အား ရဟန်းပြုခွင့် ပေးပါ''ဟု ခွင့်တောင်းလေ၏။ ''အို-အရှင့်သား၊ သင် ရဟန်းပြုလျှင် ငါလည်း ရဟန်းပြုပါအံ့။ ငါသည် သင့်ကို စွန့်ခြင်းငှာ မစွမ်းနိုင်ပါ''၊ ''ဤသို့ ဖြစ်ခဲ့သော် လာလှည့်''ဟု

ဆိုကာ အလုံးစုံသော ပစ္စည်းတို့ကို အလှူတင်းကုပ်၌ စွန့်၍ တံတွေးပေါက်ကဲ့သို့ စည်းစိမ်အားလုံးကို ပယ်၍ ဟိမဝန္တာသို့ ဝင်၍ နှစ်ယောက်လုံး ရသေ့ရဟန်းပြုပြီး တော သစ်မြစ် သစ်သီး စသည်တို့ကိုသာ သုံးဆောင်လျက် ထိုအရပ်၌ ကြာမြင့်စွာနေပြီး ချဉ်ဆား အလို့ငှာ ဟိမဝန္တာမှ သက်၍ ဗာရာဏသီမြို့အနီး မင်းဥယျာဉ်သို့ ကပ်လာ၏။

## ပရိဗိုဇ်မ မရဏလက် သူ့ဆင်းသက်

ထိုနှစ်ဦးတို့ ထိုအရပ်၌ နေကုန်စဉ် ပရိဗိုဇ်မအား ဩဇာမရှိသော မိဿကဘတ်ကို သုံးဆောင်မိသဖြင့် သွေးအန်ရောဂါဖြစ်၏။ ထိုပရိဗိုဇ်မသည် လျောက်ပတ်သောဆေးကို မရသဖြင့် အလွန် အားနည်း၏။ အလောင်းတော်သည် ဆွမ်းခံချိန်၌ ထိုပရိဗိုဇ်မကို ခေါ်၍ မြို့တံခါးသို့ဆောင်၍ ဇရပ်တခု ပျဉ်ချပ်ပေါ်၌ သိပ်၍ မိမိသည် ဆွမ်းခံဝင်လေ၏။ ထိုပရိဗိုဇ်မသည် အလောင်းတော် ပြန်မလာမီ သေသွားပြီ။ လူများအပေါင်းသည် ပရိဗိုဇ်မ၏ အဆင်းနှင့်ပြည့်စုံသည်ကိုမြင်၍ ဝိုင်းစန်း ငိုကြွေးကုန်၏။ အလောင်းတော် ပြန်လာသည်ရှိသော် သေသည်ကို မြင်၍-

ဘိဇ္ဇနဓမ္မော ဘိဇ္ဇတိ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဝေါဂတိကာယေဝ။

''ဘိဇ္ဇနဓမ္မော၊ ပြိုကွဲတတ်သောသဘောသည်။ဘိဇ္ဇတိ၊ ပြိုကွဲ၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ဝေါဂတိကာယေဝ၊ ဤအတိုင်းအလားတူ ဖြစ်ကုန်သည်သာလျှင်တည်း'' ဟု ဆို၍ ပျဉ်ချပ်ပေါ်၌ထိုင်၍ မိဿကဘောဇဉ်ကိုစားပြီး မျက်နှာသစ်လေ၏။ အနီးရှိ လူအပေါင်းက ''အရှင်၊ ဤပရိဗိုဇ်မသည် အရှင်နှင့် အသို့တော်သနည်း'' ဟု မေး၏။ ''လူ့ဘဝက ငါ၏ခြေရင်း အလုပ်အကျွေးပါတည်း'' ဟု ဆို၏။ ''အရှင်၊ ငါတို့ မျက်ရည်မဆည်နိုင်ကြ။ သင် ဘာ့ကြောင့် မတုန်လှုပ်ဘဲ နေဘိသနည်း''ဟု မေး၏။

## အလောင်းတော်မြွက် တောကပ်တဖန် အဘိညာဏ်

အလောင်းတော်သည် ''ဤပရိဗိုဇ်မသည် အသက်ရှင်စဉ်ကပင် ငါ၏ ကြောင့်ကြဘွယ် ဘာမျှ မရှိ၊ ယခု တမလွန်ဘဝ၌ဖြစ်၍ ပို၍ မရှိသည်ပင်။ သူသည် သေမင်း၏ အလိုနိုင်ငံသို့ လိုက်သွားပြီ။ ငါသည် အသို့တုန်လှုပ်ရပါအံ့နည်း'' အလောင်းတော်သည် လေးဂါထာတို့ဖြင့် (အနိစ္စ) အချင်းအရာကို

ပြလျက် တရားဟော၏။ လူများအပေါင်းသည် ပရိဗိုဇ်မအား သင်္ဂြိုဟ်ခြင်း ကိစ္စကို ပြု၏။ အလောင်းတော်သည် ဟိမဝန္တာသို့ဝင် ဈာန်၊ အဘိညာဉ်၊ သမာပတ်တို့ကို ဖြစ်စေလျက် ဗြဟ္မာ့ပြည်သို့ လားလေ၏။

## ဇာတ်ပေါင်းလေလျှင် သူပင်စင်စစ် ဘုရားဖြစ်

ဘုရားရှင်သည် မယားသေသောသူကြွယ်အား ဤတရားဒေသနာကို ဟော၍ သစ္စာတို့ကို ပြုပြီးသည်၏ အဆုံး၌ မယားသေသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်းသည်ရှိသော်-

(၁) သမ္မိလ္လဟာသိနီသည် ရာဟုလာမယ်တော် ယသော်ဓရာ မိဖုရား ဖြစ်၍လာ၏။

(၂) ပရိဗိုဇ်ရသေ့သည် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်၍လာ၏။

၁၃၃၆-ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိကပါလ ဟောကြားအပ်သော

ရေပွက်၊ တံလျှပ် ကိုယ်ဝယ်ကပ် တရားတော်

❀

### သေမင်းမမြင်နိုင်တဲ့နေရာကို လိုက်ရှာကြသော ရဟန်းတော်ကြီး အပါး(၅၀၀) ဘုရားရှင်နှင့် တွေ့ခန်း

သေမင်းမုန်းပြီး၊ ပုန်းတဲ့နည်း၊ ဆေးနည်း ထို့တူစွာ။
မသေလိုပါ၊ ထေရ်ငါးရာ၊ ကောင်းစွာ လိုက်၍ရှာ။
သာဝတ္ထိမည်၊ မြို့ရွှေပြည်၊ ကျောင်းသည် ဇေတဝန်သာ။
ဘုရားထံမှာ၊ နည်းယူကာ၊ တောမှာ အားထုတ်လာ။
တရားမရ၊ စိတ်ပျက်ကြ၊ ပြန်ကြ မြို့သို့သာ။
ခရီးရှည်လျှ၊ ထိုခဏ၊ တောမှ ကွင်းရောက်လာ။
တောင်ကြီးအသွင်၊ တံလျှပ်မြင်၊ ဆင်ခြင် ထပ်ခါခါ။
စမ်းချောင်းလေးကျ၊ ရေပွက်ထ၊ ရှုကြ ကမ်း၌သာ။
တံလျှပ်ရေပွက်၊ စဉ်အဆက်၊ ဖြစ်ပျက် ခန္ဓာမှာ။
ပေါ်ခိုက်ပျောက်ခိုက်၊ မြဲမြဲစိုက်၊ ထွေးပိုက် မလွှတ်ရာ။
အာရုံကိုမူ၊ ရအောင်ယူ၊ စင်ဖြူ သိ၍လာ။
ရင့်အောင်မာအောင်၊ သတိဆောင်၊ ဖွဲ့နှောင် ကျစ်လျစ်စွာ။
ပျော်မွေ့စံရာ၊ ကျောင်းဝိဟာ၊ နေခါ စောသဏ္ဍာ။

ကောင်းစွာရည်မှန်း၊ စိတ်ဝယ်တမ်း၊ ရဟန်း ထိုငါးရာ၊
သေမင်းမမြင်နည်း၊ နိဿယည်း၊ ထွင်ပြီး ပေးခဲ့ရှာ။
ရေပွက်တံလျှပ်၊ ကိုယ်ဝယ်ကပ်၊ မပြတ် ရှုလေပါ။
အရှိမယွင်း၊ အသိရှင်း၊ ထင်လင်း ကိုယ့်ခန္ဓာ၊
တထိုင်တည်းတွင်၊ ရှုတိုင်းမြင်၊ အစဉ် မြင့်၍လာ။
ငါးရာထေရ်များ၊ ထင်အရှား၊ ဖြစ်သွား ရဟန္တာ။
ပါရမီရင့်ပြီး၊ လုံ့လကြီး၊ ထိုနည်း မှတ်ကုန်ရာ။

(သုတ္တန်ပိဋက ဓမ္မပဒ အဋ္ဌကထာ၊ ၃ အုပ်။ နှာ-၁၀၇)

ဓမ္မဒါနအလှူရှင် ဦးမောင်ခင်-ဒေါ်မြစိန် သား၊ သမီး၊ မြေးများ၏ စေတနာ
တစု ကောင်းမှု။ အမှတ်-၅၁၀၊ ၁-လမ်း၊ လိပ်ပြာကန်ရပ်၊ ပဲခူးမြို့

## ရေပွက်၊ တံလျှပ် ကိုယ်ဝယ်ကပ် တရားတော်
## သေမင်းမမြင်နိုင်တဲ့နေရာကို လိုက်ရှာကြသော
## ရဟန်းတော်ကြီး အပါး ၅၀၀-ဘုရားရှင်နှင့် တွေ့ခန်း

မှတ်သားဘွယ် အကျဉ်းချုပ်

### ခန္ဓာကိုယ်မှာ ကောင်းစွာပေါ်မူ နာနာရှု

ဤတရားဒေသနာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေစဉ် ဝိပဿက ရဟန်းတော်ကြီး ၅၀၀-တို့ကို အကြောင်းပြု၍ ဟောတော်မူသည်။

ထိုရဟန်းတော်ကြီး ၅၀၀-တို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းယူ၍ တောသို့ဝင်ကာ အားထုတ်၍ နေကြကုန်၏။ ထိုနောက် အထူးပြု၍ ကမ္မဋ္ဌာန်းကို ယူကုန်အံ့ဟု ဘုရားထံ ပြန်လာကြကုန်လျက် လမ်းအကြား၌ (မရီစိ ကမ္မဋ္ဌာန်း) ကို ပွားလျက် လာကြကုန်၏။ မိုးများလည်း ရွာလာကုန်၏။ ထိုရဟန်း ၅၀၀ တို့သည် ထိုထိုအရပ်တို့၌ ရေ၏အဟုန်ကြောင့် ထ၍ ထ၍ ပျက် ပျက်သွားနေသော ရေပွက်တို့ကို မြင်၍ "ငါ၏ ခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်၍ ဖြစ်၍ ပျက် ပျက်နေသော အနက်သဘောကြောင့် ရေပွက်နှင့် တူလှပါပေ၏" ဟု အာရုံကို အတိအကျ အပြည့်အဝရအောင် ယူလေကုန်၏။

### ရေပွက်ပမာထား ရှုပြားဖြစ်လာ ရဟန္တာ

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ နေလျက်သာလျှင် ထိုရဟန်း ၅၀၀ တို့ကို ကြည့်လျက် ယင်းတို့နှင့် စကားပြောလိုသည်ဖြစ်၍ အရောင်တော်ကို ပြန့်အောင်ပြုလျက် ဤဂါထာကို ဟောတော်မူ၏။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ ။

ပုဗ္ဗုဠကံ ယထာ၊ ရေပွက်ကဲ့သို့။ ပဿေ၊ ရှုရာ၏။ မရီစိကံ ယထာ၊ တံလှပ်ကဲ့သို့။ ပဿေ၊ ရှုရာ၏။ ဧဝံ၊ ဤအတူ။ အဝေက္ခန္တံ၊ အမြဲရှုကြည့်နိုင်သော။ လောကံ၊ လူအပေါင်းကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

ဤတရားဒေသနာတော်ကို ကြားနာရပြီးသည်၏အဆုံး၌ ထိုရဟန်းတော်ကြီး _အပါး ၅၀၀ တို့သည် ရပ်နေတုန်း၊ ရပ်နေဆဲမှာပင်လျှင် အရဟတ္တဖိုလ်ဉာဏ်တွေ ကိုယ်စီကိုယ်ငှ ရကြ၍ အားလုံး ရဟန္တာကြီးတွေ ဖြစ်သွားကြလေကုန်၏။

၁၃၃၆-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### တကယ်ရှိလျက် အသိခက် တရားတော်

## ရဟန်းတော်ကြီး အပါး ၅၀၀-တို့အား မိမိတို့ ရဟန္တာ ဟုတ် မဟုတ် အလုပ်နှင့်စမ်းသပ် အဖြေရှာကြရန် နည်းလမ်းကို ဘုရားရှင် မိန့်ကြားတော်မူပုံ

သာဝတ္ထိမည်၊ မြို့ရွှေပြည်၊ ကျောင်းသည် ဇေတဝန်မှာ။
ငါးမာရ်အောင်မြင်၊ ဘုရားရှင်၊ ကြည်ရွှင် နေသည့်ခါ။
မဂ်ဖိုလ်ရည်မှန်း၊ အာရုံတန်း၊ ရဟန်း ပါးငါးရာ။
ကမ္မဋ္ဌာန်းကိုသာ၊ နည်းယူကာ၊ တောမှာ အားထုတ်လာ။
ဝီတိက္ကမာ၊ ပရိယုဋ္ဌာ၊ ပယ်ခွာ ဈာန်ဖြင့်ဆာ။
ရဟန္တာဟု၊ ထင်မှတ်ပြု၊ စိတ်ထု တက်ကြွစွာ။
လျှောက်ထားဘို့ရာ၊ ဦးတည်လာ၊ မြတ်စွာ သိ၍သာ။
အာနန္ဒာအား၊ ကြိုတင်သွား၊ ပြောကြား ဆိုမိန့်ရှစ။
သုသေပစ်ရာ၊ သုသာန်မှာ၊ ရှုပါ နောက်မှလာ။
နာမရူပ်၊ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
နာမရူပံ၊ အသုဘံ၊ သုညံ အသာရာ။
သေကောင်ပုပ်ညှစ်၊ မှတ်လျက်ပစ်၊ ဖုထစ် မရှိပါ။

ယနေ့တွေ့ရ၊ သေ့ကောင်မ၊ ပြည့်ဝ လတ်ဆတ်တာ။
အရွယ်နုနယ်၊ အလှကြွယ်၊ ခန့်ထည် သပ်ရပ်စွာ။
ပေါ်လာရာဂ၊ သက်ဝင်ပြ၊ သိရ ထိုအခါ။
မြတ်စွာဗုဒ္ဓ၊ ကျောင်းတော်မှ၊ လှပ ရောင်တော်ဖြာ။
ကိုယ်တိုင်မျက်မှောက်၊ သုသာန်ရောက်၊ ချီးမြှောက် ဟောမြွက်လာ။
သာရဒကာလ၊ နေရှိန်ကြွ၊ ခြောက်ထ ဗူးသီးပမာ၊
ခိုခြေရောင်တု၊ အရိုးစု၊ ဖိရှု ပေါ်အောင်သာ။
တထိုင်တည်းမှာ၊ သိမ်မွေ့လာ၊ ဉာဏ်မှာ တိုးတက်ကာ။
မီးဆာရောဆီ၊ အားသေးညီ၊ ငြိမ်းပြီ ကိလေသာ။
ငါးရာထေရ်များ၊ ထင်အရှား၊ ဖြစ်သွား ရဟန္တာ။

(သုတ္တန္တပိဋက၊ ဓမ္မပဒ အဋ္ဌကထာ ၁။ နှာ-၇၁)

ဓမ္မဒါနအလှူရှင် ဗိုလ်တထောင် သတင်းစာအယ်ဒီတာ
ဦးစိုးသိမ်း-ဒေါ်မြင့်မြင့်၊ သမီး၊ ထိုက်ထိုက်စိုး၊ သက်သက်စိုး၊တို့ ကောင်းမှု
အမှတ်-၁၁၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့

## တကယ်ရှိလျက် အသိခက် တရားတော်
## ရဟန်းတော်ကြီး အပါး ၅၀၀ တို့အား မိမိတို့ ရဟန္တာ ဟုတ် မဟုတ် အလုပ်နှင့် စမ်းသပ် အဖြေရှာကြရန် နည်းလမ်းကို ဘုရားရှင် မိန့်ကြားတော်မူပုံ

## မှတ်သားဘွယ် အကျဉ်းချုပ်

## သုသာန်မှပြန် ငါ့ထံဝင်လာ အားလုံးသာ

ဤဒေသနာတရားတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် များစွာသော (မိမိကိုယ်ကို မိမိ အထင်ကြီးနေသော) ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

အပါး ၅၀၀ သော ရဟန်းတို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းယူလျက် တောသို့ဝင်ပြီး အားထုတ်ကြကုန်၏။ နောင် ဈာန်ကို ဖြစ်စေ၍ ကိလေသာ မဖြစ်ပေါ်သဖြင့် ငါတို့အား ရဟန်းကိစ္စ ပြီးလေပြီ၊ မိမိ ရထားအပ်သော ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ထားကုန်အံ့ဟုကြံ၍ ဘုရားရှင်ထံ သွားကြကုန်၏။ ဘုရားရှင်သည် ထိုရဟန်းတို့ အပြင်တံခါးမုခ်သို့ ရောက်သောအခါ၌ပင် ရှင်အာနန္ဒာကို ခေါ်၍ မိန့်၏။

အာနန္ဒ ဧတေသံ ဘိက္ခူနံ ပဝိသိတုံ မလာ ဒိဋ္ဌေန ကမ္မံ နတ္ထိ၊
အာမကသုသာနံ ဂန္တွာ တတော အာဂန္တွာ မံ ပဿန္တု။

အာနန္ဒ၊ချစ်သား အာနန္ဒာ။ ဧတေသံ ဘိက္ခူနံ၊ ဤရဟန်းအပါး ၅၀၀ တို့၏။ မမ၊ ငါ၏။ သန္တိကံ၊ အထံသို့။ ပဝိသိတုံ၊ ဝင်၍။ မလာ၊ ငါနှင့်။ ဒိဋ္ဌေန၊ မြင်ရ တွေ့ရခြင်းဖြင့်။ ကမ္မံ၊ ပြုဘွယ်အလုပ်သည်။ နတ္ထိ၊ မရှိသေး။ အာမကသုသာနံ၊ သူကောင်စိမ်းမြှုပ်ရာ သုသာန်သို့။ ဂန္တွာ၊ သွား၍။ တတော၊ ထိုသုသာန်မှ။ အာဂန္တွာ၊ ပြန်လာ၍။ မံ၊ ငါ့ကို။ ပဿန္တု၊ တွေ့ကြပါစေ။

## ရာဂစိတ်များ ပေါ်ပြီးထိုဝါ စဉ်းစားလာ

ရှင်အာနန္ဒာသည် ကြို့တင်သွား၍ ထိုအတိုင်း ပြောပြလေ၏။ ထိုရဟန်း ၅၀၀ တို့သည်လည်း "သုသာန်ဖြင့် ငါတို့အား ဘာ အကျိုး ရှိမှာနည်း" ဟု မပြောမဆိုဘဲ အရှည် မြင်တော်မူသော ဘုရားရှင် ဤသို့ မိန့်ခြင်းသည် အကြောင်းရှိလိမ့်မည်ဟု ကြံ၍ သုသာန်သို့သွား၍ ထိုသုသာန်၌ လူသေကောင် တို့ကို ကြည့်ကြကုန်၏။ ထိုသို့ ကြည့်ကြရာ၌-

(၁) လွန်ခဲ့သော တရက် နှစ်ရက်က သေခဲ့သော အလောင်းကောင် တို့ကို တွေ့ရသောအခါ ဒေါသ(အာဃာတ)ဖြစ်ပေါ်လာ၏။

(၂) ယနေ့မှသေ၍ ရောက်လာသော လူသေကောင်မတို့ကို ကြည့်ကြ သောအခါ ရာဂစိတ် (ခင်မင်မှု)လေးတွေ ကြည့်ယင်း ကြည့် ယင်းနှင့် မသိမသာ တခုပြီးတခု ဆိုသလို ပေါ်လာကြကုန်၏။ မိမိကိုယ်ကို မိမိ ပြန်လည် စဉ်းစားလာကြကုန်၏။

## ရာဂဖြစ်စရာ တွေ့လာရာက မပေါ်ရ

ထိုခဏ၌ပင် ထိုယောဂီ (မိမိတို့ ရဟန္တာဖြစ်နေကြပြီဟု အထင်ရောက်၊ ဘုရားရှင်အား လျှောက်ထားဘို့ ကြွလာသော) အပါး ၅၀၀ ရဟန်းတော်ကြီး တို့သည် ကိလေသာ မချုပ်ငြိမ်း၊ ထင်ရှားရှိနေသေးသည့် အဖြစ်ကို သိသွားကြ လေကုန်၏။ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်မှထိုင်လျက် ရောင်ခြည်တော် ဖြန့် လျက် ထိုရဟန်းတို့၏ မျက်မှောက်၌ ဟောသကဲ့သို့ ထင်အောင် ဖန်ဆင်း ဟောကြားလေ၏။

နပ္ပဋ္ဌိရူပံ န ခေါ ဘိက္ခဝေ တုမှာကံ ဝေရူပံ အဋ္ဌိသင်္ဃာဋ္ဌံ ဒိသွာ ရာဂ ရတိ ဥပ္ပါဒေတုံ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ တုမှာကံ၊ သင်တို့အား။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ အဋ္ဌိသင်္ဃာဋ္ဌံ၊ အရိုးစုကို။ ဒိသွာ၊ မြင်၍။ ရာဂရတိံ၊ တပ်မက်နှစ်သက်ခြင်းကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှာ။ နပ္ပဋ္ဌိရူပံ နခေါ၊ မသင့်တော် မလျောက်ပတ်သည် မဟုတ်ပါလော။

## တဂါထာ ဟောထ နာရ ရဟန္တာ ပါးငါးရာ

ထိုနောက် မြတ်စွာဘုရားသည် အောက်ပါ တဂါထာကို ဟောကြား နာယူစေ၏။

ယာနိမာနိ အပတ္ထာနိ၊ အလာဗူနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသွာန ကာ ရတိ။ ။

သာရဒေ၊ သာရဒဥတုသမယ တန်ဆောင်မုန်းလ၌။ အပတ္ထာနိ၊ စွန့်ပစ်ထားအပ်ကုန်သော။ ကာပေါတကာနိ၊ ခိုခြေအဆင်းနှင့် တူကုန်သော။ အလာဗုနေဝ၊ ဖြူခြောက်ခြောက် အဆင်းရှိသည့် ဗူးသီး (ရင့်အခြောက်) အလား ရှိကုန်သော။ ဣမာနိ၊ ဤသို့ သဘောရှိကုန်သော။ ယာနိ အဋ္ဌီနိ၊ အကြင်အရိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုအရိုးတို့ကို။ ဒိသွာန၊ စေ့စေ့ကြည့်ခြင်းကြောင့်။ ရတိ၊ ကာမရတိခေါ် ရာဂ(ခင်မင်မှု)တရားဆိုး ဖြစ်ပေါ်၍ လာခြင်းသည်။ ကာ၊ အဘယ်သို့ သင့်နိုင်အံ့နည်း။ န ဝဋ္ဋတိယေဝ၊ မသင့်သည် သာတည်း။

ဤတရားဂါထာအဆုံး၌ ထိုရဟန်း အပါး ၅၀၀ တို့သည် မတ်တတ်ရပ်မြဲ ရပ်လျက်သာလျှင် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၍ ဘုရားရှင်၏ ဂုဏ်ကို ချီးမွမ်းကုန်လျက် လာရောက် ရှိခိုးကြလေကုန်၏။

၁၃၃၆ ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

အချိန်မယုံ၊ ဟန်အိုးဆုံ၊ ဟရားဓောဂ်

**မာလာဘာရီ မည်သော နတ်သားနှင့် ပတိပူဇိကာ မည်သော နတ်သမီးတို့ တာဝတိံသာနတ်ပြည်ရှိ တခုသော ပန်းဥယျာဉ်ကြီးအတွင်း၌ နတ်သမီးတထောင်နှင့်တကွ လူ့လောက(ဘဝဖြစ်စဉ်)ကို မေးမြန်းသံဝေဂ ဖြစ်ကြပုံ**

သာဝတ္ထိမည်၊ မြို့ရွှေပြည်၊ ကျောင်းသည် ဇေတဝန်မှာ။
လောကထွဋ်ထား၊ မြတ်ဘုရား၊ ထင်ရှား နေစဉ်ခါ။
တာဝတိံသာဝယ်၊ နတ်မိမယ်၊ နီးဝယ် တထောင်သာ။
မာလာဘာရီ၊ နတ်သားသည်၊ ထွက်လည် ဥယျာဉ်မှာ။
ပန်းပင်ပေါ်တက်၊ ပန်းခူးလျက်၊ ဝိုင်းဆက် ဆင်သရာ။
နတ်သမီးတယောက်၊ လုံးလုံးပျောက်၊ မျက်မှောက် စုတိရှာ။
ဆီမီးပုံညီ၊ သူ့ကိုယ်သည်၊ ငြိမ်းပြီ ဥပမာ။
သာဝတ္ထိတွင်၊ သန္ဓေဝင်၊ အိမ့်ရှင် ဆယ့်ခြောက်မှာ။
ဝတ္တာရားနဲ့၊ ပူဇော်ခဲ့၊ သူ့ရဲ့ လင်ပေါ်မှာ။
သူ့မှာအပြည့်၊ ဂုဏ်ကိုကြည့်၊ ပတိ ပူဇိကာ။
လေးယောက်မိခင်၊ ဖြစ်လေလျှင်၊ နောင်တွင် ရှေးမကွာ။
နတ်သားရှေ့မှောက်၊ သူပင်ရောက်၊ ရွေးကောက် စစ်ဆေးရာ။
ဖြစ်ကြောင်းကုန်စင်၊ လျှောက်ခါတင်၊ ရာတွင် လူ့ပြည်မှာ။

အသက်သခ်ျော၊ ငါမသေ၊ စိတ်နေ မေ့လျော့ကာ။
သာသနာဘက်၊ စိတ်မသက်၊ ပျော်ချက် ပြင်းထန်လာ။
တာဝတိံသာ၊ တနေ့ဟာ၊ လူ့မှာ နှစ်တရာ။
တာဝတိံသက်၊ နတ်အတွက်၊ ဆတက် တထောင်ကြာ။
လူ၏ တွက်ရေ၊ သုံးကုဋေ၊ မှတ်လေ သန်းခြောက်ဖြာ။
ဇရပ်မပြင်၊ မသုတ်သင်၊ ရေပင် မခပ်ပါ။
ရဟန်းတော်များ၊ ကျောင်းပြန်သွား၊ လျှောက်ထား မြတ်ဗုဒ္ဓါ။
ဥယျာဉ်ကစား၊ သွဲ့ထံပါး၊ ရောက်သွား ဝတိံသာ။
ကြုံခဲကြုံရ၊ လူ့ဘဝ၊ တိုလှ သက်တမ်းမှာ။
ငြိတွယ်ထန်ပြင်း၊ ကြိုးစားရင်း၊ သေမင်း ဆွဲခေါ်ရာ။
အချိန်မသုံး၊ တန်ဘိုးဆုံး၊ မှတ်အုံး ဒို့သူငါ။
နာပြီးခဏ၊ မဂ်ဖိုလ်ပြ၊ ရကြ ကိုယ်စီသာ။

(သုတ္တန္တပိဋက ဓမ္မပဒ အဋ္ဌကထာ။ ပ၊ နှ၁-၂၂၉)

ဗလ ပုံနှိပ်တိုက် မိသားစု ကောင်းမှု။ ပန်းလှိုင် ၂၁-လမ်း၊ ပဲခူးမြို့။

အချိန်မသုံး တန်ဘိုးဆုံး ကရားတော်

**မာလာဘာရီမည်သော နတ်သားနှင့် ပတိပူဇိကာမည်သော နတ်သမီးတို့**
**တာဝတိံသာနတ်ပြည်ရှိ တခုသော ပန်းဥယျာဉ်ကြီးအတွင်း၌**
**နတ်သမီးတထောင်နှင့် တကွ**
**လူ့လောက(ဘဝဖြစ်စဉ်) ကို မေးမြန်း သံဝေဂဖြစ်ကြပုံ**
**မှတ်သားဘွယ် အကျဉ်းချုပ်**

## နတ်သမီးတယောက် ကွယ်ပျောက်စုတေ မီးမသွေ

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေစဉ် ပတိပူဇိကာမည်သော သတို့သမီးကို အကြောင်းပြု၍ ဟော၏။ ယင်း ဝတ္ထုသည် တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။

ထို တာဝတိံသာ နတ်ပြည်၌ မာလာဘာရီမည်သော နတ်သားသည် နတ်သမီးတထောင်ခြံရံလျက် ဥယျာဉ်သို့ ဝင်ပြီ။ ငါးရာသော နတ်သမီးတို့က သစ်ပင်ပေါ်တက်၍ ပန်းတွေ ခူးချကြကုန်၏။ နောက် ငါးရာသော နတ်သမီးတို့က ကြွေကျလာသောပန်းတို့ကို ကောက်၍ နတ်သားကို ဆင်ပေးကြကုန်၏။ ထိုနတ်သမီးတို့တွင် တယောက်သောနတ်သမီးသည် သစ်ပင်တက်ရင်း သစ်ကိုင်းပေါ်၌ပင် စုတေသွားပြီ။ သူ၏ကိုယ်သည် တောက်နေသောမီး ငြိမ်းသွားသလို ငြိမ်းသွားပြီ။

## ဘဝလင်ဟောင်း ဆုတောင်းကုသိုလ် ပြုံထိုထို

ထိုနတ်သမီးသည် သာဝတ္ထိပြည် တခုသောအမျိုးအိမ်၌ ပဋိသန္ဓေကို ယူ၍ ဖွားသောအခါ၌ ဇာတိဿရဉာဏ် (နောက်ဘဝတွေကို ပြန်လည်သိနိုင်သောဉာဏ်) ပါလာ ရလာသည်ဖြစ်၍ 'ငါသည် မာလာဘာရီ နတ်သား၏ မယားတည်း'ဟူ သိလျက် အရွယ်ရောက်သည်ရှိသော် နံ့သာ ပန်း စသည်တို့ဖြင့်

ပူဇော်၍ လင့်ထံ၌ ပြန်ဖြစ်စေရန် ဆုတောင်း၏။ ထိုအမျိုးသမီးသည် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ အိမ်ထောင်ကျခဲ့၏။ ထိုအခါ သလာက ဘတ်၊ ပက္ခိက ဘတ်၊ ဝါဆိုသင်္ကန်း စသည် လှူဒါန်းပြီး "ဤကုသိုလ်သည် ငါ၏လင်ယောကျ်ား မာလာဘာရီနတ်သားအထံ၌ ဖြစ်စေရန် အကြောင်း အထောက်အပံ့ ဖြစ်ပါစေ" ဟု ဆို၏။ ဤ သတို့သမီးသည် ထပ်ခါ ထပ်ခါ လင် (မာလာဘာရီနတ်သား) ကို သာလျှင် ဆုပန် တောင့်တသောကြောင့် ပတိပူဇိကာဟု တွင်၏။

## လူ့ဘဝသက် ချင့်တွက်ခဏ မကြာလှ

ထို ပတိပူဇိကာသည် အမြဲ ဆွမ်းစားကျောင်း၌ ဝေယျာဝစ္စ လုပ်၏။ သောက်ရေခပ်၏။ နေရာခင်း၏။ တပါးသောသူတို့၏ အလှူတို့၌လည်း ဝိုင်းဝန်း ဆောင်ရွက်ပေး၏။ အသွားအပြန် ခြေတလှမ်းတလှမ်း၌ ငါးဆယ့်ခြောက်ပါး သော ကုသိုလ်တရားတို့ကို ရကုန်၏။ ထိုသတို့သမီး၌ ကိုယ်ဝန်တည်၍ ဆယ်လ ပြွန်သဖြင့် ဖွား၏။ ကလေး လေးယောက်ရပြီးသောအခါ တခုသောရောဂါဖြင့် သေလေ၏။ မိမိ လင်ယောကျ်ားထံ၌ သွားဖြစ်၏။ အခြားသော နတ်သမီးတို့ သည် နတ်သားကို ပန်းတို့ဖြင့် ဆင်မြန်းပေးနေတုန်း ရှိသေး၏။ မာလာဘာရီ မည်သော နတ်သားသည် ပတိပူဇိကာမည်သော နတ်သမီးကိုမြင်၍ "သင် ခုန ဘယ်သွားနေသနည်း၊ မမြင်မိဘူး" ဟု ဆို၏။ "အရှင်၊ ကျွန်မ စုတေသွားပါ၏" "ဟုတ်ကဲ့လား" "ဟုတ်ပါ၏" "စုတေပြီး ဘယ်မှာသွားဖြစ်သလဲ" "လူ့ပြည် သာဝတ္ထိမြို့မှာပါ" "ဘယ်လောက်ကြာခဲ့သလဲ" "အမိဝမ်းမှာ ဆယ်လနေ၍ ဖွားမြင်ပြီးနောက် ဆယ့်ခြောက်နှစ် အရွယ်တွင် အိမ်ထောင်ကျပြီး ကလေး လေးယောက်အထိ ရခဲ့ပါတယ်"

## လူတို့အသက်မှာ လွန်စွာတိုလျ မေ့လျော့ကြ

နတ်သားက နတ်သမီးအား "လူ့ပြည် လူသားတွေသည် အသက် ဘယ်လောက် နေရသနည်း" ဟု မေး၏။ "အနှစ်တရာလောက်ပေါ့" "ဒါဘဲ လား" "ဒါပါဘဲ" "ဒီလောက်အသက်တိုတော့ မေ့မေ့လျော့လျော့ နေကြ သလား၊ ကုသိုလ်တွေ ပြုနေကြသလား" "အသချေ်ယျတိုင်အောင် နေရမည့် များသို့ဘဲ နေကြကုန်၏" ဟု ပြော၏။ မာလာဘာရီနတ်သားအား များစွာ

သံဝေဂဖြစ်၏။ "ဒီလိုသာဆိုလျှင် ဆင်းရဲဝဋ်မှ ဘယ်တော့မှ လွတ်ပါတော့မလဲ" ဟု အံ့ဩမိ၏။

(၁) လူတို့၏အသက် အနှစ်တရာသည် တာဝတိံသာ နတ်တို့၏ တညဥ့် တနေ့တည်း။

(၂) ထိုရက်သုံးဆယ်သည် တလမည်၏။ ဆယ့်နှစ်လသည် တနှစ်မည်၏။

(၃) ထိုနှစ်တထောင်သည် ယင်း တာဝတိံသာနတ်တို့၏ အသက်မည်၏။

(၄) လူ့အရေအတွက်နှင့်ဆိုလျှင် ၃-ကုဋေနှင့် ၆-သန်း တို့တည်း။

(၅) ထို့ကြောင့် နတ်သမီးလေး လူ့ပြည်သွားတာ တခဏလေး ဖြစ်တော့သည်။

## လူတို့အသက် နေ့ရက်တိုလှ မမေ့ရ

နောက်တနေ့ ရဟန်းတို့သည် ရွာသို့ဝင်လတ်သော် ဆွမ်းစားကျောင်း၌ မတွေ့၊ နေရာလည်း မခင်း၊ သောက်ရေလည်း မခပ်၊ "ပတိပူဇိကာ ဘယ်သွားသလဲ" မေး၏။ "မနေ့ညဥ့်က သေသွားပြီ" ဟု လျှောက်၏။ အထူး နှမြောကြ၏။ အချို့ ပုထုဇဉ် ရဟန်းများမှာ မျက်ရည်များ ကျကြကုန်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့မှာ ဓမ္မသံဝေဂ ဖြစ်ကြကုန်၏။ ထိုရဟန်းတို့သည် ဆွမ်းကိစ္စ ပြီး၊ ကျောင်း ပြန်ရောက်၊ ဘုရားရှင်အား ရှိခိုး လျှောက်ထား၏။ "အရှင်ဘုရား၊ ပတိပူဇိကာ ဥပါသိကာမသည် ထပ်ခါထပ်ခါ ကောင်းမှုများ ပြု၍ လင်ကို ဆုတောင်း၏။ ယခု သူ ဘယ်မှာနည်း"။ "ချစ်သားတို့၊ သူ၏ လင်ထံမှာဖြစ်၏"။ "အရှင်ဘုရား၊ သူ့လင်ထံ၌ မရှိပါ"။ "ဤလင်ထံသို့ ရောက်ရန် ဆုတောင်းသည် မဟုတ်၊ တာဝတိံသာနတ်ပြည်မှ သူ့လင် မာလာဘာရီ နတ်သားတည်း။ ပန်းခူးနေရာမှ စုတေ၍ ယခု ပြန်ရောက်သွားပြီ"။ "အရှင်ဘုရား၊ သတ္တဝါတို့၏ အသက်သည် တိုတောင်းလှပါလား။ ဩော်... အံ့ဩဘွယ် ကောင်းလေစွ"

## ဝတ္ထုကိလေ နှစ်ထွေကာမ ဆိုးဝါးလှ

မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားလေ၏။

အာမ ဘိက္ခဝေ ပရိတ္တံ သတ္တာနံ ဇီဝိတံနာမ၊ တေနေဝ ဣမေ သတ္တေ
ဝတ္ထုကာမေဟိ စေဝ ကိလေသကာမေဟိ စ အတိတ္တေဝ အန္တကော
အတ္တနော ဝသေ ဝတ္တေတွာ ကန္ဒန္တေ ပရိဒေဝန္တေ ဂဟေတွာ ဂစ္ဆတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတံနာမ၊ အသက်မည်သည်ကား။ အာမ ပရိတ္တံ၊ အိမ်း နည်းလှပေ၏တကား။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဣမေ သတ္တေ၊ ဤသတ္တဝါတို့ကို။ ဝတ္ထုကာမေဟိ စေဝ၊ ဝတ္ထုကာမတို့ဖြင့် လည်းကောင်း။ ကိလေသကာမေဟိစ၊ ကိလေသာကာမတို့ဖြင့် လည်းကောင်း။ အတိတ္တေဝ၊ မရောင့်ရဲ မတင်းတိမ်မီသာလျှင်။ အန္တကော၊ သေမင်းသည်။ အတ္တနော၊ မိမိ၏။ ဝသေ၊ အလိုနိုင်ငံ၌။ ဝတ္တေတွာ၊ ဖြစ်စေ၍။ ကန္ဒန္တေ၊ ငိုကြွေးနေသူတို့ကို။ ပရိဒေဝန္တေ၊ မြည်တမ်းနေသူတို့ကို။ ဂဟေတွာ၊ ခေါ်၍။ ဂစ္ဆတိ၊ သွား၏။

## ကာမဂုဏ်ပန်း ဆွတ်လှမ်းနေစဉ် သေပွဲဝင်

အောက်ပါ ဒေသနာအဆုံး၌ များစွာသောလူတို့သည် သောတာပန်စသည် ဖြစ်ကုန်၏၊ အချို့များသော ကုသိုလ်တွေ ဖြစ်ကြကုန်၏။

ပုပ္ဖါနိဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
အတိတ္တံယေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ။ ။

ပုပ္ဖါနိ၊ ကာမဂုဏ်ပန်းတို့ကို။ ပစိနန္တံဟေဝ၊ ရွေးချယ်ဆဲသာလျှင် ဖြစ်သော။ ဗျာသတ္တမနသံ၊ အထူးထူး အပြားပြား ကပ်ငြိသော စိတ်ရှိသော။ နရံ၊ လူအပေါင်းကို။ ကာမေသု၊ ဝတ္ထုကာမ ကိလေသာ ကာမတို့၌။ အတိတ္တံယေဝ၊ မရောင့်ရဲ မတင်းတိမ်သေးဘဲသာလျှင်။ အန္တကော၊ သေမင်းသည်။ ဝသံ၊ မိမိအလို နိုင်ငံသို့။ ကုရုတေ၊ မပါပါအောင် ဆောင်စွမ်း ပြုလုပ်လေ၏။

၁၃၃၆ ခုနှစ်၊ ဝါခေါင်လကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌
## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### သံမာဓိထက် ဥာဏ်မာနကဲ တရားတော်

**အနာဂါမ်ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသဗြဟ္မာ ငါးဘုံမှာ ဖြစ်ရလျက် (ဥဒ္ဒံသောတ၊ ဓုဝပုဂ္ဂလ) မည်ကြောင်း အနာဂါမိမထေရ်ကြီးကို ရည်ညွှန်း၍ ဘုရားရှင် ဟောကြားထားပုံ**

ဆရာထေရ်အား၊ တပည့်များ၊ ကပ်သွား မေးကြရှာ။
ဝိသေသထား၊ မြတ်တရား၊ ရငြား အရှင့်မှာ။
အနာဂါမ်ခေါ်၊ ဉာဏ်ဖြစ်ပေါ်၊ လူသော် မဆန်းပါ။
ထူးကဲ ရဟန္တာ၊ ဖြစ်လျှင်သာ၊ ပြောမှာ ရည်ရွယ်လာ။
အားထုတ်သော်လဲ၊ မရဘဲ၊ ခက်ခဲ ဖန်ခါခါ။
ရှက်ရှက်နှင့်ဆွဲ၊ အချိန်နဲ၊ သေပွဲ နီး၍လာ။
ဖြစ်ရန်စောင့်စား၊ ပျံလွန်သွား၊ ရောက်ငြား သုဒ္ဓါဝါ။
တပည့်များက၊ ငိုယိုတ၊ တွေးဆ ရှေ့နောက်ပါ။
ဘုရားထံမှောက်၊ ကိုယ်တိုင်ရောက်၊ ထိုးလျှောက် ကြောင်းခြင်းရာ။
သင်တို့အားထား၊ ဆရာကား၊ ဖြစ်ငြား နာဂါမ်မှာ။
ကာမဂုဏ်ရှုပ်၊ သိုးအုပ်၊ စက်ဆုပ် လွန်ရှုံ့ရှာ။
အဝိဟာ,အတပ္ပါ,သုဒဿာ,သုဒဿီ၊ ဆင့်ဆင့်စီ၊ မြင့်သည် အကနိဋ္ဌာ။
သုဒ္ဓါဝါသ၊ ဘုံငါးဝ၊ ရောက်ထ အဝိဟာ။

ဥဒ္ဒိဿဘာ၊ ခေါ်ဝေါ်ရ၊ ထူးစွာ ပုဂ္ဂလာ။
ခုဝပုဂ္ဂလံ၊ ဘုံစဉ်စံ၊ ဖြစ်ရန် ထက်ဩသာ။
ရုပ်နာမ်ဓမ္မ၊ ဆုံး လယ် စ၊ တိကျ သိအောင်သာ။
ကျေနပ်အားတက်၊ နေ့ညဉ့်ဆက်၊ ဖြစ်ပျက် တွန်းမှတ်ပါ။
သမာဓိချင့်ရေး၊ နက်နက်တွေး၊ ထိန်းပေး သင့်ဝန်သာ။
ပါရမီအား၊ ချိန်သင့်ငြား၊ ကူးသွား ဆင့်ဆင့်မှာ။
အားအင်ကြီးမား၊ ဉာဏ်စဉ်ဓား၊ ဖြတ်သွား ကိလေသာ။
အနာဂါမ်ခေါ်ကြ၊ ဉာဏ်ဓားက၊ ကာမ ပဋိဃာ။
တရားဆုံးငြား၊ ရဟန်းများ၊ ဖြစ်သွား ရဟန္တာ။

(သုတ္တန္တ ပိဋက ဓမ္မပဒ အဋ္ဌကထာ။ ၃၊ နှာ-၁၈၈)

ပန်းလှိုင် (၂၁) ဆူစ်း၊ ဦးထွန်းစိန်-ဒေါ်သန်းမြိုင်နှင့် သမီးများ ဆောင်းမှု။

## သံဝေးထက် ဥဒါန်ဝေးနက် တရားတော်
## အနာဂါမ် ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသပြဟ္မာ ငါးဘုံမှာ ဖြစ်ရလျက် (ဥဒ္ဓံသောတ၊ ဝုဝပုဂ္ဂလ)မည်ကြောင်း အနာဂါမိ မထေရ်ကြီးကို ရည်ညွှန်း၍ ဘုရားရှင် ဟောကြားထားပုံ

### မှတ်သားဘွယ် အကျဉ်းချုပ်

❀

### သေသောကာလ ပြဟ္မာ့ပြည်မှာ ဖြစ်ရပါ

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တပါးသော အနာဂါမိထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ အနာဂါမိထေရ်ကို အတူနေ တပည့်တို့သည် ဝိုင်းမေးကြကုန်၏။ ''အရှင်ဘုရား၊ အရှင်ဘုရား၌ တရားထူးများ ရှိပါသလား'' ဟူ၍ ဖြစ်၏။ ထိုအခါ အနာဂါမိထေရ်သည် ''အနာဂါမိဖိုလ်သို့ကား လူတို့လည်း ရောက်ကြလေကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါမှ ထိုတရားထူးတို့နှင့်တကွ ပြောအံ့''ဟု ရှက်သည်ဖြစ်၍ ဘာကိုမျှမပြောဘဲ သေသည်ရှိသော် သုဒ္ဓါဝါသ ပြဟ္မာ့ဘုံ၌ ဖြစ်၏။

### တပည့်များက မေးကြသော်ငြား ပြန်မကြား

ထိုအခါ မထေရ်၏ အတူနေ တပည့်တို့သည် ငိုကြွေး မြည်တမ်းလျက် ဘုရားထံ သွားပြီး ဘုရားကို ရှိခိုး၍ ငိုကြွေးလျက်သာလျှင် တခုသောနေရာ၌ ထိုင်ကြကုန်ပြီ၊ ထိုအခါ ရဟန်းတို့ကို မြတ်စွာဘုရားသည် ''ရဟန်းတော်များ အို-ချစ်သားတို့၊ ဘာ့ကြောင့် ငိုကြသနည်း'' ဟု မေး၏။ ''အရှင်ဘုရား၊ တပည့်တော်တို့၏ ဆရာသေလို့ ငိုပါသည်''ဟု လျှောက်၏။ ''သေသည့်အတွက်

မစိုးရိမ်လင့်၊ သင်တို့၏ ဆရာ၌ ဓုဇမမ္ ခေါ် (မြဲသောတရား) ရှိ၏'' ''မှန်လှ ပါ၊ တပည့်တော်တို့လည်း သိပါကုန်၏။ စင်စစ်မှာ တပည့်တော်တို့သည် ဥပဇ္ဈာယ်ဆရာကို တရားထူးရပါသလားဟု မေးပါကုန်၏။ ဆရာမြတ်သည် ဘာမျှ မပြောဘဲ သေသွားလေ၏။ ဒါကြောင့် တပည့်များ စိတ်ဆင်းရဲပြီး ငိုကြွပါကုန်၏''

## ဥဒ္ဓံသောတ ဖြစ်ရအမှန် ဘုံစဉ်စံ

မြတ်စွာဘုရားသည် မိန့်ကြားတော်မူလေ၏။ ''ရဟန်းတော်များ အို-ချစ်သားတို့၊ ဘာမျှ မကြံစည် မအောက်မေ့ မစိုးရိမ်ကြကုန်လင့်။ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အနာဂါမိဖိုလ်သို့ ရောက်၏။ ရဟန္တာဖြစ်မှပြောမည်ဆိုတာ ရှက်၍ အပြောခက်သဖြင့် မပြောခြင်းတည်း။ ယခု သုဒ္ဓါဝါသဘုံ၌ ဖြစ်နေ၏။ ရဟန်းတို့၊ သင်တို့ဆရာ အများကြီး သက်သာရာရ၏။ ကာမဂုဏ်တို့၌ တပ်မက်ခြင်း ကင်းသောစိတ် ရှိသောသူ၏ အဖြစ်သို့ ရောက်သွား၏'' ဤသို့ ဆို၍ အောက်ပါ တဂါထာကို ဟောလေ၏။

ဆန္ဒဇာတော အနက္ခာတေ၊ မနသာ စ ဖုဋ္ဌော သိယာ။
ကာမေသု စ အပ္ပဋိဗဒ္ဓစိတ္တော၊ ဥဒ္ဓံသောတောတိ ဝုစ္စတိ။ ။

ယော၊ အကြင် အနာဂါမ်ပုဂ္ဂိုလ်သည်။ အနက္ခာတေ၊ အဘယ်သူသည် ပြုအပ်သောတရားဟူ၍ မဟောကြားအပ်သော နိဗ္ဗာန်၌။ ဆန္ဒဇာတော၊ အားထုတ်လိုသောဆန္ဒ ပြင်းပြ၏။ မနသာစ၊ သုံးခုသော အောက်မဂ် အောက် ဖိုလ် စိတ်ဖြင့်လည်း။ ဖုဋ္ဌော၊ ပြည့်သည်။ သိယာ၊ ဖြစ်ရာ၏။ ကာမေသုစ၊ ငါးပါးအာရုံ ကာမဂုဏ်တို့၌လည်း။ အပ္ပဋိဗဒ္ဓစိတ္တော၊ တပ်ခြင်းကင်းသော စိတ် ရှိ၏။ သော၊ ထိုအနာဂါမ်ပုဂ္ဂိုလ်ကို။ ဥဒ္ဓံသောတောတိ (အဝိဟာဘုံ၌ ဖြစ်၍ အကနိဋ္ဌဘုံသို့တိုင်အောင် ပဋိသန္ဓေ၏ အစွမ်းဖြင့် အထက် အထက်သို့ တက်လာသည့် ဘုံစဉ်စံ) ဥဒ္ဓံသောတ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤတရား ဂါထာ အဆုံး၌ ထို ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်ပြီ။ များစွာသော လူတို့သည်လည်း အကျိုး အလွန် များကြကုန်၏။

၁၃၃၇–ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
# ဟောကြားအပ်သော

## သားတော်မြတ် (အရှင်ရာဟုလာ) မထေရ်၏

## ကျင့်စဉ်နှင့် နိဗ္ဗာန် မျက်မှောက်ပြုခန်း

စက္ခု သောတ၊ ဃာန ဇိဝှါ၊ ကာယာ မန၊ ဤခြောက်ဝ၊ ဒွါရအပေါ်မှာ။
ရူပ သဒ္ဒါ၊ ဂန္ဓာ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ အာရုံလာ။
မြင်တာ မြင်စရာ၊ မြင်သိပါ၊ သုံးဖြာ ပွားယူကာ။
ကြားတာ ကြားစရာ၊ ကြားသိပါ၊ ပွားရာ ထို့တူစွာ။
အနိစ္စ ဒုက္ခ၊ အနတ္တ၊ မှတ်ကြ ဖိ၍သာ။
ပညတ်ကျော်မြောက်၊ ပရမတ်ရောက်၊ ထွင်းဖောက် သိခဲ့ရာ။
အမှန်ထိမိ၊ ယွင်းမရှိ၊ သိ၏ ပိုင်နိုင်စွာ။
အရှိမယိုင်၊ အသိပိုင်၊ ကြံ့ခိုင် တိုးတက်လာ။
နိဗ္ဗိန္ဒ ဝိရာဂ၊ ဝိမုတ္တ၊ ကျန တွန်းပို့ပါ။
မြင်လေသမျှ၊ စက်ဆုပ်က၊ မှတ်ကြ နိဗ္ဗိန္ဒာ။
ကြားလေသမျှ၊ စက်ဆုပ်က၊ မှတ်ကြ နိဗ္ဗိန္ဒာ။
နံလေသမျှ၊ စက်ဆုပ်က၊ မှတ်ကြ နိဗ္ဗိန္ဒာ။
စားလေသမျှ၊ စက်ဆုပ်က၊ မှတ်ကြ နိဗ္ဗိန္ဒာ။

ထိလေသမျှ၊ စက်ဆုပ်က၊ မှတ်ကြ နိဗ္ဗိန္ဒာ။
သိလေသမျှ၊ စက်ဆုပ်က၊ မှတ်ကြ နိဗ္ဗိန္ဒာ။
တပ်မက်စရာ ဟူသမျှ၊ ကင်းစင်က၊ ခေါ်ရ ဝိရာဂါ။
ဆိုးယုတ်ဗီဇ၊ ကိလေသ၊ လွတ်က ဝိမုတ္တာ။
ဝိမုတ္တရောက်၊ လေးဆင့်ပေါက်၊ မျက်မှောက် နိဗ္ဗာန်သာ။
ထို၏မသွေ၊ ခြေအနေ၊ သန္ဒေ့ ရှင်းရှင်းကွာ။
အိုနာသေရေး၊ ဒုက္ခဘေး၊ ကင်းဝေး အေးချမ်းသာ။
ကျင့်စရာအမှန်၊ အတန်တန်၊ ကျင့်ရန် ပြီးစီးပါ။
ပြုစရာအမှန်၊ အတန်တန်၊ ပြုရန် ပြီးစီးပါ။
မဂ်ဖိုလ်သွယ်သွယ်၊ ရဘို့ရွယ်၊ ကျင့်ဘွယ် မရှိပါ။
အာသဝေါ ခပ်သိမ်း၊ အကုန်ငြိမ်း၊ အေးကိမ်း နိဗ္ဗုတာ။ ။

(နိဒါန၀၉ သံယုတ်ပါဠိတော်၊ နှာ-၄၃၉)

ပရိက္ခရာကုန်သည် အမိ ဒေါ်အုန်း၊မြ နှင့် ဦး၊ကျော်လှိုင်-ဒေါ်ခင်နု
မိသားစု ကောင်းမှု။ မင်းလမ်း၊ ပဲခူးမြို့

## သားတော်မြတ် (အရှင်ရာဟုလာ) မထေရ်၏
## ကျင့်စဉ်နှင့် နိဗ္ဗာန်မျက်မှောက်ပြုခန်း
## မှတ်သားဘွယ် အကျဉ်းချုပ်

❀

### ရာဟုလာကား လျှောက်ထားဘုရားထံ ဟောဘို့ရန်

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သဌေး၏ နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ဇေတဝန်ကျောင်းတော်၌ နေတော်မူ၏။ ထိုအခါ ရှင်ရာဟုလာသည် မြတ်စွာဘုရားကို ရှိခိုး၍ ထိုင်နေ၏။ ထို့နောက် ဤသို့ လျှောက်လေ၏။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊
ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော
အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူပါလော။ အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယံ ဓမ္မံ၊ အကြင်တရားကို။ သုတွာ၊ ကြားနာ၍။ ဧကော၊ တပါးတည်း။ ဝူပကဋ္ဌော၊ ဝတ္ထုကာမ ကိလေသာ ကာမတို့မှ ကင်းဆိတ်သည်ဖြစ်၍။ အပ္ပမတ္တော၊ မမေ့လျော့သည်ဖြစ်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ နေရာပါ၏။ တံ ဓမ္မံ၊ ထိုတရားကို။ ဒေသေတု၊ ဟောတော်မူပါလော။

## ဒီလိုရှုက လုံးဝသေချာ မသင့်ပါ

''ချစ်သား ရာဟုလာ၊ ဒါကို သင် ဘယ်လို မှတ်သနည်း''။

''(၁) မျက်စိ (၂) နား (၃) နှာ (၄) လျှာ (၅) ကိုယ် (၆) စိတ် ဟူသော ဣန္ဒြေခြောက်ပါးတို့သည် နိစ္စလော၊ အနိစ္စလော''

(အရှင်ရာဟုလာ) ''အားလုံး အနိစ္စပါ ဘုရား''

''ချစ်သား ရာဟုလာ၊ ယင်း အနိစ္စ ဣန္ဒြေ ခြောက်ပါးတို့သည် ဒုက္ခလော၊ သုခလော''

(အရှင်ရာဟုလာ) ''အားလုံး ဒုက္ခပါဘုရား''

''ချစ်သား ရာဟုလာ၊ ယင်း အနိစ္စ ဒုက္ခ ဣန္ဒြေ ခြောက်ပါးတို့သည် ဖောက်ပြန်တတ်သော သဘော အပြည့်ရှိ၏။ ထိုတရားစုကို ဤဟာသည် ငါ့ဥစ္စာပါတည်း၊ ဤဟာသည် ငါပါတည်း၊ ဤဟာသည် ငါ၏ ကိုယ်ပါတည်းဟု ရှုခြင်းငှာ သင့်ပါအံ့လော''

(အရှင်ရာဟုလာ)''ဒီလိုရှုလျှင် တခုမျှ မသင့်ပါ ဘုရား''

## ကိလေလွတ်ငြား ကုန်သွားသည့်ခါ ရဟန္တာ

''ချစ်သားရာဟုလာ၊ ဤအတိုင်း ရှုမြင် နာကြား မှတ်သား လိုက်နာသော ယောဂီသည် မျက်စိ၌လည်း ငြီးငွေ့၏။ ထို့အတူ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့လျှင် တွယ်တာ နှစ်သက်မှု ကင်း၏။ တွယ်တာ နှစ်သက်မှု ကင်းလျှင် ကိလေသာမှ လွတ်၏။

(၁) ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။
(၂) ခီဏာ ဇာတိ။
(၃) ဝုသိတံ ဗြဟ္မစရိယံ၊
(၄) ကတံ ကရဏီယံ။
(၅) နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

**မှတ်ချက်။** ။ရှေ့၌ ပြဆိုခဲ့ပြီးသည့်အတိုင်း သိလေ။

၁၃၃၇-ခုနှစ်၊ ဝါဆိုလဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## ကဋ္ဌောပမ သုတ္တန် ဒေသနာတော်

စက္ခု သောတာ၊ ဃာနာ ဇိဝှါ၊ ကာယပြ၊ ငါးဝ ပသာဒါ။
ရူပ သဒ္ဒါ၊ ဂန္ဓာ ရသ၊ ဖောဋ္ဌဗ္ဗ၊ ငါးဝ အာရုံသာ။
စက္ခုအစ၊ စဉ်တိုင်းပြ၊ ငါးဝ ဝိညာဉ်လာ။
သုခ ဒုက္ခ၊ သောမန၊ ဒေါမန ဥပေက္ခာ။
သိအောင်ဖော်ပြ၊ မည်နာမ၊ ငါးဝ ဝေဒနာ။
တွဲလျက်အစုံ၊ ကြောင်းလောက်လုံ၊ ပေါင်းဆုံ ဖဿပါ။
တမင်တအား၊ ထင်အရှား၊ ခံစား ဝေဒနာ။
ရသာသိရုံ၊ ခံစားပုံ၊ မှတ်တုံ ဖဿမှာ။
ရှင်ဘုရင်အလား၊ အဝစား၊ ထင်ရှား ဝေဒနာ။
သစ်သားနှစ်ခု၊ ပွတ်တိုက်မှု၊ ပေါ်မှု သဘာဝါ။
အခိုးအငွေ့၊ ရှိန်အတွေ့၊ စေ့စေ့ ဆင့်ဆင့်လာ။
သစ်သားနှစ်ခု၊ ကင်းအောင်ပြု၊ ပေါ်မှု မရှိပါ။
မြင်တုန်းမြင်ခိုက်၊ စူးစူးစိုက်၊ ကိုက်အောင် မှတ်လိုက်ပါ။
ကြားတုန်းကြားခိုက်၊ စူးစူးစိုက်၊ ကိုက်အောင် မှတ်လိုက်ပါ။

နံတုန်းနံခိုက်၊ စူးစူးစိုက်၊ ကိုက်အောင် မှတ်လိုက်ပါ။
စားတုန်းစားခိုက်၊ စူးစူးစိုက်၊ ကိုက်အောင် မှတ်လိုက်ပါ။
ထိတုန်းထိခိုက်၊ စူးစူးစိုက်၊ ကိုက်အောင် မှတ်လိုက်ပါ။
ဖဿဖြစ်သာ၊ ဝေဒနာ၊ တဏှာစ ဥပါဒါ။
ဘဝ ဇာတိ၊ ဇရာရှိ၊ ဗျာဓိ မရဏာ။
ဖဿချုပ်က၊ ကျန်လုံး၀၊ ချုပ်ကြ အားလုံးသာ။
ဖဿ ပစ္စယာ၊ ဝေဒနာ၊ မိန့်မှာ မြတ်ဗုဒ္ဓါ။
ဖဿ နိရောဓာ၊ ဝေဒနာ၊ နိရောဓော ဟုလာ။ ။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော်။ နှာ-၁၈၇)

စမ္ပဒါနအလှူရှင် အဲဗားဂွတ် အစ်ချစ်ဆိုင် အမိ ဒေါ်သန်းရင်နှင့်
သား-စမောင်စိုးခင်+မတင်တင်မြင့် မိသားစု၊
ခေမာသစ်၊ ကျောက်ကြီးစုရပ်၊ ပဲခူးမြို့

## ကဋ္ဌောပမ သုတ္တန် ဒေသနာတော်

### မှတ်သားဘွယ် အကျဉ်းချုပ်

## အကြောင်းအကျိုး နှစ်မျိုးဆက်ခါ ဖြစ်ချုပ်ပါ

''ရဟန်းတော်များ အို-ချစ်သားတို့၊ ဤကန္ဒြေတို့သည် ငါးပါး အပြားရှိကုန်၏။ ငါးပါးတို့ကား သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတော်များ အို-ချစ်သားတို့၊ သုခသမ္ဖဿကို စွဲ၍ သုခိန္ဒြေ ဖြစ်၏။ ယင်း သုခိန္ဒြေသည် ချမ်းသားသည်ဖြစ်၍ 'ငါသည် ချမ်းသာ၏'ဟု သိ၏။ ထို သုခသမ္ဖဿ ချုပ်ခြင်းကြောင့် ထို သုခသမ္ဖဿကို စွဲ၍ဖြစ်သော သုခိန္ဒြေသည်လည်း ချုပ်ငြိမ်း၏ဟု သိ၏။ ထို့အတူ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေတို့ကို ဤနည်းနှင်နှင် သိရာ၏။ ဒုက္ခသမ္ဖဿကိုစွဲ၍ ဒုက္ခိန္ဒြေ ဖြစ်၏။ ဒုက္ခသမ္ဖဿချုပ်ခြင်းကြောင့် ဒုက္ခိန္ဒြေလည်း ချုပ်၏။ သောမနဿသမ္ဖဿကို စွဲ၍ သောမနဿိန္ဒြေဖြစ်၏။ သောမနဿသမ္ဖဿချုပ်ခြင်းကြောင့် သောမနဿိန္ဒြေလည်း ချုပ်၏။ ဒေါမနဿသမ္ဖဿကို စွဲ၍ ဒေါမနဿိန္ဒြေ ဖြစ်၏။ ဒေါမနဿသမ္ဖဿချုပ်ခြင်းကြောင့် ဒေါမနဿိန္ဒြေလည်းချုပ်၏။ ဥပေက္ခာသမ္ဖဿကို စွဲ၍ ဥပေက္ခိန္ဒြေဖြစ်၏။ ဥပေက္ခာသမ္ဖဿချုပ်ခြင်းကြောင့် ဥပေက္ခိန္ဒြေလည်း ချုပ်၏''

## သစ်သားနှစ်ခု ထိမှုရှိကြ မီးပေါ်ရ

''ရဟန်းတော်များ အို-ချစ်သားတို့၊ ဥပမာမည်သည်ကား သစ်သားနှစ်ခု ထိခိုက် ပွတ်တိုက်ခြင်းကြောင့် မီးခိုးထွက်၏။ မီးခိုးထွက်ခြင်းကြောင့် မီးလည်း ဖြစ်၏။ ထို သစ်သားနှစ်ခုတို့ မထိခိုက် မပွတ်တိုက် တကွဲတခြား

ထားဆိုက်ခြင်းကြောင့် ယင်း သစ်သားနှစ်ခုတို့ကြောင့်ဖြစ်သော မီးခိုး မပေါ်လာတော့။ ထို့အတူ မီးလည်း မပေါ်လာတော့။ ချုပ်သွားပြီ။ ထို့အတူ ရဟန်းတော်များ အို-ချစ်သားတို့၊ သုခသမ္ဖဿကိုစွဲ၍ သုခိဝေဒနာ ဖြစ်၏။ ယင်း သုခိဝေဒနာသည် ချမ်းသာသည်ဖြစ်၍ ငါသည် ချမ်းသာ၏ဟု သိ၏။ ထိုသုခသမ္ဖဿ ချုပ်ခြင်းကြောင့် သုခသမ္ဖဿကို စွဲ၍ဖြစ်သော သုခိဝေဒနာသည်လည်း ချုပ်၏ဟု သိ၏။

“ရဟန်းတော်များ အို-ချစ်သားတို့၊ ဒုက္ခသမ္ဖဿကို စွဲ၍ ဒုက္ခဝေဒနာ ဖြစ်၏။ ယင်း ဒုက္ခဝေဒနာသည် ဆင်းရဲသည်ဖြစ်၍ ငါသည် ဆင်းရဲ၏ဟု သိ၏။ ထိုဒုက္ခသမ္ဖဿချုပ်ခြင်းကြောင့် ဒုက္ခသမ္ဖဿကို စွဲ၍ဖြစ်သော ဒုက္ခဝေဒနာသည်လည်း ချုပ်၏ဟု သိ၏။

ထို့အတူ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့၌လည်း ဤအတိုင်း သိရာ၏”

၁၃၃၇-ခုနှစ်၊ ဝါဆိုလဆုတ်ကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ

## ဟောကြားအပ်သော

### ဒင္ဂဗ္ဗသုတ္တန် ဒေသနာတော်

ဒါန သီလာ၊ နိက္ခမာ၊ ပညာ ဝီရိယာ။
ခန္တီ သစ္စာ၊ အဓိဋ္ဌာ၊ မေတ္တာ ဥပေက္ခာ။
ပါရမီမြတ်၊ ဤဆယ်ရပ်၊ ဖြည့်အပ် ယောဂီမှာ။
သမာဓိ ရင့်သန်၊ မဂ်ဆိုက်ရန်၊ မှန်မှန် အားထုတ်ခါ။
ရုပ်နာမ်အစဉ်၊ ဖြစ်ပျက်တင်၊ ဆင်ခြင် ထက်သန်စွာ။
ခန္ဓာဇာတ်သိမ်း၊ အပူငြိမ်း၊ အေးကိန်း နေ့စဉ်ရှာ။
ယောဂီမှန်သမျှ၊ လိုအပ်လှ၊ ငါးဝ ဣန္ဒြိယာ။
သဒ္ဓါ ဝီရိ၊ သမာဓိ၊ သတိ ပညာလာ။
ကိုယ်ဝယ်ရှိလာ၊ ယင်းငါးဖြာ၊ ကောင်းစွာ သုံးတတ်ပါ။
သဒ္ဓါရှိက၊ ကျိုးလေးဝ၊ သောတ ပတ္တိသာ။
ပဋိရူပ၊ သပ္ပုရိသ၊ အတ္တာ ပုဗ္ဗေစာ။
ထို့ပြင် ဝီရိယ၊ ကျိုးလေးဝ၊ သမ္မပ္ပဓာနာ။
အနုပ္ပန္န၊ ပါပက၊ တားရ စသည်လာ။
ထို့ပြင် သတိ၊ ကျိုးလေးရှိ၊ သတိပဋ္ဌာနာ။
ကာယ စိတ္တ၊ ဝေဒန၊ ဓမ္မ နုပဿနာ။
သမာဓိပင်၊ ကျိုးလေးအင်၊ မှတ်လျှင် ဈာနသာ။
ပ-ဒု-တ-စ၊ ဈာန်လေးဝ၊ မှတ်ကြ စဉ်တိုင်းပါ။
ပညာဖြစ်က၊ ကျိုးလေးဝ၊ သစ္စ အရိယာ။
ဒုက္ခ သမုဒယ၊ နိရောဓ၊ မဂ္ဂ လေးသစ္စာ။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော်။ နှာ-၁၇၂)

(ဓမ္မဒါနအလှူရှင်) ဆရာဝန် ဦးဘ-ဒေါ်ပြုံးနှင့် သားသမီးများ ဆေးခန်း
နိဗ္ဗာန်ဆု။ အမှတ်-၁၀၀၊ ၄-လမ်း၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့။

## ဓမ္မစကြာသုတ္တန် ဒေသနာတော်
## မှတ်သားဘွယ် အကျဉ်းချုပ်

## ဣန္ဒြေငါးတန် မှတ်ရန်အညီ လေးပါးစီ

"ရဟန်းတော်များ အို-ချစ်သားတို့၊ ဣန္ဒြေတို့သည် ငါးပါးအပြား ရှိကုန်၏။ ယင်း ငါးပါးတို့ကား (၁) သဒ္ဓိန္ဒြေ၊ (၂)ဝီရိယိန္ဒြေ၊ (၃) သတိန္ဒြေ၊ (၄) သမာဓိန္ဒြေ၊ (၅) ပညိန္ဒြေတို့တည်း။ ယင်း ဣန္ဒြေငါးပါးတို့ကို အဘယ် တို့၌ မှတ်အပ်သနည်း ဟူမူကား-

(၁) သဒ္ဓိန္ဒြေကို လေးပါးသော သောတာပတ္တိယင်္ဂတရားတို့၌ မှတ်အပ်၏။

(၂) ဝီရိယိန္ဒြေကို လေးပါးသော သမ္မပ္ပဓာန်တရားတို့၌ မှတ်အပ်၏။

(၃) သတိန္ဒြေကို လေးပါးသော သတိပဋ္ဌာန်တရားတို့၌ မှတ်အပ်၏။

(၄) သမာဓိန္ဒြေကို လေးပါးသောဈာန်တရားတို့၌ မှတ်အပ်၏။

(၅) ပညိန္ဒြေကို လေးပါးသော အရိယသစ္စာတရားတို့၌ မှတ်အပ်၏။

၁၃၃၇-ဝါခေါင်လဆန်း (၈)ရက် နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## ဒါရုက္ခန္ဓောပမသုတ္တန် ဒေသနာတော်

ကောသမ္ဗီပြည်၊ မြစ်နဒီ၊ သညီ ဂင်္ဂါသာ။
မြစ်ကမ်းရှုခင်း၊ သစ်ပင်ရင်း၊ သီဘင်း သုံးစဉ်ခါ။
မိုးရာသီတွင်း၊ အဟုန်ပြင်း၊ စီးဆင်း ရေယဉ်မှာ။
သစ်တုံးကြီးပင်၊ ထိုရေတွင်၊ ပေါ်ထင် မျောရှုလာ။
ဘုရားရှင်ကား၊ ရဟန်းများ၊ မိန့်ကြား မြွက်သည်မှာ။
ယောဂီတိုင်းပင်၊ အထူးပြင်၊ ဤသွင် မှတ်ယူကာ။
ကမ်းပါးနှစ်ရပ်၊ ပမာစပ်၊ မကပ် ထိုဤသာ။
မမြုပ်အစဉ်၊ ကမ်းမတင်၊ ဆင်ခြင် ဥပမာ။
လူလည်း မဆယ်၊ နတ်မဆယ်၊ ဝဲလယ် ဆွေးမပါ။
ကမ်းပါးဤမှာ၊ ဥပမာ၊ မှတ်ပါ အဇ္ဈတ္တာ။
ကမ်းပါးထိုမှာ၊ ဥပမာ၊ မှတ်ပါ ဗဟိဒ္ဓါ။
အလယ်မြုပ်က၊ ဗမာပြ၊ မှတ်ကြ ရာဂလာ။
ကမ်းပေါ်တင်က၊ ပမာပြ၊ မှတ်ကြ မာနဖါ။

လူသားဆယ်က၊ ပမာပြု၊ စပ်ထ လူနှင့်သာ။
နတ်များဆယ်က၊ ပမာပြု၊ တောင့်တ နတ်ဒေဝါ။
ဝဲဠ်လည်ထ၊ ပမာပြု၊ ငါးဝ ကာမဂုဏ်လာ။
ဆွေးပုပ်ဟူက၊ ပမာပြု၊ တူစွာ့ ဒုဿီလာ။
မြစ်ရေများစွာ၊ စဉ်အလာ၊ စီးရာ သမုဒ်သို့သာ။
သစ်တုံးဟာလဲ၊ ရေနှင့်တွဲ၊ ရောက်မြဲ သမုဒ်ပါ။
ရှစ်ပါးမဂ္ဂင်၊ ရေအသွင်၊ စီးလျှင် နိဗ္ဗာန်သာ။
ယောဂီဟာလဲ၊ မဂ္ဂင်တွဲ၊ ရောက်မြဲ နိဗ္ဗာန်ပါ။
ထို့ကြောင့် ထင်ရှား၊ ယောဂီများ၊ တူသွား သစ်တုံးပါ။

(သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်။ နှာ-၃၈၆)

(မဟာဒါနအလှူရှင်) ဦးမောင်ခင်-ဒေါ်မြစိန် သားသမီး မြေးများ၏
စေတနာတရ ကောင်းမှု။ အမှတ်-၅၁၀၊ ၁-လမ်း၊၊ လိမ်ပြာကန်၊ ပဲခူးမြို့။

၁၃၃၇ ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

ဂင်္ဂါမြစ်ထဲက သစ်တုံးကြီးသည် သမုဒ္ဒရာသို့ ဦးညွတ်နေသကဲ့သို့
မဂ္ဂင်အကျင့်တရားကို ရှုမှတ်နေသော ယောဂီသည်လည်း
နိဗ္ဗာန်သို့ ဦးညွတ်နေကြောင်း
ဒါရုက္ခန္ဓောပမ သုတ္တန် ဒေသနာတော်

ဒေသစာရီ၊ ကြွချီခဲ့လာ၊ စောမြတ်စွာ၊ ငါးရာ ရဟန်းပါ။
ကောသမ္ဗီပြည်၊ ဂင်္ဂါမည်၊ မြေညီ ကမ်းထိပ်မှာ။
သစ်တုံးထီးထီး၊ ဖွေးဖွေးကြီး၊ ပေါ်ပြီး မျော၍လာ။
လက်ညှိုးညွှန်ပြ၊ ရပ်လျက်က၊ ဟောပြ သေအချာ။
ဤတုံးကြီးကား၊ ပြစ်ကင်းငြား၊ ညွတ်သွား သမုဒ္ဒရာ။
သမုဒ္ဒရာအား၊ ညွတ်မသွား၊ ရှစ်ပါး အပြစ်မှာ။
ဤဘက်ကမ်းကပ်၊ ဟိုဘက်ကပ်နှင့်၊ နစ်မြုပ်ရေလယ်၊ ကုန်းတင်လွယ်၍၊
လူကလဲဆယ်၊ နတ်လဲဆယ်၊ ဝဲလယ် တွင်းပုပ်သာ။
ဂင်္ဂါရေက၊ စီးဆင်းထ၊ ရောက်ကြ သမုဒ္ဒရာ။
ယင်းရေ မှီစီး၊ သစ်တုံးကြီး၊ အပြီး ထိုနည်းတူစွာ။
မဂ္ဂင်ရှစ်ပါး၊ ကျင့်တရား၊ ရောက်သွား နိဗ္ဗာန်မပါ။
ယင်းသို့ ကျင့်စီး၊ ယောဂီကြီး၊ အပြီး ထို့နည်းတူစွာ။
ယောဂီအများ၊ ပြစ်ရှစ်ပါး၊ ရှောင်ရှား ဝေးဝေးခွာ။
အပြစ်ရှစ်ပါး၊ ကင်းစင်ငြား၊ ညွတ်သွား နိဗ္ဗာန်သာ။
နိဗ္ဗာန်မရ၊ ပြစ်ရှစ်ဝ၊ ရှင်းပြစေလိုပါ။

ဤဘက်ကမ်းက၊ အဇ္ဈတ္တ၊ ခြောက်ဝ အာယတနာ။
ဟိုဘက်ကမ်းက၊ ဗာဟိရ၊ ယူရ ထို့တူစွာ။
အလယ်နှစ်က၊ ရာဂပြု၊ တင်ထ မာနပါ။
လူသားဆယ်က၊ လူရောပြု၊ နတ်က နတ်ကိုသာ။
ဝဲလယ်ဘာက၊ ငါးကာမ၊ ပုပ်က ဒုဿီလာ။
အပြစ်ကင်းငြား၊ သစ်တုံးအား၊ ရောက်သွား သမုဒ္ဒရာ။
သစ်တုံးတူထား၊ ယောဂီများ၊ ဆိုက်သွား နိဗ္ဗာန်ပါ။

(သဠာယတနဝဂ္ဂ သံယုတ္တပါဠိ။ နှာ-၃၈၆)

**ဓမ္မဒါနအလှူရှင် ဗလပုံနှိပ်တိုက် မိသားစု ကောင်းမှု။**

ဒါရုက္ခန္ဓောပမသုတ္တန် ဒေသနာတော်

မှတ်သားဘွယ် အကျဉ်းချုပ်

## မျောလာသစ်တုံး ရွှေဘုန်းပြကာ မေးလျှောက်ပါ

အခါတပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဂင်္ဂါမြစ်ကမ်း၌ နေ၏။ မြတ်စွာဘုရားသည် ဂင်္ဂါမြစ်၌ ရေအဟုန်ဖြင့် မျောလာသော သစ်တုံးကြီးကို မြင်တော်မူ၏။ မြင်တော်မူ၍ ရဟန်းတို့ကို ပြ၏။ ဆက်၍လည်း မိန့်တော်မူ၏။

ပဿထ နော တုမှေ ဘိက္ခဝေ အမုံ မဟန္တံ ဒါရုက္ခန္ဓံ
ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ တုမှေ၊ သင်တို့သည်။ ဂင်္ဂါယ၊ ဂင်္ဂါအမည်ရှိသော။ နဒိယာ၊ မြစ်ထဲ၌။ သောတေန၊ ရေအဟုန်ဖြင့်။ ဝုယှမာနံ၊ ပေါ်၍ မျောလာသော။ အမုံ၊ ဤအမည်ရှိသော။ မဟန္တံ၊ ကြီးစွာသော။ ဒါရုက္ခန္ဓံ၊ သစ်တုံးကြီးကို။ ပဿထနော၊ မြင်ကြကုန်၏လော။

ရဟန်းတော်များက ကိုယ်စီကိုယ်ငှ ဦးတည် လက်အုပ်ချီလျက် ''အရှင်ဘုရား၊ မြင်ကြပါကုန်၏'' ဟု လျှောက်ကြ၏။

## ဂင်္ဂါရေမှာ ကပ်ပါသစ်တုံး ဥာဏ်ချဲ့သုံး

''ရဟန်းတော်များ အို-ချစ်သားတို့၊ ထိုသစ်တုံးကြီးသည် အကယ်၍-

(၁) န ဩရိမံ တီရံ ဥပဂစ္ဆတိ=ဤမှာဘက်ကမ်းသို့ မကပ်သည်ဖြစ်အံ့၊

(၂) န ပါရိမံ တီရံ ဥပဂစ္ဆတိ=ထိုမှာဘက်ကမ်းသို့ မကပ်သည်ဖြစ်အံ့၊

(၃) န မဇ္ဇေ သံသီဒိသတိ=အလယ်မှာ နစ်မြုပ်၍ မသွားသည် ဖြစ်အံ့၊

(၄) န ထလေ ဥဿီဒိဿတိ = ကုန်းပေါ်မှာ တင်၍ မနေသည် ဖြစ်အံ့၊

(၅) န မနုဿဂ္ဂါဟော ဂဟေဿတိ=လူသား ဆယ်ယူမသွားသည် ဖြစ်အံ့၊

(၆) န အမနုဿဂ္ဂါဟော ဂဟေဿတိ=နတ်၊ ဘီလူး စသည် ဆယ်ယူ မသွားသည် ဖြစ်အံ့၊

(၇) န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ=ဝဲထဲမှာ လည်၍ မနေသည် ဖြစ်အံ့၊

(၈) န အန္တောပူတိ ဘဝိဿတိ = အတွင်း၌ လိုက်စား ပုပ်ဆွေး မသွားသည် ဖြစ်အံ့။

ရဟန်းတော်များ အို-ချစ်သားတို့၊ ဤသို့ ဖြစ်သည်ရှိသော် ဂင်္ဂါမြစ်ရေသည် သမုဒ္ဒရာသို့သာ ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်း ရှိသောကြောင့် ရေပေါ်မှာ စီး၍ မကွေမကွာ ကပ်လျက် ပါလာသော သစ်တုံးကြီးသည်လည်း သမုဒ္ဒရာသို့သာ ညွတ်သည် ကိုင်းသည် ရှိုင်းသည် ဖြစ်လတ္တံ့''

## သမ္မာဒိဋ္ဌိ စရှိမဂ္ဂင် နိဗ္ဗာန်ဝင်

''ရဟန်းတော်များ အို-ချစ်သားတို့၊ သင်တို့သည်လည်း အကယ်၍-

(၁) န ဩရိမံ တီရံ ဥပဂစ္ဆထ=ဤမှာဘက်ကမ်းသို့ မကပ်ကုန်သည် ဖြစ်အံ့၊

(၂) န ပါရိမံ တီရံ ဥပဂစ္ဆထ=ထိုမှာဘက်ကမ်းသို့ မကပ်ကုန်သည် ဖြစ်အံ့၊

(၃) န မဇ္ဇေ သံသီဒိဿထ=အလယ်မှာ နစ်မြုပ်၍ မသွားကုန်သည် ဖြစ်အံ့၊

(၄) န ထလေ ဥဿီဒိဿထ=ကုန်းပေါ်မှာ တင်၍ မနေကုန်သည် ဖြစ်အံ့၊

(၅) န မနုဿဂ္ဂါဟော ဂဟေဿတိ=လူသား ဆယ်ယူမသွားသည် ဖြစ်အံ့၊

(၆) န အမနုဿဂ္ဂါဟော ဂဟေဿတိ=နတ်၊ ဘီလူး စသည် ဆယ်ယူ မသွားသည် ဖြစ်အံ့၊
(၇) န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ=ဝဲထဲမှာ လည်၍ မနေသည် ဖြစ်အံ့၊
(၈) န အန္တောပူတိ ဘဝိဿထ = အတွင်း၌ လှိုက်စား ပုပ်ဆွေး မသွားကုန်သည် ဖြစ်အံ့။

ရဟန်းတော်များ အို-ချစ်သားတို့၊ ဤသို့ ဖြစ်သည်ရှိသော် သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်သို့သာ ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်း ရှိသောကြောင့် သမ္မာဒိဋ္ဌိ အကျင့်တရားကို ကျင့်ကုန်သော သင်တို့သည်လည်း နိဗ္ဗာန်သို့သာ ညွတ်ကုန် ကိုင်းကုန် ရှိုင်းကုန်ရာ၏။

## မြတ်ဘုရားထံ မိန့်ရန်လျှောက်ထား ရဟန်းများ

ရဟန်းတော် တပါးသည် ရှိသေစွာ ထ၍ လျှောက်ထားလေ၏။ ''ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား၊

(၁) ကိံ နုခေါ ဩရိမံ တီရံ=ဤမှာဘက်ကမ်းဟူသည် အဘယ်ပါနည်း။
(၂) ကိံ ပါရိမံ တီရံ=ထိုမှာဘက်ကမ်းဟူသည် အဘယ်ပါနည်း။
(၃) ကော မဇ္ဈေ သံသီဒေါ=အလယ်မှာ နစ် မြုပ် ခြင်း ဟူ သည် အဘယ်ပါနည်း။
(၄) ကော ထလေ ဥဿီဒေါ= ကုန်းပေါ်မှာ တင်ခြင်း ဟူသည် အဘယ်ပါနည်း။
(၅) ကော မနုဿဂ္ဂါဟော=လူ ဆယ်သွားခြင်းဟူသည် အဘယ်ပါနည်း။
(၆) ကော အမနုဿဂ္ဂါဟော=နတ်၊ ဘီလူး စသည် ဆယ်သွားခြင်းဟူသည် အဘယ်ပါနည်း။
(၇) ကော အာဝဋ္ဋဂ္ဂါဟော=ဝဲထဲ၌ လည်နေခြင်းဟူသည် အဘယ်ပါနည်း။
(၈) ကော အန္တောပူတိဘာဝေါ = အတွင်း၌ လှိုက်စား ပုပ်ဆွေး သွားခြင်းဟူသည် အဘယ်ပါနည်း။

## ဘုရားရှင်းပြ နာကြဝပ်တွား ရဟန်းများ

မြတ်စွာဘုရားက ဖြေကြားသည်မှာ "ချစ်သား ရဟန်း၊

(၁) ဩရိမံ တီရန္တိခေါ ဘိက္ခု ဆန္ဒေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ=ဤမှာဘက်ကမ်းဟူသော အမည်သည် အတွင်း အာယတန ခြောက်ပါးတို့၏ အမည်ပါတည်း။

(၂) ပါရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္ဒေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ=ထိုမှာဘက်ကမ်းဟူသော အမည်သည် အပ အာယတန ခြောက်ပါးတို့၏ အမည်တည်း။

(၃) မဇ္ဈေ သံသီဒေါတိ ခေါ ဘိက္ခု နန္ဒီရာဂဿေတံ အဓိဝစနံ= အလယ်၌ နစ်မြုပ်ခြင်း ဟူသော အမည်သည် နှစ်သက်ခြင်း ရာဂ၏ အမည်ပါတည်း။

(၄) ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ= ကုန်းပေါ်၌ တင်ခြင်း ဟူသော အမည်သည် ငါတကားဟု ထောင်လွှားသော မာန၏ အမည်ပါတည်း။

(၅) ဣဓ ဘိက္ခု ဂိဟီဟိ သံသဋ္ဌော ဝိဟရတိ=လူသားများနှင့် ရောနှော နေထိုင် အပေါင်းအသင်းများခြင်းတည်း။

(၆) ဣဓ ဘိက္ခု ဧကစ္စော အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ = နတ်ပြည် ခြောက်ထပ် တထပ်ထပ်ကို ဆုတောင်းပြီး မြတ်သောအကျင့်ကို ကျင့်သောသူတည်း။

(၇) အာဝဋ္ဋဂ္ဂါဟောတိ ခေါ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ=ဝဲထဲ၌ လည်နေခြင်းဟူသော အမည်သည် အာရုံငါးပါး ကာမဂုဏ်တရားတို့၏ အမည်တည်း။

(၈) ဣဓ ဘိက္ခု ဧကစ္စော ဒုဿီလော ဟောတိ=အတွင်း၌ လိုက်စား ပုပ်ဆွေးခြင်း ဟူသည် သီလမရှိ သီလပျက်သောသူတည်း"

၁၃၃၇-ခုနှစ်၊ ဝါခေါင် လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## သီလဝန္တသုတ္တန် ဒေသနာတော်

၁

ဓမ္မစကြာ၊ ဒေသနာ၊ ဟောလာ ထိုနေရာ။
ဗာရာဏသီ၊ တိုင်းဌာနီ၊ ကာသိ ပတနာ။
မိဂဒါဝုန်၊ တောရဂုံ၊ ပြည့်စုံ လွန်သာယာ။
သာရိပုတ္တာ၊ ကောဋ္ဌိက၊ နေကြ ရဟန္တာ။
ရှင်ကောဋ္ဌိက၊ မေးသမျှ၊ ဖြေရ သာရိပုတ္တရာ။
သီလရှိပြီး၊ ယောဂီကြီး၊ ဘယ်နည်း ရှုရမှာ။
ရုပ် ဝေဒနာ၊ သညာ သင်္ခါရ၊ ဝိညာဏ၊ ငါးဝ ခန္ဓာပါ။
အနိစ္စ ဒုက္ခ၊ အနတ္တ၊ ရောဂ ဂဏ္ဍလာ။
သလ္လ အဃ၊ အာဗာဓ၊ ပရ ပလောကာ။
သုညလဲခြုံ၊ ရှုမှတ်ပုံ၊ လုံးစုံ ဆယ့်တစ်ဖြာ။
ငါးကိုအသင့်၊ ဆယ့်တစ်နှင့်၊ ဆင့်ဆင့် ရှုမှတ်ပါ။
ဆင့်ဆင့်ရှုမှတ်၊ ယောဂီမြတ်၊ ဖြစ်လတ် သောတာပန်သာ။
သောတာပန်လဲ၊ ထိုငါးဘဲ၊ ရှုမြဲ ရှုမှတ်ပါ။
ဤတိုင်းရှုမှတ်၊ သောတာမြတ်၊ ဖြစ်လတ် သကဒါ။
သကဒါလဲ၊ ထိုငါးဘဲ၊ ရှုမြဲ ရှုမှတ်ပါ။
ဤတိုင်းရှုမှတ်၊ သကဒါမြတ်၊ ဖြစ်လတ် အနာဂါ။
အနာဂါမ်လဲ၊ ထိုငါးဘဲ၊ ရှုမြဲ ရှုမှတ်ပါ။

ဤတိုင်းရှုမှတ်၊ အနာဂါမ်မြွတ်၊ ဖြစ်လတ် ရဟန္တာ။
ရဟန္တာလဲ၊ ထိုငါးဘဲ၊ ရှုမြဲ ရှုမှတ်ပါ။
ရဟန္တာဖြစ်လျက်၊ ရှုမှတ်ချက်၊ ထက်တွက် မရှိပါ။
ပြုပြီးနက်နဲ၊ လေ့ကျင့်မြဲ၊ ဒါလဲ မရှိပါ။
အကြောင်းနှစ်ခု၊ ရည်ရွယ်ပြု၊ တွန်းရှု ရဟန္တာ။
မျက်မှောက်တွေ့ဆဲ၊ ချမ်းသာကဲ၊ အမြဲ နေလိုပါ။
သတိ သမ္ပဇည၊ အမြဲရ၊ မုချ ထို့တူစွာ။

(ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်။ နှာ-၁၃၆)

**(ဓမ္မဒါနအလှူရှင်)၊ ပရိက္ခရာကုန်သည် အဖိ ဒေါ်ဘုန်း၊မြနှင့်**
**ဦးကျော်လှိုင်-ဒေါ်ခင်နု သား သမီး မြေးများတစု ကောင်းမှု။**
**မင်းလှမ်း၊ ပဲခူးမြို့။**

## သီလဝန္တ သုတ္တန် ဒေသနာတော်

### မှတ်သားဘွယ် အကျဉ်းချုပ်

❀

### ဥပါဒါနက္ခန် ငါးတန်အနိစ္စ စသည်ပြ

အခါတပါး အရှင်သာရိပုတ္တရာသည် လည်းကောင်း၊ အရှင် မဟာကောဋ္ဌိကသည် လည်းကောင်း ရသေ့ ရဟန်းတို့၏ ကျရာ မိဂဒါဝုန်တောဥ္မ နေကြကုန်၏။ ထိုအခါ အရှင်မဟာကောဋ္ဌိကသည် ညချမ်းအခါ ကိန်းအောင်း နေရာမှ ထ၍ ရှင်သာရိပုတ္တရာထံ သွား၍ အောက်ပါစကားကို ပြောလေ၏။

(၁) "ငါ့ရှင်သာရိပုတ္တရာ၊ သီလရှိသောရဟန်းသည် အဘယ်တရား တို့ကို သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းရမည်နည်း"

(၂) "ငါ့ရှင် မဟာကောဋ္ဌိက၊ သီလရှိသော ရဟန်းသည် ဥပါဒါ နက္ခန္ဓာ ငါးပါးကို (အနိစ္စ၊ ဒုက္ခ၊ ရောဂ၊ ဂဏ္ဍ၊ သလ္လ၊ အဃ၊ အာဗာဓ၊ ပရ၊ ပလောက၊ သုည၊ အနတ္တ) အားဖြင့် သင့် အောင် နှလုံးသွင်းရမည်။

(၃) သီလရှိသောရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ စသောအားဖြင့် သင့်အောင် နှလုံးသွင်းလျှင် သောတာပတ္တိဖိုလ် ကို မျက်မှောက်ပြုနိုင်၏။

(၄) သောတာပန်ပုဂ္ဂိုလ်သည် အထက်ပါအတိုင်း သင့်အောင် နှလုံး သွင်းလျှင် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်၏။

(၅) သကဒါဂါမ်ပုဂ္ဂိုလ်သည် အထက်ပါအတိုင်း သင့်အောင် နှလုံး သွင်းလျှင် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်၏။

(၆) အနာဂါမ်ပုဂ္ဂိုလ်သည် အထက်ပါအတိုင်း သင့်အောင် နှလုံး သွင်းနိုင်လျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်၏"

## ရဟန္တာလဲ ရှုမြဲ ရှုပါ ကျိုးနှစ်ဖြာ

(၁) "ငါ့ရှင် သာရိပုတ္တရာ၊ ရဟန္တာပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းအပ်သနည်း"

(၂) "ငါ့ရှင် မဟာကောဋ္ဌိက၊ ရဟန္တာသည်လည်း ဤဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ စသည်အားဖြင့် အထက်ပါအတိုင်း သင့်အောင် နှလုံးသွင်းအပ်၏။

(၃) ငါ့ရှင် မဟာကောဋ္ဌိက၊ ရဟန္တာပုဂ္ဂိုလ်အား စင်စစ် အထက် အဆင့်အတွက် ပြုဘွယ်မရှိတော့။ ပြုလျှင်ကား အလေ့အကျင့် ဖြစ်၏။

(၄) စင်စစ်မှာ ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ စသည်ဖြင့် ပွားများသော် အကြိမ်များစွာ ပြုခဲ့သော် (က) ဒိဋ္ဌဓမ္မသုခ ဝိဟာရအကျိုး၊ (ခ) သတိသမ္ပဇညအကျိုး ဤနှစ်မျိုးအတွက် ဖြစ်၏။ အကျိုးရှိ၏။

၁၃၃၇-ခုနှစ်၊ ဝါခေါင်လဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## သုပ္ပဗုဒ္ဓ သုတ္တန် ဒေသနာတော်

ရာဇဂြိုဟ်ပြည်မွန်၊ ဝေဠုဝန်၊ ထူးချွန် ကျောင်းဝိဟာ။
ခြောက်သွယ်ရောင်ဝင်း၊ မြတ်ရှင်မင်း၊ သီတင်း သုံးစဉ်ခါ။
သုပ္ပဗုဒ္ဓ၊ လူကုဋ္ဌ၊ ပျက်ကျ ခြေ နား နှာ။
အရည်စိုထွက်၊ ကိုယ်လုံးပျက်၊ နံချက် မသက်သာ။
အလှူဟင်းကျန်၊ ထမင်းကျန်၊ တောင်းရန် ဝင်ရောက်လာ။
ဟောမည်ဆဲဆဲ၊ တရားပွဲ၊ လွန်ကဲ ကြည်ညိုရှာ။
ဘိတ်ဆုံး နောက်နား၊ ချောင်အကြား၊ တရား ဝင်၍နာ။
ဘဗ္ဗ ပုဂ္ဂလ၊ ဖြစ်ပါမှ၊ ရကြ မဂ်ဖိုလ်ဟာ။
ဘုရားမြတ်စွာ၊ ကြည့်လိုက်ရာ၊ တွေ့လာ သူ့ကိုသာ။
ဒါနတရား၊ အစထား၊ ဟောကြား မြတ်ဗုဒ္ဓါ။
ချေးညှော်ကင်းငြား၊ အဝတ်အား၊ ဆိုးထား ဆေးပမာ။
အချိန်နည်းလှ၊ တခဏ၊ ဓမ္မ စက္ခုလာ။
ထသွား အနီး၊ နွားမကြီး၊ ခွေ့ပြီး သေဆုံးရှာ။
သောတာပန် ကုဋ္ဌ၊ ဆန်းကြယ်လှ၊ လျှောက်ကြ များသံဃာ။
သဌေးသားဘဝ၊ ဖြစ်စဉ်က၊ ထွက်ထ ဥယျာဉ်သာ။
ရာဇဂြိုဟ်ဝင်ဝ၊ ဆွမ်းခံကြွ၊ ဗုဒ္ဓ ပစ္စေကာ။
သက်န်းကြီးက၊ ပွတတ၊ ကုဋ္ဌ တူလှစွာ။

ဘယ်သို့ကြွမည်၊ မသတီ၊ ထွေးသည် ငါ ရွှံ့ရှာ။
ဤသို့ နှုတ်က၊ တဖွဖွ၊ ဆိုထ ကဲ့ရဲ့ပါ။
နှစ်တသိန်းညီ၊ ခံခဲ့ပြီ၊ ကျက်သည် ငရဲမှာ။
ထိုငရဲမှ၊ ကံကြွင်းမျှ၊ ခံရ ခု ကုဋ္ဌာ။
သာသနာပြု၊ သူ့ကောင်းမှု၊ အထု ကြီးပုံမှာ။
သောဘာပန်အဆင့်၊ ထီးထီးမြင့်၊ အသင့် ချိန်မကြာ။
တင့်ဟယ် ဝင်းပ၊ အဆင်းလှ၊ များထ ခြံရံပါ။
တာဝတိံ ယာမ်၊ နတ်ဗိမာန်၊ စိုးစ တင့်တယ်စွာ။

(ခုဒ္ဒကနိကာယ်၊ ဥဒါနပါဠိတော်။ ၅၁-၁၃၄)

(မမ္ဗဒါနအလျှရှင်)၊ အဲဗားဂွတ် အပ်ချုပ်ဆိုင် အမိ ဒေါ်သန်းရင်နှင့် သား-မောင်စိုးခင်၊ မတင်တင်မြင့် မိသားစု ကောင်းမှု။ ခေမာလမ်း၊ ကျောက်ကြီးစုရပ်၊ ပဲခူးမြို့။

# သုပ္ပဗုဒ္ဓ သုတ္တန် ဒေသနာတော်

## မှတ်သားဘွယ် အကျဉ်းချုပ်

### ဤလူအုပ်ဝယ် ခဲဘွယ်ဘောဇဉ် ရမည်ဆင်

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဝေဠုဝန်ကျောင်း၌ နေတော်မူ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ သုပ္ပဗုဒ္ဓ မည်သော လူနူကြီးတယောက် ရှိ၏။ အလွန်ဆင်းရဲ ညှိုးမှိန် စိုးရိမ်စရာ အခြေအနေရှိ၏။ ထိုအခါ ဘုရားမြတ်စွာသည် များစွာသောပရိသတ် ခြံရံလျက် တရားဟောယင်း ထိုင်နေ၏။ ထို သုပ္ပဗုဒ္ဓ လူနူကြီးသည် အဝေးမှပင် များစွာသော လူစုကြီးကို မြင်သည်သာ။ ဒါ့ကြောင့် သူ စိတ်ကူး၏။

နိဿံသယံ ခေါ တွေ ကိဉ္စိ ခါဒနီယံဝါ ဘောဇနီယံ ဝါဘာဇီယတိ၊ ယံနူနာဟံ ယေန သော မဟာဇနကာယော တေနုပသင်္ကမေယျံ၊ အပ္ပေဝနာမေတ္တ ကိဉ္စိ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ လဘေယျံ။

တွေ၊ ဤလူစုကြီးထဲ၌။ နိဿံသယံ၊ ယုံမှားမဲ့။ ခေါ၊ စင်စစ်။ ကိဉ္စိ၊ တစုံတခုသော။ ခါဒနီယံဝါ၊ ခဲဘွယ်ကို လည်းကောင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုလည်းကောင်း။ ဘာဇီယတိ၊ ဝေဘန်အပ်၏။ အဟံ၊ ငါသည်။ ယေန၊ အကြင်အရပ်၌။ သော မဟာဇနကာယော၊ ထိုလူများအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမေယျံ၊ ကပ်ရပါမူကား။ ယံနူန၊ ကောင်းလေစွ။ တွေ၊ ဤလူစုကြီးထဲ၌။ ကိဉ္စိ၊ တစုံတခုသော။ ခါဒနီယံဝါ၊ ခဲဘွယ်ကိုလည်းကောင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုလည်းကောင်း။ အပ္ပေဝနာမ၊ ကေန်မုချ။ လဘေယျံ၊ ရတန်ရာ၏။

## မြတ်ရှင်တရား နာကြားဘို့ရည် ထိုင်လိုက်ပြီ

သုပ္ပဗုဒ္ဓ လူနူကြီး လူစုကြီးထံ ချဉ်းကပ်ပြီ။ လူစုကြီးကို တရားဟောနေသော မြတ်စွာဘုရားကိုလည်း ဖူးမြင်ရပြီ။ ထို့ကြောင့် တမျိုး အကြံဖြစ်ပြန်ပြီ။

န ခေါ တွေ ကိဉ္စိ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဘာဇီယတိ၊ သမဏော အယံ ဂေါတမော ပရိသတိ ဓမ္မံ ဒေသေတိ၊ ယံနူနာဟမ္ပိ ဓမ္မံ သုဏေယျံ။

ခေါ၊ စင်စစ်။ တွေ၊ ဤလူစုကြီးထဲ၌။ ကိဉ္စိ၊ တစုံတခုသော။ ခါဒနီယံ ဝါ၊ ခဲဘွယ်ကိုလည်းကောင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုလည်းကောင်း။ န ဘာဇီယတိ၊ မဝေဘန်အပ်။ အယံ သမဏော ဂေါတမော၊ ဤရဟန်း ဂေါတမသည်။ ပရိသတိ၊ ပရိသတ်အလယ်၌။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောစ၏။ အဟမ္ပိ၊ ငါသည်လည်း။ ဓမ္မံ၊ တရားကို။ သုဏေယျံ၊ နာရမူကား။ ယံနူန၊ ကောင်းလေစွ။

ဤသို့ကြံလျက် ငါသည်လည်း တရားဝင်နာတော့မည် ဆုံးဖြတ်လျက် အစွန်နားမှ ထိုင်လိုက်လေ၏။

## ဓမ္မစက္ခု ဖြစ်မှုသေချာ သုပ္ပမှာ

မြတ်စွာဘုရားသည် ဤမျှ များပြားသော တရားနာ ပရိသတ်ကြီးကို ဘယ်သူသည် လူစုကြီးထဲ၌ တရားကို သိခြင်းငှာ ထိုက်ပါသနည်းဟု ကြည့်တော်မူလိုက်ရာ သုပ္ပဗုဒ္ဓခေါ် လူနူကြီးတယောက်ကိုဘဲ မြင်တော်မူ၏။ထို့ကြောင့် ယင်းလူနူကြီးကိုဘဲ အကြောင်းပြု ဟော၏။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာဒီနဝကထာ၊ ဩကာရသံကိလေသကထာ၊ နေက္ခမ္မာနိသံသကထာတို့ကို ဟောလေ၏။ အကြင်အခါ၌ မြတ်စွာဘုရားသည် ခန့်သောစိတ်၊ နူးညံ့သောစိတ်၊ နီဝရဏ ကင်းသောစိတ်၊ တက်ကြွသောစိတ်၊ ကြည်သိုသောစိတ် ရှိသော သုပ္ပဗုဒ္ဓ လူနူကြီးကို သိ၏။ ထိုအခါ ဘုရားရှင်တို့၏ သာမုက္ကံသိက ဓမ္မဒေသနာဖြစ်သော ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဟူသော သစ္စာတို့ကို ပြတော်မူ၏။ အညစ်အကြေးကင်းသော အဝတ်ကို ဆိုးလိုက်ရသလို ထို့အတူ သုပ္ပဗုဒ္ဓ လူနူကြီးအား ထိုနေရာ၌ပင် ရာဂမြူ ရာဂအညစ်အကြေးကင်းသော (ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ) ဟူသော ဓမ္မစက္ခု ထင်ရှားဖြစ်လေပြီ။

## ဗုဒ္ဓစွမ်းရည် ပြပြီချီးကျူး အထူးထူး

ထိုအခါ သုပ္ပဗုဒ္ဓလူနူကြီးသည် မြတ်စွာဘုရား သာသနာတော်၌ ဒိဋ္ဌ ဓမ္မ ပတ္တဓမ္မ ဝိဒိတဓမ္မ ပရိယောဂါဠ္ဟဓမ္မ တိဏ္ဏဝိစိကိစ္ဆ ဝိဂတကထံကထ ဝေသာရဇ္ဇပ္ပတ္တ အပရပ္ပစ္စယ) ဟူသော သူခပ်သိမ်း မကြုံဘူးသော ဂုဏ်အထူး ဝိသေသအပေါင်းတို့နှင့် ပြည့်စုံသွားလေ၏။ ထို့ကြောင့် ထိုနေရာမှ တပြီး ဘုရားရှင်ထံ ချဉ်းကပ်ကာ ဤသို့ လျှောက်ထားလေ၏။

အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ၊ သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ စက္ခုမန္တော ရူပါနိ ဒက္ခန္တီတိ၊ ဧဝမေဝံ ဘဂဝတာ အနေကပရိယာယေန ဓမ္မော ပကာသိတော။

ဘန္တေ၊ အရှင်ဘုရား။ အဘိက္ကန္တံ၊ အလွန်ဝမ်းမြောက်လှပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အဘိက္ကန္တံ၊ အလွန်ဝမ်းမြောက်လှပါ၏။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ဘန္တေ၊ အရှင်ဘုရား။ နိက္ကုဇ္ဇိတံ၊ မှောက်ထားသောအိုးကို။ ဥက္ကုဇ္ဇေယျ သေယျထာပိဝါ၊ လှန်လိုက်သကဲ့သို့ လည်းကောင်း။ ပဋိစ္ဆန္နံ၊ မြက် သစ်ရွက် စသည်တို့ဖြင့် ဖုံးလွှမ်းအပ်သော အရာဝတ္ထုကို။ ဝိဝရေယျ သေယျာထာပိဝါ၊ ဖွင့်လိုက်သကဲ့သို့လည်းကောင်း။ မူဠှဿ၊ လမ်းမှားသော သူအား။ မဂ္ဂံ၊ မှန်သောလမ်းကို။ အာစိက္ခေယျ သေယျထာပိဝါ၊ ပြောပြ လိုက်သကဲ့သို့လည်းကောင်း။ အန္ဓကာရေ၊ သန်းခေါင်အထဲ မှောင်မဲမဲ၌။ တေလပဇ္ဇောတံ၊ ဆီမီးတန်ဆောင်ကို။ ဓာရေယျ သေယျထာပိဝါ၊ ညှိထွန်း ပြောင်ပြောင် ဆောင်ပြလိုက်သကဲ့သို့ လည်းကောင်း။ စက္ခုမန္တော၊ အမြင် မျက်စိရှိသောသူတို့သည်။ ရူပါနိ၊ အဆင်းအမျိုးမျိုးတို့ကို။ ဒက္ခန္တိ၊ မြင်ကြကုန် လတ္တံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဧဝမေဝံ၊ ဤအတူသာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနေကပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ ဓမ္မော၊ တရားတော်ကို။ ပကာသိတော၊ ထင်ရှားပြတော်မူအပ်ပါပေ၏။

## အကုသိုလ်အကြွင်း မယွင်းလူနူ ဖြစ်ခဲ့သူ

"အရှင်ဘုရား၊ ယနေ့ကိုအစပြု၍ အသက်ဆုံးသည်တိုင်အောင် ကိုးကွယ် ရာ ဟူ၍ ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည်

တပည့်တော်ကို ဥပါသကာဟူ၍ မှတ်တော်မူပါ'' ဟု လျှောက်ထား၏။ ထို့နောက် သုပ္ပဗုဒ္ဓ လူနူကြီးသည် မြတ်စွာဘုရားကို လက်ယာရစ်လှည့်ကာ ပြန်သွားလေ၏။ မဝေးသေး။ ခဏအကြာ ယင်းလူနူကြီးကို ဆားငယ်ရှိ နွားမ ထခွေ့၍ သေဆုံးလေ၏။ သောတာပန်တည်ပြီးသော လူနူကြီးသည် သံယောဇဉ် သုံးပါးကုန်ခြင်းကြောင့် (အဝိနိပါတဓမ္မ၊ နိယတဂတိက၊ သမ္ဗောဓိပရာယန) ဟူသော အကျိုးတို့ကို ရလေ၏။ တချိန်က ယင်း လူနူကြီးသည် ရာဇဂြိုဟ်ပြည်၌ သဌေးသား ဖြစ်ဘူး၏။ တဂရသိခီ မည်သော ပစ္စေကဗုဒ္ဓါတပါးကို လူနူသည် လူနူ၏အဝတ်ဖြင့် လှည့်လည်၏ဟု ကြံစည်ပြီးလျှင် ကံတွေးထွေးကာ အရိုအသေမပြုဘဲ ဖဲသွားခဲ့၍ အနှစ်အရာ၊ အနှစ်အထောင်၊ အနှစ်အသိန်းတို့ ပတ်လုံး ငရဲ၌ ခံရပြီးပြီ။ အကုသိုလ်ကံ ကြွင်းလေးအတွက် ယခု ရာဇဂြိုဟ်ပြည်မှာ လူနူကြီး ဖြစ်နေရသေး၏။

၁၃၃၇-ခုနှစ်၊ ဝါခေါင်လကွယ် နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## မဟာသုဒဿန သုတ္တန် ဒေသနာတော်

❀

ကုသိနာရုံ၊ မြို့ရွှေဘုံ၊ လွှမ်းခြုံနီးနားမှာ။
လုမ္ဗိနီခေါ်တွင်၊ မင်းဥယျာဉ်၊ ပြုပြင် လွန်သာယာ။
ထွားထွားဆင့်ဆင့်၊ ပင်ပျိုမြင့်၊ အပွင့် စီစီဖြာ။
ရိုးတံဖုံးမျှ၊ ပင်လုံးကြွ၊ အလှ နီတာတာ။
စုံပြေရှုခင်း၊ မလ္လာမင်း၊ အင်ကြင်း တော၀နာ။
ပရိနိဗ္ဗာန်၊ ပြုဘို့ရန်၊ အမှန် ကြွခဲ့ပါ။
ရှင်အာနန္ဒာက၊ မေးသမျှ၊ ဖြေရ မြတ်ဗုဒ္ဓါ။
ကုသဝတီ၊ မင်းနေပြည်၊ ဖြစ်သည် အာနန္ဒာ။
မဟာသုဒဿန၊ မင်းရာဇ၊ မုချ ငါသည်သာ။
ယူဇနာဆယ့်နှစ်၊ အလျားဖြစ်၊ ခုနစ် အနံပါ။
အာဋ္ဌကမန္ဒာ၊ နတ်မြို့မှာ၊ နှိုင်းစာ ထပ်တူသာ။
ကျောင်းလှူဒါန၊ အကျိုးက၊ ပေါက်ထ ဗိမာန်ပါ။
ယာဉ်အလှူဟာ၊ အကျိုးမှာ၊ စကြာရတနာ။
ခုတင်လှူက၊ ကျိုးဖလ၊ ရထ ဆင်ရတနာ။
ဖိနပ်လှူက၊ ကျိုးဖလ၊ ရထ မြင်းရတနာ။
မီးအလှူက၊ ကျိုးဖလ၊ ရထ ပတ္တမြားရတနာ။
အသေးသုံးလှူက၊ ကျိုးဖလ၊ ရတ သမီးရတနာ။

တောင်ဝှေးလှူကာ၊ ကျိုးဖလ၊ ရယ သားကြီးရတနာ။
လိုတာလှူကာ၊ ကျိုးဖလ၊ ရထ သငွေးရတနာ။
ရေအိုးလှူကာ၊ ကျိုးဖလ၊ လေးဝ ရွှေအိုးသာ။
ဟံတိုင်းလှူကာ၊ ကျိုးဖလ၊ ရထ တံတိုင်းခုနစ်ဖြာ။
နတ်လမ်းလှူကာ၊ ကျိုးဖလ၊ ရထ စောင်းတန်းသာ။
သင်္ကန်းလှူကာ၊ ကျိုးဖလ၊ ရထ ဝတ်ထည်ပါ။
ဆွမ်းအလှူကာ၊ ကျိုးဖလ၊ ရထ ကျည်မျှားစွာ။
ရေကန်လှူကာ၊ ကျိုးဖလ၊ ရထ ရေကန်သာ။

(ဒီဃနိကာယ မဟာဝဂ္ဂပါဠိတော်။ နှာ-၁၃၉)

(ဓမ္မဒါန အလှူရှင်) ဦးချစ်လှိုင်-ဒေါ်သန်းကြွယ်မိသားစု။
အမှတ် ၁၅၀၊ ဆေးရုံဟောင်းလမ်း၊ ပဲခူးမြို့။

## မဟာသုဒဿန သုတ္တန် ဒေသနာတော်

### မှတ်သားဘွယ် အကျဉ်းချုပ်

## မြို့ကြီးများမှာ ကြွကာပြုရန် ပရိနိဗ္ဗာန်

အခါတပါး မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်ဖြစ်သော အင်ကြင်းပင်ပျိုတို့၏ အကြား ပရိနိဗ္ဗာန်ပြုရာအခါ ကုသိနာရုံမြို့ကလေး၌ နေတော်မူ၏၊ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားထံ ကပ်ပြီး၍ အနီးအနား လျောက်ပတ်သော နေရာတခု၌ ထိုင်လိုက်၏။ ထိုင်ပြီး၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထား၏။

မာ ဘန္တေ ဘဂဝါ ဣမသ္မိံ ခုဒ္ဒကနဂရကေ ဥဇ္ဇင်္ဂလနဂရကေ သာခါနဂရကေ ပရိနိဗ္ဗာယိ၊ သန္တိ ဘန္တေ အညာနိ မဟာနဂရာနိ၊ သေယျထိဒံ၊ စမ္ပာ ရာဇဂဟံ သာဝတ္ထိ သာကေတံ ကောသမ္ဗီ ဗာရာဏသီ၊ ဧတ္ထ ဘဂဝါ ပရိနိဗ္ဗာယတု၊ ဧတ္ထ ဗဟူ ခတ္တိယ မဟာသာလာ ဗြာဟ္မဏ မဟာသာလာ ဂဟပတိ မဟာသာလာ တထာဂတေ အဘိပ္ပသန္နာ၊ တေ တထာဂတဿ သရီရပူဇံ ကရိဿန္တိ။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဤ အလွန်ငယ်သောမြို့၌၊ ဤကြမ်းတမ်းသောမြို့၌၊ ဤသစ်ခက်နှင့် တူသောမြို့၌၊ ပရိနိဗ္ဗာန် မပြုပါလင့်။ အရှင်ဘုရား၊ တပါးသော မြို့ကြီးတို့သည် များစွာ ရှိပါကုန်၏။ တပါးသော မြို့ကြီးတို့မှာ စမ္ပာမြို့၊ ရာဇဂြိုဟ်မြို့၊ သာဝတ္ထိမြို့၊ သာကေတမြို့၊ ကောသမ္ဗီမြို့၊ ဗာရာဏသီမြို့တည်း။ ဤမြို့ကြီးတို့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုပါလော။ ဤမြို့ကြီးတို့၌ ခတ္တိယ မဟာသာလ၊ ဗြာဟ္မဏ မဟာသာလ၊ ဂဟပတိ မဟာသာလတို့ ရှိကြကုန်၏။ မြတ်စွာဘုရားကိုလည်း အလွန် ကြည်ညိုကြကုန်

၏။ ထိုလူကုံထံကြီးများက မြတ်စွာဘုရားအား သရီရပူဇာမှုကို ခမ်းနားစွာ ပြုကြကုန်လတ္တံ့''။

## အာဋကမန္ဒာ နတ်ရွာတမျှ ပြည့်စုံလှ

''ချစ်သား အာနန္ဒာ၊ ဤကုသိနာရုံ မြို့ကလေးကို ငယ်သောမြို့ ဟူ၍လည်းကောင်း၊ ကြမ်းတမ်းသောမြို့ ဟူ၍ လည်းကောင်း၊ သစ်ခက်နှင့်တူသော မြို့ဟူ၍ လည်းကောင်း ဆင် မဆိုနှင့်။

''ချစ်သား အာနန္ဒာ၊ ငါဘုရားသည် ရှေးအခါက (ခတ္တိယ မုဒ္ဓါဝသိတ္တ စာတုရန္တ ဝိဇိတာဝိ ဇနပဒတ္ထာဝရိယပ္ပတ္တ) ဂုဏ်နှင့် တကယ် ပြည့်စုံသော မဟာသုဒဿနမင်းကြီး ဖြစ်ဘူး၏။ ချစ်သား အာနန္ဒာ၊ ထိုအခါ၌ ဤကုသိနာရုံ မြို့ကလေးသည် ကုသာဝတီ မင်းနေပြည်ကြီး ဖြစ်ဘူးပြီ၊ အရှေ့ အနောက် အလျားအားဖြင့် ဆယ့်နှစ်ယူဇနာ၊ တောင်မြောက် အနံအားဖြင့် ခုနစ်ယူဇနာ ရှိ၏၊ ချစ်သား အာနန္ဒာ၊ ဤကုသိနာရုံ တောမြို့လေးသည် တချိန် ကုသာဝတီ ရာဇဓာနီ မင်းနေပြည်ကြီး ဖြစ်စဉ်က အလွန် ကြွယ်ဝ ပြည့်စုံလှ၏။ သာယာဝပြော၏။ များစွာသော လူတို့ဖြင့် ပြွမ်း၏။ စားသောက်စရာတွေ ပေါများ၏။ ချစ်သား အာနန္ဒာ၊ ဥပမာပြရလျှင် အာဋကမန္ဒာ နတ်မြို့ကြီး၌ ပြည့်စုံသလို ဤ၌လည်း အလွန် ပြည့်စုံကုန်၏။

## အသံဆယ်ပါး ထင်ရှားနေ့ည မဆိတ်ကြ

ချစ်သား အာနန္ဒာ၊ ကုသာဝတီ ရာဇဓာနီ မင်းနေပြည်ကြီးသည် နေ့နေ့ညည ဆယ်ပါးသောအသံတို့ဖြင့် ဘယ်အခါမျှ မဆိတ်သုဉ်းပါ။ ယင်း အသံ ဆယ်ပါးတို့ကား-

(၁) ဟတ္ထိသဒ္ဒ
(၂) အဿသဒ္ဒ
(၃) ရထသဒ္ဒ
(၄) ဘေရိသဒ္ဒ
(၅) မုဒိင်္ဂသဒ္ဒ
(၆) ဝီဏာသဒ္ဒ
(၇) ဂီတသဒ္ဒ
(၈) သင်္ခသဒ္ဒ
(၉) သမ္မသဒ္ဒ
(၁၀) ပါဏိတာဠသဒ္ဒ

**မှတ်ချက်** ။ပါဏိတာဠသဒ္ဒဟူသည် အလွန် ပေါများ၍ စားကြပါ၊ သောက်ကြပါ၊ ခဲကြပါဟူ၍ ပြောနေ ဆိုနေ ကျွေးမွေးနေသော အသံတို့တည်း။

## တံတိုင်းခုနစ်ထပ် လေးရပ်တံခါး လွှန်ခမ်းနား

"ချစ်သား အာနန္ဒာ၊ တချိန်က ကုသာဝတီ ရာဇဓာနီ မင်းနေပြည်ကြီးသည် တံတိုင်းခုနစ်ထပ် သပ်ရပ်စွာ ကာရံထား၏။ (၁) ပထမတံတိုင်း ရွှေဖြင့် ပြီး၏။ (၂) ဒုတိယတံတိုင်းက ငွေဖြင့် ပြီး၏။ (၃) တတိယတံတိုင်းက ကြောင်မျက်ရွဲဖြင့် ပြီး၏။ (၄) စတုတ္ထတံတိုင်းက ဖန်ဖြင့် ပြီး၏။ (၅) ပဉ္စမတံတိုင်းက ပတ္တမြားနီဖြင့် ပြီး၏။ (၆) ဆဋ္ဌ တံတိုင်းက ပတ္တမြားပြောက်ဖြင့် ပြီး၏။ (၇) သတ္တမ တံတိုင်းက ရတနာအစုံတို့ဖြင့် ပြီး၏။ လေးဘက် လေးတန် တံခါးတို့မှာ အဆင်းလေးမျိုး ရှိကုန်၏။ (၁) ပထမ တံခါးက ရွှေဖြင့် ပြီး၏။ (၂) ဒုတိယ တံခါးက ငွေဖြင့် ပြီး၏။ (၃) တတိယ တံခါးက ကြောင်မျက်ရွဲဖြင့် ပြီး၏။ (၄) စတုတ္ထ တံခါးက ဖန်ဖြင့် ပြီး၏။ တံခါး တခု တခု၌ တံခါးတိုင် ခုနစ်ချောင်း ခုနစ်ချောင်း ရှိကုန်၏။ တံခါးတိုင် ခုနစ်ခုမှာ အထက်ပါအတိုင်း ရွှေ၊ ငွေ၊ ကြောင်မျက်ရွဲ၊ ဖန်၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်၊ ရတနာစုံတို့ဖြင့် အစဉ်အတိုင်း ပြီးကုန်၏"

## ရတနာကလ္လဒ္ဓိ ဖြိုးပြည့်မယွင်း စကြာမင်း

"ချစ်သား အာနန္ဒာ၊ ငါသည် ဤခနရာ၌ မဟာသုဒဿနမင်းကြီးဖြစ်စဉ်က (က) ရတနာ ခုနစ်ပါး၊ (ခ) ဣဒ္ဓိလေးပါးနှင့် ပြည့်စုံ၏"။

(က) ရတနာခုနစ်ပါးမှာ– (၁) စက္ကရတနာ (၂) ဟတ္ထိရတနာ
(၃) အဿရတနာ (၄) မဏိရတနာ
(၅) ဣတ္ထိရတနာ (၆) ဂဟပတိရတနာ
(၇) ပရိဏာယက ရတနာ

(ခ) ဣဒ္ဓိ လေးပါးမှာ– (၁) အဘိရူပ ဒဿနီယ ပါသာဒိကဣဒ္ဓိ
(၂) ဒီဃာယုကဣဒ္ဓိ
(၃) အပ္ပါဗာဓဣဒ္ဓိ
(၄) ပိယမနာပဣဒ္ဓိ

**မှတ်ချက်**။ ။တခုစီ တခုစီ၏ အကျယ်ကို (ဝါ) အပြည့်အစုံကို သိလိုမူ ဒီဃနိကာယ မဟာဝဂ္ဂ ပါဠိတော်၊ ဆဋ္ဌရိုက်၊ စာမျက်နှာ ၁၃၉–၌ ကြည့်လေ။

၁၃၃၇-ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ

# ဟောကြားအပ်သော

## အနာထပိဏ် သဌေးကြီး၏ သမီး

## သကဒါဂါမ် အရိယာမလေး သုမနဒေဝီဝတ္ထု

သာဝတ္ထိနေရ၊ မြို့ဌာန၊ ဇေတ ဥယျာဉ်မှာ။
ငါးဆယ့်လေးကုဋေ၊ ရွှေငွေတွေ၊ ကုန်စေ အသပြာ။
ဇေတဝန်မည်သာ၊ ကျောင်းဝိဟာ၊ ဆောက်ထား ကြီးကျယ်စွာ။
သောတာပန်အဆင့်၊ ဉာဏ်ရည်တင့်၊ ကြီးမြင့် ကျောင်းဒကာ။
အနာထပိဏ်မည်ဟိုး၊ သဌေးကြီး၊ သမီး သုမနာ။
ရှုမှတ်ပွားကျင့်၊ ဉာဏ်ရည်မြင့်၊ အဆင့် သကဒါ။
သိင်္ဂီရောင်ဆင်း လှပဝင်း၊ ပျံ့သင်း အလိမ္မာ။
စေတနာသဲ၊ သဒ္ဓါကဲ၊ အမြဲ ကျေပွန်စွာ။
သံဃာလိုသမျှ၊ လှူဒါန်၊ ပြုရ သူ့ကိစ္စာ။
ကျောင်း ဝေယျာဝစ္စ၊ ရှိသမျှ၊ တက်ကြွ ဆောင်ရွက်လာ။
ရောဂါဖိစီး၊ သေခါနီး၊ ခေါ်ပြီး တွေ့စဉ်မှာ။
အနာထပိဏ်ခေါ်တွင်၊ သူ့ဘခင်၊ အရှင် သဌေးမှာ။
သမီးဖြစ်ရှာ၊ ပြောနေတုန်း၊ သေဆုံး သုမနာ။
ပရိဒေဝ၊ ဒေါမနဿ၊ သောက ဖြစ်၍သာ။
ဘုရားထံမှောက်၊ ဘခင်ရောက်၊ လျှောက်ပြ မိန့်သည်မှာ။

အဆင့်ငယ်ရေး၊ သူမျှော်တွေး၊ မောင်လေး ခေါ်ခဲ့တာ။
ကုသိုလ်ဒါန၊ အားကုန် မ၊ စုထ လမ်းရိက္ခာ။
တက်ကြွပြုစု၊ သူ့ကောင်းမှု၊ ယခု တုသိတာ။
ငါးခွန်ကုဋေ၊ ခြောက်သန်းနေ၊ တွက်ရေ နှစ်တွေမှာ။
နတ်၏စည်းစိမ်၊ ဝင်းဝင်းထိန်၊ ဂုဏ်ရှိန် ပြည့်စုံစွာ။
ပါရမီရှိက၊ ချမ်းသာရ၊ ဘဝ ထိုဤမှာ။
အရိယာပေါင်း၊ ဘုရားလောင်း၊ ကောင်းကောင်း ဖြည့်ခဲ့ရာ။
ဒါန သီလာ၊ နိက္ခမာ၊ ပညာ ဝီရိယာ။
ခန္တီ သစ္စာ၊ အဓိဋ္ဌာ၊ မေတ္တာ ဥပေက္ခာ။
ပါရမီမြတ်၊ ဤဆယ်ရပ်၊ ဖြည့်အပ် ထူးချွန်စွာ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ။ နှာ-၉၇)

(ဓမ္မဒါနအလှူရှင်) ဦးမောင်ခင်-ဒေါ်မြစိန် သားသမီး မြေးများ၏ စေတနာတရု ကောင်းမှု။ အမှတ် (၅၁၀) ၁-လမ်း၊ လိပ်ပြာကန်၊ ပဲခူးမြို့။

## အနာထပိဏ် သဌေးကြီး၏ သမီး

## သကဒါဂါမ် အရိယာမလေး သုမနဒေဝီ ဝတ္ထု

### မှတ်သားဘွယ် အကျဉ်းချုပ်

### အနာထပိဏ် ဂုဏ်ရှိန်ကြီးထ ဝိသာခ

ဤ တရား ဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေစဉ် သုမနဒေဝီကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေ့တိုင်း အနာထပိဏ်သဌေး၏ အိမ်၌ ရဟန်းအပါး နှစ်ထောင်တို့ ဆွမ်းဘုဉ်းပေးကုန်၏။ ထို့အတူ ဝိသာခါ ဥပါသိကာမကြီး အိမ်၌လည်း အပါးနှစ်ထောင်ပင် ဆွမ်းဘုဉ်းပေးကုန်၏။ သာဝတ္ထိပြည်၌ အကြင်ပုဂ္ဂိုလ်သည် လှူလို၏၊ ထိုပုဂ္ဂိုလ်သည် ထို အနာထပိဏ်၊ ဝိသာခါတို့၏ အထံ၌ ခွင့်တောင်းရ၏။ ခွင့်ရမှ ပြုရ၏။ အကြောင်းကား "သင်တို့ အလှူသို့ အနာထပိဏ်၊ ဝိသာခါတို့ လာကြသလော"ဟု မေးလို့ မလာဟု ဆိုလျှင် ငွေတသိန်း အကုန်ခံ လှူသော်လည်း ဒီအလှူ ဘာအလှူနည်းဟု ကဲ့ရဲ့ကြလေကုန်၏။ သူတို့ နှစ်ယောက်လုံးသည် သံဃာတော်များ၏ အလို အကြိုက်ကို အလွန်သိကြ၏။ ထို့ကြောင့် ခပ်သိမ်းသော သူတို့သည် အလှူလုပ်လိုကြလျှင် ထို အနာထပိဏ်၊ ဝိသာခါတို့ကို ခေါ်ကြရကုန်၏။

### သမီး မကျန်းမာ ခေါ်ရာအနီး ရောက်ခဲ့ပြီး

ထို့နောက် ဝိသာခါသည် အဘယ်သူသည် ငါ၏အရာ၌ တည်၍ ရဟန်း အပေါင်းကို လုပ်ကျွေးလတ္တံ့နည်းဟု စဉ်းစားလျက် သား၏ သမီးကို မြင်၍ ထိုသမီးကို မိမိအရာ၌ထား၏။ အနာထပိဏ်သည်လည်း မဟာသုဘဒ္ဒါမည်သော

သမီးကြီးကို မိမိအရာ၌ ထား၏။ထိုမဟာသုဘဒ္ဒါသည် ရဟန်းတို့၏ ဝေယျာဝစ္စကို ပြုလျက်၊ တရားနာလျက်၊ သောတာပန်ဖြစ်၍ လင့်အိမ်သို့ လိုက်ရလေ၏။ ထိုနောက် စူဠသုဘဒ္ဒါကို ထား၏။ထိုစူဠသုဘဒ္ဒါသည်လည်း ထိုအတိုင်းပြုလျက် သောတာပန်ဖြစ်၍ လင့်အိမ်သို့ လိုက်ရပြန်၏။ ထိုအခါ သုမနဒေဝီမည်သော သမီးငယ်ကို ထား၏။ ထိုသမီးငယ် သုမနဒေဝီသည် တရားနာ၍ သကဒါဂါမ် အဖြစ်သို့ ရောက်၏။အိုးအိမ်ထောင်မပြုဘဲနေ၏။နောင် မကျန်းမာ၍ အာဟာရ ဖြတ်လာ၊ တနေ့ ဘခင်ကို မြင်လိုသည်ဖြစ်၍ ခေါ်၏။ ထို ဘခင် အနာထပိဏ် သဌေးကြီးသည်လည်း ကြား၍ လာ၏။

## ဘခင်ကိုပင် မောင်လျှင်လုံးလုံး တွင်တွင်သုံး

အနာထပိဏ်သဌေးကြီးသည် "သမီး သုမနဒေဝီ၊ယခု ဘာဖြစ်သလဲ"ဟု မေး၏။ သမီး သုမနဒေဝီက "မောင်တော်လေး ဘာပြောသလဲ" ဟု ပြန်မေး၏။ "သမီး ယောင်ယမ်းပြောဆိုနေသလား"ဟု မေး၏။ "မောင်တော်လေး၊ ငါ ယောင်ယမ်း ပြောဆိုနေသည်မဟုတ်ပါ"ဟု ပြောပြန်၏။ "သမီး ကြောက်သလား"ဟု မေး၏။ "မောင်တော်လေး၊ မကြောက်ပါ"ဟု ဖြေ၏။ ဤမျှဆို၍ သေသွားလေ၏။ ဘခင် အနာထပိဏ် သဌေးကြီးသည် သမီးအတွက် စိတ်လက်မကောင်းဘဲ မိမိသည် သောတာပန်ဖြစ်သော်လည်း သည်းခံခြင်းငှာ မစွမ်းနိုင်ပဲ သင်္ဂြိုဟ်မှုပြုကာ ငိုကြွေးလျက် ဘုရားထံသွားပြီး မိမိ၏သမီး သုမနဒေဝီ ပျက်စီးသွားသည့်အကြောင်း လျှောက်၏၊ "အဘယ့်ကြောင့် စိုးရိမ်ဘိ သနည်း"ဟု မေး၏။ "သေခြင်းတရားကို သိပါ၏။ ထိုသမီးသည် အရှက် အကြောက် အလွန်ကြီးပါ၏။ သေခါနီး သတိလွတ်လျက် ကယောင်ကတမ်း ပြောပြီး သေရ၏။ ထို့ကြောင့် စိတ်မချမ်းသာဘဲ ဖြစ်နေပါ၏"ဟု အကြောင်းစုံ ပြန်လျှောက်၏။

## သင်က သောတာပန် အမှန်ဆိုပိမ့် အဆင့်နိမ့်

ထိုအခါ အနာထပိဏ်သဌေးကြီးကို မြတ်စွာဘုရားက "သဌေးကြီး၊ သင်၏ သမီးသည် ယောင်ယမ်း ပြောဆိုနေသည်မဟုတ်၊သင်က ငယ်လို့ သင့်ကို မောင်တော်လေးဟူ ပြောတာဘဲ။ သဌေးကြီး၊ မဂ်ဖိုလ် အဆင့်အားဖြင့် သင့်သမီးက သင့်ထက်ကြီး၏။ သင်က ယခု သောတာပန်အဆင့်သာ ရှိ၏။

သင့်သမီးက သကဒါဂါမ်တည်း၊ ဒါ့ကြောင့် ကြီး၏''။ ''သမီး ယခု အဘယ်မှာ ဖြစ်ပါသနည်း''။ ''တုသိတာ နတ်ပြည်၌ နတ်သမီးတည်း''။ ''ယခု သူ့မှာ ပျော်မွေ့မှု၊ နှစ်သက်မှုများ ရှိပါ၏လော''။ ''သဋ္ဌေးကြီး၊ လောကမှာ အပ္ပမာဒ ခေါ်၍ ကုသိုလ်ကောင်းမှုတို့၌ မမေ့ မလျော့သောသူသည် ပစ္စုပ္ပန် (ဣဓ လောက) တမလွန် (ပရ လောက) နှစ်ဌာနလုံးတို့၌ ပျော်မွေ့မှု၊ နှစ်သက်မှု အမြဲ ရှိနေသည်သာ''ဟု မိန့်ကြားလေ၏။

## ပစ္စုပ္ပန် တမလွန် နှစ်တန်ဘဝ ချမ်းသာရ

မြတ်စွာဘုရားသည် ယင်း အနာထပိဏ်သဋ္ဌေးကြီး၏ မေးလျှောက်ချက်ကို ဖြေဆိုသောအားဖြင့် အောက်ပါ ဂါထာကို မိန့်ကြားလေ၏။

ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊ ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။ ။

ကတပုညော၊ ဒါန သီလ သမထ ဝိပဿနာ စစ္စာကောင်းမှု များစွာ ပြုလေ့ရှိသောသူသည်။ ဣဓ၊ ဤပစ္စုပ္ပန် ဘဝ၌။ နန္ဒတိ၊ ဝမ်းမြောက်နှစ်လိုရ၏။ ပေစ္စ၊ တမလွန်ဘဝ၌။ နန္ဒတိ၊ ဝမ်းမြောက် နှစ်လိုရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌။ နန္ဒတိ၊ ဝမ်းမြောက် နှစ်လိုရ၏။ မေ၊ ငါသည်။ ပုညံ၊ ဒါန သီလ သမထ ဝိပဿနာ စစ္စာ ပေါင်းစု မြတ်ကောင်းမှုကို။ ကတံ၊ ပြုပြီးပြီ။ ဣတိ၊ ဤသို့။ နန္ဒတိ၊ ဝမ်းမြောက် နှစ်လိုရ၏။ ဘိယျော၊ အကျိုးပေးမြဲ လွန်ထူးကဲသည်ဖြစ်၍။ သုဂ္ဂတိံ၊ သုဂတိ ဘဝသို့။ ဂတော၊ လားရ၏။ နန္ဒတိ၊ (အနှစ်ပေါင်း ၅၇-ကုဋေ ၆-သန်း ကာလပတ်လုံး နတ်တို့၏ သမ္ပတ္တိ သုခကို ခံစားရယူလျက် တုသိတာ နတ်ပြည်၌) ဝမ်းမြောက် နှစ်လိုရ၏။

ဤတရားဂါထာအဆုံး၌ များစွာသော လူတို့သည် အချို့ သောတာပန်၊ အချို့ သကဒါဂါမ် စသည် ဖြစ်ကုန်၏။ အချို့ ကုသိုလ်တရား များစွာ တိုးပွား ကြကုန်၏။

၁၃၃၇-ခုနှစ်၊ တော်သလင်းလဆုတ် (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### အနန္တငါးရပ် ကျေးဇူးဆပ် တရားတော်

မာတုပေါ်ယကမထေရ် ဝတ္ထု၊

သာဝတ္ထိမည်၊ မြို့ရွှေပြည်၊ ဌာနီ မိဘမှာ။
ကြွယ်ဝထွေထွေ၊ ငွေနှင့်ရွှေ၊ ကုဋေ ဆယ့်ရှစ်သာ။
ကုသိုလ်ကံထောက်၊ သားတယောက်၊ ထွန်းပေါက် ရင်ဝယ်မှာ။
ရဟန်းဘဝ၊ ရလိုလှ၊ တောင်းထ ခွင့်ကိုသာ။
ငါးနှစ်လောက်သာ၊ စာသင်ကာ၊ နောက်မှာ တောထွက်လာ။
ကမ္မဋ္ဌာန်းအလုပ်၊ လွန်ကြိုးကုတ်၊ အားထုတ် ဆယ့်နှစ်နှစ်ကြာ။
အိမ်ရောပစ္စည်း၊ အသီးသီး၊ ချည်းနှီး ဖြစ်ကုန်ပါ။
မျက်စိမှုန်မွဲ၊ အိုနာစွဲ၊ ခွက်ဆွဲ တောင်းစားလာ။
ညော့်ရဟန်းက၊ ပြောပြမှ၊ စီးကျ မျက်ရည်သာ။
ဆယ့်နှစ်နှစ်တိုင်၊ ကြံ့ကြံ့ခိုင်၊ ပိုင်ပိုင် အားထုတ်လာ။
မဂ်ဖိုလ်မပြီး၊ အချည်းနှီး၊ သူငြီး အဘဗ္ဗာ။
လူထွက်ပြီးမှ၊ ရှာဖွေရ၊ ဒါန နတ်ပြည်သာ။
လာရင်းရောက်ရ၊ လမ်းနှစ်ခွ၊ ဇေတ သာဝတ်ပါ။
ဥပနိဿယ၊ ပြည့်စုံလှ၊ မြင်ထ မြတ်ဗုဒ္ဓါ။

ဟောပြီးကာလ၊ ပေ့ဘာဝ၊ စိတ်မျှ မရှိပါ။
ကန်တော့ဆွမ်းသာ၊ အခါခါ၊ ပြောရှာ မိဘမှာ။
မှတ်မိနောက်မှ၊ ခြေဖက်ကြ၊ ငိုကြ သုံးဦးမှာ။
လုပ်ကျွေးဘို့ရည်၊ ပြန်လာပြီ၊ သာကြည် ပြောပြကာ။
ယာဂုတိုက်ပေး၊ ရေချိုးပေး ထွေးပေး နွေးဘို့ရာ။
သပိတ်လက်စွဲ၊ မြို့ရွာထဲ၊ အားခဲ ဆွမ်းခံကာ။
ကျွေးပြီးမိဘ၊ အကျန်မှ၊ မျှတ မိမိမှာ။
သံဃာလူထု၊ ခေါ်ဝေါ်ပြု၊ မာတုပေါသကာ။
သစ္စာတရား၊ ဟောမိန့်ကြား၊ ဆုံးသွား ထပ်တူစွာ။
သောဘာပန်အဆင့်၊ ဂုဏ်ရည်တင့်၊ ကြီးမြင့် သားတော်မှာ။

(ဇာတက အဋ္ဌကထာ၊ ဆဋ္ဌအုပ်။ နှာ-၇၅)

(ဓမ္မဒါနအလှူရှင်) အဖ ဗားဂွတ် အစ်ချုပ်ဆိုင်၊ အမိ ဒေါ်သန်းရင်နှင့်
သား မောင်စိုးခင်-မတင်တင်မြင့် မိသားစုကောင်းမှု။
ခေမာသုခ၊ ကျောက်ကြီးစုရပ်၊ ပဲခူးမြို့။

## အနန္တငါးရပ် ကျေးဇူးဆပ် တရားတော်
## မာတုပေါသကမထေရ် ဝတ္ထု၊
## မှတ်သားဘွယ် အကျဉ်းချုပ်

❁

### ရဟန်းဖြစ်ကို ပြုလိုခညောင်း ခွင့်ပန်တောင်း

သာဝတ္ထိပြည်၌ တဆယ့်ရှစ်ကုဋေကြွယ်ဝသော သဌေးကြီးမှာ မိဘ ချစ်မြတ်နိုးသော သားတယောက်ရှိ၏။ ထိုသားသည် တနေ့သ၌ မြတ်သော ပြာသာဒ်ထက်သို့တက်၍ ပြူတင်းပေါက်ကိုဖွင့်၍ လမ်းသို့ကြည့်သော် နံ့သာပန်း စသည် လက်စွဲလျက် တရားနာအံ့သောငှာ ဇေတဝန်ကျောင်းတော်သို့ သွားသော လူအပေါင်းကို မြင်၍ ငါလည်း တရားနာအံ့ဟု မိဘတို့ကို ရှိခိုး၍ နံ့သာပန်း စသည် ယူလျက် ကျောင်းသို့သွား၍ အဝတ်၊ ဆေး၊ အဖျော် စသည်တို့ကို ရဟန်းအပေါင်းအားပေး၍ နံ့သာပန်း စသည်တို့ဖြင့် ဘုရားကို ပူဇော်၍ သင့်တော်သော နေရာ၌ နေလျက် တရားကိုနာ၍ ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ရဟန်းအဖြစ်၌ အာနိသင်ကို မှတ်၍ ပရိသတ် ထသွားသည် ရှိသော် ဘုရားရှင်သို့ကပ်၍ ရဟန်းအဖြစ်ကို တောင်းလေ၏။

### ရဟန်းပြုလို တောင်းဆိုအရေး ခွင့်မပေး

မိဘ ခွင့်မပြုသော သားသမီးကို ဘုရားတို့ မည်သည် ခွင့်မပြုဟု ကြား၍ ဘုရားကို ရှိခိုး၍ တဖန် အိမ်ပြန်ပြီး ရိုသေစွာ မိဘတို့ကိုရှိခိုး၍ ခွင့် တောင်း၏။ ထိုအခါ မိဘတို့က သား၏စကားကိုကြား၍ တယောက်တည်း သော သား၏အဖြစ်ဖြင့် နှလုံးသား ခုနစ်စိတ်ကွဲသကဲ့သို့ သားဟူသော ချစ်ခြင်းဖြင့် တုန်လှုပ်လျက် ဤသို့ ဆို၏။

တာတ ပိယပုတ္တက တာတ ကုလင်္ကုရ တာတ နယန တာတ ဟဒယ တာတ ပါဏသဒိသ တယာ ဝိနာ ကထံ ဇီဝါမ၊ တယိ ပဋိဗဒ္ဓ နော ဇီဝိတံ၊ မယံ ဟိ တာတ ဇရာဇိဏ္ဏာ ဝုဍ္ဍာ မဟလ္လကာ၊ အဇ္ဇဝါ သုဝေဝါ ပရသုဝေ ဝါ မရဏံ ပါပုဏိဿာမ၊ တသ္မာ မာ အမှေ ဩဟာယ ဂစ္ဆသိ၊ တာတ ပဗ္ဗဇ္ဇာနာမ အတိဒုက္ကရာ၊ သီတေန အတ္တေ သတိ ဥဏှံ လဘတိ၊ ဥဏှေန အတ္တေ သတိ သီတံ လဘတိ၊ တသ္မာ တာတ မာ ပဗ္ဗဇ္ဇာဟိ။

တာတ ပိယပုတ္တက၊ ချစ်လှစွာသောသား။ တာတ ကုလင်္ကုရ၊ အမျိုး၏ အညွန့်ဖြစ်သောသား။ တာတ နယန၊ မျက်စိနှင့်တူသောသား။ တာတ ဟဒယ၊ နှလုံးသားနှင့် တူသောသား။ တာတ ပါဏသဒိသ၊ အသက်နှင့်တူသောသား။ တယာ၊ သင်နှင့်။ ဝိနာ၊ ကင်း၍။ ကထံ၊ အဘယ်သို့လျှင်။ ဇီဝါမ၊ အသက် ရှည်ရကုန်အံ့နည်း။ နော၊ ငါတို့၏။ ဇီဝိတံ၊ အသက်သည်။ တယိ၊ သင်၌။ ပဋိဗဒ္ဓံ၊ စပ်၏။ ဟိ၊ မှန်၏။ တာတ၊ အမောင်။ မယံ၊ ငါတို့သည်။ ဇရာ ဇိဏ္ဏာ၊ အိုခြင်းကြောင့် ရင့်ရော်ကုန်၏။ ဝုဍ္ဍာ၊ အသက်အရွယ် ကြီးကုန်၏။ မဟလ္လကာ၊ အိုမင်းကုန်၏။ အဇ္ဇဝါ၊ ယနေ့၌ လည်းကောင်း။ သုဝေဝါ၊ နက်ဖြန်၌ လည်းကောင်း။ ပရသုဝေဝါ၊ သဘက်၌ လည်းကောင်း။ မရဏံ၊ သေခြင်းသို့။ ပါပုဏိဿာမ၊ ရောက်ကြကုန်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ အမှေ၊ ငါတို့ကို။ ဩဟာယ၊ စွန့်၍။ မာ ဂစ္ဆသိ၊ မသွားပါလင့်။ တာတ၊ အမောင်။ ပဗ္ဗဇ္ဇာနာမ၊ ရဟန်းအဖြစ် မည်သည်ကား။ အတိဒုက္ကရာ၊ အလွန် ခဲယဉ်း၏။ သီတေန၊ အအေးဖြင့်။ အတ္တေ သတိ၊ အလိုရှိလျက်။ ဥဏှံ အပူကို။ လဘတိ၊ ရ၏။ ဥဏှေန၊ အပူဖြင့်။ အတ္တေ သတိ၊ အလိုရှိလျက်။ သီတံ၊ အအေးကို။ လဘတိ၊ ရ၏။ တသ္မာ၊ ထို့ကြောင့်။ တာတ၊ ချစ်သား။ မာ ပဗ္ဗဇ္ဇာဟိ၊ ရဟန်းမပြုပါလင့်။

## ကမ္မဋ္ဌာန်းမှု အားပြုအစဉ် တောသိုဝင်

သားသည် မိဘများ ခွင့်မပြု၍ အလွန် စိတ်ညစ်၏။ ခုနစ်ရက် အစာ လုံးဝ မစား။ ထို့ကြောင့် ဤသို့ စိတ်ကူးကြလေကုန်၏။ ငါတို့၏ သားသည် အကယ်၍ ခွင့်မပြုအံ့၊ ချွတ် သေလတ္တံ့။ တဖန် မမြင်ရတော့အံ့။ ရဟန်း အဖြစ်၌ အသက်ရှည်နေသော် တဖန် သားကို မြင်ရကုန်လတ္တံ့။ ဤသို့စိတ်ကူးပြီး ခွင့်ပြုကုန်၏။ ထိုစကားကိုကြား၍ အလွန်ဝမ်းမြောက်၍ တကိုယ်လုံးညွတ်စေ၍

မိဘနှစ်ပါးကို ရှိခိုး၍ ကျောင်းသို့သွား၍ ဘုရားကို ရဟန်းအဖြစ် တောင်းပန်၏။ ဘုရားရှင်သည် ရဟန်းတပါးကိုခေါ်၍ "ဤသူကို ရဟန်းပြုပေးလော့"ဟု ခိုင်း၏။ ရဟန်းပြုပြီးသောအခါမှ စ၍ ဘုန်းကြီး၏။ လာဘ်လာဘ များ၏။ ထိုရဟန်းသည် ဆရာဥပဇ္ဈာယ်တို့ကို လျှောက်ထား၍ ငါးဝါတိုင်အောင် စာသင်ပြီး ဒီနေရာမှာ လူသူရှုပ်၏။ ငါ ဤနေရာ၌ ဆက်လက်နေ၍ မသင့်ဟု ဝိပဿနာဓုရ အားထုတ်လိုသည် ဖြစ်၍ ဆရာဥပဇ္ဈာယ်ထံမှာ ကမ္မဋ္ဌာန်း တောင်းပြီး ရှိခိုး၍ ဇေတဝန်ကျောင်းမှ ထွက်ပြီး တခုသောရွာငယ်ကို မှီ၍ တော၌နေ၏။

## ဘုရားသာဝက မိဘပါရည် ဆက်မေးပြီ

ထိုရဟန်းသည် ဝိပဿနာကိုပွား၍ တဆယ့်နှစ်ဝါအားထုတ်သော်လည်း တရားထူး မရခဲ့။ ထိုရဟန်း၏ မိဘတို့သည်လည်း သားရဟန်းပြုသွားသော အခါမှစ၍ ဆင်းရဲကုန်၏။ ထိုမိဘတို့၏ထံ၌ လယ်လုပ်သူ ကုန်သွယ်သူတို့သည်လည်း ထိုအိမ်၌ သားသမီး ညီအစ်ကို ဂရုတစိုက်ဆောင်ရွက်သူ မရှိဟုသိ၍ မိမိ လက်ဝယ်ရှိ ပစ္စည်းများကို ကြိုက်သလို ယူသွားကြကုန်၏။ အိမ်၌ ကျွန် အမှုလုပ်တို့သည်သည်း ရွှေငွေ စသည်တို့ကိုယူ၍ ပြေးကုန်၏။ တောင်းရမ်းစားသောက်ရသည်အထိ ဖြစ်ကုန်၏။ ထိုအခါ ရဟန်းတပါးသည် ဇေတဝန်ကျောင်းမှ ထွက်၍ အစဉ်အတိုင်းသွားသော် ထို (သဒ္ဓေးသား) ရဟန်းနေရာ အရပ်သို့ ရောက်သွားလေ၏။ အာဂန္တုကဝတ်ပြု၍ ချမ်းသာစွာနေသည့်အခါ "အရှင်ဘုရား၊ အဘယ်အရပ်မှ ကြွလာပါသနည်း"ဟု မေးသော် ဇေတဝန်ကျောင်းမှ ကြွလာကြောင်း ပြော၏။ "ဘုရားရှင်ရော မဟာသာဝကတွေရော နေကောင်းပါ၏လော"ဟု မေး၍ သူ၏ မိဘအကြောင်းကိုပါ ဆက်မေး၏။

## အိုကွယ့်ငါ့ရှင် သင်သည် ယခု လုပ်ကျွေးပြုလော့

ဤသို့ (သဒ္ဓေးသား) ရဟန်းကမေးသော် အာဂန္တုရဟန်းက "ငါ့ရှင်၊ ဒီအကြောင်း မမေးပါနှင့်" "အကြောင်းအသို့နည်း" "အဲဒီ အဘိုးကြီး အဖွားကြီးတို့မှာ ရှေးက အလွန်ကြွယ်ဝချမ်းသာ၏။ သားတယောက်ရှိ၏။ သူဟာ ဘုရားသာသနာမှာ ရဟန်းပြုနေ၏။ သူ ရဟန်းပြုသွားသော အချိန်မှစ၍ ရွှေငွေ ကျောက် သံ ပတ္တမြား အတွင်းအပ ပစ္စည်းတွေ ယခု အားလုံးကုန်ပြီး အဲဒါ

သိပ်သနားစရာ ကောင်းတယ်။ တောင်းစားနေရတယ်'' စသည် ပြောပြ။ နားထောင်ယင်း ထို(သဌေးသား)ရဟန်းမှာ ဆောက်တည်ရာ မရတော့ဘဲ မျက်ရည်ဖြင့်ပြည့်သော မျက်စိတို့ဖြင့် ငိုကြွေးလေ၏။ ''ငါ့ရှင်၊ အဘယ့်ကြောင့် နည်း'' ''အဲဒီရဟန်းကား အခြားမဟုတ်ပါ၊တပည့်တော်ပါတည်း''ဟု လျှောက်၏။ ''ငါ့ရှင်၊ ဒါဖြင့် ငါ့ရှင်၏ မိဘများ ငါ့ရှင်ကို အမှီပြု၍ ပျက်စီးကုန်ပြီ။ ဆင်သည် ပြန်သွား မိဘတို့ကို လုပ်ကျွေးလော့၊ မိဘတို့ကို ပြုစုလော့''

## ရဟန်းတော်မြတ် စိတ်ကပ်လမ်းညွှန် ဇေတဝန်

ထိုရဟန်းသည် တဆယ့်နှစ်ဝါလုံးလုံး အားထုတ်သော်လည်း မဂ်ဖိုလ်ကို ချခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် ငါသည်-

မဂ်ဖိုလ်မပြီး အချည်းနှီးသာဖြစ်လတ္တံ့၊ငါ့အား ရဟန်းအဖြစ်၌ နေသဖြင့် ဘာအကျိုးရှိအံ့နည်း။ လူထွက်၍ မိဘတို့ကို လုပ်ကျွေးပါတော့အံ့။ ဒါနပြု၍ နတ်ပြည်သို့ရောက်အောင် ပြုပါတော့အံ့။

ဤသို့ စိတ်ကူး၍ မိမိတောကျောင်းကို ထိုမထေရ်အား အပ်နှင်း၍ နောက်တနေ့ တောမှထွက်ပြီး အစဉ်အတိုင်းသွားသော် သာဝတ္ထိမြို့မှ မနီးမဝေး ဇေတဝန်ကျောင်းနှင့်လည်း ဝေးလှသည်ဟု မဆိုသာသော ကျောင်းတကျောင်းသို့ ရောက်၏၊ လမ်းနှစ်ခုရှိ၏။ တခုကား ဇေတဝန်ကျောင်းသို့ ရောက်၏။ တခုကား သာဝတ္ထိမြို့သို့ ရောက်၏။ ထိုရဟန်းသည် ထိုလမ်းဆုံ၌ရပ်၍ ငါသည် မိဘထံ အရင်သွားမလား၊ သို့မဟုတ် ဘုရားထံ အရင်သွားမလား စဉ်းစား၏။ ငါသည် မိဘများအား ရှေးက ကြာမြင့်စွာ မြင်ဘူးပြီ၊ ငါလူထွက်သွားပြီးလျှင် ဘုရားသ ပြန်လာလို့မလွယ်။ ထို့ကြောင့် ဘုရားထံ အရင်သွားအံ့၊ တရားနာယူပြီးအံ့၊ နက်ဖြန်မှ မိဘထံ သွားတော့အံ့ ကြံ၍ ဇေတဝန်ကျောင်းလမ်းသို့ လိုက်ခဲ့လေ၏။

## ရဟန်းဘဝ တက်ကြွစိတ်သန် ပြုစုရန်

ဇေတဝန်ကျောင်းသို့ ရောက်မည့်နေ့ စောစောက မြတ်စွာဘုရားသည် လောကကို ကြည့်သတ်သော် ဤ(သဌေးသား) ရဟန်းတော်၏ ဥပနိဿယ သမ္ပတ္တိ (မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဘို့ရန်အကြောင်း အားလုံး ပြည့်စုံနေသည်ကို) မြင်တော်မူ၏။ မြတ်စွာဘုရားသည် ထိုရဟန်း ရောက်လာသောအခါ၌ (မာတု

ပေါသကသုတ်)ဖြင့် မိဘတို့ ကျေးဇူးကို ချီးမွမ်းတော်မူ၏။ ထို ရဟန်းသည် ပရိသတ်အစွန်၌ ရပ်၍ ဘုရားရှင်၏ တရားတော်ကို နာကြားယင်း စိတ်ကူး၏။ ငါက လူထွက်ပြီး မိဘတို့ကို လုပ်ကျွေးတော့မည်ဟု ကြံခဲ့၏။ ယခု ဘုရားရှင်က ရဟန်းဘဝဖြင့်စင် လုပ်ကျွေးခြင်း၏ ကျေးဇူးကို ဟော၏။ ငါသည် အကယ်၍ ဘုရားရှင်ထံ မဝင်မဖူးဘဲ သွားအံ့၊ ရဟန်းအဖြစ်မှ ဆုံးရှုံးပြီ။ ယခု လူမထွက်တော့ဘဲ ရဟန်းဘဝဖြင့် မိဘကို လုပ်ကျွေးပါတော့အံ့ဟု စိတ်ကူးပြန်၏။

## သုံးဦး ဆုံလျက် ဖက်၍ငိုကြ ထိုကာလ

ထိုရဟန်းသည် ဘုံ(ဆွမ်း၊ ယာဂု)လောင်းရာ သာဝတ္ထိမြို့သို့ ရောက်ပြီ။ ယာဂုဆွမ်း အရင် ခံရမလား၊ မိဘထံ အရင် သွားရမလားဟု စဉ်းစားသည်။ ဆင်းရဲသော မိဘထံ သွားသည့်အခါ အချည်းနှီးသောလက်ဖြင့် သွားခြင်းငှာ မသင့်ဟု ကြံ၍ ယာဂုကို ယူ၍ မိဘတို့ ယခင်နေကြရာ နေရာသို့ ကွခဲလေ၏။ ထိုရဟန်းသည် ထိုင်နေသော မိဘတို့ကိုမြင်၍ များစွာစိတ်မကောင်း၊ပြည့်သော မျက်ရည်တို့ဖြင့် အနီးမှာ ရပ်လိုက်၏။ မိဘတို့သည် သားကို မြင်သော်လည်း မမှတ်မိ။ ဆွမ်းခံကိုယ်တော်မှတ်၍ "အရှင်ဘုရား၊ လောင်းစရာ ဘာမျှမရှိပါ၊ ကန်တော့ဆွမ်းပါ ဘုရား"ဟု လျှောက်လေ၏။ သားရဟန်းသည် မိဘနှစ်ပါး၏ စကားကို ကြားရ၍ များစွာ စိတ်မကောင်း၊မျက်ရည်များပင် မဆည်နိုင်အောင် ဖြစ်ရပြန်ပြီ၊ ကိုယ်တော်ကလည်း ရှေ့မတိုး နောက်မဆုတ်၊ နှစ်ကြိမ် သုံးကြိမ် ကန်တော့ဆွမ်းပါ ဘုရားဟု လျှောက်လေ၏။ သို့သော် ရပ်လျက်ပင်။ ထိုအခါ အကဲခတ်မိ၍ ဘတော်သည် မယ်တော်အား ပြော၏။ "ဟဲ့-ကြည့်ဦး၊ ဒါ မင့်သား ထင်တယ်". အနီးအစပ် ကပ်၍ ကြည့်သောအခါ မှတ်မိ၍ ခြေတို့ကို ဖက်၍ ငိုကြွေးလေ၏၊ ဘခင်သည်လည်း ဤအတူပင်။

## မိဘ ကျွေးမွေး ပြုပေးမလို ကဲ့ရဲ့ဆို

ထိုရဟန်းသည် သောကကို သည်းခံ၍ "ဘာမျှ မစိုးရိမ်လင့်၊ ငါသည် သင်တို့အား လုပ်ကျွေးပါအံ့" မိဘတို့ကို သက်သာရာရစေ၍ ယာဂုများတိုက်၊ တဖန် ဆွမ်းခံကြွ၊ ပြန်ကျွေး။ မိမိအတွက် ဆွမ် ခံကြွ၊ ဘုဉ်းပေး၊ ရေချိုးပေး၊ အဝတ်လဲပေး၊ လျှော်ဖွပ်ပေး စသည်အားဖြင့် အမြဲတမ်း လုပ်ကျွေး ပြုစု သွ းပြီ၊ တနေ့သ၌ ထိုမိဘကို လုပ်ကျွေးပြုစုသော ရဟန်းကို အခြား ရဟန်း များက အပြစ်မြင် ပြောဆိုကြပြီ။

အာဝုသော ဘဂဝါ သဒ္ဓါဒေယျံ ဝိနိပါတေတုံ န ဒေတိ၊ တွံ ပန
သဒ္ဓါဒေယျံ ဂဟေတွာ ဂိဟီနံ ဒဒမာနော အယုတ္တံ ကရောသိ။

အာဝုသော၊ ငါ့ရှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သဒ္ဓါဒေယျံ၊ သဒ္ဓါတရားဖြင့် လှူလိုက်သော ပစ္စည်းကို။ ဝိနိပါတေတုံ၊ ဖရိုဖရဲကျခြင်းငှာ။ န ဒေတိ၊ ပေးသည်မဟုတ်ပါ။ တွံ ပန၊ သင်သည်ကား။ သဒ္ဓါဒေယျံ၊ သဒ္ဓါတရားဖြင့် လှူလိုက်သော ပစ္စည်းကို။ ဂဟေတွာ၊ ယူ၍။ ဂိဟီနံ၊ လူတို့အား။ ဒဒမာနော၊ ပေးသည်ရှိသော်။ အယုတ္တံ၊ မသင့်သည်ကို။ ကရောသိ၊ ပြုဘိ၏။

**မိဘကျွေးမွေး ပြုပေးသူကို ချီးမွမ်းဆို၊**

ရဟန်းမြတ်သည် ထိုရဟန်းကြီးများ၏ စကားကို ကြား၍ ရှက်သဖြင့် စိတ်ဓာတ် ဆုတ်နစ်ခဲ့၏။ ထိုရဟန်းတို့သည် ဤမျှဖြင့် မကျေနပ်ဘဲ ဘုရားထံ သွားလျှောက်ပြန်၏။ ''အရှင်ဘုရား၊ ဤမည်သော ရဟန်းသည် သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို ဖရိုဖရဲကျစေ၍ လူသားကို ကျွေးမွေး၏''။ မြတ်စွာဘုရားက ခေါ်၍ ''ရဟန်း မှန်သလော''ဟု မေး၏။ ''မှန်ပါ၏''ဟု ဖြေ၏။ ထိုသို့ မိဘတို့အား လုပ်ကျွေးပြုစုခြင်းကို ချီးမွမ်းလိုသော မြတ်စွာဘုရားသည် မိမိ၏ ပုဗ္ဗာစရိယ (ရှေးက မိဘကို လုပ်ကျွေးပြုစုခဲ့သည့် အကျင့်မြတ်)ကို ပြလိုသည် ဖြစ်၍-

(၁) ဘိက္ခု ဂိဟီ ပေါသေန္တော ကေ ပေါသေသိ = ''ချစ်သား ရဟန်း၊ သင်သည် လူဘို့ကို လုပ်ကျွေးသော် အဘယ်သူတို့ကို လုပ်ကျွေးသနည်း''

(၂) မာတာပိတရော မေ ဘန္တေ=''အရှင်ဘုရား၊ တပည့်တော်၏ မိခင် ဘခင်တို့ပါတည်း''

(၃) သာဓု သာဓု ဘိက္ခု=''ချစ်သား ရဟန်း၊ ကောင်းလေစွ၊ ကောင်းလေစွ''

(၄) တွံ မမ ဂတမဂ္ဂေ ဌိတော၊ အဟမ္ပိ ပုဗ္ဗာစရိယံ စရန္တော မာတာပိတရော ပေါသေသိ=''သင်သည် ငါ၏ သွားရာ လမ်း ပေါ်၌ တည်၏။ ငါသည်လည်း ပုဗ္ဗာစရိယ (ရှေးက မိဘကို လုပ်ကျွေး ပြုစုခဲ့သည့် အကျင့်မြတ်)ကို ကျင့်လျက် မိဘတို့ကို လုပ်ကျွေးခဲ့ဘူး၏''ဟု မိန့်၏။

၁၃၃၇-ခုနှစ်၊ တော်သလင်းလကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

**အလောင်းတော်မြတ် ပေါသို့ကပ် ကျေးတော်**

**မဟာဇနကမင်းနှင့် သီဝလိဒေဝီတို့ ဝတ္ထု**

၈

အတိတ်ကာလာ၊ မြို့စမ္ပာ၊ ဖြစ်ရှာ လောင်းတော်မှာ။
သမုဒ္ဒရာကျယ်ပြော၊ ကုန်ဖြင့် မျှော၊ သင်္ဘောကြီးဖြင့်သာ။
မိုးသက် လေလှိုင်း၊ ပုတ်ခတ် ဝိုင်း၊ ပိုင်းပိုင်း နစ်မြုပ်ရှာ။
လောင်းမြတ် ဇနက၊ သူ့ လုံ့လ၊ ကူးရ ခုနစ်ရက်ပါ။
မဏိမေခလာ၊ နတ်ကညာ၊ ကောင်းစွာ ပွေ့ချီကာ။
မိထိလာမြို့၊ ဆောင်ယူပို့၊ မှိုင်းညို့ ဥယျာဉ်မှာ၊
ပေါလာဇနက၊ စလွန်ရ၊ ကင်းထ မင်းရာဇာ။
သီဝလိဒေဝီ၊ နတ်ပန်းချီ၊ ရေးသည် တူညီစွာ။
သမီး အလှ၊ မေတ္တာမျှ၊ အစ လေးအင်္ဂါ။
ဖုတ်သွင်း ရထား၊ ဆုမြတ်ပါး၊ ထင်ရှား လွှတ်လိုက်ပါ။
မဟာဇနက၊ ယင်း လေး၀၊ ပြည့်ထ မင်းမြောက်ခါ။
သရက်နှစ်ပင်၊ မင်းကြီးမြင်၊ ဉာဏ်တွင် သံဝေဂါ။
သားတော်ရွှေဥ၊ ဒီဃာဝု၊ မင်းပြု အပ်နှံကာ။
အဝတ် ရေချမ်း၊ စားသောက်ခန်း၊ ဂူမ်းလှမ်း လိုက်လိုပါ။
လက်ကောက် ထင်ရှား၊ လေးသမား၊ ပြောကြား ဥပမာ။
ကဲ့ရဲ့သဂြိုဟ်၊ သတင်းဆို၊ တင်ကြို ကာကွယ်ရာ။

နောက်ဆုံး ပြုသ၊ လမ်းနှစ်ခွ၊ ပြတ်ထ မျက်ကိုသာ။
ဤသို့ ခွဲကြ၊ ထိုဌာန၊ တည်ထ စေတီသာ။
သာ ဆိမိး၊ အသီးသီး၊ ကပ်ပြီး ပူဇော်ကာ။
တောသို့ဝင်သွား၊ ကသိုဏ်းများ၊ ကြိုးစား အားထုတ်ပါ။
အဘိညာဉ် မွေ၊ စျာန်တွေရ၊ လားကြ ဗြဟ္မာ့ရွာ။
မဏိမေခလာ၊ ဥပ္ပလာ၊ ဒီဃာ ရာဇာလာ။
သီဝလိ ဒေဝီ၊ နန်းကေသီ၊ ဖြစ်ပြီ ယသော်ဓရာ။
မဟာဇနကကား၊ မြတ်ဘုရား၊ ထင်ရှား ဖြစ်၍လာ။

(ခုဒ္ဒကနိကာယ် မဟာနိပါတ ဇာတကဋ္ဌကထာ ဆဋ္ဌအုပ်၊ နှာ၁-၃၈)

**“လင်းယုန် ပြည်တဓမ်း သင်တန်း” ကိုထိန်သွင်း+မရီရီ၊ သမီ လဲ့လဲ့နှင်းခိုင်တို့၏ ကောင်းမှု၊ ရန်ကုန်မြို့။**

# အလောင်းတော်မြတ် တောသို့ကပ် တရားတော်
# မဟာဇနကမင်းနှင့် သီဝလိဒေဝီတို့ ဝတ္ထု
# မှတ်သားဘွယ် အကျဉ်းချုပ်

## ညီအစ်ကိုချင်းအား အမှားယုံလတ် လက်ထိပ်ခတ်

ရှေးအခါ ဝိဒေဟတိုင်း မိထိလာမြို့၌ မဟာဇနကမင်း မင်းပြု၏။ (က) အရိဋ္ဌဇနက၊ (ခ) ပေါလဇနကဟု သားနှစ်ယောက်ရှိ၏။ မင်းကြီးသည် သားအကြီးကို အိမ်ရှေ့မင်းအဖြစ်၊ အငယ်ကို စစ်သူကြီးအဖြစ် ရာထူးများ ပေးထား၏။ မဟာဇနကမင်းကြီး နတ်ရွာလားသော် အရိဋ္ဌဇနက က မင်းကြီး ဖြစ်၍ ပေါလဇနက က အိမ်ရှေ့မင်း ဖြစ်လာ၏။ တနေ့သ၌ အရိဋ္ဌဇနက၏ အပါးတော်မြဲ အမတ်တယောက်က "အရှင်မင်းကြီး၊ သင့်အား အိမ်ရှေ့မင်း ပေါလဇနက က သတ်ခြင်းငှာ အလိုရှိနေပါသည်"ဟု တိုက်၏။ အကြိမ်ကြိမ် ပြောသဖြင့် ယုံစားကာ ညီတော် အိမ်ရှေ့မင်း ပေါလဇနကအား သံခြေကျင်း ခတ်၊ နန်းတော်အပြင် ထုတ်၊ တခုသော အိမ်ငယ်၌ ထားပြီး အစောင့် ချထား လေ၏။

## မင်းမှာ သစ္စာ လူမှာ ကတိ စွမ်းအင်ရှိ

ညီတော် ပေါလဇနက အိမ်ရှေ့မင်းသားသည် သစ္စာပြုလေ၏။ ထို ခဏ၌ပင် သံခြေကျင်းတို့သည်လည်း အပိုင်းပိုင်း ပြတ်ကုန်၏။ တံခါးသည် လည်း ပွင့်သွား၏။ ထို အိမ်ရှေ့မင်းသည် အချုပ်မှ ထွက်၍ တခုသော ရွာငယ်သို့ သွား၍ ချမ်းသာစွာ နေလေ၏။ သစ္စာပြုပုံကား—

> သစာဟံ ဘာတု စေရိမှိ၊ သင်္ခလိကာပိ မေ ဟတ္ထ ပါဒါ မာ မုစ္စန္တု၊
> ဒွါရမ္ပိ မာ ဝိဝရိယတု၊ သစေ နော ဝေရိမှိ၊ သင်္ခလိကာပိ မေ ဟတ္ထ
> ပါဒါ မုစ္စန္တု၊ ဒွါရမ္ပိ ဝိဝရိယတု။

သစေ၊ အကာယ်၍၊ အပ်ာ၊ ငါသည်။ ဘာတု၊ နောင်တော်၏။ **ဝေရီ၊** ရန်သူသည်။ အမ့်ု၊ ဖြစ်အံ့။ သင်္လိကာပိ၊ သံခြေကျင်းတို့သည်လည်း။ မေ၊ ငါ၏။ ဟတ္ထပါဒါ၊ လက်ခြေတို့မှ။ မာ မုစ္စန္တု၊ မလွတ်ပါစေကုန်သတည်း။ ဒ္ဒါရမ္ဘိ၊ တံခါးသည်လည်း။ မာ ဝိဝရိယတု၊ မပွင့်ပါစေသတည်း။ သစေ၊ အကာယ်၍။ ဝေရီ၊ ရန်သူသည်။ နောအမ့်ု၊ မဖြစ်အံ့။ သင်္လိကာပိ၊ သံခြေကျင်းတို့သည်လည်း။ မေ ငါ၏၊ ဟတ္ထပါဒါ၊ လက်ခြေတို့မှ။ မုစ္စန္တု၊ လွတ်ပါစေကုန်သတည်း၊ ဒ္ဒါရမ္ဘိ၊ တံခါးသည်လည်း။ ဝိဝရိယတု၊ ပွင့်ပါစေသတည်း။

## လောင်းမြတ်သန္တေ ပျက်ကြေမရှိ သူစောင့်ကြည့်

ညီတော်ပေါလဇနကသည် နောင်တော် အရိဋ္ဌဇနကအား မကြာမီ ပြန်တိုက် အသေသတ်လိုက်ပြီ။ အရိဋ္ဌဇနက၏ မိဖုရားကြီးသည် ကိုယ်ဝန်ဖြင့် ကာလစမ္ပာမြို့သို့ ဦးတည် ပြေးလေ၏။ ကိုယ်ဝန်သူငယ်ကား သာမည မဟုတ်။ ပါရမီပြည့်ပြီးသော ဘုရားအလောင်းတော်တည်း။သူ၏တန်ခိုးကြောင့် သိကြားမင်း၏ ဗိမာန် လှုပ်၏။ ဆင်ခြင်သော် မြင်ပြီ။လှည်း ကူးတို့ဖြင့် အဘိုးကြီးယောင် ဆောင်ပြီး ဇရပ်ပေါ်၌ ထိုင်၍ အဖော်ရှာ၊ လှည်းကြုံစောင့်နေသော မိဖုရားအား မေးလေ၏၊ ကာလစမ္ပာမြို့သို့ လိုက်လိုပါသည်၊ သို့သော် ကိုယ်ဝန်ကား အရင့်အမာဖြစ်၍ အောက်မှ နောက်ကသာ လိုက်ပါရစေဟု ဆို၏။ သိကြားမင်းကြီး၏ ဖန်ဆင်းပေးမှုကြောင့် လွယ်ကူစွာဖြင့် အိပ်လိုက်နိုင်ခဲ့ပြီ၊နတ်၏ အိပ်ရာ၌ အိပ်ပျော်သွားပြီ။

## စစ်ရှုံးလေရာ သတ်မှာရှုံတွေး ထင်ရာပြေး

တန်ခိုးကြောင့် ယူဇနာ ၃၀ လွန်သောအခါ မြစ်တခုသို့ ရောက်၍ နှိုးပြီး ရေချိုးခိုင်း၊ အဝတ်လဲခိုင်းပြီး အစားများ ကျွေးလျက် ဆက်မောင်း၊ ပြန်အိပ်ပြန်ပြီ။ ညနေ စောင်းသော် ကာလစမ္ပာမြို့သို့ ရောက်၍ မြို့ရိုးနှင့် တံခါးကြီးကို မြင်၍ သိသွားပြီ၊ ဘယ်လိုလဲ၊ ယူဇနာ ၆၀ မို့လစ၊ ဘာမှ မကြာပါလား၊ ဖြတ်လမ်းမှ လာခဲ့ကြောင်း ပြော၏။ မိဖုရားကို တောင်တံခါး မုခ်အနီးမှာ ချပေးပြီး အကျွန်ုပ်တို့ရွာသည် ရှေ့နားမှာဖြစ်ကြောင်း ပြောကာ အတန်ငယ်သွားလျက် သိကြားမင်းသည် ကိုယ်ရောင်ဖျောက် ပြန်သွားလေ၏။

## ထိုမိဖုရား ပြုအားအလီလီ စောင့်ရှောက်ပြီ

မိဖုရားသည် တယောက်တည်း ဇရပ်ပေါ်၌ ထိုင်နေ၏။ ထိုအခါ တယောက်သော ဒိသာပါမောက္ခဆရာသည် ကာလစမ္ပာမြို့၌နေ၏။ မန္တန်ကို သရဇ္ဈာယ်သော ပုဏ္ဏားဖြစ်၏။ ထိုဆရာသည် တသည့်ငါးရာ ခြံရံလျက် ရေချိုးသွားယင်း အဝေးမှ ကြည့်သော် အဆင်းလှ၏။ တင့်တယ်ခြင်းသို့ ရောက်၏။ ဝမ်း၌ အလောင်းတော်၏ အာနုဘော်ကြောင့် နှမရင်းကဲ့သို့ ခင်မင်လျက် လုသင်တို့ကို ထားပြီး တယောက်တည်း ဇရပ်ပေါ်တက် စုံစမ်းလေ၏။ မိထိလာပြည် အရိဋ္ဌဇနက၏ မိဖုရားတည်း။ ပေါလဇနကသည် အရိဋ္ဌဇနကအား သတ်ပြီးပြီ။ ကြောက်၍ ပြေးလာခဲ့ရသည်။ ကိုယ်ဝန်ကို စောင့်ရှောက်ရန် အဓိက ဖြစ်သည်။ ဆွေမျိုး၊ အသိ လုံးဝမရှိပါဟု ပြောပြလေ၏။ မစိုးရိမ်လင့်၊ ငါသည် ဥဒိစ္စဗြာဟ္မဏ မဟာသာလ ဒိသာပါမောက္ခ ဆရာပါတည်း။ မိမိ ပုဏ္ဏေးမထံ ပို့၍ စောင့်ရှောက်ထားပြီ။

## မုဆိုးမသား ဆိုဩစေကာ စိတ်သက်သာ

မကြာမီ မွေးဖွား၏။ ရွှေအဆင်းနှင့်တူသော သားမြတ်လေးပါတည်း။ အဘိုး၏အမည်ကို စွဲ၍ မဟာဇနကမင်းသားဟု မှည့်ကြကုန်၏။ အရွယ်ရောက်စ ခဏခဏ အဘကို မေး၏။ အမျိုးမျိုး လှည့်ပြောထား၏။ မရမက မေး၏။ ထို့ကြောင့် အောက်ပါအတိုင်း အမှန် ပြောပြရပြီ။

> တာတ တွံ မိထိလာယံ အရိဋ္ဌဇနကရညော ပုတ္တော၊
> ပိတာ တေ ပေါလဇနကေန မာရိတော၊ အဟံ တံ အနုရက္ခန္တီ
> ဣမံ နဂရံ အာဂတာ၊ အယံ ဗြာဟ္မဏော မံ ဘဂိနိဋ္ဌာနေ
> ဌပေတွာ ပဋိဇဂ္ဂတိ။

တာတ၊ ချစ်သား။ တွံ၊ သင်သည်။ မိထိလာယံ၊ မိထိလာမြို့၌။ အရိဋ္ဌဇနကရညော၊ အရိဋ္ဌဇနကမင်း၏။ ပုတ္တော၊ သားပါတည်း။ တေ၊ သင်၏။ ပိတာ၊ အဘကို။ ပေါလဇနကေန၊ ပေါလဇနကသည်။ မာရိတော၊ သတ်အပ်၏။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ အနုရက္ခန္တီ၊ အစဉ် စောင့်ရှောက်လျက်။ ဣမံ နဂရံ၊ ဤမြို့သို့။ အာဂတာ၊ လာခဲ့၏။ အယံ ဗြာဟ္မဏော၊ ဤပုဏ္ဏားသည်။ မံ၊ ငါ့ကို။ ဘဂိနိဋ္ဌာနေ၊ နှမအရာ၌။ ဌပေတွာ၊ ထား၍။ ပဋိဇဂ္ဂတိ၊ လုပ်ကျွေးခဲ့၏။

ဤသို့ သိရသည်မှစ၍ ဝိဓဝါပုတ္တ(မုဆိုးမ၏သား)ဟု ဆိုသော်လည်း စိတ်မဆိုးတော့ပြီ။

## မဟာဇနက အိမ်မှထွက်ခွာ မိထိလာ

မဟာဇနကမင်းသားသည် အသက် ၁၆ နှစ် အတွင်းမှာပင် ဗေဒင်သုံးပုံနှင့် ၁၈ ရပ် အတတ်အားလုံးပါ တတ်ကုန်၏။ ၁၆ နှစ် ပြည့်သောအခါ၌ မြတ်သောအဆင်းကို ဆောင်၏။ ဘခင်၏ဥစ္စာဖြစ်သော မင်းအဖြစ်ကို ယူအံ့ဟု ကြံ၏။ ကုန်သည်လုပ်ကာ ဥစ္စာကို ဖြစ်စေပြီး မင်းအဖြစ်ကို ယူအံ့ဟု ကြံ၏။ မိခင်သည် ငါ၌ (မုတ္တာသာရ၊ မဏိသာရ၊ ဝဇိရသာရ)ဟူ၍ များစွာရှိ၏။ သုံးခုတွင် တခုဖြင့်ပင် မင်းအဖြစ်ကို ရနိုင်၏။ ကုန်သည် မလုပ်ပါလင့်။ ထက်ဝက်ယူ၍ မင်းအဖြစ်ကို ယူလော့ဟု ဆို၏။ မင်းသားသည် ထက်ဝက်သောပစ္စည်းကို ယူ၍ အထုပ် ထုပ်ပြီးလျှင် ထိုအထုပ်နှင့်တကွ ခရီးသွားဖော် ကုန်သည်တို့နှင့် သုဝဏ္ဏဘူမိအရပ်သို့ လှေဖြင့်သွားရန် ပစ္စည်းများ တင်ပြီးမှ တဖန်ပြန်လှည့် အမိကို ရှိခိုးပြီး သုဝဏ္ဏဘူမိသို့ သွားမည့်အကြောင်း ပြောပြလေ၏။ ထိုအခါ မိခင်သည် မင်းသားကို ဤသို့ မသွားရန် ပြော၏။

> တာတ သမုဒ္ဒေါနာမ အပ္ပသိဒ္ဓိကော ဗဟုအန္တရာယော၊
> မာ ဂစ္ဆ ရဇ္ဇဂ္ဂဟဏာယ တေ ဓနံ ဗဟုံ။

တာတ၊ ချစ်သား။ သမုဒ္ဒေါနာမ၊ သမုဒ္ဒရာမည်သည်ကား။ အပ္ပသိဒ္ဓိကော၊ ပြီးမြောက်နိုင်ခဲ၏။ ဗဟုအန္တရာယော၊ များသောအန္တရာယ်ရှိ၏။ မာဂစ္ဆ၊ မသွားလင့်။ ရဇ္ဇဂ္ဂဟဏာယ၊ မင်းအဖြစ်ကို ယူအံ့သောငှာ။ တေ၊ သင့်အား။ ဓနံ၊ ဥစ္စာသည်။ ဗဟုံ၊ များ၏။

ဤသို့ ပြောသော်လည်း (ဂစ္ဆိဿာမေဝ အမ္မ) ဟု ပြန်ပြောရင်း မိခင်ကို ရှိခိုးပြီး အိမ်မှထွက်၍ လှေသို့ တက်လေ၏။

## လင့်စင်ထက်မှ ခုန်ချအားသွန် ငါးလံလွန်

ထိုနေ့၌ပင် မိထိလာပြည်အရှင် ဘုရင် ပေါလဇနက၏ ကိုယ်၌ အနာရောဂါ ဖြစ်လာ၏၊ မထနိုင်တော့ပြီ။ ခြေကုန်သည် ခုနစ်ရာတို့သည် လှေသို့ စီးလာကြကုန်၏။ လှေသည် ခုနစ်ရက်သွားရာ ယူဇနာ ခုနစ်ရာသို့ ရောက်ပြီ။

လှေသည် အလွန် ပြင်းထန်သော ရေကြောင်း၌ သွားရသဖြင့် မထိန်းနိုင်ခဲ့။ ပျဉ်ချပ်တို့လည်း ကွဲကုန်ပြီ။ ရေအချို့တို့လည်း ဝင်လာကြပြီ။ လှေသည်လည်း မြုပ်စ ပြုလာပြီ။ လူအပေါင်းတို့သည်လည်း အော်ဟစ် ငိုကြွေးကြကုန်ပြီ။ အထူးထူးသော နတ်တို့ကိုလည်း ရှိခိုးကြကုန်ပြီ။ ဘုရားလောင်း မဟာဇနက မင်းသားလေးကား-

(၁) ငိုလည်း မငို၊ အော်လည်း မအော်ဟစ်၊ နတ်တို့ကိုလည်း ရှိမခိုး၊ လှေမြုပ်မှာ သိ၍ ထောပတ်နှင့် သကာခဲကို နယ်၍ ဝမ်းပြည့်အောင် စားပြီး ချောမွေ့သော ပုဆိုး နှစ်ထည်တို့ကို ဆီဖြင့် ဆွတ်၍ မြဲစွာ ဝတ်လေ၏။

(၂) တဖန် လင့်စင်ကို မှီပြီး ရပ်လျက် လှေနစ်မြုပ်သောအခါ၌ လင့်စင်ပေါ်သို့ တက်လေ၏။ လူအပေါင်းတို့သည် ငါး၊ လိပ် စသည်တို့၏ အစာ ဖြစ်ကြကုန်၏။ ထက်ဝန်းကျင်မှ ရေသည် ဥသဘဝက်မျှ သွေးများ ဖြစ်နေ၏။

(၃) အလောင်းတော်သည် လင့်စင်ထက်၌ ရပ်လျက်သော ဤမည်သော အရပ်၌ မိထိလာမြို့တည်းဟု အရပ်ကို မှတ်၍ လင့်စင်ထက်မှ တအားခုန်၍ ငါး၊ လိပ် စသည်တို့ကို လွန်ပြီး အလွန်အားရှိသည်၏ အဖြစ်ကြောင့် တဥသဘထက်၌ ကျ၏။ ထိုနေ့၌ပင် ပေါလဇနကသည်လည်း သေ၏။

## နတ်သမီး မေခလာ မေးလာမချို့ ဤကဲ့သို့

ထိုအခါ အလောင်းတော်သည် ရှိသမျှအားဖြင့် တအား ကူးလေ၏။ ခုနစ်ရက် ကူးပြီးသောနေ့၌ ယနေ့သည် လပြည့်နေ့တည်းဟု အချိန်ကို ကြည့်၍ ဆားငန်ရေဖြင့် မျက်နှာသစ်လျက် ဥပုသ် သီလ စောင့်ထိန်းလိုက်လေ၏။

**မှတ်ချက်။** ။ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါတို့၏ အမြဲတည်နေသော သီလသည် သမုစ္ဆေဒဝိရတီ သီလ မည်၏။ ဒုစရိုက်နှင့် တွေ့ကြုံမှ ရှောင်ကြဉ်သော သီလသည် သမ္ပတ္တ ဝိရတီ သီလ မည်၏။ ယခု မင်းသားကဲ့သို့ ကြို့တင် ဆောက်တည်ထားလိုက်သော သီလသည် သမာဒါန ဝိရတီ သီလ မည်၏။

ဤသို့ ဥပုသ် သီလ စောင့်ထိန်းလိုက်ပြီးနောက် အသံတခု ပေါ်လာလေ၏။ ယင်း အသံမှာ တပါးသူ၏ အသံ မဟုတ်၊ မဏိမေခလာ နတ်သမီး၏ အသံပါတည်း။ မဏိမေခလာ နတ်သမီးသည် အလောင်းတော် မဟာဇနက မင်းသားလေးအား အောက်ပါအတိုင်း မေးလေ၏။

ကော ယံ မဇ္ဈေ သမုဒ္ဒသ္မိံ၊ အပဿံ တီရ မာယုဟေ။
ကံ တွံ အတ္ထဝသံ ဉတွာ၊ ဧဝံ ဝါယမသေ ဘုသံ။ ။

သမုဒ္ဒသ္မိံ၊ ဆုံး စ မမြင် သမုဒ္ဒရာ ပင်လယ် ရေပြင်ကျယ်ကြီးထဲ၌။ မဇ္ဈေ၊ ဘယ်မှမနီး ထီးထီးတကယ် ရေပြင်အလယ်၌။ အယံ၊ ဤသူသည်။ ကော၊ အဘယ်သူပါနည်း။ တီရံ၊ တက်ရမည့်ကမ်းကို၊ အပဿံ၊ မမြင်ဘဲလျက်။ အာယုဟေ၊ အားထုတ်နေဘိ၏။ တွံ၊ သင်သည်။ ကံ၊ အဘယ်သို့သော။ အတ္ထဝသံ၊ အကျိုးထူးကို။ ဉတွာ၊ သိ၍။ ဧဝံ၊ ဤသို့။ ဘုသံ၊ ပြင်းပြင်းထန်ထန်။ ဝါယမသေ၊ လုံ့လ ကြိုးကုတ် အားထုတ်၍ နေဘိသနည်း။

## မဟာဇနကမင်းသား စိတ်ထားတဲ့တဲ့ ပြန်ပြောခဲ့

မိဘကို လုပ်ကျွေးပြုစုခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံသောသူကို ဤ သမုဒ္ဒရာ၌ မသေစေရ။ ကယ်တင်ရန် မဏိမေခလာ အမည်ရှိသော နတ်သမီးကို လောကပါလ နတ်မင်းကြီး လေးယောက်တို့က အစောင့်ထားလေ၏။ သို့သော် နတ်သဘင် အစည်းအဝေး သွားနေရသည့်အတွက် သမုဒ္ဒရာကို မကြည့်မိတာ ခုနစ်ရက်ရှိပြီ။ ယနေ့မှ စဘင် ကြည့်၊ ဤသို့ တွေ့၍ ချက်ချင်း မေးမြန်းလိုက်ခြင်း ဖြစ်သည်။ အကယ်၍ မင်းသားသာ သမုဒ္ဒရာ၌ ပျက်စီးခဲ့သော် ယင်း နတ်သမီး နတ်သဘင် အစည်းအဝေးသို့ တက်ခွင့်ရတော့မည် မဟုတ်။ အလောင်းတော်သည် "သမုဒ္ဒရာ၌ ငါ ဤသို့ ကူးနေပည်မှာ ယနေ့ ခုနစ်ရက် ရှိပြီ၊ နှစ်ယောက်မြောက် (အဖော်) သတ္တဝါ မတွေ့ရ။ ငါ့ကို ပြောနေတာ ဘယ်သူလဲ" ဟု ကောင်းကင်သို့ မော့ကြည့်လိုက်သော် နတ်သမီးကို မြင်၍ ဤသို့ ပြန်ပြောလေ၏။

နိသမ္မ ဝတ္တံ လောကဿ၊ ဝါယာမဿ စ ဒေဝတေ။
တသ္မာ မဇ္ဈေ သမုဒ္ဒသ္မိံ၊ အပဿံ တီရ မာယုဟေ။

ဒေ၀တေ၊ သိင်္ဂီရောင်ဆင်း ပြော၀င်းခန့်ထယ် အို-နတ်မိမယ်။ အဟံ၊ ငါသည်။ လောကဿ၊ လူများအပေါင်း၏။ ၀တ္တံစ၊ ၀တ်တရားကို လည်းကောင်း။ ၀ါယာမဿ၊ ကြိုးစားမှု၏။ အာနိသံသံစ၊ အကျိုးအာနိသင်ကို လည်းကောင်း။ နိသမ္မ၊ စူးစမ်းဆင်ခြင်၍။ ၀ိဟာရာမိ၊ နေခဲ့သူဖြစ်ပါ၏။ တသ္မာ၊ ထို့ကြောင့်။ သမုဒ္ဒေ၊ သမုဒ္ဒရာ၏။ မဇ္ဈေ၊ အလယ်၌။ တီရံ၊ ကမ်းကို။ အပဿံ၊ မမြင်ဘဲ။ အာယုဟေ၊ အားထုတ်နေဘိ၏။

## ကြိုးစားသူမှာ ကောင်းစွာမချွတ် ကဲ့ရဲ့လွတ်

နတ်သမီးသည် အလောင်းတော်၏ တရားစကားကို ကြားရ၍ တဖန် ကြားလိုသည်ဖြစ်၍ ဒုတိယအကြိမ် ဆက်ပြောပြန်သည်။

ဂမ္ဘီရေ အပ္ပမေယျသ္မိံ၊ တီရံ ယဿ န ဒိဿတိ။
မောဃော တေ ပုရိသ၀ါယာမော၊ အပ္ပတွာ၀ မရိဿသိ။ ။

ယဿ၊ အကြင်သူအား။ အပ္ပမေယျသ္မိံ၊ အတိုင်းအတာမရှိသော။ ဂမ္ဘီရေ၊ အလွန်နက်စွာထသော။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ တီရံ၊ ကမ်းကို။ န ဒိဿတိ၊ မမြင်။ တေ၊ သင်၏။ပုရိသ၀ါယာမော၊ ယောကျ်ားမြတ်တို့၏ ကြိုးစားမှုတို့ဖြင့် ကြိုးစားခြင်းသည်။ မောဃော၊ အကျိုးမပြီး အချည်းနှီးသာတည်း။ တီရံ၊ ကမ်းသို့။ အပ္ပတွာ၀၊ မရောက်ဘဲသာလျှင်။ မရိဿသိ၊ သေရလတ္တံ့။

ထိုအခါ နတ်သမီးကို ယောကျ်ားမြတ်သည် အောက်ပါအတိုင်း ပြန်ပြောလေ၏။

ဒေ၀တေ ကိံ နာမေတံ ကထေသိ၊ ၀ါယာမံ ကတွာ
မရန္တောပိ ဂရဟာတော မုစ္စိဿာမိ။

ဒေ၀တေ၊ အို-နတ်သမီး။ ကိံ နာမ၊ အဘယ်သို့လျှင်။ ဧတံ၊ ဤသို့သော စကားကို။ ကထေသိ၊ ဆိုဘိသနည်း။ ၀ါယာမံ၊ လုံ့လကြိုးကုတ် အားထုတ်မှုကို။ ကတွာ၊ ပြု၍။ မရန္တောပိ၊ သေရပါသော်လည်း။ ဂရဟာတော၊ လူပျင်းဟူ၍ အကဲ့ရဲ့ခံရမှုမှ။ မုစ္စိဿာမိ၊ လွတ်မြောက်လတ္တံ့။ လွတ်မြောက်သော အကျိုးရှိသည် ဟူလို။

## ဥယျာဉ်တွင်းမှာ သိပ်ကာလှည့်ပြန် နတ်တို့ထံ

ထိုနောက် ယင်း မဏိမေခလာ နတ်သမီးသည် မေး၍ မဟာဇနက မင်းသားလေး ဖြေသည်မှာ-

(က) ပဏ္ဍိတ မဟာပရက္ကမ ကုဟိံ တံ နေမိ=''ပဏ္ဍိတ မဟာပရက္ကမ၊ ပညာလည်းပြည့် ကြီးဘိလုံ့လ စသည်ထင်ရှား အို-မင်းသား၊ တံ၊ သင့်ကို။ ကုဟိံ၊ အဘယ်အရပ်သို့။ နေမိ၊ ဆောင်ပို့ရပါအံ့နည်း''

(ခ) မိထိလနဂရံ နေဟိ=''ဒေဝတေ အို-နတ်သမီး။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ မိထိလနဂရံ၊ မိထိလာမြို့သို့။ နေဟိ၊ ဆောင်ပို့ပါလော့''

ထိုအခါ နတ်သမီးသည် အလောင်းတော်မင်းသားကို ပန်းစည်းလေးကဲ့သို့ ချီမ၍ လက်နှစ်ဖက်တို့ဖြင့် ပိုက်ကာ ရင်ခွင်တွင်း၌ အိပ်စေ၍ ချစ်လှစွာသော သားငယ်ကို ပွေ့ယူ ချီမသွားသကဲ့သို့ ကောင်းကင်မှ သယ်သွားလေ၏၊ အလောင်းတော်သည် ခုနစ်ရက်ပတ်လုံး ဆားငန်ရေဖြင့် ပင်ပန်းသောကိုယ်ရှိသည်ဖြစ်၍ နတ်၏အတွေ့ဖြင့် တွေ့သည်ဖြစ်၍ အိပ်ပျော်သွားလေ၏။ မင်းသားကို နတ်သမီးသည် မိထိလာမြို့သို့ပို့၍ သရက်ဥယျာဉ် မင်္ဂလာစကျောက်ဖျာထက်၌ လက်ယာနံတောင်း စောင်းသိပ်ပြီး ထိုမင်းသားလေးအတွက် ဥယျာဉ်စောင့် နတ်တို့ကို အစောင့်ချထားပြီး နတ်ပြည်သို့ ပြန်သွားလေ၏။

## အင်္ဂါလေးပါး ပြည့်ငြားသူမြတ် တိုင်းပြည်အပ်

မိထိလာပြည်ကြီးသခင် ဘုရင်ပေါလဇနကမင်း၌ သား မရှိ။ သမီး တယောက်သာ ရှိ၏။ ပညာရှိ၏၊ လိမ္မာ၏၊ အမည်ကား သီဝလိဒေဝီပါတည်း။ ပညာရှိအမတ်ကြီးတို့သည် သေရာညောင်စောင်း၌ လျောင်း၍နေသော ပေါလဇနကမင်းကြီးကို မေးကြကုန်၏။

မဟာရာဇ ဘုမ္မေသု ဒိဝင်္ဂတေသု ရဇ္ဇံ ကဿ ဒဿာမ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ တုမ္မေသု၊ သင်မင်းကြီးတို့သည်။ ဒိဝင်္ဂတေသု၊ နတ်ရွာ လားကုန်သည်ရှိသော်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကဿ၊ အဘယ်သူအား။ ဒဿာမ၊ ပေးရပါကုန်အံ့နည်း။

ထိုအခါ အမတ်ပညာရှိကြီးတို့ကို မင်းကြီးသည် နတ်ရွာ လားခါနီး ဤသို့ မှာသွားလေ၏။

(၁) တာတာ မမ ဓိတရံ သီဝလိဒေဝိံ အာရာဓေတုံ သမတ္ထဿ ရဇ္ဇံ ဒေထ။

(၂) ယော ဝါ ပန စတုရဿပလ္လင်္ကံ ဥဿီသကံ ဇာနာတိ၊

(၃) ယော ဝါ ပန သဟဿထာမဓနုံ အာရောပေတုံ သက္ကောတိ။

(၄) ယော ဝါ ပန သောဠသ မဟာနိဓိ နီဟရိတုံ သက္ကောတိ၊ တဿ ရဇ္ဇံ ဒေထ။

တာတာ၊ အို-အမတ်မင်းတို့။ မမ၊ ငါ၏။ ဓိတရံ၊ သမီးဖြစ်သော။ သီဝလိဒေဝိံ၊ သီဝလိဒေဝီကို။ အာရာဓေတုံ၊ နှစ်သက်စိမ့်သောငှာ။ သမတ္ထဿ၊ စွမ်းနိုင်သောသူအား။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ဒေထ၊ ပေးကြကုန်လော။ ယောဝါပန၊ အကြင်သူသည်လည်း။ စတုရဿပလ္လင်္ကံ၊ လေးထောင့်ရှိသော· ပလ္လင်၏။ ဥဿီသကံ၊ ခေါင်းရင်းကို။ ဇာနာတိ၊ သိ၏။ ယောဝါပန၊ အကြင်သူသည်လည်း။ သဟဿထာမဓနုံ၊ တထောင်သော ယောကျ်ားတို့၏ အားအစွမ်းဖြင့် တင်အပ်သော လေးကို။ အာရောပေတုံ၊ တင်အံ့သောငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ယောဝါပန၊ အကြင်သူသည်လည်း။ သောဠသ၊ တဆယ့်ခြောက်လုံးကုန်သော။ မဟာနိဓိ၊ ရွှေအိုးတို့ကို။ နီဟရိတုံ၊ ထုတ်ဖော်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏၊ တဿ၊ ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသော ယောကျ်ားအား။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ဒေထ၊ ပေးကုန်လော။

## ပုတ်သင်းရထား လွှတ်ငြားရအပ် မင်းထူးမြှတ်

မင်းကြီးသည် ဤသို့ မိန့်ကြားပြီး နတ်ရွာလားပြီ။ သင်္ဂြိုဟ်ခြင်း ကိစ္စပြုကြပြီ။ သင်္ဂြိုဟ်ပြီး ခုနစ်ရက်မြောက်နေ့မှ စ၍ မင်းအဖြစ် တင်မြှောက်ရေး ဝိုင်းဝန်း စီစဉ်ခဲ့၏။ ဘယ်လိုမှ မပြေသည်ခဲ့။ ထိုနောက် (အရဇိကံနာမ ရဋ္ဌံ ပါလေတုံ န သက္ကာ၊ ကိံ နုခေါ ကာတဗ္ဗံ) မင်းမရှိလျှင် တိုင်းပြည်ကို စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်။ အသို့ လုပ်ကြမည်နည်းဟု စည်းဝေး တိုင်ပင်ကြကုန်၏။ ထိုအခါ ပုရောဟိတ်(ပညာရှိအမတ်ကြီး)သည် ကြွင်း အမတ်ကြီးငယ် အသွယ်သွယ်တို့ကို ဤသို့ ပြော၏။

ဘော တုမှေ မာ စိန္တယိတ္ထ၊ ဖုဿရထံနာမ ဝိဿဇ္ဇေတုံ ဝဋ္ဋတိ၊
ဖုဿရထေန ဟိ လဒ္ဓရဇ္ဇာ သကလဇမ္ဗုဒီပေ ရဇ္ဇံ ကာရေတုံ
သမတ္ထော ဟောတိ။

ဘော၊ ပညာရှိ အမတ်ကြီးတို့။ တုမှေ၊ သင့်တို့သည်။ မာ စိန္တယိတ္ထ၊ မကြံစည် မစိုးရိမ်ကြကုန်လင့်။ ဖုဿရထံနာမ၊ ဖုဿရထား (မင်္ဂလာရထား) မည်သည်ကို။ ဝိဿဇ္ဇေတုံ၊ လွှတ်အံ့သောငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဟိ၊ မှန်၏။ ဖုဿရထေန၊ ဖုဿရထား (မင်္ဂလာရထား)ဖြင့်။ လဒ္ဓရဇ္ဇာ၊ ရအပ်သော မင်းသည်။ သကလဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်ကျွန်း တခုလုံး၌။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေတုံ၊ ပြုစိမ့်သောငှာ။ သမတ္ထော၊ စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။

## အခိဋ္ဌာန်မှု တောင်းဆုပြုကာ လွှတ်ကြရာ

အားလုံး သဘောတူ ဆုံးဖြတ်၍ တမြို့လုံးကို တန်ဆာဆင်ပြီး မင်္ဂလာရထားခေါ် ဖုဿရထားကို ကြာညိုအဆင်း ရှိသော မြင်းလေးကောင်တို့ကို က စေလျက် အမြတ်ဆုံးသော အခင်းတို့ကို ခင်း၍ မင်းမြောက်တန်ဆာငါးပါးတို့ကို တင်ပြီး အင်္ဂါလေးပါး (ဆင်၊ မြင်း၊ ရထား၊ ခြေသည်) ရှိသော စစ်တပ်ကြီးဖြင့် ခြံရံထားကုန်၏၊ ပိုင်ရှင်ရှိ ရထားဖြစ်လျှင် တူရိယာတို့ကို ရှေ့မှ တီးရ၏၊ ပိုင်ရှင်မရှိသေးလျှင် နောက်မှ တီးရ၏။ ထို့ကြောင့် တူရိယာ အားလုံး နောက်မှ တီခိုင်း၏။ ရွှေကရားဖြင့် ရထားဦးကို လည်းကောင်း၊ နှင်တံကို လည်းကောင်း သွန်းလောင်း၍ အောက်ပါအတိုင်း ဆိုပြီး ရထားကို လွှတ်ကြကုန်၏။

ယဿ ရဇ္ဇံ ကာရေတုံ ပုညံ အတ္ထိ၊ တဿ သန္တိကံ ဂစ္ဆတု။ ။

ယဿ၊ အကြင်သူအား။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေတုံ၊ ပြုစိမ့်သောငှာ။ ပုညံ၊ ကောင်းမှုသည် ဘုန်းကံသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုသူ၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆတု၊ သွားပါစေ၊ သွားစေလော။

ထိုအခါ မင်္ဂလာ ရထားသည် မိထိလာပြည်ကို လက်ယာရစ် လှည့်၍ လျင်စွာပင် လမ်းမကြီးသို့ တက်သွားလေ၏။ စစ်သူကြီး စသည်တို့သည် (မင်္ဂလာ ရထားသည် ငါ၏ထံသို့ လာပါစေသတည်း)ဟု အောက်မေ့ကြကုန်၏။

## မင်္ဂလာရထား ဆိုက်သွားအားရ ကျောက်ဖျာမှ

မင်္ဂလာရထားသည် ခပ်သိမ်းသောသူတို့၏ အိမ်အားလုံးတို့ကို လွန်၍ မြို့ကို လက်ယာရစ်လှည့်ပြီး မြို့၏ အရှေ့တံခါးမှထွက်၍ ဥယျာဉ်သို့ ရှေ့ရှုသွင်း လေ၏။ ထိုအခါ ဥယျာဉ်သို့ လျင်စွာသွားသည်ကို မြင်ကြ၍ ''ပြန်လှည့် ပေး ကုန်လော့၊ ပြန်လှည့် ပေးကုန်လော့''ဟု ဝိုင်းအော်ကြကုန်၏။ ပုရောဟိတ်သည် ''မလှည့်နှင့်၊ မလှည့်နှင့်''ဟု ပြန်ပြောလေ၏။ ယူဇနာတရာ ဖြစ်သော်လည်း သွားပါစေဟု ထပ်ပြောလေ၏။ ရထားသည် ဥယျာဉ်သို့ဝင်၍ မင်္ဂလာ ကျောက်ဖျာကို လက်ယာရစ် လှည့်သည်ကိုပြု၍ ရထားပေါ်သို့တက်ရန် အဆင် သင့် လုပ်ပြီး ရပ်လိုက်၏။ ပုရောဟိတ်သည် လျောင်း၍နေသော အလောင်း တော်ကို မြင်၍ အမတ်တို့ကို ခေါ်၍ အောက်ပါအတိုင်း ပြော၏။

> အမ္ဘော ဧကော သိလာပဋ္ဋေ နိပန္နကော ပုရိသော ဒိဿတိ၊ သေတစ္ဆတ္တာနုစ္ဆဝိကာ ပနဿ ဓိတိ အတ္ထိတိဝါ နတ္ထိတိဝါ န ဇာနာမ၊ သစေ သေ ပုညဝါ ဘဝိဿတိ၊ အမှေ န ဩလောကေဿတိ၊ ကာဠကဏ္ဏိသတ္တော သစေ ဘဝိဿတိ၊ ဘီတတသိတော ဥဋ္ဌာယ ကမ္ပမာနော ဩလောကေဿတိ၊ တသ္မာ ခိပ္ပံ သဗ္ဗတူရိယာနိ ပဂ္ဂဏှထ။

အမ္ဘော၊ အို-လူအများတို့။ သိလာပဋ္ဋေ၊ ကျောက်ဖျာပေါ်သို့ ဧကော၊ တယောက်သော။ နိပန္နကော၊ လျောင်း၍နေသော။ ပုရိသော၊ ယောကျ်ားကို။ ဒိဿတိ၊ တွေ့မြင်ရ၏။ ပန၊ အထူးကား။ အဿ၊ ထိုယောကျ်ားအား။ သေတစ္ဆတ္တာနုစ္ဆဝိကာ၊ ထီးဖြူအား လျောက်ပတ်သော။ ဓိတိ၊ ဘုန်းလက္ခဏာ သည်။အတ္ထိတိဝါ၊ ရှိ၏ဟူ၍ လည်းကောင်း။ နတ္ထိတိဝါ၊မရှိဟူ၍ လည်းကောင်း။ န ဇာနာမ၊ မသိကြကုန်။ သစေ၊ အကယ်၍။ သေ-သော၊ ဤယောကျ်ား သည်။ ပုညဝါ၊ ဘုန်းရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

အမှေ၊ ငါတို့ကို။ န ဩလောကေဿတိ၊ မကြည့်လတ္တံ့။ သစေ၊ အကယ်၍။ ကာဠကဏ္ဏိသတ္တော၊ ယုတ်မာသော သတ္တဝါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဘီတတသိတော၊ ကြောက်လန့်သည် ဖြစ်၍။ ဥဋ္ဌာယ၊ ထ၍။ ကမ္ပမာနော၊ တုန်လှုပ်လျက်။ ဩလောကေဿတိ၊ ကြည့်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ ခိပ္ပံ၊ လျင်စွာ။ သဗ္ဗတူရိယာနိ၊ ခပ်သိမ်းသော တူရိယာတို့ကို။ ပဂ္ဂဏှထ၊ တီး ဆို က ခုန် ကြပါကုန်လော။

## ကျောက်ဖျာထက်တွင် တွေ့မြင်အတန်တန် စုံစမ်းပြန်

ထိုအခါ အကြိမ်များစွာ ဟီးဆို ကခုန်ကြကုန်၏။ သမုဒ္ဒရာဟိန်းသံကြီး ကဲ့သို့ ဥယျာဉ်ကြီးတခုလုံး ဟိန်းသွားလေတော့သည်။ အလောင်းတော်သည် ထိုအသံကြောင့် နိုး၍ ခေါင်းဖွင့်ကြည့်လျက် လူများအပေါင်းကို မြင်၍ (သေတစ္စတ္တေန မေ အာဂတေန ဘဝိတဗ္ဗံ) ငါ့အတွက် ရောက်လာသော ထီးဖြူ ဖြစ်ပေလိမ့်မည်ဟု ကြံ၍ တဖန် ခေါင်းပြန်ခြုံလို့မှကာ လက်ဝဲနတောင်း စောင်း၍ အိပ်လိုက်ပြီ။ ပုရောဟိတ်သည် ခြေတို့ကို ဖွင့်၍ လက္ခဏာတို့ကို ကြည့်သော် (တိဋ္ဌတု အယံ ဧကော ဒီပေါ၊ စတုန္နမ္ပိ မဟာဒီပါနံ ရဇ္ဇံ ကာရေတုံ သမတ္ထော ဟောတိ) ဤပုဂ္ဂိုလ်သည် တကျွန်းမက လေးကျွန်းလုံးကို မင်းပြုခြင်းငှာ စွမ်းနိုင်သူတည်းဟု တဖန် တူရိယာတို့ကို တီးစေ၏။ အလောင်းတော်သည် မျက်နှာကို ဖွင့်၍ လှိမ့်ပြီး လက်ယာနတောင်းစောင်း၍ အိပ်သိုက်ပြန်ပြီ။ ထို့နောက် လူအပေါင်းကို ကြည့်ပြီ၊ ထိုအခါ ပုရောဟိတ်သည် ပရိသတ်ကို ဖယ်ရှားစေ၍ လက်အုပ်ချီ ဝပ်တွားလျက် လျှောက်ထား၏။

(က) ဥဋ္ဌေဟိ ဒေဝ၊ ရဇ္ဇံ တေ ပါပုဏာတိ၊

ဒေဝ၊ မင်းမြတ်။ ဥဋ္ဌေဟိ၊ ထပါလော့၊ ရဇ္ဇံ၊ မင်းအဖြစ်သည်။ တေ၊ သင့်အား။ ပါပုဏာတိ၊ ရောက်ပါ၏။

(ခ) ရာဇာ ဝေါ ကုဟိံ။

ဝေါ၊ သင်တို့၏။ ရာဇာ၊ မင်းကြီးသည်။ ကုဟိံ၊ အဘယ်သို့ သွား သနည်း။

(ဂ) ကာလကတော ဒေဝ။

ဒေဝ၊ မင်းမြတ်။ အမှာကံ၊ ငါတို့၏။ ရာဇာ၊ မင်းကြီးသည်။ ကာလ ကတော၊ သေသွားပြီ။

(ဃ) တဿ ပုတ္တော ဝါ ဘာတာ ဝါ နတ္ထိ။

တဿ၊ ထိုမင်းကြီး၏။ ပုတ္တော ဝါ၊ သားသည် သော်လည်းကောင်း။ ဘာတာ ဝါ၊ ညီအကိုသည်သော်လည်းကောင်း။ နတ္ထိ၊ မရှိသလော။

(င) နတ္ထိ ဒေဝ။

ဒေဝ၊ မင်းမြတ်။ နတ္ထိ၊ မရှိပါ။

(စ) တေနဟိ သာဓု ရဋ္ဌံ ကာရေဿာမိ။

တေနဟိ၊ ထိုသို့ဖြစ်သည်ရှိသော်။ သာဓု၊ ကောင်းပါ၏။ ရဋ္ဌံ၊ မင်းအဖြစ်ကို။ ကာရေဿာမိ၊ ပြုပါအံ့။

## ရာထူးခန့်ပုံ အကုန်နှံ့စပ် ဝိုင်းကျေနပ်

ဤသို့ ဆိုကာ ထပြီး ကျောက်ဖျာပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်လေ၏။ ထိုအခါ အလောင်းတော်ကို ထိုကျောက်ဖျာပေါ်၌ပင် ဘိသိက်သွန်းကြကုန်၏။ ထိုမင်းသည် မဟာဇနကမင်း မည်၏။ မြတ်သောရထားသို့တက်၍ များပြားသော စည်းစိမ် အခြံအရံဖြင့် မြို့သို့ဝင်၍ နန်းတော်သို့တက်၍ အောက်ပါအတိုင်း ကြေငြာပြီး ပြင်ဆင်ထားအပ်သော ခန်းမကျယ်၌ နေပြီ။

သေနာပတိအာဒီနံ တာနေဝ ဌာနာနိ ဟောန္တု။

သေနာပတိအာဒီနံ၊ စစ်သူကြီး စသည်တို့၏။ တာနေဝ ဌာနာနိ၊ ထိုရှိမြဲတိုင်း ဆောင်ရွက်မြဲတိုင်း ရာထူးအတိုင်းတို့သည်သာလျှင်။ ဟောန္တု၊ ဖြစ်ကြပါစေ၊ ဖြစ်စေကုန်။

## သင်၏စကား မကြားသလိုပင် မြက်လောက်ထင်

သမီးတော် သီဝလိဒေဝီသည် များစွာ တွေ့မြင်လို၏။ စုံစမ်းလို၏။ ထို့ကြောင့် ယောကျ်ားတယောက်ကို အောက်ပါအတိုင်း ပြောခိုင်း၏။

> တာတ တွံ ဂစ္ဆ၊ ရာဇာနံ ဥပသင်္ကမိတွာ ဧဝံ ဝဒေဟိ၊ ဒေဝ
> သီဝလိဒေဝီ တုမှေ ပက္ကောသတိ၊ ခိပ္ပံ ကိရာဂစ္ဆတု။ ။

တာတ၊ အမောင်။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလော့။ ရာဇာနံ၊ မင်းကြီး (မဟာဇနက)သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဧဝံ၊ ဤသို့။ ဝဒေဟိ၊ ပြောလော့။ ဒေဝ၊ အရှင်မင်းကြီး။ သီဝလိဒေဝီ၊ သီဝလိဒေဝီမင်းသမီးသည်၊ တုမှေ၊ သင်တို့ကို။ ပက္ကောသတိ၊ ခေါ်ပါ၏။ ခိပ္ပံ၊ လျင်စွာ။ အာဂစ္ဆတု ကိရ၊ လာရမည်တဲ့။

လာပြော၏။ ကြားလျက် မကြားယောင်ဆောင်ကာ "ဒီပြာသာဒ်ကြီးဟာ အလွန်တင့်တယ် အံ့သြဘွယ်ရာပါတကား"ဟု ပြာသာဒ်ကိုသာ ချီးကျူးနေ၏။ ထို့ကြောင့် အခေါ်လာသော ယောကျ်ားက အောက်ပါအတိုင်း ပြန်ပြောလေ၏။

အယျေ ရာဇာ တုမှာကံ ဝစနံ န သုဏာတိ၊ ပါသာဒမေဝ ဝဏ္ဏေတိ၊ တုမှာကံ ဝစနံ တိဏံ ဝိယ န ဂဏေတိ။

အယျေ၊ အရှင်မ သီဝလိဒေဝီ။ ရာဇာ၊ မင်းကြီးသည်။ တုမှာကံ၊ သင်တို့၏။ ဝစနံ၊ စကားကို။ န သုဏာတိ၊ နားမထောင်။ ပါသာဒမေဝ၊ ပြာသာဒ်ကိုသာလျှင်။ ဝဏ္ဏေတိ၊ ချီးမွမ်းနေ၏။ တုမှာကံ၊ သင်မင်းသမီးတို့၏။ ဝစနံ၊ စကားကို။ တိဏံဝိယ၊ မြက်ကလေး တပင်လောက်မျှ။ န ဂဏေတိ၊ အရေအတွက် မထည့်ပါ။

## မဟာဇနက မင်းမှမသွေ လေးပါးဖြေ

မင်းသမီးသည် ထိုယောကျ်ား၏ စကားကို ကြားသည်ရှိသော် (ထိုမင်းသည် မြတ်သောအလို နှလုံးသွင်း ရှိပေလိမ့်မည်ဟု ကြံ၍ နှစ်ကြိမ် သုံးကြိမ် ရောက်အောင် ခေါ်ခိုင်းလေ၏။ မင်းကြီးသည် မြတ်သော ခြင်္သေ့မင်းကဲ့သို့ တင့်တယ်စွာ ပြာသာဒ်ထက်သို့ တက်သွားပြီ။ ထိုအခါ မင်းသမီးသည် အခလောင်းတော်၏ တန်ခိုးကြောင့် မိမိ အလိုအတိုင်း တည်နေခြင်းငှာ မစွမ်းနိုင်တော့သဖြင့် ကိုယ်တိုင်လာ၍ မိမိ၏လက်ကို မင်းကြီးအား ပေးပြီ။ မင်းကြီးသည် လက်ကိုင်၍ ခြင်္သေ့ခန်းသို့ ထွက်ကာ ထီးဖြူရှိသော ပလ္လင်၌ အတူထိုင်၍ အမတ်တို့ကို ခေါ်ပြီး "အမတ်မင်းတို့၊ သင်တို့၏မင်းကြီးရှိစဉ် ဩဝါဒရှိသလား၊ ဘယ်လို ရှိသလဲ"။

(၁) သီဝလိဒေဝိံ အာရာဓေတုံ သမတ္ထဿ ရဇ္ဇံ ဒေထ။

အထက်ပါ ဩဝါဒအရ သီဝလိဒေဝီ ကိုယ်တိုင်လာ၍ ဆွဲကိုင်ဘို့ရန် လက်ကိုပေးပြီ၊ ဤကား နှစ်သက်ခြင်းပင်တည်း။

(၂) စတုရဿပလ္လင်္ကဿ ဥဿီသကံ ဇာနိတုံ သမတ္ထဿ ရဇ္ဇံ ဒေထ။

အမှတ် ၂-ဩဝါဒအရ မင်းကြီး ဖြေသည်မှာ- မင်းကြီး၏ ဦးခေါင်းမှ ရွှေဆံသိုးကို ယူပြီး သီဝလိဒေဝီ၏လက်၌ ထည့်၍ ယင်း သီဝလိဒေဝီက ပလ္လင်၏ ဦးခေါင်းရင်း၌ထားရ၏။ (ခဂ္ဂံ အဒါသီတိပိ ဝဒန္တိယေဝ) အမှတ်တမဲ့ဆိုင်းငံ့ကာ ဤသီဝလိဒေဝီ၏ ထားရာအရင်ကို ပလ္လင်၏ ဦးခေါင်းဟု ဖြေလိုက်သည်။

(၃) သဟဿထာမဓနုံ အာရောပေတုံ သမတ္ထဿ ရဇ္ဇံ ဒေထ။

အမှတ် ၃-ဩဝါဒအရ မင်းကြီး ဖြေသည်မှာ- ယင်း လေးကို ယူစေပြီး မင်းကြီးသည် တင်ပလ္လင်ခွေ ထိုင်မြဲတိုင်း ထိုင်လျက် အမျိုးသမီးတို့၏ ဝါဖတ်သောလေးကို တင်လိုက်ဘိသကဲ့သို့ တင်ပြလိုက်လေ၏။

(၄) ဒေဝ သောဠသ မဟာနိမိ နိမိဟရိတုံ သမတ္ထာသာ ရဇ္ဇ ဒေထ။

အမှတ် ၄-သြဝါဒအရ မင်းကြီး ဖြေသည်မှာ-သူရိယုဂ္ဂမနေ နိမိ၊ လ၊ သောဠသေတေ မဟာနိမိ ဟူသော နိမိဥဒ္ဒါနအတိုင်း ဖြစ်သည်။

## ရွှေအိုးဖော်နည်း မင်းကြီးမိန့်မှာ သုံးဂါထာ

နိမိဥဒ္ဒါန ဂါထာကား-

သူရိယုဂ္ဂမနေ နိမိ၊ အထော သြဂ္ဂမနေ နိမိ။
အန္တောနိမိ ဗဟိနိမိ၊ န အန္တော န ဗဟိ နိမိ။ ။
အာရောဟနေ မဟာနိမိ၊ အထော သြရောဟနေ နိမိ။
စတူသု မဟာသာလေသု၊ သမန္တာ ယောဇနေ နိမိ။ ။
ဒန္တဂ္ဂေသု မဟာနိမိ၊ ဝါလဂ္ဂေသု စ ကေပုကေ။
ရုက္ခဂ္ဂေသု မဟာနိမိ၊ သောဠသေတေ မဟာနိမိ။ ။

**မှတ်ချက်။** ။ရွှေအိုးဖော် ၃-ဂါထာပါတည်း။ ဤ ၃-ဂါထာ၏ အဓိပ္ပာယ်သိဘို့ လိုပါသည်။

## ဂါထာဓိပ္ပာယ် လွန်ကျယ်ဤသို့ သိကြဘို့

(၁) သူရိယုဂ္ဂမနေ နိမိ ၌ သူရိယအရ ဤနေမင်း မဟုတ်၊ နေမင်းနှင့် တူသော ပစ္စေကဗုဒ္ဓါဘို့တည်း၊ ယင်း ပစ္စေကဗုဒ္ဓါတို့ ကြွလာသည့်အခါ ခရီးဦးကြိုဆိုသည့် နေရာသည် နေတက်သော နေရာပါတည်း။ ထိုနေရာ၌ ဖော်ထုတ်လော။ ပေါ်လာပြီ။ အားလုံး ဝမ်းသာကြသည်။

(၂) သြဂ္ဂမနေ နိမိ ၌ ပစ္စေကဗုဒ္ဓါများ ပြန်ကြွသည့်အခါ လိုက်ပို့ ပြန်သည့် နေရာသည် နေဝင်သော နေရာပါတည်း။ ထိုနေရာ၌ ဖော်ထုတ်လော။ ပေါ်လာပြီ။ အားလုံး ဝမ်းသာကြသည်။

(၃) အန္တော နိမိ ၌ ရာဇဂြိုဟ်ပြည်၌ တံခါးကြီး၏ တံခါးခုံ အတွင်း၌ တူးလော။

(၄) ဗဟိနိမိ ၌ တံခါးခုံ၏ အပ၌ တူးလော။

(၅) န အန္တော န ဗဟိ နိမိ ၌ တံခါးခုံအောက်၌ တူးလော။

(၆) အာရောဟနေ နိမိ ၌ မင်္ဂလာ ဆင်တော်ကို စီးသောအခါ၌ ရွှေလှေကား ခင်းချသော နေရာ၌ တူ လော။

(၇) စတုသု မဟာသာလေသု ၌ မြေ၌ပြုအပ်သော ဆည်းကပ် ခစားရာ ဌာန၌ အသရေရှိသော အိပ်ရာ၏ ညောင်စောင်း ခြေလေးခုတို့သည် အင်ကြင်းသားဖြင့် ပြီးကုန်၏။ ထို ညောင် စောင်းခြေတို့၏ အောက်၌ ရွှေအိုးကြီး လေးလုံး ရှိကုန်၏။ တူးလော။

(၈) ဩရောဟနေ နိမိ ၌ မင်္ဂလာဆင် ကျောက်ကုန်းမှ ဆင်းသော နေရာ၌ တူးလော။

(၉) သမန္တာ ယောဇနေ နိမိ ၌ တယူဇနာဟူသည် ရထားထမ်းပိုး တပြန်မျှတည်း။ အိပ်ရာ၏ ထက်ဝန်းကျင်မှ ရထားထမ်းပိုး တပြန်မျှ၌ တူးလော။

(၁၀) ဒန္တဂ္ဂေသု မဟာနိမိ ၌ မင်္ဂလာဆင် ရပ်မြဲတိုင်း နေရာ၌ ထိုဆင်၏ အစွယ်နှစ်ခုတို့၏ ရှေ့ရှုရောက်သောနေရာ၌ တူးလော။

(၁၁) ဝါလဂ္ဂေသု ၌ မင်္ဂလာဆင် ရပ်မြဲတိုင်းနေရာ၌ အမြီး၏ ရှေ့ရှု ရောက်သော နေရာ၌ တူးလော။

(၁၂) ကေပုကေ ၌ မင်္ဂလာရေကန်၌ ရေကို ပက်ထုတ်၍ ရွှေအိုးကို ပြ၏။

(၁၃) ရုက္ခဂ္ဂေသု မဟာနိမိ ၌ ဥယျာဉ်အတွင်းအင်ကြင်းပင်ကြီးအရင်း ၌ မွန်းတည့်သောအခါ၌ ဝန်းဝိုင်းသော သစ်ပင်ရိပ်၏အတွင်း၌ တူးလော။

ဤသို့ ၁၆-လုံးသော ရွှေအိုးတို့ကို ရ၍ လူအများ ဝမ်းသာ အားရ ရှိကြကုန်၏။

## ပူဇော် ချီးကျူး အထူးခယ လာဖူးကြ

အလောင်းတော် မဟာဇနကမင်းကြီးသည် လူ့ဒါန်းဘို့ရန် ဆုံးဖြတ်၍ မြို့လယ်၌ တခု၊ မြို့တံခါးလေးခုတို့၌ လေးခု အလှူရုံကြီး ၅-ခု ဆောက်ပြီး အလှူကြီး ပေးလေ၏။ ကာလစမ္ပာမြို့မှ မိမိ၏ မိခင်ကိုလည်းကောင်း၊ ဒိသာ

ပါမောက္ခဆရာကြီးကိုလည်းကောင်း အခေါ်လွှတ်ပြီး များစွာ ပူဇော်သက္ကာ ပြုလေ၏။ ထိုမဟာဇနကမင်းသည် ငယ်သော မင်းအဖြစ်၌ပင် အလုံးစုံသော ဝိဒေဟာတိုင်းကို စိုးအုပ်ရ၏။ ထို့ကြောင့် ဤသို့ ကျော်ကြားကာ လာရောက် ကြည့်ရှု လက်ဆောင်ပေးကြကုန်၏။

အရိဋ္ဌဇနကရညော ကိရ ပုတ္တော မဟာဇနကောနာမ ရာဇာ ရဇ္ဇံ ကာရေတိ၊ သော ကိရ ပဏ္ဍိတော ဥပါယကုသလော၊ ပဿထာမ နံ။

အရိဋ္ဌဇနကရညော၊ အရိဋ္ဌဇနကမင်းကြီး၏။ ပုတ္တော၊ သားဖြစ်သော။ မဟာဇနကောနာမ၊ မဟာဇနက အမည်ရှိသော။ ရာဇာ၊ မင်းသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေတိ ကိရ၊ ပြုစေသတတ်။ သော၊ ထိုမဟာဇနကမင်းသည်။ ပဏ္ဍိတော၊ ပညာရှိ၏။ ဥပါယကုသလော ကိရ၊ နည်းပရိယာယ်၌ လိမ္မာသတတ်။ နံ၊ ထိုမင်းကို။ ပဿထာမ၊ သွားကြည့်ကြကုန်အံ့။

## အလောင်းတော်မြတ် ရှင်လတ်အထူး ဥဒါန်းကျူး

ထိုအခါ အလောင်းတော်သည် ထီးဖြူအောက် မင်း၏နေရာ၌နေလျက် သိကြားမင်း အသရေနှင့်တူသော ကြီးစွာသော အသရေ၏ တင့်တယ်မှုကို ကြည့်ရှု၍ မိမိ၏ သမုဒ္ဒရာ၌ ကြိုးစားခဲ့ရပုံကို ပြန်လည် စဉ်းစားမိသည်။အကယ်၍ သာ ငါတကယ် အားမထုတ်လျှင် ဤစည်းစိမ်မျိုးကို ငါမမြင်ရနိုင်ဟု စဉ်းစား ပီတိဖြစ်၏။ယင်း ပီတိဟုန်ဖြင့် အလောင်းတော်သည် အောက်ပါအတိုင်း ဥဒါန်း ကျူးလေသည်။

(၁) အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု။ ။

ပဏ္ဍိတော၊ ပညာရှိသော။ ပုရိသော၊ ယောကျာ်းသည်။ အာသီသေထေဝ၊ အာသာဆန္ဒပြင်းပြရမည်သာတည်း။ န နိဗ္ဗိန္ဒေယျ၊ မပျင်းရိရာ။ ယထာ၊ အကြင် အခြင်းအရာထူးဖြင့်။ (ရာဇဘာဝံ၊ မင်းအဖြစ်ကို)၊ ဣစ္ဆိံ၊ အလိုရှိခဲ့ပြီ။ တထာ၊ ထိုအခြင်းအရာအားဖြင့်သာလျှင်။ (ရာဇာ၊ မင်းသည်)။ အဟု၊ ဖြစ်ပြီ။ အဟံ၊ ငါသည်။ အတ္တာနံ၊ မိထိလာပြည့်ရှင် ဘုရင်ဖြစ်နေသော မိမိကိုယ်ကို။ ပဿာမိ၊ ဒိဋ္ဌထင်ထင် တွေ့မြင်ရပေ၏။

(၂) အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟံ အတ္တာနံ၊ ဥဒကာ ထလ မုဗ္ဘတံ॥ ။

ပဏ္ဍိတော၊ ပညာရှိသော။ ပုရိသော၊ ယောကျာ်းသည်။ အာသီသေထေဝ၊ အာသာဆန္ဒ ပြင်းပြရမည်သာတည်း။ န နိဗ္ဗိန္ဒေယျ၊ ပျင်းရိရာ။ အဟံ၊ ငါသည်။ ဥဒကာ၊ ရေမှ။ ထလံ၊ ကုန်းပေါ်သို့။ ဥဗ္ဘတံ၊ တက်လာရသော။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဿာမိ၊ မြင်ရ၏။

(၃) ဝါယာမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု။ ။

ပဏ္ဍိတော၊ ပညာရှိသော။ ပုရိသော၊ ယောကျာ်းသည်။ ဝါယာမေထေဝ၊ လုံ့လပြုရမည်သာလျှင်တည်း။ န နိဗ္ဗိန္ဒေယျ၊ မပျင်းရိရာ။ ယထာ၊ အကြင် အခြင်းအရာအားဖြင့်။ (ရာဇဘာဝံ၊ မင်းအဖြစ်ကို)။ ဣစ္ဆိံ၊ အလိုရှိခဲ့ပြီ။ တထာ၊ ထိုအခြင်းအရာအားဖြင့်သာလျှင်။ (ရာဇာ၊ မင်းသည်)။ အဟု၊ ဖြစ်ပြီ။ အဟံ၊ ငါသည်။ အတ္တာနံ၊ မိထိလာပြည့်ရှင် ဘုရင်ဖြစ်နေသော မိမိကိုယ်ကို။ ပဿာမိ၊ ဒိဋ္ဌထင်ထင် တွေ့မြင်ရပေ၏။

(၄) ဝါယာမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟံ အတ္တာနံ၊ ဥဒကာ ထလ မုဗ္ဘတံ॥ ။

ပဏ္ဍိတော၊ ပညာရှိသော။ ပုရိသော၊ ယောကျာ်းသည်။ ဝါယာမေထေဝ၊ လုံ့လပြုရမည်သာလျှင်တည်း။ နနိဗ္ဗိန္ဒေယျ၊ မပျင်းရိရာ။ အဟံ၊ ငါသည်။ ဥဒကာ၊ ရေမှ။ ထလံ၊ ကုန်းပေါ်သို့။ ဥဗ္ဘတံ၊ တက်လာရသော။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဿာမိ၊ မြင်ရ၏။

## သရက်နှစ်ပင် တွေ့မြင်တပ်အပ် အကဲခတ်

အလောင်းတော် မဟာဇနကမင်းသည် ထိုအခါမှစ၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုလျက် ပစ္စေကဗုဒ္ဓါတို့ကို ဆည်းကပ်၏။ နောင်အခါ မိဖုရား သီဝလိဒေဝီသည် ဘုန်းလက္ခဏာနှင့် ပြည့်စုံသော သားကို ဖွား၏။ အမည်ကား ဒီဃာဝုခင်းသားတည်း။ အရွယ်ရောက်သော် အိမ်ရှေ့မင်း ရာထူး ပေး၍ အနှစ် ခုနစ်ထောင် မင်းပြုလေ၏။ တနေ့သ၌ ဥယျာဉ်စောင့်နှင့် သစ်သီး ကြီးငယ် အထူးထူးသော ပန်းစသည်တို့ကိုကြည့်လျက် နှစ်သက်အားရမှုဖြစ်၍

မှာကြားပြီး ဥယျာဉ်သို့ ဆင်စီးလျက် များသော အခြံအရံဖြင့် မြို့မှထွက်၍ ဥယျာဉ်သို့ လာလေ၏။ ထိုဥယျာဉ်၌ ညိုသော သရက်ပင်ကြီး နှစ်ပင် ရှိ၏။ တပင်က အသီး မသီး၊ တပင်က အသီး သီး၏၊ ထိုသရက်သီးသည် အလွန်ချို၏။ မင်းသည် အသီးဦးကို မသုံးဆောင်ရသေးသောကြောင့် မည်သူမျှ မဆွတ်ဝံ့ကြ။

## ဘုံသုံးပါးကား မခြားစွဲယူ မီးပုံတူ

မင်းသည် ဆင်ကျောက်ကုန်းမှ ဆင်းလျှင်ဆင်းချင်း မြင်၍ သုံးဆောင်၏။ ကျန်သော အိမ်ရှေ့မင်း စသည် သုံးဆောင်ကြ၊ နတ်ဩဇာကဲ့သို့ အရသာရှိ၏။ တက်ကြ ခူးကြ ချိုးဖဲ့ကြ၊ အသီးမသီးသော အပင်ကား အချိုးအဖဲ့မခံရ၊ အရွက်လည်း မယွင်း၊အဆင်းလည်း မပျက်၊ အမတ်များစာ လျှောက်ထား၏။ အထူးမှာ–

(က) ဖ္လဒမ္ဗိ ရဇ္ဇံ သဖလရုက္ခသဒိသံ။

ဖ္လဒမ္ဗိ ရဇ္ဇံ၊ ဤမင်းအဖြစ်သည်။ သဖလရုက္ခသဒိသံ၊ အသီး သီးသော သစ်ပင်နှင့် တူ၏။

(ခ) ပဗ္ဗဇ္ဇာ ပန နိပ္ဖလရုက္ခသဒိသာ။

ပဗ္ဗဇ္ဇာ ပန၊ ရဟန်းအဖြစ်သည်ကား။ နိပ္ဖလ ရုက္ခသ ဒိသာ၊ အသီး မသီးသော သစ်ပင်နှင့် တူ၏။

ထို့ကြောင့် ငါသည် အသီး သီးသော သစ်ပင်ကဲ့သို့ မဖြစ်တော့မူ၍ အသီး မသီးသော သစ်ပင်ကဲ့သို့ ဖြစ်တော့အံ့၊ ဤမင်းစည်းစိမ်ကို စွန့်၍ တောထွက် ရဟန်းတက်ပါတော့အံ့ဟု အဓိဋ္ဌာန်ပြုကာ မြို့သို့ပြန်ဝင်ပြီး ရာထူးများလွှဲအပ်ကာ ပြာသာဒ်ဆက်သို့ တက်၍ ရဟန်းတရားများ အားထုတ်လေ၏။ လေးလကြာခဲ့ပြီ။ အလွန် ရဟန်းပြုလိုသောစိတ် ရှိ၏။ လူ့ဘောင်ကို လောကန္တရိက် ငရဲကဲ့သို့ ထင်၏။ဘုံသုံးပါးကို မီးပုံကြီး သုံးပုံကဲ့သို့ ထင်၏ သိကြားမင်းစည်းစိမ်ကဲ့သို့ တန်ဆာဆင်အပ်သော မိထိလာပြည်ကြီးကို စွန့်၍ ဟိမဝန္တာသို့ ဝင်လေ၏။

## တရားသံဝေ စွဲလေစင်စစ် ဤသို့ဖြစ်

အလောင်းတော် မဟာဇနကမင်းသည် အသက် ၁-သောင်းတန်း၌ ဖြစ်ရ၍ အနှစ်-၇ထောင်ပတ်လုံး မင်းပြုကာ အနှစ်-၃၀၀ အကြွင်း၌ ရဟန်း

ပြု၏။ ဥယျာဉ်တံခါးဝ၌ သရက်နှစ်ပင်ကိုမြင်၍ သံဝေဂဖြစ်သောအခါမှ စပြီး အိမ်မှာ ၄-လ နေပြီး အောက်ပါအတိုင်း စဉ်းစားခဲ့သည်။

ဣဓမှာ ရာဇဝေသာ ပဗ္ဗဇိတဝေသော ဝရတရော၊ ပဗ္ဗဇိဿာမိ။

ဣဓမှာ ရာဇဝေသာ၊ ဤမင်းအသွင်ထက်။ ပဗ္ဗဇိတဝေသော၊ ရဟန်းအသွင်သည်။ ဝရတရော၊ အလွန် မြတ်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုပါတော့အံ့။

## ပြာသာဒ်ပေါ်မှ ဆင်းကြွတော့မည် ဆုံးဖြတ်ပြီ

ဤသို့ စဉ်းစားကာ ဆုံးဖြတ်ပြီး အလုပ်အကျွေးကို စေခိုင်းသည်မှာ-

တာတ ကဥ္စိ အဇာနာပေတွာ အန္တရာပဏတော ကာသာယ
ဝတ္ထာနိစေဝ မတ္တိကာပတ္တဉ္စ ကိဏိတွာ အာဟရ။

တာတ၊ အမောင်။ ကဥ္စိ၊ တစုံတယောက်ကိုမျှ။ အဇာနာပေတွာ၊ မသိစေမူ၍။ အန္တရာပဏတော၊ ဈေးရုံအတွင်းမှ။ ကာသာယဝတ္ထာနိစေဝ၊ ဖန်ရည်ဆိုးမြန်း အဝတ်သင်္ကန်းတို့ကို လည်းကောင်း။ မတ္တိကာပတ္တဉ္စ၊ မြေသပိတ်ကိုလည်းကောင်း။ ကိဏိတွာ၊ ဝယ်၍။ အာဟရ၊ ဆောင်ခဲ့ပါလော့။

မှာသည့်အတိုင်း ဆောင်ခဲ့၏။ မင်းကြီးသည် ခေါင်းရိတ်သမားကိုခေါ်၍ ဆံ မုတ်ဆိတ်တို့ကို ပယ်စေပြီး အဘိုးအခပေးကာ ပြန်လွှတ်၍ တထည်ဝတ်၊ တထည်ရုံ တထည် ပခုံးတင်၊ မြေသပိတ်ကို အိတ်ဖြင့်စွပ်၊ ပခုံးဖြင့် လွယ်လေ၏။ ထို့နောက် တောင်ဝှေးကိုယူ၍ ခန်းမကျယ်၌ ဇကြိမ်များစွာ ပစ္စေကဗုဒ္ဓါတို့၏ တင့်တယ်ခြင်းကဲ့သို့ ခေါက်တုံ့ ခေါက်ပြန် စင်္ကြံသွား၏။ ထိုရဟန်းမြတ်သည် ထိုနေ့၌ မင်းအိမ် ပြာသာဒ်၌ပင် နေ၍ နောက်တနေ့ နေအရုဏ်တက်သောအချိန်၌ ပြာသာဒ်ပေါ်မှ ဆင်းရန် အားထုတ်ပြီ။

## ပြာသာဒ်ပေါ်မှ ဆင်းကြွသွားပြီ လောင်းမြတ်ထိ(ထေရ်)

ထိုအခါ သီဝလိဒေဝီသည် ၇ ရာသော ကိုယ်ရံတော် အမျိုးသမီးတို့ကို ခေါ်၍ အောက်ပါအတိုင်း ပြောလေ၏။

စိရံ ဒိဋ္ဌော နော ရာဇာ၊ စတ္တာရော မာသာ အတီတာ၊
အဇ္ဇ နံ ပဿိဿာမ၊ သဗ္ဗာလင်္ကာရေဟိ အလင်္ကရိတွာ ယထာ ဗလံ
ကုတ္ထိကုတ္တဟာသဝိလာသေ ဒဿေတွာ ကိလေသဗန္ဓနေန ဗန္ဓိတုံ
ဝါယမေယျာထ။

နော၊ ငါတို့သည်။ ရာဇာ၊ မင်းကြီးကို။ စိရံ၊ ကြာမြင့်စွာသော ကာလ၌။ ဒိဋ္ဌော၊ မြင်အပ်ခဲ့ပါပြီ။ စတ္တာရော မာသာ၊ လေးလတို့သည်။ အတီတာ၊ လွန်သွားကုန်ပြီ။ အဇ္ဇ၊ ယနေ့။ နံ၊ ထိုအလောင်းတော် (မဟာဇနက)မင်းကြီးကို။ ပဿိဿာမ၊ သွားရောက် ရှုကြည့်ကြပါကုန်အံ့။ သဗ္ဗာလင်္ကာရေဟိ၊ အလုံးစုံသော တန်ဆာတို့ဖြင့်။ အလင်္ကရိတွာ၊ တန်ဆာဆင်၍။ ယထာဗလံ၊ အစွမ်းရှိသလို။ ကုတ္ထိကုတ္တ ဟာသ ဝိလာသေ၊ မိန်းမတို့၏ အမူအရာ ပရိယာယ် တင့်တယ်ခြင်းတို့ကို။ ဒဿေတွာ၊ ပြ၍။ ကိလေသဗန္ဓနေန၊ ကိလေသာ တည်းဟူသော အနှောင်အဖွဲ့ဖြင့်။ ဗန္ဓိတုံ၊ နှောင်ဖွဲ့အံ့သောငှာ။ ဝါယမေယျာထ၊ ကြိုးစားကြကုန်လော့။

ပြင်ဆင်ပြီး ကိုယ်ရံတော် အမျိုးသမီး ၇ ရာတို့နှင့်တကွ မင်းကြီးကို ရှုကြည့်ကြကုန်အံ့ဟု မိဖုရား သီဝလိဒေဝီ တက်အလာ၊ ဆင်းသွားသော ရဟန်းမြတ်ကို မြင်သော်လည်း မမှတ်မိ။ မင်းကြီးအား ဩဝါဒပေးဘို့ရန် ကြွလာသော ပစ္စေကဗုဒ္ဓါ ပြန်ဆင်းကြွသာတာဟု ထင်မှတ်ပြီး ထိုင် ဦး ချ လိုက် သေး ၏။ အလောင်းတော်ရဟန်းမြတ် ပြာသာဒ်မှ ဆင်းသွားပြီ။

## အိမ်အိုဇရပ် ချဉ်းကပ်သူလိုက် မီးနှင့်တိုက်

မိဖုရား သီဝလိဒေဝီနှင့် ၇ ရာတို့သည် ပြာသာဒ်ပေါ်တက်၍ အသရေရှိသော အိပ်ရာပေါ်၌ ပိတုန်းရောင် အသွေးရှိသော ဆံတို့ကို လည်းကောင်း၊ ဆင်ဝတ်တန်ဆာ အဖြာဖြာကိုလည်းကောင်း မြင်ကြရ၍ အခုန ဆင်းသွားတာ ပစ္စေကဗုဒ္ဓါ မဟုတ်၊ ငါတို့၏ အရှင်သခင်သာ ဖြစ်ပေလိမ့်မည်၊ လိုက်ကြကုန်လော့၊ ထိုအရှင်သခင်ကို တောင်းပန်၍ ပြန်ပင့်ခဲ့ကြပါကုန်ဟု ကြွ၍ မြတ်သော အပြင်မှ ဆင်း၍ မင်းရင်ပြင်သို့ ရောက်ပြီ။ ခပ်သိမ်းသော အမျိုးသမီးတို့နှင့်တကွ သီဝလိဒေဝီသည် ဆံတို့ကို ကျဲစေလျက် လက်နှစ်ဖက်တို့ဖြင့် ရင်ထုပြီး ဘာ့ကြောင့်များ ဤအမှုမျိုး ပြုပါသနည်းဟု ကြင်နာလှစွာ ငိုကြွေး မြည်တမ်းလျက် အစဉ်လိုက်သွားပြီ။ တမြို့လုံးလည်း ချောက်ချားကုန်ပြီ။ ဝိုင်းလိုက်ကြကုန်၏။ သို့သော် တားမြစ်ခြင်းငှာ မစွမ်းနိုင်။ အကြောင်းတမျိုး ဆင်လိုက်၏။

ယင်းအကြောင်းကား စစ်ဗိုလ်ချုပ်ကြီးကိုခေါ်၍ အလောင်းတော်၏ ရှေ့တည့်တည့်မှ အိမ်အို ဇရပ်အိုတို့ကို မီးဘိုက်လော့၊ မြက်မှိုက် သစ်ရွက်မှိုက်တို့ကို ထည့်သော့၊ မီးခိုးထအောင် လုပ်လော့ဟု ခိုင်း၏။ ထိုအတိုင်း လုပ်၏။

## မိထိလာပြည်ကြီး ဘယ်မီးလောင်လောင် ငါ့မလောင်

သီဝလိဒေဝီမိဖုရားသည် အလောင်းတော်ထံ လိုက်၍ ခြေတို့၌ ဝပ်၍ မိထိလာမြို့ကြီး မီးလောင်နေကြောင်း ပြောလျက်-

ဧဟိ ရာဇ နိဝတ္တဿု၊ မာ တေတံ ဝိနဿ ဓနံ။

ရာဇ၊ မြတ်သောမင်းကြီး။ ဧဟိ၊ လာပါလော့။ နိဝတ္တဿု၊ ပြန်နစ်တော်မူပါ။ တေ၊ သင်၏။ တံ ဓနံ၊ ထိုဥစ္စာစုကို။ မာ ဝိနဿ၊ မပျက်စီးစေပါလင့်။

ထိုအခါ အလောင်းတော်သည် ဤသို့ ပြန်ပြောလေ၏။

ဒေဝိ ကိံကထေသိ၊ ယေသံ ကိဉ္စနံ အတ္ထိ၊ တေသံ တံ ဒယှတိ၊
တေနေဝ ကာရဏေန မိထိလာယ ဒယှမာနာယ န မေ ကိဉ္စိ
အဒယှထ၊ အပ္ပမတ္တကမ္ပိ အတ္တနော ဘဏ္ဍကံ ဒယှမာနံ န ပဿာမိ။

ဒေဝိ၊ မိဖုရားကြီး။ ကိံကထေသိ၊ အသို့ ဆိုဘိသနည်း။ ယေသံ၊ အကြင်သူတို့အား။ ကိဉ္စနံ၊ ကြောင့်ကြခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုသူတို့အား။ တံ၊ ထိုမီးသည်။ ဒယှတိ၊ လောင်၏။ တေနေဝ ကာရဏေန၊ ထို့ကြောင့်သာလျှင်။ မိထိလာယ၊ မိထိလာပြည်ကြီးကို။ ဒယှမာနာယ၊ မီးလောင်အပ်သည်ရှိသော်။ မေ၊ ငါ့အား။ ကိဉ္စိ၊ တစုံတခုမျှ။ န အဒယှထ၊ မီးမလောင်အပ်ပါ။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှလည်း။ အတ္တနော၊ မိမိ၏။ ဘဏ္ဍကံ၊ ဥစ္စာကို။ ဒယှမာနံ၊ မီးလောင်နေသည်ကို။ န ပဿာမိ၊ မမြင်မိခဲ့။

## ရသေ့နှစ်ပါး မိန့်ကြားသြဝါဒ နာယူရ

ထိုအခါ နာရဒမည်သော ရသေ့သည် ဟိမဝန္တာအရပ် ရွှေဂူ၌ နေ၍ အဘိညာဉ်ဉာဏ်ပါးရလျက် ဈာန်ချမ်းသာဖြင့် နေလျက် ခုနစ်ရက်လွန်ပြီး ဈာန်ချမ်းသာမှထ၍ (အဟောသုခံ၊ အဟောသုခံ)ဟု ဥဒါန်းကျူးနေ၏။ ထို နာရဒရသေ့သည် ဤဇမ္ဗူဒိပ်တကျွန်းလုံး၌ ဤဈာန်ချမ်းသာမျိုးကို ဘယ်သူ ရှာမှီးနေပါသနည်းဟု ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်သော် အလောင်းတော် မဟာဇ

ဇနကမင်းကို မြင်၍ မင်းကြီးအတွက် ပူပန်ကာ ဩဝါဒ ပေးအံ့သောငှာ တန်ခိုး ကြွဒ္ဓိအစွမ်းဖြင့် မင်း၏ရှေ့ ကောင်းကင်၌ ရပ်လျက် မိန့်ကြား၏။ ဤသို့ ထိုနာရဒရသေ့သည် အလောင်းတော်ကို ဆုံးမ၍ ကောင်းကင်ဖြင့် မိမိနေရာ အရပ်သို့ ပြန်လေ၏။ ထို့နောင် မိဂါဇိနမည်သော ရသေ့သည် ထို့အတူ သမာ ပတ်မှ ထ၍ ကြည့်လေသော် အလောင်းတော်ကိုမြင်၍ ကောင်းကင်သို့ တက်ပြီး ဩဝါဒ ပေးလေ၏။

## လက်ကောက်နှစ်ကွင်း ဖြစ်ခြင်းတူစွာ ပြန်လှတ်ရာ

သွားယင်း လိုက်ယင်းဖြင့် ဘယ်လိုမှ ပြန်လွှတ်မရ။ ထူဏာမြို့တံခါးသို့ ရောက်သွားကုန်ပြီ။ ထိုတံခါး၌ ကစားနေသော ကလေးမ တယောက်တွင် တဖက်က လက်ကောက် တကွင်း၊ တဖက်က နှစ်ကွင်းဝတ်ထား၏။ တကွင်း ဖက်မှ အသံမကြား၊ နှစ်ကွင်းဖက်မှ အသံကြားနေရ၏။ ထိုအကြောင်းကို သိ၍ အောက်ပါအတိုင်း စိတ်ကူးလေ၏။

> သီဝလိဒေဝီ မမ ပစ္ဆတော စရတိ၊ ကြတ္တိ စ နာမ ပဗ္ဗဇိတဿ မလံ၊
> အယံ ပဗ္ဗဇိတွာပိ ဘရိယံ ဇဟိတုံ န သက္ကောတီတိ ဂရဟိဿန္တိ မံ၊
> သစာယံ ကုမာရိတာ ပဏ္ဍိတာ ဘဝိဿတိ၊ သီဝလိဒေဝိယာ
> နိဝတ္တနကာရဏံ ကထေဿတိ၊ ကြမိဿာ ကထံ သုတွာ သီဝလိ
> ဒေဝိံ ဉယျောဇေဿာမိ။ ။

သီဝလိဒေဝီ၊ သီဝလိဒေဝီသည်။ မမ၊ ငါ၏။ ပစ္ဆတော၊ နောက်မှ။ စရတိ၊ လှည့်လည်၏။ ကြတ္တိစနာမ၊ မိန်းမတို့ မည်သည်ကား။ ပဗ္ဗဇိတဿ၊ ရဟန်း၏။ မလံ၊ အညစ်အကြေးတည်း။ အယံ၊ ဤမင်းသည်။ ပဗ္ဗဇိတွာပိ၊ ရဟန်းပြုသော်လည်း။ ဘရိယံ၊ သားမယားကို။ ဇဟိတုံ၊ စွန့်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ ကြတိ၊ ကြသို့။ မံ၊ ငါ့ကို။ ဂရဟိဿန္တိ၊ ကဲ့ရဲ့ကုန် လတ္တံ့။ သစေ၊ အကယ်၍။ အယံ ကုမာရိတာ၊ ဤအမျိုးသမီးငယ်သည်။ ပဏ္ဍိ တာ၊ ပညာရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သီဝလိဒေဝိယာ၊ သီဝလိဒေဝီ အား။ နိဝတ္တနကာရဏံ၊ နောက်လှည့်ရန်အကြောင်းကို။ ကထေဿတိ၊ ပြောဆို လတ္တံ့။ ကြမိဿာ၊ ဤအမျိုးသမီး၏။ ကထံ၊ စကားကို။ သုတွာ၊ ကြားရ၍။ သီဝလိဒေဝိံ၊ သီဝလိဒေဝီကို။ ဉယျောဇေဿာမိ၊ ပြန်လွှတ်လိုက်တော့အံ့။

## အမှန်ရောက်လို လူမိုက်ကဝိ မြားသို့ကြည့်

အလောင်းတော်သည် ဆွမ်းအလို့ငှာ လှည့်လည်သော် လေးသမား၏ အိမ်သို့ ရောက်၏။ သီဝလိဒေဝီသည်လည်း တခုသော နေရာ၌ ရပ်နေ၏။ ထိုအခါ လေးသမားသည် မီးကျီးထဲ၌ မြားကို မီးသင်း၍ ပအုံးရည်ဖြင့် ဆွတ်လျက် မျက်စိတဖက်ကို မှိတ်၍ တဖက်ဖြင့်သာ ကြည့်ပြီး ဖြောင့်အောင် ပြု၏။ အမှန်ကို ရအောင် မြင်အောင် ကြည့်လိုလျှင် မျက်စိတဖက်နှင့်သာ ကြည့်ရ၏။ ဒါမှလည်း အမှန်ကို ရ၏။ ဤအဓိပ္ပာယ်ကို ပြလိုသော လေးသမားသည် ဤသို့ ဆို၏။

(၁) ဒွိဟိ သမဏ စက္ခူဟိ၊ ဝိသာလံ ဝိယ ခါယတိ။
အသမ္ပတွာ ပရမံ လိင်္ဂံ၊ နုဇုဘာဝါယ ကပ္ပတိ၊ ။

(၂) ဧကဉ္စ စက္ခုံ နိဂ္ဂယှ၊ ဇိမှ မေကေန ပေက္ခတော။
သမ္ပတွာ ပရမံ လိင်္ဂံ၊ ဥဇုဘာဝါယ ကပ္ပတိ။ ။

(၃) ဝိဝါဒပ္ပတ္တော ဒုတိယော၊ ကေနေကော ဝိဝဒိဿတိ။
တဿ တေ သဂ္ဂကာမဿ၊ ဧကတ္တ မုပရောစတံ။ ။

သမဏ၊ အို-အရှင် ရဟန်းမြတ်။ ဒွိဟိ၊ နှစ်လုံးကုန်သော။ စက္ခူဟိ၊ မျက်စိတို့ဖြင့်။ ဝိသာလံဝိယ၊ ကျယ်ပြန့်သကဲ့သို့။ ခါယတိ၊ ထင်၏။ ပရမံ၊ တဖက် အပိုင်းအခြားဖြစ်သော။ လိင်္ဂံ၊ ကောက်သော အသွင်သဏ္ဌာန် ကောက်သောဌာနသို့။ အသမ္ပတွာ၊ မရောက်မူ၍ (ဝါ) မရောက်သောကြောင့်။ ဥဇုဘာဝါယ၊ ဖြောင့်စွာ ဖြစ်ခြင်းငှာ။ န ကပ္ပတိ၊ မဖြစ်နိုင်။ ဧကဉ္စ၊ တလုံးတည်းဖြစ်သော။ စက္ခုံ၊ မျက်စိကို။ နိဂ္ဂယှ၊ နှိပ်ထား ပိတ်ထား၍။ ဇိမှံ၊ အကောက်ကို။ ဧကေန၊ မျက်စိတဖက်ဖြင့်။ ပေက္ခတော၊ ကြည့်သောသူအား။ ပရမံ၊ တဖက် အပိုင်းအခြား ဖြစ်သော။ လိင်္ဂံ၊ ကောက်သော အသွင်သဏ္ဌာန် ကောက်သောဌာနသို့။ သမ္ပတွာ၊ ကောင်းစွာရောက်၍(ဝါ)ရောက်သောကြောင့်။ ဥဇုဘာဝါယ၊ ဖြောင့်စွာ ဖြစ်ခြင်းငှာ။ ကပ္ပတိ၊ ဖြစ်နိုင်၏။ ဒုတိယော၊ အဖော်ရှိသောသူသည်။ ဝိဝါဒပ္ပတ္တော၊ ငြင်းခုံခြင်းသို့ ရောက်၏။ ဧကော၊ တယောက်ထီးသောသူသည်။ ကေန၊ အဘယ်သူနှင့်။ ဝိဝဒိဿတိ၊ ငြင်းခုံရအံ့နည်း။ သဂ္ဂကာမဿ၊ နတ်ရွာနိဗ္ဗာန် ကျိုးနှစ်တန်ကို အမှန်အလိုရှိသော။ တဿ-တေ၊ ထိုသင့်အား။ ဧကတ္တံ၊ တယောက်ထီးတည်း တပါးတည်း အဖြစ်သည်။ ဥပရောစတံ၊ နှစ်သက်ပါလော။

## ဖြူဆံမြက်စို့ ရွှေသို့မပြခိုင် မဖြစ်နိုင်

အလောင်းတော်သည် သီဝလိဒေဝီကို ပြန်လွှတ်ခြင်းငှာ မစွမ်းနိုင်။ ထို့နောင် ညိုသော တောအုပ်ကို မြင်၍ ပြန်လွှတ်လိုသည်ဖြစ်၍ လမ်းဘေးရှိ ဖြူဆံမြက်ကို အစို့ကလေးကို နုတ်၍ ပြ၏။

ပဿသိ သီဝလိ၊ အယံ ဣလ ပုန ဃဋ္ဋေတုံ န သက္ကာ၊ ဧဝမေဝ
ပုန မယှံ တယာ သဒ္ဓိံ သံဝါသော နာမ ဃဋ္ဋေတုံ န သက္ကာ။

သီဝလိ၊ အရှင်မ သီဝလိဒေဝီ။ တုံ၊ သင်သည်။ ဣလံ၊ ဤဖြူဆံ မြက်စို့ကို။ ပဿသိ၊ ကြည့်လော့။ အယံ၊ ဤမြက်စို့ကလေးကို။ ဣလ၊ ဤ နုတ်ပြီးသော နေရာ၌။ ဃဋ္ဋေတုံ၊ ဆက်စပ် ပြန်ရှင် စိမ့်သောငှာ။ န သက္ကာ၊ မစွမ်းနိုင်။ ဧဝမေဝ၊ ဤအတူသာလျှင်။ ပုန၊ တဖန်။ မယှံ၊ ငါ့အား။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသောနာမ၊ ပေါင်းဖော်ခြင်း မည်သည်။ ဃဋ္ဋေတုံ၊ ဆက်စပ် ရှင်သန် ပြန်၍ဖြစ်ခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း မဖြစ်နိုင်တော့သည် သာတည်း။

ဤသို့ ဆို၍ အောက်ပါ ဂါထာဝက်ဖြင့် ဆိုပြန်သေးသည်။

မုဉ္ဇာဝေ'သိကာ ပဝါဠှာ၊ ဧကာ ဝိဟရ သီဝလိ၊

မုဉ္ဇာ၊ ဖြူဆံမြက်ပင်ကြီးမှ။ ပဝါဠှာ၊ နုတ်ထား ဖြုတ်ထားသော။ ဤ သိကာဣဝ၊ မြက်စို့ကဲ့သို့။ သီဝလိ၊ အရှင်မ သီဝလိဒေဝီ။ တုံ၊ သင်သည်။ ဧကာ၊ တယောက်ထီးတည်း။ ဝိဟရ၊ နေပါလော။

## မင်းနှင့် မိဖုရား နှစ်ပါးယှဉ်တွဲ နောက်ဆုံးခွဲ

သီဝလိဒေဝီသည် ရှေ့ဆက် မဖြစ်နိုင်တော့ ဟူသော အလောင်းတော် (ရဟန်းမြတ်)၏စကားကို ကြား၍ သောကကို ထိန် ခြင်းငှာ မစွမ်းနိုင်တော့ဘဲ လဲကျ မေ့မြောသွားလေ၏။ ထိုသို့ မေ့မြောနေခိုက် အလောင်းတော် တောကြီး မျက်မဲ လျှိုမြောင်ထဲသို့ အရ ဝင်သွားပြီ။ အမတ် စသည်တို့လည်း ဤ၌ လုံးပန်းနေရဆဲဖြစ်၍ ဘယ်သို့မျှ မတတ်နိုင်။ သတိရသည့်အခါ ပြန်၍လိုက်ခိုင်း ရှာဖွေသော်လည်း အစအနပင် မတွေ့တော့ပြီ။ မိဖုရားကြီးသည် ဤနေရာ၌ အကြီးအကျယ် ငိုကြွေး၍ မင်းကြီးနှင့် နောက်ဆုံး ခွဲလိုက်ရသည့် နေရာ၌ အမှတ်တရ စေတီတည်၍ နံ့သာပန်း စသည်ဖြင့် ပူဇော်ပြီး ပြန်ခဲ့လေ၏။

အလောင်းတော်သည်လည်း ဟိမဝန္တာတောသို့ဝင်၍ ခုနစ်ရက် အတွင်း မှာပင် အဘိညာဉ်ငါးပါး၊ သမာပတ် ရှစ်ပါးတို့ကို ဖြစ်စေ၍ တဖန် လူ့ပြည်သို့ ပြန်မလာတော့ပြီ။

မိဖုရားကြီးသည်လည်း (၁) လေးသမားနှင့် ပြောဆိုကြသောနေရာ၊
(၂) အမျိုးသမီးနှင့် ပြောဆိုကြသော နေရာ၊
(၃) ပွဲသကူ အသားများ သုံးဆောင်သော နေရာ။
(၄) မိဂါဇိနရသေ့နှင့် တွေ့သော နေရာ၊
(၅) နာရဒ ရသေ့နှင့် တွေ့သော နေရာ၊

ဤနေရာတို့၌ အမှတ်တရ စေတီများတည်၍ နံ့သာ ပန်း စသည်တို့ဖြင့် ပူဇော်၍ စစ်အင်္ဂါလေးပါး ခြံရံလျက် မိထိလာမြို့သို့ရောက်၍ သရက်ဥယျာဉ်၌ သားတော် ဒီဃာဝုအား အဘိသိက်သွန်း မင်းမြှောက် မြို့သို့ ပို့ပြီး မိဖုရားကြီး ကိုယ်တိုင် ရသေ့ ရဟန်းပြုပြီး ထိုဥယျာဉ်၌ပင် နေလျက် ကသိုဏ်း ပရိကမ်ကို အားထုတ်ရာ ဈာန်ကို ဖြစ်စေလျက် ဗြဟ္မာ့ပြည်သို့ လား၏။ အလောင်းတော် သည်လည်း မယုတ်သောဈာန်နှင့်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ပင် လား၏။

## မဟာဇနက လောင်းလျာသိရိန် ဇာတ်ပေါင်းချိန်

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟော၍ အောက်ပါ အတိုင်း ဇာတ်ပေါင်းတော်မူလေ၏။ မဟာဇနကသည် အရိဋ္ဌဇနက၏ သား၊ သီဝလိဒေဝီသည် ပေါလဇနက၏ သမီး၊ တဝမ်းကွဲ မောင်နှမတည်း။

(၁) သမုဒ္ဒရာစောင့် မဏိမေခလာ နတ်သမီးသည် ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီမ ဖြစ်လာသည်။
(၂) နာရဒ ရသေ့သည် အရှင်သာရိပုတ္တရာ ဖြစ်လာသည်။
(၃) မိဂါဇိန ရသေ့သည် အရှင်မောဂ္ဂလာန် ဖြစ်လာသည်။
(၄) အမျိုးသမီးသည် ခေမာထေရီ ဘိက္ခုနီမ ဖြစ်လာသည်။
(၅) လေးသမားသည် အရှင်အာနန္ဒာ ဖြစ်လာသည်။

(၆) သီဝလိဒေဝီသည် ရာဇာ့ဂုလာမယ်တော် ယသော်ဓရာ မိဖုရား ဖြစ်လာသည်။

(၇) ဒီဃာဝု မင်းသားသည် ရာဟုလာ ဖြစ်လာသည်။

(၈) မဟာဇနက မင်းသားသည် လောကထွဋ်ထား ဘုရား ဖြစ်လာတော်မူသည်။

၁၃၃၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်နေ့တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဓမ္မာဘိပါလ ဟောကြားအပ်သော

## ကြို့တင်မျက်မှောက် ဗိမာန်ပေါက် တရားတော်

## နန္ဒိယသူကြွယ်နှင့် ရေဝတီအမျိုးသမီး ဝတ္ထု

ဗာရာဏသီ၊ တိုင်းဌာနီ၊ ပြည့်ညီ လွန်သာယာ။
တင့်တယ်ထင်ရှား၊ ကုသိုလ်ပွား၊ နှစ်ပါး မိဘမှာ။
တဦးတည်းသား၊ ဖြစ်ထွန်းကား၊ ခေါ်ငြား နန္ဒိယာ။
မျိုးဇာတ်တူညီ၊ ရေဝတီ၊ စိတ်ကြည် မိဘမှာ။
ရေဝတီကား၊ သဒ္ဓါပါး၊ လှူအား မရှိပါ။
သဒ္ဓါပါးနဲ၊ ရောက်ရာမွဲ၊ ဆင်းရဲ မဆုံးပါ။
သဒ္ဓါရှိမှ၊ လိုတိုင်းရ၊ ငြင်းထ နန္ဒိယာ။
ထပ်ကာမိဘ၊ ဖျောင်းဖျကြ၊ လုံးဝ မငြင်းသာ။
အာဝါသဒါန၊ ကျိုးကြီးလှ၊ ဗုဒ္ဓ ဟောမိန့်မှာ။
ကျောင်းဆောက်လှူရ၊ ရေစက်ချ၊ ခဏ ထိုချိန်ခါ။
တာဝတိံသည်၊ နတ်ဌာနီ၊ ပေါက်ပြီ ဗိမာန်သာ။
တိုင်းတာစင်စစ်၊ ဝန်းကျင်ဖြစ်၊ ဆယ့်နှစ် ယူဇနာ။
အမြင့်မှာကား၊ ယူဇနာထား၊ မှတ်သား တရာသာ။
ရတနာခုနစ်ပါး၊ စီခြယ်ထား၊ ဝင့်ကြွား တောက်ပြောင်စွာ။
ယဉ်ကျေးတည်ကြည်၊ နတ်ဒေဝီ၊ ပြည့်ညီ ခြံရံမှာ။
မောဂ္ဂလာန်ထီ(ထေရ်)၊ မြတ်ဇာနည်၊ ကြွပြီ ဝတိံသာ။

ရွှေငွေစိန်ကျောက်၊ ယိုန်ယိုန်တောက်၊ ရောက်လို့ မေးမြန်းရာ။
သဒ္ဓါထူးကြွ၊ လှူပြည်က၊ နန္ဒိယ ဗိမာန်ပါ။
ကျောင်းဒကာ နန္ဒိယ၊ လှူပြည်မှ၊ ခုကျ မရောက်လာ။
ခြွေရံပဟူသမျှ၊ စောင့်ကြရ၊ ပျင်းလှ ပြောပြပါ။
မြေအိုးကွဲက၊ ရွှေအိုးရ၊ မှာကြ ဥပမာ။
လှူပြည်ပြန်ကြွ၊ ရောက်ခဏ၊ မေးထ ဆောလျင်စွာ။
ကြိုတင်မျက်မှောက်၊ ဗိမာန်ပေါက်၊ သင်ရောက် မြင်ခဲ့ပါ။
ရှင်မောဂ္ဂလာန်က၊ မေးသမျှ၊ ဖြေပြ မြတ်ဗုဒ္ဓါ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ၊ ဒုတိယအုပ်။ နှာ-၁၀၉)

(ဓမ္မဒါနအလှူရှင်) ဦးမောင်ခင်-ဒေါ်မြစိန် သားသမီး မြေးများ၏
စေတနာတစု ကောင်းမှု။ အမှတ် (၅၁၀) ၁-လမ်း၊ လိပ်ပြာကန်၊ ပဲခူးမြို့။

## ကြိုတင်မျက်မှောက် ဝိမာန်ပေါက် တရားတော်
## နန္ဒိယသူကြွယ်နှင့် ရေဝတီအမျိုးသမီး ဝတ္ထု

### မုဂ်သားဘွယ် အကျဉ်းချုပ်

❁

### ချေးမလောင်းအား သင်ကြားချပုံ ဤကဲ့သို့

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌နေစဉ် နန္ဒိယသူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဗာရာဏသီမြို့၌ သဒ္ဓါတရားနှင့် ပြည့်စုံသော မိဘနှစ်ပါး၌ သားတယောက်ရှိ၏၊ အမည်ကား နန္ဒိယတည်း။ ထို နန္ဒိယသည် မိဘနှစ်ပါးအလိုကျ နေ၏။ သဒ္ဓါတရားနှင့် ပြည့်စုံ၏။ သံဃာကိုလည်း လုပ်ကျွေး၏။ နန္ဒိယ အရွယ်ရောက်သော် မိဘနှစ်ပါးသည် မျက်နှာချင်းဆိုင်အိမ်မှ ဦးလေး၏သမီး ရေဝတီနှင့် လက်ဆက်ပေးလိုကြ၏။ ထို ရေဝတီကား သဒ္ဓါတရား မရှိ၊ ဒါနပြုခြင်း အလေ့မရှိ၊ ထို့ကြောင့် နန္ဒိယသည် ထိုရေဝတီကို အလိုမရှိ။ တနေ့ နန္ဒိယ၏ မိခင်သည် ချေးမလောင်း ရေဝတီကို ခေါ်ပြော၏။ ပြောပုံမှာ-

၅၊ အမ္မ တံ ကုလမသ္မိံ ဂေဟေ ဘိက္ခုသံဃဿ နိသဇ္ဇနဋ္ဌာနံ ဥပလိမ္ပိတွာ အာသနာနိ ပညာပေဟိ၊ အာဓာရကေ ဌပေဟိ၊ ဘိက္ခူနံ အာဂတ ကာလေ ပတ္တံ ဂဟေတွာ နိသီဒါပေတွာ ဓမ္မကရဏေန ပါနီယံ ပရိဿာဝေတွာ ဘုတ္တပါတကာလေ ပတ္တေ ဓောဝ၊ ဧဝံ မေ ပုတ္တဿ အာရာဓိတာ ဘဝိဿသိ။

အမ္မ၊ ချစ်သမီး။ တံ၊ သင်သည်။ ကုလမသ္မိံ ဂေဟေ၊ ဤအိမ်၌။ ဘိက္ခုသံဃဿ၊ ရဟန်းအပေါင်း၏။ နိသဇ္ဇနဋ္ဌာနံ၊ နေရာအရပ်ကို။ ဥပလိမ္ပိတွာ၊ ချောမောအောင် လိမ်းကျံ၍။ အာသနာနိ၊ နေရာတို့ကို။ ပညာပေဟိ၊ ခင်းပါလော့။ အာဓာရကေ၊ သပိတ်ခြေတို့ကို။ ဌပေဟိ၊ ချပါလော့။ ဘိက္ခူနံ၊

ရဟန်းတို့၏။ အာဂတကာလေ၊ ကြွလာသောအခါ၌။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ နိသီဒါပေတွာ၊ ထိုင်စေ၍။ ဓမ္မကရဏေန၊ ရေစစ်ဖြင့်။ ပါနီယံ၊ သောက်ရေကို၊ ပရိဿာဝေတွာ၊ စစ်၍။ ဘုတ္တကာလေ၊ ဆွမ်းဘုဉ်း ပေးသောအခါ၌။ ပတ္တေ၊ သပိတ်တို့ကို။ ဓောဝ၊ ဆေးပါလော။ ဧဝံ၊ ဤသို့ ပြုသည်ရှိသော်။ မေ၊ ငါ၏။ ပုတ္တဿ၊ သားအား။ အာရာဓိတာ၊ နှစ်သက် စေနိုင်သည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။

## နန္ဒိယသူကြွယ် ခန့်ထယ်မချွတ် အလှူငတ်

ရေဝတီထံမှ ဝန်ခံကတိပြုချက်ရ၍ ထိမ်းမြားမှု ပြုပေးလိုက်ပြီ။ ယင်း ရေဝတီကို နန္ဒိယ ဤသို့ ထပ်မံ ပြောကြားပြန်ပြီ။

သစေ ဘိက္ခုသံဃဥ္စ မာတာပိတရော စ မေ ဥပဋ္ဌဟိဿသိ၊ ဧဝံ ဣမသ္မိံ ဂေဟေ ဝသိတုံ လဘိဿသိ၊ အပ္ပမတ္တာ ဟောဟိ။

သစေ၊ အကယ်၍။ မေ၊ ငါ၏။ ဘိက္ခုသံဃဉ္စ၊ ရဟန်းအပေါင်းကို လည်းကောင်း။ မာတာပိတရောစ၊ မိခင် ဖခင်တို့ကို လည်းကောင်း။ ဥပဋ္ဌ ဟိဿသိ၊ လုပ်ကျွေး ပြုစုသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ လုပ်ကျွေးပြုစုမှုသာလျှင်။ ဣမသ္မိံ ဂေဟေ၊ ဤအိမ်၌။ ဝသိတုံ၊ နေခြင်းငှာ။ လဘိဿသိ၊ ရလတ္တံ့။ အပ္ပမတ္တာ၊ မမေ့မလျော့။ ဟောဟိ၊ ဖြစ်ပါလော့။

အဆိုအမိန့်အတိုင်း လုပ်ကျွေးပြုစုယင်း သားနှစ်ယောက် ဖွားမြင်ခဲ့ပြီ၊ နန္ဒိယ၏ မိဘနှစ်ပါးလုံးလည်း သေသွားပြီ၊ အိမ်၌ အလုံးစုံသော စည်းစိမ်သည် အမျိုးသမီးလက်၌သာ ဖြစ်တော့သည်။ နန္ဒိယသည်လည်း မိဘကွယ်လွန်သည်မှ စ၍ အလှူရှင်ကြီးဖြစ်ကာ ရဟန်းအပေါင်းအား အမြဲ ဒါနပြု၏။ ခေါင်းပါးသူ ခရီးသွားသူတို့အဘွက်လည်း အမြဲ ဝတ်ပြုထား၏။

## နန္ဒိယအတွက် ပေါ်ထွက်ဝင်းလျှံ နတ်ဗိမာန်

ယင်း နန္ဒိယသူကြွယ်သည် တနေ့ ဘုရားရှင်၏တရား နာကြားပြီး အာ ဝါသဒါန(အဆောက်အဦအလှူ)၏ အကျိုးကြီးပုံကို မြင်၍ ကျသင်ပတ်နှ အမည် ရသော မိဂဒါဝုန်တော၌ ကျောင်းတိုက်ကြီးတွင် တိုက်ခန်း လေးခုရှိ ရှိသော ကျောင်းဆောင်ကြီး လေးခုကို ဆောက်၍ ညောင်စောင်း အင်ပျဉ် စသည် ခင်း လျက်(ဗုဒ္ဓပ္ပမုခဿ သံဃဿ ဒေမ)ဟု ဆိုကာ မြတ်စွာဘုရားထံ၌ ရေစက်ချ လှူဒါန်းလေ၏။ ရေစက်ချပြီးသည်နှင့် တပြိုင်နက် တာဝတိံသာနတ်ပြည်၌

(အရှေ့ အနောက် တောင် မြောက်)' ၁၂ ယူဇနာစီရှိသော၊ ယူဇနာ ၁၀၀ မြင့်သော ရတနာခုနစ်ပါးဖြင့် ပြီးသော၊ နတ်သမီးအပေါင်းနှင့် ပြည့်စုံသော နတ်ဗိမာန်ကြီး ပေါ်ပေါက်လာလေ၏။

## နန္ဒိယကျောင်းဒကာ သူ့တာဝင်းတောက် ဗိမာန်ပေါက်

ထိုနေ့သည် ရှင်မောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီ ကြွ၏၊ ယင်း နတ်ဗိမာန်ကြီး၏ အနီး၌ ရပ်ပေါက် မိမိထံသို့လာသော နတ်သမီး နတ်သားတို့ကို အောက်ပါအတိုင်း မေးလေ၏။

ကဿေတံ အမ္ဗရပဝ ပရိပုဗ္ဗေတာ ဗိမာနံ ဒိဗ္ဗံ။
အမ္ဗရာဘောရဲပုဒတော၊ နတ်သမီးအပေါင်း ခြံရံပျော်ရှုသော။ ဧသော
ဒိဗ္ဗပါသာဒေါ၊ ဤ နတ်ပြာသာဒ် ဘုံဗိမာန်ကြီးသည်။ ကဿ အဘယ်သူ့
အတွက်၊ နိဗ္ဗတ္တော၊ ဖြစ်ထွန်း ပေါ်ပေါက်၍ လာသနည်း။

ထိုအခါ နတ်သားတို့သည် ရှင်မောဂ္ဂလာန်အား အောက်ပါအတိုင်း လျှောက်ထားကြလေကုန်၏။

ဘာဒ္ဒေ ယေန နန္ဒိယေနနာမ ဂဟပတိပုတ္တေန လူသိပတနေ သတ္ထု
ဝိဟာရော ကာရေတွာ ဒိန္နော တဿတ္ထာယ ဧတံ ဝိမာနံ နိဗ္ဗတ္တံ။

ဘန္တေ၊ ရှင်မောဂ္ဂလာန်ဘုရား။ နန္ဒိယေနနာမ၊ နန္ဒိယအမည်ရှိသော ယေန ဂဟပတိပုတ္တေန၊ အကြင်သူကြွယ်၏သားသည်။ လူသိပတနေ၊ လူသိ ပတန အမည်ရှိသော မိဂဒါဝုန်တောဝ၌။ သတ္ထု၊ မြတ်စွာဘုရားအလို့ငှာ။ ဝိဟာရံ၊ ကျောင်းအဆောက်အဦကို။ ကာရေတွာ၊ ပြုစေ၍။ ဒိန္နော၊ လှူဒါန်း အပ်၏။ တဿ၊ ထိုကျောင်းဒကာ နန္ဒိယ၏။ အတ္ထာယ၊ အလို့ငှာ။ ဧတံဝိမာနံ၊ ဤနတ်ဗိမာန်ကြီးသည်။ နိဗ္ဗတ္တံ၊ ဖြစ်၏။

## ရှင်မောဂ္ဂလာန်အပြန် အမြန်လာဘို့ နတ်ပြည်သို့

နတ်သမီးအပေါင်းတို့သည်လည်း ထို ရှင်မောဂ္ဂလာန်ကိုမြင်၍ ပြာသာဒ် ပေါ်မှ ပြေးဆင်းကာ အောက်ပါအတိုင်း လျှောက်ထားလေ၏။

ဘန္တေ မယံ နန္ဒိယဿ ပရိစာရိကာ ဘဝိဿာမာတိ ဣဓ နိဗ္ဗတ္တာ၊
တဿ ပန အာဂမနံ အပဿန္တိ အတိဝိယ ဥက္ကဏ္ဌိတမှာ၊ မတ္တိကာပါတိ
ဘိန္ဒိတွာ သုဝဏ္ဏပါတိ ဂဟဏံ ဝိယ မနုဿသမ္ပတ္တိ ဇဟိတွာ
ဒိဗ္ဗသမ္ပတ္တိ ဂဟဏံ၊ ဣဓာဂမနတ္ထာယ နံ ဝဒေယျာထ။

ဘန္တေ၊ ရှင်မောဂ္ဂလာန်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ နန္ဒိယဿ၊ ကျောင်းဒကာ နန္ဒိယ၏။ ပရိစာရိကာ၊ အလုပ်အကျွေးတို့သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့သော အစီအစဉ်ဖြင့်။ ဣဓ၊ ဤနတ်ဗိမာန်ကြီး၌။ နိဗ္ဗတ္တာ၊ ဖြစ်လာရပါကုန်၏။ ပန၊ စင်စစ်။ တံ၊ ထိုနန္ဒိယကို။ အပဿန္တီ၊ ယခုထိ မမြင်ရသည်ဖြစ်၍။ အတိဝိယ၊ အလွန်လျှင်။ ဥက္ကဏ္ဌိတာ၊ ပျင်းရိကုန်သည်။ အမှ၊ ဖြစ်ကြပါကုန်၏။ မတ္တိကပါတိံ၊ မြေအိုးကို။ ဘိန္ဒိတွာ၊ ခွဲ၍။ သုဝဏ္ဏပါတိဂဟဏံဝိယ၊ ရွှေခွက်ကို ယူလိုက်ဘိသကဲ့သို့။ မနုဿသမ္ပတ္တိံ၊ လူ့စည်းစိမ်ကို။ ဇဟိတွာ၊ စွန့်၍။ ဒိဗ္ဗသမ္ပတ္တိဂဟဏံ၊ နတ်စည်းစိမ်ကို ယူလိုက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဓ၊ ဤတာဝတိံသာနတ်ပြည်ရှိ နင်ဗိမာန်ကြီးသို့။ အာဂမနတ္ထာယ၊ အမြန်လာဘို့ရန်အလို့ငှာ။ နံ၊ ထိုလူ့ပြည်မှာ ယနေ့ထိ လူ့ဘဝဖြင့် ရှိနေသေးသည့် ကျောင်းဒကာ နန္ဒိယကို။ ဝဒေယျာထ၊ ငွဲ့ညှာသမှု ကျေးဇူးပြု၍ ယခုမြန်စွာ မိန့်ကြားတော်မူပါကုန်ဘုရား။

## ရှင်မောဂ္ဂလာန်မေး မနေ့းခုပေ ဘုရားဖြေ

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ထိုတာဝတိံသာ နတ်ပြည်မှ အပြန် ဘုရားရှင်ထံ ချဉ်းကပ် လျှောက်ထားသည်မှာ—

နိဗ္ဗတ္တိ နု ခေါ ဘန္တေ မနုဿလောကေ ဌိတာနံယေဝ ကတကလျာဏာနံ ဒိဗ္ဗသမ္ပတ္တိ။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ မနုဿလောကေ၊ လူ့ပြည်၌။ ဌိတာနံယေဝ၊ တည်ကုန်လျက်သာလျှင်။ ကတကလျာဏာနံ၊ ပြုအပ်သောကောင်းမှု ရှိကုန်သောသူတို့ အတွက်။ ဒိဗ္ဗသမ္ပတ္တိ၊ နတ်ပြည်၌ ကြို တင်ကာ ဘုံဗိမာန်ပေါ်ခြင်း စသော နတ်တို့၏စည်းစိမ်သည်။ နိဗ္ဗတ္တိ နု ခေါ၊ ဖြစ်နိုင်ပါသလား အရှင်ဘုရား။

မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်မေးသော ထိုပြဿနာကို ဖြေလိုသည်ဖြစ်၍ အောက်ပါအတိုင်း မိန့်ကြားလေ၏။

မောဂ္ဂလာန နနု တေ ဒေဝလောကေ နန္ဒိယဿ နိဗ္ဗတ္တာ ဒိဗ္ဗသမ္ပတ္တိ သာမံ ဒိဋ္ဌာ၊ ကသ္မာ မံ ပုစ္ဆသိ။

မောဂ္ဂလာန၊ ချစ်သား မောဂ္ဂလာန်။ တေ၊ သင်သည်။ ဒေဝလောကေ၊ နတ်ပြည်၌။ နန္ဒိယဿ၊ ကျောင်းဒကာ နန္ဒိယအတွက်။ နိဗ္ဗတ္တာ၊ ဖြစ်နှင့်နေပြီး

သော။ ဒိဋ္ဌသမ္ဗုတ္တံ၊ ဘုံဗိမာန်ပေါက်ခြင်းတည်းဟူသော နတ်စည်းစိမ်ကို။ သာမံ၊ သင်ကိုယ်တိုင်။ ဒိဋ္ဌာနနု၊ မြင်ခဲ့ပြီးသည် မဟုတ်လော။ ဧဝံ၊ ဤသို့ မြင်ခဲ့ပြီးသည် ဖြစ်ပါလျက်။ တွံ၊ သင်သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ မံ၊ ငါ့ကို။ ပုစ္ဆသိ၊ မေးဘိသနည်း။

## လူ့ပြည်မှသေ ရောက်လေနတ်ရွာ လွန်ဝမ်းသာ

ထိုအခါ ရှင်မောဂ္ဂလာန်ကို မြင်စွာဘုရားသည် ထပ်မံ၍ အောက်ပါ အတိုင်း မိန့်ကြားလေ၏။ မိန့်ကြားပုံမှာ

မောဂ္ဂလာန ကိံ နာမေတံ ကထေသိ၊ ယထာ ဟိ . စိရပ္ပဝုဋ္ဌံ ပုတ္တံ ဝါ ဘာတရံ ဝါ ဝိပ္ပဝါသတော အာဂစ္ဆန္တံ ဂါမဒ္ဒါရေ ဌိတော ကောစိဒေဝ ဒိသွာ ဝေဂေန ဂေဟံ အာဂန္တွာ အသုကောနာမ အာဂတောတိ အာရောစေယျ၊ အထဿ ဉာတကာ ဟဋ္ဌပဟဋ္ဌာ ဝေဂေန နိက္ခမိတွာ အာဂတောသိ တာတ အရောဂေါသိ တာတာတိ ကံ အဘိနန္ဒေယျုံ။

ဧဝမေဝ၊ ဣဓ ကတကလျာဏံ ဣတ္ထိံ ဝါ ပုရိသံ ဝါ ဣမံ လောကံ ဇဟိတွာ ပရလောကံ ဂတံ ဒသဝိဓံ ဒိဗ္ဗပဏ္ဏာကာရံ အာဒါယ အဟံ ပုရတော အဟံ ပုရတောတိ ပစ္စုဂ္ဂန္တွာ ဒေဝတာ အဘိနန္ဒန္တိ။

မောဂ္ဂလာန၊ ရှင်မောဂ္ဂလာန်။ ကိံ နာမ၊ အဘယ်သို့လျှင်။ ဧတံ၊ ဤစကားကို။ ကထေသိ၊ ဆိုဘိသနည်း။ ဟိ၊ မှန်၏။ ယထာ၊ ဥပမာကား။ စိရပ္ပဝုဋ္ဌံ၊ ကြာမြင့်စွာ ကွေကွင်းခြင်းရှိသော။ ပုတ္တံ ဝါ၊ သားသမီးကို လည်း ကောင်း။ ဘာတရံ ဝါ၊ ညီအကို မောင်နှမကို လည်းကောင်း။ ဝိပ္ပဝါသတော၊ ကွေကွင်း ဝေးကွာရာ အရပ်မှ။ အာဂစ္ဆန္တံ၊ လာသောအဖြစ်ကို။ ဂါမဒ္ဒါရေ၊ ရွာတံခါး၌။ ဌိတော၊ တည်သော။ ကောစိဒေဝ၊ တစုံတယောက်သောသူသည်။ ဒိသွာ၊ မြင်၍။ ဝေဂေန၊ လျင်စွာ။ ဂေဟံ၊ အိမ်သို့။ အာဂန္တွာ၊ လာ၍။ အသုကောနာမ၊ ဤမည်သောသူသည်။ အာဂတော၊ လာ၏။ ဣတိ၊ ဤသို့။ အာရောစေယျ၊ ပြောကြားငြားအံ့။ အထ၊ ထိုသို့ ပြောကြားသည်ရှိသော်။ အဿ၊ ထို ဝေးကွာနေသောသူ၏။ ဉာတကာ၊ ဆွေမျိုးတို့သည်။ ဟဋ္ဌ ပဟဋ္ဌာ၊ ရွှင်လန်း ဝမ်းမြောက်ကြကုန်လျက်။ ဝေဂေန၊ လျင်စွာ။ နိက္ခမိတွာ၊ ထွက်၍။ တာတ၊ အမောင်။ အာဂတော၊ ရောက်လာသည်။ အသိ၊ ဖြစ်သလော။

တာတ၊ အမောင်။ အရောဂေါ၊ ကျန်းမာသည်။ အဇ္ဇ၊ ဖြစ်သလော။ ဣတိ၊ ဤသို့ ဆို၍။ တံ၊ ထို ဝေးကွာနေသောသူကို။ အဘိနန္ဒေယျုံ ယထာ၊ အလွန် နှစ်သက် ဝမ်းမြောက်ကုန်သကဲ့သို့။

ဧဝမေဝ၊ ဤအတူသာလျှင်။ ဣဓ၊ ဤလူ့ပြည်၌။ ကတကလျာဏံ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော။ ဣမံ လောကံ၊ ဤ ပစ္စုပ္ပန်ဘဝကို။ ဇဟိတွာ၊ စွန့်၍။ ပရလောကံ၊ တမလွန်ဘဝသို့။ ဂတံ၊ သွားသော။ ဣတ္ထိံ ဝါ၊ မိန်းမကို လည်းကောင်း။ ပုရိသံ ဝါ၊ ယောကျ်ားကို လည်းကောင်း။ ဒသဝိဓံ၊ (အာယု ဝဏ္ဏ သုခ ယသ အာဓိပတေယျ၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ) ဟူ၍ ဆယ်ပါး အပြားရှိသော။ ဒိဗ္ဗပဏ္ဏာကာရံ၊ နတ်လက်ဆောင်ကို။ အာဒါယ၊ ယူ၍။ အဟံ ပုရတော-အဟံ ပုရတောတိ၊ ငါအရင် ငါအရင်ဟူ၍။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦး ကြိုဆို၍။ ဒေဝတာ၊ နတ်အပေါင်းတို့သည်။ အဘိနန္ဒန္တိ၊ အလွန် နှစ်သက် ဝမ်းမြောက်ကြလေကုန်၏။

ဤဒေသနာ အဆုံး၌ များစွာသော လူတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ထိုက်သလို ဖြစ်ကြကုန်၏။

၁၃၃၇ ခုနှစ်၊ သီတင်းကျွတ် လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အရုဏ်မတက် နေမထွက် တရားတော်

သူရိယောပမ သုတ္တန် ဒေသနာ

သာဝတ္ထိနဂရ၊ မြို့ဌာန၊ ဇေတ ဥယျာဉ်မှာ။
ကုန်ခန်းရွှေငွေ၊ ငါးလေးပေ၊ ကုဋေ အသပြာ။
အနာထပိဏ်ထင်ရှား၊ သဒ္ဓါပွား၊ ဆောက်ထား ကျောင်းဒကာ။
အရိယာအဆင့်၊ ဂုဏ်ရည်တင့်၊ ကြီးမြင့် သဌေးဿ။
ဇေတဝန်မည်သာ၊ ကျောင်းဝိဟာ၊ မွေ့ရှာ မြတ်ဗုဒ္ဓါ။
ရဟန်းယောဂီ၊ လူယောဂီ၊ ကိုယ်စီ ဦးညွတ်နာ။
ယောနိသော မနသိကာရ၊ ရှိပါမှ၊ ကောင်းလှ ယောဂီမှာ။
ယောနိသောမနသိအဆို၊ ထားစေလို၊ စိတ်ကို သင့်တင့်စွာ။
နေမင်းရှေ့မှ၊ အရုဏ်က၊ ပုဗ္ဗ နိမိတ်လာ။
အရုဏ်ရှိမှ၊ နေမင်းက၊ ဖြစ်ထ သေအချာ။
ဗောဇ္ဈင်ခွန်မှ၊ ယောနိက၊ ပုဗ္ဗ နိမိတ်လာ။
ယောနိရှိမှ၊ ဗောဇ္ဈင်၊ ဖြစ်ကြ သေအချာ။
ဗောဇ္ဈင်တရား၊ ခုနစ်ပါး၊ မှတ်သား ယောဂီမှာ။

သတိအစ၊ ဝီရိယ၊ ဓမ္မ ဝိစယာ။
ပီတိ ပဿဒ္ဓိ၊ သမာဓိ၊ မှတ်သိ ဥပေက္ခာ။
ဗောဇ္ဈင်ခုနစ်ဝ၊ မြစ်ရင်းပြု၊ ကောက်ရ ယောနိသော။
ဗောဇ္ဈင်ဓမ္မ၊ ခုနစ်ဝ၊ ပွားက ဝိဝေကာ။
ဝိရာဂနိရောဓ၊ ဝေါသဂ္ဂ၊ မှတ်ကြ ကျိုးလေးဖြာ။
နှစ်သက်တောင့်တ၊ ငြိသမျှ၊ ဆိတ်က ဝိဝေကာ။
နှစ်သက်တောင့်တ၊ ငြိသမျှ၊ ကင်းက ဝိရာဂါ။
နှစ်သက်တောင့်တ၊ ငြိသမျှ၊ ချုပ်က နိရောဓာ။
နှစ်သက်တောင့်တ၊ ငြိသမျှ၊ စွန့်က ဝေါသဂ္ဂါ။ ။

(သံယုတ္တနိကာယ မဟာဝဂ္ဂပါဠိ။ စာမျက်နှာ-၇၁)

(ဓမ္မဒါနအလှူရှင်) ပရိက္ခရာကုန်သည် အမိ ဒေါ်အုန်းမြနှင့် ဦးကျော်လှိုင်-ဒေါ်ခင်နု မိသားစု ကောင်းမှု၊ မင်းလမ်း၊ ပဲခူးမြို့။

## အရုဏ်မတက် နေမထွက် တရားတော်

## သူရိယောပမသုတ္တန် ဒေသနာ

## မှတ်သားဘွယ် အကျဉ်းချုပ်

## ဗောဇ္ဈင်ခုနစ်ပါး ရှုပွားလေလျှင် နိဗ္ဗာန်ဝင်

ရဟန်းတော်များ အို–ချစ်သားတို့၊ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ပုဗ္ဗနိမိတ်တည်း။ ထို့အတူ ဗောဇ္ဈင်တရား ခုနစ်ပါး ဖြစ်ခြင်းငှာ ကလျာဏမိတ္တသည် နိမိတ်တည်း။ ကလျာဏမိတ္တရှိသော ယောဂီအား ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပွားလတ္တံ့။ အကြိမ်များစွာ ပြုလတ္တံ့။ ကလျာဏမိတ္တရှိသော ယောဂီသည် အဘယ်သို့လျှင် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပွားလည်း ပွားများသနည်း။ အကြိမ်များစွာလည်း ပြုသနည်း၊ ရဟန်းတော်များ အို–ချစ်သားတို့။

(၁) ဤသာသနာတော်၌ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွားများအံ့၊ ကင်းဆိတ်ခြင်းကို မှီ၏။ တပ်ခြင်းကင်းမှုကို မှီ၏။ ချုပ်ငြိမ်းခြင်းကို မှီ၏၊ နိဗ္ဗာန်ကို ညွတ်၏။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားများအံ့ ။ပ။ နိဗ္ဗာန်ကို ညွတ်၏။

(၃) ဝီရိယသမ္ဗောဇ္ဈင်ကို ပွားများအံ့ ။ပ။ နိဗ္ဗာန်ကို ညွတ်၏။

(၄) ပီတိသမ္ဗောဇ္ဈင်ကို ပွားများအံ့ ။ပ။ နိဗ္ဗာန်ကို ညွတ်၏။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများအံ့ ။ပ။ နိဗ္ဗာန်ကို ညွတ်၏။

(၆) သမာဓိသမ္ဗောဇ္ဈင်ကို ပွားများအံ့ ။ပ။ နိဗ္ဗာန်ကို ညွတ်၏။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများအံ့ ။ပ။ နိဗ္ဗာန်ကို ညွတ်၏။

၁၃၃၀ – ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### မိမိအတိတ်ကံ ပြုစီမံ တရားတော်

အမျိုးသမီး ရူပနန္ဒာ၊ ပျာယိန် ဗောဓိရ ရဟန္တာမ ဖြစ်ခန်း

သာဝတ္ထိပြည်မွန်၊ ဇေတဝန်၊ ထူးချွန် ကျောင်းဝိဟာ။
ဗုဒ္ဓမြတ်ရှင်၊ ကိုယ်တိုင်ပင်၊ သွန်သင် ဟောခဲ့ပါ။
ဤ၌ ရွယ်ရည်၊ ဘိက္ခုနီ၊ ထေရီ သူမမှာ။
ဂေါတမီရင်နှစ်၊ သမီးချစ်၊ ရွေးဖြစ် ထူးကဲစွာ။
ရူပနန္ဒာ၊ အမည်သာ၊ မှည့်လာ မိဘမှာ။
ဇနပဒကလျာဏီ၊ ပုဿိဂီ၊ ခေါ်သည် မြို့ပြည်ရွာ။
ရူပါရုံခေါ်အပ်၊ အဆင်းခေတ်၊ စွဲကပ် သက္ကာယာ။
ရုပ်နာမ်ဆိုလျှင်၊ မကြားချင်၊ ခေါ်လျှင် ပုန်းနေရှာ။
သူနှင့်တန်ရာ၊ ဒေသနာ၊ မိန့်မှာ စီစစ်ခါ။
ဆူးစူးခဲ့လျှင်၊ ဆူးဖြင့်ပင်၊ နှုတ်ထွင် ဥပမာ။
ရူပါရုံတွင်း၊ အစွဲကင်း၊ ဖန်ဆင်း နတ်ကညာ။
ဘဝတို့ဘောင်း၊ ရေစီးချောင်း၊ ကောင်းကောင်း ထိမိစွာ။

သင်္ကာယပြတ်၊ ဒိဋ္ဌိရုပ်၊ ရှုမှား မူးစိုက်လာ၊
အနိစ္စမြင်၊ ဒုက္ခထင်၊ ကျူးဝင် အနတ္တာ။
ယထာဘူတ၊ ဉာဏ်ပိုင်ရ၊ ကျွန် စွဲမြဲပါ၊
မီးတွေလောင်ယှင်း၊ အိမ်ကြီးတွင်း၊ နေခြင်း တူလှစွာ။
ခွေးသေပုပ်ကြီး၊ လည်တွင်စည်း၊ တနည်း ဥပမာ၊
ပတ်ဝန်းကျင်မှ၊ လိုသမျှ၊ ဖြည့်က မြန်မကြာ။
အာသဝေါ ခပ်သိမ်း၊ အကုန်ငြိမ်း၊ အေးကိန်း နိဗ္ဗူတာ၊
ဥဒုမ္ဗတ္တရ၊ မြတ်ဗုဒ္ဓ၊ ကာလ ကိုချိန်ခါ၊
ကျောင်းအမလျှင်၊ ဖြစ်ခဲ့စဉ်၊ ပန်ဆင် ဆုပတ္ထနာ
ပတ္ထနာပြု၊ ထိုကောင်းမှု၊ ယခု လျှင်မြန်စွာ။

(ဓမ္မပဒအဋ္ဌကထာ ဒုတိယတွဲ၊ နှာ-၇၂)

(ဓမ္မဒါန အလှူရှင်) ဗလပုံနှိပ်တိုက် မိသားစု ကောင်းမှု။

## မိမိအတိတ်ကံ ပြုစီမံ တရားတော်

## အမျိုးသမီး ရူပနန္ဒာ၊ ဗျာယိနီတေဒဂ်ရ ရဟန္တာမ ဖြစ်ခန်း

## မှတ်သားဘွယ် အကျဉ်းချုပ်

### ရူပနန္ဒာ ခေါ်လာဝိုင်းမ အမျှားက

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း တော်၌ နေတော်မူစဉ် ဇနပဒကလျာဏီခေါ် ရူပနန္ဒာထေရီကို အကြောင်း ပြု၍ ဟောတော်မူ၏။

ထို ဇနပဒကလျာဏီသည် တနေ့သ၌ ကြံမိ၏။ 'ငါ၏ နောင်တော် ကြီးသည် မင်းစည်းစိမ်ကို ပယ်၍ ရဟန်းပြုပြီး လောက၌ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ပြီ။ သားတော် ရာဟုလာသည်လည်း ရဟန်းပြုသွားပြီ။ ငါ၏ လင် ယောက်ျား နန္ဒမင်းသားသည်လည်း ရဟန်းပြုသွားပြီ။ ငါ၏ မိခင် သည်လည်း ရဟန်းပြုသွားပြီ။ ငါသည်လည်း အိမ်မှာ ဘာလုပ်နေအံ့နည်း။ ရဟန်းပြုပါ တော့အံ့၊ ဆွေမျိုးအပေါင်းတွေကို ခင်မင်၍ ရဟန်းပြုခြင်းပင်။ သဒ္ဓါတရား ကြောင့် မဟုတ်။ အလွန် အဆင်းလှသောကြောင့် သူ့ကို ရူပနန္ဒာဟု ခေါ်ကြ သည်၊

### ပမာဏလေးပါး မှီအားကြီးလှ ကြည်ညိုကြ

မြတ်စွာဘုရားသည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဟောကြောင်း ကြား၍ အလွန် လှပ ကြည့်ချင့်ဘွယ် များစွာ ကောင်းသော မိမိ၏အဆင်း၌ အပြစ်တွေကို ပြောလိမ့်မည်ဟု အထင်ရှိသည်။ သာဝတ္ထိ မြို့သူမြို့သားတို့သည် ဒါနပြု၍ ဥပုသ်စောင့်၍ နံ့သာ ပန်း စသည် လက်စွဲလျက် ညချမ်းအခါ ဇေတဝန်ကျောင်း၌ စုဝေးပြီး တရားနာကုန်၏။

ရဟန်းအပေါင်းသည်လည်း တရားနာ၏။ တရားနာပြီး မြို့သို့ဝင်လျက် မြတ်စွာဘုရား၏ ကျေးဇူးစကားတွေကို ပြော၏။ ပမာဏလေးမျိုးနှင့်စပ်၍ လောကကိုမှီ၍ ကြည်ညိုသူအချို့ ရှိပါသည်။

(၁) ရူပပ္ပမာဏိက ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော လှပသော ကိုယ်တော်ကို မြင်၍ ကြည်ညိုကြ၏။
(၂) ဃောသပ္ပမာဏိက ပုဂ္ဂိုလ်တို့သည် အရာမက ဘဝများစွာတို့ကို မှီ၍ဖြစ်သော သဗ္ဗညုဂုဏဃောသနှင့် အင်္ဂါ ရှစ်ပါးရှိသော မမ္ဗဒေသနာဃောသတို့ကို ကြား၍ ကြည်ညိုကုန်၏။
(၃) လူခပ္ပမာဏိက ပုဂ္ဂိုလ်တို့သည် သင်္ကန်း စသည် ခေါင်းပါးသည်ကို အစွဲပြု၍ ကြည်ညိုကုန်၏။
(၄) ဓမ္မပ္ပမာဏိက ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ သီလ သမာဓိ ပညာတို့ကြောင့် ပုဂ္ဂိုလ်ထူးတည်းဟု ကြည်ညိုကြကုန်၏။

## ဆူကို ဆူးချင်း နုတ်ခြင်းသည်သာ လျောက်ပတ်ရာ

အယက်ပါ ပုဂ္ဂိုလ်အားလုံးတို့သည် ဘုရားရှင်၏ ဂုဏ်တော်များကိုသာ နှုတ်ခမ်းအောင် ပြောဆိုနေကြ၏။ ရူပနန္ဒာသည် ဘိက္ခုနီများနှင့် ဥပါသိကာမများ ထံမှ ဘုရားရှင်နှင့်စပ်သော ဂုဏ်ကျေးဇူး စကားတွေကို ကြားနေ၏။ ဒါ့ကြောင့် စဉ်းစား၏။ ''ငါ၏ နောင်တော်၏ ဂုဏ်တော်တို့ကို သိပ်ပြောကြ၏၊ ငါ့ရဲ့ အဆင်းရဲ့အပြစ်ကို တနေ့လုံး ပြောတယ်ထား၊ ဘယ်လောက် ပြောနိုင်မှာလဲ၊ ဘိက္ခုနီမတွေနဲ့ လိုက်သွားပြီး အကွယ်က နေမည်၊ ပုန်းပြီး ဖူးမည်၊ မသိအောင် တရားနာပြီး ပြန်လာမည်'' ဟု ဘိက္ခုနီမတို့ကို ပြောပြ၏။ ရူပနန္ဒာ ပါလာလျှင် ဆန်းကြယ်သော တရားစကားကို ဟောလတ္တံ့ဟု ဝမ်းမြောက်စွာ ခေါ်သွားလေ၏။ ယင်းရူပနန္ဒာသည် ထွက်သောအခါမှစ၍ ငါသည် မိမိကိုယ်ကို မပြအံ့ဟု ကြံ၏။ မြတ်စွာဘုရားသည် သိတော်မူ၍ ဘယ်တရားနှင့် တော်မည်နည်းဟု စဉ်းစား၍ ရူပဂရုက ပုဂ္ဂိုလ်တို့သည် ဤအတ္တဘော၌ အလွန် ချစ်မြတ်နိုး၏၊ ဆူးတခုကို ဆူးတခုဖြင့် နုတ်သလို အဆင်းကို အဆင်းဖြင့် နုတ်ခြင်း (ချောတာကို အပုပ်ဆိုးအောင်လုပ်ခြင်း)သည် လျောက်ပတ်၏ဟု ဆုံးဖြတ်တော်မူ၏။

## ပျိုရုပ် အိုရုပ် ပြထုတ်ဇရာ ထင်ရှားလာ

ဘုရားရှင်သည် ဆယ့်ခြောက်နှစ်အရွယ် လှပသော အမျိုးသမီးလေး တဦး ဖန်ဆင်းလျက် မိမိအနီး ယပ်ခတ်ခိုင်းထားသည်။ ရူပနန္ဒာ ဘိက္ခုနီမများ နှင့်တကွ လာပြီ။ ရူပနန္ဒာသည် ထိုအမျိုးသမီးကို မြင်ပြီ။ သူ့ကို ကြည့်လျက် ရူပနန္ဒာသည် မိမိကိုယ်ကို ပြန်ကြည့်သော် ရွှေဟင်္သာမ၏ ရှေ့၌ ကျီးကန်းမကြီး ရောက်နေသလို မိမိကိုယ်ကို မြင်ပြီ။ မြင်သောအခါမှစ၍ မျက်စိလည်သွားပြီ။ ထို ကလျာဏီမယ အမျိုးသမီးအပေါ်၌ စွဲလမ်းမှုတွေ များလာပြီ။မြတ်စွာဘုရားသည် သိတော်မူ၍ တရားဟောရင်း ဆယ့်ခြောက်နှစ်အရွယ်မှ နှစ်ဆယ် လုပ်ပြ၏။ ရှေးနှင့် မတူပါလားဟူ အနည်းငယ် တပ်နှစ်သက်မှု လျော့နည်းလာ၏၊ တဖြည်း ဖြည်း အိုဘက် နာဘက် သေဘက်သို့ ပြောင်း၍ ပြောင်း၍ သွားလေ၏။ ထိုသို့ ပြောင်း၍ ပြောင်း၍ ပြသွားသည်နှင့်အမျှ တပ်နှစ်သက်မှုလေးတွေဟာ တဖြည်း ဖြည်း လျော့နည်း လျော့နည်းလာလေ၏။ တဖြည်းဖြည်း ပုပ်ပွ ရိရွဲ လင်းတ၊ ခွေး၊ ကျီး စသည် ထိုးဆွကိုက်ဆွဲ ဖရိုဖရဲ ကျဲသွားသည်အထိ ဖြစ်သွားပြီ။ ရူပ နန္ဒာမှာလည်း ခန္ဓာထဲ၌ အနိစ္စ သဘောတွေ၊ ဒုက္ခ သဘောတွေ၊ အနတ္တ သဘောတွေ တဖွားဖွား ပေါ်လာ ပေါ်လာတော့သည်။

## အရိုးမြို့တော် မှည့်ခေါ်ကြရာ ငါးခန္ဓာ

ဘဝသုံးပါးအပေါ် အိမ်ကြီးကို မီးတွေလောင်နေသလို၊ လည်ပင်း၌ အကောင်ပုပ်ကြီး စွပ်ထားသလို တခုပြီး တခု ထင်လာသည်။ စိတ်သည်လည်း ကမ္မဋ္ဌာန်းသို့ ရှေ့ရှု ပြေးဝင်နေပြီ။ မြတ်စွာဘုရားသည် ထို ရူပနန္ဒာ၏ အနိစ္စ သညာ ထင်လာပြီ အဖြစ်ကို သိ၍ သူသည် သူ၏ အင်အားဖြင့် ဆောက်တည်ရာ ရသည့်တိုင်အောင် ပြုနိုင် မပြုနိုင် ကြည့်တော်မူ၏။ မပြုနိုင်။ အပ (ဗဟိဒ္ဓ) အကူအညီလိုကြောင်း သိ၍ အာတုရံ အသုစိံ ပူတိံ စသော ဂါထာတို့ကို ဟော၏။ ယင်း ဒေသနာကို အကြောင်းပြု၍ ရူပနန္ဒာသည် သောတာပတ္တိဖိုလ်သို့ ရောက်၏။ ထို့နောက် ရူပနန္ဒာသည် ဘိက္ခုနီလုပ်၍ အထက်မဂ် သုံးခု အလို့ငှာ မြတ်စွာဘုရားသည် သုညတာ ကမ္မဋ္ဌာန်းကို ဟောလျက် အနှစ်သာရ မရှိပုံနှင့် တကွ သုံးရာသောအရိုးတို့ကို စိုက်ထောင်၍ အဋ္ဌိနဂရခေါ် (အရိုးမြို့တော်ကြီး) အကြောင်း အောက်ပါ ဂါထာကို ဟောကြားလေသည်၊

## နန္ဒာဘိက္ခုနီ ထေရီဝေါကြ ရဟန္တာမ

အရှိ မြို့တော် ဂါထာကား-

အဋ္ဌိနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ သြဟိတော။ ။

ဤဒံ အဋ္ဌုတ္တိကံ အဋ္ဌုတ္တိက နာမခေါ်ဆို ဤခန္ဓာကိုယ်ကြီးကို။ အဋ္ဌိနံ၊ သုံ ရာသော အရိုးတို့ကို။ ဥဿာပေတွာ၊ တိုင်အဖြစ်စိုက်ထူ၍။ နဂရံ၊ မြို့တော်ကြီး ို။ ကတံ၊ ပြုထားအပ်၏။ မံသလောဟိတလေ နံ၊ အသား အသွေးတို့ဖြင့် လိမ်းကျံအပ်၏။ ယတ္ထ၊ ယင်း ခန္ဓာငါး၀ ကိုယ်ကာယ၌။ ဇရာစ၊ အိုခြင်းတရားသည် လည်းကောင်း။ မစ္စုစ၊ သေခြင်းတရားသည် လည်းကော င်း။ မာနောစ၊ ထောင်လွှားခြင်းတရားသည် လည်းကောင်း။ မက္ခောစ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း တရားသည် လည်းကောင်း။ သြဟိတော၊ မုချပုံသေ ထားအပ်ပေ၏။

ဤဒေသနာကို ကြားနာရပြီးသည့်အဆုံး၌ ထိုရူပနန္ဒာ ဘိက္ခုနီမသည် အရဟတ္တဖိုလ်တည် ရဟန္တာထေရီ အဖြစ်သို့ရောက်လေ၏။ များစွာ ပရိသတ်တို့ သည်လည်း အကျိုးများကုန်၏။

၁၃၃၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၈)ရက် နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌
ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
ဟောကြားအပ်သော
မရဏာသတိကမ္မဋ္ဌာန်း စီးဖြန်းခဲ့၍ သောတာပန်တည်ပြီး တုသိတာဘုံ၌
နတ်သမီးဖြစ်ရသည့် ယက်ကန်းသည်မလေး (ပေသကာရီ) ဝတ္ထု

အာဠဝီပြည်၊ မြို့ဌာနီ၊ ပြည့်ညီ လွန်သာယာ။
အဂ္ဂါဠဝ၊ စေတီမှ၊ ဟောတ ကျောင်းဝိဟာ။
ကဋ္ဌမုခ၊ ပုတီပြ၊ သတ္တ အင်္ဂါသာ။
အာသီဝိသ၊ မြွေလေးဝ၊ တွေ့ရ နောင်သေချာ။
လေးနက်စွာတွေး၊ မြွေပီးဆေး၊ မနှေး ထိုးထားပါ။
မရဏာသတိမှန်း၊ ကမ္မဋ္ဌာန်း၊ စီးဖြန်းကြဘို့ရာ။
ဘယ့်ခြောက်နှစ်ရွယ်၊ သမီးငယ်၊ ခန့်ထယ် ပိုင်နိုင်စွာ။
ပေသကာရီ၊ ယက်ကန်းသည်၊ ကျင့်ပြီ သုံးနှစ်ပါ။
မရဏာသတိ၊ သုံးနှစ်ပြည့်၊ သေမည့် နေ့မှန်စွာ။
အသက်တဲတဲ၊ ဤနေ့ဘဲ၊ မလွဲ သေတော့မှာ။
ပုစ္ဆာလေးချက်၊ မေးဖြေလျက်၊ ဟောမြွက် သူသေချာ။

ယူဇနာသုံးဆယ်၊ အာဠဝိနယ်၊ ဦးတည် ရှင်တော်မှာ။
သံဃာငါးရာ၊ ခြံရံကာ၊ ကြွကာ ချီးမြှင့်ပါ။
သူမရောက်ဖဲ၊ မပြောဘဲ၊ အားခဲ စောင့်၍သာ။
ဘယ်ကသင်လာ၊ ဘယ်သွားမှာနှင့်၊ တဖြာဆက်ဘိ၊ မသိဘူးလား၊
သိသလား၊ လေးပါး မေးပုစ္ဆာ။
သူ၏ဖြေမှု၊ ကောင်းချီးပြု၊ သာဓု လေးကြိမ်သာ။
အိုနာသေကွဲ၊ မဆုံးဘဲ၊ အမြဲ နှိပ်စက်လာ။
သုံးဆယ့်ဘဘုံပိုက်အား၊ နှုန်ကျော်လွှား၊ ကြိုးစား ယောဂ်မှာ။
ပိုက်တွင်းမိထား၊ ငှက်တွေများ၊ လွတ်သွား ငှက်ပမာ။
ဘပုဒ်ဂါသာ၊ နာရရုံမျှ၊ တည်သောတ၊ ပေသကာရီမှာ။
သောတာပန်ဘဲ၊ ကတိမြဲ သေလဲ တုသိတာ၊
သေခြင်းတရား၊ မြဲရှုပွား၊ ခေါ်ငြား မရဏာဿတိပါ။ ။

(ခုဒ္ဒကနိကာယ ဓမ္မပဒအဋ္ဌကထာ ဒု၊ နှာ-၁၁၁)

(ဓမ္မဒါနအလှူရှင်) ဇလပုံနှိပ်တိုက် မိသားစု ကောင်းမှု။

## မရဏာဿတိကမ္မဋ္ဌာန်း စီးဖြန်းခဲ့၍ သောတာပန်တည်ပြီး တုသိတာဘုံ၌ နတ်သမီးဖြစ်ရသည့် ယက်ကန်းသည်မလေး(ပေသကာရီ)ဝတ္ထု၊

### မှတ်သားဘွယ် အကျဉ်းချုပ်

●

### မရဏာဿတိကမ္မဋ္ဌာန်း စီးဖြန်းလူတိုင်း ပွားများခိုင်း

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် အဂ္ဂါဠဝစေတီတော်၌ နေစဉ် ယက်ကန်းသည်မလေးတယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်။

တနေ့သ၌ အာဠဝီတိုင်းသူ တိုင်းသားတို့သည် မြတ်စွာဘုရားသည် အာဠဝီပြည်သို့ ရောက်စဉ် ပင့်ဖိတ်၍ ဒါနပြုကြကုန်၏။ မြတ်စွာဘုရားသည် ဆွမ်းစားပြီးသည်၏ အဆုံး၌ အနုမောဒနာပြုသည်ရှိသော် အောက်ပါအတိုင်း မရဏာဿတိကမ္မဋ္ဌာန်းကို ပွားများခိုင်းလေ၏။

(၁) အဒ္ဓုဝံ မေ ဇီဝိတံ = ငါ၏အသက်သည် မမြဲ။

(၂) ဓုဝံ မေ မရဏံ = ငါ့အား သေခြင်းတရားသည် မြဲ၏။

(၃) အဝဿံ မယာ မရိတဗ္ဗမေဝ = မချွတ် ငါသည် သေအပ်သည် သာတည်း။

(၄) မရဏပရိယောသာနံ မေ ဇီဝိတံ = ငါ၏ အသက်သည် သေခြင်းလျှင် အဆုံးရှိသည်သာတည်း။

(၅) ဇီဝိတမေဝ အနိယတံ = အသက်သည်သာလျှင် မမြဲ။

(၆) မရဏံ နိယတံ = သေခြင်းတရားကား မြဲ၏။

## ပေသကာရီ ပွားပြီထိမိ မရဏဿတိ

အကြင်သူသည် မရဏဿတိ ကမ္မဋ္ဌာန်းကို မပွား၊ ထိုသူသည် နောက်အခါ ကြောက်ရွံ့စွာ အော်ဟစ် သေရတတ်၏။ အကြင်သူသည် ပွား၏၊ ထိုသူသည် နောက်ကာလ၌ မထိတ် မကြောက်ရ။ ထို့ကြောင့် မရဏဿတိကမ္မဋ္ဌာန်းကို ပွားအပ်၏ဟု ဟော၏၊ ထိုတရားကို ကြား၍ ကြွင်းသော လူတို့သည် မိမိတို့ ဆိုင်ရာ အလုပ်ကိစ္စများကိုသာ လုံ့လပြုကြကုန်၏။ အသက်ဆယ့်ခြောက်နှစ်အရွယ် ယက်ကန်းသည်မလေး ပေသကာရီကား 'ဘုရားရှင်တို့စကားမည်သည် အံ့ဩဖွယ်ရှိပေစွ၊ ဘကား၊ ငါသည် မရဏဿတိကမ္မဋ္ဌာန်းကို ပွားများသင့်၏' ဟု ကြံ၍ နေ့ညဥ့်ပတ်လုံး မရဏဿတိကမ္မဋ္ဌာန်းကိုသာ ပွားများ၏၊ မြတ်စွာဘုရားသည် ထိုအာဠဝီပြည်မှထွက်၍ ဇေတဝန်သို့ သွားလေ၏။ ထို ယက်ကန်းသည်မလေးသည် သုံးနှစ်ပတ်လုံး မရဏဿတိ ကမ္မဋ္ဌာန်းကို ပွားများလျက်သာ နေလေ၏။

## အာဠဝီသား လူများ စုထ ထိုင်ပင်ကြ

မြတ်စွာဘုရားသည် တနေ့သ၌ လောကကို ကြည့်သည်ရှိသော် ထိုယက်ကန်းသည်မလေး (ပေသကာရီ)ကို မြင်လေ၏။ မိမိ၏ ဉာဏ်တည်းဟူသော ကွန်ရက်သို့ ဝင်၏၊ အဘယ်သို့ ဖြစ်အံ့နည်းဟု စုံစမ်း ဆင်ခြင်သည် ရှိသော် ဤယက်ကန်းသည်မလေးသည် ငါဘုရား၏ တရားဒေသနာတော်ကို ကြားနာရသောနေ့မှ စ၍ သုံးနှစ်တိုင်တိုင် မရဏဿတိကမ္မဋ္ဌာန်းကို ပွားခဲ့ပြီ။ ငါ ကြွပြီး ပြဿနာလေးချက်တို့ကို မေး၍ ထိုယက်ကန်းသည်မလေးက ဖြေသည်ရှိသော် လေးဌာနတို့၌ ကောင်းချီးပေး၍ ဤဂါထာကို ရွတ်အံ့။ ဂါထာ အဆုံး၌ ယက်ကန်းသည်မလေး သောတာပန် တည်လတ္တံ့။ ထို ယက်ကန်းသည်မလေးကို အမှီပြု၍ များစွာသောလူတို့ အကျိုးများလတ္တံ့ဟု သိ၍ ရဟန်းငါးရာ ခြံရံလျက် ဇေတဝန်ကျောင်းမှထွက်၍ အစဉ်အတိုင်း အဂ္ဂါဠဝကျောင်းသို့ သွား၏။ အာဠဝီမြို့သူ မြို့သားတို့သည်လည်း ဘုရားရှင်ကြွလာသည်ကြား၍ ထိုကျောင်းသို့ သွားပြီး စုဝေး တိုင်ပင်ကြကုန်၏။

## အင်းပျဉ်ပေါ်တက် ထိုင်လျက်ချည်တွေ ရစ်၍နေ

ထိုအခါ ယက်ကန်းသည်မလေးသည် မြတ်စွာဘုရား ကြွလာတော်မူခြင်းကို ကြား၍ အလွန် ဝမ်းမြောက်လျက် ငါသည် ဤနေ့မှ သုံးနှစ်တို့၏

အထက်၌ ရွှေစင်အဆင်း ပါဝင်းကြည်လင် ဘုရားရှင်ကို ဖူးဟူး၏။ ယခုအခါ၌ ထိုမြတ်စွာဘုရား၏ ရွှေအဆင်းနှင့် တူသော ကိုယ်တော်ကို ဖူးမြင်ခြင်းငှာ လည်းကောင်း၊ သာယာသော သြဇာခေတ်နှင့် ပြည့်စုံသော မြတ်သော တရားကို နာခြင်းငှာ လည်းကောင်း ရအံ့ဟု ကြံ၏၊ ယက်ကန်းသည်မလေး၏ ဘခင်သည်ကား ယက်ကန်းရုံသို့ သွားသည်ရှိသော် ''ချစ်သမီး၊ သူတပါးဥစ္စာ ဖြစ်သော ပုဆိုးကို ယက်ကန်းစင်ပေါ် တင်ထားသည်၊ မပြီးသေး။ တထွာခန့် ကျန်သေး၏။ ဒီနေ့ ပေးရမည်။ ယခု လျင်မြန်စွာ ယက်ဖောက်ကိုလုံး၍ ဆောင် ယူခဲ့ပါ''ဟု မှာသွား၏။ ယက်ကန်းသည်မလေးသည် ဤသို့ ကြံ၏။ ငါသည် မြတ်စွာဘုရား၏ တရားကို နာကြားလို၏။ ဘခင်ကလည်း ငါ့ကို ဤသို့ ဆို၏။ ငါဘယ်လို တရားနာအံ့နည်း။ တရားမနာဘဲ ဘခင်၏ ကိစ္စကို လုပ်ရမလား၊ စိတ်ကူး၏။ မလုပ်ခဲ့သော် ထုလျှင် ထုမည်၊ ရိုက်လျှင်လည်း ရိုက်မည်၊ ထို့ကြောင့် နောက်မှ တရားနာတော့မည် ဆုံးဖြတ်လျက် အင်းပျဉ်ပေါ်၌ ထိုင်ပြီး ချည်ရစ် နေ၏။

## သောတာပန်စစ် အသစ်ဖြစ်ရာ တုသိတာ

အာဠဝီမြို့သူ မြို့သားတို့သည် မြတ်စွာဘုရားကို ပြုမှု ပုပ်ဆွေး၍ သပိတ်ကို ယူ၍ အနုမောဒနာတရား နာကြားရန် ထိုင်နေကြ၏။ မြတ်စွာဘုရား သည် ငါသည် ယက်ကန်းသည်မလေးကို အဓိကထား အကြောင်းပြုပြီး ယူဇနာ သုံးဆယ် ခရီးသို့ လာခဲ့၏၊ ဒီနေ့ ဒီယက်ကန်းသည်မလေး အခွင့်မရ ဖြစ်နေပြီ။ သူ အခွင့်ရမှ အနုမောဒနာတရား ဟောတော့အံ့ဟု စိတ်ကူးပြီး ဆိတ်ဆိတ် နေခဲ့၏။ ပရိသတ်တို့ကလည်း ဘာမျှ မလျှောက်ဝံ့ကြ။ ထိုယက်ကန်းသည် မလေးသည် ယက်ဖောက်လုံးပြီးနောက် တောင်းထဲထည့်ပြီး ဘခင်ထံ သွားသည် ရှိသော် ပရိသတ်အစွန်မှ ထိုင်၍ မြတ်စွာဘုရားကို ကြည့်လျက် ရပ်နေ၏၊ မြတ်စွာဘုရားသည် လည်ကိုမော့၍ လှမ်းကြည့်သည်။ ယက်ကန်းသည်မလေး သည် မြတ်စွာဘုရား ကြည့်သော အခြင်းအရာဖြင့်သာလျှင် သူ့အား စောင့် မျှော်နေကြောင်း၊ လာခြင်းကို အလိုရှိကြောင်း သိ၍ ယက်ဖောက်တောင်းကို ချပြီး ဘုရားရှင်ထံ သွားလေပြီ၊ ဘုရားရှင်သည် ယက် ကန်း သည် မ လေး ကို ဘာ့ကြောင့် ကြည့်သနည်းဟူမူ ဤယက်ကန်းသည်မလေးသည် ဤနေရာမှ ပြန်သွားလျှင် ပုထုဇဉ်အဖြစ်ဖြင့် သေ၍ ကတိမမြဲလတ္တံ့၊ ငါ၏ထံ လာ၍ ပြန်

သွားလျှင် သောတာပတ္တိဖိုလ်သို့ ရောက်၍ ကတိမြဲပြီး တသိတာနတ်ဗိမာန်၌ ဖြစ်လတ္တံ့ဟု မြင်၍ သူ၏အကျိုး မဆုံးရှုံးစေရန် ကြည့်ခြင်းဖြစ်၏။

**အမေး လေးထွေ အဖြေ လေးပါး သိမှတ်ထား**

ထိုယက်ကန်းသည်မလေးသည် ထိုနေ့ သေဘေးမှ ပြေး၍ မလွတ်တော့ပြီ၊ မြတ်စွာဘုရား၏ အနီးသို့ ကပ်ကာ ရောင်ခြည်တော်တို့၏ အတွင်းသို့ ဝင်၍ ရှိခိုး၍ လျောက်ပတ်သောနေရာ၌ နေပြီ။ ပရိသတ်တို့၏ အလယ်၌ ထိုင်၍ ဆိတ်ဆိတ် ဘုရားကို ရှိခိုး၍ ထိုင်နေဆဲခဏ၌ ထိုယက်ကန်းသည် မကလေးကို မေး၏။ ဤ၌ အမေး လေးထွေနှင့် အဖြေ လေးပါးကား-

(၁) **မေး**။ ။ကုမာရိကေ ကုတော အာဂစ္ဆသိ = ယက်ကန်းသည် မလေး၊ သင် ဘယ်အရပ်မှ လာသနည်း။

**ဖြေ**။ ။န ဇာနာမိ ဘန္တေ = အရှင်ဘုရား၊ တပည့်တော်မ မသိပါ။

(၂) **မေး**။ ။ကတ္ထ ဂမိဿသိ=ယက်ကန်းသည်မလေး၊ သင် ဘယ်အရပ်သို့ သွားမည်နည်း။

**ဖြေ**။ ။န ဇာနာမိ ဘန္တေ = အရှင်ဘုရား၊ တပည့်တော်မ မသိပါ။

(၃) **မေး**။ ။န ဇာနာသိ = ယက်ကန်းသည်မလေး၊ သင် မသိဘူးလား။

**ဖြေ**။ ။ဇာနာမိ ဘန္တေ=အရှင်ဘုရား၊ သိပါသည်။

(၄) **မေး**။ ။ဇာနာသိ=ယက်ကန်းသည်မလေး၊ သင် သိသလား။

**ဖြေ**။ ။န ဇာနာမိ ဘန္တေ = အရှင်ဘုရား၊ တပည့်တော်မ မသိပါ။

**မေးဖြေလေးချက် ရှင်းလျက်ပြပြန် နောက်တဖန်**

လူအပေါင်းက ယက်ကန်းသည်မလေးကို ကဲ့ရဲ့ကြ၏။ “အချင်းတို့၊ ကြည့်ကုန်ကြလော့။ ဤယက်ကန်းသည်မလေးဟာ ဘုရားရှင်ကိုယ်တော်တိုင် မေးတာ ဝွကျကျ ဖြေသွားတယ်။ အရှုးမ၊ အနှမ်းမ” စသည် ဝိုင်းဝန်း အပြစ်ဆိုကြ၏။ မြတ်စွာဘုရားသည် လူအပေါင်းအား အသံတိတ်အောင် ပြု၍ ပရိသတ် သဘောပေါက် လက်ခံလာအောင် ထပ်မံ မေးရလေ၏။

(၁) **မေး**။ ။ယက်ကန်းသည်မလေး၊ သင်သည် ငါက ဘယ်က လာသလဲလို့ မေးသည်ရှိသော် သင်က မသိပါဟု ဖြေတယ်၊ အဲဒါ ဘာမသိတာလဲ။

**ဖြေ**။ ။အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်မ ယက်ကန်းသည် အိမ်မှလာတာ သိသားဘဲ။ ဒါကြောင့် ဒါကို မေးတယ်ဟု မယူဆပါ၊ ဘယ်ဘဝ၊ ဘယ်ဘုံမှ နေပြီး ဤဘဝ ဤဘုံကို လာဖြစ်တာလဲဟု မေးသည်ဟု သဘောပေါက်၍ မသိလို့ မသိဘူးဖြေတာပါ။ တပည့်တော်မှာ မရှုံးပါ။

(၂) **မေး**။ ။ယက်ကန်းသည်မလေး၊ သင်သည် ငါက သင် ဒီကနေပြီး ဘယ်သွားမလဲလို့ မေးသည်ရှိသော် သင်က မသိပါလို့ ဖြေတယ်၊ အဲဒါ ဘာမသိတာလဲ။

**ဖြေ**။ ။အရှင်ဘုရားတို့သည် ဤနေရာမှနေပြီး ယက်ကန်းသည် အိမ်သို့ သွားမယ်ဆိုတာ သိသားဘဲ။ ဒါ့ကြောင့် ဒါကို မေးတယ်လို့ မယူဆပါ။ ဤဘဝ ဤဘုံမှ ဘယ်ဘဝ ဘယ်ဘုံသို့ သွားဖြစ်မှာလဲဟု မေးသည်ဟု သဘောပေါက်၍ မသိလို့ မသိဘူး ဖြေတာပါ။ တပည့်တော်မှာ မရှုံးပါ။

(၃) **မေး**။ ။ယက်ကန်းသည်မလေး၊ သင်သည် ငါက မသိဘူးလားလို့ မေးသည်ရှိသော် သင်က သိပါသည်ဟု ဖြေသည်။ အဲဒါ ဘာသိတာလဲ။

**ဖြေ**။ ။အရှင်ဘုရား၊ သေရမှာကို သိပါသည်။ အဲဒါကို ရည်ရွယ်ပြောတာပါ။ သိလို့ သိတယ် ပြောတာပါ။ တပည့်တော် မရှုံးပါ။

(၄) **မေး**။ ။ယက်ကန်းသည်မလေး၊ ငါက သိသလားဟု မေးသည်ရှိသော် မသိဘူးဟု ဖြေ၏။ အဲဒါ ဘာမသိတာလဲ။

**ဖြေ**။ ။တပည့်တော်မ သေမည်ဆိုတာသာ သိပါသည်။ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် ဘယ်နာရီ သေမည်ဟု

မသိပါ။ ထိုသို့ သေမည်ကို သိသော်လည်း သေမည့် အချိန် နာရီ စသည်ကို မသိလို့ မသိပါဟု ပြောတာပါ။ တပည့်တော် မရှုးပါ။

## သားဘနှစ်ဦး အထူးအပြည့် အကျိုးရှိ

မြတ်စွာဘုရားက အကြင်သူတို့မှာ ပညာစက္ခု မရှိ၊ ထိုသူတို့သည် အကန်းတို့သာတည်း။ အကြင်သူတို့သည် ပညာမျက်စိ ရှိ၏၊ ထိုသူတို့သာ မျက်စိအမြင် ရှိသူတို့ မည်ကုန်၏။ ဤသို့ဆို၍ အောက်ပါ ဂါထာကို ဟောကြားလေ၏။

အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ ။

အယံ လောကော၊ ဤလူအပေါင်းသည်။ အန္ဓဘူတော၊ အမိုက်မှောင် အတိသာ ဖြစ်၏။ ယော သကုဏော၊ အကြင်ငှက်သည်။ ဇာလမုတ္တော၊ ပိုက်ကွန်မှ လွတ်၏။ သော သကုဏောဣဝ၊ ထိုငှက်ကဲ့သို့။ ဧတ္ထ၊ ဤလောက၌။ တနုကော၊ အနည်းငယ်သောသူသည်။ ဝိပဿတိ၊ ရုပ်နာမ်နှစ်ရပ် ရှုပွားတတ်၏၊ အပ္ပေါ၊ အနည်းငယ်သောသူသည်။ သဂ္ဂါယ၊ နတ်ပြည် နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။

ဤဒေသနာ၏ အဆုံး၌ ယက်ကန်းသည်မလေးသည် သောတာပတ္တိဖိုလ် တည်၏၊ ကျန်လူတို့သည် များသောအကျိုး ရှိကြကုန်၏။ မကြာမီ ထိုယက်ကန်း သည်မလေး အကြောင်းတခုဖြင့် သေ၏။ တုသိတာ နတ်ပြည်၌ ဖြစ်၏။ များစွာ ငိုကြွေးနေသော ဖခင်အား ဘုရားရှင်က အနမတဂ္ဂကထာကို ဟော၏။ သောက နည်းသွားသောအခါ ရဟန်းပြု၏။ ထိုရဟန်း မကြာမီ ရဟန္တာ ဖြစ်၏။

၁၃၃၀-ခုနှစ်၊ ဝါဆိုလကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

**အသုဘကမ္မဋ္ဌာန်းကို ရပ်စဲ၍ လောဟိတကသိုဏ်းကို ပေးမှ စတုတ္ထဈာန်နှင့် အရဟတ္တဖိုလ်ဉာဏ်တိုင် ဆိုက်ခဲ့ရသော ရွှေပန်းထိမ်သည်သား**

**ရှင်သုဝဏ္ဏ ရဟန်းတော်လေး ဝတ္ထု**

ဇေတဝန်ခေါ်၊ ရွှေကျောင်းတော်၊ မိန့်ဖော် မြတ်ဗုဒ္ဓါ။
ရွှေပန်းထိမ်သည်၊ သားဖြစ်သည်၊ ရုပ်ရည် တင့်တယ်စွာ။
အိုသေ လွန်ကြောက်၊ သံဝေပေါက်၊ ဝင်ရောက် သာသနာ။
ရာဂပြောကျယ်၊ ပျောက်ကင်းကွယ်၊ ရည်ရွယ် တွေးတောကာ။
သာရိပုတ္တာ၊ ရှင်မြတ်က၊ ပေးထ အသုဘာ။
တောသို့ဝင်ဘိ၊ သုံးလရှိ၊ ရှု၏ ကြိတ်နယ်ပါ။
စိတ်ငြိမ်ရုံမျှ၊ ကျိုးမရ၊ မုချ အားပျက်ကာ။
တောမှ တဖန်၊ ဆရာထံ၊ လျှောက်ရန် သုံးခေါက်လာ။
ကျနစစ်ဆေး၊ ဖန်ဖန်မေး၊ ထပ်ပေး အသုဘာ။
မဂ်ဖိုလ်ခမ္မ၊ ဝိသေသ၊ မရ လေးလကြာ။
ငါးရာဘဝ၊ ဖန်ဖန်ကျ၊ ဖြစ်ထ ရွှေပန်းထိမ်သာ။
နီမြန်းသောရွှေ၊ ရင်းနှီးပေ၊ လွဲနေ အသုဘာ။
ပဒုံပွင့်အား၊ နီကားကား၊ စိုက်ထား သဲပုံမှာ။
ရှေ့တည့်တည့်မှ၊ ထိုင်ကျန၊ မှတ်ရ နီတယ်သာ။
မှတ်ပြီအားတင်း၊ ခဏချင်း၊ ကွာရှင်း နီဝရဏာ။

ဥပစာရ၊ ပဒုတ၊ ရှုဘန ဘုတ္ထာ။
ညှိုးနွမ်းပါစေ၊ မိဿာန်ပေ၊ ထင်လေ အနန္တာ။
အနိစ္စမြင်၊ ဒုက္ခထင်၊ ကျုံးဝင် အနတ္တာ။
ရောင်ခြည်ခြောက်သွယ်၊ ကြည်နူးဘွယ် တင့်တယ် မြူးကွန့်လာ။
ရှင်သုဝဏ္ဏာ၊ စိတ်အားကြွ၊ ချီထ လက်အုပ်ပါ။
လက်ဖြင့်ကိုယ်စီ၊ ကြာရိုးနှီ ဖြတ်သည် ဥပမာ။
မဂ္ဂင်ဓမ္မ၊ ပွားကုန်ကြ၊ ဖြတ်ထ သိနေဟာ။
ထိုသို့ဟောထ၊ တပုဒ်မျှ၊ နာရ ရဟန္တာ။ ။

(ခုဒ္ဒကနိကာယ ဓမ္မပဒအဋ္ဌကထာ၊ ၃၊ နှာ-၂၆၆)

(ဓမ္မဒါနအလှူရှင်) ဗလပုံနှိပ်တိုက် မိသားစု ကောင်းမှု။

၁၃၃၇-ခုနှစ်၊ ဝါခေါင်လဆန်း (၇) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ မဟာကြားအပ်သော

## ကမ္မဋ္ဌာန်းပေးသောဆရာ အထူး လိုအပ်ကြောင်း
## အရှင်သာရိပုတ္တရာ၏ တပည့် ရွှေပန်းထိမ်သည်၏ သား
## သုဝဏ္ဏကာရမထေရ် ရဟန္တာဖြစ်ခန်း

**ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ။**
**သန္တိမဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ ။**

သာရဒိကံ၊ အဆင်းအနံ့ သင်းပျံ့ပျံ့နှင့် မျှော်ငွေ့အခေါင် တန်ဆောင်မာသ ခါကာလမှာ ပွင့်ခွင့်သစသော။ ကုမုဒံ၊ ဟန်ပန်ကြွရွ ကြည့်တိုင်းလှသည့် ကုမုဒအမျိုး ကြာဖြူရိုးကို။ ဆိန္ဒတိက္ကာဝ၊ ကောင်းစွာပိုင်ပိုင် ချိုးဖြတ်ဖျက်ဆီးနိုင်ဘိသကဲ့သို့။ ဇေ၊ ဤအတူ၊ အတ္တနော၊ မိမိခေါ်ကြ ခန္ဓာဝေသီသင်ယောဂီ၏။ သိနေဟမ္ပိ၊ ကြောင်းကျိုးနှစ်ဝ ဝိညာဏနှင့် ပသာဒအာရုံ ပေါင်းဆုံမိကာ ဖြစ်ပေါ်လာသည့် တဏှာသမုဒယ ပါသမတ် တရားမြတ်ကိုလည်း။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ် ဉာဏ်တော်လက်ဖြင့်။ ဥစ္ဆိန္ဒ၊ ကောင်းစွာမသွေ ချိုးဖြတ် ဖျက်ဆီးပါလေ။

နိဗ္ဗာနံ၊ ပူရှိန်ထန်သည်း ရာဂမီး၏ အငြိမ်းငြိမ်းရာ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို။ သီဝံ၊ ပူမှုဟူ၍ မြူငွေ့မရှိ ပကတိသုခံ (ခေမ၊ ကေဝလ၊ အဗျာဗဇ္ဇ) ဂုဏ်ပေါင်းခသည့် ချမ်းသာစစ် ချမ်းသာမှန်ကြီးဟူ၍။ သုဂတေန၊ မဟာသီအတုလ သုဂတဗုဒ္ဓင် ဘုရားရှင်သည်။ ဒေသိတံ၊ ရွှေမှုခံနှုတ်အလှုဖြင့်

ဃုတ်ပြ ဟောကြားတော်မူအပ်ပါပေ၏။ တသွာ၊ ထို့ကြောင့်။ သန္တိမဂ္ဂမေဝ၊ နိဗ္ဗာန်ဆောင်ပို့ ဖောင်ကူးတို့အသွင် ယက်ခွင်စက်ယာဉ် မဂ္ဂင်တည်းဟူသော ရှစ်ပါးသော အစီအစဉ်ကိုသာလျှင်။ ဗြူဟယ၊ သဒ္ဓါဝီရိ သမာဓိနှင့် သတိပညိန် အမှိုန်ပြင်းပြင်း သော့ချက်တင်း၍ ထင်းထင်းသေချာ ရှုမှတ် ပွားများပါ တော့လော့။

(သုတ္တန္တပိဋက မံ ဥ ၃ နှာ-၂၆၆)

ဇလ ပုံနှိပ်တိုက်၊ ပန်းလှိုင် (၂၁) လမ်း၊ ဦးသောင်း၊ ရွှေ-ဒေါ်ရင်နု မိသားစု
(မမှုဒါနကုသိုလ်)

## အသုဘကမ္မဋ္ဌာန်းကို ရပ်စဲ၍ လောဟိတကသိုဏ်းကို ပေးမှ စတုတ္ထစျာန်နှင့် အရဟတ္တဖိုလ်ဉာဏ်တိုင် ဆိုက်ခဲ့ရသော ရွှေပန်းထိမ်သည်၏သား ရှင်သုဝဏ္ဏ ရဟန်းတော်လေး ဝတ္ထု

မှတ်သားဘွယ် အကျဉ်းချုပ်

### ရှင်သာရိပုတ္တရာ ဆရာစစ်မေး ကိုယ်တိုင်ပေး

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေစဉ် ရှင်သာရိပုတ္တရာ၏တပည့် ရှင်သုဝဏ္ဏကို အကြောင်းပြု၍ ဟောတော်မူ၏။

တယောက်သော အဆင်းလှသော ရွှေပန်းထိမ်သည်၏ သားသည် ရှင်သာရိပုတ္တရာထေရ်၏ အထံ၌ ရဟန်းပြု၏။ ကမ္မဋ္ဌာန်းဆရာ ရှင်သာရိပုတ္တရာသည် 'ငယ်ရွယ်သူ ရာဂ အားကောင်း၏' ဟု ကြံ၍ ထိုရဟန်း ရာဂပျောက်အောင် အသုဘကမ္မဋ္ဌာန်းကို ပေး၏။ အမှန်မှာ ထိုရဟန်းအား ထိုကမ္မဋ္ဌာန်း မလျောက်ပတ် မသင့်တော်၊ တောသို့ဝင်၍ တဝါတွင်းလုံး အားထုတ်သော်လည်း စိတ်ကဲလေ၊ တည်ငြိမ်ရုံမျှ မဖြစ်၊ သမာဓိမရ။ ကမ္မဋ္ဌာန်းဆရာ ရှင်သာရိပုတ္တရာထံ ပြန်၍မေးသဖြင့် အကြောင်းစုံ လျှောက်ပြလေ၏။ တဖန် ရှင်သာရိပုတ္တရာက ပြန်၍ မထေရ် ရှင်သုဝဏ္ဏအား "ဒီကမ္မဋ္ဌာန်းအား ပြန်အားထုတ်ပါ၊ အားထုတ်မှု မပြည့်စုံလို့ပါ၊ ပြည့်စုံတဲ့အခါ ဆိုက်ရောက်လာမှာပါ" ဟု ဆို၏၊ လာပြန်လျှောက်လိုက်၊ ပြန်ပေးလိုက်၊ သုံးကြိမ် သုံးခါကျပြီ။ ဘာ တရားထူးမှလည်း မရရှိပါ။

### ဘုရားချန်ထား တရားပိုင်ပိုင် မစပေးနိုင်

ရှင်သာရိပုတ္တရာသည် စဉ်းစားမိပြီ။ အားထုတ်သော ယောဂီသည် ကာမစ္ဆန္ဒ စသည်ရှိလျှင် ရှိကြောင်း၊ မရှိလျှင် မရှိကြောင်း သိ၏။ ဤရဟန်းသည်

အားမထုတ်သည် မဟုတ်၊ အလွန် အားထုတ်၏။ မကျင့်သည်မဟုတ်၊ အလွန် ကျင့်၏။ ငါသည် ထိုရဟန်း၏အလို(အဇ္ဈာသယ)ကို မသိ၊ ဤရဟန်းသည် ဗုဒ္ဓဝေနေယျ(ဘုရားချွတ်မှ ကျွတ်မည့် ယောဂီ) ဖြစ်လတ္တံ့။ ထို့ကြောင့် ရှင်သာရိပုတ္တရာကိုယ်တိုင် ထိုရဟန်းကို ခေါ်၍ ညချမ်းအခါ ဘုရားထံကပ်ပြီး "အရှင်ဘုရား၊ ဤရဟန်းသည် တပည့်တော်၏ အတူနေ တပည့်ပါတည်း။ ဤရဟန်းအား တပည့်တော်သည်။ ဤအကြောင်းကြောင့် ဤကမ္မဋ္ဌာန်း ပေးပါသည်" ဟု လျှောက်၏၊ အပြည့်အစုံ အကျိုးအကြောင်းနှင့်တကွ လျှောက်ပြ၏။ ထိုအခါ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို ဤသို့ မိန့်၏။

> အာသယာနုသယဉာဏံ နာမေတံ ပါရမိယော ပူရေတွာ ဒသသဟဿိလောကဓာတုံ ဥန္နာဒေတွာ သဗ္ဗညုတံ ပတ္တာနံ ဗုဒ္ဓါနံယေဝ ဝိသယော။

ဧတံ အာသယာနုသယဉာဏံနာမ၊ ထိုယောဂီ၏အလိုအဇ္ဈာသယကို သိခြင်းမည်သည်ကား။ ပါရမိယော၊ ပါရမီတော်ကို။ ပူရေတွာ၊ ပြည့်စေ၍။ ဒသသဟဿိလောကဓာတုံ၊ တသောင်းသော လောကဓာတ်ကို။ ဥန္နာဒေတွာ၊ ပဲ့တင်ထပ်စေ၍။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်တော်ကို ရသည်၏ အဖြစ်သို့။ ပတ္တာနံ၊ ရောက်ကုန်သော။ ဗုဒ္ဓါနံယေဝ၊ ဘုရားရှင်တို့၏သာလျှင်။ ဝိသယော၊ အရာပါတည်း။

## သူ့ကိုရဟန္တာ ကြည့်ပါမှုချ ယနေ့ည

ဘုရား ချန်ထားပြီးလျှင် ကမ္မဋ္ဌာန်းပိုင်ပိုင် ပေးနိုင်သူ မရှိပါ။ ဘုရားမှ ပိုင်ပိုင်ကြီး ကမ္မဋ္ဌာန်းပေးနိုင်ပါသည်။ ယခု ယောဂီ (ရှင်သုဝဏ္ဏရဟန်း)သည် ဘယ်အမျိုးမှ လာသနည်းမေးလျှင် ရွှေပန်းထိမ်သည်အမျိုးမှ လာကြောင်း သိထားပြီ။ သူ၏ အတိတ်ဘဝကို ပြန်ကြည့်လျှင် အစဉ်အတိုင်း တဆက်တည်း ရွှေပန်းထိမ်သည်အမျိုး၌ ဖြစ်လာတာ ဘဝပေါင်း ငါးရာရှိပြီ ဟု သိတော်မူ၍ ဤသို့ ဆို၏၊ "ငါ့ရှင် သာရိပုတ္တရာ၊ ဤ သင့်တပည့် ရဟန်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး ရွှေပန်းထိမ်မှုကို ပြုခဲ့သဖြင့် နီမြန်းသောရွှေကိုသာလျှင် အပြန်ပြန် အလှန်လှန် သုံးသပ် ကိုင်တွယ်ခဲ့၏။ ထို့ကြောင့် ဤရဟန်းအား စက်ဆုပ်ဘွယ်သော အသုဘကမ္မဋ္ဌာန်း မအပ်ပါ။ နှစ်သက်ဘွယ်သောကမ္မဋ္ဌာန်းသာ လျောက်ပတ်၏။ ငါ့ရှင် သာရိပုတ္တရာ၊ သင် ကမ္မဋ္ဌာန်းပေး၍ လေးလ

ပတ်လုံး ပင်ပန်းထားသော ဤယောဂီ ရှင်သုဝဏ္ဏကို ယနေ့ နေမဝင်မီ ရဟန္တာဖြစ်သည်ကို သင် မြင်ရလတ္တံ့၊ သင် သွားလော့'' ဟု ရှင်သာရိပုတ္တရာကို ပြန်လွှတ်လိုက်၏။

## ကမ္မဋ္ဌာန်းပေး အရေးသိမှ မြန်မြန်ရ

ဘုရားရှင်သည် တန်ခိုးဖြင့် လှည်းဘီး မျှသော ရွှေပဒုမ္မာ ကြာပန်းကြီးကို ဖန်ဆင်း၍ အရွက်တို့ဖြင့် လည်းကောင်း၊ အရိုးတို့ဖြင့် လည်းကောင်း ရေပေါက်တို့သည် ထွက်ကျနေသကဲ့သို့ ပြု၍ ''ရဟန်း ဤပဒုမ္မာ ကြာပန်းကြီးကို ယူ၍ ကျောင်းတိုက်တခုသော အစွန်၌ သဲပုံမှာစိုက်၍ ရှေ့တည့်တည့်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်၍ (အနီရောင်၊ အနီရောင်)ဟူ စီးဖြန်း ရှုမှတ်ပါလော'' ဟု ပေးလေ၏။ ထိုရဟန်းအား မြတ်စွာဘုရား၏ လက်မှ ပဒုမ္မာ ကြာပန် ကြီးကို ယူလိုက်စဉ်မှ စ၍ စိတ် ကြည်လင်သွား၏။ အမိန့်အတိုင်း စီးဖြန်း၏။ ထိုကောဉ်ငင် နီဝရဏတရားတွေ ကွာသွားကုန်၏။ ဥပစာရဈာန်တို့သည် ဖြစ်လာကြကုန်၏။ ထိုဥပစာရဈာန်၏ အခြားမဲ့၌ ပထမဈာန်ကို ဖြစ်စေ၍ ထို့နောက် ဝသီဘော် ငါးပါးသို့ ရောက်စေ၍ တဆိုင်တည်းဖြင့် ဒုတိယဈာန် စသည် ရောက်၍ အခလေ့အသာရှိသည်ဖြစ်၍စတုတ္ထဈာန်ဖြင့်ဈာန်ကစားခြင်းကိုကစား ယျက်နေ၏။

## မီးပုံ အကောင်ပုပ် အဟုတ်ထင်ပြီ ထိုယောဂီ

မြတ်စွာဘုရားသည် ရဟန်း၏ ဈာန်တို့၏ ဖြစ်နေပုံကို သိ၍ ဤရဟန်းသည် သူ့အလိုအတိုင်း အထက်မဂ် အထက်ဖိုလ် တရားထူးကို ဖြစ်စေခြင်းငှာ စွမ်းနိုင်ပါမည်လောဟု ကြည့်သည်ရှိသော် မစွမ်းနိုင်ကြောင်း သိ၍ ထိုပဒုမ္မာ ကြာပွင့်ကြီးသည် ညှိုးနွမ်းပါစေသတည်းဟု အဓိဋ္ဌာန်၏။ လက်တို့ဖြင့် ချေ အပ်သော ထိုပဒုမ္မာ ကြာပွင့်ကြီးသည် ညှိုးနွမ်းပြီး မည်းသွားသကဲ့သို့ ထိုသုဝဏ္ဏ ရဟန်းသည် ဈာန်မှထ၍ ထိုညှိုးနွမ်းသော ပဒုမ္မာ ကြာပွင့်ကြီးကို ကြည့်၍ ဤပဒုမ္မာ ကြာပွင့်ကြီးကို ဇရာတရား နှိပ်စက်ခြင်းသည် ထင်ရှား၏။ ဥပါဒိန္န မကပ်ငြိသည့် ကြာပွင့်ပင် ဇရာတရား နှိပ်စက်လျှင် ကပ်ငြိသော ဥပါဒိဏ္ဏက ရုပ်နာမ်ခန္ဓာမှာ အဘယ်ပြောဘွယ်ရာ ရှိပါအံ့နည်း၊ ဇရာတရား ကောင်းစွာ နှိပ်စက်လတ္တံ့ဟူ၍ အနိစ္စ လက္ခဏာကို မြင်၏။ ထိုအနိစ္စလက္ခဏာကို မြင်သည် ရှိသော် ဒုက္ခ လက္ခဏာနှင့် အနတ္တ လက္ခဏာကိုလည်း မြင်သည်ပင်။ ထို ယောဂီ ရှင်သုဝဏ္ဏအား ဘဝ သုံးပါးတို့သည် အလျှံပြောင်ပြောင် တောက်

သောင်နေသော နှင်းပုံကြီးကဲ့သို့ လည်းကောင်း လည်ပင်း၌ ဆွဲချည်၍ ထားအပ်သော အသေကောင်ပုပ်ကြီးကဲ့သို့ လည်းကောင်း ထင်လာကုန်၏။

## ကြာပွင့်ကိုရ ယခုမကြာ ရဟန္တာ

ထို့နောက်၌ ထိုသုဝဏ္ဏ ရဟန်း၏ အနီး၌ သူငယ်တို့သည် အိုင်တခုမှ ကြာပင်တို့ကို ချိုး၍ ကုန်းပေါ်၌ စုထားကြကုန်၏။ ထိုရဟန်းသည် ရေ၌ လည်းကောင်း ကုန်း၌ လည်းကောင်း ကြာပင်တို့ကို ကြည့်၏။ အချို့တို့သည် လှပ လန်းဆန်းကုန်၏။ အချို့တို့သည် အဖျားလေးတွေ ခြောက်ကုန်၏။ ထိုရဟန်းသည် အနုပါဒိန္နက ကြာပန်းပင် ဇရာသဘော သက်ရောက်သေး၏။ ဥပါဒိန္နကာ ခန္ဓာကိုယ်ကား အဘယ်ဆိုဖွယ်ရာ ရှိကုန်အံ့နည်းဟု ကောင်းစွာ အနိစ္စ စသည်တို့ကို မြင်လေ၏။ မြတ်စွာဘုရားသည် ဤရဟန်းအား ယခုအခါ ကမ္မဋ္ဌာန်း ထင်ရှားပြီဟု သိ၍ ဂန္ဓကုဋိတိုက်၌ နေလျက်သာ အရောင်ကို လွှတ်၏ ထိုအရောင်သည် ထိုရဟန်း၏ မျက်နှာကို ထိ၏။ ဒါဘာလဲဟု ကြည့်စဉ် မြတ်စွာဘုရားသည် မျက်မှောက်ရောက်သကဲ့သို့ ဖြစ်နေ၏။ ထို့ပြီး လက်အုပ်ချီ၏၊ ထိုအခါ ဘုရားရှင်သည် ထိုသုဝဏ္ဏကာရမထေရ်အား လျောက်ပတ်သည့် ဥစ္ဆိန္ဒ သိနေဟမတ္တနော စသော ဂါထာကို ဟောလေ၏၊ ဒေသနာ အဆုံး၌ ထိုသုဝဏ္ဏ ရဟန်းတော် ရဟန္တာအဖြစ်သို့ ရောက်ပြီ

၁၃၃၈-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇော်တိပါလ
# ဟောကြားအပ်သော

## မဂ္ဂင်ရှစ်ပါးနှင့်စပ်၍ အရှင်အာနန္ဒာ လျှောက်ထားချက်နှင့် တကွ
## မြတ်စွာဘုရား ဖြေကြားထားပုံ
## ဝိဘင်္ဂသုတ္တန် ဒေသနာတော်

❁

သာဝတ္ထိပြည်မွန်၊ ဇေတဝန်၊ ထူးချွန် ကျောင်းဝိဟာ။
သံဃာတော်အပါး၊ ငါးရာအား၊ ဟောကြား ရှေ့တင်ကာ။
သံဃာရောလူ၊ ကျပ်သိပ်ထူ၊ ဟောသူ မြတ်ဗုဒ္ဓါ။
သမ္မာဒိဋ္ဌိ၊ သင်္ကပ္ပနှင့်၊ မိန့်ရှိဝါစ၊ ကမ္မန္တ၊ သမ္မ အာဇီဝါ။
သမ္မာဝါယာမ၊ သမ္မာသတိ၊ သမာဓိ၊ ရှစ်ရှိ မဂ္ဂင်ပါ။
သစ္စာလေးဝ၊ သိတာက၊ မှတ်ကြ သမ္မာဒိဋ္ဌိသာ။
နေက္ခမအစ၊ ကြံတာက၊ မှတ်ကြ သမ္မာသင်္ကပ္ပါ။
ဝစီကံလေးဝ၊ ရှောင်တာက၊ မှတ်ကြ သမ္မာဝါစာ။
ကာယကံသုံးဝ၊ ရှောင်တာက၊ မှတ်ကြ သမ္မာကမ္မန္တာ။
မိစ္ဆာဇီဝ၊ ပယ်တာက၊ မှတ်ကြ သမ္မာအာဇီဝါ။
သမ္မပ္ပဓာန၊ အားထုတ်က၊ မှတ်ကြ သမ္မာဝါယာမာ၊
သတိပဋ္ဌာန၊ ရှုပွားက၊ မှတ်ကြ သမ္မာသတိပါ။
လေးပါးစျာန်မျှ၊ ဝင်စားက၊ မှတ်ကြ သမ္မာသမာဓိသာ။

ဒုက္ခ သမုဒယ၊ နိရောဓ၊ မဂ္ဂ လေးသစ္စာ။
ကျိုးကြောင်းခြားနား၊ စုံနှစ်ပါး၊ စဉ်ထား ပြခဲ့ရာ။
ဒုက္ခကို သိ၊ သမုဒယကို ပယ်၊ နိရောဓ ဆိုက်သွား၊ မဂ္ဂပွား၊
ထင်ရှား ငါပွာယ်မှာ။
မဂ်သစ္စာကား၊ ဖွဲ့ကာထား၊ ရှစ်ပါး မဂ္ဂင်ပါ။
ယောဂီအများ၊ ကျင့်တရား၊ ရှစ်ပါး မဂ္ဂင်သာ။
မဂ္ဂင်ရှစ်ပါး၊ ဖယ်၍ထား၊ တရား မရှိပါ၊
မဂ္ဂင်ရှစ်ပါး၊ ပွားသူအစ၊ ထင်ရှား အကျိုးမှာ။
ရာဂါဒေါသ၊ မောဟပြ၊ သုံးစ ကင်းနိုင်ပါ။
သုံးဝကင်းလို၊ များလူဗိုလ်၊ တင်ကြို ဆောလျင်စွာ။
မြော်မြင်လေးနက်၊ သဒ္ဓါဖက်၊ မပျက် ကြိုးစားရာ။ ။

(မဟာဝဂ္ဂ သံယုတ္တပါဠိ။ နှာ-

(စမ္ပါန်အရှင်)၏ ဗလပုံနှိပ်တိုက် မိသားစု၏ ကောင်းမှု။

## မဂ္ဂင်ရှစ်ပါးနှင့်စပ်၍ ရှင်အာနန္ဒာ လျှောက်ထားချက်နှင့်တကွ မြတ်စွာဘုရား ဖြေကြားထားပုံ

## ဝိဘင်္ဂသုတ္တန် ဒေသနာတော်

## မှတ်သားဘွယ် အကျဉ်းချုပ်

### မဂ္ဂင်ရှစ်ပါး ထင်ရှားမှတ်ဘွယ် အဓိပ္ပာယ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဤဝိဘင်္ဂသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူသည်။

"ရဟန်းတော်များ အို-ချစ်သားတို့၊ သင်တို့အား ဖြူစင်သော အင်္ဂါရှစ်ပါးရှိသော မဂ်တရားကို ဟောကြားပေအံ့။ ဝေဘန်ပေအံ့။ ထို မဂ်တရားကို နားထောင်ကြ။ နှလုံးသွင်းကြ။ ငါ ဟောပေအံ့"

"ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား၊ တပည့်တော်တို့ ရိုသေစွာ နာကြားကြပါကုန်၏"ဟု လျှောက်ယင်း ရှေ့ရှု ဝပ်စင်း နာကြားကြကုန်၏။ အောက်ပါအတိုင်းပင် ဟောလေ၏။

(၁) မဂ်သည် ဖြူစင်၏။ အင်္ဂါရှစ်ပါးရှိ၏။ ယင်းအင်္ဂါရှစ်ပါးဟူသည်-

| | |
|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ |
| သမ္မာဝါစာ | သမ္မာကမ္မန္တ |
| သမ္မာအာဇီဝ | သမ္မာဝါယာမ |
| သမ္မာသတိ | သမ္မာသမာဓိ။ |

(၂) သမ္မာဒိဋ္ဌိ ဟူသည်-

ဆင်းရဲခြင်း ဒုက္ခသစ္စာ၌ သိသောဉာဏ်။

ဆင်းရဲကြောင်း သမုဒယသစ္စာ၌ သိသောဉာဏ်။

ဆင်းရဲချုပ်ရာ နိရောဓသစ္စာ၌ သိသောဉာဏ်။
ဆင်းရဲချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မဂ္ဂသစ္စာ၌ သိသောဉာဏ်။

(၃) သမ္မာသင်္ကပ္ပ ဟူသည်-

နေက္ခမ္မသင်္ကပ္ပ (ကိလေသာမှ ထွက်မြောက်ကြောင်းတို့ကို စိတ်ကူးခြင်း)။
အဗျာပါဒသင်္ကပ္ပ (မေတ္တာ ဘာဝနာမှုတို့ကို စိတ်ကူးခြင်း)။
အဝိဟိံသ သင်္ကပ္ပ(မညှဉ်းဆဲမပင်ပန်းစေမှုတို့ကို စိတ်ကူးခြင်း)။

(၄) သမ္မာဝါစာ ဟူသည်-

မုသာဝါဒါ ဝေရမဏီ (မဟုတ်မမှန်သော စကားမှ ရှောင်ကြဉ်ခြင်း)။
ပိသုဏာယ ဝါစာယ ဝေရမဏီ (ကုန်းတိုက်စကားတို့မှ ရှောင်ကြဉ်ခြင်း)။
ဖရုသာယ ဝါစာယ ဝေရမဏီ (ကြမ်းတမ်းစကားမှ ရှောင်ကြဉ်ခြင်း)။
သမ္ဖပ္ပလာပါ ဝေရမဏီ (ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်ခြင်း)။

(၅) သမ္မာကမ္မန္တ ဟူသည်-

ပါဏာတိပါတာ ဝေရမဏီ(သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း)။
အဒိန္နာဒါနာ ဝေရမဏီ (သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း)။
အဗြဟ္မစရိယာ ဝေရမဏီ (မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း)။

(၆) သမ္မာအာဇီဝ ဟူသည်-

မှားသောစ အသက်မွေးမှုကို ပယ်၍ မှန်သောအသက်မွေးမှုဖြင့် အသက်ကို မွေးမြူခြင်း။

(၇) သမ္မာဝါယာမ ဟူသည်-

(က) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အားထုတ်ရခြင်း။

(ခ) ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်ရန် အားထုတ်ရခြင်း။

(ဂ) မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အားထုတ်ရခြင်း။

(ဃ) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွားများအောင် အားထုတ်ရခြင်း။

(၈) သမ္မာသတိ ဟူသည်-

ကာယ၌ ကာယဟု ရှုမှတ်ပွားများလျက် နေရ၏။
ဝေဒနာတို့၌ ဝေဒနာဟု ရှုမှတ်ပွားများလျက် နေရ၏။
စိတ်၌ စိတ်ဟု ရှုမှတ်ပွားများလျက် နေရ၏။
ဓမ္မ၌ ဓမ္မဟု ရှုမှတ်ပွားများလျက် နေရ၏။

(၉) သမ္မာသမာဓိ ဟူသည်-

ပထမစျာန်သို့ ရောက်လျက် နေရ၏။
ဒုတိယစျာန်သို့ ရောက်လျက် နေရ၏။
တတိယစျာန်သို့ ရောက်လျက် နေရ၏။
စတုတ္ထစျာန်သို့ ရောက်လျက် နေရ၏။

၁၃၃၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

သံသရာဒုက္ခပြတ်နည်း အရှင်အာနန္ဒာ လျှောက်ထားချက်နှင့်တကွ
မြတ်ဗုဒ္ဓဘုရား ဖြေကြားထားပုံ
ပဋိစ္စ သမုပ္ပါဒ သုတ္တန် ဒေသနာတော်

ပဋိစ္စသမုပ္ပါဒ်၊ ဟောမိန့်အပ်၊ အမြတ် ဒေသနာ။
ဟောသည့်မြို့မည်၊ သာဝတ္ထိ၊ ကျောင်းမည် ဇေတဝန်ပါ။
အဝိဇ္ဇာ သင်္ခါရ၊ ဝိညာဏ၊ နာမ ရူပသာ။
သဠာယတန၊ စဉ်ကျန ဖဿ ဝေဒနာ။
တဏှာ ဥပါဒါန၊ ဆက်ခါပြ၊ ဘဝ ဇာတိပါ။
ဇရာ မရဏ၊ ကျိုးဆက်ရ၊ သောက ပရိဒေဝါ။
ဒုက္ခ ဒေါမနဿ၊ ဥပါယာသ၊ မှတ်ကြ စက်အင်္ဂါ။
အကြောင်းစွဲသ၊ ကျိုးဖြစ်ကြ၊ ခေါ်ရ ပဋိစ္စသမုပ္ပါဒ်ပါ။
အကြောင်းမပြတ်၊ ကျိုးမရပ်၊ စွဲမှတ် ရှင်းလင်းစွာ။
ကြောင်းမှုချရှိ၊ ကျိုးလည်းရှိ၊ လည်၏ သံသရာ။
အိုနာသေမွေး၊ သံသာဘေး၊ ရှုပ်ထွေး ဖန်ခါခါ။
အမှောင်သာရောက်၊ အလင်းပျောက်၊ ထွင်းဖောက် ဥပမာ။
အလင်းသာရောက်၊ အမှောင်ပျောက်၊ ချင့်ထောက် ထို့တူစွာ။
အကြောင်းထိမိ၊ ရှာဖွေကြည့်၊ မသိ အဝိဇ္ဇာ။

အဝိဇ္ဇာပြတ်၊ မြုံလုံးရပ်၊ သတ်သတ် သုခသာ။
အဝိဇ္ဇာကင်း၊ ဒုက္ခရှင်း၊ ကောင်းခြင်း လုံးစုံပါ။
သံသရာနယ်၊ သူခြယ်လှယ်၊ လက်သယ် အဝိဇ္ဇာ။
အဝိဇ္ဇာမှောင်တွင်း၊ ဝိဇ္ဇာလင်း၊ ပို့သွင်း ရှုမှတ်ပါ။
ဝိဇ္ဇာလင်းလို၊ မဂ္ဂင်ကို၊ ရှုဆို ဟောမိန့်လာ။
မဂ္ဂင်ရှစ်ရပ်၊ တရားမြတ်၊ ရှုမှတ်ကြသူမှာ။
ရာဂဆိတ်ကင်း၊ ချုပ်ပျောက်ရှင်း၊ ညွတ်ခြင်း ဝေါသဂ္ဂါ။
အဝိဇ္ဇာပျောက်၊ ဝိဇ္ဇာရောက်၊ မျက်မှောက် ငြိမ်းချုပ်ရာ။
သံသရာဖြတ်နည်း၊ နိဿယည်း၊ အပြီး မှတ်လိုက်ပါ။ ။

(နိဒါနဝဂ္ဂ သံယုတ္တပါဠိ၊ စာမျက်နှာ-၂၄၃)

(ဓမ္မဒါနအလှူရှင်) ဗလ ပုံနှိပ်တိုက် မိသားစု ကောင်းမှု။

## သံသရာဒုက္ခဖြတ်နည်း အရှင်အာနန္ဒာ လျှောက်ထားချက်နှင့်တကွ မြတ်စွာဘုရား ဖြေကြားထားပုံ

## ပဋိစ္စ သမုပ္ပါဒ သုတ္တန် ဒေသနာတော်

### မှတ်သားဘွယ် အကျဉ်းချုပ်

### ပဋိစ္စသမုပ္ပါဒ် နှစ်ရပ်ကျိုးကြောင်း ဆိုးအကောင်း

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သဌေး ဆောက်လုပ်အပ်သော ဇေတဝန် ကျောင်းဘော်၌ နေတော်မူ၏။ ရဟန်းတို့ သည်လည်း ဘုရားရှင်ထံ၌ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ ဒေသနာကို ဟောကြားတော်မူ၏။

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏၊ သင်္ခါရကြောင့် ဝိညာဉ် ဖြစ်၏။
ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်၏။
သဠာယတနကြောင့် ဖဿ ဖြစ်၏၊ ဖဿကြောင့် ဝေဒနာ ဖြစ်၏။
ဝေဒနာကြောင့် တဏှာ ဖြစ်၏၊ တဏှာကြောင့် ဥပါဒါန် ဖြစ်၏။
ဥပါဒါန်ကြောင့် ဘဝ ဖြစ်၏၊ ဘဝကြောင့် ဇာတိ ဖြစ်၏၊
ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ကုန်၏။

အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဉ် ချုပ်၏။

ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်၏။ နာမ် ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏။

သဠာယတန ချုပ်ခြင်းကြောင့် ဖဿ ချုပ်၏။ ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။

ဝေဒနာချုပ်ခြင်းကြောင့် တဏှာ ချုပ်၏။ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏။

ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏။ ဘဝ ချုပ်ခြင်းကြောင့် ဇာတိ ချုပ်၏။

ဇာတိချုပ်ခြင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ချုပ်ကုန်၏။

## အင်္ဂါဆယ့်နှစ်ပါး မှတ်သားအလွယ် အဓိပ္ပာယ်

(၁) အဝိဇ္ဇာ=ဒုက္ခ သမုဒယ နိရောဓ မဂ္ဂတို့၌ မသိခြင်းတည်း။
(၂) သင်္ခါရ=ကာယ သင်္ခါရ၊ ဝစီ သင်္ခါရ၊ စိတ္တ သင်္ခါရတို့တည်း။
(၃) ဝိညာဉ်=စက္ခု ဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါ ဝိညာဉ် ကာယဝိညာဉ် မနောဝိညာဉ်။
(၄) နာမရုပ်=ဝေဒနာ သညာ စေတနာ ဖဿ မနသိကာရ (နာမ်)၊ ဘူတရုပ် ဥပါဒါရုပ် (ရုပ်)။
(၅) သဠာယတန=စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန၊ မနာယတန။
(၆) ဖဿ=စက္ခုသမ္ဖဿ သောတ ဃာန ဇိဝှါ ကာယ မနောသမ္ဖဿ။
(၇) ဝေဒနာ=စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတ ဃာန ဇိဝှါ ကာယ မနောသမ္ဖဿဇာ ဝေဒနာ။
(၈) တဏှာ=ရူပတဏှာ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မတဏှာ။
(၉) ဥပါဒါန်=ကာမုပါဒါန်၊ဒိဋ္ဌုပါဒါန်၊သီလဗ္ဗတုပါဒါန်၊အတ္တဝါဒုပါဒါန်။
(၁၀) ဘဝ=ကာမဘဝ ရူပဘဝ အရူပဘဝ။
(၁၁) ဇာတိ=ခန္ဓာငါးပါး ဖြစ်ပေါ်ခြင်းတည်း။
(၁၂) ဇရာ မရဏ=ခန္ဓာငါးပါး ပျက်ခြင်းတည်း။

၁၃၃၈-ခုနှစ်၊ ဝါခေါင်လကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## နှစ်တသိန်း ငရဲကျ၊ ဘဝတရာ အိမ်မီးလောင်ခံရ ယင်း ခုဇ္ဇုတ္တရာ အမျိုးသမီးအတွက် ပြဿနာလေးချက် မြတ်စွာဘုရား ဖြေကြားထားပုံ

အကုသိုလ်ဟူ မီးပုံတူ တရားတော်

ဗာရာဏသီ၊ မြို့ဌာနီ၊ ပြည့်ညီ လွန်ယာသာ။
ဗြဟ္မဒတ်မင်း၊ သဒ္ဓါပြင်း၊ လှူခြင်း သူ့အိမ်မှာ။
ပစ္စေကဗုဒ္ဓါ၊ ရှစ်ပါးမှာ၊ မြဲစွာ ဆွမ်းကပ်လာ။
အမျိုးသမီးသက်သက်၊ ဆောင်ရွက်လျက်၊ ရေတွက် ငါးရာပါ။
အကြောင်းကညီ၊ ဆုံခဲ့သည်၊ ဖြစ်ပြီ တနေ့မှာ။
ထိုရှင်မြတ်များ၊ ခုနစ်ပါး၊ ကြွသွား ဟိမဝန္တာ။
ကျန်လေတပါး၊ မြက်ချုံသွား၊ ဈာန်ပွား ကမ်းနားမှာ။
အမျိုးသမီးတသင်း၊ မြစ်အတွင်း၊ သက်ဆင်း ရေချိုးကာ။
မီးလှုံဘို့ဆို၊ မြက်ချုံကို၊ ရှို့ဖို့ မီးဖြင့်သာ။
မင်းကိုးကွယ်ထား၊ ထေရ်မြတ်အား၊ တွေ့သွား ထိတ်လန့်ရှာ။
ကောင်းစွာလောင်ဖို့၊ ထပ်မံရှို့၊ ဆောင်ပို့ ထင်းများစွာ။
ရှေ့ဦးရှို့လတ်၊ ကံမစပ်၊ နောက်ထပ် ကံစပ်လာ။

သမာပတ်မျိုး၊ ထင်းတွေကြီး လျှည်းစည်း တထောင်ပါ။
ပုံ၍ရှို့စဉ်၊ သူ့ကိုယ်တွင်၊ ငွေ့ပင် မရိုက်ပါ။
ဈာနဖလ၊ နိရောဓ၊ သုံးဝ ထို့တူစွာ။
နှစ်တသိန်းပင်၊ ငရဲတွင်၊ အစဉ် ကျက်ခဲ့ပါ။
ထိုအကုသိုလ်ကြွင်း၊ အိမ်ခပင်း၊ လောင်ခြင်း ဘဝတရာ။
ခုဇ္ဇုတ္တရာတွက်၊ အမေးထွက်၊ လေးချက် ပြဿနာ။
ပစ္စေကာ ကုန်းညှပ်၊ ကဲ့ရဲ့လတ်၊ ကုန်းညှပ် ခုဇ္ဇုတ္တရာ။
သံဃာ့အပူ၊ သူဝင်ကူ၊ ကြီးထူ သူ့ပညာ။
သံဃာ့ ဝေယျာဝစ္စ၊ ဆောင်ရွက်ကြ၊ သောတ အရိယာ။
ဘိက္ခုနီ ရဟန္တာမ စေခိုင်းထ၊ ကျွန်မ ဖြစ်ရလာ။
ပြဿနာလေး၊ စေ့စေ့တွေး၊ ယဉ်ကျေး လိုက်နာရာ။ ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ၊ ပ၊ နှာ-၁၄၃)

(ဓမ္မဒါနအလှူရှင်) ဗလ ပုံနှိပ်တိုက် မိသားစု ကောင်းမှု

## နှစ်တသိန်းငရဲကျ၊ ဘဝတရာ အိမ်မီးလောင်ခံရ
## ယင်း ခုဋ္ဌုတ္တရာ အမျိုးသမီးအတွက် ပြဿနာလေးချက်
## မြတ်ဗုဒ္ဓဘုရား ဖြေကြားထားပုံ
## အကုသိုလ်ဟူ မီးပုံတူ တရားတော်

မှတ်သားဖွယ် အကျဉ်းချုပ်

### ရေတွင်ချမ်းလှ မိန်းမတသိုက် ဝိုင်းမီးတိုက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် မင်းအိမ်၌ အမြဲ ပစ္စေကဗုဒ္ဓါရှစ်ပါး ဆွမ်းဘုဉ်းပေးကုန်၏။ မိန်းမငါးရာတို့က လုပ်ကျွေးကြရကုန်၏။ ထို ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့တွင် ခုနစ်ပါးက ဟိမဝန္တာသို့ ကြွသွားလေ၏။ တပါးသည် မြစ်ကမ်း၌ တခုသော မြက်ချုံ၌ ထိုင်ပြီး ဈာန်ဝင်စားနေ၏။ တနေ့သ၌ ဗြဟ္မဒတ်မင်းသည် ပစ္စေကဗုဒ္ဓါတို့ ပြန်ကြွကုန်သော် ဝေယျာဝစ္စပါ နည်းပါးသွားပြီဖြစ်၍ ထိုမိန်းမတို့ကိုခေါ်၍ မြစ်ဆိပ်သို့ ရေကစားဆင်းလာ၏။ ထိုမြစ်၌ ထိုမိန်းမတို့သည် နေ့အဖို့၌ ရေကစားပြီး တက်လာသည့်အခါ အလွန်အေးပါ၍ မီးလှုံလိုကြ၏။ မီးထည့်ဖို့နေရာ ရှာကြကုန်လောဟု လျှောက်ရှာကုန်သည်ရှိသော် ထိုမြက်ချုံကို မြင်၏။ မြက်ချုံဟူသော အမှတ်ဖြင့် ထိုမြက်ချုံကြီးကို ဝိုင်း၍ မီးတိုက်ကြကုန်၏။

### ပြာဖြစ်ပြီမို့ မီးရှို့မိန်းမ ပြန်သွားကြ

မြက်ချုံကြီး မီးလောင်ပြီး ပြာအဖြစ်ရောက်၊ အိကျသွားသည်ရှိသော် ပစ္စေကဗုဒ္ဓါ ကိုယ်တော်ကြီး ငုတ်တုတ်ပေါ်လာ၏။ "ဟာ....ငါတို့တော့ ကိုယ်ကျိုးနည်းကုန်ပြီ၊ ကိုယ်တော်ကြီးတပါး ပျံလွန်သွားပြီ၊ ငါတို့၏မင်း ကိုးကွယ်

သော ကိုယ်တော်ကြီးတည်း။ မင်းသိသွားလျှင် မင်းသည် ဒုက္ခပေး သတ်ဖြတ်တော့မည်ဟု လည်းကောင်း၊ ငါတို့ကို ဂလဲ့စား ချေလိမ့်မည်ဟူ၍ လည်းကောင်း စိုးရိမ်ကြီးပြီး တိုင်ပင်ကာ ပြာဖြစ်အောင်၊အားလုံး အရိုးအသားတွေပါ ပျောက်သွားအောင်လုပ်မှ တော်မည်" ဟု ဆုံးဖြတ်ပြီး မိန်းမအားလုံး ထိုမှ ဤမှ ထင်းခြောက်တွေကို ဆောင်ယူလာကြကုန်၏။ မထေရ်၏ ခေါင်းပေါ်သို့ တောင်ပုံကြီးဖြစ်အောင် ဝိုင်းပုံကြလေကုန်၏။ ထင်းပုံကြီးဖြစ်နေပြီ။ ထိုနောက် မီးတိုက်ကြကုန်၏။ ပြာဖြစ်ပြီဟု ဆုံးဖြတ်ပြီး ပြန်သွားကြကုန်၏။

## ပစ္စေကအဆင့် မီးဖြင့်ရှို့သတ် တသိန်းမှတ်

ထိုမိန်းမတို့သည် ပထမပိုင်းအနေ မီးရှို့စဉ်က သေစေလိုသောစေတနာ မပါ၍ အကုသိုလ်ကံနှင့် မစပ်၊ ဒုတိယပိုင်းကျတော့ သေစေလိုသော စေတနာများ ပါလာ၍ အကုသိုလ်ကံနှင့် စပ်ပြီ။ ဤနေရာ၌ အထူး မှတ်သားဘွယ်ကား ပစ္စေကဗုဒ္ဓါတို့ကို သမာပတ်ဝင်စားနေသော အတွင်း၌ ထင်းခြောက်တို့ကို လှည်းအစည်းတထောင်တို့ဖြင့် တိုက်ပုံ မီးရှို့ကြပါကုန်သော်လည်း အပူငွေ့လေးမျှ မထိနိုင်ပါ။ ထို့ကြောင့် ယင်း ပစ္စေကဗုဒ္ဓါကိုယ်တော်ကြီးသည် ခုနစ်ရက်ပြည့်သောနေ့၌ သမာပတ်မှ ထ၍ ချမ်းသာစွာ သွားလေ၏။ ထိုမိန်းမတို့သည် ထိုကံကို ပြုခြင်းကြောင့် အနှစ်တသိန်း ငရဲ၌ ကျက်ပြီး ထိုကံ၏အကြွင်းကြောင့် ဘဝတရာ အမြဲ အိမ်မီးလောင်ခံခဲ့ရ၏။ ဤ အကြောင်းအရာသည် ထိုမိန်းမတို့၏ ပုဗ္ဗကမ္မတည်း။

## အဖြေနှစ်ခု ပြမူစီစဉ် ဤ၌ပင်

တနေ့သ၌ ရဟန်းတို့သည် ဘုရားရှင်အား တဖန် မေးကုန်၏။ "အရှင်ဘုရား၊ ခုဇ္ဇုတ္တရာ အမျိုးသမီးသည် ဘယ်ကံကြောင့် ခါးကုန်းနေရပါသနည်း၊ ဘယ်ကံကြောင့် ပညာဉာဏ် ကြီးရပါသနည်း၊ ဘယ်ကံကြောင့် သောတာပန်ဖြစ်ရပါသနည်း၊ ဘယ်ကံကြောင့် သူတပါးတို့၏ ကျွန်မ ဖြစ်ရပါသနည်း"ဟူ၍ အမေးလေးချက် ဖြစ်သည်။ မြတ်စွာဘုရား ဖြေလိုက်သည်မှာ ထိုမင်းလက်ထက်၌ပင် ပစ္စေကဗုဒ္ဓါတပါးသည် အနည်းငယ် ကုန်းနေ၏။ ထိုအခါ အလုပ်အကျွေးမ ဖြစ်သောသူသည် လွှာစောင် (စောင်ပါး)ကို ခြုံ၍ ရွှေရေသောက်ခွက်ကို ပိုက်ကာ ငါတို့ ပစ္စေကဗုဒ္ဓါသည် ဤသို့ သွားသည်ဟု ကဲ့ရဲ့သွားပြ၏။ အဲဒီ

အကျိုးဆက်ကြောင့် ကုန်း၏။ ထိုပစ္စေကဗုဒ္ဓါတို့ကို ပထမနေ့၌ မင်းအိမ် ပင့်၍ သပိတ်ကိုယူကာ နို့ဃနာဖြင့် ထည့်ပြီးလှူ၏၊ ပူသောဃနာကြောင့် ပြည့်သော သပိတ်ကို ဟိုဘက် ဒီဘက် ပြောင်းလဲပြီး ကိုင်ကြကုန်၏။ အဲဒါကိုလည်း ထိုမိန်းမသည် မြင်၍ မိမိဝတ်သော ဆင်စွယ် လက်ကောက် ရှစ်ကွင်းကို ချုပြီး ကိုင်ပါဟု ပေး၏။ "တပည့်တော်တို့ အလိုမရှိတော့ပါ၊ အရှင်ဘုရားတို့အား လှူဒါန်းပါ၏"ဟု လျှောက်၏။ ပစ္စေကဗုဒ္ဓါတို့သည်လည်း နန္ဒမူတောင်ဝသို့ ကြွသွားကြလေကုန်၏။

ထို ငါ၏ လက်ကောက်တို့ကို ယနေ့တိုင် သံဃာတော်များ အသုံးပြုနေကြပေသည်ဟု ဝမ်းမြောက်၏၊ ဤအကျိုးဆက်ကြောင့် ယင်း ခုဇ္ဇုတ္တရာသည် (တိပိဋကဓရမဟာပည) ဖြစ်ရသည်။ ဤကား ဒုတိယမေးခွန်း၏ အဖြေတည်း။

## ကွင်းအဖြေများ ပြထားစိစဉ် ဤ၌ပင်

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့အား မိမိစေတနာအတိုင်း ပြုစု လုပ်ကျွေးမှုများ အများကြီး ရှိခဲ့၏။ ယင်း၏ အကျိုးဆက်ကြောင့် ခုဇ္ဇုတ္တရာသည် သောတာပန်အဖြစ်သို့ ရောက်ခဲ့သည်၊ ဤကား တတိယမေးခွန်း၏ အဖြေတည်း။ ကဿပဘုရားလက်ထက်၌ ဗာရာဏသီသဋ္ဌေး၏ တယောက်တည်းသော သမီးသည် ညနေစောင်းချိန်၌ မှန်ကိုယူ၍ မိမိကိုယ်ကို တန်ဆာဆင်ပြီး ထိုင်နေ၏။ ထိုအခါ ရင်းနှီးသော ဘိက္ခုနီရဟန္တာမ တဦးသည် ထိုသဋ္ဌေးသမီးကို ကြည့်ရန် ရောက်လာ၏။ ထိုအခါ အခြားဘိက္ခုနီရဟန္တာမတို့သည်လည်း နောက်ထပ် လာကြပြန်၏၊ ထိုခဏ၌ ဿဋ္ဌေးသမီး၏ အနီး၌ အလုပ်အကျွေး ခိုင်းစရာ မရှိ၊ ထို့ကြောင့် "အရှင်မ ရှိခိုးပါ၏။ ငါ၏ တန်ဆာထည့် အစ်ကလေး ယူပေးပါလော့"ဟု ခိုင်း၏။ ရဟန္တာမက စဉ်းစား၏။ ငါ ယူမပေးလျှင် ငါ့အား ရန်လုပ်မည်၊ ယူပေးလျှင်လည်း သူ့ကျွန်မ ဖြစ်တော့မည်။ ရန်လုပ်လျှင်လည်း သူ ငရဲကျလတ္တံ့ဟု မြင်သည်။ ငရဲကျတာနှင့်စာလျှင် ကျွန်မဖြစ်တာက တော်သေး၏ဟု ထယူပေးလိုက်၏၊ အဲဒီအကျိုးဆက်ကြောင့် ခုဇ္ဇုတ္တရာသည် ကျွန်မ ဖြစ်ရ၏။ ဤကား စတုတ္ထမေးခွန်း၏ အဖြေတည်း။

## သတိရှိခြား သေသွားလျှင်လည်း ရှင်သူတည်း

ထို့နောက် တနေ့သ၌ ရဟန်းတို့သည် စုပြောနေကြကုန်၏။ အဘယ်သို့ ပြောနေကြကုန်သနည်း။

(၁) သာမာဝတီ စသော မိန်းမ ငါးရာတို့သည် အိမ်၌ မီးတိုက်ခံရကုန်၏။

(၂) မာဂဏ္ဍီ၏ ဆွေမျိုးတစုတို့သည် အထက်၌ ကောက်ရိုးမီး အတိုက်ခံရပြီး သံထွန်သွားဖြင့် ဆွဲ၍ အသတ်ခံရကုန်၏။

(၃) မာဂဏ္ဍီမှာ ကျိုက်ကျိုက်ဆူပွက်နေသော ဆီအိုး၌ ကျက်၏။

အထက်ပါပုဂ္ဂိုလ်တို့တွင် အဘယ်သူတွေ ရှင်၍ အဘယ်သူတွေ့ သေကြကုန်သနည်းဟု ဘုရားရှင်အား လျှောက်ထား၍ အောက်ပါအတိုင်း မိန့်လေ၏။

(၁) ဘိက္ခဝေ ယေကေစိ ပမတ္တာ၊ တေ ဝဿသတံ ဇီဝန္တာပိ မတာယေဝ နာမ၊ ယေ အပ္ပမတ္တာ၊ တေ မတာပိ ဇီဝန္တိယေဝ။

(၂) တသ္မာ မာဂဏ္ဍီယာ ဇီဝန္တီပိ မတာယေဝ နာမ၊ သာမာဝတီပ္ပမုခါ ပဉ္စသတာ ကုလဓီတာ မတာပိ ဇီဝန္တိယေဝ နာမ။

(၃) န ဟိ ဘိက္ခဝေ အပ္ပမတ္တာ မရန္တိ နာမ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ယေကေစိ၊ အချို့သော သူတို့သည်။ ပမတ္တာ၊ မေ့လျော့ကုန်၏။ တေ၊ ထို မေ့လျော့သောသူတို့သည်။ ဝဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ဇီဝန္တာပိ၊ အသက်ရှည်ပါကုန်သော်လည်း။ မတာယေဝနာမ၊ သေသူဘို့သာ မည်ကုန်၏။ ယေ၊ အကြင်သူတို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့ကုန်။ တေ၊ ထို မမေ့ မလျော့သော သူတို့သည်။ မတာပိ၊ သေကုန်သော်လည်း။ ဇီဝန္တိယေဝ၊ အသက်ရှင်ကုန်သည်သာတည်း။

တသ္မာ၊ ထို့ကြောင့်။ မာဂဏ္ဍိယ၊ မာဂဏ္ဍိသည်။ ဇီဝန္တိပိ၊ အသက်ရှင်ပါသော်လည်း။ မတာယေဝ နာမ၊ သေသည်သာ မည်၏။ သာမာဝတိပ္ပမုခါ၊ သာမာဝတီ အမှူးရှိကုန်သော။ ပဉ္စသတာ၊ ငါးရာကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ မတာပိ၊ သေပါကုန်သော်လည်း။ ဇီဝန္တိယေဝနာမ၊ ရှင်သူတို့သာ မည်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ အပ္ပမတ္တာ၊ မမေ့မလျော့ကုန်သော သူတို့သည်။ မရန္တိနာမ၊ သေသူတို့ မည်ကုန်သည်။ နဟိ ဟောန္တိ၊ မဖြစ်ကုန်သည်သာတည်း။

❁

၁၃၃၈-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

ပညာရှိသူတော်ကောင်း ရှာ၍ပေါင်း တရားတော်

**ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနမင်းသားလေး၏ ဆန်းကြယ်သော ဖြစ်ရပ်များ**

အလ္လကပ္ပ၊ တိုင်းဌာန၊ ရဋ္ဌ ဒီပကာ။
မိဘာကွယ်လေ၊ ထီးနန်းမွေ၊ သားတွေ မင်းဖြစ်လာ။
မင်း၏ ဂုဏ်သိရ်၊ သူ့စည်းစိမ်၊ အရှိန် ဝင်းတောက်ကာ။
သေသောကာလ၊ မလွိုက်ကြ၊ ဖြစ်ရ သံဝေဂါ။
နှမြောမတွန့်၊ ထီးနန်းစွန့်၊ ရဲဝံ့ တောထွက်ခွာ။
ဟိမဝန္တာတောပြင်၊ တောင်ထိပ်ဘွင်၊ ကျင့်စဉ် တာပသာ။
တောင်ချင်းမနီးပါး၊ လျှိုမြောင်ခြား၊ နှစ်ပါး မင်းတို့မှာ။
ဆယ့်ငါးရက်မှာ၊ တကြိမ်သာ၊ တွေ့လာ မိန္နှင့်သာ။
ရဋ္ဌဒီပကာ၊ ကွယ်လွန်ရ၊ ဖြစ်ထ နတ်မဟာ။
ခရီးသွားဟန်၊ ပုံသဏ္ဍာန်၊ အမှန် မေး၍သာ။
စောင်းနှင့်မန္တန်၊ သူ့ကိုယ်ခံ၊ ပေးပြန် ထိုနတ်မှာ။
ကောသမ္ဗီပြည်၊ မင်းဒေဝီ၊ ရင့်တည် ကိုယ်ဝန်ပါ။
နေပူဆာမြင်၊ ခန်းအပြင်၊ လှုံချင် ထွက်ထိုင်ရာ။
ကမ္ဗလာနီ၊ လက်စွပ်နီ၊ မှားပြီ သားတုံးပမာ။

ဆင်ပြောင်ငါးစီး၊ အားအင်ပြီး၊ ငှက်ကြီး ချီ၍သာ။
ဟိမဝန္တာတောကြီး၊ သူ့တောင်နီး၊ ချိုပြီး သစ်ပင်မှာ။
ရန်ဘေးမသိ၊ မင်းဒေဝီ၊ ဖွားပြီ သားလိမ္မာ။
မိုး၊တောင်၊အရပ်၊ သုံးပါးစုံ၊ မှည့်ပုံ ဥတေနာ။
နံနက်လင်းကာ၊ သစ်သီးရှာ၊ တွေ့လာ သားမိပါ။
အလ္လကပ္ပ၊ တာပသ၊ ကယ်မ စောင့်ရှောက်လာ။
ပူရန္တပ၊ မင်းသေရ၊ မြင်ထ နက္ခတ်မှာ။
ဟတ္ထိကန္တ၊ စောင်းမန္တ၊ ဆင်လှ တထောင်ပါ။
ကမ္ဗလာနီ၊ လက်စွပ်နီ၊ ပြုပြီ သက်သေမှာ။
ရာဇာဘိသိက်၊ ဘွဲ့တံဆိပ်၊ ခတ်နှိပ် မင်းဖြစ်လာ။
ပညာရှိသူတော်ကောင်း၊ ရှာ၍ပေါင်း၊ အောင်ကြောင်း သင့်တွက်စာ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ **အဋ္ဌကထာ**။ ပ၊ **၉၁-၁၀၃**)

**(ဓမ္မဒါန အလှူရှင်) ဗညားပုံနှိပ်တိုက်မိသားစု ကောင်းမှု။**

## ပညာရှိသူတော်ကောင်း ရှာ၍ပေါင်း တရားတော်

## ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေန မင်းသားလေး၏ ဆန်းကြယ်သော ဖြစ်ရပ်များ

### မှတ်သားဘွယ် အကျဉ်းချုပ်

### မင်းမြတ်နှစ်ပါး စိတ်ထားတူညီ ဆုံးဖြတ်ပြီ

လွန်လေပြီးသောအခါ အလ္လကပ္ပတိုင်း၌ အလ္လကပ္ပမင်းနှင့် ဝေဋ္ဌဒီပက တိုင်း၌ ဝေဋ္ဌဒီပကမင်းတို့သည် ငယ်စဉ်ကပင် သူငယ်ချင်း ဖြစ်ကြ၍ တဦးတည်းသော ဆရာ့ထံ၌ ပညာများသင်ပြီး မိမိတို့ ဘခင်များ ကွယ်လွန်သဖြင့် ထီးဆောင်းလျက် အလျားဆယ်ယူဇနာ ဆယ်ယူဇနာရှိသောဘိုင်း၌ မင်းပြုကုန်၏။ ထို အလ္လကပ္ပမင်းနှင့် ဝေဋ္ဌဒီပက မင်းတို့သည် အတူနေ အတူစား အတူသွားလူများ အပေါင်း၏ (မွေး အို သေ) တို့ကို မြင်၍ တိုင်ပင်ပြီး တိုင်းပြည်တို့ကို မိမိတို့ သားမယားတို့အား အပ်နှံ၍ ရဟန်းအဖြစ်ပြု၍ - ရဟန်း တရားများအားထုတ်ကြကုန်၊ စဉ်းစား တိုင်ပင်ပုံ။

ပရလောကံ ဂစ္ဆန္တံ အနုဂစ္ဆန္တော နာမ နတ္ထိ၊ အန္တမသော အတ္တနော သရီရမ္ပိ နာနုဂစ္ဆတိ၊ သဗ္ဗံ ပဟာယ ဂန္တဗ္ဗံ၊ ကိံ နော ဃရာဝါသေန ပဗ္ဗဇိဿာမ။

ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တံ၊ သွားသောသူသို့။ အနုဂစ္ဆန္တော နာမ၊ အစဉ်လိုက်သောအရာ မည်သည်။ နတ္ထိ၊ မရှိ။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ အတ္တနော၊ မိမိ၏။ သရီရမ္ပိ၊ ခန္ဓာကိုယ်သည်လည်း။ နာနုဂစ္ဆတိ၊ မလိုက်။ သဗ္ဗံ၊ အလုံးစုံကို။ ပဟာယ၊ ပယ်စွန့်၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။ နော၊ ငါတို့အား။ ဃရာဝါသေန၊ အိုးအိမ် တည်ထောင် လူ့ဘောင်၌ နေခြင်းဖြင့်။ ကိံ၊ ဘာအကျိုး ရှိအံ့နည်း။ ပဗ္ဗဇိဿာမ၊ ရဟန်းပြုကြပါကုန်အံ့။

## တောင်အချင်းချင်း အခင်း ရှိ မရှိ မီးဖြင့်သိ

ဤသို့ နေရာမှ ဟိမဝန္တာ တောအရပ်၌ နေကြကုန်လျက် ထူးကဲ မြင့်မြတ်သော အောက်ပါ ဆုံးဖြတ်ချက်များကို ချကြကုန်ပြီ။

(က) မယံ ရဇ္ဇံ ပဟာယ ပဗ္ဗဇိတာ၊ န ဇီဝိတုံ အသက္ကောန္တာ၊ တေ မယံ ကေဠာနေ ဝသန္တာ အပဗ္ဗဇိတသဒိသာယေဝ ဟောမ၊ တသ္မာ ဝိသုံ ဝသိဿာမ၊ တွံ တေသ္မိံ ပဗ္ဗတေ ဝသ၊ အဟံ ဣမသ္မိံ ပဗ္ဗတေ ဝသိဿာမိ၊ အန္ွဍမာသံ ပန ဥပေါသထဒိဝသေ ဧကတော ဘဝိဿာမ။

(ခ) ဧဝမ္ပိ နော ဂဏသင်္ဂဏိကာဝ ဘဝိဿတိ၊ တွံ ပန တဝ ပဗ္ဗတေ အဂ္ဂိံ ဇာလေယျာသိ၊ အဟံ မမ ပဗ္ဗတေ အဂ္ဂိံ ဇာလေဿာမိ၊ တာယ သညာယ အတ္ထိဘာဝံ ဇာနိဿာမ။

မယံ၊ ငါတို့သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ပဟာယ၊ ပယ်စွန့်၍။ ပဗ္ဗဇိတာ၊ ရဟန်းပြုခဲ့ကြပါကုန်၏။ ဇီဝိတုံ၊ အသက်ရှင်ခြင်းငှာ။ အသက္ကောန္တာ၊ မစွမ်းနိုင်ကြကုန်သည်။ န၊ မဟုတ်ကုန်။ တေ မယံ၊ ထိုငါတို့သည်။ ကေဠာနေ၊ တနေရာတည်း၌။ ဝသန္တာ၊ နေကြကုန်သည်ရှိသော်။ အပဗ္ဗဇိတသဒိသာယေဝ၊ ရဟန်း မပြုသောသူတို့နှင့် တူကုန်သည်သာလျှင်။ ဟောမ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝိသုံ၊ အသီးအခြား။ ဝသိဿာမ၊ နေကြပါကုန်အံ့။ တွံ၊ သင်သည်။ တေသ္မိံ ပဗ္ဗတေ၊ ထိုတောင်၌၊ ဝသ၊ နေလော။ အဟံ၊ ငါသည်။ ဣမသ္မိံ ပဗ္ဗတေ၊ ဤတောင်၌။ ဝသိဿာမိ၊ နေပါအံ့။ အန္ွဍမာသံ ပန၊ လခွဲတိုင်း၌ကား။ ဥပေါသထဒိဝသေ၊ ဥပုသ်နေ့၌။ ဧကတော၊ အတူတကွ။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့၊

ဧဝမ္ပိ၊ ဤသို့ ပြုသည်ရှိသော်၊ နော၊ ငါတို့အား။ ဂဏသင်္ဂဏိကာဝ အပေါင်း အဖော်တို့နှင့် ပေါင်းဖော်ခြင်း မည်သည်သာလျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တွံ ပန၊ သင်သည်သည်း။ တဝ၊ သင်၏။ ပဗ္ဗတေ၊ တောင်၌။ အဂ္ဂိံ၊ မီးကို။ ဇာလေယျာသိ၊ ထွန်းလိုက်ပါလော။ အဟံ၊ ငါသည်။ မမ၊ ငါ၏။ ပဗ္ဗတေ၊ တောင်၌၊ အဂ္ဂိံ၊ မီးကို။ ဇာလေဿာမိ၊ ထွန်းလိုက်ပါအံ့။ တာယ သညာယ၊ ထို အချင်းချင်း မီးပြသော အမှတ်ဖြင့်။ အတ္ထိဘာဝံ၊ ရှိနေသေးသည်၏အဖြစ်ကို။ ဇာနိဿာမ၊ သိမှတ်ကြပါကုန်အံ့။

## ဝေဋ္ဌဒီပက သေကနတ်မင်း သူဖန်ဆင်း

အထက်ပါ မီးပြခြင်း အမှတ်အသားဖြင့် အချင်းချင်း ကျန်းမာခြင်းနှင့် တကွ ရှိ မရှိ သိပြီး နေခဲ့ကြရာမှ တနေ့သောအခါ ဝေဋ္ဌဒီပက ရသေ့သည် သေ၍ အလွန် တန်ခိုး ကြီးသော နတ်မင်းဖြစ်လေ၏။ လခွဲ ဥပုသ်နေ့သို့ ရောက်၍ မီးပြလိုက်သောအခါ ဝေဋ္ဌဒီပက ရသေ့ကြီးထံမှ ပြန်မပြ။ ထို့ကြောင့် အလ္လကပ္ပ ရသေ့ကြီး က ငါ့သူငယ်ချင်း ဝေဋ္ဌဒီပက ရသေ့ကြီး သေပြီဟု သိပြီ။ ဝေဋ္ဌဒီပက နတ်မင်းသည် နတ်ဖြစ်သောခဏ၌ပင် မိမိ၏ နတ်မင်း အသရေကို ကြည့်၍ ကံကို စုံစမ်းသော် ထွက်လာသောအခါမှ စ၍ မိမိ၏ ခြိုးခြံသော အကျင့်ကို မြင်၍ ငါသည် သွား၍ ငါ့သူငယ်ချင်း အလ္လကပ္ပ ရသေ့ကို ကြည့်အံ့ဟု ကိုယ် ရောင်ဖျောက်လျက် ခရီးသွား ယောက်ျားယောင်ဆောင်ပြီး ရှိခိုးကာ တခု သော နေရာ၌ ရပ်နေ၏။ ထိုအခါ ခရီးသွား ယောက်ျားကို အလ္လကပ္ပ ရသေ့ ကြီးက မေးပြီ။

## ပြေးစေ လာစေ နှစ်ထွေသုံးရန် စောင်းမန္တန်

''သင်အဘယ်မှ လာသနည်း'' ''အရှင်ဘုရား၊ တပည့်တော် ခရီးသွားပါ။ အဝေးမှ လာပါသည်၊ အရှင်ဘုရား ဤနေရာမှာ တပါးတည်းလား'' ''မဟုတ် ပါ၊ ဟိုဘက်တောင်မှာ ငါ့သူငယ်ချင်း ဝေဋ္ဌဒီပကဆိုတဲ့ ရသေ့တပါး ရှိသေး တယ်၊ ဒါပေမယ့် ဥပုသ်နေ့ ညဉ့်က မီးပြတာ ပြန်မပြဘူး၊ သေများ သေပြီ လား မသိ'' ''အရှင်ဘုရား၊ အရှင်ဘုရား၏ သူငယ်ချင်း သေသွားပြီ။ အဲဒါ တန်ခိုးကြီးသော နတ်မင်း ဖြစ်နေတယ်။ တပည့်တော်ဘဲ။ အရှင်ဘုရားမှာ ဘာအန္တရာယ်ရှိသလဲ ဘာကူညီရမလဲ''ဟု လျှောက်သော် ''ငါ့မှာ အနားသို့ ဆင်တွေလာတယ်။ တရား အားထုတ်လို့ မကောင်းဘူး။ သမာဓိ သိပ်ပျက် တယ်''''အရှင်ဘုရား၊ ဒီဆင်တွေမလာစေချင်ဘူးလား၊ လုပ်ပေးပါမည်''ဝန်ခံ၍ (၁) ဟတ္ထိကန္တစောင်းနှင့် (၂) ဟတ္ထိကန္တမန္တန်ကို ပေးပြီ။ စောင်း၌ ကြိုး သုံးချောင်းကို ပြ၍ မန္တန်သုံးပုဒ်ကို ပေး၏။

(၁) ဤကြိုးကို တီး၍ ဤမန္တန်ကို ရွတ်သော် ဆင်တို့သည် လှည့် ကြည့်ခြင်းငှာပင် မစွမ်းနိုင်၊ ကြားရာမှ ပြေးကုန်၏။

(၂) ဤ ဒုတိယကြိုးကို တီး၍ ဤဒုတိယ မန္တန်ကို ရွတ်သော် ဆင်သည် ကြားရာမှ နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် ပြေးကုန်၏။

(၃) ဤ တတိယကြိုးကို တီး၍ ဤတတိယ မန္တန်ကို ရွတ်သော် ဆင်သခင်း (ဆင်မင်း) သည် ကျောကို ညွှတ်စေလျက် ပြေးလာ၏။ "အလိုရှိသလို ယူးလော" ဟု ဆို၍ အလ္လကပ္ပ ရသေ့ကြီးကို မှာ်း၍ သွားပြီ။

## အပဲတုးထင် ငှက်ဆင်ချီသွား မိဖုရား

အလ္လကပ္ပ ရသေ့ကြီးသည် ဆင်ပြေးမန္တန်နှင့် စောင်းကို သုံး၍ စိတ်ချမ်းသာစွာ သီတင်းသုံး သွား၏။ ထိုအခါ ကောသမ္ဗီပြည်၌ ပရန္တပမင်းသည် မင်းပြု၏။ ထို ပရန္တပမင်းသည် မိဖုရားနှင့်အတူ တနေ့သ၌ အပြင် လသာဆောင်၌ နေပူဆာလှုံ၍ နေ၏။ မိဖုရားမှာ ကိုယ်ဝန် အရင့်အမာ ရှိနေ၏။ အဘိုးတန်တန်းတန်သော ကမ္ဗလာ စောင်အနီကြီးကို ခြုံထား၏။ မင်းကြီးလက်မှာ ဝတ်ထားသော အဘိုးတန်တန်းတန်သော မင်းဝတ်လက်စွပ် (ပတ္တမြား)ကို ချွတ်၍ မိမိလက်မှာ ဝတ်ပေးထား၏။ ထိုအခါ ဆင်လောက်နီးမျှသော ငှက်စွန်ကြီးသည် ကောင်းကင်မှနေ၍ ကမ္ဗလာနီစောင် ခြုံထားသော မိဖုရားကြီးကို အမဲသားတုံးထင်ပြီး အတောင်များဖြန့်၍ ဆင်းသက်လာ၏။ မင်းကြီးသည် ငှက်ကြီး ဆင်းလာသော အသံကြောင့် ကြောက်ပြီး ထကာ ဝင်ပြေးလေ၏။ မိဖုရားကြီးမှာ မပေါ့မပါးဖြစ်၍ မပြေးနိုင်တဲ ငှက်စွန်ကြီး ကောင်းကင်သို့ ချီသုတ် ယူငင်သွားလေ၏။

## သုံးပါးလေးထွေ ဝင်မွေ့တွေ့ရ ကံဆိုးမ

ယင်း ငှက် ဆင်ကြီးတို့သည် ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်ကုန်၏။ ထို့ကြောင့် ကောင်းကင်သို့ ချီ၍ အလိုရှိသော နေရာ၌ ချ၍ အသားကို စားပေ့ရှိကုန်၏။ မိဖုရားကြီး စဉ်းစားသည်မှာ ငှက်တို့မည်သည် လူသံကို ကြောက်၏။ အကယ်၍ ငါအော်လိုက်လို့ ပစ်ချလိုက်လျှင် ဝမ်းမှ သူငယ်ပါ သေသွားလိမ့်မည်။ တနေရာ၌ စားဘို့ ချမှသာ ငါအော်တော့မည်ဟု စဉ်းစားလာ၏၊ သည်းခံ ကိုက်လာ၏။ တခုသော အချိန်မှာ ဟိမဝန္တာတော တခုသော

ညောင်ပင်ကြီးသို့ ရောက်ပြီ။ ထိုညောင်ပင်ကြီးသည် မဏ္ဍပ်ကြီးကဲ့သို့ ဖြစ်သည်။ ထိုငှက်ဆင်ကြီးသည် သားကောင် စသည်တို့ကို ထိုထိုနေရာ၌ စားလေ့ရှိ၏။ ထိုညောင်ပင်ကြီး၏ အခွကြားသို့ ချပြီ။ လာသောလမ်းကိုလည်း ကြည့်ပြီ။ ဤသို့ လာသောလမ်းကို ကြည့်ခြင်းသည် ငှက်ဆင်တို့၏ ထုံးစံတည်း။ ဤသို့ ကြည့်စဉ် လက်ခုပ်ချားတီးပြီး ကုန်း၍ အော်တော့သည်။ ငှက်ဆင်ကြီးလည်း ပြေးသွားပြီ။ နေလည်း ဝင်သွားပြီ။ ကမ္ဘာလေများလည်း လှုပ်ရှား၍ လာလေပြီ၊ မိုးသက်လေကြီးလည်း ကျလာပြီ။ တဝင်းဝင်း လျှပ်စီးတွေလည်း ခဏ ခဏ လက်နေသည်။ အမြဲ ချမ်းသာစွာ နေခဲ့ရသော မိဖုရားကြီးအား မကြောက်နှင့် ရှင်မဟူ၍ ပြောမည့်သူ မရှိ၊ ဆင်းရဲစွာ နေရသဖြင့် တညဥ့်လုံး အိပ်မပျော် ညဥ့်၏ အလင်းရောင် လာသည်ရှိသော် မိုးတိမ်ကင်းခြင်းသည် လည်းကောင်း၊ အရုဏ်တက်ခြင်းသည် လည်းကောင်း၊ ကိုယ်ဝန်ဖွားခြင်းသည် လည်းကောင်း တပြိုင်နက်တည်း ဖြစ်သည်။ ထိုမိဖုရားကြီးသည်လည်း (၁) မေဃဥတု (၂) ပဗ္ဗတ ဥတု (၃) အရုဏဥတုတို့ကိုယူ၍ ဖွားသောကြောင့် ယင်းသားကို 'ဥတေန'ဟု အမည်ပေးသည်။

## သားမိနှစ်သွယ် တကယ်သနား အကယ်မှား

ယင်း မွေးဖွားသောနေရာသည် အလ္လကပ္ပ ရသေ့ကြီးနေရာ အလ္လကပ္ပတောင်နှင့် မဝေးပါ။ ထိုနေ့ မိုးလင်းသောအခါ မိုးကြောင့် အေးလွန်းပါသဖြင့် သစ်သီးရှာ မသွားတော့ဘဲ ငှက်တို့အသားစားပြီး အရိုးတို့ကို ပြုတ်သောက်ရန် အကြံဖြင့် ညောင်စင်အောက်သို့အရိုးကောက်ရန်လာ၏။ကလေးငိုသံ ကြားရပြီ။ လိုက်လံ မော့ကြည့်သည့်အခါ မိဖုရားကိုလည်း တွေ့ရပြီ။ လှမ်းမေး၊ ပြန်ပြော၍ အကျိုးအကြောင်းလည်း သိရပြီ။ ''သင်ဘာလဲ'' ''ငါ မင်းသမီးတည်း'' ''ငါလဲ မင်းသားတည်း။ ခတ္တိယမာယာကို ပြောလော'' ပြောပြ၏။ ''ဒါဖြင့် တက်လာ၍ သယ်ချပေးပါလော''ငါ့ကို လက်ဖြင့်မထိနှင့်ဆို၍ ကလေးကို လှမ်းယူကာ ဆင်းခဲ့၏။ မိဖုရားကြီးလည်း ဆင်းခဲ့၏။ သီလကို မပျက်စီးစေမူ၍ သခ်မ်းကျောင်း၌ စောင့်ရှောက်ထား၏။ရှာဖွေ ကျွေးမွေး၏။တနေ့ မိဖုရားကြီး စဉ်းစား၏။ငါသည် လာခဲ့ရသောလမ်းကိုလည်း မသိ၊ သွားရမည့် လမ်းကိုလည်း မသိ၊ ဤရသေ့ကြီးနှင့်လည်း အကျွမ်းဝင်မှုပင် မရှိ။ အကယ်၍ ငါတို့ကိုပစ်၍ အရပ်တပါးသွားအံ့၊ ငါတို့ သားအမိ ခက်ရတော့မည်ဟု တွေးပြီး တစုံတခုကိုပြု၍ ရသေ့ကြီး

သီလကို ဖျက်ပြီး ရသေ့ကြီး လက်လွတ်မသွားနိုင်အောင် ပြုမှု တော်မည်ဟု စဉ်းစားမိသည်။

## ကောသမ္ဗီမင်း မယွင်းဖြစ်ရန် တာဝန်ခံ

ထိုအခါ အလ္လကပ္ပရသေ့ကြီ ကို ဒရိယာယ်ဖြင့် ဖြားယောင်း၍ သီလ ပျက်စီးခြင်းသို့ ရောက်စေပြီ။ ထိုမှစ၍ အတူတကွ နေထိုင်ကြပြီ။ တနေ့သ၌ ရသေ့ကြီးသည် နက္ခတ်ကို မော့ကြည့်သော် ပုရန္တပ္ပမင်း၏ နက္ခတ် ညှိုးနွမ်း သည်ကို မြင်၍ "ရှင်မ၊ ကောသမ္ဗီပြည်၌ ပုရန္တပ္ပမင်း သေပြီ"ဟု ဆို၏။ "အရှင် ဘာ့ကြောင့် ဤသို့ဆိုသနည်း။သင်၏ရန်သူလော" ဟု မေး၏။ "မဟုတ်ပါ၊နက္ခတ် ညှိုးနွမ်းသည်ကို ကြည့်၍ ဆို၏" မိဖုရား ကြီးသည် ငို၏၊ "ဘာကြောင့် ငိုသနည်း" "လင်ပါတည်း" "မငိုနှင့်(ဇာတသဿနာမ နိယတော မစ္စု)ဇာတိ ရှိလာသော သူအား မရဏာသည် မြဲ၏"ဟု ပြောရာ "အရှင် ဒါတွေ သိပါ၏" ဟု ဆိုသော် "ဘာ့ကြောင့် ငိုသနည်း""ငါ၏သားသည် အဘ၏အမွေ မင်းအဖြစ်ကို ထိုက်၏။ အကယ်၍သာ နန်းတော်မှာ ရှိနေလျှင် ထီးဖြူ သေချာ၏။ ရှုံးခြင်းကြီးလေစွဟု စိုးရိမ်ပြီး ငိုပါသည်၊" "ရှိပါစေ မိဖုရားကြီး မစိုးရိမ်လင့် ရအောင်လုပ်ပေး ပါမည်"။

## ဥတေန မိခင် ပျော်ရှင်တက်ကြွ သား ပြောပြ

ထိုအခါ ဥတေန မင်းသားလေးအား ဟတ္ထိကန္တ စောင်းအတတ်နှင့် ဟတ္ထိကန္တ မန္တန်အတတ်ကို သင်ပေးလေ၏။ ထိုအခါ ဆင်ပေါင်း တထောင် ကျော်လာ၍ ထိုညောင်ပင်ကြီးအောက်မှာ လာအိပ်ကြ၏၊ ထိုအခါ ထိုဆင်များ မလာခင် သစ်ပင်ပေါ်တက်၍ လာသည့်အခါ ဤမန္တန်ကို ရွတ်၍ ကြိုးကို တီး၊ လှည့်ပင်မကြည့်ဘဲ ပြေးကုန်လတ္တံ့၊ ထိုအခါ ဆင် ၍လာခဲ့ဟု ပြော၏။ အားလုံး နောက်တနေ့ ဆောင်ရွက်၊ အောင်မြင်လျက် ပြောပြ၏။ နောက်ဆုံး တတိယ နေ့၌ ဒီမန္တန်ကို ရွတ်၍ ဒီကြိုးကို တီးသော် ဆင်သင်းမှူး (ဆင်မင်း)ကြီး ကျောက်ကုန်းကို ညွတ်စေလျက် လာလိမ့်မည်ဟု ပြောထား၏။ ထိုအတိုင်းလုပ်၍ ပြန်ပြော၏။ရသေ့ကြီးကား မိဖုရားကြီးကို ခေါ်၍ "သင်၏ သားကို ပြော၊ ယခု သွားလော၊ မင်းဖြစ်လတ္တံ့"မိဖုရားကြီးသည် သားကိုခေါ်၍ အောက်ပါအတိုင်း ပြော၏။

တစတ တွံ ကောသမ္ဗိယံ ပူရန္တပ္ပရဿော ပုတ္တော၊
မံ သဂဗ္ဘံ ဟတ္ထိလိင်္ဂသကုဏော အာနေသိ။

တာတ၊ ချစ်သား။ တွံ၊ သင်သည်။ ကောသမ္ဗိယံ၊ ကောသမ္ဗီပြည်၌။ ပူရန္တပ္ပရဿော၊ ပူရန္တပ္ပမင်း၏။ ပုတ္တော၊ သားပါတည်း။ မံ၊ ငါ့ကို။ သဂဗ္ဘံ၊ ကိုယ်ဝန်နှင့်တကွ။ ဟတ္ထိလိင်္ဂသကုဏော၊ ငှက်ဆင်ကြီးသည်။ အာနေသိ၊ ဆောင်ခဲ့ပြီ။

## စစ်တိုက်မည်လား ရေးသားပို့ထ ဥဒေန

ဤသို့ ဆို၍ စစ်သူကြီး စသည်တို့၏ အမည်တို့ကို ပြောပြ၍ မိမိအား မယုံကြည်သောသူတို့အား ပြရန် ကောသမ္ဗီ(အဘ)မင်း၏ ကမ္ဗလာနီစောင်နှင့် ပတ္တမြား လက်စွပ်ကိုလည်း ပေးလိုက်၏။ လွှတ်လိုက်ပြီ။ အလ္လကပ္ပရသေ့ကြီးက အားလုံး အစီအစဉ်လုပ်ပေး၏။ ဥဒေနမင်းသားသည် မိဘနှစ်ပါးကို ရှိခိုး၍ မှာသည့်အတိုင်း ပြု၍ လာသော ဆင်မင်းကြီး၏ ကျောက်ကုန်း၌ ထိုင်၍ နား အနီးသို့ ကပ်၍ တီးတိုး ပြောကြား၏။ "ငါသည် ကောသမ္ဗီပြည်၌ ပူရန္တပ္ပမင်း၏ သားပါတည်း။ အရှင် ငါ့အား အဘ၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကို ယူ၍ ပေးလော့" ဆင်မင်းကြီးသည် ထိုစကားကို ကြား၍ ထောင်ပေါင်း များစွာသော ဆင်တို့သည် လာစေကုန်သတည်းဟု အော်လိုက်ပြီး လာကြကုန်ပြီ။ တဖန် အိုမင်းသော ဆင်တို့သည် နောက်ဆုတ်ကြကုန်လော့ဟု အော်လိုက်ပြီ။ ဆုတ်ကြကုန်ပြီ။ ဖဲသွားကြကုန်ပြီ။ ဆင်ပျို ထောင်ပေါင်းများစွာဖြင့် သွားပြီး တိုင် ပြည်ကို အပ်မည်လော၊ စစ်တိုက်မည်လောဟု သံတမန်ပို့လိုက်၏။

## ပြည်အပ် စစ်ထိုး နှစ်မျိုးလုံးပင် မပေးချင်

မြို့သူ မြို့သားတို့သည် လျှောက်ကုန်၏။

မယံ ဒွေပိ န ဒဿာမ၊ အမှာကဉ္စ ဒေဝီ ဂရုဂဗ္ဘာ ဟတ္ထိလိင်္ဂ သကုဏေန နီတာ၊ တဿာ အတ္ထိဘာဝံ ဝါ နတ္ထိဘာဝံ ဝါ မယံ န ဇာနာမ၊ ယာဝ တဿာ ပဝတ္တိံ န သုဏာမ၊ တာဝ နေဝ ယုဒ္ဓံ ဒဿာမ၊ န ရဇ္ဇန္တိ။

မယံ၊ ငါတို့သည်။ ဒွေပိ၊ နှစ်မျိုးလုံးတို့ကိုလည်း။ န ဒဿာမ၊ မပေး နိုင်ကုန်။ ဟိ၊ မှန်၏။ အမှာကံ၊ ငါတို့၏။ ဒေဝီ၊ မိဖုရားကြီးသည်။ ဂရုဂဗ္ဘာ၊

လေးလံသော ကိုယ်ဝန် ရှိသည်ဖြစ်ပျက်။ ဟတ္ထိလ်ဂ်သကုဏောန၊ ငှက်ဆင်ကြီး သည်။ ဒ်ီတာ၊ ဆောင်အပ်၏။ တဿာ၊ ထိုမိဖုရားကြီး၏။ အတ္ထိဘာဝံ ဝါ၊ ရှိသေးသည်၏ အဖြစ်ကိုလည်းကောင်း။ နတ္ထိဘာဝံ ဝါ၊ မရှိတော့သည်၏အဖြစ် ကို လည်းကောင်း၊ မယံ၊ ငါတို့သည်။ န ဇာနာမ၊ မသိကြကုန်။ ယာဝ၊ အကြင်မျှလောက်။ တဿာ၊ ထိုမိဖုရားကြီး၏။ ပဝတ္တိံ၊ ဖြစ်ပုံကို။ န သုဏာမ၊ မကြား ကြရကုန်သေး။ တာဝ၊ ထိုမျှလောက်။ ယုဒ္ဓံ၊ စစ်တိုက်ခြင်းကို။ နဒဿာမ၊ မပေးကုန်။ ရဇ္ဇ၊ မင်းအဖြစ်ကိုလည်း။ န ဒဿာမ၊ မပေးကုန်။

## လက်စွပ် ကမ္ဗလာ ပြပါသိမှတ် တိုင်းပြည်အပ်

ထိုအခါ၌ ထိုကောသမ္ဗီပြည်သည် အစဉ်အဆက် ပိုင်ဆိုင်ခွင့်ရှိသော ပြည်တည်း။ ထို့နောင် မင်းသားသည် ငါကား ကောသမ္ဗီမိဖုရားကြီး၏ သား တည်းဟု ဆို၍ စစ်သူကြီး စသည်တို့၏ အမည်တို့ကို ပြော၍ ထိုအခြင်းအရာဖြင့် မယုံကြည်ကုန်သော သူတို့အား ကမ္ဗလာကို လည်းကောင်း၊ လက်စွပ်ကို လည်း ကောင်း ပြ၏။ထိုအမတ် စသည်တို့သည် ကမ္ဗလာကို လည်းကောင်း၊ လက်စွပ်ကို လည်းကောင်း မှတ်မိ၍ ယုံမှားကင်းကုန်သည်ဖြစ်၍ တံခါးကိုဖွင့်၍ ထို ဥတေန မင်းသားကို မင်းအဖြစ်၌ သွန်းလောင်းကုန်ပြီ။ ဤကား ဥတေနမင်း၏ ဖြစ်စဉ် တည်း။

၁၃၃၈-ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

**အပင်ရင့်လေ အပွင့်ဝေ တရားတော်**

**သား** မင်္ဂကုဏ္ဍလိပုဏ္ဏားလေး တာဝတိံသာနတ်ပြည် ယူဇနာ ၃၀-ရှိ ရွှေဗိမာန်ကြီး၌ ဖြစ်ရခြင်းနှင့် ဘခင် အဒိန္နပုဗ္ဗကပုဏ္ဏားကြီး သဒ္ဓါပန်း ပွင့်လန်းလာချိန်

❀

သာဝတ္ထိမည်၊ မင်းနေပြည်၊ နေသည် တင့်တယ်စွာ။
မလှူဘူးပေ၊ သူ့ခြေနေ၊ မကျေ သူ့ကိုသာ။
အဒိန္နပုဗ္ဗက၊ နှိမ်ခေါ်ကြ၊ များလှ အားလုံးမှာ။
ကိုယ်တိုင်ထုထောင်း၊ ရွှေအချောင်း၊ နားဋောင်း ဆင်ခဲ့ရာ။
မင္ဋကုဏ္ဍလိ၊ သူ့အမည်၊ တွင်သည် သားလေးပါ။
ထိုသားလေးအား၊ ရောဂါများ၊ ဖြစ်ပွား ပြင်းထန်စွာ။
ပစ္စည်းကုန်မှာ၊ လွန်ကြောက်ရွာ၊ ထိုက်ရာ ဆေးဖြင့်သာ။
ဆရာများလဲ၊ မျက်နှာလွှဲ၊ လွန်သဲ ရောဂါမှာ။
သတင်းမေးလာ၊ တွင်းဥစ္စာ၊ မြင်မှာ စိုးရိမ်ရွာ။
ဿားလူနာပင်၊ အိမ်အပြင်၊ ဆင်ဝင်အောက် ရွှေ့ကာ။
ကျွတ်ထိုက်သူတွေ၊ များဝေနေ၊ ကြည့်လေ မြတ်ဗုဒ္ဓါ။
ဆင်ဝင်အောက်တွင်၊ တအင်အင်၊ တွေ့မြင် မဿက်သာ။
ငါသာကြွလျှင်၊ ငါ့ဂုဏ်အင်၊ ဆင်ခြင် ရှုပွားကာ။

ဝတိံသာနန်း၊ ဘုံကြငှန်း၊ စံမြန်း ဗိမာန်မှာ။
အဘနှင့်သား၊ တွေ့ဆုံပြား၊ ရှင်းသွစ်း ပြေလည်ကာ။
လူနှင့်နတ်ဘဝ၊ သားအဘ၊ မြင်ထ ကျွတ်ဘို့ရာ။
ရှင်တော်မေးခေန၊ နတ်သားဖြေ၊ ရှင်းလေ များသတ္တာ။
ဟောမြွက် တဂါထာ၊ အဆုံးမှာ၊ ရလာ ရှစ်သောင်းလေးထောင်ပါ။
အဘနှင့်သား၊ လူနတ်အား၊ တည်သွား သောတာပန်သာ။
မဋ္ဌကုဏ္ဍလီ၊ နတ်သားသည်၊ ပြန်ပြီ ဝတိံသာ။
သောတာပန်ဆင့်၊ ဂုဏ်ရည်တင့်၊ တိုးမြှင့် ဓမ္မပူဇာ။
သောတာပန်မျှ၊ ဉာဏ်စဉ်ကြွ၊ ပွင့်ထ မြတ်သဒ္ဓါ။
ပစ္စည်းများယူ၊ အားသွန်လှူ၊ ပြုကူ သာသနာ။
အသင်ရင့်လေ၊ အပွင့်ဝေ၊ မိန့်ချွေ ဥပမာ။ ။

(ခုဒ္ဒကနိကာယ ပဌမ အဋ္ဌကထာ။ ပ. ၉၁-၁၆)

(ဓမ္မဒါန အလှူရှင်) ဗလပုံနှိပ်တိုက် မိသားစု ကောင်းမှု။

## သား မဋ္ဌကုဏ္ဍလီပုဏ္ဏားလေး တာဝတိံသာနတ်ပြည် ယူဇနာ ၃၀-ရှိ ရွှေဗိမာန်ကြီး၌ ဖြစ်ရခြင်းနှင့် ဘခင် အဒိန္နပုဗ္ဗကပုဏ္ဏားကြီး သဒ္ဓါပန်း ပွင့်လန်းလာချိန်

## အပင်ရင့်လေ အပွင့်ဝေ တရားတော်

## မှတ်သားဘွယ် အကျဉ်းချုပ်

## မှသက်သာသား မှသွား သုတ်သုတ် အပြင်ထုတ်

သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗကမည်သော ပုဏ္ဏားတယောက် ရှိ၏။ သူ တခါမျှ အလှူမလုပ်ဘူးပါ။ ဒါ့ကြောင့် အဒိန္နပုဗ္ဗကဟု ခေါ်ကြ၏။ သူ့မှာ အလွန် ချစ်မြတ်နိုးအပ်သော သားကလေးတယောက် ရှိ၏။ သူ့သား ပန်ဘို့ရန် နားဒေါင်းကို ရွှေစန်းထိမ်သည်တို့ကို မအပ်။ အဘိုးအခ မပေးလို။ ရွှေကို ချောညက်အောင် ထုထောင်း၍ ပန်ပေး၏။ ချောညက်သော ရွှေချောင်း နားဒေါင်း ပန်သောကြောင့် သူ၏သားကို မဋ္ဌကုဏ္ဍလီဟု ခေါ်ကြသည်။ ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ အသားဖျော့ရောဂါ ဖြစ်လာ၏။ အမေက သူ့ဘခင်အား ဆေးကုပေးရန် ပြော၏။ ဆေးဘိုး၊ ဆရာခ ပေးရမှာ စိုးရိမ်၍ မကုပေး။ "ဒါဖြင့် ဘယ်လိုလုပ်မလဲ" "ပိုက်ဆံမကုန်သော နည်းဖြင့် ကုပေးမည်" ကုသပုံ။ ဆေးဆရာများထံ သွား၍ "ဤရောဂါဖြစ်နေပါသည်၊ ဘာလုပ်ရမလဲ၊ ဘာဆေး ကျွေးရမလဲ" ဟုမေး၏။ သစ်ခေါက် စသည် ပြောပြ၏။ ဤအတိုင်း ပေး ကျွေး ကုသ၏။ ဤသို့ ပြုယင်း ရောဂါမှာ ကြီးမား၍ ကုသလို့ မရနိုင်သောအဖြစ်သို့ ရောက်သွား၏။ ဆေးဆရာတဦး ခေါ်ပြီး "ငါ့မှာ တခုသော ကိစ္စရှိ၏၊ အခြားဆရာ ခေါ်လော့" ဟု ဆို၏။ ဘခင် ပုဏ္ဏားသည် သေတော့မည်ကို မြင်၍ လူမမာ လာကြည့်သူများ အတွင်းပစ္စည်းများ မမြင်အောင် လူမမာကို အပြင်သို့ ထုတ်ထားပြီ။

## သား ပြာပုံအနား ကပ်ပြေးပြောဆို နေစဉ်ငို

ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်သောအခါ မဟာကရုဏာတော်သမာပတ်မှ ထ၍ ရှေး ဘုရားတို့၌ ပြုအပ်သော ဆုတောင်း ရှိကုန်သော၊ များသော ကုသိုလ် မူလရှိကုန်သော၊ ကျွတ်ထိုက်သော ဆွေမျိုးတို့ကို ကြည့်အံ့သောငှာ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်လျက် တသောင်းသော စကြဝဠာတိုက်တို့၌ ဉာဏ်ဘည်းဟူသော ကွန်ရက်ကို ဖြန့်ပြီ။ မင္ဂကုဏ္ဍလီသည် အပြင်ဆင်ဝင်အောက်၌ လျောင်းထားသောအတိုင်း စောင်းလျက်နေရပြီ။ မြတ်စွာဘုရားသည် ဉာဏ်၌ မြင်တော်မူ၍ ငါသည် မဋ္ဌကုဏ္ဍလီထံသွားလျှင် အကျိုး ရှိ မရှိ ပြန်ကြည့်၏။ ငါကြွလျှင် ငါ့အား ကြည်ညိုရမည်၊ သေလျှင် ဤကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်၌ ယူဇနာ သုံးဆယ်ရှိ ရွှေဗိမာန်၌ ဖြစ်လတ္တံ့။ နတ်သမီးတထောင် အခြံအရံ ဖြစ်လတ္တံ့။ ထိုခင် ပုဏ္ဏားကြီးသည် မဋ္ဌကုဏ္ဍလီ အလောင်းကို မီးရှို့ပြီး ငိုကြွေးကာ သုသာန်၌ လှည့်လည်လတ္တံ့။ ယင်း မဋ္ဌကုဏ္ဍလီ နတ်သားသည် သုံးဂါဝုတ် ကိုယ်ရှိ၏။ သူဝတ်သော တန်ဆာမှာ လှည်းအစီး ခြောက်ဆယ် တိုက်ရ၏။ နတ်သမီးတထောင် ခြံရံအပ်သော မိမိ ခန္ဓာကိုယ်ကို ကြည့်၍ ဘယ်ကံကြောင့် ဒီလောက် ကြီးမားသော အသရေကို ရပါသနည်းဟု ကြည့်၍ ငါ၌ ကြည်ညိုသောစိတ်ကြောင့် ရသည်၏ အဖြစ်ကို သိ၍ ပုဏ္ဏားကြီးသည် ပစ္စည်းကုန်မှာကြောက်၍ ငါ့အား ဆေးမကု၊ အခုမှ သုသာန်၌ လာ၍ ငိုနေသည်။

## မဋ္ဌကုဏ္ဍလီ နေသည်အိမ်ပေါက် တံခါးရောက်

တခေန လာပြန်၏။ နတ်သားသည် မဋ္ဌကုဏ္ဍလီအသွင်ဖြင့် လာရင်၏။ ''ဘယ်သူလဲ'' ''ငါ သင့်သား မဋ္ဌကုဏ္ဍလီဘဲ''ဟု ပြော၏။ ''သင် ဘယ်မှာလဲ'' ''တာဝတိံသာ နတ်ပြည်၌''ဟု ဆို၏။ ''သင် ဘာပြုခဲ့လို့တုန်း'' ''ငါ ဘုရား၌ ကြည်ညိုလို့ဖြစ်သည်''ဟု ပြောလတ္တံ့။ ပုဏ္ဏားက ဘုရားကို ''သင်တို့၌ ကြည်ညိုလျှင် နတ်ပြည်ရောက်မလား''ဟု မေးလိမ့်မည်။ ''တရာ၊ တထောင်၊ တသောင်း မက''ဟု ဖြေ၊ ဂါထာအဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့ တရားထူးကို ရသွားကြသည်။ မဋ္ဌကုဏ္ဍလီသည် သောတာပန် ဖြစ်လတ္တံ့၊ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးသည်လည်း သောတာပန် တည်လတ္တံ့။ ဤသို့ ဤ (မဋ္ဌကုဏ္ဍလီ) သတို့သားကို အမှီပြု၍ များစွာ အကျွတ်တရား ရကုန်လတ္တံ့သည်ကို မြင်၍ နောက်တနေ့ ရဟန်းအပေါင်း ခြံရံလျက် **သာဝတ္ထိမြို့သို့** ဆွမ်းအလို့ငှာ ဝင်ပြီ။ မဋ္ဌကုဏ္ဍလီတို့ အိမ်တံခါးသို့ ရောက်ပြီ။

## ယူဇနာသုံးဆယ် ခန့်ထယ်ဝင်းလျှံ ရွှေပိမာန်

ထိုခဏ လူမမာ မဋ္ဌကုဏ္ဍလီ ပုဏ္ဏားငယ်သည် အိမ်တွင်း ဆင်ဝင် အောက်မှာပင် စောင်းလျက်ကလေး ရှိနေ၏။ မြတ်စွာဘုရားသည် မိမိအား မဋ္ဌကုဏ္ဍလီ ဖူးနေမှုန်း သိ၍ တခုသော ရောင်တော်ကိုလွှတ်၏။ မဋ္ဌကုဏ္ဍလီသည် ဖူးယင်ဖြင့် အော် ငါ့မှာ ဘခင်မိုက်ကို အမှီပြု၍ ယခုအခါ ဘုရားရှင်သို့ ကပ်၍ ဝေယျာဝစ္စသည်း မပြုရ၊ ဒါနလည်း မပြုရ၊ တရားလည်း မနာရ၊ ယခု အခါ မိမိ၏ လက်တို့ကိုပင် ခိုင်းစေ၍ မရတော့။ တပါးသော ပြုဘွယ် ဘာမျှ မရှိတော့ပါဟု စိတ်ကူးယင်း စိတ်ကပင် ကြည်ညိုရတော့သည်။ မြတ်စွာဘုရား သည် စိတ်က ကြည်ညိုလျှင် တော်လောက်ပြီဟု ဆို၍ ဖဲကြွလေ၏။ မဋ္ဌကုဏ္ဍလီ သည် စောစောကပင် အလွန် ပျော့နေသည်ဖြစ်၍ မြတ်စွာဘုရားလည်း မျက်စိ ကွယ်၊ ကြည်ညိုသောစိတ်များ တဖွားဖွား ဖြစ်လျက်ပင် ဝိညာဉ်ချုပ်၍ အိပ်သော ယောကျ်ား နိုးသော်လားသို့ တာဝတိံသာနတ်ပြည် ယူဇနာ သုံးဆယ်ရှိသော ရွှေပိမာန်ကြီး ၌ ဖြစ်၏။

## မဋ္ဌကုဏ္ဍလီနတ်သား မှာကြားဆုံးမ ဤသုံးဝ

အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးသည် သား မဋ္ဌကုဏ္ဍလီ၏ အလောင်းကို မီးရှို့ ပြီးနောက် သုသာန်မှာ နေ့တိုင်း သွားငို၏။ "တဦးတည်းသား သင်ဘယ်မှာလဲ၊ တဦးတည်းသောသား သင်ဘယ်မှာလဲ" ဟူ၍ တမ်းတ ငိုကြွေးလေ၏။ မဋ္ဌကုဏ္ဍလီ နတ်သားသည် မိမိ စည်းစိမ်ကို ကြည့်၍ ဘယ်ကံကြောင့် ငါဒါတွေ ရပါ သနည်းဟု စုံစမ်းသော် မြတ်စွာဘုရား၌ ကြည်ညိုသဖြင့်ဟု သိ၍ ဤပုဏ္ဏားကြီး သည် ဟိုတုန်းကတော့ ဆေးမကု၊ အခုမှ ဘာလို့ လာငိုနေတာလဲ။ မတော် သည်ကို ပြု၏ဟု ဆို၍ ရွှေ စသည်တို့ဖြင့် ပြီးသော ကြီးကျယ် ခမ်းနားသော နတ်ရထားကြီးကို ဖန်ဆင်း၍ ပုဏ္ဏားကြီးအား ဆုံးမသည့် အနေ သဘော ပေါက်စေ၍ "ပုဏ္ဏားကြီး၊ သင်၏အိမ်၌ များစွာသော ဥစ္စာတွေ ရှိ၏။ မြတ်စွာ ဘုရားသို့ ကပ်၍ အောက်ပါအတိုင်း ပြုလော့" ဟု ပြော၍ ကွယ်သွားလေ၏။

(၁) ဒါနံ ဒေဟိ (ဒါနကို ပေးလှူလော့)

(၂) ဓမ္မံ သုဏာဟိ (တရားကို နာယူလော့)

(၃) ပဥှံ ပုစ္ဆာဟိ (ပြဿနာများကို မေးလော့)

## စိတ်ကြည်ညိုအား နတ်များသမ္ပတ္တိ ရှိ မရှိ

ပုဏ္ဏားကြီးသည် အိမ်ပြန် ပုဏ္ဏေးမကြီးအားခေါ်ကာ (ပဥ္စ ပုစ္ဆိဿာမိ၊ သက္ကာရံ ကရောဟိ) ဟု ဆို၍ ကျောင်းသွားပြီး အရှင်ဘုရားနှင့် ရဟန်း အပေါင်းတို့ ဆွမ်းဘုဉ်းပေး ကြွရန်သာ လျှောက်ခဲ့၏။ ရှိလည်း မခိုးခဲ့၊ အစေ့ အစပ်လည်း မပြုခဲ့၊ ခွင့်ပြုမှန်း သိ၍ မွန်မြတ်သော အစာ အာဟာရတို့ကို စီစဉ်ထား၏။ နောက်တနေ့ ကြွလာ၏။ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးသည် ရိုသေစွာ လုပ်ကျွေး၏။ မဋ္ဌကုဏ္ဍလီ၏မိဘတို့ကား မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့တည်း။ ဆွမ်းဘုဉ်း ပေးပြီးသော် အောက်ပါအတိုင်း မေးလျှောက်လေ၏။

ဘော ဂေါတမ တုမှာကံ ဒါနံ အဒတွာ ပူဇံ အကတွာ ဓမ္မံ အသုတွာ ဥပေါသထဝါသံ အဝသိတွာ ကေဝလံ မနောပသာဒမတ္တေနေဝ သဂ္ဂေ နိဗ္ဗတ္တာနာမ ဟောန္တိတိ။

ဘော ဂေါတမ၊ အရှင်ဂေါတမ။ တုမှာကံ၊ သင်တို့အား။ ဒါနံ၊ အလှူကို။ အဒတွာ၊ မပေး မလှူဘဲ။ ပူဇံ၊ ပူဇော်ခြင်းကို။ အကတွာ၊ မပြုဘဲ။ ဓမ္မံ၊ တရားကို။ အသုတွာ၊ မနာကြားဘဲ။ ဥပေါသထဝါသံ၊ ဥပုသ်စောင့် သုံးခြင်းကို။ အဝသိတွာ၊ မစောင့် မသုံးဘဲ။ ကေဝလံ၊ သက်သက်။ မနော ပသာဒမတ္တေနေဝ၊ စိတ်ဖြင့် ကြည်ညိုရုံမျှဖြင့်သာလျှင်။ သဂ္ဂေ၊ နတ်ပြည်၌။ နိဗ္ဗတ္တာနာမ၊ ဖြစ်သောသူတို့ မည်သည်။ ဟောန္တိ၊ ရှိနိုင်ပါကုန်သလော။

## ဗိမာန်ရထား နတ်သားထင်စွာ ဆိုက်ရောက်လာ

''ပုဏ္ဏားကြီး၊ ဘာ့ကြောင့် ငါ့အား မေးရသနည်း။ သင်၏သား မဋ္ဌကုဏ္ဍလီ ကိုယ်တိုင် ကြည်ညိုသောစိတ်ကြောင့် နတ်ပြည်၌ ဖြစ်ရသည်ဟု ပြောခဲ့သည် မဟုတ်လော''။ ''ရှင်ဂေါတမ၊ ဘယ်အခါ၌ ပြောခဲ့ပါသနည်း'' ''သင် သုသာန်၌ ငိုနေစဉ် ပြောခဲ့သည် မဟုတ်လော'' ဟု ဆို၍ မဋ္ဌကုဏ္ဍလီ ဝတ္ထုကို အကုန် ပြန် ဟောပြ၏။ စိတ်ကြည်ညို၍ နတ်ပြည် ရောက်ဖူးကြသည်မှာ တရာ တထောင် မက အရေအတွက်ဝင် မပြနိုင်တော့ပေ။ အလွန် ထင်ရှားစေလို၍ မြတ်စွာ ဘုရားသည် အောက်ပါအတိုင်း အဓိဋ္ဌာန်လိုက်၏။

မဋ္ဌကုဏ္ဍလီ ဒေဝပုတ္တော ဝိမာနေနေဝ သဒ္ဓိံ အာဂစ္ဆတု။

မဋ္ဌကုဏ္ဍလီ ဒေဝပုတ္တော၊ မဋ္ဌကုဏ္ဍလီ နတ်သားသည်။ ဝိမာနေနေဝ၊ မိမိ၏ နတ်ဗိမာန်နှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ အာဂစ္ဆတု၊ လာစေသတည်း။

ထိုအခါ မဋ္ဌကုဏ္ဍလီ နတ်သားလေးသည် သုံးဂါဝုတ်ရှိသော နတ်ဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော အတ္တဘောဖြင့် လာ၍ ဗိမာန်မှဆင်း၍ ဘုရားကို ရှိခိုး၍ နေရာတခု၌ ရပ်ပြီ။

## အဒိန္နပုဗ္ဗက များလှဥစ္စာ မြုပ်နှံရှာ

ထိုအခါ မြတ်စွာဘုရားသည် မဋ္ဌကုဏ္ဍလီနတ်သားကို မေး၏။ "အို-နတ်သား၊ သင်သည် အဘယ်ကောင်းမှုကိုပြု၍ ဤစည်းစိမ်ကို ရပါသနည်း" "အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားတို့၌ စိတ်ကိုကြည်လင်စေသော ကောင်းမှုကြောင့် ရအပ်ပါ၏" "အော်-ငါ့၌ စိတ်ကို ကြည်လင်စေ၍ ဤစည်းစိမ်ကို ရသလော" "မှန်ပါသည် အရှင်ဘုရား" လူများအပေါင်းသည် ယင်း နတ်သား၏ ပြည့်စုံမှုကို ကြည့်၍ နှစ်သက်မှုကို ပြောသည်။

အစ္ဆရိယာ ဝတ ဘော ဗုဒ္ဓဂုဏာ၊ အဒိန္နပုဗ္ဗက ဗြာဟ္မဏဿ နာမ ပုတ္တော အညံ ကိဉ္စိ ပုညံ အကတွာ သတ္ထရိ စိတ္တံ ပသာဒေတွာ ဧဝရူပံ သမ္ပတ္တိံ ပဋိလဘိ။

ဘော၊ အမောင်တို့။ ဗုဒ္ဓဂုဏာ၊ ဘုရားဂုဏ်တော်တို့သည်။ အစ္ဆရိယာ ဝတ၊ အော်-အံ့ဩဘွယ် ရှိကုန်စွတကား။ အဒိန္နပုဗ္ဗက ဗြာဟ္မဏဿ နာမ၊ အဒိန္နပုဗ္ဗကမည်သော ပုဏ္ဏား၏။ ပုတ္တော၊ သား မဋ္ဌကုဏ္ဍလီသည်။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုသော။ ပုညံ၊ ကောင်းမှုကို။ အကတွာ၊ မပြုဘဲ။ သတ္ထရိ၊ မြတ်စွာဘုရား၌။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ ပဋိလဘိ၊ ရပြီ။

မြတ်စွာဘုရားသည် မနောပုဗ္ဗင်္ဂမာ ဓမ္မာ ။ပ။ ဆာယာဝ အနုပါယိနီ ဂါထာကို ဟောကြားသည်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ တရားထူး ရကြကုန်၏၊ မဋ္ဌကုဏ္ဍလီ နတ်သားသည် သောတာပန်တည်၏။ ဘခင် အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးသည်လည်း ထို့အတူ သောတာပန်ပင်တည်၏။ ထိုပုဏ္ဏားကြီးသည် များစွာသော စည်းစိမ်တို့ကို ဘုရားသာသနာတော်၌ များစွာ မြုပ်နှံသွား၏။

၁၃၃၈-ခုနှစ်၊ တော်သလင်းလဆုတ် (၈)ရက် နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌
ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
ဟောကြားအပ်သော

**အစောခက် မဂ်မရ တရားတော်**
**မာတိကာ ဥပါသိကာမကြီး အနာဂါမ်တည်၍ သား ရဟန်း အပါး ၆၀-တို့**
**ရဟန္တာများ ဖြစ်လာကြသည်။**

ဘာကို ဘယ်လို ရှုမှတ်ပါသနည်း။

ကောသလမင်း၊ တိုင်းပြည်တွင်း၊ တောင်မင်း မာတိကာ။
မာတိကာတောင်ခြေ၊ တည်ရှိနေ၊ ရွာပေ မာတိကာ။
အပါးခြောက်ဆယ်၊ ထေရ်ကြီးငယ်၊ တောဝယ် နေဘို့ရာ၊
ရောက်ပြီးလေလျှင်၊ နောက်နေ့ပင်၊ ကြွဝင် ဆွမ်းလို့ငှာ။
သဒ္ဓါအားအင်၊ လွန်ပေါ်ထင်၊ ခေါ်တွင် မာတိကာ။
ဥပါသိကာမ၊ လျှောက်ထားက၊ မိန့်ထ ပြေလည်စွာ။
ကျောင်းအမပင်၊ မှတ်စေချင်၊ လျှောက်တင် ခွင့်ပြုရာ။
ကျောင်းဆောက်ပြီးက၊ ရေစက်ချ၊ လှူထ ထက်သန်စွာ။
စည်းစဝေးဌာန၊ သတ်မှတ်ကြ၊ နေထ တောထဲမှာ။
သြဝါဒခံစဉ်၊ ဆွမ်းခံဝင်၊ တွေ့မြင် ချင်းချင်းသာ။
မကျန်းမာက၊ ကျောင်းပြန်ကြွ၊ ခေါက်ထ ခေါင်းလောင်းပါ။
နှစ်ရှည်လများ၊ ကြာ၍သွား၊ လိုငြား စုံစမ်းလာ။
အပါးမျှပင်၊ ကြည့်မမြင်၊ အထင် လွဲခဲ့ပါ။

ခေါင်းလောင်းခေါက်က၊ ဆေးကုသ၊ ရောက်ထ အားလုံးသာ။
ဒွတ္တိံသာကာရ၊ ရွတ်ကြရ၊ မှတ်ထ ခယ ဝယပါ။
မာတိကာမည်ထ၊ ကျောင်းအမ၊ ပြင်းပြ အားထုတ်ပါ။
သားခြောက်ဆယ်အလျင်၊ သူကပင်၊ တွေ့မြင် ရှေးဦးစွာ။
လောကီအဘိညာဏ်၊ ပဋိသမ်၊ ဆိုက်ပြန် မဂ်ဖိုလ်ပါ။
မာတိကာက၊ စုံစမ်းထ၊ ဘာမျှ မရရှာ။
မာတိကာမှ၊ စစ်ဆေးက၊ တွေ့ရ အာဟာရာ။
အာဟာရပြင်၊ မကြာခင်၊ ကုန်ပင် ရဟန္တာ။
ပဋိသမ္ဘိဒါဉာဏ်၊ ပြည့်စုံမြန်၊ အမှန် ခြောက်ဆယ်ပါ။
ဘုရားထံပင်၊ ရောက်ကြစဉ်၊ ရှေ့တင် အာဟာရာ။
မမြင်ဆိုးလျက်၊ အဖမ်းခက်၊ ဟောမြွက် စိတ်ကိုသာ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ ပ၊ နှာ-၁၀၄)

[(ဓမ္မဒါန အလှူရှင်) ဗလပုံနှိပ်တိုက် မိသားစု ကောင်းမှု။

**အဝသာခက် မဂ်မရ တရားတော်**

**မာတိကာ ဥပါသိကာမကြီး အနာဂါမ်တည်၍ သား ရဟန်းအပါး ၆၀-တို့ ရဟန္တာများ ဖြစ်လာကြသည်။**

**ဘာကို ဘယ်လို ရှုပွတ်ပါသနည်း။**

မုပါသားဘွယ် အကျဉ်းချုပ်

## မာတိကာရွာ ဒိုကာတိုအလုပ် တိုအားထုတ်

ဤ တရား ဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌နေစဉ် တပါးသော ရဟန်းကို အကြောင်းပြု၍ ဟောာ၏။

ကောသလမင်း၏ တိုင်းပြည်၌ တောင်ခြေ၌ မာတိကာဂါမ မည်သော တခုသော လူအများနေသော ရွာရှိ၏၊ တနေ့သ၌ အပါး ၆၀-သော ရဟန်းတို့သည် မြတ်စွာဘုရား ထံ၌ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကို တောင်း၍ ထိုရွာသို့သွား၍ ဆွမ်းခံဝင်ကုန်၏။ ထိုအခါ ရဟန်းတို့ကို မာတိကာ ရွာကြီး၏အရှင် ဒါယကာ၏မိခင် မြင်၍ အိမ်၌ နေစေ၍ အထူးထူးသော မြတ်သော အရသာရှိသော ယာဂုဆွမ်းဖြင့် လုပ်ကျွေး၍ "အရှင်ဘုရားတို့၊ ဘယ်ရွာသို့ သွားကြကုန်မည်နည်း" ဟု မေးသည့်အခါ "ဒါယိကာမကြီး၊ ချမ်းသာသလိုဘဲ"၊ ဝါဆိုဘို့ရန် လိုက်ရှာနေကြသည့် ကိုယ်တော်များဘဲ ဟူ သိ၍ ခြေရင်း၌ ဝပ်၍ အောက်ပါအတိုင်း လျှောက်ထားလေ၏။

သစေ အယျာ ဣမံ တေမာသံ ဣဓ ဝသိဿန္တိ၊ အဟံ တိဏ္ဏံ သရဏာနိ ပဉ္စသီလာနိ ဂဟေတွာ ဥပေါသထကမ္မံ ကရိဿာမိ။

သစေ၊ အကယ်၍။ အယျာ၊ အရှင်ဘုရားတို့သည်။ ဣမံ တေမာသံ၊ ဤဝါတွင်းသုံးလပတ်လုံး။ ဣဓ၊ ဤနေရာ၌။ ဝသိဿန္တိ၊ နေကြကုန်လတ္တံ့။

အဟံ၊ ငါသည်။ တီဏိ သရဏာနိ၊ သုံးပါးသော သရဏဂုံတို့ကို။ ပဥ္စ သီလာနိ၊ ငါးပါးသော သီလတို့ကို။ ဂဟေတွာ၊ ယူ၍။ ဥပေါသထကမ္မံ၊ ဥပုသ်စောင့်သုံးခြင်းအမှုကို။ ကရိဿာမိ၊ ပြုအံ့၊

ထိုအခါ ရဟန်းတော်တို့သည်–

မယံ ဣမံ နိဿာယ ဘိက္ခာယ အကိလမန္တာ ဘဝနိဿရဏံ ကာတုံ သက္ခိဿာမ၊

မယံ၊ ရဟန်းဖြစ်ကုန်သော ငါတို့သည်။ ဣမံ၊ ဤ ဥပါသိကာကြီး ကို။ နိဿာယ၊ အမှီပြု၍။ ဘိက္ခာယ၊ ဆွမ်းအလို့ငှာ။ အကိလမန္တာ၊ မပင်ပန်း ကြကုန်ဘဲ။ ဘဝနိဿရဏံ၊ ဘဝမှ လွတ်မြောက်မှုကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ခိဿာမ၊ စွမ်းနိုင်ကြကုန်လတ္တံ့။

ဟူ၍ အကြံဖြစ်ကာ မာတိကာ ဥပါသိကာမကြီး၏ လျှောက်ထားချက်ကို လက်ခံလိုက်ကြလေသည်။

## သူတို့ချင်းချင်း ရင်းရင်းဆုံးမ နာယူကြ

ဤသို့ နေထိုင်ရန် ဆုံးဖြတ်ကြပြီး ဥပါသိကာမကြီးသည် ထိုရဟန်း တို့၏ နေရာ ကျောင်းကို ဆောက်လုပ် လှူဒါန်းပြီး။ ထိုရဟန်းတို့သည် ထို ကျောင်း၌ ဝါဆို သီတင်းသုံးလျက် တနေ့သ၌ စည်းဝေး၍ အချင်းချင်း ဩဝါဒ ပေးကြကုန်၏။ မှက်သားဘွယ် အလွန်ကောင်းလှ၏။

(၁) အာဝုသော အမှေ့ဟိ ပမာဒစာရံ စရိတုံ န ဝဋ္ဋတိ၊ အမှာကဉ္ဟိ သကဂေဟံ ဝိယ အဋ္ဌ မဟာနိရယာ ဝိဝဋဒွါရာ ယောဝ။

(၂) ဓရမာနကဗုဒ္ဓဿ ခေါ ပန သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ မယံ အာဂတာ၊ ဗုဒ္ဓါ စ နာမ ပဒါနုပဒိကံ ဝိစရန္တေနာပိ သဌေန အာရာဓေတုံ န သက္ကာ။

(၃) ယထာဇ္ဈာသယေနေဝ အာရာဓေတုံ သက္ကာ၊ အပ္ပမတ္တာ ဟောထ၊ ဒွီဟိ ဣရိယာပထေဟိ န ဌာတဗ္ဗံ၊ န နိသီဒိတဗ္ဗံ။

(၄) သာယံ ခေါ ပန ထေရူပဋ္ဌာနကာလေ ပါတော စ ဘိက္ခာ စာရကာလေ ဧကတော ဘဝိဿာမ၊ သေသကာလေ ဒွေ ဧကတော န ဘဝိဿာမ။

(၅) အပိစ ခေါပန အဖာသုကေန ဘိက္ခုနာ အာဂန္တွာ ဝိဟာရ မဇ္ဈေ ဃဏ္ဍိယာ ပဟတာယ ဃဏ္ဍိသညာယ အာဂန္တွာ တဿ ဘေသဇ္ဇံ ကရိဿာမ။

အာဝုသော၊ ငါ့ရှင်တို့၊ အဓမ္မဟိ၊ ငါတို့သည်၊ ပမာဒစာရံ၊ မေ့လျော့သောအကျင့်ကို။ စရိတုံ၊ ကျင့်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဟိ၊ မှန်၏။ အမှာကံ၊ ငါတို့၏။ သကဂေဟံဝိယ၊ မိမိတို့၏ ကိုယ်ပိုင်အိမ်ကြီးကဲ့သို့။ အင်္ဂရှစ်ခုကုန်သော။ မဟာနိရယာ၊ ငရဲကြီး·တို့သည်။ ဝိဝဋဒွါရာယေဝ၊ ပွင့်သော တံခါးရှိကုန်သည်သာလျှင်တည်း။

ခေါ ပန၊ စင်စစ်သော်ကား။ ဓရမာနကဗုဒ္ဓဿ၊ သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌၊ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ မယံ၊ ငါတို့သည်။ အာဂတာ၊ လာကြပါကုန်၏။ ဗုဒ္ဓါစ နာမ၊ ဘုရားတို့ မည်သည်ကို။ ပဒါနုပဒိကံ၊ ခြေရာနောက်လိုက်ကာ ထက်ကြပ်မကွာ။ ဝိစရန္တေနာပိ၊ လှည့်လည်နေထိုင်ပါသော်လည်း။ သဌေန၊ ကောက်ကျစ်စဉ်းလဲ သဖြင့်။ အာရာဓေတုံ၊ နှစ်သက်စေခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။

ယထာဇ္ဈာသယေနေဝ၊ အလိုဆန္ဒ အဇ္ဈာသယ အားလျော်စွာသာလျှင်။ အာရာဓေတုံ၊ နှစ်သက်စေခြင်းငှာ။ သက္ကာ၊ တတ်ကောင်းကုန်၏။ အပ္ပမတ္တာ၊ မမေ့မလျော့ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ ဒွိဟိ၊ နှစ်ယောက်တို့သည်။ ဧကဋ္ဌာနေ၊ တနေရာတည်း၌။ န ဌာတဗ္ဗံ၊ မတည်အပ်။ န နိသီဒိတဗ္ဗံ၊ မထိုင်အပ်။

ခေါပန၊ စင်စစ်သော်ကား။ သာယံ၊ ညဉ့်နေချမ်းအခါ၌။ ထေရူပဋ္ဌာန ကာလေ၊ မထေရ်ကြီးသို့ ကပ်ရောက် ဩဝါဒ ခံယူသောအခါ၌လည်းကောင်း။ ပါတောဝ၊ စောစောသာလျှင်။ ဘိက္ခာစာရကာလေ၊ ဆွမ်းခံကြွသောအခါ၌ လည်းကောင်း။ ဧကတော၊ အတူတကွ၊ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ သေသ ကာလေ၊ ကြွင်းသောအခါ၌၊ ဒွေ၊ နှစ်ပါးတို့သည်။ ဧကတော၊ အတူတကွ။ န ဘဝိဿာမ၊ မဖြစ်ကုန်အံ့။

အပိစ၊ စင်စစ်သော်ကား။ အဖာသုကေန၊ မကျန်းမာသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အာဂန္တွာ၊ လာသတ်၍။ ဝိဟာရမဇ္ဈေ၊ ကျောင်းတိုက်၏အလယ်၌။ ဃဏ္ဍိယာ၊ ခေါင်းလောင်းကို။ ပဟတာယ၊ ထိုးခတ်အပ်သည်ရှိသော်။ ဃဏ္ဍိသညာယ၊ ခေါင်းလောင်းသံအမှတ်ဖြင့်။ အာဂန္တွာ၊ လာလတ်၍။ တဿ၊ ထို မကျန်းမာသော ရဟန်းအား။ ဘေသဇ္ဇံ၊ ဆေးကို။ ကရိဿာမ၊ ပြုကုန်အံ့။

## ဒွတ္တိံသာကာရ ခယဝယေ ဆင်ခြင်နေ

ဤသို့ ကတိကဝတ်ပြု၍ နေကြကုန်သည်ရှိသော် တနေ့သ၌ ထိုဥပါသိကာမကြီးသည် ထောပတ်၊ ဆီ၊ တင်လဲ စသည်တို့ကို ယူ၍ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ အမှုလုပ် စသည်တို့ဖြင့် ခြံရံကုန်လျက် ညချမ်းအခါ၌ ထိုကျောင်းတိုက်သို့ သွား၍ ကျောင်းတိုက်အလယ်၌ ရဟန်းတို့ကို မမြင်သောကြောင့် "ကိုယ်တော်တွေ ဘယ်ကြွကြကုန်သနည်း" ဟု လူများကို မေးကြည့်သော် "မိမိ မိမိတို့၏ နေ့သန့်ရာ၊ ညဥ့်သန့်ရာတို့၌ နေကုန်လတ္တံ့" ဟု ဆို၏။ "ဖူးနိုင်အောင် ဘယ်လို လုပ်ရအံ့နည်း" ဟူ မေးပြန်၏။ ကတိကဝတ်ကို သိထားသော လူတို့က ခေါင်းလောင်းထိုးလျှင် စုဝေးလာကြောင်း မိန့်၍ ခေါင်းလောင်းကို ထိုး၏။ ခေါင်းလောင်းထိုးသံကြား၍ မချမ်းသာ မကျန်းမာ ကိုယ်တော်ရှိသလား ဟူ မိမိ မိမိတို့ နေရာမှ ကျောင်းတိုက်အလယ်သို့ စုဝေးလာကြကုန်၏။ နှစ်ပါး တနေရာမှ တလမ်းတည်း လာတာမရှိ။ ထိုအခြင်းအရာကို မြင်သော ဥပါသိကာမကြီးသည် "ငါ့သားတွေ ဒီ လို နေ ကြ တာ အချင်းချင်း မသင့်ကြလို့လား" ဟု ထင်၍ မေး၏။ "မဟုတ်" ဟု ပြန်ပြော၏။ "မဟုတ်လျှင် ဘာ့ကြောင့် ဒီလို တဦးစီ နေကြသလဲ" ဟူ မေးပြန်၏၊ "ဒီလိုဘဲ တနေရာစီမှာ ရဟန်းတရား (သမဏဓမ္မ)ကို အားထုတ်နေရ၏" ဟု ပြော၏။ "အရှင်ဘုရား၊ ရဟန်းတရား ဟူသည် အဘယ်နည်း" ဟူ မေးပြန်၏။ သုံးဆယ့်နှစ်ပါးသော အခြင်းအရာ (ဒွတ္တိံသာကာရ)တို့ကို သရဇ္ဈာယ်ကြရကုန်၏။ ခန္ဓာကိုယ်ပေါ်၌ ကုန် ပျက် (ခယဝယ)တို့ကို ရှုနေကြကုန်၏" ဟူ မိန့်၏။

## အာဟာရသပ္ပါယ မျှမှုရလာ ကေဂ္ဂတာ

ဥပါသိကာမကြီးက "အရှင်ဘုရားတို့၊ ဒီဒွတ္တိံသာကာရ သရဇ္ဈာယ်မှု၊ ခန္ဓာကိုယ်၌ ခယဝယ ဆင်ခြင်မှုကို အရှင်ဘုရားတို့သာ ပြုသင့်ပါသလား၊ တပည့်တော်မတို့ရော မပြုသင့်ဘူးလား" ဟု လျှောက်၏၊ "ဥပါသိကာမကြီး၊ ဒီတရား ရှုပွား ဆင်ခြင်မှု ဆိုတာ ပုဂ္ဂိုလ် မခွဲခြားပါ၊ ဘယ်သူ့မဆို ဆင်ခြင်နိုင်ပါသည်" "ဒါဖြင့်တပည့်တော်မအား ဒွတ္တိံသာကာရသရဇ္ဈာယ်မှုရော၊ခယဝယ ဆင်ခြင်မှုရော သင်ပေးပါ" ဟု လျှောက်၏။အားလုံး သင်ပေးလိုက်၏။ထိုအခါမှ စ၍ အားထုတ်လိုက်ရာ ရဟန်းများထက် ရှေးဦးစွာ အောက်မဂ် သုံးဆင့်၊ ဖိုလ်သုံးတန်သို့ ရောက်သွားပြီ။ ပဋိသမ္ဘိဒါလေးပါးနှင့် လောကီအဘိညာဉ်

တို့ကို ရကုန်၏။ ထိုဥပါသိကာမကြီးသည် ဂေဟဖလသုခမှ ထ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်၍''ဤတရားကို ငါ့သားတွေ ဘယ်အခါ၌ ရသနည်း''ဟု စုံစမ်းလိုက်သော် သားတော် ရဟန်းအားလုံးဘဲ (သရာဂ၊ သဒေါသ၊ သမောဟ)တို့သာတည်း။ ဈာန်နှင့် ဝိပဿနာမျှင် ထိုရဟန်းတို့မှာ မရှိသေး။ ထို့ကြောင့် ယင်း ငါ့သားတော်တို့မှာ အရဟတ္တူပနိဿယ (အရဟတ္တဖိုလ်)ရဘို့ရန် ပါရမီထူး အကြောင်းအဆက် ရှိ မရှိ ကြည့်သော် ရှိ၏ဟု မြင်၏။ တဖန် ပုဂ္ဂလသပ္ပါယ ဖြစ် မဖြစ် ကြည့်၏။ ဖြစ်ကြောင်းကို သိရ၏။ နောက်တဖန် သေနာသနသပ္ပါယ ရှိ မရှိ ကြည့်ပြန်၏၊ ရှိကြောင်း သိရ၏၊ နောက်တဖန် အာဟာရသပ္ပါယ ဖြစ် မဖြစ် ကြည့်ပြန်၏၊ မဖြစ်ကြောင်း သိရ၏၊ ထို့ကြောင့် ထိုအခါမှစ၍ အထူး ထူးသော (ယာဂု၊ ခဲဘွယ်၊ ဘောဇဉ်)တို့ကို စီစဉ်၍ ပြည့်စုံအောင် လုပ်ကျွေး လေ၏၊ ထိုရဟန်းတို့အား လျောက်ပတ်သော အာဟာရကို ရ၍ ဧကဂ္ဂတာ (ဂိဘ်တည်ငြိမ်မှု)ကို ရ၏။

## အပါးခြောက်ဆယ် ခန့်ထယ်ကျန မဂ်ဖိုလ်ရ

ထိုရဟန်းအပါး ခြောက်ဆယ်တို့သည် ထိုရအပ်သော ဧကဂ္ဂတာစိတ်ဖြင့် ဝိပဿနာကို ပွားလိုက်ရာ မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ တပြိုင်တည်း ရောက်ကြကုန်၏။ ထိုရဟန်းများ စဉ်းစားကုန်၏။ ''ငါတို့ အားထားရာ အမှန်မှာ ဤဥပါသိကာမကြီးသာတည်း။ ငါတို့သည် သူ၏အထံမှ အာဟာရသပ္ပါယ မရရှိကုန်အံ့။ မဂ္ဂပဋိဝေဓ၊ ဖလပဋိဝေဓ တို့ကို မရကုန်ရာ၊ ဝါကျွတ်လို့ ပဝါရဏာပြုပြီးလျှင် ဘုရားရှင်ထံ သွားကုန်အံ့'' ဟူ ကြံကြကုန်၏။ ဥပါသိကာမကြီးကိုလည်း ဘုရားရှင်ထံ အဖူးမြော်သွားရန် ပန်ကြားကုန်၏၊ ''ကောင်းပါ၏''ဟူ လျှောက်၏၊ ဥပါသိကာမကြီးသည် အနည်းငယ် လိုက်ပို့ပြီး ပြန်ခဲ့၏၊ ရဟန်းတော်များသည် သာဝတ္ထိပြည်သို့သွား၍ ဘုရားရှင်ကို ရှိခိုးပြီး နေရာတခု၌ နေ၏။ ကျန်းမာရေး၊ ချမ်းသာရေး၊ ဆွမ်းရေး၊ ကွမ်းရေးဘို့ ကိုပါ မေးလေ၏။မာတိကာ ဥပါသိကာမကြီး၏ အစီအစဉ်ကြောင့် ဆွမ်း ကွမ်း မပင်ပန်း၂ါကြောင်းနှင့် မာတိကာ ဥပါသိကာမကြီး၏ ကျေးဇူး တို့ကို လျှောက်ထားကြလေ၏။

၁၃၃၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## မိမိအားအင် မှတ်ကျောက်တင် တရားတော်

ကမ္မဋ္ဌာန်းဆရာ မဟာတိဿမထေရ်ကြီး အနှစ် ၆၀-လုံးလုံး မိမိကိုယ်ကို ရဟန္တာမှတ်ခဲ့လျက် နောက်မှ ပုထုဇဉ်သာရှိသေးကြောင်း သိရ၊ ဘာ့ကြောင့် သိသလဲ၊ ဘာ့ကြောင့် မသိခဲ့သလဲ၊

❀

မဟာတိဿ၊ ဘက်စုံရ၊ ပြသ ကမ္မဋ္ဌာန်းဆရာ။
ရဟန်းခံစ၊ ဝါမရ၊ ထိုမှ စခဲ့ပါ။
သမာဓိပွား၊ ဈာန်တရား၊ ရှစ်ပါး ပြည့်စုံပါ။
သမာဓိအား၊ လွန်ကြီးမား၊ ကွာသွား ကိလေသာ။
သောကတွေငြိမ်း၊ အပူသိမ်း၊ အေးကိန်း ကိလေသာ။
အသက်ရှစ်ဆယ်၊ ဝါခြောက်ဆယ်၊ ခန့်ထယ် လွန်ကျန်းမာ။
ရဟန္တာဘဲ၊ စိတ်မှာစွဲ၊ အမြဲ မှတ်ခဲ့တာ။
တပည့်ဓမ္မဒိန္န၊ မထေရ်ရက၊ မုချ ရဟန္တာ။
လေးဝပဋိသမ်၊ ပြည့်စုံပြန်၊ ခြောက်တန် အဘိညာ။
တိဿမဟာ၊ ကျောင်းတိုက်တာ၊ ပင့်လာ များသံဃာ။
သံဃာ့ဦးစီး၊ တင်မြှောက်ပြီး၊ ထီးထီး ကြွလိုပါ။
ရရှိဓမ္မ၊ ဘယ်တုန်းက၊ ရထ မေးလေရာ။
ခြောက်ဆယ်နှစ်မျှ၊ ထိုချိန်က၊ စ၍ ရခဲ့ပါ။

ရေကန် ပထမ၊ ကြာတောမျှ၊ ပွင့်ထ ကြီးကျယ်လာ။
ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုဖြူငယ်၊ တင့်တယ် လှပစွာ။
ခိုင်းနှလသမျှ၊ ဖန်ဆင်းရ၊ လုပ်ပြ အကုန်သာ။
ပျိုဖြူအလှ၊ ရှုစေသ၊ သုဘ ဟူ၍သာ။
ရှုယင်း ရှုယင်း၊ ရှုနေယင်း၊ ဖြစ်ခြင်း လောဘမှာ။
ပုသုဇဉ်မျှ၊ ကိုယ့်ဘ၀၊ ကျန သိ၍လာ။
တပည့်ရှေ့မှာ၊ ရိုသေစွာ၊ ထိုင်လာ ဆောင့်ကြောင့်သာ။
သင့်အားမှန်စွာ၊ အားကိုးရာ၊ ရှိပါ မိန့်ခါခါ။
သူမကိုပင်၊ ရှုဘွင်တွင်၊ ဆင်ခြင် အသုဘာ။
ပေ ပြီ ကာလ၊ ပြင်ထွက်ကြွ၊ ခဏ အတွင်းမှာ။
ပဋိသမ္ဘိဒါပတ္တ၊ စုံပြည့်၀၊ ဖြစ်ထ ရဟန္တာ။

(အင်္ဂုတ္တရ နိကာယ၊ ၄၊ ပ-နှာ ၆၇/၃၂)

(ဓမ္မဒါနအလှူရှင်) ဦးဟုတ်လှိုင်-ဒေါ်ကျင်ဆိုင် မိသားစု ကောင်းမှု။
ညောင်ပိုင်း ၁၇-လမ်း၊ ပဲခူးမြို့။

❀

## မိမိအားအင် မှတ်ကျောက်တင် တရားတော်-
## ကမ္မဋ္ဌာန်းဆရာ မဟာတိဿမထေရ်ကြီး အနှစ် ၆၀-လုံးလုံး မိမိကိုယ်ကို ရဟန္တာမှတ်ခဲ့လျက် နောက်မှ ပုထုဇဉ်သာ ရှိသေးကြောင်း သိရ၊ ဘာ့ကြောင့် သိသလဲ၊ ဘာ့ကြောင့် မသိသလဲ။

### မှတ်သားဘွယ် အကျဉ်းချုပ်

❁

### မဟာတိဿထံ အမှန်ရောက်ထ ဓမ္မဒိန္န

မဟာတိဿ မထေရ်ကြီးသည် ရဟန်းဖြစ် ၈ ဝါပင် မရသေးသော အခါမှ စ၍ သမာပတ် ရှစ်ပါးကို ရ၏။ ပထမဈာန် စသည်ကို ဝင်စားခြင်း များသည်၏ အဖြစ်ကြောင့် ကိလေသာသည် စင်ခွင့်မရပါ။ သမာပတ် အစွမ်းဖြင့် ကိလေသာ ကွာနေ၏။ ထိုမထေရ်ကြီးသည် သမာပတ် အစွမ်းဖြင့် ကွာနေသော ကိလေသာတို့ကို အစင်မခံသည်၏ အစွမ်းဖြင့် လည်းကောင်း၊ သင်ယူခြင်း၊ မေးမြန်းခြင်းတို့၏ အစွမ်းဖြင့် လည်းကောင်း၊ အရိယာမဂ်၏ အနီးအနားဖြစ်သော တရားကို ဟောနိုင်၏။ ဝါခြောက်ဆယ် ရှိသော်လည်း မိမိ၏ ပုထုဇဉ်၏ အဖြစ်ကို မသိ။ တနေ့သ၌ မဟာဂါမအရပ်၌ တိဿ မဟာဝိဟာရ မည်သော ကျောင်းမှ ရဟန်း အပေါင်းသည် တလင်္ဂရ အရပ်၌ နေသော ဓမ္မဒိန္နထေရ်အား သတင်းစကား ပို့လိုက်၏။ "အရှင်ဘုရားသည် ကြွလာ၍ ငါတို့အား ဓမ္မကထာကို ဟောတော်မူပါ" ဟူ၍ ဖြစ်၏။ ဓမ္မဒိန္နထေရ်သည် ဝန်ခံ၍ "ငါ၏ အထံ၌ အလွန်ကြီးသော ရဟန်း မရှိ။ မဟာတိဿ မထေရ်သည်ကား ငါ၏ ကမ္မဋ္ဌာန်း ဆရာတည်း။ ထို ငါ၏ ကမ္မဋ္ဌာန်းဆရာ မဟာတိဿ မထေရ်ကြီးကို သံဃထေရ်ပြုပြီး သွားပါအံ့" ဟု ကြံလျက် ရဟန်း အပေါင်း ခြံရံလျက် မဟာတိဿ မထေရ်ကြီး၏ ကျောင်းသို့ သွား၍ ဝတ်ကြီး ဝတ်ငယ်ပြုပြီး နေရာတခု၌ နေ၏။

## ဆယ့်ခြောက်နှစ်ရွယ် ချစ်ဖွယ်မိန်းမ ဖန်ဆင်းပြ

မဟာတိဿ ထေရ်သည် ဤသို့ ဆို၏။ ''အကြောင်း အဘယ် သို့ ရှိသနည်း''။ ''အရှင်ဘုရား၊ တိဿ မဟာဝိဟာရမှ တပည့်တော်၏ ရဟန်း အပေါင်းသည် ပင့်ပါသည်။ တပည့်တော် တပါးထဲလည်း မကြွလိုပါ။ အရှင် ဘုရားတို့နှင့်တကွ ကြွလိုပါ၍ လာခဲ့ပါသည်'' အလ္လာပ သလ္လာပ စကားများ ပြောကြားပြီး ဆက်မေးလေ၏။ ''အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ဤတရားကို ဘယ်တုန်းက ရထားပါသနည်း'' ဟု မေး၏။ ''ငါ့ရှင် ဓမ္မဒိန္န၊ ငါသည် ဤ တရားကို ရတာ အနှစ် ၆၀-ရှိပြီ'' ''အရှင်ဘုရား၊ သမာပတ် ဝင်စားနိုင်ပါ သလော''၊ ''ငါ့ရှင်၊ ဝင်စားနိုင်၏''။ ''အရှင်ဘုရား၊ ရေကန်ကြီး တခုကို ဖန် ဆင်းခြင်းငှာ စွမ်းနိုင်ပါသလော''၊ ''ငါ့ရှင်၊ ဒါတွေဟာ ဘာတခုမျှ ဝန်မလေး ပါ''ဟူ ဆို၍ မျက်မှောက်၌ ရေကန်ကြီး တလုံးကို ဖန်ဆင်းပြလိုက်၏။ ထို့နောက် ''ရေကန်ကြီး၌ ပဒုမ္မာတောကြီးကို ဖန်ဆင်းနိုင်ပါသလော'' မေး၍ ဒါကိုလည်း ဖန်ဆင်းပြလိုက်၏။ ''အရှင်ဘုရား၊ ဆယ့်ခြောက်နှစ်အရွယ် အမျိုးသမီးငယ် ကိုလည်း ဖန်ဆင်းနိုင်ပါသလော'' မေး၍ ဒါကိုလည်း ဖန်ဆင်းပြလိုက်၏။

## ဆရာတပည့် ပြောသည့်စကား တန်ဘိုးထား

ထို့နောင်မှ ထိုမထေရ်ကြီးကို ဤသို့ လျှောက်၏။ ''အရှင်ဘုရား၊ ဆယ့်ခြောက်နှစ်အရွယ် အမျိုးသမီးငယ် ကလေးကို ထပ်ခါ ထပ်ခါ သုဘဟူ၍ နှလုံးသွင်းလော'' ဟု လျှောက်၏။ မထေရ်ကြီးသည်လည်း သုဘအားဖြင့် လောဘပေါ်လာအောင် နှလုံးသွင်း၏။ ထိုအခါ မိမိ၏ ရဟန္တာ မဟုတ်၊ ပုထုဇဉ်မျှသာ ရှိသေးကြောင်း သိလာ၏။ ထို့ကြောင့် ယင်း ကမ္မဋ္ဌာန်းဆရာ မဟာတိဿ မထေရ်ကြီးသည် တပည့် ဓမ္မဒိန္န အနီး၌ ဆောင့်ကြောင့်ထိုင်ကာ အောက်ပါအတိုင်း ဆရာ တပည့် ပြောဆိုကြ၏။

(၁) အဝဿယော မေ သပ္ပုရိသ ဟောဟိ=သပ္ပုရိသ၊ အို-သူတော် ကောင်း။ တွံ၊ သင်သည်။ မေ၊ ငါ၏။ အဝဿယော၊ အားကိုး စရာ အားထားစရာသည်။ ဟောဟိ၊ ဖြစ်ပါလော့။ ဝါ၊ ဖြစ်ပါရစေ။

(၂) တေဒတ္ထ မေစ ါဟံ ဘန္တေ အာဂတော = ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ တေဒတ္ထမေဝ၊ ထိုအရှင်ဘုရား၏ အကျိုးငှာသာလျှင်။ အာဂတော၊ လာခဲ့ခြင်းဖြစ်ပါ၏။

## သမာပတ်စ ဖြစ်ကြည်ခါ ကိလေကွာ

မဟာတိဿ မထေရ်ကြီးအား အသုဘ အစွမ်းဖြင့် မှတ်ရလွယ်ကူ ပေါ်ပါးသည်ကို ပြု၍ ကမ္မဋ္ဌာန်းကို ဟော၍ မထေရ်ကြီးအား အခွင့်ပေးခြင်းငှာ ခေတ္တ အပြင်သို့ ထွက်လိုက်၏။ ကမ္မဋ္ဌာန်း တရား၌ အလေ့အလာ အလွန်များခဲ့သော မထေရ်ကြီးသည် ဓမ္မဒိန္နမထေရ် နေ့သန့်စင်ရာမှ ထွက်လိုက်သည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားပြီ။ ထို့ကြောင့် ထိုမဟာတိဿ (ရဟန္တာ ဖြစ်စ) မထေရ်ကြီးကိုပင် သံဃထေရ်ပြု၍ ဓမ္မဒိန္နထေရ်သည် တိဿမဟာဝိဟာရသို့ သွား၍ သံဃာအား ဓမ္မကထာများ ဟောကြားလေ၏။ ဤသို့ သဘောရှိသော ယောဂီအား သမာပတ်၏ အစွမ်းဖြင့် ခွာထားအပ်သော ကိလေသာကို ဤအတိုင်း ခွာထားနိုင်သည်ကို သိသင့်၏။ ဝိပဿနာ ကြပ်ကြပ် ရှုပွားနေလျှင်လည်း ကိလေသာ ဝင်ခွင့် မရပါ။ ဝိပဿနာ၏ အစွမ်းဖြင့် ကိလေသာကို ခွာထားသည် မည်၏။ ထိုယောဂီသည် ထိုအတိုင်း ကိလေသာတို့ကို ကွာအောင်ပြု၍ တဖြည်းဖြည်း ရဟန္တာအဖြစ် ရောက်အောင် ပြုနိုင်၏။

၁၃၃၈–၃၉ ခု၊ သီတင်းကျွတ်လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

**ဆုကြီးမျှားပန် အောင့်သည်းခံ တရားတော်**
**အတူတရားနာ ရဟန်း ၂၅၀ အားလုံး ရဟန္တာ ဖြစ်ကြလျက် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ဘယ်အဆင့်သို့မျှ မရောက်ခဲ့၊ အကြောင်း ဘယ်သို့နည်း။**

ရာဇဂဟ၊ အနီးမှ၊ ဥပတိဿရွာ။
သာရိခေါ်ကြ၊ ပုဏ္ဏေးမ၊ စွဲထ ဝမ်းတိုက်မှာ။
ဥပတိဿ၊ ရွာနီးမှ၊ ဂါမ ကောလိတာ။
မောဂ္ဂလီခေါ်ကြ၊ ပုဏ္ဏေးမ၊ စွဲထ ဝမ်းတိုက်မှာ။
တဆယ့်ရှစ်ရပ်၊ ယိုအတတ်၊ သင်လတ် ပြီးဆုံးပါ။
နှစ်စဉ်ပြုမြဲ၊ တောင်ထိပ်ပွဲ၊ လက်တွဲ သွားချင်းမှာ။
တောင်ခြေမြင်သမျှ၊ သင်္ခါရ၊ အနိစ္စဟုသာ။
အိမ်မပြန်ဘဲ၊ ဇွဲမာန်သဲ၊ လက်တွဲ သွားခဲ့ပါ။
သဉ္စည်းဆရာ့ထံ၊ ရောက်ခဲ့မှန်၊ ပြုပြန် ပရိဗိုဇ်သာ။
မေးလျှောက်လေထ၊ အားမရ၊ ထွက်ကြ တိုင်ပင်ကာ။
အဿဇိထေရ်၊ တွေ့ခဲ့ပေ၊ မေးလေ ထပ်ခါခါ။
ပဒုနှစ်ပဒ၊ နာကြားရ၊ သောတပန်သာ။
ကောလိတ ထံ၊ ပြေးအမြန်၊ ပြောပြန် ထိုတူသာ။

နှစ်ရာ့ငါးဆယ်၊ မိတ်သွယ်သဂ္ဂယ်၊ ခေါ်သယ် ထွက်ခဲ့ပါ။
ဘုရားထံပါး၊ ရောက်လေငြား၊ အများ တရားနာ။
ဟေဝိဘိက္ခု၊ ခေါ်မိန့်ပြု၊ ဘိက္ခု မျက်မှောက်မှာ။
နှစ်ရာ့ငါးဆယ်သည်၊ စုံအညီ၊ ဖြစ်ပြီ ရဟန္တာ။
ဆံ မုဘ်ဆိတ်ပယ်၊ သပိတ်လွယ်၊ တင့်တယ် သင်္ကန်းပါ။
သာရိပုတ္တာ၊ မောဂ္ဂလာ၊ မရ ထက်မက် ထက်ဖိုလ်မှာ။
သာဝက ပါရမီဉာဏ်၊ အားအင်မှန်၊ ကြီးပြန် ဤသို့သာ။
ရဟန်းဖြစ်စ၊ ခုနစ်ရက်မျှ၊ မှတ်ကြ ကောလိတာ။
ဓာတု ကမ္မဋ္ဌာန်း၊ နာရမှန်၊ ဖြစ်ပြန် ရဟန္တာ။
ရဟန်းဖြစ်စ၊ ဆယ့်ငါးမျှ၊ ဥပတိဿမှာ။
ဝေဒနာ ပရိဂ္ဂဟ သုတ္တန်၊ နာရမှန်၊ ဖြစ်ပြန် ရဟန္တာ။
အဂ္ဂသာဝက၊ စုံပြည့်ကြ၊ နှစ်ဝ ပြိုင်တူသာ။

(အင်္ဂုတ္တရနိကာယ၊ ဋ္ဌ၊ ပ-နှာ-၁၁၆)

(စမ္ပဒါနအလှူ့ရှင်) ပရိက္ခရာကုန်သည် အမိ ဒေါ်အုန်းမြနှင့် ဦးကျော်လှိုင်+
ဒေါ်ခင်နု သားသမီး မြေးတစု ကောင်းမှု။ မင်းလှမ်း၊ ပဲခူးမြို့၊

# ဆုကြီးများပန် အောင့်သည်းခံ တရားတော်

# အတူတရားနာ ရဟန်း ၂၅၀-အားလုံး ရဟန္တာဖြစ်ကြလျက် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ဘယ်အဆင့်သို့မျှ မရောက်ခဲ့၊ အကြောင်း ဘယ်သို့နည်း။

မှတ်သားဘွယ် အကျဉ်းချုပ်

၁

## မဂ်ဖိုလ်တရား ရှာသွားဘို့ရန် စိတ်ကကြံ

ရှင်သာရိပုတ္တရာကား မဟာပညာတေဒဂ်၊ ရှင်မောဂ္ဂလာန်ကား ဣဒ္ဓိမန္တ ဧတဒဂ် ဖြစ်သည်။ လွန်ပြီး တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ရှင်သာရိပုတ္တရာသည် ဗြာဟ္မဏမဟာသာလမျိုး၌ ဖြစ်၏။ အမည်ကား သရဒတည်း။ ရှင်မောဂ္ဂလာန်သည် ဂဟပတိမဟာသာလမျိုး၌ ဖြစ်၏။ အမည်ကား သိရိဝဍ္ဎနတည်း။ ထို နှစ်ယောက်ဘို့သည် မြေမှုန့်ကို ကိုင်ကစားသည့် အရွယ်မှ စ၍ သူငယ်ချင်းတည်း။ သရဒသည် အဘ ကွယ်လွန်သော် အဘဥစ္စာတို့ကို ရ၏။ တနေ့သောအခါ စဉ်းစား၏။

အဟံ ဣဓလောကတ္တဘာဝမေဝ ဇာနာမိ၊ နော ပရလောကတ္တဘာဝံ၊ ဇာတသတ္တာနဉ္စ မရဏံ နာမ ဓုဝံ၊ မယာ ဧကံ ပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ မောက္ခဓမ္မဂဝေသနံ ကာတုံ ဝဋ္ဋတိ။

အဟံ၊ ငါသည်။ ဣဓလောကတ္တဘာဝမေဝ၊ ဤ ပစ္စုပ္ပန် လောက အတ္တဘော(ခန္ဓာကိုယ်)ကိုသာလျှင်။ ဇာနာမိ၊ သိ၏။ ပရလောကတ္တဘာဝံ၊ တမလွန်လောက အတ္တဘော(ခန္ဓာကိုယ်)ကို။ နော ဇာနာမိ၊ မသိပါ။ ဇာတသတ္တာနဉ္စ၊ ပဋိသန္ဓေနေသော သတ္တဝါတို့၏လည်း။ မရဏံနာမ၊ သေခြင်းမည်သည်။ ဓုဝံ၊ မြဲ၏။ မယာ၊ ငါသည်။ ဧကံ၊ တခုသော။ ပဗ္ဗဇ္ဇံ၊ ရဟန်း

အဖြစ်ကို။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ မောက္ခမဂ္ဂဂဝေသနံ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားရှာမှီးခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ၊ စရတိ၊ သင့်၏။

## မိမိသာပြု ထိုမှုသေချာ မိမိသာ

သရဒသည် ယူငယ်ချင်း သိရိဝဍ္ဎနကို ကပ်၍ ''သူငယ်ချင်း သိရိဝဍ္ဎန၊ ငါသည် ရဟန်းပြု၍ မဂ်ဖိုလ်တရားကို ရှာအံ့။ သင်သည် ငါနှင့်တကွ ရဟန်းပြုခြင်းငှာ စွမ်းနိုင်ပါအံ့လော'' ဟု ဆို၏။ ''ငါ မစွမ်းနိုင်ပါ၊ သင်သာ ရဟန်းပြုလော့'' ဟု ဆို၏။ သရဒသည် ဆက်လက် ကြံပြန်ပြီ။

ပရလောကံ ဂစ္ဆန္တာ သဟာယေ ဝါ ဉာတိမိတ္တေ ဝါ ဂဟေတွာ ဂတာနာမ နတ္ထိ၊ အတ္တနာ ကတံ အတ္တနော ဝ ဟောတိ။

ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တာ၊ သွားကုန်သော သူတို့သည်၊ သဟာယေ ဝါ၊ အပေါင်းအဖော်တို့ကိုလည်းကောင်း။ ဉာတိမိတ္တေ ဝါ၊ ဆွေမျိုးမိတ်ဆွေတို့ကိုလည်းကောင်း။ ဂဟေတွာ၊ ခေါ်၍။ ဂတာနာမ၊ သွားကုန်သော သူတို့မည်သည်၊ နတ္ထိ၊ မရှိကုန်။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်သော အမှုသည်။ အတ္တနော ဝ၊ မိမိအားသာလျှင်။ ဟောတိ၊ ဖြစ်၏။

## အနောမဒဿီ ပွင့်ပြီသိမှတ် အတ္ထုပ္ပတ်

ထို့နောက် မဟာဒါနကြီးပြု၍ တောင်ခြေသို့ ဝင်၍ ဣသိပဗ္ဗဇ္ဇပြု၏။ ခုနစ်သောင်းလေးထောင်သော ဆံကျစ်ရသေ့တို့သည် အတူလိုက်ကာ ရဟန်းပြုကြကုန်၏။ ထို သရဒ ဣသိပဗ္ဗဇ္ဇသည် အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၍ ကသိုဏ်းပရိကမ်ကိုသာ ဟောလေ့ရှိ၏။ ထိုအခါ အနောမဒဿီဘုရား ပွင့်လာ၏။ မြို့ကား စန္ဒဝတီတည်း။ အဘကား ယသဝန္တတည်း။ အမိကား ယသောဓရာတည်း။ ဗောဓိပင်ကား ဖောက်ကြံ့ (ထောက်ကြံ့) ပင်တည်း။ နိသဘထေရ်နှင့် အနောမထေရ်တို့သည် အဂ္ဂသာဝက တို့တည်း။ ဝရုဏထေရ်သည် အလုပ်အကျွေးတည်း။ သုန္ဒရာ၊ သုမနာ ဘိက္ခုနီ နှစ်ဦးတို့သည် အဂ္ဂသာဝိကာတို့တည်း။ အသက်တသိန်းတန်း ဖြစ်၏။ ကိုယ်သည် ငါးဆယ့်ရှစ်တောင် အစောက်ရှိ၏။ ကိုယ်ရောင်သည် ဆယ့်နှစ်ယူဇနာ ပြန့်၏။ ရဟန်းတသိန်း ခြံရံ၏။

## သရဒထံ အမှန်ကြွလတ် ဘုရားမြတ်

တခနေ့သ၌ မိုးသောက်သောအခါ မဟာကရုဏာသမာပတ်မှ ထ၍ လောကကို ကြည့်သော် သရဒ ရသေ့ကို မြင်၍ အောက်ပါအတိုင်း ကြံ၏။

အဇ္ဇ မယှံ သရဒတာပသဿ သန္တိကံ ဂတပစ္စယေန ဓမ္မဒေသနာ စ မဟတီ ဘဝိဿတိ၊ သော စ အဂ္ဂသာဝကဋ္ဌာနံ ပတ္ထေဿတိ၊ တဿ သဟာယကော သိရိဝဍ္ဍနကုဋုမ္ဗိကော ဒုတိယသာဝကဋ္ဌာနံ၊ ဒေသနာပရိ- ယောသာနေ စဿ ပရိဝါရာ စတုသတ္တတိသဟဿ ဇဋိလာ အရဟတ္တံ ပါပုဏိဿန္တိ၊ မယာ တတ္ထ ဂန္တုံ ဝဋ္ဋတိ။

အဇ္ဇ၊ ယနေ့။ မယှံ၊ ငါ၏။ သရဒတာပသဿ၊ သရဒ ရသေ့၏။ သန္တိကံ၊ အထံသို့။ ဂတပစ္စယေန၊ သွားသော အကြောင်းဖြင့်၊ ဓမ္မဒေသနာစ၊ ဓမ္မဒေသနာ သည်လည်း။ မဟတီ၊ ကြီးကျယ် မွန်မြတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော စ၊ ထို သရဒ ရသေ့သည်လည်း။ အဂ္ဂသာဝကဋ္ဌာနံ၊ အဂ္ဂသာဝက ရာထူးကို။ ပတ္ထေဿတိ၊ တောင့်တလတ္တံ့။ တဿ၊ ထို သရဒ ရသေ့၏။ သဟာယကော၊ မိတ်ဆွေဖြစ်သော။ သိရိဝဍ္ဍနကုဋုမ္ဗိကော၊ သိရိဝဍ္ဍနမည် သော သူကြွယ်သည်။ ဒုတိယ သာဝကဋ္ဌာနံ၊ ဒုတိယ သာဝက ရာထူးကို။ ပတ္ထေဿတိ၊ တောင့်တလတ္တံ့။ စ၊ ဆက်ဦးအံ့။ ဒေသနာပရိယောသာနေ၊ ဒေသနာတော်၏ အဆုံး၌။ အဿ၊ ထို သရဒ ရသေ့၏။ ပရိဝါရာ၊ အခြံအရံ ဖြစ်ကုန်သော၊ စတုသတ္တတိသဟဿဇဋိလာ၊ ခုနစ်သောင်း လေးထောင်သော ဆံကျစ်ရသေ့တို့သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိဿန္တိ၊ ရောက်ကြ ကုန်လတ္တံ့. မယာ၊ ငါသည်။ တတ္ထ၊ ထို သရဒ ရသေ့အထံသို့။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။

## ဘုရားမြတ်စွာ လက္ခဏာကြည့် အမှန်သိ

ဤသို့ ကြံတော်မူ၍ မိမိ၏ သပိတ် သင်္ကန်းကို ယူ၍ တပါးသော တစုံ တယောက်သောသူကို မခေါ်မူ၍ ခြင်္သေ့မင်းကဲ့သို့ တပါးတည်း သရဒရသေ့၏ အတွင်းနေ တပည့်တို့ သစ်သီး ကြီး ငယ် အလို့ငှာ သွားကုန်သည် ရှိသော် ငါ့အား ဘုရားအဖြစ်ကို သိစေသတည်းဟု အဓိဋ္ဌာန်၍ ထိုသရဒရသေ့ ကြည့် နေစဉ်မှာပင် ကောင်းကင်မှဆင်း၍ မြေ၌ တည်လေ၏။ သရဒရသေ့သည်

ဘုရားရှင်၏ ဗုဒ္ဓါနုဘာဝကို လည်းကောင်း၊ သရီရသမ္ပတ္တိကို လည်းကောင်း မြင်၍ လက္ခဏာမန္တန်တို့ကို သုံးသပ်၍-

က္လမေဟိ လက္ခဏေဟိ သမန္နာဂတော နာမ အဂါရမဇ္ဈေ ဝသန္တော ရာဇာ ဟောတိ စက္ကဝတ္တိ၊ ပဗ္ဗဇန္တော လောကေ ဝိဝဋ္ဋစ္ဆဒေါ သဗ္ဗညုဗုဒ္ဓေါ ဟောတိ၊ အယံ ပုရိသော နိဿံသယံ ဗုဒ္ဓေါ။

က္လမေဟိ လက္ခဏေဟိ၊ ဤလက္ခဏာတို့နှင့်။ သမန္နာဂတော နာမ၊ ပြည့်စုံသောသူ မည်သည်ကား။ အဂါရမဇ္ဈေ၊ အိမ်၏ အလယ်၌။ ဝသန္တော၊ နေသည်ရှိသော်။ စက္ကဝတ္တိ၊ စကြာ ရတနာကို လည်စေတတ်သော။ ရာဇာ၊ မင်းသည်။ ဟောတိ၊ ဖြစ်၏။ ပဗ္ဗဇန္တော၊ ရဟန်းပြုသည်ရှိသော်။ လောကေ၊ လောက၌။ ဝိဝဋ္ဋစ္ဆဒေါ၊ ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာ အမိုးအကာကို ဖွင့်ခွ ပြီးသော။ သဗ္ဗညုဗုဒ္ဓေါ၊ သဗ္ဗညု မြတ်စွာဘုရားသည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ နိဿံသယံ၊ ယုံမှားမဲ့။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ သိရှိလေ၏။

## တုပ်ဝပ်ဖူးတွေ့ ရသေ့တသိုက် ဦးဖြင့်တိုက်

ဤသို့လျှင် သရဒရသေ့သည် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်ကြောင်းကိုသိ၍ ခရီးဦး ကြိုဆိုခြင်းကိုပြု၍ ပဥ္စပတိဋ္ဌိတခေါ် ငါးပါးသော တည်ခြင်းကြီးဖြင့် ရှိခိုး၍ နေရာကို ခင်းပေး၏။ ဘုရားရှင်သည် ခင်းထားသော နေရာ၌ ထိုင်၏။ သရဒရသေ့သည်လည်း မိမိအား လျောက်ပတ်သော နေရာကို ယူ၍ တခုသော နေရာ၌ ထိုင်ပြီ။ ထိုအခါ ခုနစ်သောင်း လေးထောင်သော ရသေ့တို့သည် မွန်မြတ် မွန်မြတ်ကုန်သော အရသာ ရှိကုန်သော သစ်သီး ကြီးငယ်တို့ကို ယူ၍ ဆရာ သရဒ၏ အထံသို့ ရောက်ကြကုန်သည် ရှိသော် ဘုရားရှင်တို့၏ လည်းကောင်း၊ ဆရာ သရဒ၏ လည်းကောင်း ထိုင်နေကြသည်ကို မြင်၍-

"ဆရာ၊ ငါတို့သည် ဤလောက၌ သင်တို့ထက် မြင့်မြတ် ထူးကဲသော သူ မရှိတော့ဟု မှတ်ပြီး လှည့်လည် ကြကုန်၏။ ယခု ဤယောကျ်ားသည်ကား သင်တို့ထက် မြင့်မြတ် ထူးကဲသည်ဟု ထင်ပါသည်"ဟု လျှောက်ထားကြကုန်၏။

"အမောင်တို့၊ အသို့ ဆိုကြကုန်သနည်း။ မုံညင်းစေ့ကို ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်ကြီးနှင့် နှိုင်းသလို

မပြုသင့်ပါ။ သဗ္ဗညုဘုရားရှင်နှင့် ငါ့အား ဥပမာ မပြုသင့်ပါ သားငယ်တို့”ဟု သရဒရသေ့က ပြန်လည် ပြောကြားလေ၏။

ထိုအခါ ထိုရသေ့တို့သည် ဤပုဂ္ဂိုလ်သည် သေးငယ်သော ပုဂ္ဂိုလ် တယောက် ဖြစ်ပြီး၊ ငါတို့၏ဆရာသည် ဤသို့ သဘောရှိသော ဥပမာကို မပြုတန်ရာ။ ဤယောက်ျားသည် အလွန် ကြီးကျယ်သောပုဂ္ဂိုလ် ဖြစ်ပေစွ တကားဟု အားလုံးသဘောပေါက်၍ ဘုရားရှင်၏ ခြေတို့၌ဝပ်၍ ဦးခေါင်းဖြင့် ရှိခိုး ကုန်၏။

## ဆွမ်းဘုဉ်းပေးခြင်း မယ္ဆင်းအာတည် ပြိုးေပြ

ထိုအခါ ခုနစ်သောင်း လေးထောင်သော တပည့်တို့ကို ဆရာသရဒ ရသေ့သည် ဤသို့ ဆို၏။

“အမောင်တို့၊ ငါတို့မှာ ဘုရားရှင်တို့အား လျောက်ပတ်သော လှူဘွယ် ဝတ္ထုမရှိ၊ မြတ်စွာဘုရားသည်လည်း ဆွမ်းခံချိန်၌ ဤအရပ်သို့ ကြွလာ၏။

ငါတို့ စွမ်းအားရှိသလောက် လှူဘွယ်ဝတ္ထုကို လှူကြကုန်အံ့။ သင်တို့ သည် ခွန်မြတ်သော သစ်သီးကြီးငယ်တို့ကို ယူခဲ့ကြကုန်လော့”

ဤသို့ ဆောင်စေ၍ လက်တို့ကိုဆေး၍ ကိုယ်တိုင် ဘုရားရှင်၏သပိတ်၌ ထည့်ပေး၏။ ဘုရားရှင်သည်လည်း သစ်သီးကြီးငယ်တို့ကို ခံယူကာမျှ၌ နတ် အပေါင်းတို့သည် နတ်၌ဖြစ်သော ဩဇာဓာတ်တို့ကို ထည့်ကုန်၏။ သရဒရသေ့ သည် ရေကိုလည်း ကိုယ်တိုင် စစ်၍ ပေး၏။ ထို့နောင် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြီးဆုံးစေ၏။

## ပန်းမွေ့ယာထက် တက်ပါစေချင် လျှောက်ဆိုတင်

ဆွမ်းဘုဉ်းပေးပြီးနောက် အတွင်းနေ တပည့် အားလုံးတို့ကို ခေါ်၍ လျောက်ပတ်သော စကားတို့ကို ပြောလျက် ထိုင်လေ၏။ မြတ်စွာဘုရားသည် ‘နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် ရဟန်းအပေါင်းနှင့်တကွ လာကြ စေကုန်သတည်း’ ဟု အာရုံပြုလိုက်၏။ ထို အဂ္ဂသာဝက နှစ်ပါးတို့သည် ဘုရားရှင်၏စိတ်ကို သိရ၍ ရဟန္တာတသိန်း ခြံရံကုန်လျက် လာ၍ ဘုရားရှင်ကို ရှိခိုးပြီး လျောက်ပတ်သောနေရာ၌ ထိုင်နေကြကုန်၏။ ထို့နောင် သရဒ ရသေ့ သည် တပည့်တို့ကို မိန့်၏။ “အမောင်တို့၊ ဘုရားရှင်တို့၏ နေထိုင်ရာနေရာ

သည် နိမ့်သေး၏။ ရဟန်းတသိန်းတို့အတွက်လည်း နေရာ မလောက်သေး။ သင်တို့သည် ယနေ့ ဘုရားရှင်အား ကြီးမား မွန်မြတ်သည်ကို ပြုအပ်၏။ တောင်ခြေမှ အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းတို့ကို ဆောင်ခဲ့လော့''ဟု ဆို၏။ ပြောနေတာ ကြာပါသေး၏။ ဣဒ္ဓိမန္တပုဂ္ဂိုလ်တို့၏အရာကား သာမန်ပုဂ္ဂိုလ်များ မကြံနိုင်။ချက်ချင်း ပြည့်စုံသွား၏။ အဂ္ဂသာဝကနှစ်ပါးအတွက် သုံးဂါဝုတ်၊ ကြွင်းရဟန်းတို့အတွက် ယူဇနာဝက် စသည်၊ အငယ်ဆုံးလေးအတွက် တဥသဘမျှသော ပန်းအခင်းကို ခင်းကြကုန်ပြီ။ သရဒရသေ့သည် ဘုရားရှင်ရှေ့ တည့်တည့်မှ လက်အုပ်ချီပြီးရပ်လျက် ဤသို့ လျှောက်၏။ ''အရှင်ဘုရား၊ တပည့်တော်၏ ရှည်မြင့်စွာသော နေ့ည့ဥ်ပတ်လုံး ဟိတသုခအကျိုးငှာ ဤပန်းနေရာသို့ တက်ထိုင် သီတင်းသုံးတော်မူပါကုန်'' ဟု လျှောက်၏။

## ဘုရားရှင်အား ဝပ်တွားရိုသေ ထိုင်၍နေ

ဘုရားရှင် ထိုင်ပြီးသော် အဂ္ဂသာဝကနှစ်ပါးတို့သည် လည်းကောင်း၊ ကြွင်းကုန်သော ရဟန်းတို့သည်လည်းကောင်း မိမိတို့ဘို့ရောက်အပ်သော နေရာဟို့၌ ထိုင်ကြကုန်ပြီ။ သရဒရသေ့သည် ပန်းထီးတော်ကြီးကိုကိုင်၍ မြတ်စွာဘုရား၏ထိပ်ထက်တွင် ဆောင်းပေးလျက် ရပ်လေပြီ။ မြတ်စွာဘုရားသည်လည်း ရသေ့တို့၏ ဤပူဇော်ခြင်းသည် များသောအကျိုး ရှိပါစေဟု နိရောဓသမာပတ်ကို ဝင်စား၏။ မြတ်စွာဘုရား သမာပတ် ဝင်စားတော်မူသည်၏ အဖြစ်ကို သိသော အဂ္ဂသာဝက နှစ်ပါးတို့သည်လည်းကောင်း၊ ကြွင်းကုန်သောရဟန်းတို့သည်လည်းကောင်း နိရောဓသမာပတ် ဝင်စားကုန်၏။ မြတ်စွာဘုရားသည် ခုနစ်ရက် နိရောဓသမာပတ် ဝင်စား၍ နေသည်ရှိသော် အတွင်းနေ တပည့်တို့သည် ဆွမ်းခံချိန်ရောက်သောအခါ တောသစ်သီး ကြီးငယ်တို့ကိုစား၍ ကြွင်းသောအခါ၌ ဘုရားရှင်တို့အား လက်အုပ်ချီပြီး ထိုင်နေကြကုန်၏။

## ဆံမုတ်ဆိတ်အသီးသီး ပယ်ပြီးဆင်မြန်း ဝတ်သင်္ကန်း

သရဒရသေ့သည် ဆွမ်းခံမကြွဘဲ ပန်းထီးကြီးကိုကိုင်လျက် ခုနစ်ရက်တိုင်တိုင် ပီတိသုခဖြင့်သာ အချိန်ကို လွန်စေ၏။ မြတ်စွာဘုရားသည် နိရောဓသမာပတ်မှထ၍ လက်ျာနံပါး၌နေသော အဂ္ဂသာဝက နိသဘထေရ်ကို မိန့်၏။ ''ငါ့ရှင် နိသဘ၊ ပူဇော်ကုန်သော ရသေ့တို့အား ပန်းနေရာ အနုမောဒနာကို

ပြုလော့''ဟု မိန့်၏။ အရှင်နိသဘထေရ်သည်လည်း ဝမ်းမြောက်စွာ သာဝက ပါရမီဉာဏ်၌ တည်၍ ပန်းနေရာ အနုမောဒနာကို ပြု၏။ ယင်းဒေသနာအဆုံး၌ ဒုတိယသာဝက အနောမထေရ်ကို မိန့်၏။ ''သင်လည်း တရားဟောလော့'' ဟူ၍ ဖြစ်၏။ အနောမထေရ်သည် ပိဋကတ်သုံးပုံကို နှလုံးသွင်း၍ တရားကို ဟော၏။ ယင်းသာဝက နှစ်ပါးတို့၏ ဒေသနာကြောင့် တပါးမျှ တရားထူးမရ။ ထိုအခါ မြတ်စွာဘုရားသည် မနိုင်ယှဉ်အပ်သော ဗုဒ္ဓဉာဏ်တော်၌ တည်၍ တရားချီးမြှင့်၏၊ တရားအဆုံး၌ သရဒ ရသေ့မှတပါး နှစ်သောင်းလေးထောင် သော ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ မြတ်စွာဘုရားသည် (ဧထ ဘိက္ခဝေါ=ရဟန်းတို့ လာကြကုန်လော့)ဟု ဆို၍ လက်ကို ဆန့်တန်း၏။ ထိုအခိုက် ဆံမုတ်ဆိတ်အားလုံး ကွယ်ပျောက်ကုန်၏။ ပရိက္ခရာရှစ်ပါး ကိုယ်၌ စွပ်ပြီးသား ဖြစ်ကုန်၏။ ဤ၌ သရဒ ရသေ့သည် အဘယ့်ကြောင့် အရဟတ္တ ဖိုလ်သို့ မရောက်သနည်းဟူမူ ပျံ့လွင့်သောစိတ် ရှိသောကြောင့်တည်း။

## သာဝကပါရမီ ခေါ်သည့်ဉာဏ်များ လွန်ကြီးမား

နောင်အခါ ငါတို့ဂေါတမ ဘုရားရှင်လက်ထက်တော်၌ မြတ်စွာဘုရား သည် ရာဇဂြိုဟ်ပြည်ဝယ် ပရိသတ်တို့အလယ်၌ တရားဟောနေသည်ရှိသော် ရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့်ရှင်မောဂ္ဂလာန်အလောင်း ကောလိတ တို့ကို အဝေးမှမြင်၍ ရဟန်းတို့ကို မိန့်၏၊ ''ရဟန်းတို့၊ ဥပတိဿ၊ ကောလိတ သူငယ်ချင်းနှစ်ယောက် လာကြကုန်၏။ သူတို့သည် ငါ၏ အဂ္ဂသာဝက အစုံ ဖြစ်လတ္တံ့'' ထိုအခါ ထိုဥပတိဿ၊ ကောလိတတို့အား ပရိသတ်၏ အကျင့်၏ အစွမ်းဖြင့် ဓမ္မဒေသနာကို ပွားစေ၏။ အဂ္ဂသာဝကနှစ်ပါးကိုထား၍ အလုံးစုံ သော နှစ်ရာ့ငါးဆယ်သော ပရိဗိုဇ်တို့သည် ရဟန္တာဖြစ်သွားကြကုန်၏။ မြတ်စွာဘုရားသည် (ဧထ ဘိက္ခဝေါ=ရဟန်းတို့ လာကြကုန်လော့)ဟု ခေါ်၍ လက်ကို ဖြန့်သည်ရှိသော် ခပ်သိမ်းသော ပရိဗိုဇ် (ရဟန္တာကြီး)တို့အား ဆံ မုတ်ဆိတ်တို့ ကွယ်ပျောက်ကုန်၏။ တန်ခိုးဖြင့်ပြီးသော သပိတ် သင်္ကန်းတို့ ကိုယ်၌ စွပ်ပြီးသား ဖြစ်ကုန်၏။ အဂ္ဂသာဝကနှစ်ပါးတို့မှာ တန်ခိုးဖြင့်ပြီးသော သပိတ် သင်္ကန်းတို့သည် ရောက်လာလျက် ကိုယ်၌ စွပ်ပြီးသား ဖြစ်၏။ သို့သော် အထက်မဂ်သုံးခုရတို့ ကိစ္စကား မပြီးခဲ့။ အကြောင်းကား သာဝကပါရမီ ဉာဏ်၏ ကြီးမားမြင့်မြတ်သည်၏ အဖြစ်ကြောင့်တည်း။

## ပညာကလ္လဒ္ဓိ ကိတ္တိအမြတ် ရာထူးအပ်

ရှင်မောဂ္ဂလာန်သည် ရဟန်းပြုသောနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားသည် ပေးအပ်သော ဓာတုကမ္မဋ္ဌာန်းကို နာကြားလျက်သာ အထက်မဂ် သုံးခု ကိစ္စကို ပြီးစေ၍ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ဆိုက်ရောက် အောင်မြင်လေသည်။

ရှင်သာရိပုတ္တရာသည် ရဟန်းပြုသောနေ့မှ ဆယ့်ငါးရက် လွန်သော နေ့၌ မြတ်စွာဘုရားဟောသော ဝေဒနာပရိဂ္ဂဟသုတ္တန်ကို နာကြားရသည် ရှိသော် အထက်ပါအတိုင်း အောင်မြင်လေသည်။ ဤသို့ အဂ္ဂသာဝကနှစ်ပါး သည် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးစဉ်ပင် သာဝကပါရမီဉာဏ် ကိစ္စ အထွတ်အထိပ်သို့ ရောက်ကြသည်။

နောင်အခါ မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေစဉ် ရှင်သာရိ ပုတ္တရာကို ပညာတေဒဂ်၊ ရှင်မောဂ္ဂလာန်ကို ဣဒ္ဓိမန္တတေဒဂ် အရာထူးတို့ဖြင့် အပ်နှင်း ချီးမြှင့်လေသည်။

၁၃၃၉-ခုနှစ်၊ ဒုတိယဝါဆို လကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အရှုံးနှင့်အမြတ် တရားတော်

**သမ္မေးသမီး ပဋာစာရီ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခန်း**

သာဝတ္ထိမည်၊ မင်းနေပြည်၊ ခန့်ထည် စည်ကားရာ။

ကုဋ္ဌေလေးဆယ်၊ ဌေးမြင့်ကြွယ်၊ တင့်တယ် မိဘမှာ။

ပဋာစာရီ၊ လှကေသီ၊ ဒေဝီ နတ်ကညာ။

သမီးရတနာ၊ အလိမ်မာ၊ ထားရှာ ဘုံခုနစ်ဆင့်မှာ။

လင့်နောက်လိုက်သွား၊ ရပ်တပါး၊ ထင်ရှား စွန့်ပစ်ကာ။

ခင်ပွန်းချစ်ဆွေ၊ မြေကိုက်သေ၊ လဲခွေ တောင်ပို့မှာ။

သားကြီးမှာလဲ၊ ထို့တူဘဲ၊ ရေထဲ မျောလျက်ပါ။

နီတွေးသေးမွှား၊ သားငယ်အား၊ ချီသွား ငှက်စွန်သာ။

မိုးကြီးလေကြီး၊ တိုက်ခတ်ပြီး၊ လျှပ်စီး ဝင်းလက်ဖြာ။

အားအင်မဲ့၊ ပြင်းထန်လှ၊ ပြိုကျ တိုက်ဂေဟာ။

မိဘမောင်ပါ၊ သုံးဦးဟာ၊ ဆိုးရွာ ကံကြမ္မာ။

ပြိုပြီးခါစ၊ မီးတွေသာ၊ တောက် အားလုံးပြာ။

မီးခိုးငွေ့ငွေ့၊ တရွေ့ရွေ့၊ မြင်တွေ့ ရှုးခဲ့ပါ။

သာဝတ္ထိမွန်၊ ဇေတဝန်၊ မိန့်သွန် ဟောစဉ်မှာ။
ပဒုမုတ္တရ၊ ထံတော်မှ၊ တောင်းထ ဆုမြတ်ပါ။
ကမ္ဘာတသိန်းက၊ ဖြည့်ခဲ့ရ၊ ပြည့်ဝ ပါရမီသာ။
ဘုရားထံရောက်၊ စိတ်ရူးပျောက်၊ ဒူးထောက် ရှိသေစွာ။
ခဏ ခဏ၊ ငိုခဲ့ရ၊ ဘဝ သံသရာ။
သမုဒ္ဒလေးဝ၊ ရေမက၊ များလှ မျက်ရည်မှာ။
နှာကြားရုံမျှ၊ လူ့ဘဝ၊ တည်ထ မြတ်သောတာ။
သောတာပန်ဘဝ၊ ရောက်ပြီးမှ၊ ကူးရ ဘိက္ခုနီပါ။
အသစ်ဆက်ပွား၊ ဖြစ်ပျက်များ၊ ဟောကြား ပဋိသမ္ဘိဒါ။
များထူထပ်ကိန်း၊ ပုဇာတ်သိမ်း၊ ပြတ်ငြိမ်း သူ့ခန္ဓာ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ၊ နှာ-၄၃၇)

**(ဓမ္မဒါနအလှူရှင်) ဦးစိုးမောင် မိသားစု ကောင်းမှု။**
**ညောင်စိုင်း ၁၂-လမ်း၊ ပဲခူးမြို့။**

❁

# အရှုံးနှင့်အမြတ် တရားတော်

## သဌေးသမီး ပဋာစာရီ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခန်း

### မိဘများထံ ပြန်ကြောင်းကိုသာ မှာခဲ့ရှာ

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေစဉ် ပဋာစာရီထေရီကို အကြောင်းပြု၍ ဟောတော်မူ၏။

ထို ပဋာစာရီသည် သာဝတ္ထိပြည်၌ ကုဋေလေးဆယ် ကြွယ်ဝသော သဌေးကြီး၏ သမီးတည်း။ အလွန် အဆင်းလှ၏။ ဆယ့်ခြောက်နှစ်အရွယ်မှစ၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ အစောင့်အရှောက်များနှင့် နေစေလေ၏။ သူ့အလုပ်အကျွေးငယ်နှင့် မေတ္တာရှိနေ၏။ သက်တူရွယ်တူ ဂုဏ်ရည်တူ စပ်ဟပ်ထားသူကို သဘောမကျ။ ထို့ကြောင့် ယင်း အလုပ်အကျွေးငယ်နှင့် လိုက်ပြေးလေ၏။ ဝေးလံသော တောရွာဘရွာ၌ လုပ်ကိုင် စားသောက်ကြ၏။ တနေ့ ကိုယ်ဝန်သည် အရင့်အမာအဖြစ်သို့ ရောက်လာ၏။ မိဘထံ ကိုယ်စန်ကို ဖွားမြင်ရန် ပို့ခိုင်း၏။ သူကား မလိုက်ရဲပါ။ ဒီလိုနှင့်နေယင်း နောက်ဆုံး မပို့ဘူးဆိုတာ သိ၍ ပဋာစာရီသည် လင်ယောက်ျား အလုပ်သွားလုပ်နေတုန်း အိမ်နီးနားချင်းတွေကို မှာပြီး မိဘထံ ပြန်လေ၏။

### ဖြစ်သမျှအကြောင်း အကောင်းချည်းသာ မြေဖျောက်ကာ

ပြန်လာ၊ မတွေ့၊ မေးမြန်း၊ သိလျှင် အပြင်းလိုက်၊ လမ်းခွတ်လတ်၌ ကလေး ဖွားနေပြီ၊ တွေ့လျှင်တွေချင်း ဤကိစ္စ လာခဲ့၏။ လာခဲ့သောကိစ္စ ပြီးသွားပြီ၊ ပြန်လိုက်ရန်ပြော။ သဘောပေါက်၊ပြန်လိုက်လာ။ ထို့နောင် ဒုတိယ ကိုယ်ဝန်မှာလည်း နှစ်နှစ်ကျော်ကျော်မှာ အရင့်အမာအဖြစ်သို့ ရောက်လာပြန်ပြီ။ ရှေးအတိုင်း ကိုယ်ဝန်ဖွားမြင်ဘို့ မိဘထံ ပြန်ကြရန် ပြောပြပြန်၏။ လင်

ယောက်ျားကား ဂုဏ်ရည်မတူသောဘာဝမှာပင် ရပ်တည်နေရဆဲဖြစ်၍ ဘယ်နည်းနှင့်မှ မလိုက်ရဲပါ။ ရှေးနည်းအတိုင်း အိမ်နီးချင်းများကို မှာကြားပြီး ပြန်သွားပြီ။ လင်ယောက်ျားသည် သိလျှင်သိချင်း အပြင်းလိုက်သွားသော်လည်း အချိန်ချင်း ကွာသဖြင့် ညဉ့်မိုးချုပ် မှီသွားလေ၏။ ပြန်ခေါ်သော်လည်း မလိုက်လို။ ကိုယ်ဝန်၏ ဖွားမြင်ဘို့အရိပ်အရောင် လှုပ်ရှားမှုတွေကလည်း တခုပြီးတခု ဖြစ်လာကြ၍ နောက်ကြောင်းပြန်ဘို့မလွယ် ဖြစ်နေပြီ။ ဖြစ်သမျှအကြောင်း အကောင်းချည်းသာ ဟူ၍ နှလုံးသွင်းရပါတော့မည်။

## သားနှင့်မိခင် မရှင်ဆင်းရဲ တောကြီးထဲ

မိုးသက်လေကြီးကလည်း တရကြမ်း တိုက်ခတ်လာပြီ။ တိုက်လိုက်သော လေနှင့် ရွာလိုက်သော မိုးရေ မိုးပေါက်တို့မှာလည်း အလွန်ကို အေးမြပါပေသည်။ မိုးချုန်းသံကြီးတို့မှာလည်း အလွန်ကြောက်မက်ဖွယ်ရာ မှောင်မဲသော တောနက်ကြီးထဲ၌ ဝင်းကနဲ လက်ကနဲ ပေါ်ပေါ်လာသည့် လျှပ်စီးရောင်ဖြင့်သာ တခါတခါ အချင်းချင်း မြင်လိုက်ကြရသည်။ ဖွားမြင်ဘို့ကလည်း အတော်ကို နီးကပ်လာပြီ။ ကိုဒါသမှာလည်း မှောင်မှောင်မဲမဲကြီးအထဲ ထင်းခြောက်များ ဆွဲရန် သွားနေသည်။ ဘယ်သို့ ရောက်နေသည်ဟုပင် မသိရတော့ပြီ။ ကိုယ်ဝန်ဆောင် မိခင်နှင့် နှစ်နှစ်ကျော် သုံးနှစ်နီး သားငယ်တို့မှာ ကြီးမားသော သစ်ပင်ရင်း အမြစ်အကြားမှာ တအား ပုနေကြသည်။ ဖွားလုနီး ကိုယ်ဝန်၏ ဒဏ်ကိုလည်း အပြင်းအထန် ခံစားနေရရှာသည်။ ''အမေရော၊ အမေရော''ဟု တတွတ်တွတ်ခေါ်နေသော သား၏ကျေနပ်မှု ရအောင်လည်း အထူး ဖြေသိမ့်နေရသည်။ အချိန်လည်း သန်းခေါင်ကျော်ပြီ။ ဇနီး မီးနေရန် အားကြိုး မာန်တက် မိုးသက်လေအကြား ညဉ့်မှောင်များ၌ ထင်းခြောက် လိုက်ရှာသော ကိုဒါသလည်း ပြန်ရောက်မလာ။

## တောင်ပို့အနီး ခွေပြီးသေရ ကိုဒါသ

လင်ယောက်ျား၏အလာကို မစောင့်နိုင်၊ မိုးလင်းအောင် မအောင့်နိုင်တော့သော သဒ္ဓေးသမီးပဋ္ဌာစာရီမှာ ဖြစ်သလိုနှင့် ဒုတိယသားငယ်ကို ဖွားမြင်လေပြီ။ မိုးသက်လေကြီးလည်း စဲသွားပြီ။ တဖြည်းဖြည်း အမှောင်ကင်း၍ အလင်းရောင်များလည်း ပေါ်စ ပြုလေပြီ။ ကိုဒါသကား မရောက်သေးပါ။ ထို့ကြောင့် သဒ္ဓေးသမီး ပဋ္ဌာစာရီသည် ကိုယ်ရေးကြုံ သက်လုံကောင်းဆိုသလို

ဖွားခါစ အမဲသားတုံးအဆင်းရှိသော သားငယ်နှင့် နှစ်နှစ်ကျော် သုံးနှစ်နီး သားကြီးတို့အပေါ်၌ နူးနယ်သော သွေးသားဖြင့် မားမားမတ်မတ်ရပ်တည်ကာ ကိုဒါသကို လိုက်လံရှာရဦးမည့် ကိစ္စက ရှိနေပေသေးသည်။ အလင်းရောင်လည်း လုံးလုံးကွဲ သားကြီးကို လက်မှဆွဲလျက် နာရီပိုင်းမျှ ဖွားခါစ သားငယ်ကို ရင်ဝယ်ပိုက်ပြီး "ငါ့သား၊ ဒါ နှင့်အဖေသွားတဲ့လမ်းဘဲ" ဆိုပြီး သားအမိသုံးယောက် တည့်တည့်တာမျှ ခိုကိုးခဲ့ရသော သစ်ပင်ကြီးကို မျက်နှာလွှဲ၍ ထွက်ခဲ့ကြပြီ၊ သိပ်မကြာမီ ချုံတခုအနီး သစ်ပင်ကြီးအောက် ဖေါက်လျက်ရှိသော တောင်ပို့ကြီးဘခုတွင် ညှိုမဲသော အရောင်အဆင်းဖြင့် မြွေကိုက်ခံရ၍ သေဆုံးနေသော ကိုဒါသအလောင်းကို တွေ့ရပေပြီ။ သဌေးသမီး ပဋာစာရီသည် အလောင်း၏ အနီးတွင် သားငယ်ကို အသာချပြီး အောက်ပါအတိုင်း ပြောဆိုကာ မရှုမလှ အကြိမ်ကြိမ် ငိုကြွေးလေတော့သည်။

မံ နိဿာယ မမ သာမိကော ပန္ထေ မတော။

မမ၊ ငါ၏။ သာမိကော၊ လင်ယောကျ်ားသည်။ မံ၊ ငါ့ကို။ နိဿာယ၊ အမှီပြု၍၊ ပန္ထေ၊ ကြည့်လို့မှမကော် လမ်းမပေါ်၌။ မတော၊ သေသွားလေပြီ။

## သားငယ်သိပ်ထား တအားအမှီ ဆင်းခဲ့ပြီ

နောက်ဆုံး ကန်တော့ နှုတ်ဆက်ပြီး မိဘများရပ်ထံ ပြန်တော့မည် ဦးတည်လျက် သားနှစ်ယောက်ဖြင့် ထွက်ခဲ့ကြပြီ။ တောခရီးမှ လွန်မြောက်၍ အစိရဝတီမြစ်ကမ်းသို့ ရောက်ပြီ။ တည့်လုံး မိုးတွေရွာ၊ တောင်ရေ တောရေတွေက ကျ၊ အစိရဝတီမြစ်သည်လည်း ရေတွေများနေပြီ။ သားနှစ်ယောက်နှင့် ဘယ်လိုမှ ကူးဘို့ခလွယ်၊ လှူသူလေးပါးလည်း အနားမှာ မရှိ၊ မကူးလို့လည်း မဖြစ်။ ထို့ကြောင့် သားကြီးအား နှစ်သိမ့်လေအောင် "ငါ့သား၊ အမေ ညီကလေးကို ဟိုဘက်ကမ်း သွားပို့ဦးမယ်၊ ငါ့သားရဲ့ ညီကလေးကို သိပ်ထားခဲ့ပြီး ငါ့သားကို အမေ ပြန်လာခေါ်မယ်။ အမေ လက်ခုပ်ဝါး တီးလိုက်ရင် ငါ့သား အမေ့ဆီကို ပြေးဆင်းခဲ့နော်။ အမေ ငါ့သားကိုချီပြီး ဒို့သားမိနှစ်ယောက် ညီလေးဆီကို သွားကြမယ်။ ဒါကြောင့် ငါ့သား ဒီနေရာမှာ ခဏလေး ထိုင်နေဦးနော်" ဟု မှာထားပြီး သားငယ်ကို တဖက်ကမ်းသို့ အစိရဝတီမြစ်ကို ကူးပြီး ပို့လေ၏။ သစ်ခက် သစ်ရွက်လေးများကို ခင်း၍ သားငယ်ကို သိပ်ထားခဲ့ပြီး ရေကလည်း တက်လာသဖြင့် ကမန်းကတန်း သားကြီးကို သယ်ရန် ဆင်းခဲ့ပြီ။

## သားကြီးသားငယ် လင်သယ်ပျက်ရ အရှုးမ

သဋ္ဌေးသမီး ပဋာစာရီ ရေလယ်သို့အရောက် နောက်လှည့်ကြည့်လိုက်ရာ သိပ်ဘားခဲ့သော သားငယ်ကို အမဲသားတုံးထင်ပြီး ကောင်းကင်အမြင့်၌ ပျံနေသော သိန်းစွန်ကြီးတို့သည် အနိမ့်သို့ ထိုးဆင်ကာ ဝဲနေကြပြီ။ သုတ်ချီ စားသောက်ဖို့ ဆုံးဖြတ်ကာ အများကြီး အစီအစဉ်တွေ သူ့ထက်ငါ လုပ်ကုန်ကြပြီ။ သားငယ်လေးမှာ ကံကြမ္မာဆိုးဘို့ သေချာနေပြီ။ တဖန် သားအကြီးသို့ လှည့်ကြည့်လိုက်ပြန်ရာ မိခင် ရေလယ်သို့ ရောက်နေသည်ကို တွေ့ရ၍ ငမ်းသာအားရ ပြေးဆင်းလာတော့မည့် အစီအစဉ်ကို တွေ့နေရပြီ၊ မနေ့ ညဉ့်ကမှ လင် ကိုဒါသ မြွေကိုက် သေဆုံး၍ ပူရတဲ့ အပူထဲမှာ နောက်ထပ် အပူတွေ ဝဲ၍ နေပြန်ပြီ။ တဖန် သားငယ်ဘက် ကြည့်လိုက်ပြန်ရာ သိန်းစွန်ငှက်ကြီးများ အလွန်ကို နီးကပ်လာသဖြင့် လက်ခုပ်ဝါး အားရပါးရ တီးပြီး ''ရှူးဟဲ့၊ ရှူးဟဲ့'' ဟု အော်ဟစ်ကာ ငှက်ကြီးများကို မောင်းနှင်လေတော့သည်။ ဤသို့ မောင်းနှင်ယင်းဖြင့်ပင် သားကြီးကလည်း ငါ့အမေတော့ လက်ခုပ်ဝါးတီးပြီ၊ ငါ့ကို ခေါ်နေပြီ ဆိုပြီး ရေထဲဆင်း အတင်းကူးလာလေရာ ရေတက်ဖြင့် မျှောပါသွားလေပြီ၊ သားငယ်မှာလည်း သိန်းစွန်ခေါ် ငှက်ကြီးများ သုတ်ချီသွားလေပြီ။ တချိန်က သဋ္ဌေးမ၊ ယခုမူ အရူးမဖြစ်၍ နေလေပြီ။

## ခြောက်ယောက်စလုံး ပျက်ပြုန်းငါ့မှာ မယ်ပဋာ

အားရအောင် ငိုကြွေးပြီး မိဘများထံ ပြန်တော့မည်ဟု ဦးတည်လာခဲ့ရာ လမ်း၌ သာဝတ္ထိမြို့မှသာသော ခရီးသွားယောကျ်ားကြီးတဦးနှင့် တွေ့၍ မေးပြီ။ ''ဤ ရပ်ကွက်၊ ဤလမ်း၌ ဤသူများကို သိပါသလား'' ''သိပါတယ်၊ ဘာတော်သလဲ'' ''မိဘများပါ'' ''အဲဒီအကြောင်း မမေးပါနှင့်၊ အခြားအကြောင်း မေးပါ'' ''အခြားအကြောင်း မေးစရာ မရှိပါ'' ''ဒါဖြင့် ပြောရမှာပေါ့၊ မနေ့ညဉ့်က လေမိုးတွေကျ၊ တိုက်တွေပြို၊ မီးတွေ ထပ်လောင်၊ တအိမ်သားလုံး တိုက်ပိ မီးလောင်လို့ ပြာဖြစ်ကုန်ပြီ။ သင့်အဖေ သဋ္ဌေးကြီးရော၊ သင့်အမေ သဋ္ဌေးကတော်ကြီးရော၊ သင့်အကို သဋ္ဌေးသားရော သုံးယောက်လုံး မရှိတော့ပြီ''ဟု ပြောပြလေ၏။ ''ငါ့သမီး၊ အဘလက်ညှိုးကို ကြည့်၊ ဟောဟို တောင်စူးစူးညို့ညို့ဟာ သာဝတ္ထိမြို့ဘဲ။ တက်နေတဲ့ မီးခိုးလေးတွေရော တွေ့ရဲ့လား၊ အဲဒီမီးခိုးလေးတွေဟာ မင့်မိဘ မင့်အကိုနဲ့ မင်းတို့ တိုက်ကြီးပါ လောင်နေတဲ့ မီးကြွင်းမီးကျန်မှ တက်နေတဲ့ မီးခိုးလေးတွေဘဲ'' လို့

ပြလိုက်တော့ အန္ဓမကဲ့သို့ အဝတ်ကိုပင် သတိမရ၊ ပုံကျ မေ့လဲသွားလေ၏။ အတန်ကြာမှ သတိရပြီး အောက်ပါအတိုင်း ငိုကြွေး ပြောဆိုလေတော့သည်။

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတိ မတော။
မာတာ ပိတာ စ ဘာတာ စ၊ ဧကစိတမှိ ဍယှရေ။ ။

မယှံ၊ ငါ၏။ ဥဘော၊ နှစ်ယောက်ကုန်သော။ ပုတ္တာ၊ သားကြီး သားငယ် နှစ်သွယ်ရင်နှစ် မေမေ့အချစ်တို့သည်။ ကာလင်္ကတာ၊ သေဆုံး ပျက်စီး သွားကြလေကုန်ပြီ။ မယှံ၊ ငါ၏။ ပတိ၊ ချစ်ခင်ယုယ ပြုလုပ်တအား မယ့် သက်ထားသည်။ ပန္ထေ၊ လမ်းပေါ်၌။ မတော၊ သေဆုံး ပျက်စီးသွားလေပြီ။ မယှံ၊ ငါ၏။ မာတာ စ၊ မွေးသည့်မိခင် ကျေးဇူးရှင်သည် လည်းကောင်း။ ပိတာ စ၊ မွေးသည့်ဘခင် ကျေးဇူးရှင်သည် လည်းကောင်း။ ဘာတာ စ၊ တမိ ဝမ်းဘွင်း အဘူဆင်းသည့် အစ်ကိုရင်းသည် လည်းကောင်း။ ဧကစိတမှိ၊ မီး တပုံထဲ၌။ ဍယှရေ၊ လောင်ကျွမ်း ပျက်စီးသွားကြလေပြီ။

## ပါရမီဆုတောင်း စုပေါင်းတူညီ ပြည့်နေပြီ

အန္ဓမဖြစ်ကာ ရောက်တတ်လေရာ သွားနေတော့သည်။ တနေ့ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ကြီးအတွင်း၌ ဘုရားရှင် တရားဟောနေသည်။ ပရိသတ်ရှစ်ပါး၏ အလယ်၌ဖြစ်သည်။ အရူးမကြီး ဝင်လာ၍ ဝိုင်း ငေါက်ကြ၊ မောင်းထုတ်ကြသည်။ ယင်း အရူးမ ပဋာစာရီ၏ ကမ္ဘာတသိန်း ဖြည့်ဆည်းပူး ခဲ့သော ပါရမီတို့၏ ပြည့်နေသည်၏ အဖြစ်နှင့် ပြည့်နေသော သူ၏ ရှေးဆု တောင်းကိုပါ မြင်တော်မူသည်။ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်မှာပင် ဗျာဒိတ်ရပြီးသူ ဖြစ်သည်။

အနာဂတေ ဂေါတမဗုဒ္ဓဿနာမ သာသနေ အယံ ပဋာစာရာ
နာမေန ဝိနယဓရတ္ထေရီနံ အဂ္ဂါ ဘဝိဿတိ။ ။

အနာဂတေ၊ နောင်သောအခါ၌။ ဂေါတမဗုဒ္ဓဿနာမ၊ ဂေါတမ အမည်ရှိသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ အယံ၊ ဤ အမျိုးသမီးသည်။ ပဋာစာရာနာမေန၊ ပဋာစာရီအမည်ဖြင့်။ ဝိနယဓရတ္ထေရီနံ၊ ဝိနည်းဓိုရ်ထေရီမတို့တွင်။ အဂ္ဂါ၊ အမြတ်ဆုံးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

## သမုဒ္ဒရာ လေးဖြာရေက နည်းလှန်းလှ

မြတ်စွာဘုရားသည် ဤသို့ ကြွတော်မူ၏။ ဤပဋာစာရီ အမျိုးသမီး (အရူးမ)အား ငါမှတပါး သူ့၌ အားကိုးရာ ဘာမျှ မရှိတော့ပြီ။ "မမောင်းနှင့်၊ လာပါစေ။ လာခဲ့၊ လာခဲ့"

သတိံ ပဋိလဘ ဘဂိနိ။

ဘဂိနိ၊ နှစ်မ။ သတိံ၊ သတိကို။ ပဋိလဘ၊ ရလော့။

ဤသို့ မိန့်လိုက်သည်နှင့် တပြိုင်နက် ဘုရားရှင် အာနုဘော်ကြောင့် သတိရသွားပြီ။ အဝတ်တွေ ဝိုင်းပေးကြသည်။ မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံကို ခိုလှုံကာ တည်ခြင်းကြီး ငါးပါးဖြင့် ရှိခိုးနေလေပြီ။ အားလုံး နောက်ကြောင်းက ဖြစ်ကြောင်းကုန်စင် လျှောက်ပြလေတော့သည်။ မြတ်စွာဘုရားက အောက်ပါဂါထာကို ဟောကြားသည်။

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။ ။

ပဋာစာရေ၊ ပဋာစာရီချစ်သမီး။ စတူသု၊ လေးစင်းကုန်သော။ သမုဒ္ဒေသု၊ သမုဒ္ဒရာတို့၌။ ဇလံ၊ ရေသည်။ ပရိတ္တကံ၊ နည်းလှပါသေး၏။ ဣမသ္မိံ သံသာရေ၊ ဤသံသရာ၌။ ပုတ္တာဒီနံ၊ သား သမီး စသည်တို့၏။ မတကာလေ၊ သေသောအခါ၌။ ဒုက္ခေန၊ ဒုက္ခသည်။ ဖုဋ္ဌဿ၊ တွေ့ထိ နှိပ်စက်အပ်သော။ နရဿ၊ လူအပေါင်း၏။ သောစနာ၊ စိုးရိမ်ရခြင်းကြောင့်။ ဗဟုံ၊ များစွာသော။ အဿုဇလံ၊ မျက်ရည်တည်းဟူသော ရေသည်။ တတော၊ ထိုသမုဒ္ဒရာလေးစင်း၌ရှိသော ရေထက်။ အနပ္ပကံ၊ အလွန်များလှပါ၏။ အမ္မ၊ ချစ်သမီး ပဋာစာရီ။ တုဝံ၊ သင်သည်။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ပမဇ္ဇသိ၊ မေ့လျော့နေဘိသနည်း။

## သောတာပန်တည် ဘိက္ခုနီပြု အေးငြိမ်းမှု

ဤသို့ မြတ်စွာဘုရားသည် အနမတဂ္ဂ ဒေသနာတော်ကို ဟောသည်ရှိသော် ပဋာစာရီ၏ကိုယ်၌ သောကသည် အလွန်ကို နည်းသွားပြီ။ တဖန် မြတ်စွာဘုရားသည် "သမီးပဋာစာရီ၊ သား သမီး စသည်တို့မည်သည် တမလွန်

လောကသို့ သွားသောသူအတွက် အားကိုးလို့ ဘာမျှ မရပါ။ ထို့ကြောင့် သူတို့တတွေဟာ ရှိသော်လည်း ရှိသည်မမည်၊ ရှိရာမရောက်ပါ။ ပညာရှိသော သူသည် သီလကို ဖြူစင်စေ၍ မိမိ၏ နိဗ္ဗာန်ရောက်ကြောင်း ချုပ်ငြိမ်းကြောင်း လမ်းကို လျင်စွာ သုတ်သင်အပ်သည်'' ဤသို့ ဆို၍ အောက်ပါ ဂါထာတို့ကို ဟောလေ၏။

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ၊
အန္တကေ နာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။ ။

ဤဒေသနာအဆုံး၌ ပဋာစာရီ သောတာပန်တည်၏။ မြတ်စွာဘုရား ထံ၌ ရဟန်းအဖြစ်ကို တောင်းပန်၏၊ ပဋာစာရီဟု ထင်ရှား၏။ ဘိက္ခုနီမတည်း။

## ရဟန္တာမ ဖြစ်ရလေပြီ ပဋာစာရီ

ပဋာစာရီ ဘိက္ခုနီမသည် ရေတိုးယူ၍ ခြေဆေးရာ ရေ၏ ပြတ်ပုံ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်တို့ကို အာရုံပြု၍ ပထမအရွယ်၊ မဇ္ဈိမအရွယ်၊ ပစ္ဆိမအရွယ် အချိန်မရွေး သေနိုင်ပုံတွေကို သဘောပေါက်လျက် စဉ်းစားနေစဉ် မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌နေလျက် ခြောက်သွယ် သော ရောင်ခြည်တော်တို့ကို လွှတ်၍ အောက်ပါ ဂါထာကို ဟောကြား လေသည်။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော ပဿတော ဥဒယဗ္ဗယံ။ ။

ယော စ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှု ကို။ အပဿံ၊ မမြင်ဘဲလျက်။ ဝဿသတံ၊ အနှစ်တရာကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်၍နေ၏။ တတော၊ ထိုသို့ အနှစ်တရာအသက်ရှည်၍နေရသည်ထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှုကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တရက်တာမျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြတ်ပါသေး၏။

ဤဒေသနာအဆုံး၌ ပဋာစာရီဘိက္ခုနီမသည် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာမကြီးအဖြစ်သို့ ရောက်လေ၏။

၁၃၃၉-ခုနှစ်၊ ဝါခေါင်လဆန်း (၇)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးကေဝတိပါလ
## ဟောကြားအပ်သော

### ရဇောဟရဏ ကမ္မဋ္ဌာန်းတရားတော်
### အရှင်စူဠပန္ထကမထေရ် ပဋိသမ္ဘိဒါပတ္တ တိပိဋကရေ ရဟန္တာဖြစ်ခန်း

၇

ရာဇဂြိုဟ်ခည်၊ မင်းနေပြည်၊ ခန့်တည် လွန်ထယ်ဝါ။
အဘိုးမွေးထား၊ မြေးနှစ်ပါး၊ ထင်ရှား ကြီးငယ်သာ။
မဟာပန်မှာ၊ ရဟန္တာ၊ သူ့တာ ဆွမ်းညွှန်ပါ။
စူဠပန်မူ၊ ဉာဏ်သိပ်ထူ၊ စာဟူ မတတ်ပါ။
လေးလကျက်လဲ၊ မရဘဲ၊ ခက်ခဲ တဂါထာ။
ရှေ့က ကျက်သရွေ့၊ နောက်က မေ့၊ အပြည့် စိတ်ညစ်ရော။
ဘုရားကဿပ၊ လက်ထက်က၊ ပါထ ဝဋ်ကြမ္မာ။
လောကတဝိုက်၊ ကြည့်ရှုလိုက်၊ ကျွတ်ထိုက် ပုဂ္ဂိုလ်ပါ။
လူထွက်ဘို့ပြင်၊ လာခဲ့စဉ်၊ မြတ်ရှင် စောင့်၍သာ။
တန်ခိုးတော်အရ၊ ဖန်ဆင်းပြ၊ ခုမှ စီမံကာ။
ခါခါစစ်မေး၊ ကိုယ်တိုင်ပေး၊ ဖြူဖွေး လက်ကိုင်ပဝါ။
တိုက်တော်အတွင်း၊ ခေါ်ယူသွင်း၊ တင်းတင်း ထိုင်စေကာ။
ရဇောဟရဏံ၊ စိတ်ရည်သန်၊ မြန်မြန် ဆုပ်နယ်ပါ။
ပကတိသဘောမှ၊ ပြောင်းပြန်ပြ၊ မူချ မည်းညစ်လာ။
ရုပ်နာမ်အနိစ္စ၊ သဘာဝ၊ မြင်ရ ခန္ဓာမှာ။
ကုန်ခြင်းပျက်ခြင်း၊ ဉာဏ်မှာရှင်း၊ ထင်လင်း ဝိပဿနာ။

မြတ်ရှင်ဗုဒ္ဓ၊ ကိုယ်တိုင်ကြွ၊ ဟောပြ သုံးဂါထာ။
ဂါထာလဲဆုံး၊ မြူလဲတုံး၊ အားလုံး ပြိုင်တူပါ။
ပဋိသမ္ဘိဒါပတ္တ၊ ပိဋက၊ နှုတ်မှ အာဂုမ်လာ။
ရာဂ ဒေါသ၊ မောဟာခပင်း၊ အကုန်ရှင်း၊ မြူကင်း ရဟန္တာ။
ဆရာကိုဥယျာဉ်၊ ပြည့်လောက်ပင်၊ အသွင် တူလှစွာ။
ပန်ဆင်း၍ထား၊ ရဟန်းများ၊ ပျပ်ပွား တထောင်သာ။
ဆုငှပန်မျှ၊ ဗိဝက၊ အိမ်ကြွ ဘုဉ်းပေးကာ၊
သုံးပုံပိဋက၊ နှစ်သာရ၊ ဟောပြ ရဲရင့်စွာ။

(မှူကန်ကာ၊ မွေပဒ အဋ္ဌကထာ ... -၅၃)

(ဓမ္မဒါနအလှူရှင်) မိခင်ကြီး ဒေါ်သန်းရင်ကို အမှူးထား၍
ဦးစိုးတင်-ဒေါ်သောင်းကြည်၊ ဦးစိုးခင်-ဒေါ်တင်မြင့် မိသားစုကောင်းမှု။
ခေမာလှမ် ကျောက်ကြီးစုရပ် ပဲခူးမြို့။

ခုဒ္ဒေဝဟရဏ ကမ္မဋ္ဌာန်း တရားတော်
အရှင်စူဠပန္ထကမထေရ် ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ ရဟန္တာဖြစ်ခန်း

## မှတ်သားဘွယ် အကျဉ်းချုပ်

### လမ်းပေါ်မွေးဖွား နှစ်ပါးသားတော် မောင်လမ်းခေါ်

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌နေစဉ် စူဠပန္ထကထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ရာဇဂြိုဟ်ပြည်၌ သဌေးကြီး၏ သမီးသည် အရွယ်ရောက်လတ်သော် မိဘတို့သည် ဘုံခုနစ်ဆင့် အထက်ဆုံး ပြာသာဒ်၌ အစောင့်အရှောက်ဖြင့် နေစေ၏။ အခိုင်းအစေဖြင့် လိုက်ပြေးလေ၏။ အရပ်တပါး၌ နေကြ၏။ ကိုယ်ဝန်သည်လည်း ရင့်ကျက်၍ လာလေ၏။ မိဘရပ်ထံ ပြန်ရန် အသွား လမ်းအကြား၌ ဖွားလေ၏။ မွေးဖွားခြင်းကိစ္စ ပြီးသွားပြီ ဖြစ်သောကြောင့် ရှေ့ဆက် မသွားတော့ဘဲ နေမြဲနေရာသို့ ပြန်ခဲ့ကြ၏။ သူငယ်အား လမ်း၌ ဖွားသောကြောင့် 'ပန္ထက'ဟု မှည့်၏။ ဒုတိယသားသည်လည်း ဤနည်းအတိုင်း မိဘရပ်ထံ ပြန်ရန်အသွား လမ်းအကြား၌ ဖွားပြန်ပြီ။ ထို့ကြောင့် ဒုတိယသားကို မောင်လမ်းလေး (စူဠပန္ထက) ဟု မှည့်ခေါ်၏။ အကြီးကိုလည်း မောင်လမ်းကြီး (မဟာပန္ထက)ဟု ခေါ်ကြ၏။

### သာမဏေမြတ် ညွှတ်လတ်အပြီး မောင်လမ်းကြီး

ဆွေမျိုးများ ဘယ်မှာနည်းဟု မောင်လမ်းကြီးက ခဏခဏ မေးနေ၍ "ရာဇဂြိုဟ်ပြည်က သဌေးကြီးသည် သင်တို့၏အဘိုးတည်း။ ထိုအရပ်၌ ငါတို့၏ ဆွေမျိုးများကား များလှ၏"ဟု ဖြေ၏။ တနေ့ မိခင်ကား စဉ်းစား၏။ ငါ၏ သားများသည် ငါ့ကို အမှီပြု၍ အလွန် ပင်ပန်းနေကုန်၏။ ပို့မှ တော်မည်ဟု

စဉ်းစားပြီး သားနှစ်ယောက်တို့ကို ခေါ်၍ ရာဇဂြိုဟ်ပြည်သို့ သွား၏၊ မြို့တံခါး ဇရပ်တခု၌နေ၍ မိဘများထံ အကျိုးအကြောင်း သတင်းပို့လိုက်၏။ သံသရာ၌ သားမတော်ဘူးသူ၊ သမီးမတော်ဘူးသူ မရှိပါ။ သူတို့အပြစ်ကား ကြီးမား လှ၏။ ဤပစ္စည်းများကိုယူ၍ အရပ်တပါး၌ အသက်မွေးကြ။ သူငယ်များကိုသာ ပို့လိုက်ရန် တမန်ကို လွှတ်လိုက်၏။ သူငယ်နှစ်ယောက်တို့ကို လာသော တမန်ထံ ထည့်ပေးလိုက်ကြ၏။ မောင်လမ်းလေးသည် အလွန်ငယ်သေး၏။ မောင်လမ်း ကြီးကား အဘိုးသဌေးကြီးနှင့် ဘုရားရှင်ကျောင်းတော်သို့ တရားနာ နေ့စဉ် လိုက်လေ့ရှိ၏။ သာမဏေဝတ်ရန် အမြဲ စိတ်ညွတ်နေ၏။

## ဆေးလကျက်ထ မရနိုင်ပါ တဂါထာ

အဘိုးသဌေးကြီးအား ''အကျွန်ုပ်အား အကယ်၍သာ ခွင့်ပြုမည်ဆိုပါ လျှင် ရှင်သာမဏေပြုလိုပါသည်''ဟု ပြော၏။ ''အို-သား၊ ဘယ်လိုပြောတာလဲ။ တလောကလုံး ရှင်သာမဏေပြုကြလျှင် ကောင်းသည်ထက် သင်၏ ရှင်သာ မဏေပြုမှုက ပိုကောင်းတာပေါ့၊ စွမ်းနိုင်လျှင် ပြုပါ''ဟု ခွင့်ပြု၏။ နောက် တနေ့ ဘုရားထံ ခေါ်သွားကာ ''တပည့်တော်၏ မြေးပါ၊ အရှင်ဘုရားထံ၌ ရှင်သာမဏေ ပြုလိုပါသည်'' ဟု လျှောက်၏။ ရဟန်းတပါးကို ခေါ်၍ အပ်နှံ စေခိုင်းသဖြင့် တစပဥ္စက ကမ္မဋ္ဌာန်းကိုသင်ပြီး ရှင်ပြုပေးလေ၏။ များစွာသော စာပေတို့ကို သင်ကြားကာ သက်စေ့ ရဟန်းတက်လျက် ဆက်လက်သင်ကြား ရှုပွားပြန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏။ ဈာနသုခ၊ ဖလသုခ ဖြင့်သာ အချိန် ကုန်စေပြီး တနေ့ စဉ်းစား၏။ ဤသုခမျိုး စူဠပန္ထက ငါ့ညီ (မောင်လမ်းလေး) ကိုလည်း ပေးသင့် ရသင့်၏။ အဘိုးထံ ပြောပြ ခွင့်တောင်း၏။ ခွင့်ပြု၏။ အသက်စေ့၊ နောင် ရဟန်းပြု၏။ ဉာဏ်အလွန်ထိုင်း၏။ လေးပါဒရှိ တဂါထာကို လေးလ ကျက်သော်လည်း မရပါ။ ယင်း ဂါထာကား-

ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊<br>ပါတော သိယာ ဖုလ္လ မဝီတဂန္ဓံ။<br>အင်္ဂီရသံ ပဿ ဝိရောစမာနံ၊<br>တပန္တ မာဒိစ္စ မိဝ န္တလိက္ခေ။

## ဉာဏ်ထိုင်းအပြစ် စိစစ်မကြည့် နှင်ထုတ်ပြီ

ယင်း စူဠပန္ထကမထေရ်သည် ကဿပဘုရားရှင်လက်ထက်၌ ရဟန်းပြုသေး၏။ ပညာကြီး၏။ တပါးသော ဉာဏ်လေးသော ရဟန်းကို ပြောင်လှောင်မိ၏။ ကိုယ်တော်ကား ရှက်သဖြင့် စာမသင်တော့။ သရဇ္ဈာယ်မှုကိုလည်း မပြုတော့။ ယင်း အကုသိုလ်ကံကြောင့် စူဠပန္ထကမထေရ် ယခုဘဝ အလွန်ကို ဉာဏ်ထိုင်း၏။ ရှေ့ကကျက် နောက်ကမေ့၊ တဂါထာကိုရအောင် ကျက်ယင်းဖြင့် လေးလ လွန်သွားသည်။ ထို့ကြောင့် ဆွမ်းကျောင်း(ဆွမ်းကြပ်)ဘုန်းကြီး ဖြစ်သော နောင်တော် မဟာပန္ထကမထေရ်က ခေါ်ပြော၏။

စူဠပန္ထက တွံ ဣမသ္မိံ သာသနေ အဘဗ္ဗော၊ စတူဟိ မာသေဟိ ဧကံ ဂါထမ္ပိ ဂဏှိတုံ န သက္ကောသိ၊ ပဗ္ဗဇိတကိစ္စံ ပန ကထံ မတ္ထကံ ပါပေဿသိ၊ နိက္ခမ ဣတော။

စူဠပန္ထက၊ ငါ့ညီ စူဠပန္ထကရဟန်း။ တွံ၊ သင်သည်။ ဣမသ္မိံ သာသနေ၊ ဤဘုရားသာသနာတော်၌။ အဘဗ္ဗော၊ မထိုက်။ စတူဟိ မာသေဟိ၊ လေးလတို့ဖြင့်။ ဧကံ ဂါထမ္ပိ၊ တဂါထာမျှကိုလည်း။ ဂဏှိတုံ၊ သင်ယူခြင်းငှာ။ န သက္ကောသိ၊ မစွမ်းနိုင်။ ပဗ္ဗဇိတကိစ္စံပန၊ ရဟန်းကိစ္စကိုကား။ ကထံ၊ အဘယ်သို့လျှင်။ မတ္ထကံ၊ အပြီးအဆုံး အထွတ်အထိပ်သို့။ ပါပေဿသိ၊ ရောက်စေနိုင်အံ့နည်း။ ဣတော၊ ဤကျောင်းတိုက်မှ။ နိက္ခမ၊ ယခု ထွက်သွားပါတော့လေ့။

ဤသို့ ကျောင်းတိုက်မှ နှင်ထုတ်လေ၏။ စူဠပန္ထကမထေရ်သည် ဘုရားသာသနာတော်၌ ပျော်လျက်ပင်။ လူ့ဘဝကိုလည်း မတောင့်တခဲ့။

## လူထွက်တော့မည် ရှယ်ရည်သတ်မှတ် သူဆုံးဖြတ်

ဇီဝကသည် များစွာသော ပန်းနံ့သာ လိမ်းကျံစရာတို့ကိုယူ၍ (ထိုအခါ မြတ်စွာဘုရားသည် ဇီဝက၏ သရက်ဥယျာဉ်ကြီးထဲ၌ သံဃာတော် အပါး ငါးရာဖြင့် သီတင်းသုံးနေသည်။)မိမိ၏သရက်ဥယျာဉ်ကြီးသို့သွား၍ ဘုရားရှင်ကို ပူဇော်၍ တရားကို နာကြား၍ နေရာမှထ၍ ဘုရားရှင်ကို ရှိခိုးပြီး မဟာပန္ထက (ဆွမ်းစားကျောင်းဘုန်းကြီး)ထံ ကပ်၍ ရဟန်းအပါး ဘယ်လောက်ရှိသနည်းဟု မေးလေ၏၊ ငါးရာပါတည်းဟု ဆို၏။ ဘုရားအမှူးထားသော ယင်း ရဟန်း ငါးရာလုံး တပည့်တော်အိမ်သို့ နက်ဖြန် ဆွမ်းအလှူခံကြွပါရန် လျှောက်၏။

''ဒါယကာ၊ စူဠပန္ထကမည်သောရဟန်းသည် အလွန်ညာဏ်ထိုင်း၏။ ငါ မထည့်။ သူ့ကို ချန်ထားမည်။ သူဟာ သာသနာမှာ စည်ပင် တိုးတက်စရာ အကြောင်း မရှိဟု'' ဆို၏။ ထိုစကားကို စူဠပန္ထကမထေရ် ကြား၏။ စဉ်းစား၏။

သေရော ဇေတ္တကာနံ ဘိက္ခူနံ နိမန္တနံ အဓိဝါသေန္တော မံ ဗာဟိရံ ကတွာ အဓိဝါသေတိ၊ နိဿံသယံ မယှံ ဘာတိကဿ မယိ စိတ္တံ ဘိန္နံ ဘဝိဿတိ၊ ကိံ ဒါနိ မယှံ ဣမိနာ သာသနေန၊ ဂိဟီ ဟုတွာ ဒါနာဒီနိ ပုညာနိ ကရောန္တော ဇီဝိဿာမိ။

ထေရော၊ ငါ၏နောင်တော် မဟာပန္ထကမထေရ်သည်။ ဇေတ္တကာနံ၊ ဉာဏ်မျှသောက်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ နိမန္တနံ၊ ပင့်ဖိတ်မှုကို၊ အဓိဝါသေန္တော၊ လက်ခံသည်ရှိသော်။ မံ၊ ငါ့ကို။ ဗာဟိရံ၊ အပပြုသည်ကို။ ကတွာ၊ ပြု၍။ အဓိဝါသေတိ၊ ဝန်ခံ၏။ နိဿံသယံ၊ ယုံမှားမဲ့။ မယှံ၊ ငါ၏။ ဘာတိကဿ၊ နောင်တော်၏။ မယိ၊ ငါ၌။ စိတ္တံ၊ စိတ်သည်။ ဘိန္နံ၊ ပျက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒါနိ၊ ယခုအခါ၌။ မယှံ၊ ငါ့အား။ ဣမိနာ သာသနေန၊ ဤသာသနာတော်၌ နေခြင်းဖြင့်။ ကိံ၊ ဘာအကျိုးရှိအံ့နည်း။ ဂိဟီ၊ လူ့ဘောင်သည်။ ဟုတွာ၊ ဖြစ်၍။ ဒါနာဒီနိ၊ ဒါနအစရှိကုန်သော၊ ပုညာနိ၊ ကောင်းမှုတို့ကို၊ ကရောန္တော၊ ပြုလျက်၊ ဇီဝိဿာမိ၊ အသက်မွေးပါတော့အံ့။

## ဝိပဿနာများ ရှုပွားအတန်တန် စူဠပန်

ထို စူဠပန္ထကမထေရ်သည် နောက်တနေ့၌ လူထွက်ဖို့ စောစော သွားလေ၏။ ဘုရားရှင်သည် မိုးသောက်ထအခါ လောကကို ကြည့်သည် ရှိသော် ဤအကြောင်းကို မြင်၍ ရှေးဦးစွာသွားပြီး စူဠပန္ထကသွားရာ လမ်း တံခါးမုခ်၌ စင်္ကြံလျှောက်နေ၏။ ထိုအခါ အရှင်စူဠပန္ထကကို မြင်တော်မူ၍ဘုရားသည် ''ချစ်သား စူဠပန္ထက၊ စောစောစီးစီး ဘယ်သွားမှာနည်း'' ဟု မေး၏။ ''နောင်တော် မဟာပန္ထကက နှင်ထုတ်ပါတယ်၊ ဒါကြောင့် လူထွက်ပါတော့မယ် ဘုရား'' ဟု လျှောက်၏။ ''စူဠပန္ထကရဟန်း၊ သင်သည် ငါ၏ထံ၌ နေ၏။ သင်၏ နောင်တော်က နှင်ထုတ်လျှင် ငါ့ထံ သင် ဘာ့ကြောင့် မလာသနည်း။ လာခဲ့။ သင် လူ့ဘဝဖြင့် ဘာအကျိုးရှိအံ့နည်း'' ခေါင်းကို လက်ဖြင့်သပ်၍ ဂန္ဓကုဋီတိုက် ဆင်ဝင်အောက်၌ ထိုင်ခိုင်း၊ အရှေ့သို့ လှည့်စေပြီး ဤ လက်ကိုင်ပဝါ (အဖြူ)လေးကို ရဇောဟရဏံ၊ ရဇောဟရဏံ ဟူ ဆုပ်နယ်ယင်း ''ဒီမှာဘဲ

နေလော၊ ငါဘုရား ဇီဝကအိမ်သို့ ဆွမ်းဒါနချီးမြှင့်ကြွဦးအံ့''ဟု မိန့်ကြားလျက် တန်ခိုးဖြင့် ဖန်ဆင်းအပ်သော လက်ကိုင်ပဝါလေး ပေးပြီး ကြွလေ၏။ အရှင်စူဠ ပန္ထကသည်လည်း နေကို မော့်ကြည့်၍ ထိုလက်ကိုင်ပဝါလေးကို ရဇောဟရဏံ၊ ရဇောဟရဏံ ဟု ဆုပ်နယ်ယင်း ထိုင်နေ၏။ ဆုပ်နယ်ယင်း လက်ကိုင်ပဝါ လေးသည် ညစ်နွမ်း၍ လာလေ၏။ ဤ အလွန်ဖြူစင်သော လက်ကိုင်ပဝါလေး သည် ဤ အတ္တဘောကို အမှီပြု၍ ရှေ့သဘောကို စွန့်ပြီး ညစ်နွမ်းခြင်း ဖြစ် လာ၏။

အနိစ္စာ ဝတ သင်္ခါရာ

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ အော် မမြဲကုန်စွ့တကား။ မမြဲသော တရားတို့သာတည်း။

ဤသို့ ခယ ဝယ (ကုန်ခြင်း ပျက်ခြင်း) သဘောကို ဖြစ်စေလျက် ဝိပဿနာကို ရှုပွား၏။

## ရာဂ ဒေါသ မောဟတရား မြူသုံးပါး

မြတ်စွာဘုရားသည် စူဠပန္ထကမထေရ်၏ စိတ်သည် ဝိပဿနာပေါ်သို့ ရောက်သွားပြီဟု သိ၍ ဤသို့ ဟောကြားတော်မူ၏။

စူဠပန္ထက တွံ ပိလောတိကခဏ္ဍမေဝ သံကိလိဋ္ဌံ ရဇံ ရဇန္တိ မာ သညံ ကရိ၊ အဗ္ဘန္တရေ ပန တေ ရာဂရဇာဒယော အတ္ထိ၊ တေ ဟရာဟိ။

စူဠပန္ထက၊ စူဠပန္ထကမထေရ်။ တွံ၊ သင်သည်။ ပိလောတိကခဏ္ဍမေဝ၊ ပုဆိုးပိုင်း လက်ကိုင်ပဝါကိုသာလျှင်။ သံကိလိဋ္ဌံ၊ ညစ်နွမ်းသည်ကို။ ရဇံ ရဇန္တိ၊ မြူ-မြူဟူ၍။ သညံ၊ အမှတ်ကို။ မာ ကရိ၊ မပြုပါလင့်။ ပန၊ ထိုမတပါး။ တေ၊ သင်၏။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ ရာဂရဇာဒယော၊ ထိုရာဂမြူ အစ ရှိသည်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေ၊ ထို ရာဂမြူ အစရှိသည်တို့ကို။ ဟရာဟိ၊ ဖယ်ရှားစါလော့။

ဤသို့ မြတ်စွာဘုရားသည် အရောင်တော်များကို လွှတ်၍ ရှေ့တည့် တည့်မှ ထိုင်လျက် နေသကဲ့သို့ ထင်ရှားပြလျက် ရာဂ ဒေါသ မောဟတရား သုံးပါးသည် မြူသုံးမျိုးနှင့်တူကြောင်း ဂါထာတို့ကို ဟောကြားတော်မူသည်။

## တိပိဋက သဟာပဋိသမ္ဘိဒါ ရဟန္တာ

မြှုသုံးပါး တရားဂါထာများ။

(က) ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။ ။

(ခ) ဒေါသော ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ဒေါသဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။ ။

(ဂ) မောဟော ရဇော န စ ပန ရေဏု ဝုစ္စတိ၊
မောဟဿေတံ အဓိဝစနံ ရဇောတိ၊
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။ ။

ဤ မြူသုံးပါး တရားဂါထာတို့ကို ကြားနာရပြီးသောအဆုံး၌ အရှင်စူဠပန္ထကမထေရ်မြတ်သည် ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်ဉာဏ်သို့ ရောက်တော်မူပြီ။ ပဋိသမ္ဘိဒါလေးပါးတို့နှင့် တကွ ပိဋကသုံးပုံတို့ကို အကုန်နှုတ်ငုံရတော်မူပြီ။

၁၃၃၉-ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## နန်းအမြင့်မှ ပန်းတပွင့် တရားတော်

## ၄၅-ယူဇနာအမြင့် ကောင်းကင်ထက်၌ နတ်သမီးလေး ပေါက်ပေါက် သောတာပန်တည်ခန်း

မူတင်အရာ၊ ဘွဲ့ထူးသာ၊ ရှင်မဟာကဿပ ါ။
ရာဇဂြိုဟ်ရှိ၊ ပိပ္ပလိ၊ မည်၏ လိုဏ်ဂူမှာ။
ဈာန်သမာပတ်ဖ ါ၊ ဝင်စားရာ၊ ထလာ ထိုအခါ။
ချို့မြင့်စိတ်ပွား၊ ရှုလိုက်ငြား၊ တွေ့သွား လယ်သူသာ။
စပါးအနှံ၊ ပေါက်ပေါက်ဆံ၊ စားရန် ပြင်နေရှာ။
သဏ်န်းသပ္ပါယ်၊ သပိတ်လွယ်၊ ယပ်ကွယ် ကြွ၍လာ။
စေတနာရောက်၊ သဒ္ဓါတောက်၊ ပေါက်ပေါက် ယူငင်ကာ။
ဆုမွန်ညွတ်တွေး၊ အလှူပေး၊ သေဘေး များမကြာ။
အိပ်သောယောက်ျား၊ နိုးသော်လား၊ မခြား ကိုယ်ထင်စွာ။
တာဝတိံ ဝယ်၊ လွန်ပြန့်ကျယ်၊ သုံးဆယ် ယူဇနာ။
ရွှေတောင်လိုထင်း၊ ဖိတ်ဖိတ်ဝင်း၊ ပြည့်တင်း ဗိမာန်မှာ။
သုံးဂါဝုတ်ဆို၊ ခန္ဓာကိုယ်၊ ရောင်စို စင်းလျက်ဖြာ။
ဆယ့်နှစ်ယူဇနာ၊ ဝတ်ရုံကာ၊ ဝဲယာ နတ်ကညာ တထောင်ဖ ါ။
ပေါက်ပေါက်နတ်သမီး၊ သတင်းကြီး၊ ဝေးနီး လွန်ထယ်ဝ ါ။

E 69

မိမိစည်းစိမ်၊ ပြောင်ပြောင်ထိန်၊ ပြန်ချိန် ကြည့်ရှုရာ။
ရှင်မဟာကဿပ၊ မြတ်လှရဟန်း၊ ပေါက်ပေါက်ပန်း၊ လှူဒါန်း ခဲ့၍သာ။
မမြဲအနိစ္စ၊ ဆင်းရဲရ၊ အနတ္တ ကိုယ်ခန္ဓာ။
စည်းစိမ်အစု၊ တည်မြဲမှု၊ ထပ်ပြုဘို့လိုလာ။
အရဏ်အတွင်း၊ လှူသူကင်း၊ သက်ဆင်း ပိပ္ပလိလိုဏ်ဂူမှာ။
ရေခပ် တံမြက်လှဲ၊ ကျုံးယူသဲ၊ ဖြန့်ကြဲ လမ်းခင်းရှာ။
သုံးရက်ခမြောက်ရှိ၊ ကိုယ်တိုင်သိ၊ နှင်၏ ထပ်ခါခါ။
နောက်ဆုံးကျမှ၊ ပြောမရ၊ လက် မလှိုက်စဉ်မှာ။
ရိုက်ခြိမ်းဘန်၊ အမှန်ကြောက်လျက်၊ ကောင်းကင်ထက်၊ ပြေးတက် ငိုနေရှာ။
ဇေတဝန်ကျောင်း၊ ကိန်းအောင်းမြတ်ဘုရား၊ ငိုသံကြား၊ သနား ကရုဏာ။
ယူဇနာလေးဆယ့်ငါး၊ ထင်အရှား၊ မြင့်မား ကောင်းကင်မှစ။
ကိုယ်တိုင်ကြွလာ၊ ဟောရှာတရား၊ သူနားကြား၊ တည်သွား သောတာပန်သာ။

(ဓမ္မပဒ အဋ္ဌကထာ၊ ၃၊ ၃၁-၅)

(ဓမ္မဒါနအလှူရှင်) မိခင်ကြီး ဒေါ်မြစိန်ကို အမှူးထား၍
ဦးသိန်းဟန်-ဒေါ်တင်ကြည် သားသမီးတစု ကောင်းမှု။
လိပ်ပြာကန် ၁-လမ်း၊ ပဲခူးမြို့။

## နန်းအမြင့်မှ ပန်းတပွင့် တရားတော်

## ၄၅-ယူဇနာအမြင့် ကောင်းကင်ထက်၌ နတ်သမီးလေး ပေါက်ပေါက် သောတာပန်တည်ခန်း

## မှတ်သားဘွယ် အကျဉ်းချုပ်

### လက်အုပ်ချီမိုး ရှိခိုးအလီလီ ပင့်လျှောက်ပြီ

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေစဉ် လာဇာနတ်သမီးကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကား ရာဇဂြိုဟ်ပြည်၌ ဖြစ်သည်။

အရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်၌နေစဉ် ဈာန်ဝင်စားရာမှ ထ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဆွမ်းခံအရပ်ကိုကြည့်သည်ရှိသော် စပါးခင်း စောင့်နေသော၊ သလေးနှံတို့ကိုယူ၍ ပေါက်ပေါက်ပန်းသဘွယ် ပြုနေသော အမျိုးသမီးတယောက်ကို မြင်၍ သဒ္ဓါရှိ မရှိ စုံစမ်း၍ သဒ္ဓါရှိကြောင်း သိ၍ မိမိအား ချီးမြှောက်ခြင်းငှာ စွမ်းနိုင် မစွမ်းနိုင်ကို စုံစမ်းလျက် ချီးမြှောက်ခြင်းငှာ စွမ်းနိုင်လတ္တံ့၊ သူလည်း ကြီးကျယ်သော စည်းစိမ်ကို ရလတ္တံ့ဟု သိ၍ သင်္ကန်းကို ရုံ၍ သပိတ်ကိုပိုက်၍ စပါးခင်းအနီး၌ ရပ်၏။ အမျိုးသမီးသည် အရှင်မဟာကဿပမထေရ်ကို မြင်လျှင် မြင်ချင်း ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ပီတိငါးမျိုးဖြင့် ထိတွေ့သောကိုယ် ရှိကုန်လျက် (တိဋ္ဌထဘန္တေ=အရှင်ဘုရား ရပ်တော်မူပါ) ဟု လျှောက်လေ၏။

### တာဝတိံသာ ချမ်းသာရှုမငြီး နတ်သမီး

ဤသို့ လျှောက်ထားပြီး ပေါက်ပေါက်တို့ကိုယူ၍ လျင်စွာ သွား၍ အရှင်မဟာကဿပ၏သပိတ်တော်၌ လောင်း၍ တည်ခြင်းကြီး ငါးပါးဖြင့် ရှိခိုးပြီး

''ဘန္တေ ပုမေ့ဟိ ဒိဋ္ဌမဒ္ဒသ ဘာဂ်ိန် အသံ (အရှင်ဘုရား၊ အရှင်ဘုရား တို့သည် သိမြင်တော်မူအပ်သော တရားထူး တရားမြတ်ကို သိမြင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏)''ဟု ဆုတောင်းလေ၏။ အရှင်မဟာကဿပ မထေရ်သည်လည်း ''ချစ်သမီး တောင်းသောဆုနှင့် ပြည့်စုံပါစေ''ဟု အနုမောဒနာ ပြုတော်မူ၏။ အမျိုးသမီးသည် မထေရ်မြတ်ကို ရှိခိုး၍ မိမိသည် လှူဒါန်းအပ်သော ဒါန ကုသိုလ်ကို ဆင်ခြင်ပျော်ပြုံးခဲ့၏။ ကြမ်းသော၊ ချင်သော၊ အဆိပ်ရှိသော မြွေဆိုးနှင့် ပက်ပင်းတိုး၊ တက်နင်း၊ ကိုက်မိပြီး ဤနေရာတွင်ပင် သေကျသွားပြီ။ ထိုအမျိုးသမီးသည် မထေရ်အား ကြည်ညိုသော ပသာဒစိတ်ဖြင့် သေဆုံးရလေ သောကြောင့် တာဝတိံသာ နတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ အိပ်သောသူ နိုးသောအသွေးသို့ အပြည့်အစုံ နတ်တန်ဆာများဆင်ပြီး ဖြစ်လျက် ပေါ်ပေါက်ရှိသောကိုယ်ဖြင့် ဖြစ်လေ၏။ ထိုနတ်သမီးသည် တဆယ့် နှစ်ယူဇနာရှိ နတ်ဥယျဉ်ဖြစ်သော သာယည်သောအဝတ်ကို ဝတ်၍ တထည်ကို ရုံပြီး နတ်သမီးအပေါင်း တထောင် ခြံရံလျက် ချမ်းသာစွာ ဖြစ်ရလေ၏။

## သောက်သုံးရေခပ် ချဉ်းကပ်တံမြက် သူမပျက်

ထိုနတ်သမီးသည် ပေါက်ပေါက်လှူဒါန်း၍ ဤအကျိုးတွေ့ရအပ်သော ကြောင့် ပေါက်ပေါက်နတ်သမီး (လာဇ) နတ်သမီးကလေး ပေါက်ပေါက်ဟု အမည်တွင်လေ၏။ တနေ့သ၌ ယင်းနတ်သမီးလေးသည် ရွှေပေါက်ပေါက် တို့ဖြင့် ပြည့်သော သီကုံးသွယ်တန်းထားအပ်သော ရွှေရေသောက်ခွက်ဖြင့် တန်ဆာဆင်အပ်သော ဗိမာန်တံခါး၌ ရပ်လျက် မိမိစည်းစိမ်ကို ကြည့်၍ ငါ ဘာတွေလုပ်၍ ဤစည်းစိမ်တို့ကို ရအပ်ပါသနည်းဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်သည် ၌သော် အရှင်မဟာကဿပကိုယ်တော်ကြီးအား ပေါက်ပေါက်လှူသော ကုသိုလ်အကျိုး ဆက်ကြောင့် ရအပ်သည်ဟု သိလေ၏။ ဤမျှနည်းသော ကုသိုလ် ဖြင့်ပင် ဤမျှသော စည်းစိမ်ကို ရသောကြောင့် 'ငါ မေ့လို့ မတော်ဘူး၊ မထေရ်၏ ဝတ်ကြီး ဝတ်ငယ်ကို ထပ်မံပြုပြီး အရှည်ခန့်၍ တည်တန့်သော စည်းစိမ်ဖြစ်အောင် လုပ်ဦးမှ တော်မည်'ဟု စဉ်းစားပြီး နံနက် အစောကြီး ထကာ ရွှေဖြင့်ပြီးသော တံမြက်စည်းကို လည်းကောင်း၊ ရွှေဖြင့်ပြီးသော အမှိုက်ကျုံးတောင်းကို လည်းကောင်း ယူ၍ အရှင်မဟာကဿပ မထေရ်ကြီး၏ ပရိဝုဏ်ကို တံမြက်လှည်း၍ သောက်ရေ သုံးရေတို့ကို ခပ်ထည့်လေ၏။

## နတ်သမီးလာဇာ သေချာပြောပြ ပြုလိုလှ

တနေ့ ရှင်မဟာကဿပထေရ်သည် ခပ်ထားရေ၊ တံမြက်လှည်းထားသော ပြောင်စင်မှုတို့ကို ကြည့်ပြီး သံသယဖြစ်၊ အနည်းငယ် ရက်ကြာလာသောအခါ တစေ့တစောင်း ချောင်းမြောင်းကြည့်လေ၏။ "နင် ဘယ်သူနည်း" ဟု ခမ်း၏။ "တပည့်တော်မပါ" "ဘယ်က တပည့်တော်မနည်း" "အရှင်ဘုရား၏ အလုပ်အကျွေး လာဇာ နတ်သမီးပါ" "ငါ မသိဘူး၊ သွား၊ သွား၊ နင်သွား။ နောက် မလာနဲ့."

ပေါက်ပေါက်ခေါ် လာဇာနတ်သမီးသည် ဤသို့ ဖန်ဆင်း တောင်းပန် လျှောက်သားလေ၏။

> အဟံ ဘန္တေ သာလိခေတ္တံ ရက္ခမာနာ လာဇေ ဒတွာ ပသန္နစိတ္တာ နိဝတ္တန္တီ သပ္ပေ၊ န ဒဋ္ဌာ ကာလံကတွာ တာဝတိံသဒေဝလောကေ ဥပ္ပန္နာ၊ မယာ အယျံ နိဿာယ အယံ သမ္ပတ္တိ လဒ္ဓါ၊ ဣဒါနိပိ တုမှာကံ ဝတ္တပဋိဝတ္တံကတွာ သမ္ပတ္တိံ ထာဝရံ ကရိဿာမိ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်မသည်။ သာလိခေတ္တံ၊ သလေးစပါးခင်းကို။ ရက္ခမာနာ၊ စောင့်ဆည်ရှိသော်။ လာဇေ၊ ပေါက်ပေါက်တို့ကို။ ဒတွာ၊ ပေးလှူ၍။ ပသန္နစိတ္တာ၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ နိဝတ္တန္တီ၊ ပြန်လှည့်လာသည်ရှိသော်။ သပ္ပေန၊ မြွေသည်။ ဒဋ္ဌာ၊ ကိုက်လိုက်သည် ဖြစ်၍၊ ကာလံကတွာ၊ သေ၍၊ တာဝတိံသ ဒေဝလောကေ၊ တာဝတိံသာ နတ်ပြည်၌။ ဥပ္ပန္နာ၊ ဖြစ်လေ၏။ မယာ၊ တပည့်တော်မသည်။ အယျံ၊ အရှင်ဘုရားကို။ နိဿာယ၊ အမှီပြု၍။ အယံသမ္ပတ္တိ၊ ဤစည်းစိမ်ကို။ လဒ္ဓါ၊ ရအပ်ပါ၏။ ဣဒါနိပိ၊ ဤ ယခုအခါ၌လည်း။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ ကတွာ၊ ပြု၍။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ ထာဝရံ၊ မြဲသည်ကို။ ကရိဿာမိ၊ ပြုပါအံ့။

## ကုသိုလ်ကောင်းမှု မြှုရန်အကြောင်း အခွင့်တောင်း

"အရှင်ဘုရား၊ ဤ ရထားအပ်သော စည်းစိမ်သည် မမြဲပါ၍ မြဲပါစေခြင်းငှာ (ပြုအသစ်၊ ဖြစ်အဟောင်း)မို့ အခု ဖြစ်နေတာတွေဟာ အဟောင်း

ကုသိုလ်တွေပါ။ အခု ထပ်ပြုမှ အသစ်အကျိုးတွေ ရမှာပါ။ ထို့ကြောင့် အခု ထပ်ပြုတာပါ''ဟု လျှောက်၏၊ ''မနေ့ကရော နင်လား'' ''ဟုတ်ပါတယ်'' ''တနေ့ကရော နင်လား'' ''ဟုတ်ပါတယ်'' ''ထားတော့၊ ရှိပါစေတော့။ နောက် မလာနဲ့တော့။ သင်ပြုပြီးတာ ပြုပြီးသား ထားလိုက်တော့'' ''အရှင်ဘုရား၊ တပည့်တော်မကို မဖျက်ဆီးပါနှင့်။ ရထိုက်သော အခွင့်အရေးတွေ မဆုံးရှုံးပါစေနှင့်၊ ကုသိုလ်ရခွင့် ပြုပါ''ဤသို့ စသည်ဖြင့် အတန်တန်တားလျက် အတန်တန် တောင်းပန်နေ၏။ မထေရ်မြတ်သည် ဤအမျိုးသမီးသည် ငါ့စကား နားမထောင်ဟု ကြံ၍ ''နင်ဟာ ပမာဏမသိ''ဟု ငေါက်လျက် လက်ကို မြှောက်လိုက်၏။ အလွန်ကြောက်၊ ကောင်းကင်သို့ ပြန်တက်၍ လက်အုပ်ချီပြီး အောက်ပါအတိုင်း ပြောဆိုကာ ငိုကြွေးလေ၏။

ဘန္တေ မယာ လဒ္ဓသမ္ပတ္တိံ မာနာသေထ၊ ထာဝရံ ကာတုံ ဒေထ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ မယာ၊ တပည့်တော်မသည်။ လဒ္ဓသမ္ပတ္တိံ၊ ရအပ်သော စည်းစိမ်ကို။ မာနာသေထ၊ မပျက်စီးစေကုန်လင့်။ ထာဝရံ၊ မြဲသည်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဒေထ၊ ပေးကုန်လော့။

## နတ်သမီးပေါက်ပေါက် တည်ရောက်အမှန် သောတာပန်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း ဂန္ဓကုဋီတိုက်တော်၌ နေလျက် ထိုနတ်သမီး၏ ငိုသံကို ကြား၍ အရောင်တော်ကိုလွှတ်လျက် ကောင်းကင်ကြွ၊ နတ်သမီး၏မျက်မှောက်၌ ထိုင်၍ ဟောနေသကဲ့သို့ ဟောလေ၏။ ''အို- နတ်သမီး၊ ငါ့ဘုရား၏ သားတော် ရှင်မဟာကဿပသည် စောင့်စည်းရမည့် ကိစ္စကို စောင့်စည်းခြင်းသည် သူ၏တာဝန်တည်း'' ဤသို့ဆို၍ အောက်ပါ အတိုင်း ဟောကြားလေ၏။

ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။ ။

ပုရိသော၊ ယောကျ်ားသည်။ ပုညံ၊ ကောင်းမှုကို။ ကယိရာ၊ ပြုရာ၏။ နံ၊ ထိုကုသိုလ်ကောင်းမှုကို။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ကယိရာ၊ ပြုရာ၏။

တမို၊ ထိုကုသိုလ်ကောင်းမှု၌။ ဆန္ဒ၊ ဆန္ဒကို။ ကယိရာထ၊ ပြုလော့။ ပုညဿ၊ ကုသိုလ်ကောင်းမှု၏။ ဥစ္စယော၊ တိုးပွားခြင်းသည်။ သုခေါ၊ ချမ်းသာခြင်း၏ အကြောင်းပါတည်း။

ဤဒေသနာအဆုံး၌ ပေါက်ပေါက် ခေါ် လာဇာ နတ်သမီးသည် ကောင်းကင် လေးဆယ့်ငါးယူဇနာထက်၌ တည်ရပ်လျက် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

❀

၁၃၃၉-ခုနှစ်၊ ဝါခေါင်လကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇာဂရာတိပါလ ဟောကြားအပ်သော

## အရှိနှင့် အသိ တရားတော်

### သတိပဋ္ဌာန် အသိမှန်ဖြင့် လူစကားပြောသော ငှက်ကလေးဝတ္ထု

ကုရုခေါ်မည်၊ တိုင်းဌာနီ ဟောသည် သတိပဋ္ဌာန်ပါ။
သတိပဋ္ဌာန်၊ တရားမှန်၊ ကျင့်ကြ မြဲမြံစွာ။
စကားပြောလဲ သတိပဋ္ဌာန်ဘဲ စိတ်စွဲ နေရာတကာ။
အလုပ်လုပ်လဲ သတိပဋ္ဌာန်ဘဲ၊ အမြဲ မကင်းကွာ။
အကျိုးမဲ့စကား ပြောသူများ၊ ဝိုင်းဟား ကဲ့ရဲ့ပါ။
အားမထုတ်သော်၊ လူသေခေါ်၊ ရှင်သော် အားထုတ်ရာ။
ဘခနေ့ခသာခါ၊ မိုးလေဟာ၊ ကြီးစွာ တိုက်၍လာ။
အာခေါင်နီလေး၊ ကြက်တူရွေး၊ မယဉ်ကျေး တောသတ္တဝါ။
အသိုက်ထဲမှ၊ ပျက်ပြီးကျ၊ မွေးစ ငယ်တာတာ။
ကျွေးမွေးယုယ၊ ဝိုင်းချစ်ရ၊ ခေါ်ကြ ဗုဒ္ဓရက္ခိတာ။
ဘိက္ခုနီကျောင်း သူခိုအောင်း၊ ဂိတ်ကောင်း အလိမ္မာ။
ရွှေ့ရွှေ့ကြီးမား ဝိုင်းသင်ကြား၊ စကား ပြောတတ်လာ။
အငြိုပုဋ္ဌော၊ သူ့သဘော၊ ပြောယင်း သင်ခဲ့ပါ။
နံနက်ခင်းမှာ၊ နေပူဆာ၊ လှုံကာ ငေးနေရာ။
သိန်းစွန်ငှက်ကြီး၊ အပေါ်စီး၊ သုတ်ပြီး ပြေးလေပါ။

ဝိုင်းခြောက်သော်လဲ၊ မရဘဲ၊ ခက်ခဲ အားလုံးသာ။
ဆုံးပြီစိတ်မှ၊ ဒုန်းဒုန်းချ၊ သောက အတော်ကြာ။
ဘိက္ခုနီအရာမ်၊ နေရာမှန်၊ လှည့်ပုံ ချခဲ့ရာ။
ရှုမှတ်သမျှ၊ ဝိုင်းမေးကြ၊ ပြောပြ ခြေင်စွာ။
အရိုးစုမျှ၊ သဘာဝ၊ အံချ ရှိ သိလာ။
တခုသည် တခုအား၊ ချိကာသွား၊ ရှုပွား ငါမပါ။
ငါရှာခရ၊ အရိုးစုမျှ၊ ခေါ်ကြ ပညတ်သာ။
ပညတ်ကိုဘဲ၊ ငါငါ စွဲ၊ အမြဲ မှားခဲ့ပါ။
သတိပဋ္ဌာန်မျိုး၊ သူ့တန်ခိုး၊ တန်ဘိုး မဖြတ်သာ။
ကောင်းပြီ ချစ်သား၊ ရှုမှတ်များ၊ ချုပ်သွား ရုပ်နာမ်ပါ။ ။

(မဇ္ဈိမနိကာယ မူလပဏ္ဏာသ အဋ္ဌကထာ နှာ-၂၃၃)

(ဓမ္မဒါန အလှူရှင်) မိခင်ကြီး ဒေါ်မြစိန်ကို အမှူးထား၍
ဦးသိန်း၊ဟန်-ဒေါ်တင်ကြည် မိသားစု ကောင်းမှု။ လိပ်ပြာကန် ၁-လမ်း၊
ပဲခူးမြို့

## အရှိနှင့် အသိ တရားတော်

## သတိပဋ္ဌာန် အသိမှန်ဖြင့် လူစကားပြောသော ငှက်ကလေးဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### ငှက်ကလေးလိမ်မာ ကောင်းစွာဝိုင်းပေး အစာကျွေး

ရှေးအခါ ကချေသည် တယောက်သည် ကျေးကလေးတကောင်ကို ဖမ်း၍ ကျွေးမွေးစောင့်ရှောက်ကာ မတောက်တခေါက် စကားကလေး တတ်အောင် သင်ပေးထား၏။ တနေ့ ထိုကချေသည် အရပ်တပါး ပြောင်းသွားသည်ရှိသော် ဘိက္ခုနီမကျောင်းကို မှီခိုနေရသည်ဖြစ်၍ ထိုကျေး(ငှက်)ကလေးသည် ဘိက္ခုနီမကျောင်း၌ပင် ကျန်ခဲ့၏။ ထို ကျန်ရစ်ခဲ့သော ကျေးငှက်ကလေးကို သာမဏေမ လေးများကပင် ဆက်လက်ကျွေးမွေးစောင့်ရှောက်ကာ စကားများ သင်ပေးလေ၏။ အတော်လေးလည်း ပြောတတ်၏။ သူ၏ အမည်ကို (ဗုဒ္ဓရက္ခိတ) ဟု သာမဏေမလေးတွေက မှည့်ထား၏။ "ဗုဒ္ဓရက္ခိတရေ" ဟု ခေါ်လျှင် ဘယ်သူခေါ်ခေါ် သနားစဖွယ် သူ့အသံလေးဖြင့် ကောက်ကာငင်ကာ "ခင်ဗျာ" ဟု သွက်သွက်လက်လက် ပြန်ထူးလေ့ရှိ၏။ အားလုံး ဝိုင်းချစ်ကြ၏။ သူ့အစား သင့်တော်သော အစာအာဟာရတို့ကိုလည်း ဝိုင်း၍ ပေးကြ ကျွေးကြ၏။

### အရိုးစု အရိုးစု မှတ်ရှုရက်ဆက် ထိုကျေးငှက်

တနေ့သ၌ ထိုငှက်ကလေးကို ရှေ့၌နေသည်ကိုမြင်၍ ထေရီ ဘိက္ခုနီမကြီးက ငှက်ကလေးကို မေး၏။ "ချစ်သား ဗုဒ္ဓရက္ခိတ၊ သင့်အား နှလုံးသွင်းစရာ တရားများ ရှိပါသလား" "မရှိပါ မိခင်" "ဘိက္ခုနီမကျောင်းမှာ နေစပါလျက် ဒီလို နှလုံးသွင်းစရာ တရားမရှိဘဲ မဖြစ်သင့်ဘူး၊ တစုံတခုသောတရား

နှလုံးသွင်းစရာ ရှိသင့်တယ်။ သင်သည် အခြားတစ်ခုတရာကို နှလုံးသွင်းခြင်းငှာ မစွမ်းနိုင်လျှင် 'အဋ္ဌိပုဉ္စော'ဟူ၍ သရဇ္ဈာယ်ခြင်းကို ပြုလော" ထိုငှက်ကလေး ဗုဒ္ဓရက္ခိတသည် ဘိက္ခုနီ ထေရီမကြီး၏ ဩဝါဒခံ၍တည်၍ 'အဋ္ဌိပုဉ္စော၊ အဋ္ဌိပုဉ္စော' ဟု သရဇ္ဈာယ်လျက် သွားလာ၏။

အဋ္ဌိပုဉ္စော–အရိုးစုကြီးပါတည်း။
အဋ္ဌိပုဉ္စော–အရိုးစုကြီးပါတည်း။

## သိန်းငှက်ချီသွား တအားလိုက်ကြ လက်လျှော့ရ

တနေ့သ၌ နံနက်ခင်း နေထွက်လာချိန် ငှက်ကလေးသည် အမှတ်တမဲ့ အချမ်းပြေအောင် အပြင်ထွက်၍ တိုင်ငုတ်ဖျား၌ ထိုင်ပြီး နေပူဆာလှုံနေ၏။ ကောင်းကင်မှ သိန်းစွန်ကြီးတကောင်သည် အစာအလို့ငှာ အနိမ့်သို့ ဆင်းသက်ပြီး ခြေသည်းဖျားဖြင့် ကုတ်သွား သယ်ပြေးလေ၏။ ဗုဒ္ဓရက္ခိတသည် အတင်း တအားအော်ပြီး အကူအညီ တောင်းလေ၏။ "ဗုဒ္ဓရက္ခိတကလေးကို သိန်းစွန်ကြီး ချီသွားပြီ"ဟူသော သတင်းသည် သာမဏေမ အငယ်လေးများ၊ အငယ်လေး များမှ အကြီးများ၊ အကြီးများမှ ဘိက္ခုနီမကြီးများတိုင်အောင် တဆင့် တဆင့် ကျော်ကြား ပြန့်နှံ့သွား၏။ အားလုံး ဝိုင်းလိုက်ကြ၊ ဝိုင်းခြောက်ကြ၏။ ဘယ်လိုမှ မရတော့ပါ။ ဗုဒ္ဓရက္ခိတ၏ အသံကလေးလည်း ပျောက်သွားပြီ။ ချီသွားသော သိန်းငှက်ကြီးသည်ပင် တဖြည်းဖြည်း ပျောက်သွားပြီ။ အားလုံး လက်လျှော့၍ မိမိနေရာသို့ ပြန်ရောက်၊ စိတ်မချမ်းမသာ ဖြစ်ကြ။ တဖွဖွ ပြောကြပြီး မိမိတို့ တာဝန်ရှိသလို ဆောင်ရွက်နေကြပြီ။

## ဘိက္ခုနီမကြီး ထိုင်ပြီးသေချာ မေးစစ်လာ

သိပ်မကြာမီ ဗုဒ္ဓရက္ခိတလေး ပြန်ရောက်လာ၏။ စတင်တွေ့ရှိသော သာမဏေမငယ်လေးများက သိရှိ အော်ဟစ်၊ တဆင့်စကား တဆင့်ကြားပြီး ဝမ်းသာအားရ အုံလာကြပြန်၏။ အစာအလို့ငှာ ချီသွားသော သိန်းစွန်ကြီး သည် မျက်စိလည် လမ်းမှားကာ ဤနေရာသို့ ပြန်ရောက်၊ ရှေ့သို့လည်း မသွား တတ်၊ နားစရာလည်း မရှိ၊ အတောင်တွေလည်း ညောင်း၊ ငှက်ကလေးကိုလည်း ဆက်လက် ချီကုတ်မထားနိုင်။ ထို့ကြောင့် အားမတန် မာန်လျှော့ စွန့်ပစ်ထားခဲ့ ရသည်။ အားလုံး အကျိုးအကြောင်း ဝိုင်းမေးကြ၏။ ထို့နောက် ချောင်အုပ် ဘိက္ခုနီထေရီမကြီးက–

ဗုဒ္ဓရက္ခိတ သကုဏေန ဂဟိတကာလေ ကိံ စိန္တေသိ။

ဗုဒ္ဓရက္ခိတ၊ ချစ်သားဗုဒ္ဓရက္ခိတ။ တွံ၊ သင်သည်။ သကုဏေန၊ သိမ်းငှက်ကြီးသည်။ ဂဟိတကာလေ၊ ချီ၍ ယူသွားသောအခါ၌။ ကိံ၊ အဘယ် အကြောင်းအရာကို။ စိန္တေသိ၊ စိတ်ကူး ပွားများနေပါသနည်း။

ဤသို့ မေးသည်ရှိသော် ခရီးရောက်မဆိုက် အလွန်မြင့်မားသော ကောင်းကင် (အာကာသခရီး)မှ ပြန်ရောက်လာစ ကျေးသား (ငှက်)ကလေးသည် အောက်ပါအတိုင်း ချက်ချက်ချာချာ ပြန်ပြောရှာ၏။

**သတိပဋ္ဌာန် နိဗ္ဗာန်သို့တိုင် ကျိုးပေးနိုင်**

ကျေးသားလေးက ပြန်ပြောသည်မှာ-

(က) န အယျေ အညံ စိန္တေသိံ အဋ္ဌိပုဉ္ဇေဝ အဋ္ဌိပုဉ္ဇံ ဂဟေတွာ ဂစ္ဆတိ၊ ကတရသ္မိံ ဌာနေ ဝိပ္ပကိရိဿတီတိဝေံ အယျေ အဋ္ဌိပုဉ္ဇမေဝ စိန္တေသိံ။

အယျေ၊ အရှင်မကြီး။ အဟံ၊ အကျွန်ုပ်သည်။ အညံ၊ တပါးသော အကြောင်းကို။ န စိန္တေသိံ၊ စိတ်ကူးပွားများနေသည်မဟုတ်ပါ။ အဋ္ဌိပုဉ္ဇေဝ၊ အရိုးစုကြီးတခုကသာလျှင်။ အဋ္ဌိပုဉ္ဇံ၊ အရိုးစုကြီးတခုကို။ ဂဟေတွာ၊ ချီယူသယ်ဆောင်၍။ ဂစ္ဆတိ၊ သွားနေ၏။ ကတရသ္မိံ၊ အဘယ်မည်သော။ ဌာနေ၊ အရပ်ဒေသ၌။ဝိပ္ပကိရိဿတိ၊ဖရိုဖရဲ ကွဲပြဲပျက်စီးရပါအံ့နည်း။ဣတိဝေံ၊ ဤသို့။ အဋ္ဌိပုဉ္ဇမေဝ၊ အရိုးစုကိုသာလျှင်။ အဟံ၊ အကျွန်ုပ်သည်။ စိန္တေသိံ၊ ကြံစည် စိတ်ကူး ပွားများနေပါသည်။

ဤသို့ ကျေးသားလေးက ပြောသည်ရှိသော် ယင်း ကျေးသားလေးကို ဘိက္ခုနီထေရီမကြီးက အောက်ပါအတိုင်း ဆက်၍ ပြောလေ၏။

(ခ) သာဓု သာဓု ဗုဒ္ဓရက္ခိတ အနာဂတေ ဘဝက္ခယဿ တေ ပစ္စယော ဘဝိဿတိ။

ဗုဒ္ဓရက္ခိတ၊ ချစ်သား ဗုဒ္ဓရက္ခိတ။ သာဓု သာဓု၊ ကောင်းလေစွ ကောင်းလေစွ။ အနာဂတေ၊ နောင်အခါ၌။ ဘဝက္ခယဿ၊ ဘဝကုန်ဆုံးရာ နိဗ္ဗာန်၏။ ပစ္စယော၊ အထောက်အပံ့သည်။ တေ၊ သင့်အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

၁၃၃၉–ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ

## ဟောကြားအပ်သော

ယဉ်အောင်ပြို နုအောင်ဆင် တရားတော်

၇–နှစ်သမီးက သောတာပန်တည်ခဲ့သော ဝိသာခါ (မကိုင်း)ဝတ္ထု

ကမ္ဘာပေါင်းပြ၊ တသိန်းမှ၊ လောင်းမ ဝိသာခါ။
ဗဒုမုတ္တရာ၊ မြတ်ဗုဒ္ဓါ၊ ပွင့်လာ လက်ထက်မှာ။
ကျောင်းနှင့် သင်္ကန်း၊ ထိုပြင် ဆွမ်း၊ မာကျန်း ဆေးအပေါ။
စေတနာလှ၊ လှူဒါန်းရ၊ ကုန်ကျ တသိန်းသာ။
လှူပြည်နတ်ပြည်၊ စုံဆန်ချီ၊ ပြည့်ညီ သူချမ်းသာ။
ဂေါတမဗုဒ္ဓါ၊ ပွင့်သည့်ခါ၊ မြို့မှာ ဘဒ္ဒိယာ။
နှစ်ပါးမိဘာ၊ ဓနဥ္စယ၊ သုမန ဒေဝီပါ။
ကောင်းခြင်းငါးဝ၊ စုံပြည့်ကြွ၊ အလှ ဝိသာခါ။
ခုနစ်နှစ်ရွယ်က၊ ထူးခြားလှ၊ တည်ရ သောတာပန်ပါ။
လျှောင်း ထိုင် ရပ် သွား၊ သေးပါက္လရိ၊ ယှဉ်ကာကြည့်၊ ပို၏အလှမှာ။
ဆင်ပြောင်ငါးစီး၊ အားအင်ကြီး၊ အပြီး ဆောင်နိုင်ပါ။
မဟာလတာခေါ်ကြ၊ ဝတ်စုံက၊ နိက္ခရွှေစင် တထောင်သာ။
ပတ္တမြားပုလဲ၊ ငွေစိန်ရွဲ၊ ထည့်တွဲ စီခြယ်ကာ။
ပန်းထိမ်လုပ်သား၊ ငါးရာအား၊ ပေငြား တသိန်းပါ။
လက်ခမစေ၊ ပစ္စည်းသာ၊ တန်ရာ ကိုးကုဋေပါ။
ဘုရားကသဿပ၊ လက်ထက်က၊ မျှားလှ နှစ်သောင်းပါ။

သံဃာတော်အား၊ သင်္ကန်းများ၊ လှူထား သူ့စေတနာ။
ထို့ကြောင့် မုချ၊ မွန်မြတ်လှ၊ ဝတ်ရ မဟာလတာ။
မင်္ဂလာပြုကြ၊ မိဂါရ၊ သားလှ ပုဏ္ဏဝဍ္ဍနာ။
သားသမီးနှစ်ဆယ်ပါ၊ မြေးလေးရာ၊ မြစ်မှာ ရှစ်ထောင်ဗါ။
နှစ်တရာ့နှစ်ဆယ်၊ သက်ရှယ်ရှည်ရ၊ ဆံပင်က၊ တပင်မျှ မဖြူပါ။
ဆယ့်ခြောက်နှစ်သာ၊ နုနယ်စွာ၊ ပိုကာ ရင့်မလာ။
သား မြေး မြစ်ပါ၊ ကျောင်းသို့လာ၊ ဘယ်ဟာ ဝိသာခါ။
ဝိုင်းဝန်းမေးကြ၊ ငြင်းခုံကြ၊ ခက်ဘ ခက်ဘပါ။
ကျောင်းတော်တွင်းမှာ၊ လေးလကြာ၊ လှူတာ ကိုးကုဋေပါ။
မြေဘိုး ကျောင်းဘိုး၊ ပူဇော်ဘိုး၊ တန်ဘိုး ၂၇ ကုဋေပါ။

(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂဋ္ဌကထာ၊ နှာ-၁၃၆)

(ဓမ္မဒါန အလှူရှင်) မိခင်ကြီး ဒေါ်သန်းရီကို အမှူးထား၍
ဦးစိုးတင်-ဒေါ်သောင်းကြည်၊ ဦးစိုးခင်-ဒေါ်တင်မြင့် မိသားစု ကျောင်းမှူး
ခေမာသိမ်၊ ကျောက်ကြီးစု၊ ပဲခူးမြို့။

## ယဉ်အောင်ပြု နုအောင်ဆင် တရားတော်

## ၇-နှစ်သမီးက သောတာပန်တည်ခဲ့သော ဝိသာခါ (မကိုင်း) ဝတ္ထု

## မှက်ဂၢၢးဘၠယ် အကျဵုဒ်ချုပ်

### မေဏ္ဍက သုမနဒေဝီ သန္ဓေတည်

ရှေးအခါ ကမ္ဘာတသိန်းထက်၌ တယောက်သော ဥပါသိကာမသည် ပဒုမုတ္တရ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား တသိန်းကုန် အလှူကြီးပေး၍ မြတ်စွာဘုရား၏ ခြေရင်း၌ဝပ်၍ (အနာဂတေ တုမှာဒိသသ ဗုဒ္ဓဿအဂ္ဂုပဋ္ဌာယိကာဟောမိ=နောင်သောအခါ၌အရှင်ဘုရားတို့ ကဲ့သို့သော မြတ်စွာဘုရား၏ မြတ်သောအလုပ်အကျွေး ဖြစ်ရပါလို၏)ဟူ၍ ဆုတောင်း၏။ ထို ဥပါသိကာမသည် ကမ္ဘာတသိန်း ကာလပတ်လုံး လူ့ဘဝ၊ နတ်ဘဝတို့၌ ကျင်လည်၍ ငါတို့၏ မြတ်စွာဘုရား လက်ထက်၌ ဘဒ္ဒိယမြို့၌ မေဏ္ဍကဟူသော သဌေးကြီးတဦး ရှိလေ၏။ ယင်းသဌေးကြီး မေဏ္ဍက၏ သားကား ဓနဉ္စယတည်း။ ယင်း ဓနဉ္စယ၏ဇနီး သဌေးကတော်ကား သုမနဒေဝီပါတည်း။ ယင်း အထက်ပါ တသိန်းကုန်အလှူရှင် ဥပါသိကာမသည် ဆိုပြီး ဓနဉ္စယသဌေး၊ သုမနဒေဝီ သဌေးကတော်တို့၏ အထံ၌ သန္ဓေနေ၏။

### ခုနစ်နှစ်ရွယ်မှ တည်ထအမှန် သောတာပန်

နောင် ဖွားမြင်သောအခါ သူငယ်မတည်း။ သစ်ပင်ကြီး တပင်၌ ထူးခြားသော အကိုင်းကြီးကဲ့သို့ ဘုရားသာသနာတော်၌ စည်ပင် တိုးတက် လတ္တံ့၊ ဘုရားကျောင်းတော် ပုဗ္ဗာရုံကျောင်းအမကြီး ဖြစ်လတ္တံ့ စသည်ကို မြင်၍ ထိုအမျိုးသမီးငယ်အား ဝိသာခါ (မကိုင်း) ဟု အမည်ပေးလေ၏။ ထိုဝိသာခါသည် အကြင်အခါ မြတ်စွာဘုရား ဘဒ္ဒိယမြို့သို့ ကြွ၏။ ထိုအခါ

အမျိုးသမီးငယ် ငါးရာတို့နှင့်တကွ မြတ်စွာဘုရား ကြွလာတော်မူမည့်လမ်းမှ ပန်း နံ့သာ စသည်တို့ဖြင့် ခရီးဦးကြိုဆို ပူဇော်ကြကုန်၏။ ဤကား ပထမဦးဆုံး ဘုရားရှင်ကို မြင်ရခြင်းပါတည်း။ မြင်လျှင်မြင်ချင်း ကြည်ညိုသဒ္ဓါပွားပြီး ဘဝ ကုသိုလ်အရှိန် မြင့်မားသူဖြစ်သဖြင့် ချက်ချင်း သောတာပန်တည်သွားလေ၏။ အခြား အမျိုးသမီးများထက် ထူးခြားမှု တရပ်ပါတည်း။

## မိဂါရမာတု ခေါ်မှုတွင်လာ ဝိသာခါ

နောင် အရွယ်သို့ ရောက်သောအခါ သာဝတ္ထိပြည်၌ မိဂါရဟူသော သဌေးကြီးတဦး ရှိ၏။ ထို မိဂါရ သဌေး၌ သားတယောက်ရှိလေ၏။ အမည်ကား ပုဏ္ဏဝဍ္ဎနပါတည်း။ ဝိသာခါသည် ယင်း ပုဏ္ဏဝဍ္ဎနမည်သော သဌေးသားနှင့် ထိမ်းမြားမင်္ဂလာပြုရ၏။ ယောက္ခမကြီး မိဂါရ သဌေးကြီးသည် မိစ္ဆာဒိဋ္ဌိဝါဒီ ပုဂ္ဂိုလ်ကြီးပါတည်း။ ဝိသာခါ ချွေးမ အလိမ်မာ၏ တစ တစ ညွှန်ပြ ဆွဲဆောင်မှုတို့ကြောင့် ဇေတဝန်ကျောင်းတော်ကြီးသို့ ရောက်ရခြင်း၊ မြတ်စွာ ဘုရားနှင့် သိကျွမ်းရခြင်း၊ တရားနာခွင့်ရခြင်း၊ ဒါန စသော ကုသိုလ်ကောင်းမှု ပြုခွင့်ရခြင်း၊ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခွင့်ရခြင်း၊ သောတာပန်တည်၍ ထောက်တည်ရာ များစွာရသွားခြင်း စသည်တို့ကြောင့် ထိုဝိသာခါကို "အမိ ကဲ့သို့ ကျေးဇူးများလှ၏။ အမိနှင့်တူ၏။ အမိပါတည်း" ဟု သဘောပေါက်ကာ ချွေးမကို အမိအရာ ထားလေ၏။ ထို့ကြောင့် ဝိသာခါကို ယောက္ခမ မိဂါရ သဌေးကြီး၏မိခင် (မိဂါရမာတာ) ဟု ခေါ်ကြ၏။ ထို့ကြောင့် ဝိသာခါ ဆောက်သော ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို (မိဂါရမာတုပါသာဒ) ဟု ခေါ်တွင်ကြသည်။

၁၃၃၉-ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### အတူနေလျက် မြင်ဘိုခက် တရားတော်

**စိတ္တလ တောင်ခြေရှိ စိတ္တလ ရဟန္တာကြီးနှင့် တပည့်ရဟန္တာကြီးတို့ ဝတ္ထု**

❀

စိတ္တလမည်၊ တောင်ကိုမှီ၊ နေသည် ရဟန္တာ။
ထိုရဟန္တာ၊ ဘွဲ့တော်မှာ၊ ခေါ်ရာ စိတ္တလမထေရ်ပါ။
နှစ်ပေါင်းများစွာ၊ တူနေလာ၊ ဖော်မှာ ရဟန်းကြီးသာ။
ဆွမ်းခံသွားရာ၊ တနေ့မှာ၊ မေးလာ သူ့ဆရာ။
ဘယ်ဟာအရိယာ၊ သိလို့ပါ၊ မိန့်ပါ နားဆင်ကာ။
ဖြေမပေးယင်း၊ ထပ်မေးယင်း၊ မေးခြင်း ခဏခဏပါ။
အရိယာဟူဘိ၊ အမှန်ရှိ၊ မသိ အချို့မှာ။
ဝတ်ကြီးဝတ်ငယ်၊ အသွယ်သွယ်၊ တကယ် ပြုစုပါ။
သပိတ်သင်္ကန်း၊ အမြဲထမ်း၊ မပန်း လိုက်လျက်သာ။
သွားလေရာရာ၊ နောက်ကပါ၊ မကွာ နေ့ညဉ့်မှာ။
အတူနေလဲ၊ သိခက်ခဲ၊ နက်နဲ သိမ်မွေ့ပါ။
ဒါလဲ မရိပ်မိ၊ သူမသိ၊ အသိ ခက်သည်သာ။
ဝက္ကလိထေရ်၊ မြတ်ဗုဒ္ဓေ၊ မိန့်ချေ နည်းယူပါ။
အပုပ်တုံး အပုပ်ခဲ၊ မြင်ရလဲ၊ ထူးကဲ ကျိုးမလာ။
တရားမြင်ငြား၊ ထိုသူကား၊ ဘုရား မြင်သည်သာ။

တရားမမြင်ငြား၊ ထိုသူကား၊ ဘုရား မမြင်ပါ။
အနိစ္စ ဒုက္ခ၊ အနတ္တ၊ သိကြ ပိုင်းခြားစွာ။
သုတစိန္တာ၊ ဘာဝနာ၊ သုံးဖြာ စဉ်တိုင်းသာ။
ကြားသိ ကြံသိ၊ အလုပ်သိ၊ မှတ်ဘိ ဓိပ္ပာယ်မှာ။
သိတဲ့ခနေရာ၊ ကိလေကွာ၊ ကွာတာ အရိယာ။
အရိယာမြင်ရာ၊ အရိယာရရာ၊ ဘယ်ဥစ္စာ၊ မှတ်ပါ ဤသုံးဖြာ။
အရိယာတွေ့လာ၊ ပြောသူမှာ၊ တွေ့တာ ပုဂ္ဂိုလ်သာ။
တရားသုံးပါး၊ တွေ့သူကား၊ တွေ့သွား အရိယာ။
အရိယာချင်းက၊ မြင်နိုင်ရ၊ နိမ့်က မမြင်ပါ။
မှတ်ဉာဏ် မဂ်ဉာဏ်၊ ဤနှစ်တန်၊ စိတ်သန် မလွတ်ရာ။

(မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသဋ္ဌကထာ။ နှာ-၂၃)

(စမ္ပာဒါန အလှူရှင်) ဦးတင်ဝေ-ဒေါ်သန်းရင် သမီး နွဲ့နွဲ့စိန်၊ မလေးချို ကောင်းမှု။ ညောင်ဝိုင်း ၁၆-လမ်း၊ ပဲခူးမြို့။

❁

## အတုနေလျက် မြင်ဘိုခက် တရားတော်

## စိတ္တလတောင်ခြေရှိ စိတ္တလ ရဟန္တာကြီးနှင့် တပည့် ရဟန်းကြီးတို့ ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### အရှင်ဖြေကြား ထင်ရှားဘယ်ဟာ အရိယာ

ရှေးအခါ စိတ္တလတောင်၌ မထေရ်တပါး ရှိ၏။ ယင်း မထေရ်မှာ အာသဝေါကုန်ခန်းသော ရဟန္တာ အရှင်မြတ်ကြီးပါတည်း။ ယင်း ရဟန္တာ အရှင်မြတ်ကြီး၌ အလုပ်အကျွေး ရဟန်းကြီးတပါး ရှိ၏။ အရွယ်လွန်မှ သာသနာ့ဘောင်သို့ ရောက်လာသော ဝုဍ္ဍပဗ္ဗဇိတကြီးပါတည်း။ တနေ့ဆာ၌ ရဟန္တာ စိတ္တလ မထေရ်ကြီးသည် ဆွမ်းအလို့ငှာ ကြွတော်မူ၏။ အလုပ်အကျွေး ရဟန်းကြီးသည်လည်း မထေရ်မြတ်၏ သပိတ် သင်္ကန်းတို့ကို ယူ၍ နောက်မှ ထက်ကြပ်မကွာ ပါ၍ လာ၏။ ဟိုတွေး ဒီတွေး တွေးယင်းဖြင့် မေးလိုသော ပြဿနာ တခု ပေါ်လာ၏။ မျိုသိပ်၍ မရနိုင်လောက်အောင် ကြီးမားသော ဆန္ဒမျှား ဖြစ်ပေါ်နေ၏။ ထို့ကြောင့် အောက်ပါအတိုင်း မေးလေ၏။

အရိယာ နာမ ဘန္တေ ကီဒိသာ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အရိယာနာမ၊ အရိယာ ပုဂ္ဂိုလ်တို့မည်သည်ကား။ ကီဒိသာ၊ အဘယ်သို့ သဘောရှိပါကုန်သနည်း။

စိတ္တလ မထေရ်ကြီးက ဖြေရခက်နေ၏။ တိုက်ရိုက် ပြောပြရမှာကလည်း မကောင်းတတ်။ မသိဘူး ပြောလို့လည်း မဖြစ်။ အရှည် အဝေးကြီး စီကာစဉ်ကာ လျှောက်ပြောနေလို့လည်း သူ နားလည်မည် မဟုတ်။ ထို့ကြောင့် မိမိ တာဝန်လည်း ကျေ၊ သူလည်း သဘောပေါက် ရည်ရွယ်၍ အောက်ပါ အတိုင်း ဖြေလေ၏။

## မြတ်ရှင်ရိယာ လွှန်စွာနက်နဲ သိနိုင်ခဲ

ဖြေကြားပုံမှာ-

ဣုခေ ကစ္စော မဟလ္လကော အရိယာန ပတ္တစိဝရံ ဂဟေတွာ ဝတ္တပဋိပတ္တိံ ကတွာ သဟာစရန္တောပိ နေဝ အရိယေ ဇာနာတိ၊ ဧဝံ ဒုဇ္ဇာနာ စ အာဝုသော အရိယာ။

ဣုခ၊ ဤခလောက၌။ ကေစ္စော၊ အချို့သော။ မဟလ္လကော၊ ကြီးရင့်သော ရဟန်းရှင်လူ အပေါင်းသည်။ အရိယာနံ၊ အရိယာ ပုဂ္ဂိုလ်တို့၏။ ပတ္တစိဝရံ၊ သပိတ်သင်္ကန်းကို။ ဂဟေတွာ၊ ယူ၍။ ဝတ္တပဋိပတ္တိံ၊ ဝတ်အကျင့်ကို။ ကတွာ၊ ပြု၍။ သဟာစရန္တောပိ၊ တကွ လှည့်လည်၍ နေပါသော်လည်း။ အရိယေ၊ အရိယာ ပုဂ္ဂိုလ်တို့ကို။ နေဝ ဇာနာတိ၊ မသိ။ အာဝုသော၊ ငါ့ရှင်တပည့် ရဟန်းကြီး။ အရိယာ၊ အရိယာ ပုဂ္ဂိုလ်တို့သည်။ ဧဝံ၊ သို့ကလောက်။ ဒုဇ္ဇာနာ၊ သိနိုင်ခဲသော သဘောရှိကုန်၏။

ဤမျှလောက် ပြောပြပါသော်လည်း ထိုရဟန်းကြီးမှာ မသိသေးပါ။ ထို့ကြောင့် မျက်စိဖြင့် မြင်ခြင်းသည် မြင်ရာမရောက်၊ ဉာဏ်ဖြင့် မြင်မှ မြင်ရာရောက်သည်။ ထို့ကြောင့် အောက်ပါအတိုင်း ဘုရားဟောလေ၏။

### အရိယာများ တရားသိမှု မြင်သောသူ

ဘုရားဟောပုံ-

ကိံ တေ ဝက္ကလိ ဣုမိနာ ပုတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ၊ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

ဝက္ကလိ၊ ဝက္ကလိ မထေရ်။ တေ၊ သင့်အား။ ဒိဋ္ဌေန၊ မျက်မှောက်ထင်ထင် တွေ့မြင်နေရသော။ ဣုမိနာ ပုတိကာယေန၊ ဤအပုပ်ကောင်ကြီးဖြင့်။ ကိံ၊ ဘာအကျိုးရှိအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိ မထေရ်။ ခေါ၊ စင်စစ်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊ မြင်၏။ သော၊ ထိုတရားကို မြင်သော ပုဂ္ဂိုလ်သည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်သည်မည်၏။

ထို့ကြောင့် မျက်စိဖြင့် မြင်ပါသော်လည်း ဉာဏ်ဖြင့် အရိယာ ပုဂ္ဂိုလ်တို့သည် မြင်အပ်သော အနိစ္စ အစရှိသော လက္ခဏာရေး သုံးပါးကို မမြင်သည်ရှိသော်၊ အရိယာ ပုဂ္ဂိုလ်တို့သည် ရအပ်သော တရားကို မရသေးသည်ရှိသော်(အရိယကရဓမ္မ၊ အရိယဘာဝ)တို့ကို မမြင်သေးသည်၏ အဖြစ်ကြောင့် အရိယာနံ အဒဿာဝီ (အရိယာ မမြင်ဘူးသူ) ဟူ၍ သိအပ်၏။

၁၃၃၉-ခုနှစ်၊ တော်သလင်းလဆုတ် (၈) ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### ယောဂီသူမြတ် သိထားအပ် တရားတော်

### ဖဿာယတန ကမ္မဋ္ဌာန်းဖြင့် ရဟန္တာ ဖြစ်လာသော မထေရ်ကြီး
### ဖလသမာပတ် ဝင်စားပုံ

ဖဿာယတန၊ ကမ္မဋ္ဌာန်းပြု၊ ခြောက်ဝ ရေတွက်မှာ။
မြင်မြင်သမျှ၊ သင်္ခါရ၊ မှတ်ချ စက္ခု သမ္ဖဿာ ယတနာ။
ကြားကြားသမျှ၊ သင်္ခါရ၊ မှတ်ချ သောတ သမ္ဖဿာ ယတနာ။
နံနံသမျှ၊ သင်္ခါရ၊ မှတ်ချ ဃာန သမ္ဖဿာ ယတနာ။
စားစားသမျှ၊ သင်္ခါရ၊ မှတ်ချ ဇိဝှာ သမ္ဖဿာ ယတနာ။
ထိထိသမျှ၊ သင်္ခါရ၊ မှတ်ချ ကာယ သမ္ဖဿာ ယတနာ။
သိသိသမျှ၊ သင်္ခါရ၊ မှတ်ချ မနော သမ္ဖဿာ ယတနာ။
ရုပ်နာမ်နှစ်ဝ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။
စက္ခုစသား၊ ဤခြောက်ပါး၊ ရှုပွား ရဟန္တာ။
ပုထုဇဉ်လဲ၊ မဂ်ကိုခဲ၊ အမြဲ ရှုပွားရာ။
သေက္ခတို့လဲ၊ ထက်မဂ်ခဲ၊ အမြဲ ရှုပွားရာ။
ရဟန္တာလဲ၊ ချမ်းသာခဲ၊ အမြဲ ရှုပွားရာ။
ရှစ်ပါးအရိယာ၊ မှန်လေပါ၊ စွမ်းရာ ဖလသမာပတ် ဝင်စားလာ။
ဥဒယဗ္ဗယ၊ ဉာဏ်ကစ၊ ကိုးဝ ရှုမှတ်ပါ။

မဂ်မှန် မမှန်ဟာ၊ သိဘို့ရာ၊ စမ်းပါ ဖိုလ်နှင့်သာ။
ဖလသမာပတ်၊ ဝင်စားလတ်၊ တတ်အပ် တိကျစွာ။
ပြည့်ရှင်မင်းမှာ၊ မင်းချမ်းသာ၊ နတ်မှာ နတ်ချမ်းသာ။
အရိယာလဲ၊ ထို့တူဘဲ၊ အမြဲ ခံစားရာ။
ဂေါတြဘူဉာဏ်နောက်၊ မှတ်စိတ်ပျောက်၊ ဖိုလ်ရောက် မြဲသေချာ။
ဖလသမာပတ်အား၊ စိတ်ညွတ်ထား၊ ကျော်သွား မဂ်ကိုသာ။
ကိလေလဲသတ်၊ ချုပ်ငြိမ်းရပ်၊ မြင်လတ် မဂ်ခေါ်ပါ။
ပဿမပင်၊ ချုပ်ငြိမ်းမြင်၊ ခေါ်တွင် ဒဿနာ။
အမှန်ပြောလျှင်၊ မဂ်လေးအင်၊ တွေ့မြင် ချုပ်ငြိမ်းရာ။
မဂ်အခိုက်မှာ၊ ချုပ်ငြိမ်းရာ၊ မြင်တာ ပယ်ဆဲပါ။
ဖိုလ်အခိုက်မှာ၊ ချုပ်ငြိမ်းရာ၊ မြင်တာ ပယ်ပြီးမှာ။

(သံယုတ္တနိကာယ အဋ္ဌကထာ၊ တ၊ နှာ-၉၇)

(မဟာဂန္ဓာရုံ) ဦးကြီးရှိန်-ဒေါ်တင်လှ မိသားစု ကောင်းမှု၊
ပန်းလှိုင် ၂၂-လမ်း၊ ပဲခူးမြို့။

## ယောဂီသူမြတ် သိထားအပ် တရားတော်

## ဖဿာယတနကမ္မဋ္ဌာန်းဖြင့် ရဟန္တာဖြစ်လာသော မထေရ်ကြီး ဖလသမာပတ် ဝင်စားပုံ

### မှတ်သားဘွယ် အကျဉ်းချုပ်

### ဂေါတြဘူဉာဏ် နှစ်တန်သတ္တိ အားမရှိ

ဒဿနဟူသော အမည်သည် သောတာပတ္တိမဂ်၏ အမည်ပါတည်း။ ယင်း သောတာပတ္တိမဂ်သည် ကိလေသာကို ပယ်ခြင်းကိစ္စအတွက် ဆောင်ရွက်နိုင်သည့်အပြင် ချုပ်ငြိမ်းမှုခေါ် နိဗ္ဗာန်ကိုလည်း ရှေးဦးစွာ မြင်တတ်၏။ ထို့ကြောင့် ယင်း သောတာပတ္တိမဂ်ကို ပထမ မဂ်ဟု ဆိုရ၏။ ပထမ မဂ် ခေါ် သောတာပတ္တိမဂ်ကိုသာ ဒဿနဟု ဆိုရ၏။ ဂေါတြဘူဉာဏ်ကား သောတာပတ္တိမဂ်ထက် အလျင် နိဗ္ဗာန်ကို မြင်သည်မှာ မှန်၏။ သို့သော် ကိလေသပ္ပဟာန (ကိလေသာကို ပယ်ခြင်း)ကိစ္စ လုံးဝမရှိ။ ထို့ကြောင့် ယင်း ဂေါတြဘူဉာဏ်ကို ဒဿနဟု မဆိုရ၊ မဆိုနိုင်။ စင်စစ်မှာ မဂ်လေးပါးလုံး ဒဿန မည်၏။ အကြောင်းကား မဂ်လေးပါးလုံးသည် ကိလေသာကို ပယ်ခြင်း (ပဟာနကိစ္စ)၊ နိဗ္ဗာန်ကို မြင်ခြင်း (ဒဿနကိစ္စ)ရှိသောကြောင့်တည်း။

### မဂ် ၇ မရကို စမ်းလိုကြလျှင် ဖိုလ်နှင့်ပင်

စက္ခုသမ္ဖဿာယတန၊ သောတသမ္ဖဿာယတန၊ ဃာနသမ္ဖဿာယတန၊ ဇိဝှာသမ္ဖဿာယတန၊ ကာယသမ္ဖဿာ ယတန၊ မနောသမ္ဖဿာ ယတန၊ ဟူသော ဖဿာယတန ကမ္မဋ္ဌာန်က မထေရ်ကြီးသည် ဆိုပြီး ဖဿာယတန တို့၏ အစွမ်းဖြင့် ရုပ်နာမ်တို့ကို သိမ်းဆည်းနိုင်ခဲ့၏။ ထို ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် လက္ခဏာရေးသုံးပါးတင် ဆင်ခြင်နိုင်သောကြောင့် အရဟတ္တ

ဖိုလ်သို့ ရောက်လေ၏။ရှေးအာယတန ငါးပါးသည် ရုပ်တရားတည်း။မနာယတန သည် နာမ်တရားတည်း။ မဂ်ခဏ၌ ကိလေသာ စင်ကြယ်ဆဲ ဖြစ်၏။ ဖိုလ်ခဏ၌ ကိလေသာ စင်ကြယ်ပြီး ဖြစ်၏။ မဂ်ကို ဖိုလ်နှင့် စမ်းရသည်။ မဂ်ရ မရ ဖိုလ်ဝင်စားကြည့်ရမည်။ ဘယ်မဂ်ဟူ သိလိုလျှင်လည်း စမ်းနိုင်သည်။ မိမိရရှိသော မဂ်၏ဖိုလ်ကိုသာ ဝင်စားနိုင်သည်။ မရရှိသော မဂ်၏ ဖိုလ်ကိုကား မဝင်စားနိုင်။ ဥပမာ သောတာပတ္တိမဂ်ဆိုက်ပြီး ယောဂီသည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်သည်။ အထက်ဖိုလ်များ မဝင်စားနိုင်ပါ။ သကဒါဂါမိမဂ် ဆိုက်ပြီးသော ယောဂီသည် သောတာပတ္တိဖိုလ်နှင့် သကဒါဂါမိဖိုလ်တို့ကိုသာ ဝင်စားနိုင်သည်၊ အထက်ဖိုလ်များ မဝင်စားနိုင်ပါ၊ အရဟတ္တမဂ်ဆိုက်ပြီး ရဟန္တာပုဂ္ဂိုလ်သည် ဖိုလ်လေးပါးလုံး ဝင်စားနိုင်သည်။

## ရပြီးသမျှ ရေးပြဥပမာ မှတ်လိုက်ပါ

မဂ်ရောက်လျှင် ဖိုလ်ဝင်သည် ဖြစ်သောကြောင့် ဤ မဂ် အ ဆင့် သို့ရောက်သော ယောဂီသည် ဤဖိုလ်အဆင့်သို့ ရောက်နေပြီဟု မှတ်လေ။ ဘာမဂ်ကိုမှ မရသေးလျှင် ဘာဖိုလ်ကိုမှ မဝင်စားနိုင်ဟု မှတ်လေ။ ဤဖိုလ်ကို ဝင်စားလို့ မရလျှင် ဤမဂ်ကို မရဟု သိရာ၏။ အကယ်၍ ဤမဂ်ကိုသာ ရရိုးမှန်လျှင် ဤဖိုလ်ကို ဝင်စားလို့ ရရမည်။ အနည်းငယ်လေးဖြစ်ဖြစ် ဝင်စားလို့ ရရမည်။ အလေ့အလာ များများပြုရသည်။အလေ့အလာမရှိပါက ရတ်တရက် မလွယ်။ အကြိမ်များကာ လွယ်ကူစွာဖြစ်ချင်လျှင် တနည်း အချိန်ကြာကြာ ဝင်စားလိုလျှင် အလေ့အလာ ကြပ်ကြပ်ပြုရသည်။ ဥပမာ(၁+၂+၃+၄+၅) အထိ တတ်ထားသူကို ၁-ရေးပါဆိုလျှင် ရေးပြလိမ့်မည်။ ထို့အတူ ၂-ဇွိုခိုင်း၊ ထို့အတူ ၅-အထိခိုင်း၊ ထို့အတူ ရေးပြလိမ့်မည်။ ၆-ရေးပါဆိုလျှင် ရေးတော့မည် မဟုတ်။ ဘယ်လိုခိုင်းခိုင်း ရေးတော့မည် မဟုတ်၊ ထို့အတူ မရသော ဖိုလ်ကို ဝင်စားလို့ မရပါ၊ တမဂ်မှ မရလျှင် တဖိုလ်မှ ဝင်စားလို့ ရေပါ။ ၅-အထိသာ ရေးပြနိုင်လျှင် ၅-အထိသာ သူ ရထားတယ်ဟု သိရသကဲ့သို့ လည်းကောင်း၊ ၆-ရေးမပြနိုင်လျှင် ၆-ကို မရသေးသူဟု သိရသကဲ့သို့ လည်းကောင်း သဘောပေါက်အောင် မှတ်လေ။ (တကယ်ဝင်စားပုံကို လုပ်နည်း လုပ်ဟန်နှင့်တကွ ဤစာအုပ် နောက်ပိုင်း ဖလသမာပတ် ဝင်စားပုံ အခန်း၌ ကြည့်ပါ)။

၁၃၃၉-ခုနှစ်၊ တော်သလင်းလကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### ပညာရှိ သတိဖြစ်ခဲ့ တရားတော်

### အလောင်းတော်မင်းကုသနှင့် ပဘာဝတီတို့ ရှေးဆုတောင်း

ဗာရာဏသီ၊ မြို့ဌာနီ၊ ခေါ်သည့် တံခါးရွာ။
အစ်ကို မရီ ၊ တအိမ်တည်း၊ အပြီး သုံးဦးသာ။
တနေ့သောခါ၊ တောသို့သာ၊ သွားပါ မတ်ဖြစ်သူမှာ။
ထိုအိမ်မှာကား၊ မုန့်ကြော်စား၊ ချန်ထား မတ်တွက်သာ။
နောက်တနေ့ကျ၊ နံနက်သာ၊ တောမှ ပြန်အလာ။
,သပိတ်ပိုက်ကာ၊ အိမ်ရှေ့မှာ၊ ကြွလာ ပစ္စေကဗုဒ္ဓါ။
မတ်ဘို့ချန်ထား၊ မုန့်ကိုကား၊ ယူငြား လောင်းလိုက်ပါ။
ပြောပြသော်လဲ၊ မကျေဘဲ၊ ကြိတ်ခဲ ကြီးလှစွာ။
နောက်ကလိုက်ဆွဲ၊ သပိတ်ထဲ၊ မုန့်ဘဲ လုယူလာ။
မရီ ဖြစ်သူ၊ မျက်နှာပူ၊ ပြန်လှူ ထောပတ်သာ။
ထောပတ်တူစွာ၊ ဖြူဝဝ၊ ကျနလှလိုပါ။
ကိုယ်ရောင်ပြောင်ဝင်း၊ ဖိတ်ဖိတ်လင်း၊ ပျံ့သင်း စေဝေဆာ။
ပြောဆိုခက်ငြား၊ ဒီလူမိုက်အား၊ နောက်များ မတွေ့ရလိုပါ။
ဘဝ ဘဝ၊ တူအမျှ၊ တကွ မနေရလိုပါ။
ကံသာအဓိက၊ တားမရ၊ ဘယ်သူမှ မတာတ်နိုင်ပါ။

ကံ-ကံချင်းသာ၊ တတ်နိုင်ရာ၊ ကောင်းစွာ သဘောပေါက်လာ။
မတ်က ထို့တူ၊ မုန့်ပြန်လှူ၊ ဆုမူ တောင်းသည်မှာ။
ဒီမိန်းမမှာ၊ ယူဇနာ၊ တရာ ဝေးစေကာ။
မရှ့အရ၊ သယ်ဆောင်မ၊ မုချ ပိုင်နိုင်စွာ။
ဇနီးမသား၊ ခြေရင်းထား၊ ခိုင်းသွား ရလိုပါ။
ပဘာဝတီဟူ၊ ထောပတ်လှူ၊ စိတ်ပူ ဒေါသပါ။
ရာဇာမဒ္ဒ၊ နတ်တမျှ၊ အလှ ကေရိပါ။
လေးတောင်တိုက်ဝယ်၊ လင်းလို့ထယ်၊ ပြည့်ကြွယ် စ့စပါ။
သို့ဖြစ်စေမူ၊ ချစ်သူမဟုတ်ဘဲ၊ အတူတွဲ၊ ရင်ထဲ မသက်သာ။
မင်းကုသဟာ၊ ရုပ်ဆိုးတာ၊ လိုက်ကာ လူလို့ပါ။
နောက်ခါအသိ၊ ပညာရှိ၊ မင်းထိ ဖြစ်ခဲ့ရာ။
ရသာကင်းဝေး၊ အိမ်ထောင်ရေး၊ မအေး ဆိုးရွားစွာ။

(ခုဒ္ဒကနိကာယ ဇာတက ဋ္ဌကထာ၊ ပဉ္စမအုပ်၊ ၅၁-၂၉၇)

(စမ္ပဒါနအလျှရှင်)၊ မိခင်ကြီး ဒေါ်မြစိန်ကို အမှူးထား၍
ဦးသိန်းဟန်-ဒေါ်တင်ကြည် မိသားစုကောင်းမှု၊ လိပ်ပြာကန် ၁-လမ်း၊
ဗဲဒူးမြို့

## ပညာရှိ သတိဖြစ်ခဲ့ တရားတော်

## အလောင်းတော် မင်းကုသနှင့် ပဘာဝတီတို့ ရှေးဆုတောင်း

## မှတ်သားဘွယ် အကျဉ်းချုပ်

## သားဆုတောင်းရန် အမှန်ခယ ဝိုင်းအော်ကြ

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် ပျင်းရိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှေးလွန်လေပြီးသောအခါ မလ္လတိုင်း၌ ကုသာဝတီ မင်းနေပြည်၌ ဥက္ကာကမည်သောမင်းသည် တရားနှင့်အညီ မင်းပြုလေ၏။ ထိုမင်း၏ မိန်းမပေါင်း တသောင်းခြောက်ထောင်တို့၏ မိဖုရားခေါင်ကြီး အဂ္ဂမဟေသီ အမည်ကား သီလဝတီပါတည်း။ ထို သီလဝတီသည် သား သမီး မရရှိ။ နန်းတော်သူ နန်းတော်သား မြို့သူ မြို့သားတို့က (ရဋ္ဌံ နဿိဿတိ ရဋ္ဌံ နဿိဿတိ = တိုင်းပြည် ပျက်စီးလတ္တံ့၊ တိုင်းပြည် ပျက်စီးလတ္တံ့)ဟု ကြွေးကြော်ကြကုန်၏။ မင်းကြီးသည် အဘယ်အသံနည်းဟု နားထောင်၏။

သစ္စံ ဒေဝ အဓမ္မကာရော နာမ နတ္ထိ၊ အပိစ ဝံသာနု ရက္ခကော ပန ဝေါ ပုတ္တော နတ္ထိ၊ အညော ရဇ္ဇံ ဂဟေတွာ ရဋ္ဌံ နာသေဿတိ၊ တသ္မာ ဓမ္မေန ရဇ္ဇံ ကာရေတုံ သမတ္ထံ ပုတ္တံ ပတ္ထေထ။

ဒေဝ၊ အရှင်ဥက္ကာကမင်းကြီး။ အဓမ္မကာရောနာမ၊ မတရားပြုခြင်း မည်သည်။ နတ္ထိ၊ မရှိသည်ကား။ သစ္စံ၊ မှန်ပါ၏။ အပိစ၊ စင်စစ်သော်ကား။ ဝေါ၊ သင်တို့အား။ ဝံသာနုရက္ခကော၊ အမျိုးအနွယ်ကို စောင့်တတ်သော။

ပုတ္တောပန၊ သားသမီး မည်သည်ကား။ နတ္ထိ၊ မရှိ။ အညော၊ တစ်ပါးသော သူသည်။ ရဋ္ဌ၊ မင်းအဖြစ်ကို။ ဂဟေတွာ၊ ယူသည်ရှိသော်။ ရဋ္ဌ၊ တိုင်းပြည်ကို။ နာသေဿတိ၊ ပျက်စီးစေလတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မေန၊ တရားသဖြင့်။ ရဋ္ဌ၊ မင်းအဖြစ်ကို။ ကာရေတုံ၊ ပြုစေခြင်းငှာ။ သမတ္ထံ၊ စွမ်းနိုင်သော။ ပုတ္တံ၊ သားကို။ ပတ္ထေထ၊ တောင့်တကုန်လော့။

## သမန်းမြက်ကို ကြောင်းဆိုမယ့်ငဲ ကုသမင်း

မိဖုရားကြီး၏ သီလဘန်ခိုးကြောင့် သိကြားမင်း၏ ဘုံဗိမာန် ပူသော အခြင်းအရာကို ပြ၏။ သိကြားမင်းသည် ဆင်ခြင်သည်ရှိသော် မိဖုရားကြီး သားဆုတောင်းသည်၏ အဖြစ်ကို သိ၍ 'ငါသည် မိဖုရားကြီးအား သားဆုပေး ခြင်းငှာ သင့်၏။ မိဖုရားကြီးနှင့် တော်သောသား နတ်ပြည်မှာ ရှိသလား'ဟု ကြည့်၏၊ ဘုရားလောင်းကို မြင်၏။ ဘုရားလောင်းသည် ထိုအခါ တာဝတိံသာ နတ်ပြည်၌ အသက်ကို ကုန်စေ၍ အထက်နတ်ပြည်၌ ဖြစ်လို၏။ သိကြားမင်းက ခေါ်၍ ဥက္ကာကမင်းကြီး၏ မိဖုရားကြီးဝမ်း၌ သန္ဓေယူဘို့ရန် ပြော၏။ အခြား နတ်သားဘယောက်ကိုလည်း ပြောထားသေး၏။ မိဖုရားကြီးကို သိကြားမင်း ကြီးသည် ပုဏ္ဏားအိုယောင်ဆောင်၍ လာပြော၏။

(၁) တယောက်က ပညာရှိ၏၊ ရုပ်ဆင်း မလှ။
(၂) တယောက်က ရုပ်ဆင်း လှ၏၊ ပညာ မရှိ။

"မိဖုရားကြီး ဘယ်သူ့ကို လိုအပ်ပါသနည်း"၊ "အရှင်၊ ပညာရှိကို လိုအပ် ပါ၏"။လက်မဖြင့် မိဖုရားကြီး၏ချက်ကို သပ်ပေး၏။ ကုသတိဏ(သမန်းမြက်)ကို အကြောင်းပြု၍ ရအပ်သောကြောင့် မွေးဖွားလာသောသားကို ကုသကုမာရ (ကုသမင်းသား)ဟု အမည်ပေး၏။

## လင်သားမျက်နှာ နေ့မှာလုံးဝ မကြည့်ရ

ကုသကုမာရ၏ နောက် ဒုတိယသားအား ဇယမ္ပတိကုမာရဟု မှည့်၏။ ဘုရားလောင်း ကုသကုမာရသည် ခပ်သိမ်းသောအဘတ်တို့၌ အပြီးသို့ ရောက်၏။ တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ မင်းအဖြစ် အပ်နှင်းလို၏။ မိဖုရားပါ လိုလာ၏။ အလောင်းတော်ကား မလို။ အမျိုးမျိုးပင် တောင်းပန်၏။ မိဘ ကွယ်လွန်လျှင် ရဟန်းပြုပါအံ့တဲ့။ မိဘများနှင့် ကြာကြာ ဆန့်ကျင်လို့

မကောင်း။ နည်းလမ်း ရှာပေအံ့။ ရွှေရုပ်လုပ်၊ ယင်း ရွှေရုပ်နှင့်တူသော မိန်းမ လိုက်ရှာခိုင်း။ မဒ္ဒတိုင်း သာဂလမြို့သို့ ရောက်၏။ မဒ္ဒမင်း၏ သမီး ပဘာဝတီ သည် ၄ တောင်ရှိ တိုက်ခန်း မီးမထွန်းဘဲ လင်း၏၊ မိဖုရားကြီး သီလဝတီ သည် ပညာရှိ၏၊ မဒ္ဒမင်းကြီးကို ပြော၏။ "မြတ်သောမင်းကြီး ချွေးမကို မြင်လို ပါ၏" စဉ်းစား၏။ သူကား သိပ်လှနေ၏၊ ငါ့သားကား အရုပ်ဆိုး၏။ သူ ငါ့သား ကိုမြင်လျှင် ပြေးလိမ့်မည်။ ငါ အကြောင်း ရှာမည်။ မြတ်သောမင်းကြီး ချွေးမကတော့ သားအား အလွန် လျောက်ပတ်၏။ သို့သော် တခု ခက်နေတယ်။ အခြားဟာ မဟုတ်ပါ။ အမျိုးစဉ်ဆက်ရဲ့ လိုက်နာရမယ့် ထုံးစံ တခုပါ။ ကိုယ်ဝန် မရသေးသမျှ နေ့အခါ လင့်မျက်နှာ မကြည့်ရဘူး။ အဲဒါကိုတော့ လိုက်လျောမှ ဖြစ်မယ်။ "လိုက်လျောပါ့မယ်" ဖြစ်၏။ ထို့ကြောင့် ဆောင်ခေါ်သွားလေ၏။

## ပဘာဝတီကား လင်သားကိုပင် ဘီလူးထင်

ဥက္ကာကမင်းကြီးသည် သား ကုသကုမာရ၊ ချွေးမ ပဘာဝတီတို့အား မင်းကြီးဘိသိက်၊ အဂ္ဂမဟေသီ မိဖုရားကြီးဘိသိက် သွန်းနှိပ် မြှောက်စားလေ၏။ ပဘာဝတီသည် မိမိ၏ အရှင်သခင် လင်ယောက်ျားအား အထူး နေ့ဘက် မြင်လို၏။ များစွာ ယောက္ခမကြီးအား ပူဆာ၏။ မိခင်ကြီး အမျိုးမျိုး အကြောင်းပြပြီး ပယ်ခဲ့၏။ ဆင်တင်းကုပ်အတွင်း ဆင်များ ကြည့်ရှုရန်ဆိုပြီး တစေ့ တစောင်း ပြခဲ့၏။ သိပ် မရိပ်မိ။ နောက် ပူဆာပြန်၍ တိုင်းခန်း လှည့်လည် ယင်း မသိမသာ ပြခဲ့၏။ သံသယ စင်နေသည်။ သေချာစွာကား ဘာမျှ မသိ။ ဇယမ္ပတိ ညီတော်နှင့် မကွဲဘဲ ဖြစ်နေ၏။ အလောင်းတော် ကုသမင်းကလည်း နေ့ခင်း ကြည့်ပါရစေဟု တောင်းဆိုပြန်၏။ ပယ်၍ မရပါ။ ထို့ကြောင့် "မထင် ရှားသော အသွင်ဖြင့် ဥယျာဉ်သို့ သွားလော" ဟု ဆို၏။ ဥယျာဉ်အတွင်း ရေ ကန်ထဲ၌ လည်ပင်းမျှ ဖော်ပြီး ကြာဖက်အောက်မှာ ပုန်းနေ၏။ မိခင်ကြီးကား ပဘာဝတီကို ခေါ်၍ လိုက်ပြ၏။ ပဘာဝတီသည် ပဒုမ္မာ ကြာပန်းကို မြင်၍ ရေအနီးသို့ ဆင်းကာ လက်ဆန့်လိုက်သည့်အခါ (အဟံ ကုသရာဇာ=ငါ ကုသ မင်းတည်း)ဟု အော်ပြီး လက်ကို ဖမ်းဆွဲလိုက်၏။ မြင်ရသော ပဘာဝတီကား (ယက္ခော မံ ဂဏှိ=ငါ့ကို ဘီလူးကြီး ဖမ်းဆွဲတယ်) ဟု အော်ဟစ်ပြေး၏။

## ပြဿနာကား ဆန်းပြားမကောင်း ရှေးဆုတောင်း

ပဘာဝတီသည် ကြောက်ပြီး မေ့သွားရာမှ သတိပြန်ရသည့် ရှိသော် စဉ်းစား၏။

(၁) သူသည် ငါ့ကို ဆင်တင်းကုပ်မှာတုန်းကလည်း ဆင်၏ အညစ်အကြေးဖြင့် လှမ်းပေါက်သည်။

(၂) သူသည် မြင်းတင်းကုပ်မှာတုန်းကလည်း မြင်း၏ အညစ်အကြေးဖြင့် လှမ်းပေါက်သည်။

(၃) တိုင်းခန်း လှည့်စဉ် အခါတုန်းကလည်း ဆင်ကျောက်ကုန်းနောက်ကနေပြီး ကိုးရိုးကားရား လုပ်ပြသွားတယ်။

ဒီလောက် အနေမဟုတ်၊ အရုပ်မလှ၊ လင်အနေအထားဖြင့် မသင့်တော်သူအား ဤသို့ နေရသော် အကျိုးမရှိဟု ဆုံးဖြတ်ကာ အမတ်တွေကို ခေါ်၍ ပြန်ဘို့ရန် အစီအစဉ် လုပ်ခိုင်း၏။ ကုသမင်းကြီးအား လျှောက်ထားသော်လည်း မသွားရလျှင် နှလုံးကွဲ သေပွဲဝင်ရလိမ့်မည်။ သွားပါစေ။ နောက်မှ ကြံဆောင်ယူတော့မည်ဟု သွားခြင်းကို ခွင့်ပြုလိုက်၏။ ပဘာဝတီသည် သာဂလမြို့ မဒ္ဒမင်းကြီး ဘခင်ထံ ပြန်လေ၏။ ပဘာဝတီသည် မင်းကုသကို မကြိုက်။ ရှေးဆုတောင်းပင်။ မင်းကုသသည် ဒါလည်း ရှေးဆုတောင်းပင်။

## ပစ္စေကဗုဒ္ဓါ ကြွလာကြုံခိုက် မုန့်လှူလိုက်

ရှေးအခါ ဗာရာဏသီပြည်၌ ရင်းနှီးသော သူငယ်ချင်း နှစ်ယောက်ရှိ၏။ တယောက်မှာ သားနှစ်ယောက်၊ နောက်တယောက်မှာ သမီးတယောက်ရှိ၏။ သားနှစ်ယောက်တို့တွင် အငယ်သည် ဘုရား အလောင်းတည်း။ အကြီးနှင့် ထိုတယောက်၏ သမီးနှင့် လက်ဆက်ပေးကြပြီ။ တနေ့ မိဘများ သေဆုံးကြ၍ အလောင်းတော်သည် အစ်ကိုနှင့် မရီးတို့ထံ၌ နေ၏။ အလောင်းတော်သည် တောသို့ သွားနေသည်။ အိမ်မှာကား မုန့်လုပ်စားကြ၏။ မရီးသည် မတ် (မောင်လေး)အဘွက် မုန့်ချန်ထား၏။ ကျန်တာအားလုံး ပေးကမ်း စားသောက်လိုက်ကြပြီ။ မောင်လေး တောက ပြန်အရောက်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကလည်း ကြွအလာ ဆုံနေ၏။ မရီးကား မောင်လေးကို ကျေနပ်အောင် ပြောပြမည်၊ မုန့် ထပ်ကြော်ပေးမည်၊ မောင်လေးအတွက် မုန့်တို့ကို ပစ္စေကဗုဒ္ဓါများအား လောင်းလှူလိုက်မည်၊ အလွန်လည်း ကြံ့ခဲသည်ဟု ကြံပြီး ယူ၍ လှူလိုက်၏။

## ပဘာဝတီ ရွယ်ရည်မကောင်း ရှေးဆုတောင်း

မရီးသည် မတ်အား ဤသို့ ပြော၏။ ''မောင်လေး၊ မင်း စိတ်ကောင်း ကောင်းထားနော်၊ မင်းအတွက် မုန့်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးအား လှူလိုက်တယ်'' မတ်ကား ဤသို့ ပြန်ပြောလေ၏။ ''သင့်အတွက် မုန့်ကိုတော့ သင် စားလိုက်တယ်၊ ငါ့အတွက် မုန့် လှူရသလား၊ ငါ ဘာစားမလဲ'' ဤသို့ ပြောဆို စိတ်ဆိုးပြီး ပစ္စေကဗုဒ္ဓါထံ ပြေးလိုက်ကာ သပိတ်ထဲမှမုန့်ကို အတင်း ပြန် လုခဲ့၏။ မရီးသည် အလွန်အားနာ၍ မိခင်အိမ်သို့သွားပြီး ထောပတ်များယူလာ၊ လောင်းထည့်၏။ ထောပတ်အဆီများ ဝင်းဝင်းပြီး ပြောင်လက်နေသည်ကို ကြည့်၍ အောက်ပါအတိုင်း ဆုတောင်းလေ၏။

ဘန္တေ ဣမိနာ ဒါနဗလေန နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မေ သရီရံ သြဘာသ ဇာတံ ဟောတု၊ ဥတ္တမရူပဓရာစ ဘဝေယျံ၊ ဣမိနာစ မေ အသပ္ပုရိသေန သဒ္ဓိံ ဧကဋ္ဌာနေ ဝါသော မာ အဟောသိ။

ဘန္တေ၊ အရှင်ဘုရား။ ဣမိနာ ဒါနဗလေန၊ ဤထောပတ်လှူရသော ဒါန၏ အစွမ်းကြောင့်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌။ မေ၊ တပည့်တော်၏။ သရီရံ၊ ခန္ဓာကိုယ်သည်။ သြဘာသဇာတံ၊ တောက် ပြောင်သောအရောင်ဖြစ်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဥတ္တမရူပဓရာစ၊ မြတ်သောအဆင်းကို ဆောင်နိုင်သည်လည်း။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ မေ၊ တပည့်တော်အား။ ဣမိနာစ အသပ္ပုရိသေန၊ ဤ သူယုတ်မာနှင့်။သဒ္ဓိံ၊တကွ။ ဧကဋ္ဌာနေ၊ တနေရာ တဌာနတည်း၌။ ဝါသော၊ နေထိုင်ရခြင်းသည်။ မာ အဟောသိ၊ မဖြစ်ပါရစေနှင့်၊ မဖြစ်ပါစေသား အရှင်မြတ်ဘုရား။

## ဒေါသခြံရံ သူ့ကံအကျိုး အရုပ်ဆိုး

ထို ဆုတောင်းသော အမျိုးသမီးကား ပဘာဝတီ အလောင်းတည်း။ ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲမှ မုန့်လိုက်လုသော မတ်ကား မင်းကုသ အလောင်း တည်း။ ဤ ရှေးဆုတောင်းကြောင့် ပဘာဝတီသည် မင်းကုသကို မကြိုက်။ အလောင်းတော်(မတ်)သည် ထို မိမိအတွက် ရထားသော (ပြန်လုထားသော) မုန့်ကို ပြန်သဒ္ဓါပေါက်၍ လှိုက်ပြီး ထောပတ်ပေါ်တင် လောင်းလှူပြီး ဆု တောင်းပြန်၏။ ဆုတောင်းပုံ–

ဘန္တေ ဣမံ ယောဇနသတေ ဝသန္တိမ္ပိ အာနေတွာ မမ ပါဒပရိစာရိကံ ကာတုံ သမတ္ထော ဘဝေယျံ။

ဘန္တေ၊ အရှင်ဘုရား။ ဣမံ၊ ဤမိန်းမ (မရီး) ကို။ ယောဇနသတေ၊ ယူဇနာတရာထက်၌။ ဝသန္တိမ္ပိ၊ နေပါသော်လည်း။ အာနေတွာ၊ မရ အရဆောင်၍။ မမ၊ တပည့်တော်၏။ ပါဒပရိစာရိကံ၊ ခြေရင်းအလုပ်အကျွေးကို။ ကာတုံ၊ ပြုခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

ဤ၌ အလောင်းတော် (မဟာ်) ဆည် စိဘ်ဆိုး (အမျက်ထွက်) သည် ဖြစ်၍ မုန့်ကို လိုက်လု၏၊ ထို ရှေးကံကြောင့် အဆင်း ဤမျှ မလှ ဖြစ်ရ၏။

၁၃၃၉-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈) ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## တန်ဆေး လွှန်ဘေး တရားတော်

### ကုဋေ(၁၀)ကြွယ် သဌေးကြီး၏ သမီးချော (ဥပ္ပလဝဏ် ထေရီအလောင်း) ဥမ္မာဒန္တီ၏ ရှေးဆုတောင်း

ဗာရာဏသီ၊ မြို့ဌာနီ၊ ပြည့်ညီ လွန်သာယာ။
ဆင်းရဲသူမ၊ ရုပ်ရည်လှ၊ ခေါ်ကြ ဒလိဒ္ဒါ။
တန်ဆောင်တိုင်ပင်၊ မီးတွေဆင်၊ ပျော်ရွှင် ညဥ့်အခါ။
အရွယ်ညီတူ၊ လှပျိုဖြူ၊ ဆင်တူ ဝတ်သည်မှာ။
အသဲမါယား၊ စိတ်ချင်အား၊ ကြီးမား မဖြေသာ။
သဌေးအိမ်မှ၊ သွားပြောပြ၊ တူမျှ ခိုင်းဘို့ရာ။
သုံးနှစ်ကာလ၊ ကျွန်ခံမှ၊ ဝတ်ရ ဤထည်မှာ။
သနားကရုဏာ၊ ဖြစ်၍လာ၊ ခိုင်းတာ တနှစ်သာ။
အရောင်နီမြန်း၊ ထိုဝတ်ပန်း၊ ပေးကမ်းလိုက်သည်သာ။
ဝမ်းသာတအား၊ မြစ်ဆိပ်သွား၊ ရေမျှား ချိုးစဥ်မှာ။
မထေရ်မြတ်ကာ၊ ဆွမ်းခံကြွ၊ ပြန်ထ မြစ်ကမ်းမှာ။
အဝတ်ရှားထ၊ ထိုခေတ်က၊ လူကြ ခိုးသူတွေဟာ။
သင်္ကန်းကိုပါ၊ ချွတ်ယူကာ၊ ဆင်လာ သစ်ခက်တွေသာ။
သစ်ရွက်သင်္ကန်း၊ ဝတ်ဆင်မြန်း၊ ကြွလှမ်း သပိတ်ပိုက်ကာ။

ဒလိဒ္ဒါကဲ့သား၊ လွန်သနား၊ မခြား ကိုယ်ချင်းစာ။
ရုပ်တော်မူပါ၊ လျှောက်ထားကာ၊ တက်လာ ရှိသေစွာ။
မိမိဝတ်ပန်း၊ ဆုတ်ထက်ခြမ်း၊ လှူဒါန်း တခုသာ။
ကိုယ်တော်ကြီးကား၊ ကွယ်ရာနား၊ ဝတ်သွား တင့်တယ်စွာ။
စိတ်မှာအထူး၊ လွန်ကြည်နူး၊ ရွှင်မြူး မြတ်သဒ္ဓါ။
ကျန်နေတခြမ်း၊ လိုက်လှူဒါန်း၊ ကြိုးပမ်း ဆုပတ္ထနာ။
ကိုယ်ရောင်ပြောင်ဝင်း၊ လှပဆင်း၊ မယွင်း နတ်ကညာ။
ယောကျ်ားတိုင်းမှာ၊ မြင်သူဟာ၊ အူပါ သွက်သွက်ခါ။
မူးအောင်ရူးအောင်၊ စိတ်ကိုဆောင်၊ စွမ်းအောင် လှလိုပါ။
မိမိထက်သာ၊ ချောလှတာ၊ ဘယ်မှာ မရှိစေလိုပါ။
သုန္ဒမှာ၊ အာနန္ဒာနှင့်၊ အဘိပါရကာ၊ နာမအရှိ၊ စဉ်တွဲဘိ၊ သာရိပုတ္တရာ။
သမီးဥမ္မာ၊ ဥပ္ပလာဟူဘိ၊ မင်းသိဝိ၊ ဖြစ်၏ မြတ်ဗုဒ္ဓါ။

(ခုဒ္ဒကနိကာယ ဇာတကဋ္ဌကထာ၊ ပဉ္စမအုပ်၊ နှာ-၂၂၀)

(ဓမ္မဒါန အလှူရှင်) မိခင်ကြီး ဒေါ်သန်းရင်ကို အမှူးထား၍
ဦးစိုးတင်-ဒေါ်သောင်းကြည်၊ ဦးနိုးခင်-ဒေါ်တင်မြင့် မိသားစုကောင်းမှု။
ခေမာလမ်း၊ ကျောက်ကြီးစု၊ ပဲခူးမြို့။

## တန်ဆေး လွန်ဘေး တရားတော်

## ကုဋေ ၈၀-ကြွယ် သဋ္ဌေးကြီး၏ သမီးချော (ဥပ္ပလဝဏ်ထေရီအလောင်း) ဥမ္မာဒန္တီ၏ ရှေးဆုတောင်း

## မှတ်သားဘွယ် အကျဉ်းချုပ်

### ဥမ္မာအလှ ကျနယဉ်ကျေး ရှုးပြီးငေး

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ပျင်းရိသော ရဟန်းကို အကြောင်းပြု၍ ဟော၏။

လွန်လေပြီးသောအခါ သိဝိတိုင်း အရိဋ္ဌပုရမြို့၌ သိဝိမင်းသည် မင်းပြုတော်မူ၏။ ဘုရားအလောင်းတော်သည် ထို သိဝိမင်း၏ မိဖုရားကြီးထံ၌ သန္ဓေတည်၏။ ဖွားဖွားသည့်အခါ သိဝိကုမာရဟု အမည်မှည့်၏။ စစ်သူကြီး လည်း သား ဖွား၏။ အမည်ကား အဘိပါရကတည်း။ ထို သူငယ်ချင်း နှစ်ယောက်ကြီးလာသော် တဆယ့်ခြောက်နှစ်အရွယ်မှာ တက္ကသိုလ်ပြည်သို့ သွား၍ ပညာသင်ကာ တတ်မြောက်လျက် ပြန်လာကြကုန်၏။ သိ ဝိ မင်း ကြီး သည် သားအလောင်းတော် သိဝိကုမာရအား ထီးနန်းအပ်၏။ ယင်း မင်းကြီး သိဝိကုမာရသည် သူငယ်ချင်း အဘိပါရကအား စစ်သူကြီး ခန့်၏။ တရားသဖြင့် မင်းပြု၏။ ထို အရိဋ္ဌပုရမြို့၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော တိရိဋိဝစ္ဆမည်သော သဋ္ဌေးကြီး၌ သမီးတယောက် ရှိ၏။ အလွန် လှပ၏။ မြင်သူ ထူးပြီး ရူးနိုင်၏။ အမည်ကား ဥမ္မာဒန္တီတည်း။

### အဝတ်နီမြန်း သက်န်းဒါန ဤသို့လှ

ထို ဥမ္မာဒန္တီသည် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ၌ အလှပေါင်းစုံ ပန်းရိုပ်မြုံကြီးကဲ့သို့ မြင်သူတိုင်း ရူးလို့ ထူးပါပေသည်ဟူ

အားလုံး ချီးကျူးကြသည်။ သူ၏ ကောင်းမှုကံကား ကြီးမားလေစွ။ အဘ ဖြစ်သော တိရိဋ္ဌိဝစ္ဆ သဌေးသည် အရွယ်ရောက်သော သမီးအလှ ဥမ္မာဒန္တီ အတွက် ပန်းသတင်း လေညှင်းဆောင်သလို လူသတင်း လူချင်းဆောင်ကာ ဘုရားအလောင်းတော်(ဘုရင်)သိဝိကုမာရမင်းနှင့်အဆက်အသွယ်ဖြစ်ခဲ့လေပြီ။ ပုဏ္ဏား ပညာရှိတို့ကိုလည်း စုံစမ်းစေ၏။ ပုဏ္ဏားများနှင့် အဆင်မပြေ။ ပုဏ္ဏား တို့၏ တိုက်ခိုက်မှုကြောင့် ယင်းတို့၏ အိမ်ထောင်ရေး ဖူးစာခေတ်သည် ဤ နေရာမှပင် ကင်းပြတ် ရပ်စဲသွားတော့သည်။ ထို့ကြောင့် တိရိဋ္ဌိဝစ္ဆ သဌေးကြီး သည် ရန်ငြိုးထားကာ သမီးလှ ဥမ္မာဒန္တီကို အဘိပါရက စစ်သူကြီးအား ပေး အပ် လက်ဆပ်မင်္ဂလာ ပြုစေခဲ့သည်။ ဤမျှ လှခြင်းကား နီမြန်းသော အဝတ် သင်္ကန်း စသည် လှူဒါန်းရခြင်း၏ အကျိုးပေါ်တည်း။

## ဝတ်ပန်းထဘီ ဝတ်မည်အားကိုး ရေဆင်းချိုး

ရှေးအခါ ဤ ဥမ္မာဒန္တီသည် ဗာရာဏသီပြည်၌ ဆင်းရဲသော အမျိုး၌ ဖြစ်၍ များစွာ သိမ်ငယ်၏။ တနေ့သ၌ နက္ခတ်ပွဲသဘင် ဆင်ယင် ကျင်းပ၏။ သက်တူရွယ်တူ ပျိုဖြူအလှ အမျိုးသမီးငယ် ဟူသမျှတို့သည် နီမြန်းသော ဝတ်ပန်းထဘီတို့ကို ဝတ်ဆင် သွားလာကြ၏။ များစွာ ဝတ်ဆင်လိုလှ၏။ မိဘ တို့ကို ပြောပြ၏။ မိမိတို့အင်အားဖြင့် ဘယ်လိုမှ မတတ်နိုင်ကြောင်း ပြောပြ၏။ ကြွယ်ဝသော အိမ်တအိမ်၌ အခစား လုပ်လို့ကြောင်း ခွင့်တောင်း၏။ မိဘက စပ်ဟပ် စီစဉ်ပေး၏။ ပတ်ပန်းထဘီတထည် ရဘို့ရန် သုံးနှစ် ကျွန်ခံ လုပ်ပေး ရမည် ဖြစ်၏။ ဆင်းရဲသူမလေး အလုပ်ဝင်ပြီ။ သူကား အစစ တော်၏။ ထို့ကြောင့် သူ၏ကျေးဇူးနှင့် ချီးကျူးစရာတွေ့ အထွေထွေတို့ကြောင့် သုံးနှစ် မပြည့်မီ ဝတ်ပန်းထဘီတထည် ဆုအဖြစ်(ကရုဏာဆု)ပေးပြီး ပြန်လွှတ်လိုက်၏။ အခြားသော အဝတ်တို့ကိုလည်း ပေးလိုက်သေး၏။ ထို ဆင်းရဲသူမသည် အဖော်များနှင့် မြစ်ကမ်းပေါ်၌ ယင်းဝတ်ပန်းထဘီကို ထားခဲ့ပြီး ရေချိုးလေ၏။

## ဥမ္မာဒန္တီ ရှယ်ရည်ညွှတ်ပြောင်း ရှေးဆုတောင်း

ထိုခဏ၌ ကဿပ မြတ်စွာဘုရား၏တပည့် သင်္ကန်းတွေ့ ခိုးသူများ လုယူ လိုက်၍ သစ်ရွက် သစ်ခက်များ ဝတ်ဆင်ကာ ကြွလာရသည်ကို ရေချိုးယင်း မြင်၍ 'ငါ့မှာ ရှေးဘဝက အဝတ်ကောင်း မလှူဘူး၍ အဝတ်ကောင်း မရ

တာပဲ၊ ခဲယဉ်းစွာ သုံးနှစ် ကျွန်ခံမှ ရအပ်သော ဤအဝတ်ကောင်း (ဝတ်ဖန်း)ထဘီကို တခြမ်းလှူလိုက်တော့မည်' ဆုံးဖြတ်ပြီး လှူလိုက်၏။ များစွာကြည်ညို ဝမ်းမြောက်၏။ တဖန် သဒ္ဓါပေါက်ပြီး ကျန်နေသော တခြမ်းကိုပါ အောက်ပါအတိုင်း ဆုတောင်းပြီး လှူပြန်၏။ မထေရ်သည်လည်း အနုမောဒနာပြု၏။

ဘန္တေ အဟံ ဘဝေ ဘဝေ ဝိစရန္တီ ဥတ္တမရူပဓရာ ဘဝေယျံ၊ မံ ဒိသွာ ကောစိ ပုရိသော သကဘာဝေန သဏ္ဌာတုံ မာ အသက္ခိ၊ မယာ အတိရူပတရာ နာမ အညာ မာ ဟောတု။

ဘန္တေ၊အရှင်မြတ်ကြီးဘုရား။အဟံ၊ တပည့်တော်မသည်။ဘဝေ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၌။ ဝိစရန္တီ၊ လှည့်လည်ရသည်ရှိသော်။ ဥတ္တမရူပဓရာ၊ အလွန်မြတ်သောအဆင်းကို ဆောင်နိုင်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ မံ၊ တပည့်တော်မကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ကောစိ ပုရိသော၊ ဘယ်ယောကျ်ားမျိုးမဆို။ သကဘာဝေန၊ မိမိသဘောအားဖြင့်။ သဏ္ဌာတုံ၊ ကောင်းစွာ တည်စိမ့်သောငှာ။ မာ အသက္ခိ၊ မစွမ်းနိုင်ပါစေနှင့်။ မယာ၊ တပည့်တော်မထက်။ အတိရူပတရာနာမ၊ ပိုလွန် အဆင်းလှသော။ အညာ၊ တပါးသောအမျိုးသမီးရှိသည်။ မာ ဟောတု၊ မဖြစ်ပါစေလင့်။

## သိဝိမင်းကြီး စွဲပြီးအလိလိ အုံအုံမြည်

ထို ဥမ္မာဒန္တီသည် နတ်ပြည်၌ကျင်လည်ပြီး ထိုအခါ အရိဋ္ဌပုရမြို့၌ဖြစ်၍ အလွန် အဆင်းလှ၏။ အဘိပါရကသည် နက္ခတ်ပွဲသဘင်အနေ မြို့ထဲသို့ သိဝိမင်းကြီးနှင့်တကွ လှည့်လိမ့်မည်။ အပြင်သို့ ထွက်မကြည့်နှင့်။ လူအမြင် မခံရဟု မှာထား၏။ သင့်ကို မြင်သွားလျှင် သတိကို ထိန်းနိုင်မည်မဟုတ်ဟု မှာထား၏။ လှည့်လာကြောင်း အထိန်းမ က ပြောကြား၏။ ဥမ္မာဒန္တီသည် ပြတင်းပေါက်မှ ပန်းဖြင့် ပေါက်၏။ မြင်သွား၍ ကိလေသာ၏ အစွမ်းဖြင့် ခင်မင်မှု ရှိသွားပြီ။ သတိ ထိန်းမရ ဖြစ်နေပြီ။ အဘိပါရက စစ်သူကြီး(သူငယ်ချင်း)၏ အိမ်ဟုပင် မသိတော့။ သိဝိမင်းကြီးသည် မြင်သောအခါမှစ၍ မြို့ကို လှည့်ချင်စိတ် လုံးဝ မရှိတော့ပြီ။"အဘိပါရက စစ်သူကြီးသာ ဆက်၍ လှည့်ပါလော့၊ ငါ ရထား ပြန်လှည့်"ဆိုပြီး ပြာသာဒ်ထက် တက်ပြီး အိပ်ရာပေါ်၌ လူးလိမ့် မြည်တမ်းကာ ပါးစပ်မှ (အုံ၊ အုံ၊ အုံ)ဟု အမြဲ ထွက်နေတော့သည်။ အမတ်ကြီးတို့သည်

အဘိပါရကစစ်သူကြီးအား မင်းကြီးသည် ဥမ္မာဒန္တီ(အရှင်စစ်သူကြီး၏ ဇနီး) အား စွဲလမ်း လူးလှိမ့် မြည်တမ်းနေကြောင်း တိုင်တန်းပြီ။

## ဥမ္မာအလှ ဥပ္ပလထေရီ ဖြစ်လာပြီ

အဘိပါရက စစ်သူကြီးသည် အမျိုးမျိုး စုံစမ်း စစ်ဆေး၍ နတ်မေးစည့် အသွင် ဖန်တီးကာ မင်းကြီးထံ သွား၍ ''သင်တို့မင်းကြီးဟာ ဘာရောဂါမှ မဟုတ်၊ ဥမ္မာဒန္တီကို စွဲလမ်းနေခြင်းတည်း။ မရလျှင် မကြာခင် နတ်ရွာ လား လိမ့်မည်ဟု နတ်မင်းကြီးကပြောကြောင်း'' လျှောက်ထား၏။ ''အော်-နတ်မင်း ကြီးတောင် သိသွားပြီလား''ဟု မေး၏။ ပြောပြ၍ များစွာ ရှက်သွားလေပြီ။ ဤနေရာ၌ တရား ဖိ၍ဟောသည်။မင်းကြီးသည် ဥမ္မာဒန္တီအပေါ်၌ စွဲလမ်းသော စိတ် ပျောက်သွားပြီ။ ဇာတ်ပေါင်းသည့်အခါ—

(၁) သုနန္ဒ ရထားထိန်းသည် ရှင်အာနန္ဒာ ဖြစ်လာပြီ။
(၂) အဘိပါရက စစ်သူကြီးသည် ရှင်သာရိပုတ္တရာ ဖြစ်လာပြီ။
(၃) ဥမ္မာဒန္တီသည် ဥပ္ပလဝဏ်ထေရီ ဖြစ်လာပြီ။
(၄) သိဝိမင်းကြီးသည် ဘုရားသခင် ဖြစ်လာပြီ။

၁၃၃၉ ခုနှစ်၊ သီတင်းကျွတ် လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## မဟာကြားအစ်သော

**စိတ်အားသန် ကြတိုင်းပြီး တရားတော်**

**သိကြားမင်းကြီးနှင့် သုဇာတာဗျိုင်းမကလေး ဝတ္ထု**

မာဃလုလင် သူ့အိမ်တွင် လေးအင်ဇနီးတို့မှာ။
သုဇာတာ, သုဓမ္မာ၊ သုနန္ဒာ, သုစိတ္တာ၊ စဉ်ကာကြီးငယ်သာ။
သုဇာတာကာ၊ ကိုယ်ကိုသာ၊ အလှချိန်ကုန်ရာ၊
သယ်လို့နားချ၊ သူမကျ၊ မရ ပါသနာ၊
သုဓမ္မာ, သုနန္ဒာ, သုစိတ္တာ၊ သုံးဦးမှာ၊ ပြုလာ သာသနာ။
သာသနာပြု၊ မြတ်ကောင်းမှု၊ ပေါင်းစု အားကာကတာ။
သုံးကိုယ်သုံးဦး၊ ဖွဲ့အထူး၊ အမှုး မာဃပါ။
သေသောအခါ၊ မာဃမှာ၊ ဖြစ်လာ သိကြားမင်းဗ။
ဖွဲ့ဝင်တွေဟာ၊ နတ်သားပါ၊ တေဇာ ထူးကဲစွာ။
သုဓမ္မာ, သုနန္ဒာ, သုစိတ္တာ၊ တူမကွာ၊ ဖြစ်လာ နတ်ကညာ၊
သုဇာတာကား၊ တောင်ချောက်ကြား၊ ရေနားဗျိုင်းမပါ။
ငမ်းရေးမလွယ်၊ မျက်နှာငယ်၊ စောင့်ရှယ် ငါးကိုသာ။
မာဃသိကြားမှာ၊ သူ့ကိုရှာ၊ တွေ့ပါ အိုင်စပ်မှာ။
ခြေတံရှည်ပြီး၊ တိုအမြီး၊ နှုတ်သီး ပြဲချွန်စွာ။
လယ်တံကောက်ကာ၊ ကြည့်မလှ၊ ဘာဝ လွန်ဆိုးရှာ။

သိကြားမင်းဆင်းလာ၊ မှတ်မိစေ၊ ရှက်စွာ ခေါင်းငုံ့ကာ။
ဘဝဟောင်းမှ၊ နောက်ကြောင်းပြန်လှည့်၊ ကျမျက်ရည်၊
ကိုယ်စီ မသက်သာ။
ကုသိုလ်အရှိန်၊ စည်းစိမ်အလီလီ၊ ပြဘို့ရည်၊ ပွေ့ချီ နတ်တို့ရွာ။
သိကြားမင်းက၊ ငါးလုပ်ပြ၊ သီလ စမ်းဆည်သာ။
အနှစ်ငါးရာ၊ ကြိမ်တခါ၊ ဘယ်မှာ မဝပါ။
သဒ္ဓါ လွန်ထက်၊ သူ့ တသက်၊ မပျက် သီလမှာ။
အိုးထိန်းသည်အိမ်မှ၊ သမီးလှ၊ ဖြစ်ရ ဒုတိယာ။
သိကြားမင်းပင်၊ ကုန်သည်သွင်၊ ပို့တင် ရွှေသခွားသီးပါ။
အိုးထိန်းသည်မ၊ ဒု-ဘဝ၊ သီလ လွန်ဖြူစွာ။
ဝေပစိတ္တိအသူရာ၊ သမီးသာ၊ ဖြစ်လာ တတိယာ။
သိကြားမင်းမှာ၊ လက်ထပ်ကာ၊ ခေါ်ပါ နတ်တို့ရွာ။
တရင်းတနှီး၊ ချစ်ဇနီး၊ အကြီး သူ့ကိုသာ။ ။

(ဒီဃနိကာယ မဟာဝဂ္ဂ အဋ္ဌကထာ နှာ-၃၁၀)

(ဓမ္မဒါနအလှူရှင်) ဦးကျော်လှိုင်+ဒေါ်ခင်နု သား သမီး မြေးများ တစု
ကောင်းမှု၊ ပရိက္ခရာဆိုင်၊ မင်းလမ်း၊ ပဲခူးမြို့

## စိတ်အားသန် ကြံတိုင်းပြီး တရားတော်
## သိကြားမင်းကြီးနှင့် သုဇာတာပျိုးမကလေး ဝတ္ထု
## မှတ်သားဘွယ် အကျဉ်းချုပ်

### သုံးကျိပ်သုံးဦး အထူးညီညာ စေတနာ

ဘုရားမပွင့်မီ မဂဓတိုင်း မစလရွာ၌ မဃမည်သော ဒကာတဦးရှိ၏။ ယင်း မဃ၏အိမ်၌ ဇနီးလေးယောက်ရှိ၏။ သုဇာတာ, သုဓမ္မာ, သုစိတ္တာ, သုနန္ဒာ တို့တည်း။ သုဓမ္မာမည်သော အမျိုးသမီးသည် ခမ်းနားသော ဇရပ်ကြီး ဆောက်၍ လှူ၏။ ဇရပ် အမကြီးပါတည်း။ သုနန္ဒာက ခမ်းနားသော ရေကန်ကြီးတူးပြီး လှူ၏။ ရေကန်အမကြီးပါတည်း။ သုစိတ္တာသည် ပန်းဥယျာဉ်ကြီး စိုက်ပျိုး လှူဒါန်း၏။ ပန်းဥယျာဉ် အမကြီးပါတည်း။ သုဇာတာကား အလှူအတန်း ဝါသနာမပါ။ ဘာမျှလည်း မလှူဘူးပါ။ လှူခိုင်း၍လည်း မရပါ။ မဃလုလင်ကား အလွန်ကို ကုသိုလ်ရေး ဝါသနာပါ၏။ ကုသိုလ်ရေး အသင်းအဖွဲ့ ခေါင်းဆောင်ကြီးပါတည်း။ သူ့အဖွဲ့သည် သူနှင့် သုံးကျိပ် သုံးယောက်ရှိ၏။ လမ်းပြင်ခြင်း၊ မြက်ရှင်းခြင်း၊ သာရေးနာရေး ကိစ္စတွေမှာ ဖျာခင်းခွက်ဆေးခြင်းက စ၍ လိုအပ်သည့်နေရာမှ တာဝန်ယူ အချက်အပြုတ်ပါမကျန် အားလုံး စေတနာဖြင့် လိုက်လုပ်ပေး၏။

### သိကြားမင်းကြီး ဇနီးများပါ အားလုံးရှာ

အဖွဲ့ခေါင်းဆောင်ကြီး မဃသေလွန်သော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏။ သုံးကျိပ်သုံးယောက်သော အဖွဲ့သားတို့သည် သေသော် ထိုသိကြားမင်းကြီး၏အထံ၌ အားလုံး နတ်သားတွေ ဖြစ်ကြ၏။ မဃ သိကြားမင်းကြီး၏ ဝေဇယန္တာမည်သော ပြာသာဒ်သည် အမြင့်ယူဇနာ ခုနစ်ရာရှိ၏။ တံခွန်သည် အမြင့်ယူဇနာ သုံးရာရှိ၏။ ဤသို့ စသည်အားဖြင့် ခမ်းနစားလှ၏။

သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာတို့လည်း သေသော် အားလုံး သိကြားမင်းကြီး အထံ၌ နတ်သမီးတွေ ဖြစ်ကြ၏။ သိကြားမင်းကြီးသည် တနေ့ အလွန်ခမ်းနား သိုက်မြိုက်သော နတ်သဘင်အခမ်းအနားကြီး ကျင်းပ၏။ နတ်သား နတ်သမီး တို့မှာလည်း ဝက်ဝက်ကွဲလု စည်ကားလှ၏။မဃသိကြားမင်းကြီးသည် မိမိလူ့ပြည် မစသရွာမှာဖြစ်စဉ်က ကောင်းမှုကုသိုလ်ပြုဘက်တွေ အကုန် ပါကြရဲ့လားဟု နတ်သားအုပ် နတ်သမီးအုပ်ထဲမှာ လှမ်းကြည့်၏။ သိကြားမင်းထိုင်ရာ ရတနာ ပလ္လင်ပေါ်မှ စီး၍ လှမ်းမျှော် စေ့စပ်စွာ ရှာ၏။

## သုဇာတာသည် ခြေရှည်လည်သေး ဗျိုင်းမလေး

မဃလုလင်၏အဖွဲ့ ယောကျ်ားတွေအကုန် နတ်သားဖြစ်ကြ၊ အားလုံး တွေ့၍ အလွန် ဝမ်းမြောက်လှ၏။ အိမ်သူအမျိုးသမီး လေးယောက်တို့ကိုမူ သုံးယောက်သာ တွေ့၏။ သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာ ဟူသော နတ်သမီး သုံးယောက်မှာ အလွန်ပြည့်စုံသော အဝတ်တန်ဆာ အဆောင်အယောင် များနှင့် ပြည့်စုံလှ၍ အထူးကျေနပ်၏၊ သို့သော် ကုသိုလ်ကောင်းမှု ဝါသနာ မပါ၊ အလှနှင့် ဓနကိုသာ အမိကထား စိတ်ဝင်စားလေ့ရှိသော သုဇာတာကို မတွေ့ရ။ များစွာ စိတ်ထိခိုက်၏။ လူ့ပြည်သို့ လှမ်းကြည့်လိုက်သည့်အခါ တောင်ချောက်ကြား တခုသောရေအိုင်ငယ်၌ ဗျိုင်းမလေး ဖြစ်နေသည်ကို တွေ့ရ၍ ကရုဏာဒေါသဖြင့် အောက်ပါအတိုင်း နှုတ်မှ ပြောလိုက်မိသည်။

အယံ မမ ဝစနံ အကတွာ ဂိရိကန္ဒရာယ ဗကသကုဏိကာ ဟုတွာ နိဗ္ဗတ္တာ။

အယံ၊ ဤသုဇာတာသည်။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ အကတွာ၊ မလိုက်နာ၍။ ဂိရိကန္ဒရာယ၊ တောင်ချောက်အကြား ရေအိုင်တခု၌။ ဗကသကုဏိကာ၊ ဗျိုင်းမလေးသည်။ ဟုတွာ၊ ဖြစ်ရ၍။ နိဗ္ဗတ္တာ၊ ဆင်းရဲငြိုငြင်စွာ ဖြစ်ရ လေ၏။

## ဗျိုင်းမလေးအား ခေါ်သွားပွေ့ချီ ထက်နတ်ပြည်

သိကြားမင်းကြီးသည် ဣန္ဒြေမဆည်နိုင်။ အစည်းအဝေးကြီးအတွင်း အမှတ်တမဲ့ လူ့ပြည်ဆင်း၍ သုဇာတာဗျိုင်းမလေးထံသို့ သွားလေ၏။ဗျိုင်းမလေး သုဇာတာသည် ကောင်းကောင်း မှတ်မိ၏။ သို့သော် မသိယောင်ဆောင်၍

ခေါင်းကို ငုံ့ထား၏။ သူ၏မျက်နှာကို အကြည့်မခံ။ ထို့ကြောင့် သိကြားမင်းကြီးက အောက်ပါအတိုင်း အပြစ်တင်ကာ ဗျိုင်းမလေးကို နတ်ပြည်သို့ သယ်မခေါ်သွားပြီး နန္ဒာမည်သော ရေကန်၌ ထား၍ နတ်သဘင်အစည်းအဝေးရှိ မိမိ၏ သိကြားနေရာ ပလ္လင်၌ ကြွေခြေပျက် ထိုင်နေ၏။

ဗာလေ ကွဒါနိ ကိ သီသံ န ဥက္ခိပသိ၊ တွံ မမ ဝစနံ အကတွာ အတ္တဘာဝမေဝ မဏ္ဍယမာနာ ဝီတိနာမေသိ၊ သုဓမ္မာယစ နန္ဒာယစ စိတ္တာယစ မဟာသမ္ပတ္တိ နိဗ္ဗတ္တာ၊ ဧဟိ အမှာကံ သမ္ပတ္တိံ ပဿ။

ဗာလေ၊ ဟယ်အမိုက်မ သုဇာတာ။ ကွဒါနိ၊ ဤအခါကျမှ။ ကိံ၊ အဘယ်ကြောင့်။ သီသံ၊ ဦးခေါင်းကို။ န ဥက္ခိပသိ၊ မဖော်ပဲနေပါသနည်း။ တွံ၊ သင်သည်။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ အကတွာ၊ မလိုက်နာပဲ။ အတ္တဘာဝမေဝ၊ ခန္ဓာကိုယ်အတ္တဘောကိုသာလျှင်။ မဏ္ဍယမာနာ၊ ပြင်ဆင်လျက်။ ဝီတိနာမေသိ၊ အချိန်လွန်စေ၏။ သုဓမ္မာယစ၊ သုဓမ္မာ၏ လည်းကောင်း။ နန္ဒာယစ၊ နန္ဒာ၏ လည်းကောင်း။ စိတ္တာယစ၊ စိတ္တာ၏ လည်းကောင်း။ မဟာသမ္ပတ္တိ၊ များသောစည်းစိမ်သည်။ နိဗ္ဗတ္တာ၊ ဖြစ်၏။ ဧဟိ၊ လာလော့။ အမှာကံ၊ ငါတို့၏။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ ပဿ၊ ကြည့်လော့။

## နိစ္စပဥ္စသိ ပြည့်ညီပါက ပြန်နိုးကြ

ကချေသည်တို့က "သိကြားမင်းကြီး ခုနက ဘယ်သွားသလဲ" ဟု ဝိုင်းမေးကြ၏။ မပြောလိုသော်လည်း အတင် ဝိုင်းမေးကြ၍ "သုဇာတာအိမ်သို့" ဟု ပြောရ၏။ ထို့ကြောင့် သုဇာတာနေထိုင်ရာ နန္ဒာရေကန်သို့ လိုက်ပို့တွေ့ဆုံစေပြီး နတ်သမီးတွေက ဝိုင်းဝန်း ပြက်ရယ်ပြုကြသဖြင့် အားငယ်စိတ် ဆင်းရဲနေသည်ကို သိရ၍ သိကြားမင်းကြီးသည် သူ၏နေထိုင်ခဲ့ရာ လူ့ပြည် တောင်ချောက်ကြား ရေအိုင်ငယ်သို့ ပြန်ပို့ရလေ၏၊ ရေအိုင်ငယ်သို့ ပြန်ရောက်သည့်အခါ စေတနာမေတ္တာ အပြည့်ရှိနေသေးသော သိကြားမင်းကြီးသည် သုဇာတာ ဗျိုင်းမလေးအား "နင် ငါ့စကားနားထောင်မလား" "ထောင်ပါ့မယ်" "ဒါဖြင့် ဒီနေ့ကစ၍ ငါးပါးသီလ မြဲရမယ်၊ ကျိုးပေါက်စေရဘူး။ မကြာမီ နင် သူတို့လို နတ်သမီးဖြစ်လျက် သူတို့ရဲ့ အကြီး နင်ဖြစ်စေရမယ်" ဟု ဆို၍ "ကောင်းပါပြီ" ဟူ သိကြားမင်းကြီးထံ ဝန်ခံပြီး စောင့်ရှောက်လေ၏။

## အနှစ်ငါးရာ ငါးဖြာသီလ မြဲနေ့ည

သိကြားမင်းကြီးသည် မယားဟောင်း ဗျိုင်းမလေးအပေါ် အလွန်ကရုဏာဖြစ်ပြီး ပြန်လည်နိုးကြရေးအတွက် မြဲမှ မြဲပါလေစဟု စိုးရိမ်ပြီး ရေအိုင်လေးတွင် ငါးသေယောင်ဆောင်ပြီး ပက်လက် ပေါ်ပြ၏။ အသေရပြီဆိုပြီး စားတော့မည်ဟု ရှေ့တိုးလာလိုက်၊ အမြီးလေး လှုပ်ပြလိုက်၊ အရှင်ပါလားဟု နောက်ဆုတ်လိုက်။ ဤသို့ အကြိမ်များစွာ လာ၍ စမ်း၏။ တဦးနှင့် တဦးကား အထူးမေတ္တာကြီးကြ၏။ ဒါ့ကြောင့် ငါးပါးသီလ မြဲစေါမှ နတ်ပြည်ရောက် အတူနေရမှာဖြစ်၍ ငါးပါးသီလမြဲရေးကို နှစ်ဦးလုံး ကြိုးစားကြ၏။ ဗျိုင်းမလေးမှာ ငါးပါးသီလ ထိန်းသည့်နေ့မှစ၍ အနှစ်ငါးရာ အသက်ရှည်သေး၏။ ဤတွင် တနေ့မှ ဝမ်းပြည့်အောင် မစားရ။ အရှင်လည်း မစား။ အသေကလည်း ဝအောင် မရနိုင်။ ပိန်ချုံး ခြောက်သွေ့သော်လည်း သီလ အကျိုးအပျက်မခံ၊ သေခဲ့သော် ဗာရာဏသီပြည် အိုးသိန်းသည်အိမ်၌ ဖြစ်၏။

## သိကြားမင်းကြီး ရပြီးပွဲ့ချီ ခေါ်သွားပြီ

သိကြားမင်းကြီးသည် အိုးထိန်းသည်အိမ်၌ မြင်၍ နွားလှည်းကြီးဖြင့် ရွှေဝါရောင် သခွားသီးကြီးတွေ ရောင်းချင်ယောင်ဆောင်၊ သခွားသီးသည်ကြီး အဖြစ်ဖြင့် ရွှေအစစ် (သခွားသီးဟန်) တွေ ပေးသွားသည်။ ထို့နောက် ဝေပစိတ္တိအသုရာကြီး၏ သမီးဖြစ်၏။ အလွန်လှပ၏။ အိမ်ထောင်ချဘို့ ကြော်ငြာလိုက်၏။ အသီးသီး လာရောက် ဆက်သကြ၊ စပ်ဟပ်ကြ၊ တောင်းရမ်းကြ၏။ သိကြားမင်းကြီး ကြည့်လိုက်သော် တွေ့၏။ အသုရာယောင်ဖန်ဆင်း၍ အသုရာပြည်၌ အမျိုးသား (ဖူးစာရှင်) တဦးအနေ စာရင်းသွင်းထား၏။ အမျိုးသမီးကိုယ်တိုင် မင်္ဂလာနေ့ ကျရောက်သော် မိဘတို့က သမီးအား ပန်းဆိုင်းပေးရ၏။ သမီးက မေတ္တာရှိသော အမျိုးသားပေါ်သို့ ပန်းဆိုင်းကို ပစ်ရ၏။ အချိန်ကျပြီ။ သိကြားမင်းကြီး (ဖူးစာရှင်) ကို ပစ်ပြီ။ ထို့ကြောင့် သိကြားမင်းကြီးသည် ဝေပစိတ္တိ အသုရာမလေးလက်ကို ကိုင်၍ ကောင်းကင်သို့ ပြောင်တက်သွားလေ၏၊

၁၃၄၀-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အာဒိတ္တသုတ္တန် တရားဒေသနာတော်

မရှိတာထင်ရှား၊ ခေါ်လည်းထား၊ မှတ်သား ပညတ်ပါ။
ရှိတာထင်ရှား၊ ခေါ်လည်းထား၊ မှတ်သား ပရမတ်ပါ။
ကြောင်းကျိုးဆက်ယှဉ်၊ ဖောက်ပြန်လျှင်၊ ခေါ်တွင် ရုပ်ဟူသ
ကြောင်းကျိုးဆက်နေ၊ ခံစားပေ၊ ခေါ်လေ ဝေဒနာ။
ကြောင်းကျိုးဆက်ကာ၊ မှတ်သားတာ၊ သညာဟု ခေါ်ပါ။
ကြောင်းကျိုးဆက်လျက်၊ ပြုပြင်ချက်၊ ခေါ်မြွက် သင်္ခါရာ။
ကြောင်းကျိုးဆက်ပေါ်၊ သိရှိသော်၊ မိန့်ခေါ် ဝိညာဉ်မှာ။
ဆိုပြီးငါးပါး၊ ထိုတရား၊ ခေါ်ငြား ခန္ဓာပါ။
ထိုပင်ငါးဝ၊ ဖယ်လိုက်က၊ ဘာမျှ မရှိပါ။
ခန္ဓာငါးထွေ၊ မီးပုံအနေ၊ ရှုလေ မြင်အောင်သာ၊
မြင်ယင်း မြင်ယင်း၊ ငြီးငွေ့ခြင်း၊ ထင်လင်း ဖြစ်၍သာ။
ဖြစ်ယင်း ရှုယင်း၊ အစဉ်ထုတ်ယင်း၊ တပ်ခြင်း ကင်း၍လာ။
တပ်ခြင်းကင်းမှ၊ ကိလေသာ၊ မုချ ငြိမ်းချုပ်မှာ။
အရိယာဆင့်၊ ဂုဏ်ရည်တင့်၊ မလင့် ဆက်ခဲ့ပါ။

လောဘ ဒေါသာ၊ မောဟပါ၊ မာနာ ဒိဋ္ဌိလာ။
ထိနဝိစိ၊ နောတ္တပ္ပိ၊ အဟိ ဥဒ္ဒစ္စာ။
ကိလေဆယ်တန်၊ ပယ်ဘို့ရန်၊ ဖန်ဖန် ရှုမှတ်ပါ။
ဖန်ဖန်ရှုမှတ်၊ ကိလေပြတ်၊ ခေါ်မှတ် ရဟန္တာ။
ကိလေခပင်း၊ ကိုယ်တွင်ရှင်း၊ ရှုယင်း သိရှိလာ။
ဖြစ်စရာကုန်၊ မဖြစ်ပုံ၊ သိမ်းခြုံ တွန်းမှတ်ပါ။
ဖြစ်စရာရပ်၊ ဒုက္ခပြတ်၊ ခေါ်မှတ် နိဗ္ဗာန်သာ။
နိဗ္ဗာန်ရောက်လို၊ များလူဗိုလ်၊ ကုသိုလ် စုကြရာ။

(သံယုတ္တနိကာယ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၊ ၃၁-၅၈)

(ဓမ္မဒါနအလှူရှင်) ဦးကျော်လှိုင်-ဒေါ်ခင်နု သားသမီး မြေးများတစု
ကောင်းမှု။ ပရိက္ခရာတိုက်ဆိုင်၊ မင်းလမ်း၊ ပဲခူးမြို့။

# အာဒိတ္တ သုတ္တန် တရားဒေသနာတော်
## မှတ်သားဘွယ် အကျဉ်းချုပ်

## ခန္ဓာငါးလီ ပူသည့်ရှုပွား ငြိးငွေ့မှုများ

သာစတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် ဤအာဒိတ္တ သုတ္တန်ကို ဟောတော်မူသည်။

ရဟန်းတော်များ အို–ချစ်သားတို့၊ ရုပ်သည် ပူ၏၊ ဝေဒနာသည် ပူ၏၊ သညာသည် ပူ၏၊ သင်္ခါရတို့သည် ပူကုန်၏၊ ဝိညာဉ်သည်လည်း ပူ၏။ ရဟန်းတော်များ အို–ချစ်သားတို့၊ ဤအတိုင်း ရှုနိုင်နာနိုင်သော အရိယာတို့၏စကားကို လိုက်နာသော ယောဂီသည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဉ်၌လည်း ငြီးငွေ့၏။

## ဒိဋ္ဌိဝိစိကိစ္ဆာ နှစ်ဖြာကိလေ အသေးတွေ

ထိုသို့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို အပူတုံး အသုံခဲ မီးဖုံကြီးတည်းဟု မြင်အောင် ထင်အောင် ရှုပါများလျှင် ယင်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့၌ နိဗ္ဗိန္ဒခေါ် ငြီးငွေ့မှုတွေ တဖွားဖွား ဖြစ်လာ၏။ တကယ် ဆက်အားထုတ်သွားလျှင် ဝိရာဂခေါ် နှစ်သက် တွယ်တာခြင်း ကင်းမှုတွေ တဖွားဖွား ဖြစ်လာ၏။ ယင်း နှစ်သက် တွယ်တာခြင်း ကင်းမှုတွေ တဖြည်းဖြည်း ကြီးမား ရင့်ထွားလာခဲ့သော် စီကာစဉ်ကာ ကိလေသာလေးတွေမှာလည်း အလျှိုအလျှို ကွယ်ပျောက် ချုပ်ငြိမ်းကုန်၏။ ယင်းသို့ ချုပ်ငြိမ်းသွားလျှင် ချုပ်ငြိမ်းသော ကိလေသာအတွက် ဤကိလေသာ ဤကိလေသာတို့ ချုပ်ငြိမ်းသွားပြီဟု -သိ၏။ မသိ မဟုတ်၊ မသိလျှင် မဟုတ်လို့ဟု မှတ်စေလို၏။ အသေးဆုံး ကိလေသာလေးများ ချုပ်လျှင်ပင် သိ၏။ လေးလေး နက်နက်ပင် သိ၏။ အသေးဆုံး ကိလေသာ၏ ချုပ်ငြိမ်းမှုပင် သူ၏ အာနိသင် (သမ္ပတ္တိသုခ) တို့မှာ ကြီးမား

လှ၍၊ ကြီးမားသော ကိလေသာများ ချုပ်ငြိမ်းသော် အဘယ်ဆိုဘွယ်ရာ ရှိပါအံ့နည်း၊ ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာတို့မှာ အသေးအမွှားတည်း။

## စိတ္တက္ခဏ ဉာဏ်မျှအသက် ရှည်၏မဂ်

ယင်း ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာ ဤနှစ်ပါး ချုပ်ငြိမ်းလျှင် သောတာပန် ပုဂ္ဂိုလ် ခေါ်သည်။ ဤကိလေသာ နှစ်ပါးကို အနည်းဆုံး သောတာပတ္တိမဂ် ဉာဏ် ရမှ(ဝါ) သောတာပတ္တိ မဂ်ဉာဏ်ဖြင့်သာ ပယ်သတ်နိုင်၊ ချုပ်ငြိမ်းစေနိုင်သည်။ မဂ်ရောက်လျှင် ဖိုလ်ဝင်တော့သည်။ မဂ်ဉာဏ်ဖြစ်ဘာ စိတ္တက္ခဏ တချက်မျှသာ အသက်ရှည်လျက် ဖိုလ်ဉာဏ်သို့ ကူးတော့သည်။ ကိလေသာပယ်အဲ ကို မဂ်ဉာဏ်ပယ်ပြီး ကိုး ဖိုလ်ဉာဏ်ဟု ခေါ်သည်။ ပယ်ခိုက် ခဏ အချိန်ကာလလေးကိုသာ မဂ်ဟု ခေါ်ရသည်။ ထို့နောက် ဖိုလ်ဉာဏ်များ ဖြစ်တော့သည်။ ယင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ခန္ဓာထဲမှာ ကိန်းဝပ်နေကြသည် မဟုတ်။ ရောက်ခိုက် ခဏလေးမှာ အလွန် ကြီးမားသော တန်ခိုးသတ္တိ နှင့်(ဒုက္ခ ပယ်၊ သုခ ပေး)လုပ်ငန်းများကို ဆောင်ရွက်ပေးသွားကြသည်။ မဂ်ဇောတို့သည် တကြိမ်သာ။ ယင်း တကြိမ်မှာလည်း အကြာကြီး မဟုတ်။ (ဥပါဒ်၊ ဌီ၊ ဘင်) ခေါ် (ဖြစ်၊ တည်၊ ပျက်) ခဏငယ် သုံးချက်ဘည်းဟူသော စိတ္တက္ခဏ တချက်ကလေးမျှသာ အသက်ရှည်၏။

## မဂ္ဂဝီထိ ရှုကြည့်သေချာ ရှင်းလင်းရာ

ယင်း မဂ်ဇောတကြိမ် ဖြစ်ပြီးသည်နှင့် တပြိုင်နက် ဖိုလ်ဇောများ ဆက်၍ ဖြစ်၏။ ယင်း ဖိုလ်ဇောတို့သည်လည်း အကြိမ်များစွာ စောကြသည် မဟုတ်။ မန္ဒပညာပုဂ္ဂိုလ်၌ နှစ်ကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်၌ သုံးကြိမ်၊ ဤသို့ ထိုက်သင့်သလို စောကြရသည်။

မန္ဒပညာ ပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ
(ဘ* န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ* ဘ)
တိက္ခပညာ ပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ
(ဘ* န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ ဖ* ဘ)

**မှတ်ချက်**၊ ။ဘ-ဘဝင်၊ န-ဘဝင်္ဂစလန၊ ဒ-ဘဝင်ုပစ္ဆေဒ၊ မ-မနောဒွါရာဝဇ္ဇန်း၊ ပ-ပရိကံ၊ ဥ-ဥပစာ၊ နု-အနုလုံ၊ ဂေါ-ဂေါတြဘူ၊ မ-မဂ်၊ ဖ-ဖိုလ်၊ ဖ-ဖိုလ်၊ ဖ-ဖိုလ်၊ ဘ-ဘဝင်။

## သောတာပတ္တိ ပြတ်သည့်ချမ်းသာ သိရှိရာ

နတ္ထိ သန္တိသမံ သုခံ ဟူသော ဓမ္မပဒ ပါဠိတော်အတိုင်း ချုပ်ငြိမ်းမှု သုခကား ကြီးမားလှလေစွ။ ယှဉ်လို့မရ၊ ယှဉ်စရာ မရှိ ဖြစ်တော့သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ကျောင်းဒါယကာ အနာထပိဏ် သဌေးကြီး လျှောက်ထားချက်အရ အောက်ထစ်ဆုံး သောတာပန်အဆင့်ပင် ဤမျှ ချမ်းသာ သည်ဟု သိစေလို၍ အောက်ပါအတိုင်း ဟောကြားတော်မူသည်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗ လောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။ ။

ဂဟပတိ၊ ကျောင်းဒါယကာ အနာထပိဏ် သဌေးကြီး။ သောတာပတ္တိ ဖလဿ၊ သောတာပတ္တိ ဖိုလ်ဉာဏ်၏။ ဝရာကာရံ၊ ကြီးမား မြင့်မြတ်ပုံ အချင်း အရာကို။ ပဿယိဿာမိ၊ ပြလိုက်ပါဦးအံ့။

ဂဟပတိ၊ ကျောင်းဒါယကာ အနာထပိဏ် သဌေးကြီး။ ပထဗျာ၊ မြေပြင်သိမ်းကြုံး တခုလုံး၌၊ ဧကရဇ္ဇေနဝါ၊ စကြာရတနာ ရရှိသော ဧကရာဇ် ခေါ် တယောက်ထီးသာ မင်းပြုရခြင်းထက် လည်းကောင်း။ သဂ္ဂဿ၊ စတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်ခြောက်ထပ်လုံးသို့၊ ဂမနေနဝါ၊ ရောက်ရခြင်းထက် လည်းကောင်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မပုရောဟိတာ အစဖြာသော ဗြဟ္မာ့ပြည် နှစ်ဆယ်နှင့်တကွ လောကဓာတ်ကြီး တခုလုံးကို သိမ်ကြုံးပိုင်သ အစိုးရသော စည်းစိမ်ချမ်းသာထက် လည်းကောင်း။ တေဟိ၊ ထိုချမ်းသာ အလုံးစုံတို့ထက်၊ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ် ချမ်းသာသည်။ ဝရံ၊ မြတ်လှစွာပါပေ၏။

## တကယ်ရောက်က သိကြသည်မှာ ဤသို့သာ

သေးသေး မွှားမွှား ချမ်းသာ မဟုတ်။ ဤမျှ ကြီးကျယ် ခမ်းနား ဆန်းပြားသော ချမ်းသာကြီးကို ခံစားရသော သောတာပန်အဆင့်ရှိ ဘာဝနာ ယောဂီသည် အကယ်၍သာ ရောက်ရှိ ခံစားရသည်မှန်လျှင် မသိလိုက်သည် မဟုတ်ရာ။ မသိသေးလျှင် မဟုတ်သေးဟုသာ မှတ်ရမည်။ ယင်း ချုပ်ငြိမ်းမှု သုခကား အားထုတ်မှု၏ အဆုံးမှာ ဧကန် ရှိနေ၏။ လမ်းမဆုံးသေးလို့ ရှာ မတွေ့ ဖြစ်နေခြင်းပင်။ လမ်းဆုံးလျှင် ရှာ ဧကန် တွေ့ရမည်။ ဆုံးအောင်

အားထုတ်ပါ ဟူလို့။ မိမိ ရရှိသောအဆင့်အလိုက် အောက်ပါအတိုင်း အားလုံး သိသွားရသည်။

(၁) ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ=ကိလေသာမှ တကယ် လွတ်လျှင် လွတ်သော ကိလေသာအတွက် ဤကိလေသာမှ လွတ်သွားပြီဟု သိ၏။ မသိ မဟုတ်။

(၂) ခီဏာ ဇာတီတိ ဉာဏံ ဟောတိ=အဆင့် အလိုက် အကယ်၍ ရဟန္တာအဆင့်အထိ ဖြစ်ခဲ့သော် ပဋိသန္ဓေ တည်နေရခြင်း ဆင်းရဲ ဇာတိ ဒုက္ခတွေ ဖြစ်စေတတ်သည့် တရားဆိုးများ ငါ့မှာ မရှိတော့၊အားလုံး ကုန်သွားပြီဟု သိ၏။မသိ မဟုတ်။

(၃) ဝုသိတံ ဗြဟ္မစရိယံ=ထို့အတူ ငါ့မှာ ကျင့်သုံး လိုက်နာအပ်သည့် ဘုရားပေး မြတ်သောအကျင့်မြတ် ပဋိပတ်တွေကို ကျင့်သုံး လိုက်နာပြီးပြီဟု သိ၏။ မသိ မဟုတ်။

(၄) ကတံ ကရဏီယံ=ထို့အတူ ငါ့မှာ ပြုသင့် ပြုထိုက်၊ဆောင်ရွက် သင့် ဆောင်ရွက်ထိုက်သည့် ပြုဘွယ်ကိစ္စ မှန်သမျှကို ပြုလုပ် ဆောင်ရွက်ပြီးပြီဟု သိ၏၊ မသိ မဟုတ်။

(၅) နာပရံ ဣတ္ထတ္တာယာတိ ဉာဏံ ဟောတိ=ထို့အတူ ငါ့မှာ ကိလေ သာ အာသဝေါ ခပ်သိမ်း ချုပ်ငြိမ်း ကုန်ဆုံးဘို့ရန် အလို့ငှာ ယခု ကျင့်ကြံ အားထုတ်လာခဲ့သော မဂ္ဂင်အကျင့်မှ တပါး အခြားသော တရားမရှိပြီ၊ မရှိတော့ဟု သိ၏။ မသိ မဟုတ်။

၁၃၄၀-ခုနှစ်၊ ဝါဆိုလဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### ပျင်းရိသော ရဟန်းတော်လေး ရဟန္တာဖြစ်သွားပုံ ဘုရားအလောင်း ပဉ္စာဝုဓဇာတ်တော်

ဗာရာဏသီ၊ တိုင်းဌာနီ၊ စိုးသည် မင်းရာဇာ။
မိဖုရားဝမ်းမှာ၊ ကိန်း၍သာ၊ လောင်းလျာ လူဖြစ်လာ။
ပဉ္စာဝုဓ၊ မှည့်ခေါ်ကြ၊ ထူးလှ မင်းသားမှာ။
သက်တော်ဆယ့်ခြောက်၊ အရွယ်မြောက်၊ ပို့ရောက် တက္ကသိုလ်။
ဒိသာပါမောက်၊ သူ့ထံရောက်၊ တတ်မြောက် ပြန်၍လာ။
တင်းပုတ်လက်နက်၊ မြားသနိုလျက်၊ လုံဖက် ခက်ရင်းပါ။
ငါးမျိုးလက်နက်၊ ထမ်းပိုးလျက်၊ မပျက် ဦးတည်ကာ။
သိလေသလောမ၊ အမည်ရ၊ ယက္ခ စိုးအုပ်ရာ။
လက်နက်လဲ ကုန်၊ ခြေသက်ကုန်၊ ခေါင်းကုန် ကပ်လျက်သာ။
မိမိကိုယ်မှ၊ ကပ်သမျှ၊ ခါချ ခြေရင်းမှာ။
ဝရဇိန်လက်နက်၊ အစွမ်းထက်၊ တည်လျက် ဝမ်းဗိုက်မှာ။
ဉာဏ်လက်နက်ကို၊ ရည်မှန်းလို၊ မိန့်ဆို လောင်းတော်မှာ။
ဘီလူးကြီးမှာ၊ ထိတ်လန့်ရှာ၊ လွှတ်ကာ တောင်းပန်ရာ။
ငါးပါးသီလ၊ ကျိုးပြစ်ပြ၊ ဆုံးမ ထိရောက်စွာ။
မြို့ဗာရာဏာ၊ မင်းဖြစ်ရ၊ ဒါန သီလာ ဘာဝနာ။
ဗောဓိပက္ခိယ၊ သုံးခွန်းပြ၊ ပွားထ ရဟန်းမှာ။

အနိစ္စ ဒုက္ခ၊ အနတ္တ၊ သုံးဝ လက္ခဏာ။
ဒုက္ခ သမုဒယ၊ နိရောဓ၊ မဂ္ဂ လေးသစ္စာ။
သံယောဇနက္ခယ၊ စဉ်တိုင်းရ၊ မဂ္ဂ စတုတ္ထာ။
စတုတ္ထမဂ်၊ နောက်တွင်ဆက်၊ တည်လျက် အရဟတ္တဖိုလ်သာ။
သိလေသလောမ၊ ဘိလူးက၊ ဖြစ်ထ အင်္ဂုလိမာလာ။
ပဉ္စာဝုဓခေါ်ငြား၊ ထိုမင်းသား၊ ငါဘုရား ဖြစ်၍လစ။

(ခုဒ္ဒကနိကာယ ဇာတက အဋ္ဌကထာ၊ ပ၊ နှာ-၂၉၀)

(စမ္ပဒါနအလှူရှင်) နှစ်ဖက်သော မိဘများကို အမှူးထားလျက်
ဦးစိုးတင့်–ဒေါ်သောင်းကြည် သားသမီး မြေးတစု ကောင်းမှု။
ညောင်ပိုင်း ၈-လမ်း၊ ပဲခူးမြို့။

## ပျင်းရိသော ရဟန်းတော်လေး ရဟန္တာဖြစ်သွားပုံ
## ဘုရားအလောင်း ပဉ္စာဝုဓဇာတ်တော်

### မှတ်သားဘွယ် အကျဉ်းချုပ်

### လက်နက်ငါးမျိုး တန်ခိုးကြီးချက် အဟောထွက်

ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တပါးသော စွန့်အပ်သော လုံ့လဝီရိယရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ မိဖုရားကြီးဝမ်း၌ သန္ဓေတည်ပြီး၊ အမည်မှည့်သော နေ့၌ ရှစ်ရာသော ပုဏ္ဏားတို့ကို အလုံးစုံသော အလိုတို့ဖြင့် ရောင့်ရဲစေ၍ လက္ခဏာတို့ကို မေးမြန်းကြကုန်၏။ လက္ခဏာ၌ လိမ်မာကုန်သော ပုဏ္ဏားတို့သည် လက္ခဏာ၏ ပြည့်စုံမှုကို မြင်၍ အောက်ပါအတိုင်း ဟောကြားကုန်၏။

ပုညသမ္ပန္နော မဟာရာဇ ကုမာရော၊ တုမှာကံ အစ္စယေန ရဇ္ဇံ ပါပုဏိဿတိ၊ ပဉ္စာဝုဓကမ္မေ ပညာတော ပါကဋော ဇမ္ဗုဒီပေ အဂ္ဂပုရိသော ဘဝိဿတိ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ကုမာရော၊ သတို့သားသည်။ ပုညသမ္ပန္နော၊ ဘုန်းနှင့်ပြည့်စုံ၏။ တုမှာကံ၊ သင်တို့၏။ အစ္စယေန၊ ကွယ်လွန်သဖြင့်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။ ပဉ္စာဝုဓကမ္မေ၊ ငါးမျိုးသောလက်နက် ပစ်ခတ်ခြင်းအမှု၌။ ပညာတော၊ ကျော်စောသော။ ပါကဋော၊ ထင်ရှားသော။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်ကျွန်း၌။ အဂ္ဂပုရိသော၊ အမြတ်ဆုံး ယောကျာ်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

## တက္ကသိုလ်မှ ပြန်ထ ခုခါ မြို့ဗာရာ

မင်းကြီးသည် ပုဏ္ဏားတို့၏ စကားကို ကြား၍ အမည်ကို 'ပဥ္စာဝုဓကုမာရ'ဟု မှည့်၏၊ ယင်း သတို့သား သိကြား လိမ်မာသောအဖြစ်သို့ ရောက်၍ တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သော် မင်းကြီးသည် သားကို ခေါ်၍ ''ချစ်သား၊အဘတ်ကို သင်လော့''ဟု ဆို၏၊ ''အရှင်မင်းကြီး၊အဘယ်သူ၏အထံ၌ သင်ရပါအံ့နည်း'' ''အမောင် သွားလော့၊ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာ၏ အထံ၌ သင်လော့''ဟု ဆို၏။ ဆရာ့အဖို့ ငွေတထောင် ပေးပြီး လွှတ်လိုက်၏၊ အတတ်ကိုသင်၍ ဆရာသည် ပေးလိုက်သော ငါးပါး သော လက်နက်ကိုယူ၍ ဆရာကို ရှိခိုးပြီး တက္ကသိုလ်မြို့မှ ထွက်၍ ဖွဲ့အပ်သော ငါးပါးသော လက်နက်ရှိသည်ဖြစ်၍ ဗာရာဏသီသို့ သွားရာလမ်းသို့ သွားပြီ။

## သိလေသဘီလူး အထူးစိုးချုပ် ဤတောအုပ်

ထို အလောင်းတော် ပဥ္စာဝုဓမင်းသားသည် လမ်းအကြား၌ သိလေသလောမ(ကပ်ငြိသော အမွေးရှိသော)ဘီလူး စိုးအုပ်သော တောသို့ ရောက်၏။ ထိုအခါ မင်းသားကို လူတို့သည် ''အမောင်၊ ဤတောအုပ်သို့ မဝင်လင့်၊ သိလေသလောမ ဘီလူး ရှိ၏။ ထိုဘီလူးသည် မြင်တိုင်းမြင်တိုင်းသော လူတို့ကို အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏''ဟု တားမြစ်ကုန်၏။ အလောင်းမြတ် မင်းသားသည် မိမိကိုယ်ကို ကေသရာဇာခြင်္သေ့မင်းကဲ့သို့ အားတင်း ဝင်လေ၏။ တောအုပ်အလယ်သို့ ရောက်သတ်သော် ထိုဘီလူးကြီးသည် ထန်းပင်မျှ မြင့်၍ စုသစ် မွန်းချွန် တပ်သော အိမ်လုံးမျှသောခေါင်း ရှိလျက် မျက်လုံးတို့သည် သပိတ်လုံးမျှ ရှိ၏။ အစွယ်ဘား ငှက်ပျောဖူးမျှလောက် ရှိ၏။ ဖြူသောမျက်နှာ ရှိ၏။ ပြောက် ကျားသော ဝမ်းဗိုက် ရှိ၏၊ ညိုသော လက်ခြေ ရှိ၏။ မိမိကိုယ်ကို ဘုရားလောင်းအား ပြ၍ ''သင် ဘယ်သွားမလဲ၊ ရပ်လော့။ ငါ၏အစာ ဖြစ်ပြီ'' ဟု ဆို၏။

## လက်နက်ငါးပါး ထိုးငြားအလီလီ ကပ်ငြိပြီ

ထိုအခါ ဘီလူးကို အလောင်းတော်သည် ''ဟယ် ဘီလူး၊ ငါသည် မိမိကိုယ်ကို ချိန်ဆပြီးမှ ဤတောသို့ ဝင်ခဲ့၏။ သင်သည် သတိကြီးကြီးဖြင့် ငါ့သို့ ကပ်လော့''

(၁) အဆိပ်လူးသောမြားဖြင့် ဘီလူးကိုပစ်၍ ဤအရပ်၌ပင် ကျစေ အံ့ဟု ခြိမ်းခြောက်၍ လောလောဆယ် သေစေတတ်သော အဆိပ်လူးသောမြားကို ဖွင့်၍ လွှတ်ပြီ။ ဘီလူး၏ အမွေးတို့၌ ကပ်ကုန်၏။

(၂) သန်လျက်ကို ဆွဲထုတ်၍ ခုတ်ပြီ။ ၃၃ လက်မရှိသော သန်လျက် လည်း ဘီလူး၏ အမွေးတို့၌ ကပ်ပြီ။

(၃) ဆောက်ပုတ်ဖြင့် ထုပြီ၊ ယင်း ဆောက်ပုတ်လည်း အမွေးတို့၌ ကပ်ပြီ။

(၄) ခက်ရင်းဖြင့် ထိုးပြန်ပြီ၊ ယင်း ခက်ရင်းသည်း ကပ်သွားပြီ။

(၅) လှံဖြင့် ထိုးပြန်ပြီ၊ ယင်း လှံလည်း ကပ်သွားပြီ။

## မှုန့်မှုန့်ညက်ညက် ဆက်လက်သင့်ရည် ငါပြုမည်

အားလုံး ဘီလူး၏အမွေးတို့၌ ကပ်နေသည်ကို သိ၍ အလောင်းတော် ပဥ္စာဝုဓမင်းသားသည် ဤသို့ ဘီလူးကို ပြောလေ၏။

ဘော ယက္ခ န တေ အဟံ ပဥ္စာဝုဓကုမာရောနာမာတိ သုတပုဗ္ဗော၊ အဟံ တယာ အဓိဋ္ဌိတံ အဋဝိံ ပဝိသန္တော န ဓနုအာဒီနိ တက္ကေတွာ ပဝိဋ္ဌော၊ အတ္တာနံယေဝ ပန တက္ကေတွာ ပဝိဋ္ဌော၊ အဇ္ဇ တံ ပေါထေတွာ စုဏ္ဏဝိစုဏ္ဏံ ကရိဿာမိ။

ဘော ယက္ခ၊ အို-ဘီလူး။ တေ၊ သင်သည်။ အဟံ၊ ငါ့ကို။ ပဥ္စာဝုဓ ကုမာရောနာမာတိ၊ ပဥ္စာဝုဓမင်းသား မည်၏ဟူ၍။ န သုတပုဗ္ဗော၊ မကြားဘူး သလော။ အဟံ၊ ငါသည်။ တယာ၊ သင်သည်။ အဓိဋ္ဌိတံ၊ စိုးအုပ်သော။ အဋဝိံ၊ တောအုပ်သို့။ ပဝိသန္တော၊ ဝင်လျက်။ ဓနုအာဒီနိ၊ လေး စသည် တို့ကို။ တက္ကေတွာ၊ ကြံအောက်မေ့၍။ ပဝိဋ္ဌော၊ ဝင်သည်။ န၊ မဟုတ်။ ပန၊ စင်စစ်ကား။ အတ္တာနံယေဝ၊ မိမိကိုယ်ကိုသာလျှင်။ တက္ကေတွာ၊ ကြံဆ၍။ ပဝိဋ္ဌော၊ ဝင်ခဲ့၏။ အဇ္ဇ၊ ယနေ့၊ တံ၊ သင့်ကို။ ပေါထေတွာ၊ ရိုက်ပုတ်၍။ စုဏ္ဏဝိစုဏ္ဏံ၊ မှုန့်မှုန့်ညက်ညက်ဖြစ်အောင်။ ကရိဿာမိ၊ ပြုတော့အံ့။

## ဤသို့ငါးထွေ ငြိနေဇွဲကောင်း လူတဲ့လောင်း

ဤသို့ ကြွေးကြော်ခြိမ်းခြောက်လျက် မိမိကိုယ်ကို အားတင်းလျက်-

(၁) လက်ျာလက်ဖြင့် ဘီလူးကို ထိုးပြီ၊ ရှေးနည်းအတိုင်း ငြိပြန်ပြီ၊

(၂) လက်ဝဲလက်ဖြင့် ထိုးပြန်ပြီ၊ ငြိပြီ။

(၃) လက်ျာခြေဖြင့် ကန်ပြီ၊ ငြိပြန်ပြီ။

(၄) လက်ဝဲခြေဖြင့် ကန်ပြန်ပြီ၊ ငြိပြန်ပြီ။

(၅) ဦးခေါင်းဖြင့် ခေ့ပြန်ပြီ၊ ငြိပြန်ပြီ၊

အလောင်းတော်သည် ငါးခုသောနေရာတို့၌ ငြိကပ်လျက် တွဲလောင်းကြီး ဖြစ်၍နေသော်လည်း လုံးဝ ကြောက်စိတ်မရှိ။

## ဘီလူးကြီးပင် စားချင်ပဝံ့ သူလွှတ်စွန့်

ဘီလူးကြီးသည် ကြံမိ၏။ ဤသူကား ယောကျ်ားကောင်း အာဇာနည်တည်း၊ ယောကျ်ားမည်ရုံ မဟုတ်။ ငါဘီလူးဖမ်းထားတောင် သူမကြောက်ဘူး၊ ဒီလူမျိုး ငါမတွေ့ဘူးသေး။ ဘာ့ကြောင့် သူမကြောက်သလဲ။ ဘီလူးသည် စားခြင်းငှာ မဝံ့တော့သည်ဖြစ်၍ "ဘာ့ကြောင့် သင်မကြောက်သနည်း" ဟု မေး၏။ "ငါ ဘာသို့ ကြောက်ရမလဲ၊ ဘဝတခုမှာ မရဏတခု မြဲပါသည်။ ငါ၏ဝမ်း၌ စရေဇိန်လက်နက်ရှိ၏။ ငါ့ကိုစားခဲ့သော် ထိုလက်နက်ကို ကြေဘို့ရန် လွှယ်၊ အလွန်ခဲယဉ်း၏။ သင်၏ အူသိမ် အူမတို့ကို အပိုင်းပိုင်းပြတ်၍ အသက်ကုန်ခြင်းသို့ ရောက်ပါအံ့။ နှစ်ဦးစလုံး ပျက်စီးကုန်အံ့။ ဒါ့ကြောင့် ငါ မကြောက်" ဝမ်း၌ ဉာဏ်လက်နက်ကိုရည်၍ ဆို၏။ ဘီလူးကြီးငြိုးစားပြီ။ သူ မဟုတ်တာ မပြောတန်ရာ။ သူ၏ကိုယ်မှ ပဲနောက်စေ့မျှလောက်သော အသားကလေးကို ငါ့ဝမ်း ကြေဘို့ရန် မလွယ်။ သွားလေ့ဟု လွှတ်လိုက်၏။

## ဘီလူးကြီးအား ညွှန်ကြားပြသ ဩဝါဒ

ထိုအခါ သိလေသလောမ ဘီလူးကြီးကို ပဉ္စာဝုဓ မင်းသားသည် အောက်ပါအတိုင်း ပြောလေ၏။

(၁) ယက္ခ အဟံ တာဝ ဂစ္ဆိဿာမိ၊ တံ့ ပန ပုဗ္ဗေပိ အကုသလကတ္တာ လုဒ္ဒေါ လောဟိတဇါဏီ ပရရုဟိရမံသဘက္ခော ယက္ခော ဟုတ္တာ နိဗ္ဗတ္တော၊ သစေ ဣဓာပိ ဌတွာ အကုသလမေဝ ကရိဿသိ၊ အန္ဓကာရာ အန္ဓကာရမေဝ ဂမိဿသိ။

(၂) မံ ဗိဠကာလပေတော ပဿာယ ပန နံ သက္ကာ တယာ အကုသလံ ကာတုံ၊ ပါဏာတိပါတကမ္မံနာမ နိရယေ တိရစ္ဆာနယောနိယံ ပေတ္တိဝိသယေ အသုရကာယေစ နိဗ္ဗတ္တေတိ၊ မနုဿေသု နိဗ္ဗတ္တံ နိဗ္ဗတ္တဋ္ဌာနေ အပ္ပါယုကသံဝတ္တနိကံ ဟောတိ။

ယက္ခ၊ ဘီလူးကြီး၊ အဟံ၊ ငါသည်။ တာဝ၊ ထိုမျှလောက်။ ဂစ္ဆိဿာမိ၊ သွားတော့အံ့။ ဟံ ပန၊ သင်သည်ကား။ ပုဗ္ဗေပါ၊ ရှေး၌လည်း။ အကုသလံ၊ အကုသိုလ်ကို။ ကတွာ၊ ပြု၍။ လုဒ္ဒေါ၊ ကြမ်းကြုတ်သော။ လောဟိတပါဏိ၊ သွေးစွန်းသောလက်ရှိသော။ ပရရုဟိရမံသဘက္ခော၊ သူတပါးတို့၏ အသွေးအသားကိုစားသော။ ယက္ခော၊ ဘီလူးသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တော၊ ဖြစ်၏။ သစေ၊ အကယ်၍။ ဣဒါနိပိ၊ ဤဘဝ၌လည်း။ ဧဝံ၊ ဤသို့။ ဟုတွာ၊ တည်၍။ အကုသလမေဝ၊ အကုသိုလ်ကိုသာလျှင်။ ကရိဿသိ၊ ပြုလတ္တံ့။ အန္ဓကာရာ၊ အမိုက်မှောင်တခုမှ။ အန္ဓကာရမေဝ၊ အမိုက်မှောင် တခုသို့သာလျှင်။ ဂမိဿသိ၊ ရောက်လတ္တံ့။

ပန၊ ဆက်ဦးအံ့။ မံ၊ ငါ့ကို။ ဒိဋ္ဌကာလတော၊ မြင်သောအခါမှ။ ပဋ္ဌာယ၊ စ၍။ တယာ၊ သင်သည်။ အကုသလံ၊ အကုသိုလ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ ပါဏာတိပါတကမ္မံနာမ၊ ပါဏာတိပါတကံမည်သည်ကား၊ နိရယေ၊ ငရဲ၌လည်းကောင်း။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်ဘုံ၌ လည်းကောင်း။ ပေတ္တိဝိသယေ၊ ပြိတ္တာဘုံ၌ လည်းကောင်း။ အသုရကာယေစ၊ အသုရကာယ်ဘုံ၌ လည်းကောင်း။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ မနုဿေသု၊ လူတို့၌။ နိဗ္ဗတ္တံ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌။ အပ္ပါယုကသံဝတ္တနိကံ၊ တိုသော အသက်ကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဘီလူးအင်္ဂုလိ ဖြစ်မှုပဋ္ဌာ ဗုဒ္ဓသာ

ဤသို့စသည်ဖြင့် ငါးပါးသီလ၏ အကျိုးအပြစ်တို့ကို ဟော၍ အထူးထူး သော အကြောင်းတို့ဖြင့် ဘီလူးကိုခြောက်၍ တရားဟော ဆုံးမပြီး မာန်မာန ကင်းသည်ကိုပြု၍ ငါးပါးသီလတို့၌ တည်စေ၍ တောအုပ်မှထွက်၍ တော အုပ်မှ လူတို့အားပြောကြား၍ ဖွဲ့အပ်သော ငါးပါးသော လက်နက်ရှိသည် ဖြစ်၍ ဗာရာဏသီမြို့သို့သွား၍ မိဘတို့ကိုမြင်၍ နောင်အခါ၌ မင်းအဖြစ်၌

တည်၍ တရားသဖြင့် မင်းအဖြစ်ကိုပြုလျက် ဒါနစသည်ပြု၍ ကံအားလျော်စွာ လားလေ၏။ သစ္စာအဆုံး၌ ထိုရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်၏။ ဇာတ်ပေါင်းသည့်အခါ-

(၁) သိလေသလောမ ဘီလူးကြီးသည် ယခုအခါ အင်္ဂုလိမာလ ဖြစ်လာသည်။ ဝါ၊ ဘီလူးကြီးသည် အင်္ဂုလိမာလအလောင်း တည်း။

(၂) ပဉ္စာဝုဓ မင်းသားသည် သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင် ဖြစ်လာသည်။

၁၃၄၀-ခုနှစ်၊ ဝါဆိုလဆုတ်ကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

ကုဋေ ၈၀-ကြွယ်၊ ဝေဒေဟ သဌေးကြီး၏ ကောင်းမှုနှင့် ဆုတောင်း

**အရှင်မဟာကဿပအလောင်း ဝေဒေဟဇာတ်တော်**

လွန်ပြီးကမ္ဘာပြု၊ တသိန်းက၊ ပွင့်ထ ပဒုမုတ္တရာ။
မြို့ဟံသာဝတီ၊ ဆွမ်းကွမ်းမှီ၊ နေသည် မိဂဒါဝုန်မှာ။
ကုဋေရှစ်ဆယ်၊ ငွေလို့ကြွယ်၊ တင့်တယ် ဝေဒေဟာ။
အနိစ္စရုပ်နာမ်၊ ပွားများကြံ၊ အမိဋ္ဌာန် ဥပုသ်ပါ။
ပန်းနှင့်နံ့သာ၊ ကိုင်စွဲကာ၊ ရောက်လာ ကျောင်းသို့သာ။
မဟာနိသဘ၊ အမည်ရ၊ တတိယ သာဝကာ။
မူတင်အဂ္ဂ၊ ဘွဲ့ထူးသ၊ ပေးထ ထိုအခါ။
သဌေးကြီးက၊ ကြည်ညိုလှ၊ ထ၍ ဆွမ်းပင့်ရှာ။
ညစ်မျိုးစင်ကင်း၊ အရဟာကျင်း၊ အလင်း ရောက်သည့်အခါ။
ခြောက်သန်းရှစ်သိန်းပါ၊ ထေရ်သံဃာ၊ အိမ်မှာ ဆွမ်းကပ်ရာ။
မဟာနိသဘ၊ ဆွမ်းခံကြွ၊ ပင့်ထ မလိုက်လာ။
အိမ်ဆွမ်းရှောင်သွေ၊ တောသာနေ၊ လွင်ပေ သူနေရှာ။
ဘုရားဟောပြ၊ ကျေနပ်လှ၊ တက်ကြွ ကြည်ညိုကာ။
ခုနစ်ရက်ဆက်၊ ဆွမ်းကပ်လျက်၊ မပျက် ဝေယျာဝစ္စာ။
သက်န်းဒွိစုံ၊ အစုံကုန်၊ စေ့စုံကပ်ကာ တရားနာ။
ကာယဝစီ၊ မနောချီ၊ သုံးလီ မေတ္တာ စေတနာ။

ဗြဟ္မာသိကြား၊ နတ်များအရှိန်၊ လူ့ဂုဏ်သိရ်၊ စည်းစိမ် မလိုပါ။
ရှုတင်အရာတွင်၊ ဘွဲ့ယူးဆင်၊ ထေရ်ရှင် တတိယ သာဝကာ။
သံယောဇဉ်ဆယ်ကြိုး၊ အပူဆိုး၊ ဖြတ်ချိုး ရလိုပါ။
ကဿပတသိန်းမျှ၊ ထိုကာလ၊ ပွင့်ထ ဂေါတမာ။
မဟာကဿပ၊ အမည်ရ၊ တတိယ သာဝကာ။
ကောင်းစွာခတ်နှိပ်၊ ဘွဲ့တံဆိပ် ဗျာဒိတ် ပေးခဲ့ရာ။
ကောင်းကင် လအလား၊ သူ ထင်ရှား၊ မြတ်ဘုရား သာသနာ။

(သံယုတ္တနိကာယ နိဒါန - အဋ္ဌကထာ ၂-၁၆၇)

(ဓမ္မဒါန အလှူရှင်) အမိ ဒေါ်သန်းရင်ကို အမှူးထား၍
အဖ ဦးဖွက်တော်သာ ကိုစိုးခင်-မတင်တင်မြင့် မိသားစု ကောင်းမှု။
ဈေးပိုင်း၊ (၁၈)လမ်း၊ ပဲခူးမြို့။

## ကုဋေ ၈၀-ကြွယ်၊ ဝေဒေဟ သဌေးကြီး၏ ကောင်းမှုနှင့် ဆုတောင်း

## အရှင် မဟာကဿပ အလောင်း ဝေဒေဟဇာတ်တော်

### မှတ်သားဘွယ် အကျဉ်းချုပ်

❁

### မဟာဒါန ဝိုင်းမ ကူညီ ပြီးလေပြီ

ရှေးအခါ ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ ဟံသာဝတီမြို့ကို မှီ၍ သားကောင်တို့ကို ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌ နေစဉ် ဓေဒေဟမည်သော ကုဋေ ၈၀-ကြွယ်ဝသော သဌေးကြီးသည် နံနက်စောစော ပန်း နံ့သာ စသည်တို့ကို ယူ၍ ကျောင်းသို့ သွားကာ ဘုရားရှင်ကို ပူဇော်ရှိခိုးပြီး တခုသော နေရာ၌ နေ၏။ ထိုခဏ မြတ်စွာဘုရားသည် မဟာနိသဘမည်သော မထေရ်ကို (ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ ယဒိဒံ နိသဘော)ဟူ၍ ဧတဒဂ် ပေးတော်မူ၏။ ယင်းမဟာနိသဘထေရ်ကား တတိယ သာဝကပါတည်း။ ဝေဒေဟ သဌေးကြီးသည် အလွန်ကြည်ညိုလှ၍ ဓမ္မကထာအဆုံး ပရိသတ်များ ထ၍ပြန်သော် ဘုရားရှင်ကို ရှိခိုး၍ (ဘန္တေ သွေ မယှံ ဘိက္ခံ အဓိဝါသေထ=အရှင်ဘုရား နက်ဖြန် တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါ)ဟု လျှောက်၏။ "ဒါယကာ၊ သံဃာတော်များလှ၏" "အဘယ်မျှ များပါသနည်း" "ခြောက်သန်း ရှစ်သိန်းပါတည်း" "အရှင်ဘုရား သာမဏေလေးပင် မချန်ပါနှင့် အကုန်ကြွပါ"။ မြတ်စွာဘုရားသည်းခံတော်မူ၏။ သည်းခံတော်မူကြောင်းသိ၍ မဟာဒါနအတွက် အားလုံး စီစဉ်ထား၏။

### မီးရှိန်ပြင်းထန် ရေနံသွန်မှောက် ဟုန်းဟုန်းတောက်

နောက်တနေ့ အချိန်ကျ လာထောက်၏။ ဘုရားရှင်သည် သပိတ် သင်္ကန်း ယူ၍ ရဟန်းအပေါင်း ခြံရံလျက် ကြွပြီး ယာဂုဆွမ်းစသည် အလှူခံ အနုမောဒနာ

ပြုကာ ထိုင်နေကြစဉ် မဟာနိသာဘထေရ် လမ်း၌ ဆွမ်းခံကြွလာသည်ကို မြင်သော သင်္ဘေးကြီးသည် ထ၍ လိုက်ပင့်လေ၏။ သပိတ်ကို ပေးလိုက်၏။ ''အိမ်ထဲသို့ ကြွပါ၊ မြတ်စွာဘုရားလည်း ရှိနေပါသည်''ဟု လျှောက်၏။ ''ငါတို့မဝင်လို''ဟု မိန့်၏။ မကျေနပ်သဖြင့် ဘုရားရှင်ကို လျှောက်၏။ ''အရှင်ဘုရား၊ အိမ်၌ အရှင်ဘုရား ကြွနေစေါကြောင်း လျှောက်ထားသော် သူ ဝင်ခြင်းငှာ အလိုမရှိ။ အရှင်ဘုရားထက် သူက ဘာဂုဏ်တွေ ပိုနေ လွန်နေလို့လဲ''ဟု လျှောက်၏။ ဘုရားရှင်တို့ မည်သည်မှာ ဝဏ္ဏမစ္ဆေရ မရှိ။ ထို့ကြောင့် မြတ်စွာဘုရားက ဤသို့ ပြောပြ၏။

(၁) ''ဒါယကာ၊ ငါတို့သည် ဆွမ်းကို စောင့်စားငံ့လင့်ကာ အိမ်၌ ထိုင်ကုန်၏။ ထိုရဟန်းကား ဒီလိုထိုင်ပြီး စောင့်စားငံ့လင့်ကာ ဆွမ်းကို မခံပါ''

(၂) ''ဒါယကာ၊ ငါတို့ကား ရွာနီး ကျောင်း၌ နေကြကုန်၏။ သူတို့ကား တောရကျောင်းတို့၌သာ နေကြကုန်၏''

(၃) ''ဒါယကာ၊ ငါတို့သည် အမိုးအကာ အတွင်း၌ နေကြကုန်၏။ သူတို့ကား လွင်တီးခေါင်၌သာ နေကြ၏''

စသည်အားဖြင့် မြတ်စွာဘုရားသည် သမုဒ္ဒရာကြီးထဲသို့ ရေတွေ လောင်းထည့်လိုက်သလို ဟောကြားလေ၏၊ သင်္ဘေးကြီးသည်လည်း စက်တီလောင်နေသော မီးထဲသို့ ခါတ်ဆီ ရေနံဆီများ လောင်းထည့်လိုက်သလို ပို၍ သဒ္ဓါ ဖြစ်လာ၏။

## မဟာဒါန ပြုရ စုပေါင်း ရှေးဆုတောင်း

ဝေဒေဟ သင်္ဘေးကြီးသည် အခြားသော စည်းစိမ်ကို မလို။ နောင်အခါ တဆူဆူသော ဘုရားရှင်၏ အထံ၌ ဓုတဝါဒ ဧတဒဂ်ဆုကိုသာ လို၏။ တဖန် ဆွမ်းဒါန ခုနစ်ရက်မြောက်၌ ယင်း ခြောက်သန်း ရှစ်သိန်းသော သံဃာတော်တို့အား တပါးလျှင် တိစီဝရိက် သင်္ကန်း အစုံလှူ၍ ဤသို့ ဆုတောင်းလေ၏။

ယံ မေ ဘန္တေ သတ္တဒိဝသာနိ ဒါနံ ဒေန္တဿ မေတ္တံ ကာယကမ္မံ မေတ္တံ ဝစီကမ္မံ မေတ္တံ မနောကမ္မံ၊ ဣမိနာဟံ န အညံ ဒေဝသမ္ပတ္တိံ ဝါ သက္ကမာရ ဗြဟ္မသမ္ပတ္တိံ ဝါ ပတ္ထေမိ၊ ဣဒံ ပန မေ ကမ္မံ အနာဂတေ ဧကဿ ဗုဒ္ဓဿ သန္တိကေ မဟာနိသာဘထေရေန ပတ္တဋ္ဌာနန္တရံ ပါပုဏနတ္ထာယ တေရသ ဓုတင်္ဂဓရာနံ အဂ္ဂဘာဝဿ ပစ္စယော ဟောတု။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့ ပတ်လုံး။ ဒါနံ၊ အလှူကို။ ဒေန္တဿ၊ ပေးလှူစဉ်။ ယံ မေတ္တံ ကာယကမ္မံ၊ အကြင် မေတ္တာ ကာယကံသည် လည်းကောင်း။ ယံ မေတ္တံ ဝစီကမ္မံ၊ အကြင်မေတ္တာ ဝစီကံသည် လည်းကောင်း။ ယံ မေတ္တံမနောကမ္မံ၊ အကြင်မေတ္တာ မနောကံသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ကုမိနာ၊ ဤသုံးပါးသောကံကြောင့်။ အဟံ၊ ငါသည်။ အညံ၊ တပါးသော။ ဒေဝသမ္ပတ္တိံ ဝါ၊ နတ်စည်းစိမ်ကို လည်းကောင်း။ သက္ကမာရဗြဟ္မသမ္ပတ္တိံ ဝါ၊ သိကြား မာရ် ဗြဟ္မာ စည်းစိမ်ကို လည်းကောင်း။ န ပတ္ထေမိ၊ မတောင့်တပါ။ မေ၊ တပည့်တော်၏။ ကုဒံ စန ကမ္မံ၊ ဤကောင်းမှု ကံသည်။ အနာဂတေ၊ နောင်အခါ၌။ ဧကဿ၊ တပါးသော။ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား၏။ သန္တိကေ၊ အထံတော်၌။ မဟာနိသဘထေရေန၊ မဟာနိသဘမထေရ် သည်။ ပတ္တဋ္ဌာနန္တရံ၊ ရောက်အပ်သော ရာထူးသို့။ ပါပုဏနတ္ထာယ၊ ရောက်အံ့ သောငှာ။ တေရသဓုတင်္ဂဓရာနံ၊ တဆယ့်သုံးပါးသော ဓုတင်ဆောင်တို့၏။ အဂ္ဂဘာဝဿ၊ အမြတ်ဆုံး အဖြစ်၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့ သည်။ ဟောတု၊ ဖြစ်ပါစေ။

## ဝေဒေဟသဌေး လူ့ရေးတက်ကြွ နက်နဲလှ

ပဒုမုတ္တရ မြတ်စွာဘုရားသည် နောင် ကမ္ဘာတသိန်းထက်၌ ဂေါတမ ဗုဒ္ဓရှင်တော် ပွင့်တော်မူလိမ့်မည်။ ယင်း လက်ထက်၌ တတိယ သာဝက ရှင်မဟာကဿပ ဟူသော အမည်ဖြင့် ဖြစ်လတ္တံ့ဟု ဗျာဒိတ်တော် ထားတော်မူ သဖြင့် ဓေဒေဟ သဌေးကြီးသည် (ဗုဒ္ဓါနံ ဒွေကထာနာမ နတ္ထိ=ဘုရားရှင်တိုင်း စကားနှစ်မျိုး ပြောရိုးထုံးစံ မရှိ)ဟု နက်ဖြန်ဘဲ ဖြစ်တော့မည်ကဲ့သို့ အထူးအားရ ကျေနပ်လေတော့၏။ ယင်း ဝေဒေဟ သဌေးကြီးသည် အသက်ရှိသမျှ ကာလ ပတ်လုံး သီလကို စောင့်ထိန်းလျက် နောင် သေသော် နတ်ပြည်၌ ဖြစ်လေ၏။ ထိုဘဝမှစ၍ နတ်ပြည် လူ့ပြည်တို့၌သာ အမျိုးမျိုးသော စည်းစိမ်တို့ကို အကြိမ် ကြိမ် ခံစားပြီး နောင် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရား လက် ထက်တွင် လူ့ပြည်ဆင်း၍ ပုဏ္ဏားမျိုး၌ ဖြစ်လေ၏။ များစွာ သဒ္ဓါတရား ကောင်း၏။အလိုရှိက သံယုတ္တနိကာယ် နိဒါနဝဂ္ဂအဋ္ဌကထာ စာမျက်နှာ ၁၆၉ မှ စ၍ ကြည့်ပါလေ။

၁၃၄၀-ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### တံစဉ်တလဲ ဒုတ်တလဲ တရားတော် (သမ္မောဒိသုတ္တန်)

မဂ်ဖိုလ်တရား ရလိုငြား၊ မှတ်ထား ကောက်ရိတ်ပမာ။
တံစဉ်လဲကိုင်၊ ဒုတ်လဲကိုင်၊ မြဲခိုင် မလွှတ်ရာ။
တောင်သူလယ်သမား၊ ထိုယောကျ်ား၊ ကောက်မျစ ရိတ်သည့်ခါ။
တံစဉ်ကိုင်ထ၊ လယ်ကွက်မှ၊ အစွန်က စ ရိတ်ရာ။
မိမိအနား ခြံကာထား၊ နွားများ တိုးဝင်လာ။
တံစဉ်ကိုချ၊ ဒုတ်ကိုင်ရ၊ မုချ ထိုအခါ။
စင်လမ်းပေါက်မှ၊ မောင်းထုတ်ရ၊ ပြီးက ခြံပြန်ကာ။
တံစဉ်ကိုဘဲ၊ ပြန်ကိုင်မြဲ၊ ရိတ်ဆဲ အစွန်ကသာ။
ဗုဒ္ဓဟောရာ၊ ငါးခန္ဓာ၊ လယ်တာ ဥပမာ။
ကိလေသာဆိုး၊ ကောက်ပင်မျိုး၊ ဖြတ်ချိုး ရိတ်ပစ်ရာ။
ယောဂီများအား၊ လယ်လုပ်သား၊ ထင်ရှား တူလှစွာ။
ဝိပဿနာပညာ၊ တံစဉ်သာ၊ တူကာ ရှုမှတ်ရာ။
ရှုမှတ်ပွားတာ၊ ရိတ်နေတာ၊ ကောင်းစွာ တူလှစွာ။
အသုဘ ကမ္မဋ္ဌာန်းကို၊ ဒုတ်ဟုဆို၊ တင်ကြို သိဘို့ရာ။
သတိလွတ်ထာ၊ ခြံပေါက်ဘာ၊ မှတ်ပါ မြဲမြဲသာ။

ရာဂတရား၊ နွားဆိုးဝါး၊ မခြား တူလှတာ။
ငွဲ့ သတ္တိမြဲ၊ ရှုမှတ်ဆဲ၊ ရိတ်ဆဲဟူ သိပါ။
ရာဂခေါ်တွင်၊ နွားတိုးလျှင်၊ ကြိုတင် မောင်းထုတ်ပါ။
သတိလွတ်လျှင်၊ ရာဂဝင်၊ အစဉ် မှတ်ဘို့ပါ။
ရာဂဝင်လျှင်၊ လုပ်ငန်းခွင်၊ အားအင် လျော့မည်သာ။
ကောက်ပင်လဲ ကြည့်၊ နွားလဲ ကြည့်၊ သင်၏ အလုပ်မှာ။
ကိလေလဲ ပယ်၊ ရာဂဖယ်၊ သင့်မယ် လုပ်ရမှာ။
တံစဉ်တလဲ၊ ဒုတ်တလဲ၊ သင်ဘဲ တာဝန်သာ။ ။

(အင်္ဂုတ္တရနိကာယ နဝကနိပါတ အဋ္ဌကထာ၊ နှာ-၂၅၆)

(ဓမ္မဒါန အလှူရှင်) ဦးသူတော်-ဒေါ်ကြွေ သားသမီး မြေးတစု ကောင်းမှု။
ညောင်ပိုင်း ၁၀ လမ်း၊ ပဲခူးမြို့။

## တံစဉ်တလဲ ဒုတ်တလဲ တရားတော်
## (သမ္မောဒိ သုတ္တန်)
### မှတ်သားဘွယ် အကျဉ်းချုပ်

### ဒုတ်ကို ပြန်ချ ကိုင်ရ တံစဉ် ရိတ်မြဲပင်

သာလိလာယကောပမာ ဟူ၍ မှတ်ရာ၏။

တယောက်သော ယောကျ်ားသည် တံစဉ်ကိုကိုင်၍ မှည့်နေသော လယ်ကွက်ထဲမှ ကန်သင်းရိုး၏ အစမှစ၍ သလေးခင်းရှိ သလေး(ကောက်စပါး) တို့ကို ရိတ်၏။ ထိုအခါ ယင်း ကောက်ရိတ်သမား၏ခြံကို ဖျက်ဆီး တိုးဝှေ့၍ နွားတို့သည် ဝင်လာကြကုန်၏၊ ထို ကောက်ရိတ်သမားသည် ရိတ်နေသော တံစဉ်ကို ပစ်ချ၍ ဒုတ်တိုကို ကောက်ကိုင်ပြီး ထို ဝင်လာသော ခြံပေါက်မှပင် ဝင်နေသော နွားတွေကို မောင်းထုတ်ရ၏။ မောင်းထုတ်ပြီး ပေါက်သွားသော ခြံကို ပကတိအတိုင်း ဖြစ်အောင် ပြန်ပိတ်ရ၏။ ပိတ်ပြီးလျှင် တဖန် ချထားခဲ့သော တံစဉ်ကို ပြန်ကိုင်ပြီး ရိတ်မြဲ ကောက်တို့ကို ပြန်ရိတ်ရ၏။ နွားမောင်းခြင်း ကိစ္စ ပြီး၍ ဒုတ်ကို ချထားရပြန်သည် ဟူလို။

### ဥပမာ ရှစ် စိစစ် သေချာ ရှုမှတ်ပါ

ဤ ပြဆိုခဲ့ပြီးသော ဥပမာ၌-

(၁) ဘုရားသာသနာကြီးသည် သလေးခင်းနှင့် တူ၏။

(၂) ယောဂီသည် ကောက်ရိတ်သမားနှင့် တူ၏။

(၃) ဝိပဿနာ ပညာသည် တံစဉ်နှင့် တူ၏။

(၄) ရှုပွားနေသောအခါသည် ကောက်ရိတ်နေသောအခါနှင့် တူ၏။

(၅) အသုဘကမ္မဋ္ဌာန်းသည် ဒုတ်နှင့် တူ၏။

(၆) မျက်စိ နား နှာ စသော စောင့်စည်းမှုသည် ခြံကာခြင်းနှင့် တူ၏။

(၇) ပညာဖြင့် မဆင်ခြင် ပမာဒကို အကြောင်းခံ၍ ရာဂတရားဆိုး ဝင်ခြင်းသည် ခြံဖောက်ကာ နွားများ ဝင်လာခြင်းနှင့် တူ၏။

(၈) အသုဘကမ္မဋ္ဌာန်းဖြင့် ရာဂကို ခွာလိုက်ပြီး တဖန် ဝိပဿနာ ရှုပွားမှုကို အားထုတ်ခြင်းသည် တံစဉ်ကိုပစ်ချ ဒုတ်ကိုကိုင်လျက် နွားများ မောင်းထုတ် ခြံပြန်ပိတ်ပြီး တဖန် အစမှစ၍ ကောက် ပြန်ရိတ်ခြင်းနှင့် တူ၏။

၁၃၅၀-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အရုပ်ကြက်နှင့် အဟုတ်ကြက် တရားတော်
## (ဘာဝနာ သုတ္တန်)

ဥပမာထား၊ ယောဂီအား၊ ကြက်များ မိခင်သာ။
ဝိပဿနာခေါ်ဘိ၊ ဉာဏ်အရှိ၊ မဂ်၏ သန္ဓေပါ။
ဝိပဿနာဉာဏ်ဆက်၊ အရုပ်ကြက်၊ မပျက် တူလှစွာ။
အရဟတ္တမဂ်၊ အဟုတ်ကြက်၊ မပျက် ထို့တူပါ။
သန္ဓေဥများ၊ မေတ္တာပွား၊ ထင်ရှား ကြက်မမှာ။
ကြက်နံ့ ကြက်ငွေ့၊ ကြက်အတွေ့၊ မမေ့ သုံးကိစ္စာ။
ယောဂီမှာလဲ: စိတ်မှာစွဲ၊ အမြဲ ထို့တူစွာ။
အနိစ္စ ဒုက္ခ၊ အနတ္တ၊ စောက်ချ ရှုဘို့သာ။
အချိန်တိုင်းပဲ၊ ထာအားခဲ၊ ရှုမြဲ ရှုမှတ်ပါ။
လုပ်စရာသုံးမျိုး၊ ပြည့်စုံက၊ လုံးဝ မပုပ်ပါ။
ဝိပဿနာဉာဏ်လဲ၊ မပျောက်ပဲ၊ ထူးကဲ တိုးတက်မှာ။
ခြောက်ခြင်း ပါးခြင်း၊ ထက်စေခြင်း၊ ရင့်ခြင်း အကျိုးလာ။
ဥတု ဘောဇန၊ ပုဂ္ဂလ၊ မမှ လေးသပ္ပာ။
ဆိတ်ငြိမ်သက်သာ၊ တနေရာ၊ ရှုကာ နေစဥ်မှာ။
တဏှာညစ်ကြေး၊ ထိုအစေး၊ ဆိုရေး ဥပမာ။
အဝိဇ္ဇာချွန်၊ အဆိုးလွန်၊ ဥခွံ တူလှစွာ။
အစေးလဲခြောက်၊ ဥခွံပေါက်၊ ခေါက်ခေါက် ကြိုးစားရာ။

အဝိဇ္ဇာခိုင်၊ ဥဒ္ဓံပိုင်၊ ဖောက်နိုင် မဂ္ဂါ အရဟာ။
အဘိဉာဉ်စက်၊ ဈာန်အထက်၊ နှစ်ဖက် အတောင်ပါ။
ဥဒ္ဓံဖောက်ကာ၊ အတောင်ခါ၊ ထွက်မှာ သေအချာ။
အဝိဇ္ဇာလွန်ရောက်၊ ဥဒ္ဓံဖောက်၊ ဖြစ်မြောက် ရဟန္တာ။
ဖလသမာပတ်၊ ဝင်စားလတ်၊ ပြုမှတ် နိဗ္ဗာန် အာရုံသာ။
အဟုတ်ကြက်လို၊ ဖြစ်ဘို့ဆို၊ သိပ်ကို အားထုတ်ပါ။

(အင်္ဂုတ္တရနိကာယ သုတ္တနိပါတ အဋ္ဌကထာ၊ နှာ-၁၈၆)

(ဓမ္မဒါနအလှူရှင်) နှစ်ဘက်သော မိဘများကို အမှူးထား၍
ဦးစိုးသိမ်း (မောင်ဝံသ) ဇနီး ဒေါ်မြင့်မြင့် သားသမီးတစု ကောင်းမှု။
အမှတ် ၁၁၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

## အရုပ်ကြက်နှင့် အဟုတ်ကြက် တရားတော် (ဘာဝနာ သုတ္တန်)
## မှတ်သားဘွယ် အကျဉ်းချုပ်

### ဝိပဿနာဉာဏ် မဂ်ဉာဏ် အထိ မရောက်ရှိ

ဘာဝနာ ယောဂီသည် ကြက်များ မိခင် ကြက်မကြီးနှင့် တူ၏။ ကြက်မကြီး၌ မိမိဥများအပေါ် လုပ်စရာကိစ္စ သုံးခုရှိ၏။ ဤ၌ ဘာဝနာတရား အားထုတ်သောအခါကို ရည်ရွယ်ပါသည်။ ကြက်မမှာ အလုပ်သုံးခုရှိသလို ယောဂီမှာလည်း အလုပ်သုံးခုရှိသည်။ ကြက်မမှာ အလုပ်သုံးခုကို လုပ်သည့် အတွက် ကြက်ဥမပုပ်သလို ယောဂီမှာလည်း အလုပ်သုံးခုကိုလုပ်သည့်အတွက် ဝိပဿနာဉာဏ် မဆုတ်ယုတ်ပါ။ ကြက်မ၏ အလုပ်သုံးခုမှာ ကြက်အနံ့ပေးခြင်း၊ ကြက်အငွေ့ပေးခြင်း၊ ကြက်အတွေ့ပေးခြင်းတို့တည်း။ ဥကား ဥ၏၊ မဝပ် ဖြစ်နေ၍ အကောင်မပေါက်၊ အရုပ်ကြက် အဖြစ်ဖြင့်သာ ရပ်စဲရ၏။ အဟုတ်ကြက် အဖြစ်သို့ကား မရောက်။ ကြက်မသည် မိမိဥများကို အကောင်ပေါက်လာအောင် စွဲစွဲလမ်းလမ်းဖြင့် မိမိ ကိစ္စ သုံးမျိုးအတွက် ဝပ်ပေးရသလို၊ ယောဂီမှာလည်း ရှုကား ရှု၏၊ ဆက် အားမထုတ်၊ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်အဖြစ်သို့ ရောက်မလာ။

### ဥမဆုံး ပုပ်မဆုံး လည်အုံးခါခါ သံသရာ

ယောဂီသည် အရုပ်ကြက်နှင့် တူသော ဝိပဿနာဉာဏ်ကို အဟုတ်ကြက်နှင့်တူသော မဂ်ဉာဏ်ကြီးဖြစ်လာအောင် ဆက်လက် တရစပ် အားထုတ်ရသည်။ ကြက်မ ဆက်ဝပ်သလို ယောဂီသည် ဆက်အားထုတ်ရသည်။ ဥလိုက် ပုပ်လိုက် ဥလိုက် ပုပ်လိုက် မဝပ်လျှင် ဘယ်တော့မှ အကောင်မပေါက်သလို ယောဂီဟာလည်း ရှုလိုက် ရပ်ထားလိုက်၊ ရှုလိုက် ရပ်ထားလိုက်နှင့် ဥတိုင်း ဥတိုင်း ပုပ် ပုပ်သွားသလို ရှုတိုင်း ရှုတိုင်း ဝိပဿနာဉာဏ်တွေဟာလည်း ပုပ် ပုပ်ပြီး ကြက်ဥပုပ်တွေ သွန်လို့မဆုံး ဖြစ်နေသလို ဝိပဿနာပုပ်တွေဟာ

လည်း သွန်လို့မဆုံး ဖြစ်နေတတ်သည်။ ရှုမှတ်သမျှလေးတွေ အလဟဿမဖြစ်ရလေအောင် အနိစ္စ အခြင်းအရာ၊ ဒုက္ခ အခြင်းအရာ၊ အနတ္တ အခြင်းအရာတို့ဖြင့် အမြဲမပြတ် တရစပ် ရှုမှတ်ရသည်။ အနိစ္စ ကြက်အနံ့၊ ဒုက္ခ ကြက်အငွေ့၊ အနတ္တ ကြက်အတွေ့လေးတွေ စချိန်မီ အမြဲတမ်း ပေးရသည်။ မပေးနိုင်လျှင် ပုပ်သွားသည်၊ ခဏ ခဏ ပြန်ဥ၊ ဥပြီး ပြန်ပုပ်၊ ဥမဆုံး ပုပ်မဆုံး ဖြစ်နေတတ်သည်။

## မိခင်စေတနာ ကောင်းစွာပြည့်ညီ ကြီးခဲ့ပြီ

ကြက်မ၏ ကိစ္စသုံးခု ပြုလိုက်သည့်အတွက် ကြက်ဥ၌ ပေကျံနေသော စိုစွတ်သော အစေးများ ခြောက်သွားသလို ယောဂီမှာလည်း ယောဂီ၏ကိစ္စသုံးခုကို ပြုလိုက်သည့်အတွက် ဘဝ သုံးပါးမှ ကပ်လျက်ပါလာ လိုက်လာသော တဏှာ အစေးများ ခြောက်သွားသည်။ (ဤကား ပထမ အကျိုးပါတည်း)။ နောက်တခုက ကြက်ဥ၏ အခွံများ စပ်ယင်း ဝပ်ယင်း ပါးသာသလို ယောဂီ၏ အဝိဇ္ဇာ ဥခွံများ ရှုယင်း မှတ်ယင်းဖြင့် ပါးလာတတ်သည်။ (ဤကား ဒုတိယ အကျိုးပါတည်း)။ နောက်တခုက ကြက်ငယ်၏ ခြေသည်းဖျား၊ နှုတ်သီးဖျားတို့ ထက်လာသလို ယောဂီ၏ ဝိပဿနာဉာဏ်တို့သည်လည်း ထက်ခြင်း၊ ကြည်လင်ခြင်း၊ ရဲရင့်ခြင်း အဖြစ်သို့ ရောက်လာတတ်သည်။ (ဤကား တတိယ အကျိုးပါတည်း)။ တဖြည်းဖြည်း ဝပ်ယင်း ဝပ်ယင်း ကြက်မ၏ လုံ့လ ဇွဲ စေတနာကြောင့် ကြက်ငယ်လေး ကြီးထွားလာသလို ထိုယောဂီ၏ ဝိပဿနာဉာဏ်သည်လည်း ကြီးထွားလာတော့သည်။

## အဝိဇ္ဇာဥခွံ ထက်ချွန်နှုတ်ခြေ ဖောက်ထွက်ပေ

ကြက်မသည် ဥခွံထဲမှ ကြက်ငယ်လေးကို ယုယ စောင့်ရှောက် ပြုစုလာရသလို ယောဂီသည်လည်း မိမိ၏ ကြက်ငယ်လေးပမာ ဝိပဿနာဉာဏ်ကိုလည်း မဂ်ဉာဏ်အဖြစ်သို့ ရောက်လာအောင် အထူး ယုယ စောင့်ရှောက် ပြုစုလာရသည်။ အားပြည့်၍လာသော ကြက်ငယ်လေးသည် မိမိအင်အား နှုတ်သီးဖျား ခြေသည်းဖျားတို့ဖြင့် ဥခွံကို ဖောက်ခွဲကာ အတောင်နှစ်ဘက်ကိုခါလျက် ပျံထွက်လာသကဲ့သို့ ယောဂီသည်လည်း (က) ဥတုသပ္ပါယ၊ (ခ) ဘောဇနသပ္ပါယ (ဂ) ပုဂ္ဂလသပ္ပါယ (ဃ) ဓမ္မဿဝနသပ္ပါယ ဟူသော သပ္ပါယလေးပါးကို ရ၍ တနေရာတည်း၌ နေလျက် အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ

ရှုပွားသည့်ရှိသော် အစဉ်အတိုင်း ရအပ်သော အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာတည်းဟူသော ဥခွံကို ဖောက်ခွဲ၍ ကုသိုလ် အဘိညာဉ်၊ ကြိယာ အဘိညာဉ် တည်းဟူသော အတောင်နှစ်ဘက်တို့ကို ခါပြီး ချမ်းသာစွာ ရဟန္တာ အဖြစ်သို့ **ရောက်လေ၏။**

## မဂ္ဂင်ရှစ်ပါး ပွားများလေလျှင် နိဗ္ဗာန်ဝင်

ကြက်ငယ်တို့၏ ရင့်ကျက်လာသည်၏ အဖြစ်ကို သိ၍ မိခင်ကြက်မကြီးသည် ဥခွံကို ဖောက်ခွဲပေးသလို၊ ထို့အတူ ယောဂီ၏ ဉာဏ်ရင့်ကျက်လာမှုကို သိ၍ ကမ္မဋ္ဌာန်းဆရာသည် အကူအညီပေးရသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် တန်ခိုးဖြင့် အရောင်တော်များလွှတ်ကာ အောက်ပါဂါထာဖြင့် အဝိဇ္ဇာတည်းဟူသော ဥခွံကို ဖောက်ခွဲပေးလေ၏။ ယင်းဂါထာအဆုံးမှာ (အဝိဇ္ဇာတည်းဟူသော ဥခွံကို)ဖောက်ခွဲ၍ ရဟန္တာအဖြစ်သို့ ရောက်၏။ ထိုမှစ၍ ထိုကြက်ငယ်များ တင့်တယ်စွာ လှည့်လည်သကဲ့သို့ ထို့အတူ ရဟန္တာပုဂ္ဂိုလ်သည်လည်း နိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာပတ်ကို ဝင်စားလျက် သံဃာ့အရာမ်ကို တင့်တယ်စေကာ လှည့်လည်လေ၏။

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။ ။

သာရဒိကံ၊ သာရဒဥတုဦပွင့်သော။ ကုမုဒံ၊ ကုမုဒြာကြာကို။ ပါဏိနာ၊ လက်ဖြင့်။ ဥစ္ဆိန္ဒတိက္လဝ၊ အကြွင်းမဲ့ ဖြတ်လေသကဲ့သို့။ အတ္တနော၊ မိမိ၏။ သိနေဟံ၊ ချစ်ခြင်း နှောင်ဖွဲ့ခြင်းတည်းဟူသော တဏှာကို။ ဥစ္ဆိန္ဒ၊ အကြွင်းမဲ့ ဖြတ်လော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။ သန္တိမဂ္ဂမေဝ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး ကျင့်တရားကိုသာလျှင်။ ဗြူဟယ၊ စေ့စေ့သေချာပွားများပါလော့။

၁၃၄၀-ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
# ဟောကြားအပ်သော

## မဂ်ဉာဏ်ပေါ်မှု သတိပြု တရားတော် (ဓမ္မဒါယာဒ သုတ္တန်)

ဘာဝနာပွား၊ နည်းနှစ်ပါး၊ ထင်ရှား ကျမ်းဂန်လာ။
သမထအား၊ ရှေ့ကထား၊ နောက်ကား ဝိပဿနာ။
ဝိပဿနာအား၊ ရှေ့ကထား၊ နောက်တား သမထပါ။
ဥပစာရ၊ အပ္ပနာ သမာဓိ၊ ဖြစ်စေဘိ၊ ခေါ်၏ သမထာ။
ရုပ်နာမ်နှစ်ဝ၊ သင်္ခါရ၊ ဓမ္မ အပေါ်မှာ။
အနိစ္စထင်၊ ဒုက္ခမြင်၊ ဆင်ခြင် အနတ္တာ။
စူးစိုက်လေးစား၊ အာရုံထား၊ ရှုပွား ဝိပဿနာ။
ဘယ်လိုထားထား၊ ထိုနှစ်ပါး၊ ရှုပွား မှန်သည်သာ။
တနည်းကိုပင်၊ ရှုပွားလျှင်၊ မဂ္ဂင် မည်သည်သာ။
မဂ္ဂင်ဓမ္မ၊ ရှုပွားမှ၊ မဂ်ရ ဧကန်ပါ။
မဂ်ဟူခေါ်ချက်၊ ဉာဏ်လွန်ထက်၊ သန်လျက် ဥပမာ။
သံယောဇဉ်ကြိုး၊ ထိုဆယ်မျိုး၊ ဖြတ်ချိုး ပယ်နိုင်ရာ။
အနုသယတရား၊ ခုနစ်ပါး၊ ရှင်းသွား လွယ်လွယ်သာ။
ခဏိကသမာဓိ၊ မပါရှိက၊ မုချဝိပဿနာ မပြည့်ရာ။
ဝိပဿနာဓမ္မ၊ ပြည့်ပါမှ၊ ဖြစ်ထ (ဝုဋ္ဌာနဂါမိနီ) ဝိပဿနာပါ။
အပါယ်အစ၊ ထသွားရ၊ မဂ်ကျ ဓိပ္ပာယ်ပါ။

(ဝုဋ္ဌာနဂါမိနီ) ဝိပဿနာဇော၊ ခေါ်တွင်ပြု၊ အနုံ သင်္ခါရာ။
အနုသင်္ခါရ၊ ရောက်ပြီးမှ၊ ရောက်ရ ဂေါတြဘူပါ။
ဘာဝနာကာလ၊ မဂ်ကာလ၊ နှစ်ဝ ကွဲပြားရာ။
မဂ်ကာလသာ၊ အရေးပါ၊ ကောင်းစွာ သိအပ်စွာ။
သမာဓိခိုင်၊ ပညာပိုင်၊ ပို့နိုင် မဂ်သို့သာ။
အားအင်နှစ်ဝ၊ စုံပြည့်မှ၊ မဂ်ကျနိုင်မည်သာ။ .
မဂ်ကျလေလျှင်၊ ဖိုလ်သို့ဝင်၊ တွေ့မြင် နိဗ္ဗာန်ပါ။
မဂ်ကျဘို့အရေး၊ ခါခါတွေး၊ အေးဆေး မနေရာ။

(မူလပဏ္ဏာသ အဋ္ဌကထာ၊ ၁၁၃/ငင်း ဋီကာ-၂၀၄)

ဓမ္မဒါန အလှူရှင်၊ ဦးသောင်းရွှေ–ဒေါ်ရင်နု မိသားစု ကောင်းမှု။
(ဗလပုံနှိပ်တိုက်) ၂၂၁-လမ်း၊ ပန်းလှိုင်ရပ်၊ ပဲခူးမြို့။

## မဂ်ဉာဏ်ပေါ်မှု သတိပြု ထရားတော်

(ဓမ္မဒါယာဒ သုတ္တန်)

မှတ်သားဘွယ် အကျဉ်းချုပ်

## ဘာဝနာပွားနည်း အပြီးမှတ်ပါ နှစ်နည်းသာ

ဘာဝနာပွားနည်းသည် (က) သမထ ပုဗ္ဗင်္ဂမ ဝိပဿနာ ဘာဝနာပွားနည်း၊ (ခ) ဝိပဿနာ ပုဗ္ဗင်္ဂမ သမထ ဘာဝနာပွားနည်း။ ဤသို့ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင်-

(က) ဤလောကဌ် အချို့ယောဂီသည် ရှေးဦးစွာ ဥပစာရ သမာဓိကိုလည်းကောင်း၊ အပ္ပနာ သမာဓိကို လည်းကောင်း ဖြစ်စေတတ်၏။ ဤကား သမထ ဘာဝနာတည်း။

(ခ) ဤလောကဌ် အချို့သော ယောဂီသည် ရုပ်နာမ် တရားတို့ကို အနိစ္စ စသည်တို့ဖြင့် ရှု၏။ ဤကား ဝိပဿနာ ဘာဝနာတည်း။

ထို့ကြောင့် ''သမထ ပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ'' ဟု မိန့်၏။

သမထ ပုဗ္ဗင်္ဂမ ဝိပဿနာ ဘာဝနာပွားနည်းဖြင့် ပွားလျှင်လည်း မဂ်ဉာဏ် ပေါ်နိုင်၏။ ထိုယောဂီသည် ထိုမဂ်ကို အထပ်ထပ်ပွားလျှင် သံယောဇဉ်တို့ကို ပယ်နိုင်ကုန်၏။ အနုသယတို့သည် ပျက်စီးကုန်၏။ ဝိပဿနာ ပုဗ္ဗင်္ဂမ သမထ ဘာဝနာပွားနည်းဖြင့် ပွားလျှင်လည်း မဂ်ဉာဏ် ပေါ်နိုင်၏။ ထိုယောဂီသည် ထိုမဂ်ကို အထပ်ထပ်ပွားလျှင် သံယောဇဉ်တို့ကို ပယ်နိုင်ကုန်၏။ အနုသယတို့သည်လည်း ပျက်စီးကုန်၏။

## သမထ ဝိပဿနာ ဘာဝနာနှစ်ခု ပြည့်အောင်ရှု

သမထသက်သက် ဝိပဿနာ မပါပဲသော် လည်းကောင်း၊ ဝိပဿနာ သက်သက် သမထ မပါပဲသော် လည်းကောင်း မဂ်ဉာဏ် မပေါ်နိုင်။ သမထကို ရှေ့ကပွား၍ ဝိပဿနာကို နောက်ကထားပြီး ပွားသောနည်းဖြင့် ဖြစ်စေ၊ ဝိပဿနာကို ရှေ့ကပွား၍ သမထကို နောက်ကထားပြီး ပွားသောနည်းဖြင့် ဖြစ်စေ လောကုတ္တရာ မဂ်ကျနိုင်သည်သာ။ လောကုတ္တရာမဂ် ခဏ၌ သမထ ဝိပဿနာ တစုံ (ဖွဲ့စည်းမိ) မှသာ ဖြစ်နိုင်သည်။ သမထ ဝိပဿနာ ဖြစ်စေ၊ ဝိပဿနာ သမထ ဖြစ်စေ တစုံ ဖွဲ့စည်းမိမှသာ မဂ်ကျနိုင်သည်။

သမထနှင့် ဝိပဿနာကို ဘာဝနာတစုံဟု မှတ်ရမည်။ သမထ သက်သက်လည်း ဘာဝနာ မပြည့်၊ ဝိပဿနာ သက်သက်လည်း ဘာဝနာ မပြည့်။ သမထရော ဝိပဿနာပါ ပါမှ ဘာဝနာ ပြည့်သည်။ (ဘာဝနာယ နိဗ္ဗာနံ)ဟူသာ ဟောထားသည်ကို သတိပြု။ သမထကို အပိုလိုလို မြင်နေတတ်ကြသည်။ သမထက ပို၍အရေးကြီးသည်။(ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ သမ္မာဓမ္မံ နပဿတိ) သမာဓိ မဖြစ်လျှင် ပညာ မဖြစ်နိုင်ဟု ဆိုသည်။ အရိယမဂ္ဂက္ခဏ၌ ဘာဝနာ ပြည့်နေပြီ၊ ဘာဝနာပြည့်လို့ အရိယမဂ် ကျသည်ဟု မှတ်ရမည်။ သမထ ပုဗ္ဗင်္ဂမ၊ ဝိပဿနာ ပုဗ္ဗင်္ဂမဟူ၍ နှစ်နည်းရှိကြောင်းကို ပြလို၍ ကောစစိ စသော ပါဠိကို မိန့်၏။

## ဉာဏ်၏အလိုက် အံကိုက်အောင်သာ ရှုပွားပါ

ပထမနည်းကို သမထယာနိကနည်း၊ ဒုတိယနည်းကို ဝိပဿနာ ယာနိကနည်းဟု ဆိုအပ်၏။ ထို့ကြောင့် ဣဓေကစ္စော စသည်ကို မိန့်သည်။ ဝိပဿနာကို ရှုပွား အားထုတ်ရုံဖြင့် ဝိပဿနာ မပြည့်စုံနိုင်။ ဝိပဿနာ ပြည့်စုံစေခြင်းငှာ သမထကို အားထုတ်ရပါသေးသည်။ ဝိပဿနာပွားခြင်းဟု ဆိုရာ၌ ဝိပဿနာ အရ တရုဏ ဝိပဿနာကို ယူရသည်။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိကို အားထုတ်ပြီ မှုရသော တရုဏ ဝိပဿနာဟု မှတ်ပါ။ မဂ်ဖြစ်သည် ဆိုရာ၌ ပုဗ္ဗဘာဂ လောကီမဂ်ဟု မှတ်လေ။ အားထုတ်ပုံမှာ ယင်း လောကီမဂ်ကို ပွားပုံ အောက်ပါ အတိုင်း ညွှန်းထား၏။

(၁) အာသေဝတိ=နိဗ္ဗိဒါနုပဿနာ အစွမ်းဖြင့် မှီဝဲ၏။
(၂) ဘာဝေတိ=မုဉ္စိတုကမျတာ အစွမ်းဖြင့် ပွားများ၏။

(၃) ဗဟုလီကရောတိ=ပဋိသင်္ခါနုဧသနာ အစွမ်းဖြင့် အကြိမ် များစွာ ပြု၏။

(၄) တနည်း အာသေဝတိ=ဘယတုပဋ္ဌာနဉာဏ်၏ အစွမ်းဖြင့် မှီဝဲ၏၊ ဗဟုလီကရောတိ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အစွမ်းဖြင့် အကြိမ် များစွာ ပြု၏။

## ခဏိကသမာဓိ မရှိလေလျှင် ဝိပဿမဝင်

သံယောဇဉ်တို့ကို ပယ်ခြင်း၊ အနုသယတို့ကို ဖျက်ဆီးနိုင်ခြင်းတို့သည်လည်း မဂ်၏ အစဉ်ဖြင့်ဟု မှတ်။ သမထဖြို့ အားမထုတ်သေးပဲ ဝိပဿနာကို ရှေးဦးစွာ အားထုတ်သည်ဆိုရာ၌ အမှန်မှာ ဆမထမပါပဲ (ဝါ) သမထ မဖြစ်သေးပဲ ဝိပဿနာသည် မဖြစ်နိုင်။ ထို့ကြောင့် ယခု ဝိပဿနာကို ရှေးဦးစွာ အားထုတ်၍ဖြစ်သည်မှာ လုံးဝ သမထ မပါသည်မဟုတ်။ ဥပစာရ သမာဓိမပါပဲ ဝိပဿနာဖြစ်သည်ကား မှန်၏။ ခဏိကသမာဓိ ပေါ်လို့ကတော့ ဝိပဿနာ ဘယ်လိုမှမဖြစ်နိုင်။ ခဏိကသမာဓိ (အနည်းဆုံး) ရှိပါမှ ဝိပဿနာ ပညာဖြစ်နိုင်သည် ဟူလို။ ထို့ကြောင့် (သမထ ဝိပဿနာနံ ဘာဝနာန မိတောပရံ)ဟု သမထကို အမြဲ ရှေ့ထားဟောသည်။ သမာဓိ သုံးမျိုးကား ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့တည်း။ ထို့ကြောင့်–

န ဟိ ခဏိကသမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ။

(မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ ဋီကာ၊ နှာ-၂၀၄)

ဟိ၊ မှန်၏။ ခဏိကသမာဓိံ၊ ခဏိကသမာဓိကို။ ဝိနာ၊ ကြဉ်၍ မပါစေပဲ မထူထောင်ပဲ။ ဝိပဿနာ၊ ရုပ်နာမ်ဖြစ်ပျက် မြင်ထင်မှု ဝိပဿနာပညာသည်။ န သမ္ဘဝတိ၊ မဖြစ်သင့် မဖြစ်နိုင်။

သမထ မပါပဲ ဝိပဿနာ မဖြစ်နိုင်။ သမထဟူသည် သမာဓိတည်း။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ မပါပဲ ဝိပဿနာ ဖြစ်နိုင်၏။ ခဏိကသမာဓိ မပါပဲ ဝိပဿနာ လုံးလုံးမဖြစ်နိုင်ပါ။

## သမထ ဝိပဿနာ ပြည့်လာခဏ မဂ်ဆိုက်ရ

ဝိပဿနာ ဘယ်လောက် အားထုတ်ထား အားထုတ်ထား၊ သမထ အားမထုတ်ရသေးလျှင် ယင်း သမထကို တဆောင်တယောင် ပြန်အားထုတ်ရသေးသည်။ မဂ်ဉာဏ်ရလို့လျှင် သမထကို အားထုတ်ပါဦးဟု ဆိုလိုပါသည်။ သမထအားထုတ်မှ ဝိပဿနာအားပြည့်မည်။ ဝိပဿနာအားပြည့်မှလည်း ဝုဋ္ဌာန ဂါမိနီအဖြစ်သို့ ထိုဝိပဿနာ ရောက်မည်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်မှ (သင်္ခါရအာရုံမှ လည်းကောင်း၊ အစဉ်မပြတ် ဖြစ်နေသော ဝဋ္ဋခန္ဓာအစဉ်မှ လည်းကောင်းထ၍) မဂ် ဖိုလ် နိဗ္ဗာန်သို့ သွားနိုင်မည်။ (ဝုဋ္ဌာန=သင်္ခါရအာရုံမှ လည်းကောင်း၊ အစဉ်မပြတ်ဖြစ်နေသော ဝဋ္ဋခန္ဓာအစဉ်မှ လည်းကောင်း ထမြောက်တတ်သော မဂ်သို့။ ဂါမိနီ=ရောက်ကြောင်း ဝိပဿနာ။) မဂ္ဂသမ္မာ သမာဓိဖြစ်အောင် အားထုတ်ကြရမည်။ အရိယမဂ်သည် အသမာဓာနဟေတု ကိလေသာတို့၏ အကြွင်းမဲ့ ဖြတ်သောကြောင့် ဧကန္တသမာဟိတ (စင်စစ် တည်ကြည်ခြင်းရှိ၏။) ထို့ကြောင့် အောက်ပါ မဇ္ဈိမနိကာယ မူလပဏ္ဏာသ ဋီကာ စာမျက်နှာ ၂၀၅-ကို သတိပြုပါ။

(၁) တဒါ သမာဓိပညာနံ သမရသတာယ ဣစ္ဆိတဗ္ဗတော ယုဂ နဒ္ဓါဝ ဟောန္တိ။

(၂) မဂ္ဂက္ခဏေ ဟိ န သမထ ဘာဝနာယံ ဝိယ သမာဓိ၊ ဝိပဿနာဘာဝနာယံ ဝိယစ ပညာ ကိစ္စတော အဓိကာ ဣစ္ဆိတဗ္ဗာ။

(၃) သမရသတာယ ပန အညမညံ အနတိဝတ္တနဋ္ဌေန ဒွေပိ ယုဂနဒ္ဓါ ဝိယ ပဝတ္တန္တိ။

(၄) တေန ဝုတ္တံ *သမထဝိပဿနာ ယုဂနဒ္ဓါဝ ဟောန္တီတိ။

❀

၁၃၄၀-ခုနှစ်၊ ဝါခေါင်လကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဆာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### မကျေနပ် ဂါထာတိုင် တရားတော် (အစ္ဆရာသုတ္တန်)

မကျေနပ်ပြား၊ ထိုနတ်သား၊ ထင်ရှား ထုပ္ပတ်မှာ၊
ရဟန်းဘဝ၊ ငါးဝါရ၊ တောကြွ ကျင့်ပြန်ရာ။
စားသောက်မှုကင်း၊ အားထုတ်ခြင်း၊ မယွင်း ပြင်းထန်စွာ။
သင်မုန်းပမာ၊ လေဖြတ်ရာ၊ မကြာ လဲလို့လာ။
စင်္ကြံလမ်းတွင်၊ တုံးလုံးပင်၊ ကြွစင် ပျံလွန်ရာ။
အပိုင်းတစ၊ ကျင့်ခဲ့ရ၊ ကင်းထ မဂ်ဖိုလ်မှာ။
ရွှေတုံးလိုဝင်း၊ လှပဆင်း၊ ကောင်းခြင်း ပြည့်စုံစွာ။
အိပ်သောယောက်ျား၊ နိုးသော်လား၊ ရောက်သွား ဝတိံသာ။
အလှညီတူ၊ နတ်ပျိုဖြူ၊ ပြုသူ တထောင်ဖါ။
စုတေပြီးသော၊ နတ်ဖြစ်လာ၊ သူမှာ မသိရှာ၊
ရဟန်းလို့ပဲ သူ့စိတ်ထဲ၊ စွဲလျက် မှန်တေကာ။
စက္ခုန္ဒြေ၊ ချ၍နေ၊ ပုံသေ မလှုပ်ပါ။
ဘုန်းတော်ကြီးမား၊ အရှင့်သား၊ ဒါကစ နတ်ပြည်ပါ။
အရှင့်ဂုဏ်သိန်၊ နတ်စည်းစိမ်၊ မြိန်မြိန် သုံးဆောင်ပါ။
ရုပ်နာမ်နှစ်ခု၊ ဖြစ်ပျက်မှု၊ ရှုဘို့နေရာ မဟုတ်ပါ။
နတ်တူရိယာ၊ သီဆိုပါ၊ သူမှာ ထူး၍မလာ။
အံဝင်ဂွင်ကျ၊ ဖြစ်မရ၊ သောကဒုက္ခာ ဆက်လျက်သာ။

ကိုယ်လုံးပေါ် ထီးထီး၊ မှန်ကြီးကြီး၊ ထောင်ပြီး ပြကြွရှာ။
ထိုသို့ပြရာ၊ သိရှိလာ၊ များစွာ မကျေနပ်ပါ။
လိုချင်တာကား၊ မဂ်တရား၊ ရထား နတ်ပြည်သာ။
ဗိမာန်အထဲ၊ မဝင်ပဲ၊ နောက်ပဲ ဆုတ်ပြန်ကာ။
ဘုရားထံသွား၊ သူလျှောက်ထား၊ တည်သွား မဂ်ဖိုလ်ပါ။
မကျေနပ်နိုင်၊ ဂါတ်ကိုတိုင်၊ ရပိုင် ပြည့်စုံစွာ။

(သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂဋ္ဌကထာ၊ ၂၃-၈၀)

(ဓမ္မဒါနအလှူရှင်)၊ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍
သမီး မလှမြင့်၊ မအေးသွင် ကောင်းမှု။
ညောင်ဝိုင်း ၁၁-လမ်းထိပ်၊ ပဲခူးမြို့။

## မကျေနပ် ပါတ်တိုင် တရားတော် (အစ္ဆရာ သုတ္တန်)

### မှတ်သားဘွယ် အကျဉ်းချုပ်

### စင်္ကြံလမ်းပေါ် လဲချော်ခွေကာ ပျံလွန်ရှာ

ဤအမျိုးသားသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းတက်၍ ဝတ်ကြီး ဝတ်ငယ်ကို ဖြည့်လျက် ငါးဝါရသောအခါ ပဝါရဏာပြု၍ ဒွေမာတိကာကို သင်၍ ကံကြီး ကံငယ်ကို သေ့သာ၍ စိတ်ကြိုက်ကမ္မဋ္ဌာန်းကို သင်၍ ပေါ့ပါးသော အသက်မွေးခြင်း ရှိသည်ဖြစ်၍ တောသို့ ဝင်လျက် မြတ်စွာဘုရားသည် မဇ္ဈိမယာမ်ကို အိပ်ခြင်းအဘို့တည်းဟု ခွင့်ပြု၏။ ထို မဇ္ဈိမယာမ်သို့ ရောက်သော်လည်း ပမာဒသည် ကြောက်ဘွယ် ကောင်းလှ၏ဟု နေ့ရော ညဥ့်ရော အစာမစားပဲ ကမ္မဋ္ဌာန်းအလုပ်ကိုသာ လုပ်၍နေ၏။ အတွင်း၌ လေသင်မုန်း တိုးဝင်သဖြင့် ထိုယောဂီ ရဟန်းတော်လေးမှာ စင်္ကြံပေါ်မှာပင် ခွေကျ ပျံလွန်သွားလေ၏။

### ဘုန်းကြီးဘဝ စိတ်ကစွဲထား ထိုနတ်သား

ဤ ယောဂီ ရဟန်းလေး ပျံလွန်၍ ဥပနိဿယ နည်းသေးသည် အဖြစ်ကြောင့် အာသဝေါ လေးပါး ကုန်ခြင်းသို့ မရောက်သေးပဲ တာဝတိံသာ နတ်ပြည်၌ နတ်ဗိမာန်ကြီး တံခါးဝ၌ အိပ်သော ယောကျ်ား နိုးသောလားသို့ သွားဖြစ်၏။ ရွှေရုပ်ကလေးနှင့် တူ၏။ ခန္ဓာကိုယ် သုံးဂါဝုတ် ရှိ၏။ ဗိမာန်အတွင်း၌ တယောင်သော နတ်သမီးတို့သည် ထိုရဟန်းလူထွက် နတ်သားလေးကို မြင်ကြကုန်၍ "အရှင်မတို့ရေ၊ ငါတို့ ဗိမာန်ရှင် နတ်သားလေး ရောက်လာပြီဟေ့။ လာကြ၊ လာကြ၊ နတ်သား ပျော်အောင် ဝိုင်းစန်းပြုစုကြပါကုန်စို့" ဟူ၍ တီးမှုတ်စရာ တူရိယာတို့ကို ယူ၍ ခြံရံလာကြကုန်၏။ နတ်သားသည် ယခုထိ မိမိ စုတေလာပြီအဖြစ်ကို မသိသေးပါ။ ရဟန်းဘဝပဲ အောက်မေ့နေသေး၏။

တထောင်သော နတ်သမီးတွေကို ကြည့်ပြီး ကျောင်းတွေကို လှည့်လည် ကြည့်ရှုသော မာတုဂါမကိုမြင်၍ မြင်စမရှိ ရှက်ကြောက်နေသော ပုံသုကူဇူတင်ဆောင် ဝါခြောက်ဆယ်ကျော်ပြီး မထေရ်ကြီးကဲ့သို့ ပခုံးထက်၌ ဒုကုဋ် သင်္ကန်းကြီး တင်ပြီး ပခုံးစွန်းကို ဖုံးလွှမ်းလျက် စက္ခုမြဲ့ချ ဦးခေါင်းကြီးငုံ့လျက် နေ နေကျအတိုင်း ဘုန်းကြီးစိတ်အတိုင်း နတ်ပြည်ရောက် နတ်သားဖြစ်သော်လည်း မူမပျက် ဖြစ်နေသည်။

## ရှုမှတ်မှုအား ပျက်ပြားယိမ်းယိုင် မပြုနိုင်

နတ်သမီးတွေလည်း အတော်ကို စိတ်ပျက်နေကြပြီ။ ဘုန်းကြီးဘဝလည်း ဖြစ်၊အမြဲတမ်း ရုပ် နာမ် ခန္ဓာအပေါ်မှာ ရှုမှတ်မှု အလေ့အလာ(ပရိစယ)တွေကလည်း အလွန်များ၊ နတ်သားဖြစ်စ နာရီပိုင်းလေးမျှသာ ရှိသေးတော့ (အိပ်သော ယောက်ျား နိုးသောအလား) ယောင်ယောင်မှားမှား စမ်းတဝါးဝါး ဘုန်းကြီးစိတ်က များနေပေသေးသည်။ အချို့ နတ်သမီးတွေက "ဒီဘုန်းကြီး လူထွက်ကြီးနှင့် ဖြစ်စပါ့မလား" ဟုပင် ညည်းညူကြသည်။အချို့ကလည်း "အရှင် နတ်သား၊ ဒါ နတ်ပြည်၊ ဒါ နတ်ပြည်၊ ဘုန်းကြီးကျောင်း မဟုတ်ဖူး" လို့ စိတ်တိုပြီး ပြောကြ၏။ သူကား အမူအရာမပြောင်း မှတ်ယင်း ရှုယင်းပင်။ ဗိမာန်ထဲ ဝင်ပါဆိုလည်း သူ မဝင်၊ ဗိမာန်ရဲ့ တံခါးဝမှာပင် မှိုင်တွေတွေ စိုက်တိုက်တိုက်ကြီး လုပ်နေပေသည်။နောက်ဆုံး နတ်သမီးတွေက အကြံရပြီး စိတ်ပြောင်းသွားအောင် တူရိယာများ (နတ်အဆို နတ်အက နတ်အတီးများ)ကို အနီးကပ်၍ ဆို က တီးကြကုန်၏။ နဲနဲလေးမှ တုန်လှုပ်ပုံ မရ၊ သူ့ရဲ့ ရှုမှတ်မှု အင်အားကို ထင်ရှားစွာ မထိုးဖောက်နိုင်၊ ယိမ်းယိုင်အောင် မဆောင်ရွက်နိုင်။

## မကျေနပ်ငြား ဂါတ်သွားတိုင်မည် ဘုရားဆီ

ဘယ်လိုမှ မလှုပ်မရှက်၊ နတ် ဘုန်းကြီးလူထွက် (လုပ်သလို မဖြစ်လျှင် ဖြစ်သလိုလုပ်မယ်)မူဖြင့် တာဝန်အရ နတ်သမီးများက ကိုယ်လုံးပေါ် မှန်ကြီး တချပ် ဝိုင်းမ ယူလာကြပြီး ရှေ့တည့်တည့်မှ ထောင်ထားလေ၏။ မမြင်ချင်လို့ မရ၊ မသိချင်လို့ မရ။ မိမိရဲ့ သမ္ပတ္တိသုခ ပြည့်စုံ ကြွယ်ဝမှုတို့ကိုလည်း ရိပ်စားမိသွားပြီ။ နတ်ပျို့ဖြူလှပဂေးတို့မှာလည်း ဟုတ်မှ ဟုတ်စပါ့မလားဟု စိတ်မအေး ဖြစ်နေကြသေးသည်။ နတ်သားမှာ သိသိသာသာ သက်ပြင်းကြီး ရှူရှိုက်ကာ ပစ်ချလိုက်သည်။ အခြားကြောင့် မဟုတ်ပါ၊ "ငါလိုချင်တာက မဂ်တရား၊ အခု

ရနေတာက နတ်သား) ဖြစ်နေပါရော့လား ဟူ၍ ဖြစ်သည်။ ရထားသော နတ်စည်းစိမ် အတွက် (မှန်းချက်နှင့် နှမ်းထွက်) မကိုက်ပဲဖြစ်နေပြီ၊ ရှုမှတ်ယင်းလမ်းခွဲလတ်မှာ၊ ယောဂီဘဝ အားထုတ်ဆဲကာလမှာ ပျံလွန်လိုက် (ရေတိမ်နစ်)ရသည့် အတွက် မဂ်တရားဆီသို့မရောက်၊ နတ်သားဘဝသို့ ရောက်လာရသည်၊ လိုတာမရ ရတာမလိုဖြစ်နေပြီ။ ကျေနပ်မှုကား လုံးဝ မရှိပေ။ ရွှေပြား (ရွှေတံဆိပ်) ရအောင် ယှဉ်ပြိုင်မည်ဟု ကြံ၍ လက်ဝှေ့ပွဲ ဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်ရာ ရွှေပြား (ရွှေတံဆိပ်)မရပဲ မုယောဆန်ရင်း တဆုပ်မျှ ရသောလက်ဝှေ့သမားကြီးကဲ့သို့ နတ် ချမ်းသာလောက် ဆိုလျှင် ဇောဇောကပင်ဒီလောက် ပင်ပန်းမခံခဲ့ပါ စသည့်ရအပ်သော စည်းစိမ်ကြောင့် များစွာ မကျေမနပ် စိမ်းဆတ်ဆတ်ကြီး ဖြစ်နေပေသည်။ ဗိမာန်အတွင်းသို့လည်း သူ မဝင်။

## နှစ်ဘက်လုံးကို မိန့်ဆိုတရား ဟောမိန့်ကြား

ငါမှာ ဤအချိန်အထိ သီလမပျက်သေး၊ မညှိုးသေးပါ။ ငါ့မှာ သီလ၏ဟန်ဘိုး ထိခိုက်မှု လုံးဝ မရှိသေးပါ (ချော်လဲတိုင်း ရော မထိုင်နိုင်၊ ဖြစ်သမျှအကြောင်း အကောင်းချည်း)ဟု သူများ မိုးခါးရေသောက်တိုင်း ရော မသောက်နိုင်ပါ။ မကျေနပ်တာ ဂါတ်တိုင်မှ ဖြစ်တော့မည်၊ ရပ်တန်းက ရပ်ကာ ဗိမာန်တံခါးဝမှ ပြန်လှည့်ပြီး ဘုရားထံသို့ လာခဲ့လေ၏။ တထောင်သော နတ်သမီးတို့သည်လည်း ဘုရားထံသို့ပင် လာကြလေကုန်၏။ နှစ်ဦးလုံး မကျေနပ်ကြ။ နတ်သားက သူတို့နှင့် နီးရမှာကို မကျေနပ်၊ သူတို့က နတ်သားနှင့် မနီးရတာကို မကျေနပ်။ အပြိုင် မကျေနပ်လို့ ဂါတ်တိုင်ကြပြီ၊ မြတ်စွာဘုရားသည် တရားဟောလေ၏။ ဒေသနာအဆုံး၌ နတ်သား သောတာပန် တည်၏။ ကြွင်းပရိသတ်တို့သည်လည်း မိမိတို့ ဥပနိဿယ အားလျော်စွာ အချို့ သောတာပန်၊ အချို့ သကဒါဂါမ် စသည် တည်ကုန်၏။ သောတာပန် တည်ပြီးသော ထိုနတ်သားသည် မြတ်စွာဘုရားအား နံ့သာ ပန်း စသည်တို့ဖြင့် ပူဇော်လျက် ပြန်သွားလေ၏။

၁၃၄၀–ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
# ဟောကြားအပ်သော

## ဘိက္ခုနီအစ ဂေါတမီက တရားတော် (မိထွေးတော် ဂေါတမီ ဝတ္ထု)

ပဒုမုတ္တရ၊ မြတ်ဗုဒ္ဓ၊ ပွင့်ထ သိန်းကမ္ဘာ။
မြော်မြင်လေးနက်၊ တေဒဂ်၊ ပေးချက် တွေ့မြင်ရာ။
ဒါန သီလ၊ သမထနှင့်၊ ဝိပဿနာအစုစု၊ မြတ်ကောင်းမှု၊ သူပြုတောင်းခဲ့ပါ။
လူ့ပြည် နတ်ပြည်၊ စုန်ဆန်ချည်၊ ပြုသည် သာသနာ။
ဂေါတမရှင်၊ မပွင့်ခင်၊ မြို့လျှင် ဒေဝဒဟာ၊
သုပ္ပဗုဒ္ဓ၊ မိဖုရားမှ၊ ကောင်းစွာ ဖွားမြင်လာ။
မာယာထက်ငယ်၊ လှပထယ်၊ ခေါ်လွယ် ဂေါတမီပါ။
မာယာစမ်းတွင်၊ ကြာတိုက်သွင်၊ ကြွဝင် လောင်းတော်မာ။
ဖွားသန့်စင်ကာ၊ ခုနစ်ရက်မှာ၊ မာယာ တုသိတာ။
လောင်းမြတ်အပိုင်၊ စေတနာခိုင်၊ ကိုယ်တိုင် ပြုစုရှာ။
သိဒ္ဓတ္ထကား၊ တောထွက်သွား၊ ဘုရား ဖြစ်စမှာ။
ကပိလဝတ်ခေါ်၊ နေပြည်တော်၊ ရည်မျှော် ဆွမ်းခံလာ။
သုဒ္ဓေါဒန၊ မြတ်ခမည်း၊ နာရ သောတာပန်ပါ။
နှစ်ရက်မြောက်မှ၊ မင်းနန္ဒ၊ ပြုထ ရဟန်းပါ။
ခုနစ်ရက်မြောက်မှ၊ ရာဟုလ၊ ပြုထ သာမဏေပါ၊
သုဒ္ဓေါဒနမှာ၊ ရဟန္တာ၊ နောက်ခါ ပရိနိဗ္ဗာန်စံပါ။
မင်းသမီးငါးရာ၊ ခေါင်းဆောင်ကာ၊ လျှောက်လာ ဂေါတမီမှာ။

ရှေးဦးအစ၊ ခွင့်မရ လျှောက်ထ ဇွဲနှင့်သာ။
အမျိုးသမီး ငါးရာ၊ ခေါင်းရိတ်ကာ၊ ဝတ်လာ ယောဂီသာ။
အာနန္ဒာထေရ်၊ ဝိုင်းလျှောက်လေ၊ မိန့်မြွေ ဂရုဓမ္မာ။
ရှင်ရဟန်းစီး၊ တချိန်တည်း အပြီး ခွင့်ပြုရှာ၊
ဂေါတမီထေရ်၊ ငါးရာညီ၊ ဖြစ်ပြီ ရဟန္တာ အားလုံးသာ။
ဘိက္ခုနီအစ၊ ဂေါတမီက၊ ဆိုကြ ရှေးစဉ်လာ။

(အင်္ဂုတ္တရနိကာယ ... ကကနိပါတ ... နှာ- ၂၆၁)

(မဟာဒါန အလှူရှင်) နှစ်ဘက်သော မိဘများကို အမှူးထား၍လျက်
ဦးစိုးတင်-ဒေါ်သောင်းကြည် သား၊ သမီး၊ မြေးတစု ကောင်းမှု။
ညောင်ပိုင်း ဂ-လမ်း၊ ပဲခူးမြို့။

# ဘိက္ခုနီအစ ဂေါတမိက တရားတော်

## မိထွေးတော် ဂေါတမိဝတ္ထု)

## မှတ်သားဘွယ် အကျဉ်းချုပ်

### ခုနစ်ရက်ကြာ မာယာမိဖုရား နတ်ရွာလား

ဤဂေါတမီသည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်၌ ဟံသာဝတီမြို့၌ဖြစ်၍ မြတ်စွာဘုရား၏ တရားဒေသနာများ နာကြားလျက် ဘိက္ခုနီမ တပါးကို ရတ္တညူတေဒဂ် ပေးသည်ကိုမြင်၍ ကောင်းမှုများ ပြုကာ ယင်းရာထူးအတွက် ဆုတောင်းလေ၏။ လူ့ပြည် နတ်ပြည် ကျင်လည်ပြီး ဂေါတမမြတ်စွာဘုရားလက်ထက်၌ ဒေဝဒဟမြို့ မဟာသုပ္ပဗုဒ္ဓ၏အိမ်၌ ပဋိသန္ဓေယူ၏။ ဂေါတမီဟု အမည်ပေး၏။ မဟာမာယာ၏ ညီမငယ်တည်း။ ပုဏ္ဏားပညာရှိတွေက ဤအမျိုးသမီးဘို့ နှစ်ယောက်လုံး၏ဝမ်း၌ ကိန်း သောသတ္တဝါတို့သည် စကြာမင်းတို့ ဖြစ်စီလတ္တံ့ဟု ဟော၏၊ သုဒ္ဓေါဒနမင်းကြီးသည် နှစ်ယောက်လုံးတို့အား မင်္ဂလာပြု (လက်ဆက်) ထား၏။ အလောင်းတော်သည် တုသိတာနတ်ပြည်မှ ဆင်း၍ မဟာမာယာဝမ်း၌ ကိန်း၏။ မဟာမာယာသည် အလောင်းတော်ကို ဖွားပြီး ခုနစ်ရက်မြောက်နေ့၌ နတ်ရွာစလားပြီး တုသိတာနတ်ပြည်၌ ဖြစ်ရ၏။

### မင်းသားငါးရာ ကောင်းစွာတောထွက် ရဟန်းတက်

သုဒ္ဓေါဒနမင်းကြီးသည် အလောင်းတော်၏ထွေးတော် မဟာပဇာပတိ ဂေါတမီကို အဂ္ဂမဟေသီရာထူးကို ပေးလေ၏။ ထိုအခါ နန္ဒမင်းသားကို ဖွား၏၊ အလောင်းတော်သည် တောထွက် ဘုရားဖြစ်ပြီးနောက် လောကကို ချီးမြှောက်ယင်း ကပိလဝတ်မြို့သို့ ရောက်လျက် ဆွမ်းခံကြွတော်မူ၏။ ထိုအခါ

ဘခင် သုဒ္ဓေါဒနမင်းကြီး တရားနာယင်း သောတာပန်တည်၏။ နှစ်ရက်မြောက်နေ့၌ နန္ဒ ရဟန်းပြု၏၊ ခုနစ်ရက်မြောက်၌ ရာဟုလာ သာမဏေပြု၏။ မြတ်စွာဘုရားသည် ဝေသာလီပြည်ကိုမှီ၍ စုလစ်မွန်းချွန်တပ်သော ဇရပ်ကျောင်း၌ နေ၏။ သုဒ္ဓေါဒန မင်းကြီးသည် ထီးဖြူအောက်၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် ပြုသွားလေ၏။ ထိုအခါ မိထွေးတော်ဂေါတမီ ရဟန်းပြုလိုစိတ် ပေါက်ပြီ။ မကြာမီ ရောဟိဏီမြစ်ကမ်း၌ မင်းသားငါးရာ တောထွက် ရဟန်းပြုသွားကြ၏။

## အမျိုးသမီးငါးရာ ရဟန္တာမ ဖြစ်ကုန်ကြ

ထိုရဟန်းငါးရာတို့၏ လူ့ဘဝ ခြေရင်း အလုပ်အကျွေး အမျိုးသမီး ဇနီးငါးရာတို့မှာလည်း စိတ်ဆန္ဒ တူကြကုန်လျက် အားလုံး ရဟန်းပြုလိုကြ၏။ မဟာပဇာပတိဂေါတမီကို အကြီးပြု၍ ဘုရားထံ၌ ရဟန်းပြုလိုကြကုန်၏။ မဟာပဇာပတိဂေါတမီသည် ပထမတကြိမ် ခွင့်မရ။ ထို့ကြောင့် ခေါင်းရိတ်သမားခေါ်ပြီး ခေါင်းရိတ်၊ ဖန်ရည်ဆိုးအဝတ်တွေ ဝတ်ပြီး သာကီဝင်မင်းသမီး ငါးရာတို့ကိုခေါ်၍ ဝေသာလီပြည်သို့သွား၍ ရှင်အာနန္ဒာ၏ အကူအညီဖြင့် ဂရုဓမ်ဘရား ရှစ်ပါးဖြင့် ရှင်အဖြစ်ရော ရဟန်းအဖြစ်ပါ ရသွား၏။ ရဟန်းဖြစ်ပြီး မဟာပဇာပတိဂေါတမီသည် ဘုရားထံ၌ တရားနာ၊ ကမ္မဋ္ဌာန်းယူအားထုတ်၊ ရဟန္တာမ ဖြစ်သွားလေ၏။ ကျန်သော ဘိက္ခုနီငါးရာတို့မှာ နန္ဒကောဝါဒသုတ်ကို ဟော၍ ယင်းသုတ်အဆုံး၌ ရဟန္တာမတွေ ဖြစ်ကြ၏။

၁၃၄၀ ခုနှစ်၊ တော်သလင်း လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိကပါလ
## မဟာကြားအပ်သော

**ပွင့်သောပန်း မနွမ်းစေနဲ့ တရားတော် (စုန္ဒ သုတ္တန်)**

စေတနာမိုး၊ အမြဲတိုး၊ သွန်းဖြိုး ရေဝတီမှာ။
ရွှေပန်းခိုင်ထိုး၊ ညောင်ရေအိုး၊ သယ်ပိုး သုံးလုံးသာ၊
ဝင်းပြောင်ခန့်ယယ်၊ ကချေသယ်၊ နတ်မယ် ခြံရံကာ။
သိကြားမင်းကိုယ်တိုင်၊ နတ်ပန်းကိုင်၊ မြိုင်မြိုင် ဆင်း၍သာ။
ရုတ်ရုတ်သဲသဲ၊ ဖြုန်းကနဲ၊ နောက်ဖဲ ဆုတ်လိုက်ရာ။
ရေဝတီမှာ၊ ပက်လက်သာ၊ လဲကာ နင်းကြအခါ။
ဤနေရာတွင်၊ သေပွဲဝင်၊ ထက်ခွင် တာဝတိံသာ။
ရွှေဗိမာန်တွင်း၊ ရွှေလှိုဝင်း၊ အဆင်း လှပစွာ။
သုံးဂါဝုတ်မျှ၊ ကိုယ်ကာယ၊ ကျန ဝေဝေဆာ။
လှည်းခြောက်ဆယ်ပင်၊ တကိုယ်ဆင်၊ ပြုပြင် နတ်တန်ဆာ။
နတ်သမီးအများ၊ ခြံရံထား၊ သွားနား တထောင်ပါ။
သူ၏ရှေ့နား၊ မှန်ချထား၊ မြင်သွား စည်းစိမ်မှာ။
ဂုဏ်တော်အစုစု၊ မှီယခု၊ ကောင်းမှု ပြုလို့သာ။
လူအရပ်ရပ်၊ နတ်အဆူဆူ၊ ပြုလို့ကူ၊ သယ်ယူ ဗိမာန်ပါ။
နေနှစ်စင်းပင်၊ ထွက်လာထင်၊ တိုးလျှင် ပိုင်းကြည့်ရာ။
နောက်မှနေဟာ၊ တစင်းသာ၊ ကြွင်းမှာ ဗိမာန်ပါ၊
လောင်တိုက်ပေါ်တွင်၊ ကောင်းကင်ပြင်၊ ရပ်ထင် ဗိမာန်မှာ။

နတ်သမီးသာ၊ မြေသို့လာ၊ ဆင်းကာ ရင်းနှီးစွာ။
ဘုံထုကြီးမှာ၊ အံ့သြကာ များစွာ ငိုင်းမေးလာ။
ဝတ်သာနန်း၊ ဘုံကြငှန်း၊ စံမြန်း ရခဲ့ပါ။
ရေဝတီပင်၊ ကြောင်းကုန်စင်၊ တွင်တွင်ဖြီ ပြောပြကာ။
လှူပယဉ်ဆန်း၊ ပွင့်သောပန်း၊ မှန်မှန်း စေချင်ပါ။
ဒါန သီလာ၊ ဘာဝနာ၊ များစွာ ပြုဘို့မှာ။
လက်ယာရစ်ခွေ၊ လှည့်ပတ်လေလေ၊ ရိုသေလှစွာ၊ ရှိခိုးကာ၊
ပြန်ပါ နတ်တို့ရွာ။

(သံယုတ္တနိကာယ မဟာဝဂ္ဂ အဋ္ဌကထာ၊ တတိယအုပ်၊ နှာ-၂၅၂)

''နှစ်ပက်မိအများအား အမျှးထား၍''

(ဓမ္မဒါနအလှူရှင်) ရန်ကုန်မြို့၊ ဦးနိုးသိမ်း (မောင်ဝံသ) ဒေါ်မြင့်မြင့်
နှင့် သမီး ထိုက်ထိုက်စိုး၊ လတ်လတ်စိုး၊ သား နောင်နောင်စိုးတို့
ကောင်းမှု။

# ပွင့်သောပန်း မနွမ်းစေနဲ့ တရားတော် (စုန္ဒ သုတ္တန်)

## မှတ်သားဘွယ် အကျဉ်းချုပ်

## ငါ၏ဟောကြား ငါ့တရားသာ အားကိုးရာ

မြတ်စွာဘုရားသည် ဝါကျွတ်သည်ရှိသော် စေဠုဝ ရွာငယ်မှ ထွက်၍ သာဝတ္ထိပြည်သို့ သွားအံ့ဟု လာခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းသို့ ဝင်၏။ အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ကြိုဆို ဝတ်ပြု၍ နေ့သန့်ရာဌာနသို့ သွား၏။ ထို နေ့သန့်ရာဌာန၌ တပည့်များ ဝတ်ပြု၍ ပြန်ကြွ သွားကြသည် ရှိသော် ဖလသမာပတ် ဝင်စားတော်မူ၏။ ဖလသမာပတ်မှ ထသောအခါ အရှင်သာရိပုတ္တရာသည် အကြံ ဖြစ်၏။

(က) ဗုဒ္ဓါ နုခေါ ပဌမံ ပရိနိဗ္ဗာယန္တိ၊

(ခ) ဥဒါဟု အဂ္ဂသာဝကာတိ။

အဂ္ဂသာဝကများက ပဌမ ပရိနိဗ္ဗာန် ပြုရမည်ဟု သိ၍ မိမိ၏ အာယုသင်္ခါရကို ကြည့်သော် ခုနစ်ရက်သာ ရှိတော့သည်။ ထို့ကြောင့် အဘယ် အရပ်၌ ပရိနိဗ္ဗာန် ပြုရပါအံ့နည်းဟု စိတ်ကူး၏။

(က) အရှင်ရာဟုလာသည် တာဝတိံသာ နတ်ပြည်၌ ပရိနိဗ္ဗာန်ပြု၏။

(ခ) အရှင်ကောဏ္ဍညသည် ဆဒ္ဒန်အိုင်၌ ပရိနိဗ္ဗာန်ပြု၏။

(ဂ) ငါ (အရှင်သာရိပုတ္တရာ)သည် ဘယ်၌ ပြုရပါအံ့နည်း။

ဟူ၍ ဖြစ်သည်။ သတိ ဖြစ်လာသည်။ ငါ၏ မွေးသည့် မိခင် ဈေးဦး ရှင်သည် ရဟန္တာ ခုနစ်ပါးတို့၏ မိခင် ဖြစ်သော်လည်း ဘုရား တရား သံဃာ တို့၌ မကြည်ညို၊ သူ့မှာ ဥပနိဿယခေါ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဘို့ရန်

အကြောင်း အယောက်အပ့ ရှိ မရှိ ကြည့်၏၊ ဃောဘာပတ္တ် မဂ်ဉာဏ် ရဘို့ရန် အကြောင်းရှိကြောင်း မြင်၏။ တဖန် ငါ၏ မိခင်သည် အဘက် ပုဂ္ဂိုလ်၏ တရားဖြင့် ကျွတ်တန်း ဝင်နိုင်သနည်း၊ ကြည့်ပြန်၏။ ငါ၏ တရားဖြင့်သာ ဝင်နိုင်၏၊ သူတပါး၏ တရားဖြင့် မဝင်နိုင်ဟု မြင်၏။

## သပိတ် သင်္ကန်း ဆင်မြန်းကိုယ်စီ ယူခဲ့ပြီ

ငါသည် အမှတ်တမဲ့ ကြောင့်ကြကင်းစွာ နေပြားအံ့၊ အများက ပြောကြ ဆိုကြပေလိမ့်မည်၊ 'အရှင်သာရိပုတ္တရာသည် မိခင်၏ အားထားရာ မဖြစ်။ ကြွင်း သော သူတို့၏သာ အားထားရာ ဖြစ်၏။ သမစိတ္တသုတ္တန် ဒေသနာကို ဟော သောနေ့၌ နတ်အပေါင်း ကုဋေတသိန်း ရဟန္တာ ဖြစ်သွားကြ၏။ အနာဂါမ် အဆင့်အထိကား မရေတွက်နိုင်။ အခြားနေရာ အခြားတရားများ ဟောရာတို့၌ လည်း များပြားလှ၏။ မိမိကို ကြည်ညို၍ နတ်ပြည်၌ ဖြစ်ကြသည်ကား ရှစ် သောင်းရှိ၏၊ သို့သော် မွေးသမိခင် ကျေးဇူးရှင်ကြီးကား မိစ္ဆာဒိဋ္ဌိ ဘဝဖြင့် ပင် ယျှန်ခဲ့လေခြင်း'ဟု ကြေကွဲစရာ ဖြစ်တော့မည်။ မိမိသည်လည်း ပရိနိဗ္ဗာန် ပြုရတော့မည်၊ မိခင်ကား ဗုဒ္ဓဘာသာပင် မဖြစ်သေး။ ထို့ကြောင့် မိခင်၏ မိစ္ဆာဝါဒီ အဖြစ်မှ ဗုဒ္ဓဝါဒီ အဖြစ်သို့ အမိက ပြောင်းလဲနိုင်ရန် မိခင်အိမ် (မိမိ မွေးရာ) တိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုဘို့ ဆုံးဖြတ်လိုက်ပြီ။ ယနေ့ ဘုရားထံ ခွင့် တောင်းပြီး တေတပန် ကျောင်းတော်ကြီးမှ ထွက်တော့မည်ဟု ညီဖြစ်သော စုန္ဒ ရဟန်းကို ခေါ်ပြီး မိန့်၏။ "ငါ့ရှင် စုန္ဒ၊ ရဟန်းငါးရာကို လိုက်သတိပေး၊ သပိတ် သင်္ကန်းများလည်း ယူခဲ့ကြ။ အရှင်သာရိပုတ္တရာ နာလကရွာသို့ ကြွလိမ့်မည်" ရဟန်းတို့လည်း အပါးငါးရာလုံး ကျောင်းများကို ပိတ်ဆို့၍ သပိတ် သင်္ကန်း များ ယူပြီး အရှင်သာရိပုတ္တရာထံ လာကြ၏။

## ဘုရားရှင်အား လျှောက်ထားပုံမှာ ဤသို့သာ

အရှင်သာရိပုတ္တရာသည် ကျောင်းကလေးကို ပိတ်ဆို့၍ နေ့နေရာ အရပ်ကို သုံမြက်လှည်း၍ နေ့နေရာ တံခါး၌ ရပ်ပြီး စေ့စေ့ကြည့်ကာ–

(က) ဣဒံ ဒါနိ ပစ္ဆိမဒဿနံ =ယခုအခါ ဒါဟာ နောက်ဆုံး ကြည့် ခြင်းသာ ဖြစ်၏။

(ခ) ပုန အာဂမန် နတ္ထိ=နောင် တဖန် ဤနေရာသို့ ပြန်လာရန် အကြောင်း မရှိတော့ပေ။

ဤသို့ နှလုံးသွင်းကာ ရဟန်း အပါးငါးရာ ခြံရံလျက် ဘုရားရှင်ကို ရှိခိုးလေ၏။ ဘုရားရှင်အား ဤသို့ လျှောက်၏။

(၁) အနုဇာနာတု မေ ဘန္တေ ဘဂဝါ="အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်အား ခွင့်ပြုတော်မူပါ"

(၂) ပရိနိဗ္ဗာန ကာလော မေ="အရှင်ဘုရား၊ တပည့်တော်အား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပြီ"

(၃) ဩဿဋ္ဌော မေ အာယုသင်္ခါရော="အရှင်ဘုရား၊ တပည့်တော်သည် အာယုသင်္ခါရကို စွန့်လွှတ်ပါပြီ"

ဘုရားရှင်သည် သင် ပရိနိဗ္ဗာန် ပြုပါလော့ဟူ၍ လည်းကောင်း၊ မပြုလေလင့်ဟူ၍ လည်းကောင်း မိန့်တော်မမူ။ အကြောင်းကား ပြုပါလော့ဟု ဆိုလျှင် သေခြင်းကိစ္စကို ချီးမွမ်း ထောက်ခံရာ ရောက်မည်၊ မပြုလေလင့်ဟု ဆိုလျှင်လည်း သံသရာဝဋ်ဆင်းရဲကို ခံစားရအောင် ကျေးဇူးစကား ပြောကြားသည်မှု ဖြစ်မည်။ မိစ္ဆာဝါဒီတို့ အပြစ်တင်လာလိမ့်မည်။ ထို့ကြောင့် နှစ်မျိုးလုံး မပြောပါ။

## မယ်တော်တိုက်ခန်း ကြွမြန်းဝင်စံ မြတ်နိဗ္ဗာန်

မြတ်စွာဘုရားက "ဒါဖြင့် သင်ဘယ်မှာ ပရိနိဗ္ဗာန်ပြုမလဲ"ဟု မေး၏။ "အရှင်ဘုရား၊ မဂဓတိုင်း နာလကရွာ၌ ဖွားရာ တိုက်ခန်းတွင် ပြုပါအံ့"ဟု လျှောက်၍ "ဒီရဟန်းမျိုး ရှား၏၊ဖူးမြင်ရဘို့ မလွယ်၊ သင်၏နောင်တော် ညီတော်များအားတရားဟောသွားပါဦး"ဟုမိန့်၍ အရှင်သာရိပုတ္တရာသည် ကောင်းကင်သို့ ပျံတက်၍ ထန်းတဆင့်မှ တခါ ဘုရားရှင်အား ရှိခိုးလျက် ထန်းခုနစ်ဆင့်အထိ တက်ပြီး ရှိခိုး၏။ တန်ခိုး ပြာဋိဟာတို့ကို ပြလျက် တရားဟောသွား၏။ လမ်း၌ ခုနစ်ရက် လူတို့အား ချီးမြှင့်လျက် နာလက ရွာတံခါး ပညောင်ပင်ကြီးသို့ ရောက်ပြီ၊ တူဖြစ်သော ဥပရေဝတနှင့် တွေ့ပြီ။ "သင့်အဖွား သွားပြောပါ၊ ငါ ကြွလာတယ်၊ ဖွားရာတိုက်ခန်း ပြင်ထား၊ ဒီတည နေမည်၊ ရဟန်းငါးရာ ပါလာသည်"။ မိခင်ကား အသက်ကြီးမှ ငါ့သား လူများ ထွက်မလို့ လားဟု တွေးမိသည်။ ရောက်လာစမှာစင် သွေးအန်ရောဂါ စတင် ပြင်းထန်လာပြီ။

မိခင်ကြီးအား တရားဟောသည်။ တရားအဆုံး၌ မိခင်ကြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာ သောတာပန် တည်သွားသည်။ မိုးသောက်ထအခါ သင်္ကန်းကို ဆွဲ၊ မျက်နှာကို အုပ်၊ လက်ယာန်တောင်း စောင်း၍ ကိုးပါးသော သမာပတ်တို့ကို အနုလုံ ပဋိလုံ ဝင်စားပြီး ပထမဈာန်မှ စတုတ္ထဈာန်တိုင်အောင် ဝင်စား၏။ ထိုမှထ၍ မြေလျင်ကြီးလှုပ်လျက် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုလေ၏။

## ကိုယ်လုံးပေါ်မှန် သိရန်ရှယ်ရည် ထောင်ပြပြီ

ဈာပန အခမ်းအနားကြီးမှာ အလွန် ကြီးကျယ်လှ၏။ သိကြားမင်းကြီး ကိုယ်တိုင် ဝိသကြုံ နတ်သားကို လွှတ်၍ စီမံစေ၏။ အလွန် စည်ကားသောနေ့ ဖြစ်၏။ အလုပ်အကျွေးမ ရေဝတီသည် အလောင်းတော်ကို ပူဇော်ရန် ရွှေပန်းခိုင် သုံးခု အိုးသုံးလုံးဖြင့် လာပို့၏။ သိကြားမင်းကြီး ကိုယ်တိုင် ကချေသည် ကုဋေ နှစ်ရာငါးဆယ်တို့ဖြင့် ခြံရံပြီး ဆင်းလာ၏။ သိကြားမင်းကြီး ကချေသည် မတွေ့နှင့် ဆင်းလာသည်ဟူသော သတင်းကြောင့် လူအုပ်ကြီး အတင်း နောက်ဆုတ် ပြေးကြည့်ရန် ရုတ်တရက် အုံတိုးလိုက်ရာ အလွန် နုနယ်သော ရေဝတီခေါ် အမျိုးသမီးလေး လဲပြီး လူအုပ်ကြီးက တက်နင်းကြ၍ ပွဲချင်းပြီး အသက် ပျောက်သွားလေ၏၊ ထေရဿ ပူဇံ ကရိဿာမိ ဟူသော စေတနာတန်ခိုး၊ စေတနာ အကျိုးကြောင့် ချက်ချင်း တာဝတိံသာ နတ်ပြည်မှာ ရွှေဗိမာန်ကြီး၌ သွားဖြစ်၏။ ရတနာ ရွှေတုံး ရွှေရုပ်ကလေးလို လှ၏၊သူ၏ ကိုယ် သုံးဂါဝုတ် ရှိ၏။ သူ၏ တကိုယ်ဆင် အဝတ်အစား လှည်းအစီး ခြောက်ဆယ်တိုက် ဖြစ်၏။ အပြံအစု နတ်သမီးတထောင် ရှိ၏။ ယင်းအပြင် နတ်သမီးတွေက ကိုယ်လုံးပေါ်မှန်ကြီး ထောင်ပေး၏။

## ရေဝတီနတ်သမီး ကိုယ်ထိးဆင်းလာ မြေသို့သာ

ယင်း ရေဝတီနတ်သမီးသည် မိမိစည်းစိမ်ကို မြင်၍ ဒီလောက်ကြီးကျယ်တဲ့ အကျိုးတွေဟာ ငါ ဘာများ လုပ်မိလို့လဲဟု စဉ်းစား၏။ ငါသည် အရှင်သာရိပုတ္တရာ၏ ဈာပန၌ ရွှေပန်းခိုင် သုံးခုကို အိုးလေး သုံးလုံးမှာ ထိုးပြီး ပူဇော်ယင်း ငါ့အား လူနင်းလို့ သေပြီး အခု ဒီမှာ လာဖြစ်တာဘဲ။ အရှင်သာရိပုတ္တရာကို အမှီပြု၍ ဒီအကျိုးတွေ ရတာပဲဟု မြင်၏။ ထိုကြောင့် ဒီအကျိုးတွေကို ဒီလူတွေသိရန် ပြမည်ဆိုပြီး မိမိရထားတဲ့ ကိုယ်ပိုင် ရွှေဗိမာန်ကြီးနှင့်တကွ

ဘုန်းကြီးပျံ (အရှင်သာရိပုတ္တရာ၏ ဈာပန)လူအုပ်ကြီးထဲသို့ ဆင်းလာ၏။ လူထုကြီးသည် အဝေးမှ မြင်ရ၍ နေနှစ်စင်းဟု ဝိုင်းဝန်း ကြည့်ရှုကြ၏။ တဖြည်းဖြည်း ကြည့်ယင်း ကြည့်ယင်းဖြင့် တခုသည် စုလစ် မွန်းချွန်သဏ္ဍာန် ရေးရေးထင်လာရာမှ တော်တော်ကြီး ထင်ရှားလာ၏။ ဤဟာကား နေမင်းကြီးတည်း၊ ဤဟာကား နေမင်းကြီး မဟုတ်၊ ဗိမာန်ကြီးပါတည်းဟု ဆိုလာကြ၏။ တဖြည်းဖြည်း နီး၍ အရှင်သာရိပုတ္တရာ အလောင်းတော် ထင်းပုံထက် ကောင်းကင်ပေါ်၌ ရပ်တည်နေ၏။ နတ်သမီး ရေဝတီသည် ဗိမာန်ကြီးကို ထား‌ခဲ့၍ မြေသို့ နတ်သမီး အဆောင်အယောင်ဖြင့် ဆင်းခဲ့၏။ သင် ဘယ်သူလဲဟု လူများက ဝိုင်းမေးကြ၏။

## ညီတော်စုန္ဒ လျှောက်ပြသွားဘိ သာဝတ္ထိ

"ကျွန်မတို့ ဦးဦးတို့ မသိကြဘူးလား၊ ကျွန်မ ရေဝတီပါတည်း" "ဘယ်က ရေဝတီလဲ" "အော် မနေ့က အလောင်းတော်ကို ရွှေပန်းအိုးမှာ ရွှေပန်းခိုင်များ ထိုးပြီး အပူဇော်လာတုန်း လူနင်းလို့ သေသွားတဲ့ ရေဝတီလေ။ အခုတာဝတိံသာ နတ်ပြည်မှာ နတ်သမီး သွားဖြစ်တယ်။ ကုသိုလ်ကောင်းမှု အကျိုးကြီးပုံ လူသားတွေ သိရအောင် တမင် လာပြတာပါပဲ။ ပြန်ခွင့်ပြုပါ" ဆိုပြီး အလောင်းတော်ကို လက်ယာရစ် ပူဇော် ကန်တော့ကာ မိမိ၏ နတ်ပြည်သို့ ပြန်သွားလေ၏။ လူအပေါင်းတို့သည်လည်း ခုနစ်ရက် သာဓုကီဠန ပွဲသဘင် ကျင်းပ၏။ နံ့သာတုံး ထင်းပုံကြီးမှာ ကိုးဆယ့် ကိုးတောင် မြင့်၏။ အလောင်းတော်ကို ထင်းပုံပေါ်တင်၍ မီးတင် တရားသံများဖြင့် ကြည်နူးဘွယ် ရွတ်ဆို ပူဇော်ကြကုန်၏။

(၁) အရှင်အနုရုဒ္ဓါထေရ်သည် နံ့သာစုံရည်ဖြင့် မထေရ်၏ ကျင်းများ အကြွင်းအကျန် ငြိမ်းပေး၏။

(၂) အရှင်စုန္ဒ မထေရ်သည် ဓာတ်တော်တို့ကို ရေစစ်၌ ထည့်၍ ဘုရားရှင်ထံ ပြသ လျှောက်ထားရန် သပိတ် သင်္ကန်းများကိုပါ ယူ၍ သာဝတ္ထိပြည်သို့ သွားလေ၏။

၁၃၄၀-ခုနှစ်၊ တော်သလင်းလဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

**ကိုင်လျှင် ဆေး၊ ပေးလျှင် မန္တန် တရားတော် (မဟာမိတ္တာထေရ် ဝတ္ထု)**

ဘာဝနာယောဂ်၊ ကျင့်ဖို့ရည်၊ ဟောသည့် မြတ်ဗုဒ္ဓါ။
သီလ သမာဓိ၊ ပညာ၊ မှတ်ပါ သုံးသိက္ခာ။
သိက္ခာသုံးအင်၊ ကျင့်မြတ်တွင်၊ ရှေ့တင် သီလ ပဓာနပါ။
ပဓာနထား၊ ရှေ့တင်သွား၊ လေးပါး သီလမှာ။
ဣန္ဒြေခြောက်ပါး၊ စောင့်ရှောက်ငြား၊ မှတ်သား ဣန္ဒြိယ သံဝရ သီလသာ။
ဥပါသိကာမကြီးအား၊ ဖွားမြင်ထား၊ သားနှင့် သမီးသာ။
သားတော်လေးမှာ၊ ရဟန်းသာ၊ ဘွဲ့မှာ မဟာမိတ္တာ။
သမီးမှာလဲ၊ ရဟန်းဘဲ၊ အမြဲ အနီးမှာ (ဘိက္ခုနီမလေး)။
တနေ့သောအခါ၊ မိခင်မှာ၊ ဖြစ်လာ အကျိတ်ရောဂါ။
မအိပ်မစား၊ ကိုက်ခဲများ၊ တိုးပွား မသက်သာ။
အရေးကြီးလှ၊ သွေးနီးမှ၊ ခေါ်ထ ပင့်လွှတ်ရှာ။
ဆေးဝါးယူလာ၊ ယခုသာ၊ ကြွကာ ကုဘို့မှာ။
နှစ်မထေရီ၊ ဘိက္ခုနီ၊ လျှောက်ပြီ သေချာစွာ။
ဆေးမရှိပါ၊ ဆေးနည်းသာ၊ ယူကာ ပြန်ကုပါ။
ဥဒ္ဒုမာတကာ၊ ဖူးရောင်ထ၊ ပုပ်ပွ နံစော်ကာ။
သွေးပြည်ရိရွှဲ၊ ညိုမဲမဲ၊ ဖူးသဲ စက်ဆုပ်စရာ။
အသုဘာဉာဏ်၊ ရင့်မာရန်၊ သန်သန် ရှုမှတ်လာ။

ရဟန်းဖြစ်စ၊ ကာလမှ၊ လောဘ စိတ်ယှဉ်ကာ။
ကုတ္ထိရုပ၊ ကြည့်ရှုံမှု၊ လုံးဝ မကြည့်မိပါ။
ဤသို့ ယခု၊ မှန်ကန်မှု၊ သစ္စာပြုလို့သာ။
ငါ့မယ်တော်အား၊ ရောဂါများ၊ ပျောက်သွား ချမ်းသာစွာ။
အကိုတော်မှာချက်၊ ပြောပြလျက်၊ လက်နှင့် သပ်ချပါ။
သပ်ချစဉ်ဘဲ၊ ရေမြှုပ်ခဲ၊ ကြေကွဲ ဥပမာ။
မဂ်ရောက်ဖိုလ်ဝင်၊ သူ့စွမ်းအင်၊ သုံးလျှင် ဆေးဖြစ်ရော။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမအုပ်၊ နှာ-၃၈)

မိခင် ဒေါ်မြမိန်အား အမှူးထား၍
(ဓမ္မဒါနအလှူရှင်) ဦးကြီးရှိန်-ဒေါ်တင်လှ မိသားစု ကောင်းမှု။
ပန်းလှိုင် ၂၂-လမ်း၊ ပဲခူးမြို့။

# ကိုင်လျှင် ဆေး၊ ပေးလျှင် မန္တန် တရားတော်

## (မဟာမိတ္တထေရ် ဝတ္ထု)

### ဖှပ်ံသားဘွယ် အကျဉ်းချုပ်

## မိခင်ရောဂါ သက်သာဘို့ရန် သားမြတ်ထ

မဟာမိတ္တထေရ်၏ မိခင် (မယ်တော်)သည် တနေ့သ၌ သားမြတ်၌ အဆိပ်ကြောင့် အကျိတ်တည်သောရောဂါ ဖြစ်လာ၏။ အလွန် ကိုက်ခဲ၏။ မအိပ်နိုင် သည်းမခံနိုင်အောင်ဖြစ်ပြီး တဖြည်းဖြည်း အစားနည်းလာသည်အထိ ဖြစ်လာ၏၊ ယင်း မိခင်မှာ သမီးလေးတယောက် ရှိ၏။ မဟာမိတ္တ ထေရ်၏ အငယ်နှစ်မလေးတည်း၊ ယင်း နှမလေးသည်လည်း ဘိက္ခုနီမကျောင်း၌ ငယ်စဉ်ကစင် ဘိက္ခုနီမလုပ်လျက် ဥပုသ်ရက်ရှည် စောင့်၍နေသော မိခင်ကြီးနှင့် အတူနေ၏၊ ဤသို့ မခံမရပ်နိုင် ဖြစ်သည့်အခါ မိခင်ကြီးသည် သမီး ဘိက္ခုနီမလေးကို ခေါ်၍ မိမိ၌ ဖြစ်နေသောရောဂါသည် မသက်သာ၊ တနေ့တခြားသာ တိုးပွားသာ၏။ ထို့ကြောင့် "ငါ့သမီး၊ မင့်း နောင်တော်အကိုကြီး မဟာမိတ္တ ထေရ်သည် ဤမည်သောတော၌ နေ၏။ ဤမှဝင်၍ ဤသို့ချိုးပြီး ဤလမ်းမှ သွားခဲ့သော် ရောက်၏" စသည် မှာကြား၊ အဖော်ထည့် လွှတ်လိုက်၏။ ကြွလာရန်၊ ဆေးကုပေးစေရန် ဖြစ်၏။

## ဆေးနည်းဆေးကောင်း တောင်းပြီးပင့်လာ လွှတ်လိုက်ရှာ

နောင်တော် မဟာမိတ္တထေရ်နေသော မဟာဝုန် တောကျောင်းသို့ အသင့် ရောက်သွားလေ၏။ ရောက်သည့်အခါ ရိုသေစွာဦးချလျက် မိခင်ကြီး မှာလိုက်သည့်အတိုင်း မိခင်ကြီးမှာဖြစ်နေသည့် ရောဂါဝေဒနာနှင့်တကွ မအိပ်နိုင်၊ မစားနိုင်၊ ထို့ကြောင့် အသက်ကလည်း ကြီး၊ ဇရာကလည်း ဖိစီးလျက် တဖန်(နူရာ ဝဲစွဲ လဲရာ သူခိုးထောင်း) ဆိုသလို ယခု အဆိပ်ကြောင့် အကျိတ်

တည်သော ရောဂါဝေဒနာကဲ သိသိသာသာ စင်တိုး နှိပ်စက်လာပြန်သဖြင့် (ဒီတောင်မှ အထက်တက်ဘို့) မလွယ်တော့ဟု ယင်ပါသည်။ စိတ်လည်း ငယ်၊ လူလည်း ပျော့၊ အားလျော့ကြရမည့်အခြေသို့ ရောက်နေပါပြီ။ အရှင် (နောင်တော်မြတ်)အား အလွန်ကို တမ်းတနေပါသည်။ အတန်တန်လည်း မှာလိုက်ပါသည်။ လူကိုယ်တိုင်လည်း ကြွခဲ့ပါ၊ ဆေးများလည်း ယူခဲ့ပါ၊ ရောဂါပျောက်ကင်းအောင်လည်း ကုပေးပါဟု မှာလိုက်ပါသည်။ အရှင်ဘုရား ကြွမှသာ ဖြစ်တော့မည့်ကိစ္စမို့ တပည့်တော် (ညီမလေး)အား အသေအချာမှာပြီး လွှတ်လိုက်ပါသည်''ဟု လျှောက်၏။

## ညီမလေးအား မှာကြားဉ်သို့ ပွတ်သပ်ဘို့

မဟာမိတ္တ ထေရ်ကျောင်းနေ မထေရ်ကြီးသည် နှစ်မ ဘိက္ခုနီမလေး၏ စီကာစဉ်ကာ တရိုတသေ လျှောက်ထားနေသော မိခင်ကြီးရောဂါ ဝေဒနာ အကြောင်း လျှောက်ထားနေသည်ကို တလုံးမကျန် နားထောင်ရင်း လေးနက်စွာ စဉ်းစားလာခဲ့သည်။ နှမ ဘိက္ခုနီမလေး၏ စကားအဆုံး၌ အောက်ပါ အတိုင်း ပြန်ပြောလေတော့သည်။ ဘိက္ခုနီမလေးသည်လည်း တလုံးမကျန် လေးစားစွာ ပြန်လည် မှတ်သားလေတော့သည်။

နာဟံ မူလ ဘေသဇ္ဇာဒီနိ သံဟရိတွာ ဘေသဇ္ဇံ ပစိတုံ ဇာနာမိ၊ အပိစ တေ ဘေသဇ္ဇံ အာစိက္ခိဿံ၊

အဟံ ယတော ပဗ္ဗဇိတော၊ တတော ပဋ္ဌာယ န မယာ လောဘ သဟဂတေန စိတ္တေန ဣန္ဒြိယာနိ ဘိန္ဒိတွာ ဝိသဘာဂရူပံ ဩလောကိတပုဗ္ဗံ၊ ဣမိနာ သစ္စဝစနေန မာတုယာ မေ ဖာသု ဟောတု၊ ဂစ္ဆ ဣဒံ ဝတွာ ဥပါသိကာယ သရီရံ ပရိမဇ္ဇ။

## ပါဠိစကား သိကြားဘို့ရန် အနက်ပြန်

ယင်း မဟာမိတ္တမထေရ်မြတ်၏ နှစ်မ ဘိက္ခုနီမလေးအား ပြောကြား မှာထားလိုက်သည့် ပါဠိ။ ယင်း ပါဠိ၏ အနက်ကား–

ဘဂိနိ၊ နှစ်မ။ အဟံ၊ ငါသည်။ မူလဘေသဇ္ဇာဒီနိ၊ သစ်မြစ်မှဖြစ်သော ဆေး သစ်သီး သစ်ပွင့် သစ်ရွက် သစ်ခေါက်တို့မှဖြစ်သော ဆေးစသည်တို့ကို။ သံဟရိတွာ၊ စုပေါင်းဖော်စပ်၍။ ဘေသဇ္ဇံ၊ ဆေးကို။ ပစိတုံ၊ ချက်ခြင်းငှာ။

နဝေ ၁နာမိ၊ မသိပါ။ အပိစ စင်စစ် ငါသိထားတာကတော့။ တော၊ သင့်အား။ ဘေသဏ္ဍ၊ နည်းအားဖြင့် ပေးအပ်သောဆေးကို (ဝါ) ဆေးနည်းကို။ အာစိက္ခိသံ၊ ပြောကြားလိုက်ပါဦး၊

အဟံ၊ ငါသည်။ ယဒါ၊ အကြင်အခါမှ။ ပဗ္ဗဇာယ၊ စ၍။ ပဗ္ဗဇိတော၊ ရဟန်းပြုခဲ့၏။ တတော၊ ထိုအခါမှ။ ပဗ္ဗဇာယ၊ စ၍။ မယှာ၊ ငါသည်။ လောဘသဟဂတေန၊ လောဘနှင့်တကွဖြစ်သော။ စိတ္တေန၊ ရာဂစိတ်ဖြင့်။ ဣန္ဒြိယာနိ၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ် တည်းဟူသော ဣန္ဒြေ ခြောက်ပါးတို့ကို၊ ဘိန္ဒိတွာ၊ ဖျက်၍ (ဝါ) အပျက်ခံ၍။ ဝိသဘာဂရူပံ၊ သဘောချင်းမတူ (မိန်းမနှင့် ယောက်ျား) ဟူသော အဆင်းရုပ်ကို။ နာဘိဇာနာမိ၊ တကြိမ်ကာလ စောင်း၍မျှ မကြည့်ဘူးပါ။

ဣမိနာ သစ္စဝစနေန၊ ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်။ မေ၊ မဟာမိတ္တ နာမတွင်လေ ငါမထေရ်၏။ မာတုယာ၊ မယ်တော် မိခင် ကျေးဇူးရှင်အား။ ဖာသု၊ ရောဂါပျောက်ကင်း အမြန်ဆုံး ချမ်းသာခြင်း သည် ဟောတု၊ ယခုမသွေ ဖြစ်ပါစေသတည်း

သာမဏေ နှစ်မ၊ ဘွဲ့၊ သင်သည်။ ဂန္တွာ၊ ပြန်သွားလော့။ ဣဒံ၊ ဤသစ္စာစကားကို။ ဝတွာ၊ ငါ၏ကိုယ်စား ဆို၍။ ဥပါသိကာယ၊ ဥပါသိကာမ ငါ၏ မယ်တော်ကြီး၏ သရီရံ၊ ကိုက်ခဲအထွေထွေ အကျိတ်တည်၍နေသော ကိုယ်ကို။ ဘာ၊ သင်၏ ဟတ္ထေန လက်ကလေးဖြင့်။ ပရိမဇ္ဇ၊ အသာအယာ ပွတ်ချ ပါလော့။

## ရေမြှုပ်အလား ကျေသွားသောခါ လွှန်ဝမ်းသာ

နှစ်မ ဘိက္ခုနီသည် မိခင်ထံ ပြန်လာ၍ အကြောင်းစုံ ပြောပြပြီး နောင်တော် မဟာမိတ္တထေရ် မှာလိုက်သည့်အတိုင်း အထက်မှသည် အောက်သို့ သစ္စာဆိုယင်း လက်ဖြင့် ပွတ်ချပေးလေ၏။ ဥပါသိကာမကြီးသည် ထိုသမီး ပွတ်ချပေးသော ခဏ၌ပင် ကြက်မငယ်ဥမျှ ကြီးမား မာတောင့်၍နေသော အကျိတ်ခဲကြီးသည် ရေမြှုပ်ဆိုင်ကဲ့သို့ ရုတ်တရက်ကြေမွ၍ ပျက်ကျ ပျောက် ကင်းသွားလေ၏။ မိခင် ဥပါသိကာမကြီးသည်လည်း သား၏ သီလဂုဏ်တော် တို့ ကို ချီးကျူး ဝမ်းမြောက်သဖြင့် အောက်ပါစကားကို ထ၍ ပြောကြားလေ၏။

သစေ သမ္မာသမ္ဗုဒ္ဓေါ ဓရေယျ၊ ကသ္မာ မမ ပုတ္တာသဒိသဿ ဘိက္ခုနော ဇာလဝိစိတြေန ဟတ္ထေန သီသံ န ပရာမသေယျ။

သစေ၊ အကယ်၍။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဓရေယျ၊ ထင်ရှာ ရှိသေးငြားအံ့။ မမ၊ ငါ မိခင်၏။ ပုတ္တသဒိသဿ၊ သားနှင့်တူသော။ ဘိက္ခုနော၊ ရဟန်းအား။ ဇာလဝိစိတြေန၊ ကွန်ရက်ကဲ့သို့ ဆန်းကြယ်သော၊ ဟတ္ထေန၊ လက်တော်ဖြင့်။ သီသံ၊ ဦးခေါင်းကို။ ကသ္မာ နပရာမသေယျ၊ အဘယ်မှာ မပွတ်သပ် မကိုင်တွယ် မချီကျူးပဲ ရှိပါအံ့နည်း။ ပွတ်သပ် ကိုင်တွယ် ချီးကျူးမည်သာလျှင်တည်း။

၁၃၄၀-ခုနှစ်၊ တော်သလင်းလဆုတ်ကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### လူ့မမာနှင့် တူစွာကျင့် တရားတော် (ကုရုဏ္ဍာကမထေရ်ဝတ္ထု)

သဥပါဒ်၊ အနုပါဒ်၊ သေသတည့်၊ နှစ်ရှိ နိဗ္ဗာန်ပါ။
ရဟန္တာဖြစ်မှ၊ ရှေ့နိဗ္ဗာန်ရ၊ ဒုက္ခ တဝက်ကွာ။
ရဟန္တာသေမှ၊ နောက်နိဗ္ဗာန်ရ၊ ဒုက္ခ ရှင်းရှင်းကွာ။
ကုရုဏ္ဍာကလိုဏ်တွင်း၊ အဖော်ကင်း၊ မှီတင်း သီတင်းသုံးရှာ။
ဘုရားခုနစ်ဆူအကုန်၊ တောထွက်ပုံ၊ ဆေးစုံ ရေးခြယ်ကာ။
လှပခန့်ညား၊ ဇာတ်ကားများ၊ ဆွဲထား မျက်နှာကြက်မှာ။
လှည့်သည်ကြည့်ငြား၊ ရဟန်းများ၊ တွေ့သွား ရှေးလက်ရာ။
ချီးမွမ်းစကား၊ လျှောက်ကြငြား၊ ဟုတ်လား အံ့သြကာ။
နှစ်ခြောက်ဆယ်ကျော်တကိုယ်တည်း၊ နေခဲ့ပြီး၊ မော့ပြီး မကြည့်မိပါ။
ပိုဏ်ဝအနီး၊ သစ်ပင်ကြီး၊ ဆက်ပြီး မေးကြရာ။
ပွင့်ချိန်နှစ်စဉ်၊ သူ့အောက်တွင်၊ တွေ့မြင် ဝတ်ဆံကြွေနေတာ။
ကံ့ကော်ပင်ဖြစ်ကြောင်း၊ ရဟန်းပေါင်း၊ ထပ်လောင်း မိန့်မြွက်ကာ။
မင်းကြီးမိဖုရား၊ အလှည့်ထား၊ ခြားနား ရှိခိုးရာ။
မင်းကြီးလာလဲ၊ ဒီဆုပဲ၊ နောက်လဲ ဒီဆုသာ။
ရဟန်းများက၊ ဝိုင်းလျှောက်ကြ၊ ငါမှ မသိတာ။
မိန်းမ ယောကျ်ား၊ ထင်အရှား၊ ခွဲခြား မကြည့်မိပါ။
ခုနစ်ရက်မျှ၊ လွန်လေက၊ ရောက်ထ ကုံရုဏ္ဍာကာ။

ဆိတ်ငြိမ်ညဥ့်အား၊ စင်္ကြံသွား၊ နှုတ်ပွား နေစဉ်မှာ။
ကံ့ကော်ပင်အုပ်စိုး၊ ရက္ခစိုး၊ ရှိခိုး နတ်တွေပါ။
ဆိမ်မီးတိုင်ညှိ၊ ကိုင်ကိုယ်စီ၊ ကပ်ပြီ ပူဇော်ရာ။
ဣမ္မဋ္ဌာန်းဖုံဖုံ၊ စင်ကြယ်ပုံ၊ လုံ့စုံ ထင်ရှားလာ။
ချင်းရာဆက်ဆက်၊ မြင်ရချက်၊ အားတက် နင်းရှုကာ။
မဇ္ဈိမယာမ်ခေါ်၊ သန်းခေါင်ကျော်၊ သင့်တော် ထိုခနရာ။
တတောလုံး တတောင်လုံး၊ သိမ့်သိမ့်ကြုံး၊ ထစ်ချုန်း မြည်ဟီးကာ။
ကိလေသာတုံး၊ အကျင့်ဆုံး၊ ထေရ်ဘုန်း ရဟန္တာ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပထမအုပ်၊ နှာ-၃၆)

(ဓမ္မဒါနအလှူရှင်) မိခင်ကြီး ဒေါ်မြစိန်ကို အမှူးထား၍
ဦးသိန်းဟန်-ဒေါ်တင်ကြည် သား၊သမီးတစု ကောင်းမှု။
လိဝ်ပြာကန် ၁-လမ်း၊ ပဲခူးမြို့။

❀

## လူမမာနှင့် တူစွာကျင့် တရားတော် (ကုရဏ္ဍကမထေရ် ဝတ္ထု)
### မှတ်သားဘွယ် အကျဉ်းချုပ်

## ဝါခြောက်ဆယ်ကျော် နေသော်မသိ ရှိ မရှိ

ကုရဏ္ဍကမည်သော လိုဏ်ကြီးထဲ၌ ဘုရားခုနစ်ဆူတို့၏ တောထွက်ပုံ ရေးထားသော ပန်းချီကားချပ်များသည် အလွန်နှစ်သက်ဖွယ် ရှိ၏။ များစွာသော ရဟန်းတို့သည် ကျောင်းစဉ်လှည့်လည်ကြစဉ် ယင်းပန်းချီကားချပ်များကို မြင်ကြ၍ အလွန်နှစ်သက်ဖွယ်ရှိကြောင်း အချင်းချင်း ပြောဆိုကြကုန်၏။ ယင်းကုရဏ္ဍကလိုဏ်ကြီးထဲတွင် သီတင်းသုံးသော မထေရ်ကြီးကိုလည်း ကုရဏ္ဍကမထေရ်ဟုပင် ခေါ်ကြ၏။ ကုရဏ္ဍက မထေရ်ကြီးသည် ဤသို့ ဆို၏။ "အို... ငါ့ရှင်တို့၊ ငါသည် ဤကုရဏ္ဍက လိုဏ်ကြီးထဲ၌ နေသည်မှာ အနှစ်ခြောက်ဆယ် ကျော်ခဲ့ပြီ။ ဤသို့ နေခဲ့စဉ် ဤလိုဏ်ဂူကြီး ထဲ၌ ယင်း ပန်းချီဆေးရေး ကားချပ်တွေ ရှိမှန်းလည်း မသိ၊ မရှိမှန်းလည်း မသိ။ ယနေ့ မျက်စိအမြင်ကောင်းတော်မူကြသော အရှင်ဘုရားတို့လာမှဘဲ အရှင်ဘုရားတို့ကို အမှီပြုပြီး ရှိနေကြောင်း သိခွင့်ရ၍ ကျေးဇူးတင်ပါသည်"

## ကံ့ကော်ပင်ကား ထင်ရှားပွင့်ရှိ ကျ၍သိ

ယင်း ကုရဏ္ဍက မထေရ်မြတ်ကြီးသည် ဘာဝနာယောဂီ အစစ်ကြီးပါတည်း။ ဤမျှ အနှစ်ခြောက်ဆယ်ကျော်အောင် နေခဲ့သော်လည်း (လူမမာနှင့် တူစွာကျင့် ပြုသင့်ကိုယ်မူရာ) ဆိုသည့်အတိုင်း မျက်စိကိုဖွင့်၍ တကြိမ်တခါမျှ လိုဏ်ကြီးကို မော်၍ မကြည့်ဘူးပါ။ ရဟန်းတော်များ ဆက်၍ "အရှင်ဘုရား၊ အနှစ်ခြောက်ဆယ်ကြာသော်လည်း တကြိမ်တခါမျှ မော်၍မကြည့်ဘူး၍ ပန်းချီကားချပ်တွေကို ရှိမှန်းမသိဟုဆိုလျှင် အရှင်ဘုရား နေ့စဉ် ဝင်ထွက်နေသည့် လိုဏ်တံခါးဝရှိ အရှင်ဘုရား အမြဲစကြံလျှောက်နေတဲ့ စင်္ကြံ၏အပေါ်တည့်တည့်

ဆစ်မင်းကြီးကိုရော မသိဘူးလား'' ''ဒါတော့ သိတယ်'' ''ဘာပင်ကြီးလဲ''
''ကံ့ကော်ပင်ကြီးပါ'' ''မော့မကြည့်လျှင် ဘာဖြစ်လို့ သိသလဲ'' ''နှစ်စဉ် နှစ်ဥ
ငါနေတာလဲ ကြာပြီ၊ ကံ့ကော်ပွင့်ချိန်ကျတဲ့အခါ ငါလျှောက်တဲ့ စင်္ကြံလမ်းပေါ်
မှာ ကံ့ကော်ပွင့် ကံ့ကော်ဆံတွေ ကျ ကျနေတယ် ဒါ့ကြောင့် ဒီပေါ်မှာဒီသစ်ပင်
ကြီးဟာ ကံ့ကော်ပင်ကြီးပဲဟု သိရပါတယ်'' ရဟန်းများ ကျေနပ်သွားကုန်၏။

## မင်းမိဖုရား ဝပ်တွားတင်ချီ ပြန်ခဲ့ပြီ

မင်းကြီးသည် မထေရ်မြတ်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်
ကြီ ကျယ်ပုံတွေကို ကြား၍ ရှိခိုးလိုပါကြောင်းနှင့် သုံးကြိမ်တိုင်တိုင် ပင့်ခိုင်း၏။
ပင့်ခိုင်းသော်လည်း မိမိ အလုပ်ပျက်မည်ဖြစ်၍ မလိုက်လိုကြောင်းသာ အမိန့်
ရှိလေ၏။ ထို့ကြောင့် ထိုရွာ၌ နို့စို့ကလေးများ နို့မစို့နိုင်အောင် သားသည်
မိခင်များ၏ နို့တို့ကို မထေရ်ကြီး လိုက်ပါမကြွသမျှ ကာလပတ်လုံး နို့မစို့ရ၊
နို့မတိုက်ရဟု ဆိုပြီး အဝတ်ဖြင့် စည်းထားစေ၏၊ ဤအကြောင်းများကိုလည်း
လျှောက်ထားစေ၏။ မထေရ်မြတ်သည် သူငယ်တို့အား သနားတော်မူလှ၍
မဟာဂါမသို့ လိုက်ကြွလာရ၏။ မင်းကြီးသည် ကြား၍ ''အမောင်တို့ သွားကြ၊
မထေရ်ကို ပင့်လာကြ၊ သီလယူကုန်အံ့''ဟု နန်းတွင်းသို့ပင့်၍ ရှိခိုး ဆွမ်းကပ်၍
''အရှင်ဘုရား၊ ယနေ့ အချိန်မရှိ၊ နက်ဖြန်မှ သီလယူအံ့''ဟု ဆို၍ မထေရ်၏
သပိတ်ကိုယူ၍ အနည်းငယ် လိုက်ပို့ပြီး မိဖုရားကြီးနှင့်တကွ ရှိခိုးပြီး ပြန်ခဲ့လေ၏။

## တလွဲတချော် ပြောခေါ်ဖြစ်ရှိ မကြည့်မိ

မင်းကြီး ရှိခိုးသော်လည်းကောင်း၊ မိဖုရားကြီး ရှိခိုးသော်လည်းကောင်း
သုခီ ဟောတု မဟာရာဇ (မဟာရာဇ၊ မင်းမြတ်။ တွံ၊ သင်သည်။ သုခီ၊
ချမ်းသာသည်။ ဟောတု ဖြစ်ပါစေ) ဤသို့ မင်းကြီး ရှိခိုးလည်း (မင်းကြီး
ချမ်းသာပါစေ)ဟု ဆုပေး၏။ မိဖုရားကြီး ရှိခိုးလည်း (မင်းကြီး ချမ်းသာ
ပါစေ)ဟုပင် ဆုပေး၏၊ ဒီလိုနှင့် နန်းတော်ထဲတွင် ခုနစ်ရက် ပြည့်ခဲ့ပြီ၊ ရဟန်း
တွေက ဤသို့ ဝိုင်းလျှောက်ကြ၏၊ ''အရှင်ဘုရား၊ အရှင်ဘုရားသည် မင်းကြီး
ရှိခိုးသော်သည်းကောင်း၊ မိဖုရားကြီး ရှိခိုးသော်လည်းကောင်း၊ 'မင်းကြီး
ချမ်းသာပါစေ'ဟူ၍သာ ဆုပေး၏'' မထေရ်ကြီးက ဤသို့ ပြန်ပြောလေ၏။

''ငါ့ရှင်တို့၊ ငါသည် မင်းကြီးဟူ၍ လည်းကောင်း၊ မိဖုရားကြီးဟူ၍ လည်းကောင်း မသိခဲ့။ ကြည့်လဲ မကြည့်မိခဲ့။ ထို့ကြောင့် ဤသို့ တလွဲတချော်ကြီး ဖြစ်ခဲ့၏''

## တောတောင်တွေဟိန်း ကုန်ငြိမ်းကိလေ ထိုမထေရ်

ဤနည်းဖြင့် ခုနစ်ရက်လွန်ခဲ့သော် မင်းကြီးသည် မထေရ်မြတ် ဤနန်းတော်ထဲ၌နေရတာ ဆင်းရဲပေလိမ့်မည် သဘောပေါက်၍ ကုရဏ္ဍကလိုဏ်ဂူသို့ ပြန်ပို့လေ၏။ မထေရ်ကြီးသည် ညဉ့်သို့ရောက်သောအခါ စင်္ကြံလျှောက်နေကျ နေရာသို့ တက်၍ စင်္ကြံလျှောက်ပြီး ကွဲကော်ပင်၌ စိုးအုပ်သော ရုက္ခစိုးနတ်မင်းကြီးသည် အောက်သို့ဆင်း၍ ပန်းနံ့သာ ဆီမီးတိုင်တို့ကို ကိုင်လျက် အသင်းအပင်းများနှင့်တကွ ထိုင်၍ လက်အုပ်ချီ ရှိခိုးနေကြပြီ၊ လူမသိ နတ်သိ၊ သိတ်ုရှုန် (ဘုမ္မတော်နတ်ကို မေး ဆိုသည့်အတိုင်း) ငါတို့ မထေရ်ကြီး ရဟန္တာဖြစ်တော့မည်ဟု လူသဲက မည်သူမျှ မသိသေး။ နတ်တွေ သိနှင့်နေပြီ။ ထိုအခါ မထေရ်ကြီး၏ ကမ္မဋ္ဌာန်းသည် အလွန် စင်ကြယ်၏။ အလွန် ထင်ရှားစွာ ဖြစ်သော၏။ မထေရ်ကြီးကိုယ်တိုင်ကလည်း ယနေ့ ငါ အားထုတ်နေရသည့်ကမ္မဋ္ဌာန်းသည် ခါတိုင်းနှင့် မတူ၊ ငါ့အား ပြနေ၏။ ရဟန္တာဖြစ်ဖို့ အရိပ်အရောင် မြင်နေ၏ဟု ဆိုပြီးသည်၊ ဝမ်းမြောက်မှု အားရမှုလေးတွေ တဖွားဖွားဖြစ်လျက် မဇ္ဈိမယာမ်၏ အခြားမဲ့ (သန်းခေါင်ကျော်အခါ)၌ တတောလုံး တတောင်လုံး ပဲ့တင်ချုန်းလျက် မထေရ်ကြီးသည် အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်သွားလေ၏။

## မျောက် သမင်အလား လှုပ်ရှားစိတ်နေ ယဉ်ကျေးစေ

ထို့ကြောင့် ဣန္ဒြိယသံဝရ သီလနှင့်စပ်၍ ဤသို့ ဆုံးမတော်မူခဲ့၏။

(၁) မက္ကဋောဝ အရညမှိ၊ ဝနေ ဘန္တမိဂေါ ဝိယ။
ဗာလောဝိယ စ ဉတြသ္တော၊ န ဘဝေ လောလလောစနော။

(၂) အဓော ခိပေယျ စက္ခုနိ၊ ယုဂမတ္တဒသော သိယာ။
ဝနမက္ကဋလောလဿ၊ န စိတ္တဿ ဝသံ ဝဇေ။

အရညမှိ၊ တော၌။ စရန္တော၊ ကျက်စားသော။ မက္ကဋောဝ၊ မျောက်ကဲ့သို့လည်းကောင်း။ ဝနေ၊ တော၌။ ဘန္တမိဂေါ ဝိယ၊ တုန်လှုပ်သော သမင်

ကဲ့သို့လည်းကောင်း။ ဥတြဒဿာ၊ ထိတ်လန့်၍နေသော။ ဗာလော ဝိယ စ၊ လူမိုက် ကဲ့သို့လည်းကောင်း၊ လောလလောစနော၊ လျှပ်ပေါ်သော မျက်စိရှိသည်။ န ဘဝေ၊ မဖြစ်ရာ။

ဧက္ခုနိ၊ ချက်စိတိုကို။ အဓော၊ အောက်သို့၊ ခိပေယျ ချရာ၏။ ယုဂမတ္တဒဿော၊ ရထားထမ်းပိုး တပြန်မျှ ကြည့်သည်။ သိယာ၊ ဖြစ်ရာ၏၊ ဝနမက္ကဋလောလဿ၊ တောမျောက်၏စိတ်ကဲ့သို့ လျှပ်ပေါ်သော။ စိတ္တဿ၊ စိတ်၏၊ ဝသံ၊ အလိုသို့။ န ဝဇေ၊ မလိုက်ရာ၊

၁၃၄၀-ခုနှစ်၊ သီတင် ကျွတ်လဆန်း (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အားအင်ပြည့်ဝ လိုတရ တရားတော် (သံဃရက္ခိတမထေရ်ဝတ္ထု)

သံဃရက္ခိတမည်၊ မဟာထေရ်၊ ကြီးပြီ သက်ရွယ်မှာ။
ဝါခြောက်ဆယ်ကျော်ပြီး၊ လွန်ထန်သည်း၊ မီးစီး ဝေဒနာ။
သေရာညောင်စောင်း၊ ဗျာမိထောင်း၊ ပုန်းအောင်း ချိန်အခါ။
ရဟန်းအများ၊ ကြည့်ရှုသွား၊ မြင်ငြား စိတ်မသက်သာ။
အားကိုးစရာတရား၊ ရှိပြီလား၊ ကပ်သွား မေးလျှောက်ပါ။
အားကိုးစရာတရား၊ မရှိထား၊ ရိုးသား ပြန်ဖြေရှာ။
အလုပ်အကျွေး၊ ရဟန်းလေး၊ မအေး ထပ်လျှောက်သည်မှာ။
ဆယ့်နှစ်ယူဇနာ၊ လူများစွာ၊ ထပ်ကာ စည်းဝေးပါ။
ပရိနိဗ္ဗာန်၊ ကြွဝင်စံ၊ အမှန် ငါတို့ဆရာ။
ပုထုဇဉ်ဘဝ၊ ပျံလွန်က၊ သောကဖြစ်ကြမည် အမှန်သာ။
မတွေ့ယျခေါ်တွင်၊ ဘုရားရှင်၊ ပွင့်လျှင် ဖူးမြင်ကာ။
ခန္ဓာဇာတ်ရှင်း၊ အပြတ်ရှင်း၊ ကြွခြင်း နိဗ္ဗုတာ။
ထို့ကြောင့်မဂ်ဖိုလ်၊ ခုမသို၊ နောင်ကို မျှော်၍လာ။
ညှိုပြဿနာ၊ ငါ့ကိုသာ၊ မကာ ထူပေးပါ။
ထူပြီးထွက်ကြွ၊ ပြင်ရောက်က၊ ဖြစ်ထ ရဟန္တာပါ။
ကြမ်းကိုပုတ်ကာ၊ ထိုပြဿနာ၊ ကောင်းစွာ ရှင်းကြောင်းသာ။
သံဃာများက၊ စည်းဝေးကြွ၊ မေးထ ခက် မခက်ပါ။

မခက်ခဲပုံ၊ အလုံးဖုံ၊ အကုန် မိန့်မြွက်ဘာ။
ပုထုဇဉ်သီလပဲ၊ ဖြစ်သော်လဲ၊ အမြဲ သန့်စင်ကာ။
ပကတိပြောင်လျက်၊ ကြည်ကာလက်၊ တွင်းထွက် ပတ္တမြားပမာ။
ရဟန်းဖြစ်စ၊ ကာလမှ၊ မုချ ခုတိုင်သာ။
သတိ အသိ၊ အမြဲမိ၊ ပြည့်၏ အားအင်မှာ။
မဂ်ဖိုလ်ရရေး၊ အသာတွေး၊ စိတ်ကလေး ညွတ်လျက်သာ။
ရှုမှတ်လိုက်ခြင်း၊ အကုန်ရှင်း၊ ချက်ချင်း ရဟန္တာ။
အားအင်မုချ၊ ပြည့်ဝက၊ လိုတ ရမည်သာ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမအုပ်၊ နှာ-၄၅)

(ဓမ္မဒါန အလှူရှင်) အမိ ဒေါ်သန်းရင်ကို အမှူးထား၍
အဲဗားဂွတ်စက်တဲလ်၊ ကိုစိုးခင်-မတင်တင်မြင့် မိသားစု ကောင်းမှု။
ဈေးပိုင်း (၁၈) လမ်း၊ ပဲခူးမြို့။

## အားအင်ပြည့်ဝ လိုတ ရ တရားတော်
## (သံဃရက္ခိတ ပထေရ် ဝတ္ထု

### မှတ်သားဘွယ် အကျဉ်းချုပ်

### လောကုတ်ဓမ္မ ရထားပြီလား မေးလျှောက်ထား

မဟာသံဃရက္ခိတ မထေရ်ကြီးသည် အသက် ရှစ်ဆယ်ကျော်၊ သိက္ခာဝါလည်း ခြောက်ဆယ်ကျော်ပြီ၊ သေရာညောင်စောင်း၌ လျောင်းနေရသည့် အချိန်သို့လည်း ရောက်နေပြီ။ လျောင်းလည်း လျောင်းနေရပြီ။ ဘနိုင် ထူနိုင်သော အခြေအနေ လုံးဝ မရှိတော့ပြီ။ ထို့ကြောင့် ရင်းချာသော တပည့်ကြီး သံဃာတော်များက တီးတိုး အနီးကပ်၍ လျှောက်ကြသည်။ အခြားသော အခြေအနေတွေ ဘယ်လောက်ကောင်းကောင်း ပထမအဆင့်လောက် အနည်းဆုံး မနင်းမိလျှင် ဂုဏ်မချရ၊ သက်သာရာ ရသည်။ဆောက်တည်ရာ ရသည်။မြဲသော ဂတိရှိသည်ဟု မဆိုနိုင်။ တပည့်ကြီး သံဃာတော်များက စိတ်ပူကြသည်။ ထို့ကြောင့် "အရှင်ဘုရားမှာ (မဂ်ဖိုလ်)ဟူသော လောကုတ္တရာ တရားထူးများ ရထားပါပြီလား" ဟု မေးလျှောက်ကြသည်။

### ပုထုဇဉ်မျှ သိက မချမ်းသာ လွန်သေချာ

မဟာသံဃရက္ခိတ မထေရ်ကြီးသည် (နတ္ထိ မေ လောကုတ္တရဓမ္မော= "တပည့်တို့၊ ငါ့အား လောကုတ္တရာ တရားထူး မရရှိသေးပါ")ဟုပြောပြ၏။မရသေးတာလည်း သေချာ၏။ ထိုအခါ အမြဲဘမ်း ဝတ်ကြီး ဝတ်ငယ် ပြုနေသော အနီးရှိ ရဟန်းကလေးက လူရှင်းသောအချိန်မှာ ကပ်၍ လျှောက်ထား၏။ လျှောက်ပုံမှာ "အရှင်ဘုရား၊ အရှင်ဘုရားအား မဂ်ဖိုလ် တည်းဟူသော လောကုတ္တရာ တရား မရှိသေးပါဟု မိန့်ကြား၏။ အထူးပင် အံ့ဩမိ၏။ အရှင်ဘုရား၏ အနေအထိုင် အမူအရာတို့ကို အကဲခတ်၍ အားလုံးသော ပရိသတ်တို့က

ရဟန္တာ မှတ်ယူနေကြ၏။ တဆယ့်နှစ်ယူဇနာ အတွင်းမှာ နေကြသည့် လူသား အားလုံးတို့က စုမိတိုင်း ဤအတိုင်း ပြောဆိုနေကြ၏။ ပရိနိဗ္ဗာန် ပြုတော့မည် အထိ ပြောနေကြ၏။ (မှတ်ချက်-ရဟန္တာ သေမှ ပရိနိဗ္ဗာန်ပြုသည်ဟု ဆိုနိုင် သည်။) ပုထုဇဉ်မျှသာ ရှိနေသေးကြောင်း သိကြလျှင် များစွာ စိတ်မချမ်းမသာ ဖြစ်ကြပါတော့မည်။ အရှင်ဘုရားအားလည်း အားလုံး အထင် အမြင်သေးကြ ပါတော့မည်''ဟု လျှောက်လေ၏။

## အများရှေ့တွင် ငါပင် လက်လျှော့ မဖူးတော့

မဟာသံဃရက္ခိတ မထေရ်ကြီး အိပ်ရာထဲ ပက်လက်ကလေးဖြစ်နေရာမှ တပည့်ရဟန်းကလေးအား အနီးသို့ခေါ်ကာ တိုးတိုးလေး ပြောလေ၏။''ငါ့ရှင်၊ ငါကား ပွင့်တော်မူလတ္တံ့ အရိမေတ္တေယျ ဘုရားရှင်ကို ဖူးလိုပါသေးသည်။ ဖူးလိုသည့်အတွက် ရဟန္တာဖြစ်အောင် ရည်ရွယ်ပြီး ဝိပဿနာတရားများကို အားမထုတ်ပါ။ ငါ့မှာ ပါရမီထူး၊ ကုသိုလ်ထူးများ ရှိနေသည့်အတွက် မခဲယဉ်း ပါ၊ အားထုတ်လိုက်လျှင်လည်း ကြာမည်မထင်ပါ။ ရဟန္တာဖြစ်သွားလျှင် ဘဝ ဆုံးရမည်။အရိမေတ္တေယျ ဘုရားကို ဖူးနိုင်ခွင့် မရှိတော့ပါ။ဒါပေမယ့် အများကို မဆန့်ကျင်လိုပါ။ မိမိအတွက် အများ စိတ်ဆင်းရဲမည်ဆိုလျှင် မိမိရဲ့ အာသာ ဆန္ဒကို ရပ်သိမ်းပေးပါမည်။ အများကို ရှေ့သို့တင်ပြီး မိမိကပဲ အရှုံးပေးလိုက် ပါမည်၊ အဲဒီတော့ ငါ့ရှင်၊ ငါ့အား အချိန်ကလေး အနည်းငယ် ချီးမြှင့်ပါ။ အခွင့်တောင်းပါသည်''ဟု တပည့် ရဟန်းကလေးထံ ခွင့်တောင်း၏။

## ရဟန်းအလုပ် အဟုတ်ပြီးက လက်ခါပြ

ရဟန်းလေးက အခွင့်ပြုသည့် အမူအရာကို ပြလိုက်သည့်အခါ မထေရ် ကြီးမှာ အလွန်ကို ကျေနပ်လျက် မသယ်နိုင်တော့သော မိမိအား နောက်က ခေါင်းအုံးကလေးများခုပြီး မှတ်ကောင်းအောင် ခပ်မတ်မတ်ကလေး ထားပေး ဘို့ လက်ကလည်း ပြ၊ ပါးစပ်မှလည်း လေသံဖြင့် နိုင်သရွေ့ ကြိုးစား၍ ပြော လေ၏။ ရဟန်းလေးသည်လည်း ဆရာစိတ်ချမ်းသာမှုရအောင် ကူပေးလိုက်၏။ ချက်ချင်း အပြင်ထွက်နေရန် ကိုယ်အမူအရာနှင့်ရော နှုတ်အမူအရာနှင့်ပါ ပြ၏။ သိသည်နှင့် တပြိုင်နက် ဆရာ့အိပ်ခန်းမှ အပြင်ခန်းကျယ်သို့ ထွက်လိုက်၏။ ခန်းကျယ်သို့လည်း ရောက်၊ နောက်ကနေ မထေရ်ကြီးက ကြမ်းကို လက်ဖြင့်

ပုတ်လိုက်၏။ လှည့်၍လည်း ကြည့်ရော မထေရ်ကြီးက ရဟန် ကိစ္စ အားလုံး ပြီးသွားပြီဆိုသည့်အကြောင်း လက်ခါပြသေ၏။ အဓိပ္ပာယ်မရှင်းသော ရဟန်း ကလေးမှာ တမျိုးထင်ပြီး ပြေးလာ အနားကပ် မေး၏။ ရဟန်းကိစ္စ အားလုံး ပြီးသွားပြီ ဟူ၍ မိန့်လေသည်။ ငါ ရဟန္တာဖြစ်သွားပြီဟု ဆိုလိုသည်။

## သတိ အသိ မြဲဘိသေချာ ပိတ်ဆို့ပါ

ရဟန်းလေးမှတဆင့် ကြားရသော တပည့်ကြီး သံဃာတော်များသည် စည်းဝေးကြ၍ ပြန်လည် လျှောက်ထားကြပြီ။ လျှောက်ထားပုံမှာ "အရှင်ဘုရား၊ ဤကဲ့သို့ အသက်အရွယ်က ရှစ်ဆယ်ကျော်၊ အားအင်တွေကလည်း ဆုတ်ယုတ်၊ အာဟာရများလည်း မယ်မယ်ရရ မဘုဉ်းပေးနိုင်၊ ဒါကြောင့် ဤကဲ့သို့ ရဟန်းကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်ရာမှာ အတော်ကို ပင်ပင်ပန်း ပန်းနှင့် အားထုတ်ရပါသလား" ဟု လျှောက်လေ၏။ ဤသို့ မိန့်ကြားလေ၏။ "ငါ့ရှင်တို့၊ ငါ့အား ခဲယဉ်းမှု၊ ပင်ပန်းမှု လုံးဝ မရှိပါ။ အဲဒီ ခဲယဉ်းမှု၊ ပင်ပန်း မှု ငါ့မှာ မရှိခြင်း၏ အကြောင်းက တခြားမဟုတ်ပါ။ ငါသည် အခု ရဟန်းဝါ၊ ရဟန်းသက် အနှစ်ခြောက်ဆယ် ကျော်ခဲ့ပြီ။ အဲဒီ အနှစ် ခြောက်ဆယ်ကျော် ကာလပတ်လုံး (သတိနှင့် အသိ) အမြဲ ကပ်နေပါသည်။ သတိနှင့် အသိ ကင်းလျက် လုပ်ဖူးသောအလုပ် လုံးဝ မရှိပါ။

## လူ့ရပ်နတ်ကူ ဘယ်သူမချစ်ပဲ ရှိမည်လဲ

အောက်ပါ ယောဂီ ၄-မျိုးကို သဘောပေါက်ထားဘို့ လိုပါသည်။

(၁) အားထုတ်သည်၊ သို့သော် နိဗ္ဗာန်ကို မညွတ် (ဆုမတောင်း) သော ယောဂီ။

(၂) အားထုတ်သည်၊ နိဗ္ဗာန်ကိုလည်း စိတ်ညွတ်(ဆုတောင်း)သော ယောဂီ။

(၃) အားမထုတ်ဘူး၊ နိဗ္ဗာန်ကို သိပ် စိတ်ညွတ် (ဆုတောင်း)သော ယောဂီ။

(၄) အားမထုတ်ဘူး၊ နိဗ္ဗာန်ကိုလည်း ဘယ်လိုမှ မစဉ်းစားသော ယောဂီ။

ယခု မဏ္ဍာသံဃရက္ခိတ မထေရ်ကြီးသည် အနှစ် ခြောက်ဆယ်ကျော် အားထုတ်ခဲ့သည်။ သို့သော် နိဗ္ဗာန်ကို မလိုချင်သေး။ အရိမေတ္တေယျဘုရား ဖူးလိုသေးသည်။ လို တ ရသည် မဟုတ်လော။ ဘာ့ကြောင့် ရဆန္ဒည်း။ အားအင်တွေ စုထားကုန်ရာ၏။

ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတု မရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

ယော၊ အကြင်သူသည်။ ဗဟုဿုတံ၊ များသော အကြားအမြင်လည်း ရှိ၏။ ဓမ္မဓရံ၊ မြတ်စွာဘုရား တရားတော်တို့ကိုလည်း ဆောင်ရွက် အားထုတ်၏။ သပ္ပညံ၊ ဝိဇ္ဇာမျက်စိ ဝိပဿနာပညာလည်း ရှိ၏။ ဗုဒ္ဓသာဝကံ၊ ဘုရားစကား တော်တို့ကိုလည်း အမြဲတမ်း လိုက်နာ၏။ ဇမ္ဗောနဒဿ၊ ဇမ္ဗူရာဇ်ရွှေ၏။ နိက္ခံဝ၊ တနိက္ခနှင့် တူ၏။ တံ၊ ထိုသူကို။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ကဲ့ရဲ့အံ့သောငှာ။ အရဟတိ၊ ထိုက်သနည်း။ (မထိုက်သည်သာတည်း)။ နံ၊ ထိုသူမျိုးကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဗြဟ္မုနာပိ၊ ဗြဟ္မာမင်းအပေါင်းသည်လည်း။ ပသံသိတော၊ ချီးမွမ်းအပ်၏။

❁

၁၃၄၀-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးကောသလ္လ ဟောကြားအပ်သော

## ဝိဇ္ဇောပမသုတ္တန် ဒေသနာတော် (အရှင်သောဏမထေရ်ဝတ္ထု)

ဘာဝနာရှုပွား၊ ယောဂီများ၊ မှတ်သား သေအချာ။
ဆဒ္ဓါပညာ၊ ထိုနှစ်ဖြာ၊ ကောင်းစွာ မျှရမှာ။
သဒ္ဓါနောက်တွင်၊ ပညာယှဉ်၊ ထင်ထင် ကျိုးဖလာ။
ပညာနောက်လဲ၊ သဒ္ဓါတွဲ၊ လွန်ကဲ ထို့တူစွာ။
သမာဓိ ဝီရိယ၊ ထိုနှစ်ဝ၊ မုချ မျှစေရာ။
သဒ္ဓါလွန်ပြန်၊ ခင်မင်သန်၊ ဖောက်ပြန် စွဲတဏှာ။
ပညာလွန်လဲ၊ အသိကဲ၊ ချွတ်လွဲ မာယာပါ။
သမာဓိတရား၊ လွန်ကဲငြား၊ ပျင်းသွား ကောသဇ္ဇာ။
ဝီရိယအဆင့်၊ လွန်ကဲမြင့်၊ ပျံ့လွင့် ဥဒ္ဓစ္စာ။
ဆိုပြီးလေးဝ၊ မျှနေမှ၊ ဖြစ်ထ အပ္ပနာ။
အပ္ပနာကား၊ ဈာန်တရား၊ ခြောက်သွား ကိလေသာ။
ဥဒ္ဓစ္စ ကုက္ကုစ္စ၊ နှစ်ဌာနသို့၊ စိတ်ကျမသွား၊ သူစောင့်ထား၊
မှတ်သား သတိပါ။
မြတ်ရှင်ဗုဒ္ဓ၊ လက်ထက်က၊ သောဏ မထေရ်မှာ။
မြတ်ရှင်ထံမှ၊ ကမ္မဋ္ဌာန်းယူ လူသူ ကင်းဝေးရာ။
ယင်းတိုက်တောတွင်း၊ သူမှီဘင်း၊ ဝပ်စင်း သီတင်းသုံးကာ။
ပြင်းထန်ပါမှ၊ မှန်မမှတ္တ၊ မဂ်ရမှာထင်နေ၊အမှားတွေ၊စွဲလေ သူ့စိတ်မှာ။

ရပ်မှု သွားမှု၊ နှစ်ခုဖြင့်သာ၊ ကြိတ်မွတ်ကာ၊ ပြင်းစွာ အားထုတ်လာ။
သွေးခြည်ထင်ရှား၊ ခြေဖဝါး၊ ဆိုးရွား ဖူးရောင်လာ။
မတွန့်မဆုတ်၊ တိုးသာလုပ်၊ အားထုတ် ပြင်းထန်စွာ။
ဝီရိယလွန်ကဲ၊ အားထုတ်သဲ၍၊ မလွဲမုချ၊ ဥဒ္ဒစ္စ၊ မရ သမာဓိပါ။
မြတ်ရှင်ဗုဒ္ဓ၊ ကိုယ်တိုင်ကြွ၊ ဟောပြ (ဝီဏောပမသုတ္တန်) ဒေသနာ။
မလျော့ မတင်း၊ စောင်းကြိုးညှင်း၊ ရှုခြင်း မဇ္ဈိမပဋိပဒါ။
ကမ္မဋ္ဌာန်းရှုနည်း၊ သုတ်သင်ပြီး၊ အနီး(ဂိဇ္ဈကုဋ်)တောင်ကိုသာ။
ဘုရားရှင်ပေးသွား၊ နည်းထင်ရှား၊ ရှုပွား အားထုတ်ရာ။
မကြာခင်ပင်၊ မဂ်သို့ဝင်၊ ထိုရှင် ရဟန္တာပါ။

(မဟာဝဂ္ဂ သံယုတ္တဋ္ဌကထာ၊ ဒုတိယအုပ်၊ နှာ-၄၃၃)

(ဓမ္မဒါနအလှူရှင်) ဦးကျော်လှိုင်-ဒေါ်ခင်နု သားသမီး မြေးများတစု
ကောင်းမှု။ ပရိက္ခရာတိုက်ဆိုင်၊ မင်းလမ်း၊ ပဲခူးမြို့၊

# ဝိဏောပမသုတ္တန် ဒေသနာတော်

## (အရှင်သောဏမထေရ်ဝတ္ထု)

### မှတ်သားဘွယ် အကျဉ်းချုပ်

### ဘယ်လိုကြိုးစား တရားမရ ရှင်သောဏ

အရှင်သောဏမထေရ်သည် ဘုရားရှင်ထံ၌ လျော်ကပ်ပတ်သော ကမ္မဋ္ဌာန်းကို ယူ၍ ယင်းတိုက်တော၌ နေလျက် ငါ၏ ခန္ဓာကိုယ်သည် အလွန်သိမ်မွေ့၏၊ ချမ်းသာစွာနေလို့ကတော့ ချမ်းသာတခုကို ဘယ်နည်းနှင့်မှ မရနိုင်ဘူး။ ကိုယ်ကို ပင်ပန်းခံပြီး ရဟန်းတရားကို ပြုအပ်၏ဟု သဘောပေါက်ကာ ရပ်ခြင်း၊ စင်္ကြံလျှောက်ခြင်းကိုသာ အဓိဋ္ဌာန်၍ ကမ္မဋ္ဌာန်း ရှုပွား အားထုတ်တော်မူသည်ရှိသော် ခြေဖဝါးလေးတို့မှာလည်း သွေးခြည်ဥ အဖုအပိမ့်တွေ ယွက်ကုန်သော်လည်း ဝေဒနာကို မငဲ့စေ၊ မြဲသော ဝီရိယကိုပြုလျက် အစွာရဒ္ဓ ဝီရိယဖြင့် တရားထူးကို ဖြစ်စိမ့်သောငှာ မစွမ်းနိုင်။

### သဒ္ဓါပညာ သမာဓိဝီရိ ညီအောင်ညှိ

မြတ်စွာဘုရားသည် ထို ယင်းတိုက်တော ရှင်သောဏထံသို့ သွား၍ (မလျှော့မတင်း စောင်းကြိုးညှင်း) ဝီဏောပမသုတ္တန်ဖြင့် ဩဝါဒ ပေး၍ (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ) ငါးဖြာမျှအောင် ပြုရသည့် အစီအရင်ကို ပြလျက် ကမ္မဋ္ဌာန်းကို သန့်စင်အောင်ပြုလျက် ဂိဇ္ဈကုဋ်တောင်သို့ ကြွ၏။ သောဏထေရ်သည်လည်း မြတ်စွာဘုရားသည် ပေးတော်မူအပ်သော နည်းဖြင့် အထက်ပါအတိုင်း ဣန္ဒြေငါးပါး မျှအောင်ထားပြီး ရှုပွားလျက် ဝိပဿနာကို အားထုတ်သည်ရှိသော် (သဒ္ဓါနှင့် ပညာ)၊ (သမာဓိနှင့် ဝီရိယ) အချင်းချင်း မျှသည်အဖြစ်ကြောင့် အရဟတ္တဖိုလ်၌ တည်သွားလေ၏။ ဤသို့ မျှမှလည်း အပ္ပနာ ပြည့်စုံ၏။ အပ္ပနာ ပြည့်စုံမှလည်း မဂ်ရနိုင်၏။

၁၃၄၁-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## လူလည်း ကပ် နတ်လည်း ကူ တရားတော်

ဤဒေသနာတော်ကို ဗုဒ္ဓဘာသာ၊ ဝါ၊ ထိန်းသိမ်းနိုင်ခြင်းအကျိုး (ရှင်မဟာကစ္စည်းမထေရ် ဝတ္ထု)

❁

သာဝတ္ထိမြို့၊ မချို့ထင်ရှား၊ ဤတရား၊ ဘုရား မြွက်စွာမှာ။
ပုဗ္ဗာရုံခေါ်၊ မြတ်ကျောင်းတော်၊ ကိန်းပျော် နေစဉ်အခါ။
ရှင်မဟာကစ္စည်း၊ မထေရ်ကြီးအား၊ ကြောင်းပြုထား၊ ဟောကြား
ဒေသနာ။
ကစ္စည်းဟုမည်၊ မထေရ်သည်၊ နေပြီ အဝန္တိမှာ။
သီတင်းကျွတ်မာသ၊ ပြည့်ကာလ၊ ပြုကြ ပဝါရဏာ။
ခဲယဉ်းစွာလှ၊ အဝေးမှ၊ လာကြွ တရားနာ။
နေရာတခု၊ ချန်ထားမှု၊ ပြုစု သံဃာမှာ။
နတ်ပြည်နှစ်ထပ်၊ ရှိလက်အသွယ်သွယ်၊ နတ်မောင်မယ်၊ ခေါ်သယ်
သိကြားမင်းမှာ။
နံ့သာအသီးသီး၊ ပန်းဆီမီး၊ ကိုင်ပြီး ပူဇော်လာ။
ကစ္စည်းထေရ်အား၊ မတွေ့ငြား၊ ပြောကြား တဗျစ်ဗျစ်သာ။
ကစ္စည်းကြွလာ၊ ထိုအခါ၊ ဝမ်းသာ အားရစွာ။
သိကြားမင်းကြီး၊ တုပ်စပ်နီး၊ ညွတ်ပြီး ဦးတင်ကာ။
ခြေဖမိုးကို၊ ကိုင်ပြီးဆို၊ ထိုထို ပေါင်းများစွာ။

လက်နှစ်ဖက်နှင့်၊ ကိုင်ဆွဲမြှင့်၊ ဦးဖြင့် ဖမိုးကိုသာ။
ပူဇော်ရှိခိုး၊ အမျိုးမျိုး၊ ညွတ်ကျိုး အခါခါ။
မျက်နှာလိုက်ကြောင်း၊ ပူဇော်ကြောင်း၊ မကောင်း ဟူ၍သာ။
ဘုရားမြတ်စွာ၊ သိ၍သာ၊ မိန့်မှာ ဤသို့သာ။
ဣန္ဒြေခြောက်ပါး၊ ပိတ်ဆို့ထား၊ သင်ရှား အကျိုးပါ။
မျက်စိ နား နှာ၊ လျှာ ကိုယ် စိတ်၊ လုံအောင်ပိတ်၊ စိပ်စိပ် မှတ်ရှုရာ။
ရထားထိန်းက၊ သင်ကြားပြ၊ ကျွန် မြင်းခြောက်ကောင်ပမာ။
လူကပ် နတ်ကူ၊ ဝိုင်းကြည်ဖြူ၊ မပူ သင့်အဘို့မှာ။
ဣန္ဒြေငြိမ်သက်၊ တည်ကြည်ချက်၊ ခေါ်လျက် ရဟန္တာ။
သောတာဖန် စသည်၊ တည်ပြီအများ၊ ဤတရား၊ နာကြား အဆုံးမှာ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ၊ ပ၊ နှာ-၃၇၉)

(ဓမ္မဒါန အလှူရှင်) ဘကျွန်းတောင်သီလရှင် ဒေါ်နန္ဒမာလာ ကောင်းမှု။
ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

# လူလည်း ကပ် နတ်လည်း ကူ တရားတော်

# ဣန္ဒြေခြောက်ပါး ထိန်းသိမ်းနိုင်ခြင်း အကျိုး

# (ရှင်မဟာကစ္စည်းမထေရ် ဝတ္ထု)

## မှတ်သားဘွယ် အကျဉ်းချုပ်

## သိကြားမင်းကြီး ဦးစီးပရိသတ် မျှားပြားကျပ်

ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း၌ နေတော်မူစဉ် ရှင်မဟာကစ္စည်းထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတပါး မြတ်စွာဘုရားသည် မဟာပဝါရဏာနေ့၌ မိဂါရမာတာ (ဝိသာခါ)၏ ပြာသာဒ်၏အောက်၌ မဟာသာဝကများ ခြံရံလျက် နေ၏။ ထိုအခါ ရှင်မဟာကစ္စည်း ထေရ်သည် အဝန္တိတိုင်း၌ နေ၏။ ထို ရှင်မဟာကစ္စည်းထေရ်သည် အဝေးမှလာ၍ တရားလာနာခြင်း ဖြစ်၏။ ထို့ကြောင့် မဟာထေရ်တို့သည် ထိုင်ကြကုန်သည်ရှိသော် ရှင်မဟာကစ္စည်းထေရ်၏ နေရာကို ချန်၍ ထိုင်ကြကုန်၏။ သိကြားမင်းကြီးသည်လည်း တရားနာအလာ စတုမဟာရာဇ်၊ တာဝတိံသာဟူသော နတ်ပြည်နှစ်ထပ်မှ နတ်သမီး နတ်သားတွေကိုပါ ခေါ်လာ တရားနာစေကုန်၏။ အလွန်ကို ပရိသတ်စည်ကား မျှားပြားလှ၏။ သိကြားမင်းကြီးသည် လိုက်လံ ကန်တော့၏။ နှုတ်ဆက်၏။ နေရာတခု လပ်နေရာ မေးသဖြင့် ရှင်မဟာကစ္စည်းမထေရ် ကြွလာမည့်အကြောင်း သိ၍ များစွာ ဝမ်းမြောက်နေ၏။

## ခြေတော်နှစ်ဆူ ဆွဲယူပွေ့ပိုက် ဦးဖြင့်တိုက်

ရှင်ကစ္စည်းမထေရ် မရောက်သေးပါလစ်းဟု သိကြားမင်းကြီးသည် ခဏ ခဏ မေးလေ၏။ ထိုခဏ၌ ကြွလာ၏။ မိမိနေရာ၌ နေ၏။ သိကြားမင်းကြီး

သည် မြင်၍ ခြေတို့ကိုဖက်၍ ဖမျက်တို့ကိုပွတ်လျက် ''ငါ၏မထေရ်မြတ် ကြွလာတော်မူခြင်းသည် အလွန် ကောင်းလေစွ။ အရှင်ဘုရားကို မကြွလာနိုင်လို့ စောင့်လိုက်ရတာ အမောပါ''ဟု လျှောက်၏။ လက်နှစ်ဖက်တို့ဖြင့် ပန်း နံ့သာ ဆီမီး စသည်တို့ကိုကိုင်လျက် ပူဇော်ရှိခိုးလေ၏။ ရှိခိုးပြီး မိမိအား လျှောက်ပတ်သော နေရာတခုကို ယူလိုက်ပြီး ရဟန်းတို့သည် ရှင်မဟာကစ္စည်းမထေရ် အပေါ်မှာ ဒီလောက်ဖြစ်ရမလားဟု သိကြားမင်းကြီးကို ဝိုင်းကဲ့ရဲ့ကြ၏။

သက္ကော မုခံ ဩလောကေတွာ သက္ကာရံ ကရောတိ၊ အဝသေသ မဟာသာဝကာနံ ဝေရူပံ သက္ကာရံ အကရိတွာ မဟာကစ္စာယနံ ဒိသွာ ဝေဂေန ဂေါပ္ဖကေသု ဂဟေတွာ သာဓု ဝတ မေ အယျော အာဂတော၊ အဟံ အယျဿ အာဂမနမေဝ ပစ္စာသိသာမီတိ ဝတွာ ဥဘောဟိ ဟတ္ထေဟိ ပါဒေ သမ္ဗာဟိတွာ ပူဇေတွာ ဝန္ဒိတွာ ဧကမန္တံ ဌိတော။

သက္ကော၊ သိကြားမင်းကြီးသည်။ မုခံ၊ လူ့မျက်နှာကို။ ဩလောကေတွာ၊ ကြည့်၍။ သက္ကာရံ၊ ပူဇော်မှုကို။ ကရောတိ၊ ပြု၏။ အဝသေသ မဟာသာဝကာနံ၊ ကြွင်းကုန်သော မဟာသာဝကတို့အား။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ သက္ကာရံ၊ ပူဇော်မှုကို။ အကရိတွာ၊ မပြုမူ၍။ မဟာကစ္စာယနံ၊ ရှင်မဟာကစ္စည်းမထေရ်ကို။ ဒိသွာ၊ မြင်၍။ ဝေဂေန၊ လျင်စွာ။ ဂေါပ္ဖကေသု၊ ဖမျက်တို့၌။ ဂဟေတွာ၊ ကိုင်၍။ မေ၊ ငါ၏။ အယျော၊ အရှင်မြတ်သည်။ အာဂတော၊ ကြွလာတော်မူခြင်းသည်။ သာဓု ဝတ၊ အော်-ကောင်းလေစွ။ အဟံ၊ ငါသည်။ အယျဿ၊ အရှင်မြတ်၏။ အာဂမနမေဝ၊ လာခြင်းကိုသာလျှင်။ ပစ္စာသိသာမိ၊ တောင့်တ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဥဘောဟိ၊ နှစ်ဘက်ကုန်သော။ ဟတ္ထေဟိ၊ လက်တို့ဖြင့်။ ပါဒေ၊ ခြေတော်တို့ကို။ သမ္ဗာဟိတွာ၊ ဆုပ်နယ်၍။ ပူဇေတွာ၊ ပူဇော်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ လျောက်ပတ်သောအရပ်၌၊ ဌိတော၊ ရပ်လေ၏။

## ခြောက်ကောင်သောမြင်း မယဉ်းတူစွ ဆုံးမကြ

မြတ်စွာဘုရားသည် သိကြားမင်းကြီးအား ထိုရဟန်းတို့ ကဲ့ရဲ့သော စကားကို ကြားရ၍ ''သင်တို့ သိကြားမင်းကြီးအား မျက်နှာလိုက်တယ်လို့ မစွပ်စွဲနှင့်၊ မျက်နှာလိုက်တာ မဟုတ်ဘူး၊ ဣန္ဒြေခြောက်ပါး လုံခြုံလို့ ကြည်ညိုတာ။ ဣန္ဒြေခြောက်ပါး လုံခြုံသူကို နတ်ရော လူပါ ချစ်ကြခင်ကြတယ်''ဟု အောက်ပါ ဒေသနာကို ဟောကြားတော်မူသည်။

ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊
အဿာ ယထာ သာရထိနာ သုဒန္တာ၊
ပဟီနမာနဿ အနာသဝဿ၊
ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ယဿ၊ အကြင် ရဟန္တာပုဂ္ဂိုလ်၏။ ဣန္ဒြိယာနိ၊ ခြောက်ပါးသော ဣန္ဒြေတို့သည်။ သမထံ၊ ငြိမ်သက်တည်ကြည်ခြင်းသို့။ ဂတာနိ၊ ရောက်ကုန်၏။ သာရထိနာ၊ မြင်းထိန်းသည်။ သုဒန္တာ၊ ယဉ်ကျေးစေအပ်ကုန်ပြီးသော။ အဿာ ယထာ၊ ခြောက်ကောင်သောမြင်းတို့ကဲ့သို့။ ပဟီနမာနဿ၊ ပယ်အပ်ပြီးသော မာနရှိသော။ အနာသဝဿ၊ ကုန်ကင်းသော အာသဝေါရှိသော။ တာဒိနော၊ ထိုဣန္ဒြေ ခြောက်ဖုံသုံသော။ တဿ၊ ထို ရဟန္တာပုဂ္ဂိုလ်အား။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကြလေကုန်၏။ မနုဿာပိ၊ လူတို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကြလေကုန်၏။

ယင်းဒေသနာအဆုံး၌ အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာ ဖြစ်ကြလေကုန်၏။

၁၃၄၁-ခုနှစ်၊ ဝါဆိုလဆုတ် (၈) ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

**မှန် မမှန် စစ်ဆေး ကိုယ့်ကိုယ်မေး တရားတော်**

**အစမှ ပြန်လည်အားထုတ်မှ ရဟန္တာဖြစ်ကြသော ရဟန်းကြီး**

အပါး ၆၀-ဝတ္ထု

ပေါ်နေ ပျောက်နေ၊ ရုပ်နာမ်တွေ၊ ရှုလေ ခန္ဓာမှာ။
ပေါ်သိ ပျောက်သိ၊ ထိုနှစ်သိ၊ မှတ်ဘိ အနိစ္စ ဝိပဿနာ။
လမ်းဆုံး ရွာတွေ့၊ ထိုခလေ့၊ မမေ့ အားတင်းရာ။
ကိလေငြိမ်းမှု၊ စိတ်ညွတ်ပြု၊ မှတ်ရှု ဆက်စပ်ကာ။
ရှုနေ မှတ်နေ၊ ပွားများနေ၊ ငြိမ်းနေ ကိလေသာ။
တဒင်္ဂပဟာန်၊ ဝိက္ခမ် သမုစ်၊ ကိလေယုတ်၊ ပယ်ထုတ် သုံးမျိုးသာ။
ရှုမှတ်သမျှ၊ ကုသိုလ်ရ၊ မှတ်ကြ ဘာဝနာ။
မရှုမှတ်ပဲ၊ ပျင်းနေလဲ၊ ဖြစ်မြဲ အဝိဇ္ဇာ။
လောကထွဋ်ထား၊ မြတ်ဘုရား၊ ထင်ရှား လက်ထက်မှာ။
ရဟန်းဘဝ၊ ခြောက်ကျိပ်မျှ၊ အစရဒ္ဒ ဝိပဿကာ။
ဘုရားထံမှ၊ ကမ္မဋ္ဌာန်းယူ၊ ရှေ့ရှု တောသို့သာ။
တောတောင်ခြုံ၊ ကျေးငှက်သံ၊ အမှန် ငြီးငွေ့စရာ။
အာရုံညှိုးမှိန်၊ ကိုယ်စိတ်ငြိမ်၊ မွေ့သိမ် နူးညံ့လှာ။
ဝိပဿနာမှု၊ မြဲစွာရှု၊ ကြီးထု ကိလေကွာ။

မင်္ဂဖိုလ်မမ္မ၊ ငါတို့ရ၊ မုချ ထင်လို့သာ။
ရပြီအမှန်၊ ဘုရားထံ၊ လျှောက်ရန် ကြွရှိလာ။
ကြိုတင်သိထား၊ မြတ်ဘုရား၊ မိန့်ကြား အာနန္ဒာ။
ရဟန်းတော်များ၊ ခြောက်ကျိပ်အား၊ လာခွင့် ပေးမလွှတ်ရာ။
လူသေမြှုပ်နှံ၊ မြေသုသာန်၊ သွားရန် တိုက်တွန်းပါ။
လူသေလတ်ဆတ်၊ အထပ်ထပ်၊ ကြည့်အပ် သင်တို့မှာ။
လောဘပေါ်ရေး၊ စေ့စေ့တွေး၊ အေးဆေး မှတ်ရှုရာ။
လောဘခေါ်ရိုး၊ တရားဆိုး၊ ဝင်တိုး ဖြစ်ပေါ်လာ။
ထိတ်လန့်စရာတွေ၊ ပင်လယ်ဝေ၊ ထွေထွေ တွေးတောကာ။
တောသို့ပြန်ကြွ၊ အစမှ၊ စောက်ချ အားထုတ်ရာ။
ဝန္ဓကုဋီခေါ်၊ ကျောင်းတော်တွင်းမှ၊ ဟောမြွက်ထ၊ ဓမ္မ တဂါထာ။
ဂါထာစလည်းဆုံး၊ ကိလေပြုန်း၊ အားလုံး ရဟန္တာ။

(အင်္ဂုတ္တရနိကာယ် ကေနိပါတ အဋ္ဌကထာ၊ ပ၊ ၃၁-၃၃)

(ဓမ္မဒါန အလှူရှင်)၊ ဦးကျော်လှိုင်+ဒေါ်ခင်နု သား သမီး မြေးများတစု
ကောင်းမှု။ ပရိက္ခရာဆိုင်၊ မင်းလမ်း၊ ပဲခူးမြို့။

# မှန် မမှန် စစ်ဆေး ကိုယ့်ကိုယ်မေး တရားတော်

## အစမှ ပြန်လည် အားထုတ်မှ ရဟန္တာ ဖြစ်ကြသော ရဟန်းကြီး အပါး ၆၀-ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

### အပါးခြောက်ဆယ် တင့်တယ်ကောင်းစွာ ပြန်ရှိလာ

သမထ ဝိပဿနာ ဘာဝနာ တရားတွေကို အမြဲတမ်း ရှုမှတ် ပွားများ နေသော အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်တို့၏ ခန္ဓာထဲသို့ ကိလေသာများ ဝင်ခွင့် မရပါ။ ထိုရှုမှတ်မှု၏ အစွမ်းသတ္တိဖြင့်ပင် ဝေးအောင်၊ ကိလေသာတွေ ကွာနေ အောင် ခွာထားပါသည်။ ဤသို့ ခွာထားနိုင်ခြင်းသည် အလေ့အလာ များ၍ တဖြည်းဖြည်း ရင့်ကျက်၊ အရဟတ္တဖိုလ်အထိ အထောက်အပံ့ ဖြစ်ပါသည်။ ဒါ့ကြောင့် မြတ်စွာဘုရား လက်ဆက်တော်က ရဟန်းတော်ကြီး အပါး ၆၀ တို့ သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းယူ၍ တောသို့ကြွလျက် အားထုတ်တော်မူကြ ၏။ ဝိပဿနာတရား ရှုပွားတော်မူကြ၏။ နောင် ကြာညောင်း၍ ကျေနပ်စရာ များကိုလည်း တွေ့ရသည့်အခါ ငါတို့သည် ထိုးထွင်း၍ သိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရှိကြပြီဟု ပိုင်နိုင်စွာ သိရ၍ ဆက်လက် အားမထုတ်တော့ဘဲ ငါတို့ ရအပ်တဲ့ တရားဓမ္မတွေကို ဘုရားရှင်ထံ လျှောက်ထားမည်၊ ဘုရားရှင်ကို လည်း ဖူးမြင်လိုကြသည်ဟု ရည်စူးကာ ဘုရားရှင်ထံ ပြန်လာကြကုန်၏။

### အာနန္ဒာအား ဘုရားမြတ်စွာ မှာထားရှာ

မြတ်စွာဘုရားသည် ထိုရဟန်းတော်ကြီးများ ပြန်လာနေသည်ကို သိ၍ မိမိထံရောက်၍ မလာမီ ကြိုတင်ကာ ရှင်အာနန္ဒာကို ခေါ်၍ မှာထားလေ၏။

အာနန္ဒ ပမာဒနကမ္မိကာ ဘိက္ခူ အဇ္ဇ မံ ပဿိတုံ အာဂမိဿန္တိ၊ တေသံ မမ ဒဿနာယ ဩကာသံ အကတွာ အာမကသုသာနံ ဂန္တွာ အလ္လအသုဘဘာဝနံ ကရောထာတိ ပဟိဏေယျာသိ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ပဓာနကမ္မကာ၊ ကမ္မဋ္ဌာန်းအလုပ် အား ထုတ်ကြကုန်သေစ။ ဘိက္ခူ၊ အပါးခြေခက်ဆယ်သော တောမှီ ယောဂီ ရဟန်း တော်ကြီးတို့သည်။ အဇ္ဇ၊ ယနေ့။ မံ၊ ငါ့ကို။ ပဿိတုံ၊ ဖူးမြင်အံ့သောငှာ။ အာဂမိဿန္တိ၊ လာကြကုန်လိမ့်မည်။ တေသံ၊ ထို အပါးခြောက်ဆယ်သော တောမှီ ယောဂီ ရဟန်းတော်ကြီးတို့၏။ မမ၊ ငါဘုရားအား။ ဒဿနာယ၊ ဖူးမြင် အံ့သောငှာ။ ဩကာသံ၊ အခွင့်ကို။ န ကရောဟိ၊ မပြုပါလင့်။ အကတွာ၊ မပြုမူ၍။ အာမကသုသာန်၊ သူသေကောင်ပစ်ရန် မြေသုသာန်သို့။ ဂန္တွာ၊ သွား၍။ အလ္လအသုဘဘာဝနံ၊ စိုစွတ်လတ်ဆတ်သော အလောင်းကောင်ကြီးကို ရှုပွားမှုကို။ ကရောထ၊ ပြုကြကုန်လော။ က္ကတိ၊ ဤသို့။ တွံ၊ သင်သည်။ ပဟိဏေယျာသိ၊ စေလိုက်ပါလော။

## မိန်းမအလောင်း စုပေါင်းကိုယ်စီ ရှုကြပြီ

ရှင်အာနန္ဒာသည် အပါးခြောက်ဆယ်သော ရဟန်းတော်ကြီးများ လာ ရောက်သည့်အခါ မြတ်စွာဘုရား မှာကြားထားသည့် အတိုင်း ဖူးခွင့်မပေး သေးပဲ လူသေကောင် စွန့်ပစ်ရာမြေသုသာန်သို့ သွားခိုင်းလေ၏။ မာတုဂါမ အလောင်းလည်း ဖြစ်ရမည်။ လတ်ဆတ်သော အလောင်းလည်း ဖြစ်ရမည်။ ရှုပုံ ရှုနည်းကိုပါ ပြောကြားလိုက်သည်။ ရဟန်းတော်များ စဉ်းစားကြ၏။ မြတ်စွာဘုရားသည် အကြောင်းကို မသိပဲ မပြောတန်ရာ၊ ဤသုသာန်ကို မလွှတ်တန်ရာ၊ စင်စစ် ဤကိစ္စ၌ အကြောင်းရှိရမည်ဟု စဉ်းစား၏။ ဤသို့ စဉ်းစားပြီး ခိုင်းသည့်အတိုင်း သုသာန်သို့ သွားပြီး အလောင်းကောင်ရှာလျက် ဆွဲယူ အလယ်ခေါင်ချကာ ကိုယ်စီ ပါသောသပိတ် ချ၊ သားရေနွယ် ခင်းထိုင် လျက် ရှုမှတ်ကြကုန်၏။ လောဘခေါ် (လိုချင်တာလေးတွေ) ပေါ်လာအောင် စိမ့်စိမ့်ကြည့်တော့သည်။ လောဘဖြစ်အောင် အားထုတ်ကြတော့သည်။

## တရားတဂါထာ နာကြားအဆုံး ကိလေတုံး

လိုချင်သော လောဘတရားတို့သည် အလျှိုလျှို ကိုယ်စီ ကိုယ်ငှ "လိုချင် တယ်၊ လိုချင်တယ်"ဟု ပေါ်လာကြကုန်၏။ ရှုမှတ်မှုကြောင့် ငုပ်နေခြင်းသာ၊ ဘာမှ မဟုတ်သေးပေ။ ထင်ရလို မဟုတ်ကြောင်း သိကြပြီ။ ဤအကြောင်းကို ဘုရားရှင် သိထားပေလိမ့်မည်။ သိလို့သာ သုသာန်ကို လွှတ်ခြင်း ဖြစ်ပေလိမ့်

မည်ဟု ဖြစ်စရာ သံဝေဂ (ထိတ်လန့်မှု တရား)တွေ ဖြစ်ကုန်လျက် ရအပ်သော အကြောင်းဥပါယ်၊ ရအပ်သော ဥပဒေသရှိသော အရိုးစု ကမ္မဋ္ဌာန်းကို ယူ၍ တောပြန်၊ အသင်မှ စ၍ အားထုတ်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အားထုတ်မှုကို အားရလျက် ဂန္ဓကုဋီတိုက် အတွင်းမှ ထိုင်လျက် တန်ခိုးတော်ဖြင့် အောက်ပါ ဂါထာကို ဟောလေ၏။ ယင်း ဂါထာ၏အဆုံး၌ အပါး ခြောက်ဆယ်လုံး ရဟန္တာ ဖြစ်ကြကုန်၏။

ယာနိမာနိ အပတ္တာနိ၊ အလာပူနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌီနိ တာနိ ဒိသွာန ကာ ရတိ။ ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့၊ သာရဒေ၊ သာရဒဥတု၌။ အပတ္တာနိ၊ ချိုဖဲ့ စွန့်ပစ်အပ်ကုန်သော။ အလာပူနေဝ၊ ဗူးသီးရင့် အခြောက်တို့ကဲ့သို့။ ကာပေါတကာနိ၊ ခို့ခြေအဆင်း ရှိကြကုန်သော။ ယာနိ အဋ္ဌီနိ၊ အကြင်သုံးရာသော အရိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုအရိုးတို့ကို။ ဒိသွာန၊ မြင်အောင် ထင်အောင် ရှုနိုင် မှတ်နိုင် ပွားနိုင် အားထုတ်နိုင်သည်ရှိသော်။ တုမှာကံ၊ သင်တို့၏၊ သရီရေ၊ ခန္ဓာကိုယ်၌။ ရတိ၊ နှစ်သက်ခြင်း လောဘသည်။ ကာ၊ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။ နတ္ထိ၊ မရှိနိုင်သည်သာ။

၁၃၄၁-ခုနှစ်၊ ဝါဆိုလကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## ဒုက္ကရစရိယာ ခြောက်နှစ်ကြာ တရားတော်

## မနောကံကြောင့် ဥရုဝေလတောကြီး ဖြစ်လာရကြောင်း

သောကထွန့်ထား၊ မြတ်ဘုရား၊ ထင်ရှား နုစဉ်မှာ။
ပါရမီဆယ်ပါး၊ ကျယ်အပြား၊ မအား ဖြည့်ခဲ့ပါ။
ဥရုဝေလ၊ တောမြိုင်ဝ၊ သာစွာ ဆိတ်ငြိမ်ရာ။
ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ကျင့်ကာ ရဲရင့်စွာ။
ထိုသို့ မကျင့်မီ၊ ဟိုရှေးဆီ၊ ဖြစ်ပြီ ထိုနေရာ။
ရသေ့တသောင်း၊ လာကိန်းအောင်း၊ အေးကြောင်း ကိုယ်စီသာ။
သစ်ရွက် သစ်သီး၊ တင်းတိမ်ပြီး၊ မငြီး ကျင့်လွန်စွာ။
တနေ့သောခါ၊ စည်းဝေးရာ၊ ပြုပါ ကတိကာ။
ကာယဝစီ၊ ထင်ရှားသည်၊ ပြောမည် များဒကာ။
မနောကံကား၊ မထင်ရှား၊ ပြောကြား မလွယ်ပါ။
တရားမှတ်ရန်၊ မနောကံ၊ အမှန် သူ့ကိစ္စာ။
(ကာမ၊ ဗျာပါဒ၊ ဝိဟိံသ) သုံးဝ ဝိတက်သာ။
ဝိတက်သုံးပါး၊ တပါးပါး၊ ကြံငြား ထိုသူမှာ။
ကိုယ့်ဟာကိုယ်သာ၊ စောဒနာ၊ ပေးပါ အပြစ်ကိုသာ။
အများသတ်မှတ်၊ ထိုအရပ်၊ လောင်းအပ် အာလုံးသာ။
အပြစ်ကြီးငြား၊ အခေါက်များ၊ ထမ်းသွား ကိုယ့်တွက်တာ။

အပြစ်ငယ်လဲ၊ အခေါက်နဲ၊ ထမ်းမြဲ နည်းတူစွာ။
အပြစ်လျော့စွာ၊ သဲကိုသာ၊ ထမ်းကာ လောင်းထည့်ပါ။
ကာလကြာရှည်၊ သဲတွေသည်၊ မြင့်ပြီ စေတီပမာ။
ဤသို့ ဒဏ်ပေး၊ လိမ်မာရေး၊ မျှော်တွေး ကိုယ့်ကိုယ်သာ။
နောင်ခါလူများ၊ ပြုပြင်အား၊ တည်သွား စေတီပါ။
ဥရုဝေလခေါ်၊ စေတီတော်၊ ဖူးမြော် အလွန်သာ။
သဲပုံစေတီ၊ ထိုမှတည်၊ စသည် မှတ်လိုက်ပါ။
တောကြီးကိုလဲ၊ ထို့တူဘဲ၊ ခေါ်မြဲ ဥရုဝေလာ။
ဥရုဝေလ၊ တောမြိုင်ဝ၊ ဗုဒ္ဓ ခြောက်နှစ်ကြာ။

(မဇ္ဈိမနိကာယ မူလပဏ္ဏာသ အဋ္ဌကထာ၊ နှာ-၇၀)

(မမှဒါနအလှူရှင်) အမိ ဒေါ်သန်းရင်ကို အမှူးထား၍
အဲဗားဇွတ်အစ်ချုပ်ဆိုင် ဦးစိုးခင်-ဒေါ်တင်တင်မြင့် မိသားတစု ကောင်းမှု။
ဈေးပိုင်း ၁၇ လမ်း၊ ပဲခူးမြို့။

## ဒုက္ကရစရိယာ ခြောက်နှစ်ကြာ တရားတော်
## မနောကံကြောင့် ဥရုဝေလတောကြီး ဖြစ်လာရကြောင်း
## မှတ်သားဘွယ် အကျဉ်းချုပ်

### မနောကံကား ထင်ရှားခဲခက် မိမိတွက်

ဘုရားမပွင့်မီ ရှေးအခါက အမျိုးသားပဉ္စသောင်းတို့သည် ရသေ့ရဟန်း ပြုကြကုန်၍ ဥရုဝေလတောအရပ်၌ နေကြကုန်လျက် တနေ့သ၌ စည်းဝေးပြီး ကတိပြုကြကုန်၏၊ ကာယကံနှင့် ဝစီကံတို့ကား တပါးသူတို့အား ထင်ရှား ကုန်၏၊ မနောကံသည်ကား မထင်ရှား။ ထို့ကြောင့် အကြင်ပုဂ္ဂိုလ်သည် ကာမ ဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာ ဝိတက်တို့တွင် တခုခုသော ဝိတက်ကို ကြံမိ စိတ်ကူးမိ၏။ ထိုကြံမိ စိတ်ကူးမိသောသူအား တပါးမျှ စောဒနာမည့်သူ မရှိပါ။ အပြစ်ရှိသူသည် မိမိသည်ပင် မိမိ၏အပြစ်ကို စောဒနာ၍ တောင်းဖြင့် သဲတို့ကို ကျုံး၍ ဤအရပ်၌ လောင်းလို့ရှုလျှင် ဒဏ်ထမ်း တာဘဲ၊ လောင်းလောဟု နေရာ သတ်မှတ်ထားကြကုန်၏။

### သဲစုသဲပုံ ဖြစ်ပုံဝေလ ဥရုပြ

ထိုအခါမှစ၍ အကြင်ပုဂ္ဂိုလ်သည် ထိုသို့သဘောရှိသော ဝိတက်ကို ကြံမိ စိတ်ကူးမိ၏။ ထိုပုဂ္ဂိုလ်သည် ထိုအရပ်၌ တောင်းဖြင့် သဲတို့ကို အပြစ် အားလျော်စွာ အပြစ်ကြီးလျှင် ကြီးသည့်အလျောက်၊ အပြစ်ငယ်လျှင် ငယ်သည့် အလျောက် အခေါက် အများအနည်းပါ ကိုယ့်ဟာကို ဆုံးဖြတ်ပြီး ထမ်းသွား ရ၏၊ ဤသို့ ထိုနေရာ၌ အစဉ်တစိုက် လောင်းသွားကြသဖြင့် အတော်လေး အချိန်ကြာညောင်းလာသည့်အခါ သဲအစုအပုံကြီး ဖြစ်လာ၏။ နောင်အခါ ထိုသဲပုံကြီးကို နောင်လာနောက်သား လူအများတို့သည် ထပ်မံပြုပြင်လျက် စေတီတည်မှုကို ပြုကြကုန်၏။ ထိုအခါမှစ၍ သဲပုံစေတီများ တည်လာခဲ့ကြ ပေသည်။ ထိုသဲပုံစေတီကြီးတို့ (ဥရု=သဲ၊ ဝေလ=အပုံ)ကို ရည်၍ ဥရုဝေလ စေတီဟု ခေါ်တွင်ကြ၏။ ထိုစေတီရှိ တောကြီးကိုလည်း ထိုစေတီကို အစွဲပြု၍ ဥရုဝေလတောဟုပင် ခေါ်ကြ၏။

၁၃၄၁-ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
# ဟောကြားအပ်သော

## ဘေးအတွက် ဆေးတခွက် တရားတော် (ဘယ ဘေရဝ သုတ္တန်)

အနာထပိဏ်သဋ္ဌေး၊ ငါးဆယ့်လေး၊ ငွေပေး ကုဋေသာ။
သာဝတ္ထိပြည်မွန်၊ ဇေတဝန်၊ မြတ်ချွန် ကျောင်းဝိဟာ။
မြတ်စွာနေနှုန်း၊ သီတင်းသုံး၊ ရှင်ပြုံး နေစဉ်မှာ။
ဇာဏုသောဏိ၊ မည်ရှိပုဏ္ဏား၊ မြတ်ဘုရား၊ ထံပါး ကပ်လျှောက်ရာ။
စတုတ္ထာဈာန်များ၊ မြတ်ဘုရား၊ ဝင်စား နေသည်သာ။
ကမ္မဋ္ဌာန်းများ၊ ရှုမှတ်ပွား၊ ဈာန်ကား စတုတ္ထာ။
သမထ ဝိပဿနာ၊ နှစ်ပါးမှာ၊ ပွားကာ သမထ။
သမထလေးဆယ်၊ အသွယ်သွယ်၊ မှတ်ဖွယ် ဘယ်ဟာပါ။
အာနာပါန၊ တခုမျှ၊ ဇောက်ချ ပွားလျက်သာ။
စိတ္တေကဂ္ဂတာ၊ ဝင်ထွက်ပြ၊ ဈာန စတုတ္ထာ။
ဝိပဿနာပါဒက၊ ဝင်ထွက်ပြ၊ ဈာန စတုတ္ထာ။
အဘိညာပါဒက၊ ဝင်ထွက်ပြ၊ ဈာန စတုတ္ထာ။
နိရောဓ ပါဒက၊ ဝင်ထွက်ပြ၊ ဈာန စတုတ္ထာ။
ဘဝေါက္ကမန၊ ဝင်ထွက်ပြ၊ ဈာန စတုတ္ထာ၊
ရဟန္တာမသွေ၊ ရှုမှတ်လေ၊ စိတ္တေ ကဂ္ဂတာ။
သေက္ခ ပုထုဇ္ဇနာ၊ ရှုမှတ်ပါ၊ ဝိပဿနာ ပါဒကာ။
သမာပတ်ရှစ်ပါး၊ ရသူများ၊ မှတ်သား အဘိညာ ပါဒကာ။
သမာပတ်ရှစ်ပါး၊ ရသူများ၊ မှတ်သား နိရောဓ ပါဒကာ။

သမာပတ်ရှစ်ပါး၊ ရသူများ၊ မှတ်သား ဘဝေါဂ္ဂမနာ။
လောကထွဋ်ထား၊ မြတ်ဘုရား ထင်ရှား လောင်းတော်မှာ။
ဗောဓိသစ်မင်း၊ ပင်ခြေရင်း၊ ဝပ်စင်း နေစဉ်မှာ။
ဝိပဿနာ၊ အဘိညာ မှတ်ပါ ခြေခရာ။
စတုတ္ထစျာန်၊ ကိုယ်ပိုင်ဉာဏ်၊ အမှန် ရရှိလာ။
လောကုတ်လောကီ၊ နှစ်လီဘိုးပွား၊ အကျိုးများ၊
ရှုပြား အာနာပါန သမထပါ။
သတ္တဝါဘေးအတွက်၊ ဆေးတခွက်၊ ဝေးလျက် ကုသပါ။

(မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ ပါဠိ-၂၀၊ အဋ္ဌကထာ ၁၂၈)

**(ဓမ္မဒါနအလှူရှင်) နှစ်ဖက်သော မိဘများကို အမှူးထား၍**
**ဦးစိုးတင့်-ဒေါ်သောင်းကြည် သားသမီး မြေးတစု ကောင်းမှု။**
**အမှတ်(၉၁) ညောင်ပိုင်း ၈-လမ်း၊ ပဲခူးမြို့။**

# ဘေးအတွက် ဆေးတခွက် တရားတော် (ဘယဘေရဝ သုတ္တန်)

## မှတ်သားဘွယ် အကျဉ်းချုပ်

## ဇာဏုသောဏိ မည်ရှိပုဏ္ဏား မေးဖြေကြား

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သဌေး၏ နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ဇေတမင်းသား၏ဥယျာဉ်၌ ငါးဆယ့်လေးကုဋေ ရွှေငွေတို့ကို အကုန်အခန်းခံ၍ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်မည်ဟိုး ရွှေကျောင်းတော်ကြီး၌ မျှတရွှင်ပြုံး သီတင်းသုံးတော်မူ၏။ ထိုအခါ ဇာဏုသောဏိမည်သော ပုဏ္ဏားကြီးသည် ဘုရားထံ ချဉ်းကပ်၍ ဤသို့ လျှောက်ထား လေ၏။ ယေမေ ဘော ဂေါတမ ကုလပုတ္တာ စသည်တည်း။

(၁) ကိံ ကတွာ ဓန ဘဂဝါ ကုမာနံ ဈာနာနံ ဥပသမ္ပဇ္ဇ ဝိဟာသိတိ=အရှင်ဘုရား၊ အရှင်ဘုရားသည် အဘယ်အရာကိုပြု၍ ဤဈာန်တို့သို့ ရောက်လျက်နေဘိသနည်း။

(၂) ကမ္မဋ္ဌာနံ ဘာဝေတွာ=ဇာဏုသောဏိမည်သော ပုဏ္ဏားကြီး၊ ငါသည် ကမ္မဋ္ဌာန်းတို့ ပွား၍ ဤဈာန်တို့ကို ရောက်လျက် မနေဘိ၏။

(၃) ကတမံ ကမ္မဋ္ဌာနံ ဘာဝေတွာ = အရှင်ဘုရား၊ အရှင်ဘုရားသည် ဤသို့ဆိုသော် အဘယ်မည်သော ကမ္မဋ္ဌာန်းကိုပွား၍ ဤဈာန်တို့သို့ ရောက်လျက် နေဘိသနည်း။

(၄) အာနာပါနဿတိ ကမ္မဋ္ဌာနံ = ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏားကြီး၊ အာနာပါနဿတိ အမည်ရှိသော ကမ္မဋ္ဌာန်းကို ပွား၍ ဤဈာန်တို့သို့ ရောက်လျက်နေဘိ၏။

## ဈာန်ဝင်စားမှု ကြီးထူးအကျိုး ငါးမျိုး

ဤဈာန်တို့သည်-

(၁) ကေသဉ္စိ စိတ္တေကဂ္ဂတတ္ထာနိ ဟောန္တိ = အချို့ယောဂီတို့အား စိတ်ငြိမ်သက် အေးမြမှုအတွက် ဖြစ်ကုန်၏။

(၂) ကေသဉ္စိ ဝိပဿနာပါဒကာနိ ဟောန္တိ =အချို့ယောဂီတို့အား ဝိပဿနာဉာဏ်၏ အခြေခံအတွက် ဖြစ်ကုန်၏။

(၃) ကေသဉ္စိ အဘိညာပါဒကာနိ ဟောန္တိ = အချို့ယောဂီတို့အား အဘိညာဉ်ခြောက်တန်၏ အခြေခံအတွက် ဖြစ်ကုန်၏။

(၄) ကေသဉ္စိ နိရောဓ ပါဒကာနိ ဟောန္တိ=အချို့ ယောဂီတို့အား နိရောဓသမာပတ် ဝင်စားခြင်း၏ အခြေခံအတွက် ဖြစ်ကုန်၏။

(၅) ကေသဉ္စိ ဘဝေါက္ကမနတ္ထာနိ ဟောန္တိ = အချို့ယောဂီတို့အား ရူပ အရူပ ဘဝသို့ သက်ရောက်ရန်အတွက် ဖြစ်ကုန်၏။

## ဝိမောက္ခပင် ခေါ်တွင်ရှစ်ရပ် သမာပတ်

ဤငါးမျိုးတို့တွင်-

(၁) ခီဏာသဝါနံ စိတ္တေကဂ္ဂတတ္ထာနိ ဟောန္တိ၊တေဟိသမာပဇ္ဇိတွာ ဧကဂ္ဂစိတ္တာ သုခံ ဒိဝသံ ဝိဟာရိဿာမာတိ ကွစ္စေဝံ ကသိဏာ ဗရိကမ္မံ ကတွာ အဋ္ဌ သမာပတ္တိယော နိဗ္ဗတ္တေန္တိ။

**ခီဏာသဝါနံ၊** ရဟန္တာပုဂ္ဂိုလ်တို့အား။ စိတ္တေကဂ္ဂတတ္ထာနိ၊ စိတ်ငြိမ်သက် **အေးမြမှု** အကျိုးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ၊ မှန်၏။ တေ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ ဧကဂ္ဂစိတ္တာ၊ ငြိမ်သက် အေးမြသောစိတ် ရှိကြကုန်သည်ဖြစ်၍။ သုခံ၊ ချမ်းသာစွာ။ ဒိဝသံ၊ တနေ့ ပတ်လုံး။ ဝိဟာရိဿာမ၊ နေကြပါကုန်အံ့။ ဣတိ၊ ဤသို့။ ကွစ္စေဝံ၊ ဤနည်း အတိုင်း။ ကသိဏာပရိကမ္မံ၊ ကသိုဏ်းပရိကံကို။ ကတွာ၊ ပြု၍။ အဋ္ဌသမာ ပတ္တိယော၊ ရှစ်ပါးသောသမာပတ်တို့ကို။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကြလေကုန်၏။

**မှတ်ချက်။** ။ရူပဈာန်(စတုက္ကနည်းအားဖြင့်) လေးပါး၊ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်။ အရူပဈာန် လေးပါးကား **အာကာ** သာနဉ္စာယတန ဈာန်၊ ဝိညာဏဉ္စာယတန ဈာန်၊ **အာကိဉ္စညာယတန** ဈာန်၊

နေဝသညာ နာသညာယတနဈာန် ဤရှစ်ပါးကို နီဝရဏတရား တည်းဟူသော ဘေးရန်တို့မှ လွတ်မြောက်တတ်သောကြောင့် ဝိမောက္ခ ရှစ်ပါးဟုလည်း ခေါ်၏၊ ဝင်စားအပ် ရောက်အပ်သောကြောင့် သမာပတ် ရှစ်ပါးဟုလည်း ခေါ်၏။ ယင်း ရှစ်ပါးထဲသို့ နိရောဓသမာပတ်ကိုထည့်လျှင် သမာပတ် ကိုးပါးဟုခေါ်၏၊ ဤကိုးပါးသော သမာပတ်ကို အနုပုဗ္ဗဝိဟာရ (အစဉ်အတိုင်း ဝင်စားအပ်သော) သမာပတ်ကိုးပါးဟု ခေါ်၏၊

## သေက္ခပုထုဇဉ် အရှင်တို့တွက် ဝင်စားချက်

(၂) သေက္ခ ပုထုဇ္ဇနာန် သမာပတ္တိတော ဝုဋ္ဌာယ သမာဟိတေန စိတ္တေန ဝိပဿိဿာမာတိ နိဗ္ဗတ္တေန္တာန် ဝိပဿနာ ပါဒကာနိ ဟောန္တိ။

သေက္ခ ပုထုဇ္ဇနာနံ၊ သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ သမာပတ္တိတော၊ ဝင်စားအပ်သော သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍၊ သမာဟိတေန၊ တည်ကြည်သော။ စိတ္တေန၊ စိတ်ဖြင့်။ ဝိပဿိဿာမ၊ ဝိပဿနာတရား ရှုပွားကြပါကုန်အံ့။ ဣတိ၊ ဤသို့။ နိဗ္ဗတ္တေန္တာနံ၊ ဖြစ်စေကြကုန်သော ယောဂီပုဂ္ဂိုလ်တို့အား ဝိပဿနာ ပါဒကာနိ၊ ဝိပဿနာဉာဏ် အခြေခံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်**၊ ။သေက္ခပုဂ္ဂိုလ်ဟူသည် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်အတွက် အကျင့်ဆုံးသေး၊ အကျင့်မကုန်သေး၊ ကျင့်စရာရှိနေသေးသော ကျင့်ဆဲပုဂ္ဂိုလ်တို့တည်း။

ယင်း သေက္ခခေါ် ကျင့်ဆဲပုဂ္ဂိုလ်တို့မှာ အောက်ပါအတိုင်း ခုနစ်ယောက် ရှိ၏။

၁။ သောတာပတ္တိမဂ္ဂဋ္ဌာန် သေက္ခပုဂ္ဂိုလ်၊
၂။ သကဒါဂါမိ မဂ္ဂဋ္ဌာန် သေက္ခပုဂ္ဂိုလ်၊
၃။ အနာဂါမိ မဂ္ဂဋ္ဌာန် သေက္ခပုဂ္ဂိုလ်၊
၄။ အရဟတ္တ မဂ္ဂဋ္ဌာန် သေက္ခပုဂ္ဂိုလ်၊
၅။ သောတာပတ္တိ ဖလဋ္ဌာန် သေက္ခပုဂ္ဂိုလ်၊
၆။ သကဒါဂါမိ ဖလဋ္ဌာန် သေက္ခပုဂ္ဂိုလ်၊
၇။ အနာဂါမိ ဖလဋ္ဌာန် သေက္ခပုဂ္ဂိုလ်၊

ပုထုဇဉ်ပုဂ္ဂိုလ်ဟူသည် ပုထုကိလေသေ ဇနေတိ ဆိုသည့်အတိုင်း များသော ကိလေသာတို့ကို ဖြစ်စေတတ်သော (ဝါ) ကိလေသာတွေ အပြည့်ရှိနေသေးသော ပုဂ္ဂိုလ်တို့တည်း။ ယင်း ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ အောက်ပါအတိုင်း လေးယောက်ရှိ၏။

၁။ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊
၂။ သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊
၃။ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊
၄။ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊

## အဘိညာပါဒက ရရန်အတွက် ဝင်းစားချက်

(၃) ယေ ပန အဋ္ဌ သမာပတ္တိယော နိဗ္ဗတ္တေတွာ အဘိညာပါဒကဈာနံ သမာပဇ္ဇိတွာ သမာပတ္တိတော ဝုဋ္ဌာယ စေကောပိ ဟုတွာ ဗဟုဓာ ဟောတီတိ ဝုတ္တနယာ အဘိညာယော ပဋ္ဌေန္တာ နိဗ္ဗတ္တေန္တိ၊ တေသံ အဘိညာပါဒကာနိ ဟောန္တိ။

ပန၊ ဆက်ဦးအံ့၊ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ အဘိညာပါဒကဈာနံ၊ အဘိညာဉ်ခြောက်တန် အခြေခံရှိသောဈာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ ဧကော၊ တပါးတည်းသည်။ ဟုတွာပိ၊ ဖြစ်သော်လည်း။ ဗဟုဓာ၊ တစါးမက အလွန်များသော အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုတ္တနယာ၊ ဆိုအပ်ခဲ့ပြီးသောနည်းရှိကြကုန်သော။ အဘိညာယော၊ (ရူပကုသိုလ် ပဉ္စမဈာန်၊ ရူပကြိယာ ပဉ္စမဈာန်တို့၏ အစွမ်းဖြင့် ရအပ်သော) ခြောက်တန်သော အဘိညာဉ်တို့ကို။ ပဋ္ဌေန္တာ၊ တောင့်တကြကုန်လျက်။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကြလေကုန်၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ အဘိညာပါဒကာနိ၊ အဘိညာဉ် ခြောက်တန်၏ အခြေခံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်။** ။အဘိညာဉ် ခြောက်တန်တို့ကား–

၁။ ဒိဗ္ဗ စက္ခု အဘိညာဉ်=တန်ခိုး ကြီးမား အထက်နတ်မင်းကြီးများ၏ မျက်စိကဲ့သို့ အလွန် ဝေးလံသော အရာ

စတ္တု ဖြစ်စေကာမူ အာရုံပြုလိုက်ရုံဖြင့် အတိအကျ အပြည့်အဝ မြင်နိုင်စွမ်း ရှိသည်။

၂။ ဒိဗ္ဗသောတ အဘိညာဉ်=တန်ခိုး ကြီးမား အထက်နတ်မင်းကြီးများ၏ နားကဲ့သို့ အလွန် ဝေးလံသောအရပ်မှ အသံ ဖြစ်စေကာမူ အာရုံပြုလိုက်ရုံဖြင့် အတိအကျ အပြည့်အစ ကြားနိုင်စွမ်း ရှိသည်။

၃။ ဣဒ္ဓိဝိဓအဘိညာဉ် = အရှင် စူဠပန္ထက မထေရ်မြတ်သရက် ဥယျာဉ်ကြီးထဲ၌ မိမိ တပါးတည်းကို ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် အပါးတထောင် ဖန်ဆင်းထားလိုက်ရာ၊ တရုပ်တည်း တရွယ်တည်း သင် အဘယ်သူနည်းဟု မေးလိုက်ပြန်တော့လည်း "အဟံ စူဠပန္ထကော အဟံ စူဠပန္ထကော၊ ငါ စူဠပန်၊ ငါ စူဠပန်" ဟူ၍သာ ပြန်ပြောကြ။ မြေသို့လျှိုးပြီး မိုးသို့ ပျံနိုင်သည်အထိ တန်ခိုးစျာန်ဖြင့် အမျိုးမျိုး ဖြိုးလှံ့အောင် ဖန်ဆင်းနိုင်သည်။

၄။ ပရစိတ္တ ဝိဇာနန အဘိညာဉ်=ဘာကိုမှ မပြော၊ ဘယ်အရိပ် အရောင်ကိုမှ မပြ၊ သူတပါးတို့၏ စိတ်အကြံကို အာရုံပြု ကြည့်ရုံဖြင့် ပိုင်နိုင်စွာ အားလုံး သိနိုင်သည်။

၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် = လွန်ပြီးသော အတိတ်ဘဝတွေ များစွာ ရှိကြသည်။ ထိုတွင် သူ၏ အားအင်အလိုက်၊ အားအင် အားလျော်စွာ မြင်ထိုက် မြင်သင့်ဘဝတွေရဲ့ ဖြစ်ရပ်တွေကို ပြန်လည် ဆင်ခြင်က ပြောပြနိုင်လောက်အောင် သိနိုင်သည်။ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါ၊ ဗုဒ္ဓတို့၏ ဉာဏ်တို့ကား ပို၍ ပို၍ အားရှိကြ၊ ကျယ်ဝန်းကြသည်။

၆။ အာသဝက္ခယ အဘိညာဉ် = ကာမ၊ ဘဝ၊ အဝိဇ္ဇာ ဟူသော အာသဝ တရားဆိုးတို့၏ကုန်ဆုံး ပျက်ပြုန်းရာ အမှန် အရဟတ္တ ဖိုလ်ဉာဏ်သို့ သတ္တိဂုဏ်အလိုက် အာရုံပြုက ထိုက်သလို သိနိုင်သည်။

## နိရောဓ သမာပတ် ရအပ်အတွက် ဝင်စားချက်

(၄) ယေ ပန အဋ္ဌ သမာပတ္တိယော နိဗ္ဗတ္တေတွာ နိရောဓသမာပတ္တိံ သမာပဇ္ဇိတွာ သတ္တာဟံ အစိတ္တာ ဟုတွာ ဒိဋ္ဌေဝဓမ္မေ နိရောဓံ နိဗ္ဗာနံ ပတွာ သုခံ ဝိဟရိဿာမာတိ နိဗ္ဗတ္တေန္တိ၊ တေသံ နိရောဓပါဒကာနိ ဟောန္တိ။

ပန၊ ဆက်ဦးအံ့၊ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌ သမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ နိရောဓသမာပတ္တိံ၊ နိရောဓ သမာပတ်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ သတ္တာဟံ၊ ခုနစ်ရက်တိုင်တိုင်။ အစိတ္တာ၊ စိတ်မရှိကြကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင်လျှင်။ နိရောဓံ၊ ချုပ်ခြင်းရှိသော။ နိဗ္ဗာနံ၊ ငြိမ်းအေးခြင်းသို့။ ပတွာ၊ ရောက်၍။ သုခံ၊ ချမ်းသာစွာ။ ဝိဟရိဿာမ၊ နေကြပါကုန်အံ့။ ဣတိ၊ ဤသို့။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကြလေကုန်၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ နိရောဓပါဒကာနိ၊ နိရောဓ သမာပတ် ဝင်စားရန် အခြေခံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်**။ ။ဤ၌ နိရောဓ သမာပတ် ဝင်စားခြင်းဟူသည် နိရောဓ သမာပတ် အဖြစ်ဖြင့် နေခြင်းတည်း။ ခဲ့ဦးအံ့ (နိရောဓ သမာပတ္တိ သမာပဇ္ဇနံ ပန အနာဂါမိနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ) ဆိုသည့်အတိုင်း နိရောဓ သမာပတ်ကို အနာဂါမ်နှင့် ရဟန္တာတို့သာ ဝင်စားနိုင်သည်။ နိရောဓ(ချုပ်ခြင်းသို့) သမာပတ္တိ (ရောက်ခြင်း) အဘယ်သို့ ချုပ်ခြင်းသို့ ရောက်သနည်းဟူမူ-

(၁) စိတ္တစေတသိကာနံ အပ္ပဝတ္တိ သင်္ခါတဿ နိရောဓဿ သမာပတ္တိ နိရောဓ သမာပတ္တိ= စိတ် စေတသိက်တို့၏ မဖြစ်ခြင်းဟု ဆိုအပ်သော ချုပ်ခြင်းသို့ ရောက်ခြင်းသည် နိရောဓ သမာပတ္တိ မည်၏။

(၂) ဒိဋ္ဌေဝ ဓမ္မေ စိတ္တနိရောဓံ ပတွာ ဝိဟရဏံ = စင်စစ် ပြောရလျှင် ယခု မျက်မှောက်၌ စိတ်ချုပ်ခြင်းသို့ ရောက်၍ နေနေခြင်းပါတည်း။

(၃) အနာဂါမိနဉ္စာတိ ကာမရူပဘဝဋ္ဌာနံ အဋ္ဌသမာပတ္တိ လာဘီနမေဝ အနာဂါမိနံ၊ တထာ ခီဏာသဝါနဉ္စ=

ကာမဘဝ၊ ရူပဘဝ၌ တည်ဆဲဖြစ်ကုန်သော ရှစ်ပါးသော သမာပတ်ကို ရသည်သာလျှင် ဖြစ်ကုန်သော အနာဂါမ်နှင့် ရဟန္တာတို့သာ ဝင်စားနိုင်သည်။

(၄) နိရောဓ သမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ၊ ဇဝတိ၊ တတော ပရံ နိရောဓံ ဖုသတိ=နိရောဓ သမာပတ် ဝင်စားသောအခါ၌ (၈ ပါ) ချုပ်ခြင်း၏ ရှေးအဘို့၌ အနာဂါမ် ပုဂ္ဂိုလ်မှာ နေဝသညာ နာသညာယတန ကုသိုလ်ဇော စော၍၊ ရဟန္တာ ပုဂ္ဂိုလ်မှာ ယင်း နေဝသညာ နာသညာယတန ကြိယာဇော စောရ၏။ ထို စောပြီးသည့်နောက်၌ အနာဂါမ် ပုဂ္ဂိုလ်မှာ အနာဂါမိ ဖိုလ်ဇောနှင့် ဆိုင်ရာ စေတသိက်၊ ဆိုင်ရာ စိတ္တဇ ရုပ်တို့ပါ ချုပ်ခြင်းသို့ ရောက်ကုန်၏။ ရဟန္တာ ပုဂ္ဂိုလ်မှာလည်း အရဟတ္တဖိုလ်ဇောနှင့် ဆိုင်ရာ စေတသိက်၊ ဆိုင်ရာ စိတ္တဇရုပ်တို့ပါ ချုပ်ခြင်းသို့ ရောက်ကုန်၏။

## နိရောဓ သမာပတ် ရအပ်ဂုဏ်အင် အာနိသင်

ဤသို့ နိရောဓသမာပတ် ဝင်စားလိုသော အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များသည် မဝင်စားမီ ကြိုတင်ပြုသင့်သော (ပုဗ္ဗကိစ္စ) လေးပါးကို ကြိုတင်ပြုထားရသည်။ ယင်း လေးပါးတို့ကား-

(၁) မိမိ ဤသို့ နိရောဓ သမာပတ် ဝင်စားဆဲ ခဏ၌ မိမိ၏ ထားအပ်သော သက်နိုး စသော ပရိက္ခရာ၊ နေရာ ကျောင်း စသည်တို့ မီး စသည်အတွက် မပျက်စီးစေရန် အဓိဋ္ဌာန်ခြင်း။

(၂) ငါ့အား သံဃာက တွေ့လိုသည်၊ သံဃကိစ္စ ဆောင်ရွက်စရာ ရှိနေသည်ဆိုလျှင် ကြိုတင် သိရှိထားပြီး ဖြစ်ပါစေဟု အဓိဋ္ဌာန်ခြင်း။

(၃) ငါ့အား ဘုရားခေါ်ခြင်း၊ ဘုရားမှာ ခိုင်းစရာ ရှိနေခြင်း စသည် ရှိခဲ့လျှင် ကြိုတင် သိရှိထားပြီး ဖြစ်ပါစေဟု အဓိဋ္ဌာန်ခြင်း။

(၄) အများဆုံး ဝင်စားအပ်သော ခုနစ်ရက်အတွင်း အာယု သင်္ခါရခေါ် အသက်၏ အပိုင်းအခြား ထင်ရှား ရှိ မရှိ ကြည့်ရှုရခြင်း။

**မှတ်ချက်**။ ။သူ၏ ခန္ဓာကိုယ်ကိုကား အမ်ဌာန်ပြုစရာ မလို။ အမြောက်နှင့် ပစ်သော်လည်း မလဲတော့ပြီ။ မီးနှင့် ပုံရှို့သော်လည်း မလောင်တော့ပြီ။ မိုးကြိုးပစ်သော်လည်း မမှန်တော့ပြီ။ အသေးအမွှား များကား ပြောဘွယ် မရှိပြီ။

## ဘဝေါဂ္ဂမန ရရန်အထွက် ဝင်စားချက်

(၅) ယေ ပန အင္ဂ သမာပတ္တိယော နိဗ္ဗတ္တေတွာ အပရိဟိနဇ္ဈာနာ ဗြဟ္မလောကေ ဥပ္ပဇ္ဇိဿာမာတိ နိဗ္ဗတ္တေန္တိ၊ တေသံ ဘဝေါဂ္ဂမ နတ္ထာနိ ဟောန္တိ။

ပန၊ ဆက်ဦးအံ့။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အင္ဂသမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ အပရိဟိနဇ္ဈာနာ၊ မဆုတ်ယုတ်သောဈာန် ရှိကြကုန်သည် ဖြစ်၍။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ဥပ္ပဇ္ဇိဿာမ၊ ဖြစ်လိုကြပါကုန်၏။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကြလေကုန်၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဘဝေါဂ္ဂမနတ္ထာနိ၊ အသညသတ် စသော ဗြဟ္မာဘဝသို့ သက်ရောက်ရခြင်း အကျိုးရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်**။ ။အကယ်၍ နာမ်၏အပြစ်တွေကို မြင်၍ နာမ်ကိုမုန်းလျက် ရုပ်သက်သက်ဖြင့်သာ နေလိုဆန္ဒ ရှိနေလျက် ဈာန်မလျှော့ပဲ စုတေခဲ့လျှင် နာမ်မရှိ၊ ရုပ်သာရှိသော အသညသတ်ဘုံသို့ ရောက်၍ အသညသတ် ဗြဟ္မာ ဖြစ်ရ၏။ ထို့အတူ ရုပ်၏အပြစ်တွေကို မြင်၍ ရုပ်ကို မုန်းလျက် နာမ်သက်သက်ဖြင့်သာ နေလိုဆန္ဒရှိနေလျက် ဈာန်မလျှော့ပဲ စုတေခဲ့လျှင် ရုပ်မရှိ၊ နာမ်သာရှိသော အရူပ ဗြဟ္မာဘုံသို့ ရောက်၍ အရူပ ဗြဟ္မာ ဖြစ်ရ၏။ အရူပ လေးဘုံတို့တွင် နေဝသညာ နာသညာ ဗြဟ္မာမင်းကြီး ဖြစ်ခဲ့သော် မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်၏။ နိဗ္ဗာန် မရောက်သေးသမျှ အကောင်းဆုံး နေရာဌာန ဘုံဘဝတွေ ဖြစ်၏။

၁၃၄၁-ခုနှစ်၊ ဝါခေါင် လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
# မဟာကြားအစ်သော

## အသုံးဟတ်လျှင် အဖတ်တင် တရားတော်

ကဿပမည်တွင်၊ ဘုရားရှင်၊ ပွင့်စဉ် သာသနာ၊
ရဟန်းတော်ကြီးများ၊ ခုနစ်ပါး၊ ရှုပွား နှစ်ရှည်ကြာ။
သံဝေဂဉာဏ်၊ လွန်ရင့်သန်၊ စိတ်ကြံ ဖြစ်ပေါ်လာ။
အားကိုးဘို့ဆို၊ မဂ်ဖိုလ်ဓမ္မ၊ တခုမျှ၊ ရမှ သင့်တော့မှာ။
ရဟန်းကြီး ခုနစ်ပါး၊ တိုင်ပင်ထား၊ ဝင်သွား ဟိမဝန္တာ။
အလွန်မြင့်သည်၊ တောင်ကြီးဆီ၊ ရောက်ပြီ ဆိုက်မြိုက်စွာ။
ဘောင်စောက်ကြီးကား၊ လွန်ကြီးမား၊ တက်ငြား မဖြစ်နိုင်ရာ။
ကိလေသသေသေ၊ လူသေသေ၊ တက်နေ ဆုံးဖြတ်ကာ။
လှေကားရှည်ရှည်၊ ဝိုင်း၍ချီ၊ ထောင်သည် တည့်မတ်စွာ။
တပါးပြီး တပါး၊ တက်လို့သွား၊ ရောက်ငြား ထိပ်ပေါ်မှာ။
ဝိုင်းဝန်းဆွဲမ၊ တွန်းပစ်ချ၊ လဲကျ အောက်သို့သာ။
ကတိကဝတ်၊ ယွင်းမချွတ်၊ ညီညွတ် ပြုကြရာ။
မဂ်ဖိုလ်ဓမ္မ၊ ရသူက၊ ပြုထ ဆွမ်းခံကာ။
တညဥ့်လွန်က၊ ထေရ်ပထမ၊ ရောက်ရ ရဟန္တာ။
ဒုတိယထေရ်၊ နောက်နေ့နေ၊ ရလေ အနာဂါမ်ပါ။
မြောက်ကျွန်းသို့ကြွ၊ ဆွမ်းတွေ့ရ၊ ကပ်ထ ထေရ်တွေသာ။
သင်တို့ခံထား၊ ဆွမ်းအများ၊ မစား ငါတို့ဟာ။
တရားထူးရ၊ ကိုယ်တိုင်ကြွ၊ ရမှ ဘုဉ်းပေးမှာ။

ငါးပါးသဲမဲ၊ မစားပဲ၊ အားခဲ ကြိုးစားလာ။
တရားထူးမှာ၊ မရရှာ၊ ခြောက်လာ ဖြည်းဖြည်းသာ။
ခုနစ်ရက်မြောက်ပေ၊ အားလုံးသေ၊ ရောက်လေ နတ်ပြည်မှာ။
ဂေါတမ ဘုရားရှင်၊ ပွင့်လေလျှင်၊ ကိုယ်ထင် လူပြည့်လာ။
တတိယထား၊ မထေရ်ကား၊ ထင်ရှား ပက္ကုသာတိ ရာဇာ။
စတုတ္ထထား၊ မထေရ်ကား၊ ထင်ရှား ကုမာရ ကဿပါ။
ပဉ္စမထား၊ မထေရ်ကား၊ ထင်ရှား ဒါရု စီရိယာ။
ဆဋ္ဌမထား၊ မထေရ်ကား၊ ထင်ရှား ဒဗ္ဗ မလ္လပုတ္တာ။
သတ္တမထား၊ မထေရ်ကား၊ ထင်ရှား သဘိယပရိဗိုဇ်ပါ။
အသုံးတတ်လျှင်၊ အဖတ်တင်၊ နေ့စဉ် တိုးတက်မှာ။

(ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ၊ ပ၊ နှာ-၄၀၈)

(ဓမ္မဒါန အလှူရှင်) နှစ်ဘက်သော မိဘများ အမှူးထား၍
ရန်ကုန်မြို့ ၃၁-လမ်း၊ အယ်ဒီတာ ဦးစိုးသိမ်း (မောင်ဝံသ) ဇနီး ဒေါ်မြင့်မြင့်
သမီး ထိုက်ထိုက်စိုး၊ လတ်လတ်စိုး၊ သား နောင်နောင်စိုးတို့ ကောင်းမှု။

# အသုံးတတ်လျှင် အဖတ်တင် ထရားတော်

## မှတ်သားဘွယ် အကျဉ်းချုပ်

## အသက်အတွက် ငဲ့ကွက်လေလျှင် ပြန်ဘို့ပြင်

ရှေးအခါ ကဿပမြတ်စွာဘုရား၏သာသနာတော်၌ အလွန်ရင်းနှီးခင်မင်ကြကုန်သော ရဟန်းယောဂီ မထေရ်ကြီး ခုနစ်ပါးရှိကြ၏။ သံဝေဂဉာဏ် အလွန်ရင့်သန်ခြင်းသို့ ရောက်ကြကုန်၏။ ကဿပမြတ်စွာဘုရား၏ သာသနာတော်သည်လည်း နောက်ပိုင်းသို့ ရောက်လာ၏။ ငါတို့မှာ အားကိုးစရာ တခုခု (တမဂ်၊ တဖိုလ်)ရထားမှ တော်တော့မည်ဟု စဉ်းစားမိကြ၏။ ဤသို့ ကြံ၍ ရွှေစေတီတော်ကြီးကို ရှိခိုး၍ အလွန်နက်သော တောကြီးထဲသို့ ထွက်လာကြကုန်၏။ တောကြီးထဲသို့ ရောက်သောအခါ ဆိတ်ငြိမ်ရာ ရှာယင်းဖြင့် အလွန်မတ်စောက် မြင့်မားသော တောင်ကြီးတခုသို့ ရောက်သွားလေ၏။ တက်စရာလမ်း ဆင်းစရာ လမ်း မရှိ။ လမ်းထွင် တက်ဘို့လည်း မဖြစ်။ ထို့ကြောင့် တောင်ခြေ၌ အစည်းအဝေးတခု လုပ်ကြ၏။ ကိလေသာသေသေ၊ လူသေသေ တခုခုသေအောင် လုပ်ကြရမည်။ အသက်စွန့် အားထုတ်ကြမည်။ မိမိ၏ အသက်ကိုနှမြောလျှင် ပြန်နိုင်သည်၊ မနှစ်မြောတဲ့လူ ဤတောင်ကြီးပေါ် တက်ကြမည်။

## တောင်ခြေမှပင် စီစဉ်ကတိက ဆုံးဖြတ်ကြ

တိုင်ပင်၍ တောင်ခြေ၌ ကတိကဝတ်ပြုထားကြသည်မှာ ငါတို့ခုနစ်ပါးတို့တွင် ပထမ တရားထူးကို ရသောပုဂ္ဂိုလ်က ရသလို ဆွမ်းခံကြွပြီး ကျန်ပုဂ္ဂိုလ်အားလုံးအဘွက် စားသောက်မှု တာဝန်ယူရမည်။ နှစ်ပါးက တရားထူးရနှင့်လျှင်လည်း ကျန်ငါးပါးအတွက် တာဝန်ယူရမည်။ကျန်ပုဂ္ဂိုလ်များကလည်း တရားထူးရပြီး ပုဂ္ဂိုလ်တို့၏ ဆွမ်းကို မှီဝဲ သုံးဆောင်ပြီး တရားထူးရရှိအောင် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် တရားထူးရအောင် အားထုတ်ကြရမည်။ အလွန်

မတ်စောက်မြင့်မားသော တောင်ကြီးဖြစ်သည်။ ဝါးတွေ ရှာရမည်။ နွယ်ကြိုးတွေ ရှာရမည်။ ဝါးလှေကားကြီးတခု လုပ်ရမည်။ အားလုံး ဝိုင်းချည်ရမည်။ တက်ပြီးတော့ ထိုဝါးလှေကားကြီး အောက်သို့ တွန်းချပစ်ရမည်။ ကိလေသာ သေလျှင် သေ၊ ကိလေသာ မသေလျှင် လူအသေပဲ ခံရတော့မည်ဟု သိထားတို့ လိုကြသည်။ တောင်ထိပ်ပေါ်သို့ ရောက်သည့်အချိန်သည် သမထာဓမ္မခေါ်တဲ့ သမထတရား၊ဝိပဿနာတရားတွေကို စောက်ချပြီး အားထုတ်ကြရမည့်အချိန်ဟု မှတ်ကြရမည်။ ဤသို့ ကတိကဝတ်နှင့်တကွ အစီအစဉ်အတွက် ဆုံးဖြတ်ခြင်း ပြုကြသည်။

## နေရာယူကာ ရဟန္တာဖြစ်မှု ဦးတည်ရှု

အားလုံး စုပေါင်းဆောင်ရွက်ကြသဖြင့် ပြီးစီးသော ဝါးလှေကားကြီးကို ဝိုင်းထောင်ပြီး သပိတ်တလုံး၊သုံးထည်သောသင်္ကန်းတို့ဖြင့် တရားအားထုတ်၊ တရားထူ မြန်မြန်ရ၊ သံဃာ့အကျိုး မြန်မြန်ကြီး ငယ်ပိုးဘို့ရန် တပါးပြီးတပါး ပထမ မထေရ်ကြီးမှစ၍ အစဉ်လိုက် တပါးတက်စဉ် ပြုတ်မကျ လည်မကျရေး အတွက် အောက်မှထိန်း၊ အပေါ်ရောက်၊ အပေါ်မှထိန်း၊ အားလုံးပင် အပေါ် ရောက်၊ အောင်မြင်သွားကြပြီ၊ အားထုတ်သော မိမိတို့၏ သမထအား၊ ဝိပဿနာအားတွေကိုလည်း အားကိုးကြသည်။ ဤလှေကားမှ ပြန်ဆင်းဘို့ရန် အစီအစဉ် လုံးဝ မရှိတော့ပေ၊ ထို့ကြောင့် မိမိတို့ လုပ်ကိုင်ထားသော လှေကားကြီးကို အားနှင့် ဝိုင်းပြီး အောက်အရောက် တွန်းချလိုက်ပြီး လှေကားကြီးမှာ ယာယီလှေကားဖြစ်၍ မရှုမလှ ပျက်စီးပြီး တကွဲတခြား ဖြစ်သွားပြီ။ မထေရ်ကြီး ခုနစ်ပါးတို့မှာလည်း (မိမိတို့ တောင်ခြေမှာ ပြုလုပ်ခဲ့ကြသည့် ကတိကဝတ်နှင့်) အစီအစဉ်အတိုင်း ကိုယ်စီကိုယ်င နေရာယူကာ အရဟတ္တဖိုလ်ဉာဏ် ရ၍ ရဟန္တာဖြစ်ရေးကိုသာ ရှေ့ရှုပြီး တရစပ် ရှုမှတ် အားထုတ်ကြလေပြီ။

## ကတိကဝတ် မချွတ်ရှိငြား တို့မစား

ယနေ့ညနေရောက်၊ တညဥ့်လွန်၍ နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ ပထမ အကြီးဆုံး သံဃာ့မထေရ်ကြီးသည် အရဟတ္တဖိုလ်တည်၊ ရဟန္တာအဖြစ်သို့ ရောက်ပြီ။ ထိုသံဃာ့ထေရ်ကြီးသည် မြောက်ကျွန်းသို့ ကြွ၍ ဆွမ်း ဘောဇဉ် စသည် ခံ၊ ပြန်ကြွ၊ တောင်ပေါ်ပြန်ရောက်၊ တရားထူးမရရှိသေးသော မထေရ်ခြောက်ပါးကို ကပ်လှူ၏။ သို့သော် ဘုဉ်းမပေးကြ။ ရေသာခို

လျှော့ကြစီးပြီး သူတပါး တရားထူးရ၊ ခံလာတဲ့ဆွမ်းကို မစားလိုကြဟု လျှောက်ထားကြ၏။ သံဃာ့ထေရ်ကြီးမှာလည်း **ကတိကဝတ်ကို ပြန်လည်ဖော်ပြ၍** ဘုဉ်းပေးကြဘို့ အတန်တန် တိုက်တွန်းလေ၏။ ကျွန် မထေရ်တို့ကလည်း ''ကျေးဇူးတင်ပါသည်။ မိမိဘုဉ်းမပေးတာဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ် (တရားထူး) ကို အလိုရှိ၍သာ မရမနေ အားထုတ်လို၍ မဘုဉ်းပေးခြင်း ဖြစ်ပါသည်။ မိမိတို့ ကိုယ်ဘိုင် တရားထူးရပြီး ကိုယ်တိုင် သပိတ်လွယ်၊ ဆွမ်းခံ ဘုဉ်းပေးလိုသဖြင့် ပြန်လည်လျှောက်ရခြင်း ဖြစ်ပါသည်။ ကျေနပ်တော်မူပါ'' ဟု ကျွန်ခြောက်ပါးက ရဟန္တာသံဃာ့ထေရ်ကြီးအား လျှောက်ထားလေ၏။

## အနာနှင့်ဆေး ကိုက်ရေးဆယူ မလွယ်ကူ

နောက်တနေ့ နှစ်ရက်မြောက် (ဒုတိယ)နေ့ မိုးလင်းသောအခါ ဒုတိယ သံဃာ့ထေရ်ကြီးမှာ အနာဂါမ် တည်ပြန်ပြီ။ ရှေ့မထေရ်ကြီးနည်းတူ **ကတိကဝတ်အတိုင်း** အနာဂါမ်အဖြစ်ဖြင့် ဆွမ်းခံကြွ၊ ရသမျှ ကျွန် ငါးပါးတို့အား အထူးဦးစားပေး လျှောက်ထား ဆက်ကပ်၏။ **ကတိကဝတ် ရှိသည်ကား မှန်၏။** သို့သော် မဘုဉ်းပေးလိုကြ။ အတန်တန် လျှောက်၊ အတန်တန် ငြင်းဆန်ကြ။ အသဲအမဲကြီးပြီ ကိလေသာအသေသတ်၊ အပြတ်ရှင်းတော့မည် ဆုံးဖြတ်လျက် တချိန်တည်း အားထုတ်တော့သည်။ လုံးလုံး ရေနှင့်တကွ အစာ မဘုဉ်းပေးသည်မှာ နှစ်ရက်ရှိသွားပြီ။ တဖြည်းဖြည်းလည်း ပျော့စပြုလာပြီ။ ဘယ်လိုမှ လျှောက်ခရ၊ ငါးပါးလုံး ဇွဲကြီးကြ၏။ ပါရမီအား၊ သပ္ပာယအား၊ ရှုမှတ်အား ဟူသော အားသုံးမျိုးတွင် တမျိုးမျိုး ချို့နေတာ သေချာပြီ။ တမျိုးချို့နေလျှင် တရားထူး မရနိုင်ပါ။ အတိတ် ပါရမီအားနှင့် စစ္စုပ္ပန်ပါရမီအား ပေါင်းစပ်၍ပင် မပြည့် ဖြစ်ဟန်တူသည်။ ပုဂ္ဂလသပ္ပာယ၊ ဥတုသပ္ပာယ၊ ဘောဇန သပ္ပာယ၊ဓမ္မသပ္ပာယ ဟု သပ္ပာယလေးပါးတို့တွင် ဘောဇနသပ္ပာယသည်လည်း အရေးကြီးသည်စင်စစ်။ ထို့ကြောင့် အစားမဝ တရားမရဟု ဆိုကြသည်။ ထို့အတူ ဓမ္မသပ္ပာယသည်လည်း လွယ်ကူသောကိစ္စ မဟုတ်ပါ။ (အနာနှင့်ဆေး ကိုက်အောင်ပေး ပျောက်ရေး မခက်ပါ။)

## မထေရ်ငါးပါး နတ်သားဘဝ စံပျော်ကြ

ဤသို့ ကျွန် တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ ဟူသော ငါးပါး တို့သည် တဖြည်းဖြည်း အားပြတ် သွေးသားခန်းခြောက်လျက် ခုနစ်ရက်မြောက် သောနေ့၌ ဗုန်းဗုန်းလဲ ခွေကျကာ ငါးပါးလုံး တောင်ထိပ်ပေါ်၌ အသက်

ဝိညာဉ် ချုပ်သွားကြပြီ။ ပဌမထေရ်ကြီးသည် အသက်အတိုင်းနေ၍ နောင် ပရိနိဗ္ဗာန်ပြုသွားပြီ၊ ဒုတိယမထေရ်ကား နောင် အသက်အတိုင်းနေ၍ သေလွန်သော် ဗြဟ္မာ့ပြည်၌ ဗြဟ္မာမင်းကြီး ဖြစ်ရလေသည်။ တတိယ စသော မထေရ် ငါးပါးတို့မှာ မဂ်ဖိုလ်တရားထူး မရသော်လည်း ရှုမှတ် ပွား‌များခဲ့သော ဘာဝနာကုသိုလ်များ၏ အာနုဘော်တို့ကြောင့် နတ်ပြည်၌ ငါးဦးလုံး နတ်သားကြီးများ ဖြစ်ကြသည်။ ထိုနတ်ပြည်၌ နတ်တို့၏ စည်းစိမ်ချမ်းသာကို အချိန်များစွာ ပြည့်ပြည့်စုံစုံ ခံစားလျက် စိတ်ချမ်းသာမှု အပြည့်အဝဖြင့် အချိန်များစွာ နေခဲ့ကြရသည်။ တထိုင်မှတ်နိုင်က တထိုင်အတွက် အကျိုး ရှိပါသည်။

## ဂေါတမလက်ထက် ဆင်းသက်ကိုယ်စီ ဖြစ်ကြပြီ

နောင် ဂေါတမဘုရား ပွင့်တော်မူလာသောအခါ လူ့လောက၌ ထို တတိယ စသော မထေရ်ကြီး (နတ်သား)ငါးဦးလုံး လူသာဖြစ်ကြ၍ ကြွယ်ဝ ချမ်းသာသော အမျိုးအနွယ် အမိအဘတို့၌ ဖြစ်ရ၍ ဘဝပါရမီမျိုးဆက်ကြောင့် ဘဝထူး၌ ဓမ္မထူး၏ ဗီဇထူးများ ပါလာကြသည့်အလျောက် မြတ်စွာဘုရား၏ သာသနာတော်နှင့် ရင်းနှီးခွင့်၊ ပူဇော်ခွင့်၊ မှီခိုခွင့်များကို ရခဲ့ကြပေသည်။ ထို့ကြောင့် နိဂုံးချုပ် ပြောရမည်ဆိုသော် အောက်ပါအတိုင်း မိမိတို့ခန္ဓာကိုယ်ကြီးကို မိမိတို့ အသုံးတတ် အလုပ်ခိုင်းတတ်သည့်အတွက် (အသုံးတတ် အဖတ်တင်) ဖြစ်ခဲ့ရသည်။

အစဉ်အတိုင်း....

(၁) ပထမ (အကြီးဆုံး) မထေရ်ကြီးသည်=ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားပြီ။

(၂) ဒုတိယမထေရ်ကြီးသည်=အနာဂါမ်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဗြဟ္မာမင်းကြီး ဖြစ်ရသည်။

(၃) တတိယ မထေရ်ကြီးသည်=ပက္ကုသာတိမင်းကြီး ဖြစ်လာသည်။

(၄) စတုတ္ထမထေရ်ကြီးသည်=အရှင်ကုမာရကဿပ ဖြစ်လာသည်။

(၅) ပဉ္စမ မထေရ်ကြီးသည်=အရှင်ဒါရုစီရိယ ဖြစ်လာသည်။

(၆) ဆဋ္ဌမ မထေရ်ကြီးသည်=မလ္လမင်းကြီး၏သား အရှင်ဒဗ္ဗဖြစ်လာသည်။

(၇) သတ္တမ မထေရ်ကြီးသည်=သဘိယပရိဗိုဇ် ဖြစ်လာသည်။

၁၃၄၁-ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## လူ့ခြောက်ရပ် သတိကပ် တရားတော်

## စေတီယတောင်ခြေမှ (အသုဘ သညာက မထေရ်ကြီး) ရဟန္တာဖြစ်သွားပုံ

သီဟိုဠ်ကျွန်းမြေ၊ ရှေးခါပေ၊ မှတ်လေ ဝတ္ထုသာ။
စေတီယမည်သာ၊ တောင်ခြေမှာ၊ နေလာ မထေရ်မှာ။
အသုဘသညာ၊ မည်နာမ၊ ခေါ်ကြ အရပ်ကပါ။
နံနက်မိုးသောက်၊ အလင်းရောက်၊ ဆေးမှောက် သပိတ်ပိုက်ကာ။
အနုရာဓခေါ်၊ မြို့အပေါ်၊ တကိုယ်တော် ဆွမ်းခံလာ။
ထိုအနုရာဓ၊ မြို့ပေါ်မှ၊ နေကြ အိုးအိမ်တည်ကာ။
အမျိုးသမီး၊ ရွယ်မကြီး၊ ဇနီး တယောက်မှာ။
လင်ယောကျ်ားလက်၊ စိတ်ဆိုးလျက်၊ ဆင်းသက် ထွက်၍လာ။
မိဘများတို့၊ ရွာဆီသို့၊ သွားဘို့ ရည်ရွယ်ကာ။
လူသူခသွား၊ လမ်းအကြား၊ ထင်ရှား တွေ့ကြရာ။
ဖောက်ပြန်စိတ်မိုက်၊ ပေါ်လာခိုက်၊ ရယ်လိုက် ကျယ်လောင်စွာ။
လှမ်းကြည့်လေလျှင်၊ သွားတွေ့မြင်၊ ဆင်ခြင် အသုဘာ။
ကောင်းစွာလေ့ကျက်၊ အမြင်သွက်၊ လေးနက် ပြန့်ကျယ်ကာ။
အမှားလွန်မြောက်၊ အမှန်ရောက်၊ ယှဉ်ဖောက် အားလုံးကွာ။
ကုန်ခြင်း ပျက်ခြင်း၊ အကုန်ရှင်း၊ ထင်းထင်း မြင်၍သာ။

အနိစ္စ ဒုက္ခ၊ အနတ္တ၊ သုံးဝ လက္ခဏာ။
ဝိပဿနာသုံးတန်၊ အားလုံးရဲ၊ အမှန် ရှင်းလျက်သာ။
ပါရမီအား၊ ရှုမှတ်အား၊ ကြီးမား သဗ္ဗာယာ၊
ရဟန္တာမထိ(မထေရ်)၊ မြတ်ဇာနည်၊ ဖြစ်ပြီ လမ်းပေါ်မှာ။
သူမ ယောက်ျား၊ တွေ့လေငြား၊ မေးသွား ဖြေပုံမှာ။
မိန်းမ ယောက်ျား၊ မထင်ရှား၊ ငါနား သွားသူမှာ။
မိန်းမယောက်ျား၊ လူသားဟူ၍၊ ငါမတွေ့၊ ငါတွေ့ အရိုးစုသာ။
မျက်စိ နား နှာ၊ လျှာ ကိုယ် စိတ်၊ လွန်ဖိနှိပ်၊ ဆို့ပိတ် တံခါးတူစွာ၊
ဣန္ဒြေခြောက်ရပ်၊ သတိဘာပ်၊ ရှုမှတ် ကြိုးစားရာ။
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ၊ နှာ-၂၀)

(ဓမ္မဒါန အလှူရှင် )ဦးသောင်း၊ဓေါ်ရင်နု မိသားစု ကောင်းမှု။
ဗလမုံနှစ်တိုက်၊ ပန်းလှိုင်၊ ၂၁ လမ်း၊ ပဲခူးမြို့။

# ဓမ္မပဒ ဝတ္ထု (ဗိုလ်ချုပ်) သတိကပ် တရားတော်

## စေတိယတောင်ခြေမှ (အသုဘသညာကမထေရ်ကြီး) ရဟန္တာ ဖြစ်သွားပုံ

### မှတ်သားဘွယ် အကျဉ်းချုပ်

### ဆွမ်းခံသွားလမ်း အဆန်းမမြင် ရှုမှတ်စဉ်

သီဟိုဠ်ကျွန်း အနုရာဓမြို့နှင့် အလွန်ကြီးမဝေးလှသော နေရာ၌ စေတိယ အမည်ရှိသော တောင်ကြီးတခု ရှိ၏။ ထိုတောင်ကြီးကို အမှီပြု၍ နေသော မထေရ်ကြီးတပါးသည်လည်း ရှိ၏။ သူသည် ကိလေသာတို့၏ အလိုကို လုံးဝ မလိုက်၊ ပြုံးမှု ရယ်မှု စသည်တို့၏ အခြင်းအရာကိုပင် မယူ။ အမည်ရင်းကား မဟာတိဿဖြစ်၏။ အသုဘသညာ ဓမ္မဒေသနာကို အမြဲ ဟောလေ့ရှိ၏။ အမြဲ ရှုပွားလေ့သည်း ရှိ၏။ ထို့ကြောင့် သူ့ကို အရပ်က (အသုဘသညာက)မထေရ် ဟု ပညတ်၍မှု ခေါ်ဝေါ်ခြင်း ပြုကြ၏။ သူသည် စေတိယတောင်မှ သင်္ကန်းရုံ၊ သပိတ်ပိုက်ပြီး နံနက်စောစော အနုရာဓမြို့သို့ အာရုံပြုပြီး တောထဲမှ ဖြတ်ပြီး ကြွလာ၏။ နေ့စဉ် ဆွမ်းခံနေကျဖြစ်၍ ဤလမ်းကား အဆန်းမဟုတ်၊ တပါး တည်း ကြွခဲ့သည်။ အမှတ်ကား ဘယ်အခါမှ မလွတ်ပေ။

### အသံကျယ်ကျယ် သူ့ရယ်နှုတ်ဆက် သွားဖော်လျက်

အနုရာဓမြို့မှ အမျိုးသမီးတယောက်သည်လည်း ခင်ပွန်းသည်နှင့် စိတ် ဆိုး၍ နတ်သမီးကဲ့သို့ ကောင်းသောတန်ဆာတို့ဖြင့် ဆင်ပြင် ဖီးလိမ်းကာ စောစောပင် ထ၍ ထို အနုရာဓမြို့မှ တဦးတည်း ထွက်ခဲ့လေ၏။ သူ၏မိဘများ နေထိုင်ရာ ရွာရှိရာသို့ ဦးတည်လာခဲ့ခြင်း ဖြစ်၏။ သူမကား အနုရာဓမြို့မှ ဆင်း အလာ၊ မထေရ်မြတ်က အနုရာဓမြို့သို့အသွား ဖြစ်သည်။ တချိန်တော့ ရင်ဆိုင် တိုးရပေတော့မည်။ အများသွားရာ လမ်းမမှ လမ်းအကြားသို့ဖြတ်၍ သွားရပြီး

လွန်စွာ အသွားအလာ နည်းသောနေ ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီး သည်လည်း ထိတ်ထိတ်လန့်လန့်၊ နောက်ပိုင်းကိုလည်း ကြောင့်ကြောင့်ကြကြ ရှိဟန်တူသည်။မျှော်၍ မျှော်၍ တလမ်းလုံး ကြည့်ခဲ့သည်။ အစောကြ၍ မထေရ် ကြီးကို တွေ့လေသည်။ သူမသည် ဖောက်ပြန်သောစိတ် ရှိသည်ဖြစ်၍ ကြား လောက်သည့် ခရီးသို့ ရောက်သည့်အခါ မထေရ်မြတ်ကြားအောင် ဟက်ဟက် ပက်ပက် အသံထွက်အောင် ရယ်မော မျက်နှာပေးပြီး နှုတ်ဆက်လိုက်လေသည်။

## အသုဘကမ္မဋ္ဌာန်း စီးဖြန်းလိုက်ရာ ရဟန္တာ

မထေရ်မြတ်ကား ဤအသံသည် ဘာသံပါလိမ့်ဟု တချက် မျှော်လှမ်း ကြည့်လိုက်သည်။ အမှတ်မလွတ် လျှောက်လာသော မထေရ်ကြီးသည် သူမ၏ စိတန်း ဖြူဖွေး လှပနေသော သွားကလေးများကို မြင်လိုက်ပြီ။အသုဘသညာကို ကျယ်ပြန့်စေလျက် တကိုယ်လုံး အရိုးစုကြီး၊ အသုဘကောင်ကြီးဟု ဘွင်းကနဲ ရှင်းကနဲ မြင်သွားလေသည်။

ထေရော ကိ မေတဿ ဒြလောကေန္တော တဿာ
ဒန္တဋ္ဌိကေ အသုဘသညံ ပဋိလဘိတွာ အရဟတ္တံ ပါပုဏိ။

ထေရော အသုဘသညာက အမည်ရသော မဟာတိဿ မထေရ်မြတ် သည်။ တေ၊ ဤအသံသည်။ ကိံ၊ ဘာသံနည်း။ ဣတိ၊ ဤသို့။ ဩလော ကေန္တော၊ မျှော်၍ လှမ်းကြည့်လိုက်သည်ရှိသော်။ တဿာ၊ ထိုအမျိုးသမီး၏။ ဒန္တဋ္ဌိကေ၊ သွားရိုးတို့ကို။ ဒိသွာ၊ မြင်၍။ အသုဘသညံ၊ အသုဘသညာကို၊ ပဋိလဘိတွာ၊ ရ၍။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်သွားတော် မူပြီ။

ထို့ကြောင့် ဤသို့ ဆို၏၊

တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ အနုဿရိ။
တတ္ထေဝ သော ဋ္ဌိတော ထေရော၊ အရဟတ္တံ အပါပုဏိ။ ။

## ငါ၏သိမှု အရိုးစုကြီးသာ သွားခဲ့ပါ

မကြာမီ သူမ၏ လင်ယောကျ်ားသည် လိုက်လာ၊ မထေရ်ကြီးနှင့် ပက်ပင်းတွေ့၊ "အရှင်ဘုရား၊ တပည့်တော်၏ အမျိုးသမီး အိမ်မှ ဆင်းသွား

ပါသည်၊ ဤလမ်း၌ မိန်းမတယောက် မြင်ခဲ့ပါသလားဘုရား" ဟု လျှောက်၏။ ထိုယောက်ျားကို မထေရ်က ဤသို့ ပြန်ပြော၏။

နာဘိဇာနာမိ ကုတ္ထိ ဝါ၊ ပုရိသော ဝါ ကုတော ဂတော။
အပိ စ အဋ္ဌိသင်္ဃာတော၊ ဂစ္ဆတေသ မဟာပထေ။

ကုတော၊ ဤလမ်းပေါ်မှ။ ဂတော၊ သွားသောသူသည်။ ကုတ္ထိ ဝါ၊ မိန်းမဟူ၍ လည်းကောင်း၊ ပုရိသော ဝါ၊ ယောက်ျားဟူ၍ လည်းကောင်း။ အဟံ၊ ငါသည်။ နာဘိဇာနာမိ၊ မသိခဲ့ပါ။ အပိစ၊ စင်စစ် ငါသိလိုက်တာကတော့။ မဟာပထေ၊ လမ်းဆုံလမ်းဝ ခရီးမ၌။ ဧသ-ဧသော ဤသို့ သဘောရှိသော၊ အဋ္ဌိသင်္ဃာတော၊ အရိုးစုကြီးတခုသည်။ ဂစ္ဆတိ၊ သွားလေ၏။

၁၃၄၁-ခုနှစ်၊ ဝါခေါင်လကွယ်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## အစကောင်းမှ အနှောင်းလှ တရားတော် (ကုဋ္ဌမ္ဗိကတိဿမထေရ် ဝတ္ထု)

မြတ်စွာဗုဒ္ဓေ၊ သက်ရှိနေ၊ လွန်လေ ရှေးအခါ။
သာဝတ္ထိမည်၊ မြို့ဌာနီ၊ ရှိသည် သူကြွယ်မှာ။
ကုဋေလေးဆယ်၊ ဖြိုးဖြိုးကြွယ်၊ မြင့်ထယ် သူ့ဥစ္စာ။
မိဘသေပျောက်၊ လက်ဝယ်ရောက်၊ စိတ်ပေါက် သံဝေဂါ၊
ညီကိုပေးလျက်၊ ရဟန်းတက်၊ တောထွက် တကိုယ်သာ။
ညီ၏မယား၊ ခယ်မကား၊ စိတ်ထား မဖြောင့်လာ။
သာသနာဘက်၊ မပျော်လျက်၊ လူထွက် လာလျှင်သာ။
ပစ္စည်းတဝက်၊ ခွဲဝေလျက်၊ ပေးချက် သူမျှော်ကာ။
ငါးရာခိုးသား၊ ကိုယ်တိုင်ငှား၊ ထေရ်အား သတ်ဘို့ရာ။
ထေရ်၏ခယ်မ၊ လက်ထောက်ချ၊ လာကြ ခိုးသားတွေမှာ။
လက်နက်ကိုင်ငြား၊ ခိုးသစ်းများ၊ အနား ကပ်၍သာ။
မထေရ်ကိုပင်၊ ဝိုင်း၍ပြင်၊ မေးစဉ် လျှောက်တင်လာ။
တည့်ဆိုင်းရန်၊ အတန်တန်၊ အောင်းပန် တိုးလျှိုးကာ။
မထေရ်ပြေးကြွ၊ စိတ်မချ၊ ကြောင်းပြ ငြင်းနေရာ။
အလွန်ကြီးထ၊ ကျောက်တုံး မ၊ ထုချ ဒူးကိုသာ။
ဒူးကျိုးများပြ၊ တောင်းပန်မှ၊ ခွင့်ရ တည့်တာ။

ရည်ရွယ်မပျက်၊ အရဟံတက်၊ ဆက်ဆက် သတ်ဘို့ရာ။
စင်္ကြံဦးမှာ၊ မီးထည့်ကာ၊ ယုံ့သာ စောင့်နေရှာ။
ဒူးဘ ဝေဒနာ၊ ကွာအောင်ခွာ၊ ကောင်းစွာ ရှုနှုတ်လာ။
သီလဖြူစင်၊ သူဆင်ခြင်၊ အစဉ် တိုးတက်ကာ။
ပါမောဇ္ဇပီတိ၊ ပဿဒ္ဓိ၊ ဖြစ်၍ စဉ်အသာ။
လက္ခဏာသုံးတန်၊ အားလုံးရဲ၊ ပွားပြန် ဝိပဿနာ။
ညဉ့်သုံးယံလွန်မြောက်၊ အရဟံပေါက်၊ သူရောက် ရဟန္တာ။
ကိုယ်တိုင်မြည်တမ်း၊ ရွတ်ဆိုမှန်း၊ ဥဒါန်း နှစ်ဂါထာ။
သူသတ်ယောက်ျား၊ ရက်စက်အား၊ ပြုသွား ပရိနိဗ္ဗာန်ပါ။

(မဇ္ဈိမနိကာယ မူလပဏ္ဏာသ ဋ္ဌကထာ နှာ-၂၃၈)

(စမ္ဗဒါနအလှူရှင်) ဒေါ်မြစိန်နှင့် ဦးသိန်းဟန်-ဒေါ်တင်ကြည်
မိသားစုကောင်းမှု။ လိပ်ပြာကန် ၁-လမ်း၊ ပဲခူးမြို့။

# အစကောင်းမှ အနှောင်းလှ တရားတော်
## (ကုဋ္ဌမ္ဗိကတိဿမထေရ် ဝတ္ထု)

### ညီနှင့်ခယ်မ လုံးဝပေးအပ် တောသို့ကပ်

သာဝတ္ထိပြည်၌ တိဿမည်သော သင်္ဘေးသားတယောက်သည် ကုဋေလေးဆယ်ကြွယ်ဝသော မိဘနှစ်ပါး ကွယ်လွန်သွား၏။ မိမိ၏အောက် အလွန်ငယ်သော ညီကလေးတယောက်နှင့် ပေါင်း နှစ်ယောက်သာ ရှိ၏။ အစ်ကို တိဿကပင် အမွေထိန်းလျက် အစစ စောင့်ရှောက်လာခဲ့၏။ မိမိမှာလည်း သံဝေဂအလွန်ဖြစ်၊ ညီကလေးမှာလည်း အရွယ်ရောက်၊ ထို့ကြောင့် လျော်ကန်သင့်မြတ်သော အမျိုးသမီးတဦးဖြင့် ထိမ်းမြားပေးလိုက်၏။ အစ်ကို တိဿသည်လည်း ရဟန်းတက်ပြီး လူသူမနီး တောမြိုင်ကြီးထဲ၌ သပိတ်တလုံး၊ သုံးထည်သော သင်္ကန်းတို့ဖြင့် ရဟန်းတရားများ ပွားများ အားထုတ်၍နေရန် ဆုံးဖြတ်ပြီး ကုဋေလေးဆယ်သော ရွှေ ငွေ အတွင်းအပ ပစ္စည်းဥစ္စာ ဟူသမျှတို့ကို ညီနှင့်ခယ်မအား အကုန်ပေးအပ်လျက် ရည်ရွယ်ချက်အတိုင်း သွားလေပြီ။

### လာရင်းရွယ်ရည် သတ်မည်တဲတဲ တကဲကဲ

တနေ့သ၌ ခယ်မသည် စဉ်းစား၏။ ခဲအို (ကုဋ္ဌမ္ဗိကတိဿ)သင်္ဘေးသား တိဿမထေရ် သာသနာဘောင် ပျော်ချင်မှ ပျော်မှာ၊ မပျော်လို့ လူထွက်လာလျှင် အမွေအနေ ခွဲဝေပေးရပေလိမ့်မည်။ မနေလို့ အိမ်ထောင်ပြုလျှင်လည်း သူ၏အမျိုးသမီး (ဇနီး)က ကုဋေနှစ်ဆယ် ရလိုကြောင်း ပြောဘို့ ပူဆာပေလိမ့်မည်။ ပြဿနာတွေ အများကြီးပေါ်စရာတွေ ရှိနေသည်။ ငါသည် စိတ်မချရ။ ဒါကို စိတ်ချရသလိုလုပ်ပြီး နေလို့မတော်။ ခဲအို ကိုယ်တော်ကြီးကို အပြုတ်တိုက် အပြတ်ရှင်းပစ်မှ တော်တော့မည်။ ဤသို့ ဆုံးဖြတ်လျက် ငွေပေး ငှားသတ်ရန် ခိုးသားငါးရာတို့ဖြင့် ဆက်သွယ်ခဲ့လေပြီ။ အပေးအယူသင့်မြတ်ပြီး

ဤ‌ေတာ၌ နေသည်ဟူ၍ကား သိ၏။ ဘယ်နေရာဟုမူ မသိခဲ့။ ထို့ကြောင့် ခိုးသူကြီး၏ အစီအစဉ်အရ အချိန်းအချက်လုပ်၊ အကွက်ချကာ ခိုးသားများကို စေလွှတ်ပြီ။ တာဝန်ကျ ခိုးသူတို့မှာလည်း တာဝန်အတွက် အောင်မြင်မှုရအောင် ကြိုးစားလေတော့သည်။ ဝိုင်းထားလေပြီ၊ ခုတ်တော့မည်၊ ထစ်တော့မည်ဟူ၍လည်း တကဲကဲ လုပ်နေကြပြီ။

## ဆိုင်းဘိုတည အာမခံပြ ရှာမရ

မထေရ်မြတ်က မေးပြီ။ "ဥပါသကာတို့၊ ဘာအတွက် ငါ၏ နေရာသို့ လာကြစ ပါသနည်း" "အရှင်ဘုရား၊ လာရသည့် အကြောင်းကတော့ အရှင်ဘုရား၏ ခယ်ေလေးရဲ့ (ဤအကြောင်းများကြောင့်) တာဝန်ပေးချက်အရ အရှင်အား သတ်ဘို့ရန် လာခဲ့ရပါသည်" မထေရ်မြတ်က ဆက်၍ "အို-ဥပါသကာကြီးတို့၊ အားလုံး သဘောပေါက်ပါသည်။ သတ်ရပါသည်။ သို့သော် တည၌ ဆိုင်းစေလိုပါသည်။ နက်ဖြန် အရုဏ်တက်သည့်အခါ သဘောအတိုင်းပါ။အာမခံချက်ယုံကြည်စရာတခုခုကို ပေးပါရစေ" "အို-အရှင်ဘုရား၊ ရှုပ်မနေပါနှင့်။ ဤ တောကြီးထဲမှာ ဘယ်သူ့ကို အာမခံပေးမှာလဲ။ သတ်ဘို့ အမိန့်သာ ပါလာပါတယ်၊ တည၌ ဆိုင်းဘို့အမိန့် ပါမလာပါ။ ဒီကိစ္စ လာကြတာ ဒီကိစ္စကိုဆောင်ရွက်ပြီးမှ အေးတော့မည်" ခုတ်တော့မည်၊ သတ်တော့မည် တကဲကဲလုပ်နေကြပြီ။ မထေရ်မြတ်မှာလည်း အားကိုးစရာ၊ အာမခံပေးစရာ ဘာမျှ ရှာမတွေ့တော့ပေ။

## ညဉ့်၏သုံးယံ အကျန်မရှိ အားထုတ်ဘိ

အမြဲလို ခေါင်းအုံခဲ့သည့် ကျောက်တုံးကြီးကိုတွေ့၍ အားတက်သည်။ ယင်း ကျောက်တုံးကြီးကို မနိုင့်တနိုင် ကိုင်မ၍ ပေါင်ရိုး ဒူးရိုးများကို ထုချိုးလိုက်ပြီ။ ယင်း ပေါင်ကျိုး ဒူးကျိုးများတို့ပြ၍ ဤသည်ပင် ခိုင်လုံသော အာမခံချက်ပင်ဟု ပြသ ဆိုင်းခိုင်းလေတော့သည်။ လက်ခံကြပြီ။ သို့သော် အရပ်တပါး ပြန်မသွားကြ။ စကြံသမ်းလေး၏ထိပ်၌ မီးထည့်လှုံလျက် တစေ့တစောင်း မထေရ်ကြီးကို လှမ်း၍ လှမ်း၍ ကြည့်နေသည်။ မထေရ်မြတ်သည် ခံစားနေရသော ဝေဒနာကို ကွာအောင် ခွာလျက် မိမိ၏ ကိုယ်ကျင့်သီလကို ပြန်လည်ဆင်ခြင်လိုက်သော် အလွန် စင်ကြယ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ပါမောဇ္ဇ ပီတို ပဿဒ္ဓိ သုခ သမာဓိ ယထာဘူတ ဉာဏဒဿန စသည်

အစဉ်အတိုင်း ဖြစ်လျက် ညဥ့်သုံးယံ ၂တ်လုံး ဝိပဿနာပွား၊ ရဟန်းတရားများ အားထုတ်လေ၏။

## ဂါထာဥဒါန်း မြည်တမ်းရွတ်ဆို ဝမ်းမြောက်လို

အရဏ်တက်လာမည့်အချိန်သည် မထေရ်(ကုဋုမ္ဗိကတိဿ)၏ အားထုတ်ချိန် ကုန်လျက် ခိုးသူကြီးတို့၏ လက်အောက်၌ အသက် ပျောက်ရမည့်အချိန် ဖြစ်သည်။ အရဏ်၏ အနီးမှာပင် ကပ်၍ အာသဝေါကုန်တုံး အကျင့်ဆုံးသည့် အရဟတ္တဖိုလ်ဉာဏ် (ရဟန္တာအဖြစ်)သို့ ဆိုက် ရောက် သွား လေ ပြီ။ အလွန် ကျေနပ်လျက် အောက်ပါ ဥဒါန်း နှစ်ဂါထာကို ကျူးရင့်တော်မူပြီး ခိုးသူကြီး တို့၏ ဒဏ်ကြောင့် ပရိနိဗ္ဗာန် ဝင်စံသွားလေသည်။

ဥဒါန်း နှစ်ဂါထာတို့ကား–

ဥဘော ပါဒါနိ ဘိန္ဒိတွာ၊ သညပေဿာမိ ဝေါ အဟံ။
အဋ္ဋိယာမိ ဟရာယာမိ၊ သရာဂ မရဏံ အဟံ။ ။
ဧဝါဟံ စိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ။
သမ္ပတ္တေ အရုဏုဂ္ဂမှိ၊ အရဟတ္တ မပါပုဏိံ။ ။

အဟံ၊ ငါသည်။ ဝေါ၊ သင်တို့အား။ ဥဘော ပါဒါနိ၊ နှစ်ဘက်သော ခြေတို့ကို။ ဘိန္ဒိတွာ၊ ချိုး၍။ သညပေဿာမိ၊ အာမခံမသေ့ သိစေခဲ့ပါ၏။ အဟံ၊ ငါသည်။ သရာဂမရဏံ၊ ရာဂမကင်း သေလိုက်ခြင်းတွို၊ အဋ္ဋိယာမိ၊ မသေ့ ကောင်းစွာ ကြောက်လှပါ၏။ ဟရာယာမိ၊ မသေ့ကောင်းစွာ ရှက်လှပါ၏။

အဟံ၊ ငါသည်။ ဧဝံ၊ ဤသို့။ စိန္တယိတွာန၊ ကြံဆ၍။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ (ဝါ) ရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှုကို။ ဝိပဿိသံ – ဝိပဿိ သန္တော၊ ရှုမှတ် ပွားများလျက်။ အရုဏုဂ္ဂမှိ၊ အရဏ်တက်ခြင်းသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိ၊ ဆိုက်ရောက် ခဲ့ပါပြီ။

ဣတိ၊ ဤသို့ မထေရ်မြတ်ကိုယ်တိုင်။ ဒွိဟိ ဂါထာဟိ၊ နှစ်ဂါထာတို့ဖြင့်။ ဥဒါနံ၊ ဥဒါန်းကို၊ ဥဒါနေသိ၊ ကျူးရင့်တော်မူခဲ့လေပြီ။

၁၃၄၁-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးကောသိပါလ ဟောကြားအပ်သော

## ကိုယ်အလုပ်မှန် ဝိုင်းထောက်ခံ တရားတော်

ဂျဿဂျ ပဖေထဲ့ဖေလး ဝ၂၂၁

ပုံကာ့အတွင်းနေ၊ ထိုမထေရ်၊ မြဲပေ ဆွမ်းခံလာ။
မိခင် သမီး၊ ကြည်ညိုပြီး၊ ရင်းနှီး ပြုစုရှာ။
တနေ့သင်ရှား၊ တောအသွား၊ မှာကြား နေပုံမှာ။
ဆန်ရင်းသပ်သပ်၊ ထောပတ် နို့ ခဲ၊ ပျား တင်လဲ၊ ဟိုထဲ အသင့်ပါ။
သားတော်အရှင်၊ ရောက်လျှင်အပြီး၊ ငါ့သမီး၊ ကြို ဆီး လောင်းလိုက်ကာ။
မင့်အစ်ကိုကြီး၊ လောင်းလှူပြီး၊ သမီး စစားနှင့်ပါ။
အသိုးထမင်း၊ အသိုးဟင်း၊ ကျန်ကြွင်း မနေ့ကပါ။
ဒိန်ခရက်ဘက်၊ ရေစွက်စွက်၊ ဖျော်လျက် စားမှာပါ။
မထေရ်ကြွစဉ်၊ အားလုံးပင်၊ ကြားလျှင် စဉ်းစားလေ။
လှူနတ် နိဗ္ဗာန်၊ ဤသုံးတန်၊ အမှန် တောင့်တပါ။
ပေးနိုင် မပေးနိုင်၊ ဆုံးဖြတ်ပိုင်၊ ရင်ဆိုင် ငါ့ဝန်တာ။
မပေးနိုင်ဘက်၊ ဆုံးဖြတ်လျက်၊ ပြန်ထွက် ကျောင်းသို့သာ။
ရဟန္တာ မဖြစ်သမျှ၊ ငါမထ၊ စောက်ချ အားထုတ်ရာ။
နေမလွဲခင်၊ အားလုံးပင်၊ ကင်းစင် ကိလေသာ။
ပဒုမ္မာကြာ၊ ပွင့်ပမာ၊ ထွက်လာ ပြုံးလျက်သာ။

လိုဏ်တံခါးဝ၊ သစ်ပင်မှ၊ စောင့်ထ နတ်ရာဇာ။
ဝမ်းမြောက်အထူး၊ ဥဒါန်းကျူး၊ ရွှင်မြူး ထောက်ခံလာ။
မထေရ်မြတ်လဲ၊ သပိတ်ဆွဲ၊ ကြွမြဲ ကြွ၍လာ။
မထေရ်လက်မှ၊ သပိတ်ယူ၊ လောင်းလှူ ကပ်လိုက်ပါ။
သုခံ ဟောတု၊ ဆုကိုပြု၊ ပြန်မှု ကျောင်းသို့သာ။
ကိုယ်ရေ ကိုယ်သား၊ စင်ကြယ်ထား၊ တအား သပ္ပာယ်စွာ။
ကြည်သင်ပြတ်သား၊ ဣန္ဒြေများ၊ ထင်ရှား နောင်တော်မှာ။
ထန်းသီးမှည့်အဆင်း၊ ဝါလျက်ဝင်း၊ မယွင်း မျက်နှာတော်မှာ။
ရဟန်းကိစ္စ၊ ပြီးဆုံးကြွ၊ မုချ သားတော်မှာ။
သာသနာတွင်၊ ပျော်မွေ့ရှင်၊ အစဉ် စိတ်ချရာ။
ကိုယ့်အလုပ်မှန်၊ ဝိုင်းထောက်ခံ၊ ဘေန် မှတ်လိုက်ပါ။ ။

(မဇ္ဈိမနိကာယ မူလပဏ္ဏာသ ဋ္ဌကထာ၊ ပ၊ နှာ-၂၉၈)

(ဓမ္မဒါနအလှူရှင်)' နှစ်ဘက်သော မိဘများကို အမှူးထား၍
ကိုတင်ဝင်း-မအေးမြင့် ကျောင်းမှူး။ အမှတ် (၉၁)၊ ညောင်ဝိုင်း ၈-လမ်း။
ပဲခူးမြို့။

## ကိုယ့်အလုပ်မှန် ဝိုင်းထောက်ခံ တရားတော်

(ကဿက မထေရ်လေး ဝတ္ထု)

မုပ်သားဘွယ် အကျဉ်းချုပ်

❀

### ထမင်းအသိုး ဟင်းသိုးပုံးရည် စားတော့မည်

မထေရ်မြတ်သည် ကဿကမည်သော လှိုဏ်ဂူ၌ နေ၏။ ထို့ကြောင့် ကဿက မထေရ်ဟူ အမည်တွင်၏။အမည်ရင်း မဟုတ်။ ယင်း မထေရ်၏ ဆွမ်းခံရွာ၌ ဥပါသိကာမကြီး တယောက် ရှိ၏။ မထေရ်ကို သားကဲ့သို့ သဘောပေါက်ပြီး လုပ်ကျွေး ပြုစုနေ၏။ ထိုဥပါသိကာမကြီးသည် တနေ့သ၌ ဟင်းရွက် စဆည်အတွက် တောသို့သွားရန် အစီအစဉ် ရှိ၏။ ယင်း တောသို့ သွားခါနီးမှာ သမီးကို အနီးသို့ ခေါ်ပြီး မှာ၏။ အချိန်ကား နံနက် မိုးလင်းသာသာ အချိန်လေးပါတည်း။ မှာပုံမှာ–

(၁) ချစ်သမီး၊ ဤမည်သော နေရာ၌ ဆန်ဟောင်း ဆန်ကောင်းရှိ၏။ ဤမည်သော နေရာ၌ နို့ရည် ရှိ၏။ ဤမည်သော နေရာ၌ ထောပတ် ရှိ၏။ ဤမည်သော နေရာ၌ တင်လဲ ရှိ၏။
(၂) သမီး၊သင်၏ နောင်တော် ကိုဘုရားကြွလာတော်မူသောအခါ၌ အသင့် ဖြစ်စေရန် ထမင်းလေးတလုံး ချက်ပါ၊ နို့ရည်၊ ထောပတ်၊ တင်လဲတို့ဖြင့် လောင်းလှူပါလော။
(၃) ငါ့သမီးလည်း မင်းနောင်တော် ကိုဘုရား၏ လောင်းလှူပြီး ဆွမ်းကျန် ပန်းကျန်များဖြင့် စားနှင့်ပါလော။ အမေကတော့ မနေ့ညက ကျန်နေတဲ့ အသိုးထမင်း အသိုးဟင်းလေးကို ဆန်ပုံးရည်ဖြင့်သာ စားလိုက်ပါတော့မည်။

## ရာဂ ဒေါသ မောဟရှိခိုက် မခံထိုက်

မထေရ်လည်း သက်န်းရုံ၊ သပိတ်ပိုက်၊စောစော ကြွလာခဲ့မိ၏။ အောက်လှေကားမှ အသံကို ကြား၍ နားထောင်၏။ များစွာ သနားဖွယ်ရာ ဖြစ်မိ၏။ သံဝေဂလည်း ဖြစ်မိ၏။ ထို့ကြောင့် မိမိကိုယ်ကို ဆုံးမ၏။

(၁) ဥပါသိကာမကြီးသည် ဆန်ပုံးရည်နှင့် အသိုးထမင်း အသိုးဟင်းကလေးကို စား၏။ သင့်အတွက်သာ ဆန်ဟောင်း ဆန်ကောင်းစသည်တို့ကို မှာနေ၏။

(၂) ထိုဥပါသိကာမကြီးသည် သင့်ကို မှီ၍ လယ်ကို တောင့်တပြီး လှူသည်လည်း မဟုတ်။ ယာကို တောင့်တပြီး လှူသည်လည်း မဟုတ်။ ထမင်း၊ အဝတ်တို့ကို တောင့်တပြီး လှူသည်လည်း မဟုတ်။

(၃) လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတည်းဟူသော ချမ်းသာ သုံးမျိုးကို တောင့်တပြီး လှူခြင်း ဖြစ်၏။ သင်သည် သူ တောင့်တသည့် ချမ်းသာသုံးမျိုးကို ပေးနိုင် မပေးနိုင် စဉ်းစားဘို့ လို၏။

ဤသို့ မထေရ်ကိုယ်တိုင် မိမိကိုယ်ကို မိမိဘာသာ အဖြေပေါ်လာစေ၏။ ယင်း အဖြေကား သင့်မှာ (ရာဂ၊ ဒေါသ၊ မောဟ) ဟူသော တရားဆိုးကြီးများ ရှိနေသေး၍ ဤဆွမ်းကို အလှူမခံသင့်ဟူ၍ ဆုံးဖြတ်ချက် ချလိုက်၏။

## ရက္ခစိုးနတ် မိန့်လတ်အထူး ဥဒါန်းကျူး

ဤသို့ ဆုံးဖြတ်ကာ သပိတ်ကို အိတ်ထဲသို့ ပြန်ထည့်၊ သက်န်းအနား ပတ်သီးဖြုတ်၊ ပြန်လှည့်ပြီး ကဿကလိုဏ်ဂူသို့ ပြန်လေ၏။ သပိတ်ထား၊ သက်န်းရုံ ဖျက်ပြီး၊ ငါသည် ရဟန္တာ မဖြစ်သမျှ (ဝါ) ရာဂ၊ ဒေါသ၊ မောဟ မကင်းသမျှ လိုဏ်ထဲမှ ပြန်မထွက်လာတော့ဟု အဓိဋ္ဌာန်ပြုပြီး ရှုမှတ် ပွားများ အားထုတ်လေ၏။ အားထုတ်၍ နှစ်ရှည်လများ များစွာ ကြာခဲ့လေပြီ။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး ဝိပဿနာများ အထူးရှုပွားလေ၏။ မွန်းမလွဲမီပင် ရဟန္တာ အဖြစ်သို့ ရောက်၏။ ပွင့်တော်မူစ ပဒုမ္မာ ကြာပွင့်ကြီးကဲ့သို့ ပြုံးတော်မူကာ ထွက်လာတော်မူ၏။ ကဿကလိုဏ်၏ တံခါးအနီး၌ ကြီးမားသော သစ်ပင်ကြီး

ရှိ၏။ ယင်း သစ်ပင်ကြီး၌ စိုးအုပ်၍နေသော ရုက္ခစိုး နတ်မင်းကြီးက မထေရ်မြတ်အတွက် ဥဒါန်းကျူးလေ၏။ (ဝါ) ဝမ်းသာအားရ လိုက်လှဲ ကြိုဆို **စကား** ပြောလေ၏။ ဥဒါန်းမှာ–

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျောသိ မာရိသ။ ။

ပုရိသာဇည၊ အို–ယောက်ျားမြတ် အာဇာနည်။ တေ၊ ဆင့်အား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ အို–ယောက်ျားမြတ် သူရဲကောင်း။ တေ၊ သင့်အား။ နမော၊ ရှိခိုးပါ၏။ ယဿ တေ၊ အကြင်သင့်အား။ အာသဝါ၊ အာသဝေါတရား လေးပါးတို့သည်။ ခီဏာ၊ ကုန်သွားကုန်ပြီ။ မာရိသ၊ အလွန်တရာ ရှိသေလှစွာသော အို–အရှင်ဘုရား။ တဿ တေ၊ ထိုသင့်အား။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်သူအဖြစ်သို့ ရောက်သည်။ အသိ၊ ဖြစ်ပြီ။

ဤသို့ ဥဒါန်းစကား ပြောကြားပြီးသည့်အခါ ရုက္ခစိုး နတ်မင်းကြီးက ဆက်လျှောက်လေ၏။

ဘန္တေ ပိဏ္ဍာယ ပဝိဋ္ဌာနံ တုမှာဒိသာနံ အရဟန္တာနံ
ဘိက္ခုံ ဒတွာ မဟလ္လကိတ္ထိယော ဒုက္ခာ မုစ္စိဿန္တိ။ ။

"အရှင်ဘုရား၊ ဆွမ်းအလို့ငှာ ဝင်ကုန်သော သင်သို့သဘောရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဆွမ်းကို ဖေးလှူရခြင်းကြောင့် အဖွားကြီး သားအမိတို့သည် ဆင်းရဲဝဋ်မှ လွတ်ကြရကုန်လိမ့်လတ္တံ့။

## ကြည်ညိုစိတ်တွေ ထွေထွေပေါ်လှ ဖျောက်မရ

အချိန်ရှိသေးကြောင်း သိ၍ ချီးမြှင့်ဘို့ရန် သင်္ကန်းရုံ၊ သပိတ်ပိုက်ကာ ရွာသို့ ကြွလာပြီ သူငယ်မလေးသည်လည်း စောင့်လျက် တံခါးကိုသာ ကြည့်၍ နေ၏။ သူငယ်မသည် မထေရ် တံခါးသို့ ရောက်သည်ရှိသော် သပိတ်ကို လှမ်းယူပြီး အမေမှာခဲ့သည့်အတိုင်း သောင်းလှူ ကပ်လိုက်လေ၏။ မထေရ်က (သုခံဟောတု) "မယ်တော် ချမ်းသာပါစေ၊ ညီမလေး ချမ်းသာပါစေ" ဤမျှသာ အနုမောဒနာပြုပြီး ပြန်ကြွလေ၏။ သူငယ်မသည်လည်း ထိုမထေရ်မြတ်ကို ကြည့်ယင်း ကြည့်ယင်း တဖြည်းဖြည်း နီးရာမှ ဝေး၊ ကြီးရာမှ သေးပြီး တောကလေး ကွယ်သွားသည်အထိ ရပ်ကြည့်နေမိသည်၊ သူမ၏စိတ်၌ ကြည့်ရတာ

ရှေးကနှင့် မတူ၊ အကြည့် ခံစားချက်များ အလွန်ကို ထူးနေ၏။ အကြောင်းကား ထိုအခါ မထေရ်မြတ်မှာ ကိုယ်ရေ ကိုယ်သားတွေ အလွန် စင်ကြယ်နေ၏၊ စက္ခု စသော ဣန္ဒြေတို့သည်လည်း အလွန်ကို ကြည်လင်နေကုန်၏။ မျက်နှာ တော်သည်လည်း အညှာမှကြွေကျသော ထန်းသီးမှည့်ကြီးကဲ့သို့ ဝင်းပြီး အလွန်ကို တင့်တယ်နေလေ၏။ သူမ၏ မျက်စိထဲမှာကား ဖျောက်မရ ဖြစ်နေ၏။ ကြည်ညိုစိတ်တွေ ပေါက်နေခြင်း ဖြစ်၏။

## ရဟန်းကိစ္စပြီးမှ သာသနာ စိတ်ချရ

မိခင် ဥပါသိကာမကြီးလည်း တောမှ ပြန်အလာ၊ ရပ်နေသော သမီးလေးနှင့် တွေ့ကြပြီ။ "သမီး၊ ငါ့သမီးရဲ့ နောင်တော် ကိုဘုရား ကြွလာပါရဲ့လား"ဟု မေးလေ၏။ အကင်းပါး စကားကြွယ် သမီးငယ်မှာ နောင်တော်ဘုရား ကြွလာ၍ လောင်းလှူလိုက်ရတဲ့ အကြောင်း၊ နောင်တော် ဘုရားအား ဖူးမြင်လိုက်ရတဲ့ အကြောင်း မိမိ၏ ကိုယ်တွေ့ အမြင်ကလေးတွေကို ကုန်စင်အောင် ရုံဘင် ဖော်ပြနေလေတော့၏။ မောမောဖြင့် တောမှ ရောက်စ ဥပါသိကာကြီးမှာလည်း သမီး၏ မြိန်မြိန် ယှက်ယှက် တင်ဆက် ခရစေ့တွင်းကျ တအား ပြောပြနေခြင်းကို အထူး စိတ်ဝင်စားနေ၏။ သမီး၏စကား ဆုံးသွားသည့်အခါ အောက်ပါအတိုင်း သမီးအား ပြောပြလေ၏။

(၁) အဇ္ဇ မေ ပုတ္တဿ ပဗ္ဗဇိတကိစ္စံ မတ္ထကံ ပတ္တံ ="ယနေ့ ငါ၏ သားတော်မှာ ရဟန်းကိစ္စ ပြီးဆုံးသွားပြီ"

(၂) အဘိရမတိ တေ အမ္မ ဘာတာ ဗုဒ္ဓသာသနေ န ဥက္ကဏ္ဍတိ= "ချစ်သမီး၊ မင်း၏နောင်တော် ကိုဘုရားသည် ဘုရား သာသနာ တော်၌ ပျော်သွားပြီ၊ စိတ်ချရပြီ။ ဘယ်တော့မှ ပျင်းရိတော့မှာ မဟုတ်တော့ဘူး"

၁၃၄၁-ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနဗိမာန်တော်၌

# ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

## တဝက်ထဲကျန် အလံမလှဲ တရားတော်

### တောနေ ရဟန်းကြီး အပါး ၃၀ တို့ ရင်ဆိုင်ခဲ့ရသော ပြဿနာများ

နိဗ္ဗာန်လိုသား၊ ရဟန်းများ၊ အပါး သုံးဆယ်သာ။
ဘုရားထံမှ၊ ကမ္မဋ္ဌာန်းယူ၊ ကြွတူ တောသို့ပါ။
တောမှာဝါကပ်၊ အကျင့်မြတ်၊ ကျင့်လတ် မြိုင်ဆိုင်စွာ။
တပါးနှင့် တပါး၊ ခေါ်မကြား၊ နေခြား အားထုတ်ရာ။
တပါးသည် တပါးထံ၊ မလာရန်၊ ထားပြန် စည်းကမ်းမှာ။
သန်းခေါင်ကျော်ပေ၊ အိပ်ပျော်နေ၊ ဆွဲလေ ကျားကြီးမှာ။
တနေ့တပါး၊ ဆွဲ၍သွား၊ သူစား နေ့စဉ်သာ။
ဆယ့်ငါးရက်စု၊ ဥပုသ်ပြုစဉ်၊ ဆယ့်ငါးပင်၊ တွေ့မြင် မေးစစ်ရာ။
ခပ်နီးနီးနေ၊ ကျားဆွဲလေ၊ သိစေ နည်းမိန့်ကာ။
ဆွဲခနကျ ကျား၊ လာဆွဲသွား၊ ကျား ကျား သိစေရာ။
ဒုတ်တွေ ခဲတွေ၊ မီးတုတ်တွေ၊ လိုက်လေ ဝိုင်း၍သာ။
လိုက်ကြသအား၊ လူနှင့် ကျား၊ ပြေးသွား မတူပါ။
ကျားပါးစပ်ထဲ၊ လိုက်ပါဆဲ၊ မှတ်မြဲ မှတ်လျက်သာ။
အလွန်ခပ်စောက်၊ တောင်ထိပ်ရောက်၊ သူ့နောက် မတက်နိုင်ပါ။
စားဘို့သူပြင်၊ မြွေ့မြွေ့ပင်၊ နာကျင် ထေရ်မြတ်မှာ၊

ခြေမလေးအား၊ စရှိစား၊ မှတ်အား မလျော့ပါ။
ပယ်နည်းအမှန်၊ သုံးပဟာန်၊ မှတ်ရန် ဝိက္ခမ္ဘနာ။
ဝေဒနာများ၊ ခွာရှိထား၊ ရှုပွား ဝိပဿနာ။
ဖမျက်ကုန်ပြန်၊ သောတာပန်၊ အမှန် တည်ခဲ့ပါ။
ပုဆစ်ကုန်ပြန်၊ သကဒါဂါမ်၊ အမှန် တည်ခဲ့ပါ။
ချက်ထိကုန်ပြန်၊ အနာဂါမ်၊ အမှန် တည်ခဲ့ပါ။
အတ္ထဓမ္မထည့်၊ နိရုတ္တိ၊ ပဋိ ဘာဏသာ။
ပဋိသမ္ဘိဒါဉာဏ်၊ ဉာဏ်လေးတန်၊ ခြံရံ ပြည့်ဝစွာ။
နှလုံးသားဆီ၊ မရောက်မီ၊ ဖြစ်ပြီ ရဟန္တာ။
တဝက်ထဲကျန်၊ အလံမလှဲ၊ သတ္တိ ဇွဲ၊ သဲပြီး ရှုမှတ်လာ။

(ဒီဃနိကာယ မဟာဝဂ္ဂ ဋ္ဌကထာ နှာ-၃၃၉)

(ဓမ္မဒါနအလှူရှင်) ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ကျေးဇူးရှင်များကို
ရည်စူး၍ သမီး မလှမြင့်၊ မအေးသွင် ကောင်းမှု။
ညောင်ဝိုင်း (၁၁) လမ်းထိပ်၊ ပဲခူးမြို့။

## တံဝက်ထဲကျန် အလံမလှဲ တရားတော်

## တောနေ ရဟန်းကြီး အပါး ၃၀ တို့ ရင်ဆိုင်ခဲ့ရသော ပြဿနာများ

## မှတ်သားဘွယ် အကျဉ်းချုပ်

### ဥပုသ်ပြုရာ သံဃာဆယ့်ငါး မေးမြန်းထား

အပါး ၃၀-သော ရဟန်းတော်ကြီးတို့သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းကို ယူ၍ တော၌ ဝါကပ်ပြီး သံဃာ့ထေရ်ကြီးက "ငါ့ရှင်တို့၊ ညဥ့်သုံးယံပတ်လုံး ရဟန်းတရား သမထ ဝိပဿနာများကို အားထုတ်ခြင်းကို ပြုအပ်၏။ တပါးသည် တပါး၏အထံသို့ မသွားအပ်" ဟု ဆုံးမ၍ တောထဲမှာပဲ နေကြကုန်၏။ ထိုရဟန်းကြီးတို့သည် ရဟန်း တရားကို ပြုပြီး၍ သန်းခေါင်ကျော်သော အခါ အိပ်ပျော်နေကြကုန်စဉ် ကျားဆိုးကြီး တကောင် လာ၍ တညဥ့် တပါး ရဟန်းကြီးများကို ချီ၍ သွားလေ၏။ ယင်း ရဟန်း ကြီးက "ငါ့ကို ကျား ချီသွား ပြီ" ဟု တခွန်းတလေမျှ မပြော။ အမိန့်ကို ရိုသေ လေးစား၏။ အသေခံမည် ဖြစ်၏။ ဆယ့်ငါးရက်ကြာသော် ဆယ့်ငါးပါးကို ကျားစားသွားလေပြီ၊ ဥပုသ် ပြုသောနေ့၌ ဆယ့်ငါးပါးထဲ တွေ့တော့သဖြင့် သံဃာ့ထေရ်ကြီးက မေးလေ၏။ မေးပုံမှာ "သံဃာ ဆယ့်ငါးပါးပဲ ရှိတော့၏၊ ဆယ့်ငါးပါး အဘယ်မှာ နည်း" ဟူ၍ ဖြစ်၏။

### အမှတ်မလွတ် မချွတ်စေရန် စိတ်အားသန်

သံဃာ ဆယ့်ငါးပါး ကျားဆွဲသွားမှန်း သိ၍ မိမိအား ကျားဆွဲလျှင် ကျားဆွဲကြောင်း အသိပေးရမည်၊ အော်ဟစ်ရမည်ဟု အမိန့်ပေးထား၏။ သတိနှင့် နေကြ၏။ တနေ့သည်၌ သန်းခေါင်ကျော်အချိန် ရဟန်းတပါးကို ရှေးနည်းအတိုင်း ကျားဆိုးကြီး ဝင်ဆွဲပြန်၏။ ကျားဆွဲကြောင်း အသိပေး၏။ ခဲ

ဒုတ် မီးစည်း မီးတိုင်တို့ဖြင့် ယူ၍ ကျားပါးစပ်ထဲမှ ကိုယ်တော်ကြီး လွတ်စေအံ့ဟု ကြံစည်ပြီး အတင်း နောက်က အော်ဟစ် ပြောဆို လိုက်ကြကုန်၏။ ကျားကြီး သည်လည်း ရဟန်းများ မတက်နိုင်သည့် တောင်ထိပ်ပေါ် တက်ပြေးလေ၏။ ရဟန်းကြီး ၁၄-ပါးလည်း လက်လျှော့ ပြန်သွားကြလေကုန်၏။ ကျားကြီးသည် ထိုရဟန်းကြီးကို ခြေမကလေးမှ စ၍ စားခြင်းငှာ အားထုတ်၏။ ရဟန်းတော် ကြီးလည်း အမှတ်ကိုသာ ဂရုစိုက် မလွတ်စေပဲ အတင်း တွန်း ရှုမှတ်လေ၏။

## မိမိရည်မှန်း ဥဒါန်းစကား ဟောမြွက်ကြား

မထေရ်မြတ်သည် ကျားပါးစပ်ထဲမှာ လဲလျောင်းကာ မှိန်းကာ ရှုမှတ် လျက်သာ နေခဲ့၏။ ထိုကျားကိုက် ဝေဒနာကို ခွာ၍ရှုမှတ်မှု အသိလေးကို ပွားစေ သည်ရှိသော် ကျားကြီး တအားစား၍-

(၁) ခြေချက်စိ ကုန်သောအခါ သောတာပန် တည်၏။

(၂) ဒူးဆစ်များ ကုန်သည့်အခါ သကဒါဂါမ် တည်၏။

(၃) ချက်ထိအောင် ကုန်သည့်အခါ အနာဂါမ် တည်၏။

(၄) နှလုံးသားအနီး (ဟဒယ ဝတ္ထုရုပ်) ကို မခဲ မစားရသေးမီ အချိန်လေးမှာ ရဟန္တာဖြစ်၊ အရဟတ္တဖိုလ် ဉာဏ်ကို မျက်မှောက် ပြုသွား၏။ ဓမ္မ ပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ၊ နိရုတ္တိ ပဋိသမ္ဘိဒါ၊ ပဋိဘာဏ ပဋိသမ္ဘိဒါဟူသော ပဋိသမ္ဘိဒါလေးပါး တို့နှင့် ပြည့်စုံသော (ပဋိသမ္ဘိဒါပတ္တ) ရဟန္တာ ဖြစ်၏ ဟူလို။

ရဟန္တာ ဖြစ်သည့်အခါ အောက်ပါ နှစ်ဂါထာတို့ဖြင့် ဥဒါန်းကျူး လေ၏။

(က) သီလ ဝါ ဝတသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
မုဟုတ္တံ ပမာဒ မန္ဝါယ၊ ဗျဂ္ဃေနေစ ရုဒ္ဓမာနသော။ ။

(ခ) ပဉ္စရသ္မိံ ဂဟေတွာန၊ သိလာယ ဥပရိကတော။
ကာမံ ခါဒတု မံ ဗျဂ္ဃော၊ အဋ္ဌိယာဝ နှာရုသစ။
ကိလေသေ ခေပယိဿာမိ၊ ဖုသိဿာမိ ဝိမုတ္တိယံ။ ။

## ဥဒါန်းအတွက် အနက်မြန်မာ ပြန်ဆိုရာ

သီလ ဝ ါ၊ သီလနှင့် ပြည့်စုံသော။ ဝတသမ္ပန္နော၊ ဓုတင် အကျင့်နှင့် ပြည့်စုံသော။ ပည ဝ ါ၊ ပညာရှိသော။ သုသမာဟိတော၊ ကောင်းစွာ တည်ကြည်သော။ မုဟုတ္တံ၊ တခဏမျှ။ ပမာဒံ၊ အိပ်မွေ့ဖြင့် မေ့လျော့ခြင်းကို။ အနွာယ၊ စွဲ၍၊ ဗျဂ္ဃေန၊ ကျားသည်၊ ဩရုဒ္ဓမာနသော၊ ကပ်၍ နှိပ်စက်အပ်သော စိတ်ရှိသော၊ ယောအဟံ၊ အကြင် ငါ့ကို။

ပဗ္ဘာရည်၊ ကိုယ်၌၊ ဂဟေတွာန၊ ချီ၍၊ သီလာယ၊ ကျောက်ဖျာ၏။ ဥပရိ၊ အထက်၌၊ ကတော၊ မှုထားအပ်ပြီ။ တံ မံ၊ ထို ငါ့ကို။ အဋ္ဌိယာ စ၊ အရိုးဖြင့် လည်းကောင်း၊ နှာရုယာ စ၊ အကြောဖြင့် လည်းကောင်း။ အဘ္ဘှကော၊ အလိုရှိသော။ ဗျဂ္ဃော၊ ကျားသည်။ ကာမံ၊ အလိုရှိတိုင်း။ ခါဒတု၊ စားပစေ။ အဟံ၊ ငါသည်။ ကိလေသေ၊ ကိလေသာတို့ကို။ ခေပယိဿာမိ၊ ကုန်စေအံ့။ ဝိမုတ္တိယံ၊ အရဟတ္တဖိုလ်သို့။ ဖုသိဿာမိ၊ ရောက်အံ့၊ ဤသို့ ဥဒါန်းကျူးတော်မူသွားသည်၊

၁၃၄၁-ခုနှစ်၊ တော်သလင်းလဆုတ် (၈) ရက်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### တိဟိတ်စစ်မှန် ကျင့်အားသန် တရားတော်

### (ပိတမလ္လ မထေရ်ကြီး ဝတ္ထု)

ပိတမလ္လ၊ ခေါ်ဝေါ်ကြ၊ မည်ရ ဥပသကာ။
ရဟန်းဘဝမှ၊ ရှေ့ကာလ၊ ငယ်ထ နုစဉ်မှာ။
န တုမှာကံ၊ ဟောမိန့်သံ၊ သုတ္တန် ဒေသနာ။
ရုပ်ရော နာမ်ပါ၊ ကိုယ့် ဟာဟူဘိ၊ ဘယ်မရှိ၊ မှတ်သိ ဆုံးဖြတ်ရာ။
မပိုင်ရုပ်နာမ်၊ စိတ်စွဲပြန်၊ ခေါ်ရန် ဆန္ဒ ရာဂသာ။
ဆန္ဒ ရာဂ၊ ပယ်ထပညာ၊ ရှိလေပါ၊ ချမ်းသာ ရှည်မြင့်စွာ။
စိတ်ဆင်ဟုညွှန်၊ ပညာချွန်း၊ မိန့်ခွန်း ဥပမာ။
သာမဏေဖြစ်မှု၊ ရဟန်းပြု၊ သင်စု ဒွေမာတိကာ။
ရဟန်းသုံးဆယ်၊ ခေါ်သယ်အပြင်နား၊ ထင်အရှား၊ တရား ရှုမှတ်လာ။
အိပ်ပျော်ငိုက်မျည်း၊ အချည်းနှီး၊ ကင်းပြီး နေစေငှာ။
လျောင်း ထိုင် ရပ်မှု၊ မပြုသုံးထွေ၊ အမြဲပေ၊ လျှောက်လေ စင်္ကြံသာ။
စင်္ကြံလျှောက်ပိုင်၊ မစွမ်းနိုင်၊ ယိမ်းယိုင် ဒူးဖြင့်သာ။
ညဥ့်နက်ခည်းမည်း၊ မှောင်ကြီးထဲ၊ သဲမဲ မှတ်နေရာ။
ချေ လား သမင်လား၊ အသင်ပွား၊ တအား မုဆိုးမှာ။
လှံဖြင့်ဝင်တိုး၊ ခါခါထိုး၊ ဖြစ်ဆိုး ဗိုက်ပေါက်ရှာ။

ရှုမှတ်စိတ်ရင်း၊ လွန်ထန်ပြင်း၊ အတင်း ခွင့်တောင်းကာ။
လေမဝင်ဘို့၊ မြက်ဖြင့်ဆို့၊ ထိုင်လို့ ကျောက်ဖျာမှာ။
ရှုလေ ရှိက်လေ၊ ဉာဏ်နှစ်ထွေ၊ တိုရှေ ထိုက်သင့်ရာ။
အနှေးအမြန်၊ ဉာဏ်နှစ်တန်၊ အမှန် ထို့တူစွာ။
လှဆွဲသမား၊ ပွတ်သမား၊ မှတ်သား ယောဂီမှာ။
လှနှင့် သင်တုံး၊ ဆောက်ပွတ်လုံး၊ မှတ်အုံး မြဲမြဲသာ။
လိပ်ကို ကျားစုပ်၊ ပမာထုတ်၊ အဟုတ် သိလိုက်ပါ။
လေးပါး ပဋိသမ်၊ ပြည့်စုံမှန်၊ ဖြစ်ပြန် ရဟန္တာ။
အားရရွှင်မြူး၊ ဥဒါန်းကျူး၊ အထူး နှစ်ဂါထာ။
ဒုသု ဒွိ တိ၊ မြဲမြဲသိ၊ လေးရှိ ပုဂ္ဂိုလ်ပါ။
တိဟိတ်စစ်မှန်၊ ကျင့်အားသန်၊ ဧကန် မှတ်လိုက်ပါ။

(ဒီဃနိကာယ မဟာဝဂ္ဂ ဋ္ဌကထာ၊ နှာ-၃၄၀)

(ဓမ္မဒါနအလှူရှင်) မိခင်ကြီး ဒေါ်မြစိန်ကို အမှူးထား၍
ဦးကြီးရှိန်-ဒေါ်တင်လှ မိသားစု ကောင်းမှု။ ပန်းလှိုင် ၂၂-လမ်း၊
ပဲခူးမြို့။

## တိဟိတ်စစ်မှန် ကျင့်အားသန် တရားတော်

## ပိတမလ္လမထေရ်ကြီး ဝတ္ထု

## မှတ်သားဘွယ် အကျဉ်းချုပ်

## ပိတမလ္လ မည်ရဥပသကာ စိတ်ကူးရှာ

ပိတမလ္လမထေရ်မြတ်သည် လူ့ဘဝတုန်းက ပဏ္ဍု စောဠ ဂေါဠ ဟု ဆိုအပ်သော သုံးပါးသောပြည်တို့၌ ကုက္ကားကို့ယူ၍ သီဟိုဠ်ကျွန်းသို့ လာလတ်၍ သီဟိုဠ်မင်းကို မြင်၍ မင်းသည် ပြုအပ်သော ချီးမြှောက်ခြင်းရှိသည် ဖြစ်၍ တနေသ၌ ဖျာမိုးသော အိမ်ဈေး စရပ်တံခါးဖြင့် သွားသည်ရှိသော် ရုပံ ဘိက္ခဝေ န တုမှာကံ၊ ပ၊ ဘဝိဿတိ ဟူသော န တုမှာကံ ဟူသော ဝါကျကို ကြား၍ စိတ်ကူး၏။ ရုပ်သည် မိမိ၏ ဥစ္စာ မဟုတ်သတတ်၊ ဝေဒနာသည် မိမိ၏ ဥစ္စာ မဟုတ်သတတ်၊ သညာသည် မိမိ၏ ဥစ္စာ မဟုတ်သတတ်၊ သင်္ခါရသည် မိမိ၏ ဥစ္စာ မဟုတ်သတတ်၊ ဝိညာဉ်သည် မိမိ၏ ဥစ္စာ မဟုတ်သဘတ်။ ဤသို့ စိတ်ကူး၏။

## ဆန္ဒရာဂ ပယ်ကနေ့ညဉ့် ချမ်းသာဘိ

''ရဟန်းတို့၊ ရုပ်သည် သင်ချစ်သားတို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်၌ တပ်သော ဆန္ဒ ရာဂကို ပယ်ကြကုန်လော့။ ရဟန်းတို့၊ ဝေဒနာသည် သင်ချစ်သားတို့၏ ဥစ္စာ မဟုတ်၊ ထိုဝေဒနာ၌ တပ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ ရဟန်းတို့၊ သညာသည် သင်ချစ်သားတို့၏ ဥစ္စာမဟုတ်၊ ထိုသညာ၌ တပ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ ရဟန်းတို့၊ သင်္ခါရသည် သင်ချစ်သားတို့၏ ဥစ္စာ မဟုတ်၊ ထိုသင်္ခါရ၌ တပ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ ရဟန်းတို့၊ ဝိညာဉ်သည် သင်ချစ်သားတို့၏ ဥစ္စာ မဟုတ်၊ ထိုဝိညာဉ်၌ တပ်သော ဆန္ဒ ရာဂကို ပယ်ကြ

ကုန်လေ၏၊ ပယ်အပ်သော ထိုရုပ်၌ တပ်သော ဆန္ဒရာဂသည် သင် ချစ်သားတို့အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွားခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်လတ္တံ့။

## ဒူးဖြင့်ကြံဖန် စင်္ကြံကြွလတ် ဖိရှုမှတ်

ထို ပီတမလ္လ မထေရ်မြတ်သည် ထို ရုပ် စသော တရားကို ငါ၏ဥစ္စာ မဟုတ်ဟု ယူအပ်သော န တုမှာကံ စကားဖြင့် ပြအပ်သော အနက်ကိုပင် မိမိ၏ စိတ်တည်းဟူသော အမုန်ယစ်သော ဆင်၏ ချွန်းသဘွယ်ကိုပြု၍ ထွက်၍ မဟာဝိဟာရမည်သော ကျောင်းတိုက်တာသို့ သွား၍ ရှင်အဖြစ်ကို တောင်း၍ ထို့နောက် ရဟန်းတက်၍ ဒွေမာတိကာတို့ကို သင်ပြီး ရဟန်းအပါး ၃၀-တို့ကို ခေါ်လျက် ဂဝလဝါလိယ မည်သော အပြင်သို့သွား၍ ရဟန်းတရား သမထ ဝိပဿနာများကို ပြု လုပ် အား ထုတ် ၏၊ ဤသို့ မထေရ်ကြီးသည် အားထုတ်ယင်းဖြင့် ခြေထောက်များ မထောက်နိုင် မ မ နိုင်ကုန်သည် ရှိသော် ပဆင်ဒူးတို့ဖြင့် စင်္ကြံသွားရ၏။

## မထေရ်ရှင်လန်း ဥဒါန်းများမှာ နှစ်ဂါထာ

ထို ပီတမလ္လ မထေရ်မြတ်ကို ညဉ့်အခါ၌ မု ဆိုး တ ယောက် သည် သားကောင်တမျိုးမျိုးဟု မှတ်ထင်သည်ဖြစ်၍ လှံဖြင့် စင်ထိုး၏။ လှံသည် ထုတ်ချင်း ထွင်း၍သွား၏၊ ထို ပီတမလ္လမည်သော မထေရ်သည် ထိုလှံကို အတင်း ဆွဲထုတ်၏။ ယင်း လှံဒဏ်ရာ အပေါက်တို့ကို မြက်ဆုပ်ဖြင့် ဆို့၍ ကျောက်ဖျာ၌ မိမိကိုယ်ကို နေစေ၍ ရုပ်နာမ်တရား ဝိပဿနာများကို ရှုပွားလိုက်သည်ရှိသော် ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးဖြစ်၍ ချောင်းဟန့်သောအသံဖြင့် လာကုန်သော ရဟန်းတို့အား အမြွက်အားဖြင့် အရဟတ္တဖိုလ်ကို ကြား၍ အောက်ပါ ဥဒါန်း နှစ်ဂါထာကို ကျူးရင့် သီဆိုလေ၏။

ဘာသိတံ ဗုဒ္ဓသေဋ္ဌဿ၊ သဗ္ဗလောကဂ္ဂ ဝါဒိနော။
န တုမှာကံ မိဒံရူပံ၊ တံ ဇဟေယျာထ ဘိက္ခဝေါ။ ။

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမော သုခေါ။ ။

## နှစ်ဂါထာနက် ပြန်ချက်ဖော်ပြ ပြည့်စုံလှ

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ရူပံ၊ ရုပ်သည်။ တုမှာကံ၊ သင်တို့၏။ န သန္တံ၊ ဥစ္စာမဟုတ်။ တံ၊ထိုရုပ်၌ တပ်မက်မောသော ဆန္ဒရာဂကို။ ဇဟေယျာထ၊ ပယ်ကုန်လော။ ဣတိ ဝစနံ၊ ဤစကားသည်။ သဗ္ဗလောကဂ္ဂ ဝါဒိနော၊ အလုံးစုံသော သတ္တလောကအား မြတ်သောတရားကို ဟောကြား တော်မူတတ်သော။ ဗုဒ္ဓသေဋ္ဌဿ၊ ဘုရားမြတ်၏။ ဘာသိတံ၊ စကားတော် တည်း။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ မမြဲကုန်စွ တကား၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အသစ် အသစ် ဖြစ်လာကြကုန်၍။ နိရုဇ္ဈန္တိ၊ အမြဲတည်သည်မဟုတ် ချုပ်၍ သွားကြပြန်ကုန်၏။ တေသံ၊ ထို ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းရာသည်ကား။ သုခေါ၊ နိဗ္ဗာန်ဆာတည်း။

၁၃၄၁-ခုနှစ်၊ တော်သလင်းလကွယ်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ
## ဟောကြားအပ်သော

### သောကပြတ်ငြိမ်း ပူဇာတ်သိမ်း တရားတော်

### သုဗြဟ္မာနတ်သား လျှောက်ထား၍ ဘုရား ဖြေဆိုခြင်း

နတ်တို့သေ၄နင်း၊ သိကြားမင်း၊ ထင်းထင်း မြင်သည်သာ။
ပန်ဆင်၍ထား၊ ပန်းအများ၊ ညှိုးသွား ထင်ရှားစွာ။
ဝတ်ဆင်အဝတ်များ၊ ညစ်နွမ်းသွား၊ မှတ်သား ထို့တူစွာ။
လက်ကတီးခေါ်ငြား၊ ချိုင်းအကြား၊ ချွေးများ ထွက်၍လာ။
ကိုယ်ရေကိုယ်သား၊ အဆင်းများ၊ ဆိုးရွား ဖြစ်ပေါ်လာ။
နတ်ဗိမာန်တွင်း၊ ပျော်မွေ့ခြင်း၊ အလျှင်း မရှိပါ။
မိမိသေဘေး၊ စေ့စေ့တွေး၊ မအေး သူ့စိတ်မှာ။
ဒေါမနဿ၊ ပူသောက၊ ဖြစ်ရ အခါခါ။
ဘုရားထံမြတ်၊ ဝပ်ချဉ်းကပ်၊ မေးလတ် ပြဿနာ။
များလှသောင်းသောင်း၊ နတ်အပေါင်း၊ ရှစ်သောင်း ရေတွက်မှာ။
ပြဿနာဖြေ၊ ဆုံးမှာပေ၊ တည်လေ သောတာပန်သာ။
ရှေးတိုင်းမသေ့၊ နတ်သန္ဓေ၊ မှတ်လေ သိကြားသာ။
သုဗြဟ္မာမည်၊ နတ်သားသည်၊ စိတ်ကြည် ကိုယ်သာယာ။
တထောင်နတ်သမီး၊ ခြံရံပြီး၊ ထီးထီး နေစဉ်မှာ။
နတ်မင်းအရှိန်၊ နတ်စည်းစိမ်၊ မြိန်မြိန် ခံစားရာ။

ဝါးရာနတ်သမီးတွေ၊ ပန်းပင်နေ၊ ပန်းခတွေ ခူးစဉ်သာ။
ရုတ်တရက်ပေ၊ စုတိလေ၊ ဖြစ်နေ ငရဲမှာ။
ကြာလွန်းလှပါ၊ စုံစမ်းရာ၊ တွေ့လာ ငရဲရွာ။
မိမိသက်တမ်း၊ ပြန်၍မှန်း၊ ပင်ပန်း ထိတ်လန့်စွာ။
ဘုရားသာလျှင်၊ ဖျောက်ဘို့မြင်၊ ထို့ပြင် မဖျောက်နိုင်ပါ။
ငါးရာနတ်သမီး၊ ခြံရံပြီး၊ စုစည်း ဘုရားထံသာ။
ထိတ်ခြင်း လန့်ခြင်း၊ ထိုအခင်း၊ ထင်လင်း မေးလျှောက်ရာ။
သောကပြတ်ငြိမ်း၊ ပူဇာတ်သိမ်း၊ အေးကိန်း လေးပါးသာ။
ဒေသနာဆုံးလေ၊ အားလုံးတွေ၊ တည်လေ သောတာပန်သာ။
စည်းစိမ်ချမ်းသာ၊ တည်မြဲကာ၊ ပြန်ပါ နတ်တို့ရွာ။

(ဒီဃနိကာယ မဟာဝဂ္ဂ ဋ္ဌကထာ၊ နှာ-၃၄၁)

(ဓမ္မဒါနအလှူရှင်) နှစ်ဘက်သော မိဘများကို အမှူးထား၍
ဦးစိုးတင့်-ဒေါ်သောင်းကြည် သားသမီးမြေးတစု ကောင်းမှု။
အမှတ်(၉၁)၊ ညောင်ဝိုင်း(၈)လမ်း၊ ပဲခူးမြို့။

## သောကပြတ်ငြိမ်း ပူဇာတ်သိမ်း တရားတော်
## (သုဗြဟ္မာနတ်သား လျှောက်ထား၍ ဘုရားဖြေဆိုခြင်း)

### မှတ်သားဘွယ် အကျဉ်းချုပ်

### ပုဗ္ဗနိမိတ်ငါးပါး ထင်ရှားမြင်ခြင်း သိကြားမင်း

နတ်တို့သေဌ်နှင်း သိကြားမင်းကြီးသည် မိမိ၏-

(က) မာလာမိလာယန္တိ=ဦးသခွေကို ယူသောနေ့၌ ပန်ဆင်အပ်သော ပန်းသည် အနှစ်ပေါင်း ၅၇-ကုဋေ ၆-သန်းကာလ ပတ်လုံး တခါမျှ မညှိုးပဲ စုတေဘို့ အခါနီးလာလျှင် ညှိုးလာ၏။

(ခ) ဝတ္ထာနိ ကိလိဿန္တိ=ဝတ်ထားသော နတ်ဝတ်တန်ဆာများလည်း ထို့အတူပင် ညှိုးလာ၏။

(ဂ) ကစ္ဆေဟိ သေဒါ မုစ္စန္တိ=လက်ကတီးခေါင် ချိုင်း၏အကြားတို့မှ ချွေးများ ထွက်ကျလာ၏။ ပူတာ အေးတာ မရှိခဲ့ရာမှ ထိုအခါ ချွေးပေါက်ကြီးများ ကျလာ၏။

(ဃ) ကာယေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ = ဆိုပြီးအတိုင်း ၅၇-ကုဋေ ၆-သန်း ကာလပတ်လုံး နတ်သမီးဖြစ်လျှင် ၁၆-နှစ်အရွယ်၊ နတ်သားဖြစ်လျှင် အသက် ၂၀ အရွယ် မပြောင်းမလဲပဲ ထိုသို့ စုတေမည့်နေ့ သေခါနီးအခါမှာ နတ်သက် ကုန်ခါနီးအခါမှာ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အကြေ ပြိုင်ခြင်း၊ ခါးကိုင်းခြင်း၊ နားဆိုင်းခြင်း စသည် အိုရုပ် နာရုပ်တွေ ပေါက်လာ ပေါ် လာကုန်၏။

(င) ဒေဝေါ ဒေဝါသနေ နှ သဏ္ဍာတ်=ဆိုပြီးအတိုင်း ၅၇-ကုဋေ ၆-သန်း ကာလပတ်လုံး ထိုနတ်သမီး နတ်သား အားလုံးတို့သည် မိမိ၏ဘုံဗိမာန်၌ မပျော်မွေ့ခြင်းမည်သည် မရှိခဲ့။ သို့သော် သေခါနီး နတ်သက်ကြွေခါနီးကာလ၌ ပျင်းရိလျက် ဘယ်လိုမှ မပျော်မွေ့ကြကုန်။

အထက်ပါ ပုဗ္ဗနိမိတ် ငါးမျိုးတို့ကို မြင်ပြီ။

## သိကြားမင်းပါ တည်လာရှစ်သောင်း နတ်အပေါင်း

ယင်း ပုဗ္ဗနိမိတ် ငါးပါးတို့ကိုမြင်၍ မရဏဘယခေါ် သေခြင်းသဘောဘေးဟူသောဘေးဖြင့် ခြိမ်းခြောက်အပ်သည်ဖြစ်၍ နှလုံးမသာခြင်း ရှိသည်ဖြစ်၍ မြတ်စွာဘုရားသို့ ကပ်လျက် ပြဿနာကို မေးလျှောက်၏။ ထိုသိကြားမင်းသည် ဥပေက္ခာပြဿနာကို ဖြေသည်၏အဆုံး၌ ရှစ်သောင်းသော နတ်အပေါင်းတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။ ထိုသိကြားမင်း၏ ဥပပတ္တိခေါ် ထိုနတ်၏ အဖြစ်သို့ ရောက်ခြင်းသည်လည်း တဖန် ပကတိ ရှိသည်သာတည်း။

## နတ်သမီးငါးရာ သုပြဟ္မာဘုရား မေးလျှောက်ထား

သုပြဟ္မာမည်သော နတ်သားသည်လည်း နတ်သမီးတထောင် ခြံရံလျက် သဂ္ဂသမ္ပတ္တိခေါ် နတ်စည်းစိမ်ကို ခံစား၏။ ထို တထောင်သော နတ်သမီး အပေါင်းတို့တွင် ငါးရာကုန်သော နတ်သမီးတို့သည် ပန်းပင်မှ ပန်းတို့ကို ဆွတ်ခူးကြကုန်၏။ ယင်းသို့ ဆွတ်ခူးယင်း စုတေ၍ ငရဲ၌ ဖြစ်ကုန်၏။ ထို သုပြဟ္မာမည်သော နတ်သားသည် ဤနတ်သမီးတို့သည် အဘယ့်ကြောင့် ကြာမြင့်ကုန်သနည်းဟု စူးစမ်းသတ်သည် ရှိသော် ထို ငါးရာသော နတ်သမီးတို့၏ ငရဲ၌ ဖြစ်သည်၏ အဖြစ်ကို သိ၍ ငါ၏ အသက်သည် အဘယ်မျှရှိသေးသနည်းဟု ကြည့်ရှု ဆင်ခြင်သည်ရှိသော် မိမိ၏အသက်၏ ကုန်ခြင်းကိုလည်း သိ၍ စုတေ၍ ထိုငရဲ၌ပင် ဖြစ်လတ္တံ့သည်၏ အဖြစ်ကို မြင်၏။ ထို့ကြောင့် ကြောက်သည်ဖြစ်၍ အလွန်ကို ဒေါမနဿ ဖြစ်သည်ဖြစ်၍ ငါ၏ ဤဒေါမနဿကို မြတ်စွာဘုရားသည် ဖျောက်တော်မူနိုင်လတ္တံ့။ တပါးသောသူသည် ဖျောက်ခြင်းငှာ မစွမ်းနိုင်လတ္တံ့ဟု ကြံ၍ ကြွင်းကျန်သောငါးရာသော နတ်သမီးတို့ကိုခေါ်၍ ဘုရားရှင်သို့ ကပ်ပြီး ပြဿနာကို မေးမြန်းလေ၏။

## မေးမြန်းပါဌ်နက် မှတ်ကျက်လိုပါ ဤသို့လာ

မေးမြန်းလျှောက်ထားပုံ-

နိစ္စံဥတြွဿာမိဒံ ဗိဇ္ဇာ၊ နိစ္စံ ဥဗ္ဗိဂ္ဂံဒံ မနော။
အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတိ တေသုစ။
သစေအတ္ထိ အနုတြွဿံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတောဧတိ။

ဘဂဝါ၊ ပုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ မာရိသ၊ ရှင်ပင်ဘုရား၊ အနုပ္ပန္နေသု၊ မဖြစ်သေးကုန်သော။ ကိစ္စေသု၊ ပြုဘွယ်ကိစ္စတို့ကြောင့် လည်းကောင်း၊ အထော၊ ထိုမှတပါး။ ဥပ္ပတိတေသု၊ ဖြစ်ကုန်ပြီးသော။ ကိစ္စေသုစ၊ ကိစ္စတို့ကြောင့် လည်းကောင်း၊ မေ ငါ၏၊ ဣဒံစိတ္တံ၊ ဤစိတ်သည်၊ နိစ္စံ၊ အမြဲ ဥတြွဿံ၊ ကြောက်၏၊ မေ ငါ၏၊ ဣဒံ မနော၊ ဤစိတ်သည်၊ နိစ္စံ၊ အမြဲ။ ဥဗ္ဗိဂ္ဂံ။ ထိတ်လန့်၏။ တနည်း။ ဥတြွဿံ၊ ထိတ်လန့်၏၊ ဥဗ္ဗိဂ္ဂံ၊ ကြောက်သည်၏အစွမ်းအားဖြင့် တုန်လှုပ်၏။ အနုတြွဿံ၊ မထိတ်မလန့်ခြင်း၏ အကြောင်းသည်။ သစေအတ္ထိ၊ အကယ်၍ ရှိငြားအံ့၊ တံ၊ ထိုအကြောင်းကို။ ပုစ္ဆိတော၊ မေးလျှောက်အပ်သော ရှင်ပင်ဘုရားသည်။ မေ ငါ့အား အက္ခာဟိ၊ ကြားတော်မူပါလော။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။

## သုဗြဟ္မာနတ်သား ဘုရားဖြေပုံ အလုံးစုံ

ထိုနေ့ာင်မှ သုဗြဟ္မာ နတ်သားကို မြတ်စွာဘုရားသည် အောက်ပါအတိုင်း (သောကပြတ်ငြိမ်း ပုဇာတ်သိမ်းတရား) ဟောကြားလေ၏။

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနန္တိ။

ဗောဇ္ဈာ၊ သစ္စာလေးပါး တရားကို သိတတ်သော အရိယမဂ်ကို။ အညတြ၊ ဖဲထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ ဝါ၊ ဘေးဥပဒ္ဒဝေါကင်းခြင်းကို။ အဟံ၊ ငါဘုရားသည်။ န ပဿာမိ၊ မြင်တော်မမူ။ တပသာ၊ အရိယာမဂ်ကို ရခြင်း၏ အကြောင်းဖြစ်သော ကိလေသာကို ခေါင်းပါးစေတတ်သော အကျင့်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ ဝါ၊ ဘေးဥပဒ္ဒဝေါ ခြင်းကင်းကို။ အဟံ၊ ငါသည်။ န ပဿာမိ၊ မြင်တော်မမူ။

က္လန္ဒိယသံဝရာ၊ စက္ခု စသော က္လနြေ့တို့ကို စောင့်စည်းခြင်းကို။ ဝါ၊ က္လန္ဒြိသံဝရသီလကို။ ဝါ၊ အလုံးစုံသော သံဝရသီလ။ ဝါ၊ စတုပါရိသုဒ္ဓိသီ ပကို။ အညတြဌပေတွာ၊ ကြဉ်ထား၍။ ဗါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာခြင်းကို။ ဝါ၊ ဘေးဥပဒ္ဒဝေါ ကင်းခြင်းကို။ အဟံ၊ ငါဘုရားသည်။ န ပဿာမိ၊ မြင်တော်မမူ။

သဗ္ဗနိဿဂ္ဂါ၊ အလုံးစုံသော ဝဋ္ဋတရားတို့ကို ပယ်စွန့်ရာဖြစ်သော နိဗ္ဗာန်ကို။ အညတြဌပေတွာ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာခြင်းကို။ ဝါ၊ ဘေးဥပဒ္ဒဝေါ ကင်းခြင်းကို။ အဟံ၊ ငါဘုရားသည်။ န ပဿာမိ၊ မြင်တော်မမူ။

## နတ်သမီးငါးရာ သုဗြဟ္မာနတ်သား ပြန်၍သွား

ထို သုဗြဟ္မာနတ်သားသည် ယင်း ဒေသနာတော်ကို ကြားနာရပြီးသည်၏အဆုံး၌ ငါးရာသောနတ်သမီးတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၍ ထိုနတ်၏ စည်းစိမ်ကိုလည်း ရှေး ပကတိအတိုင်း မြဲသည်ကိုပြု၍ နတ်ပြည်သို့ ပြန်သွားလေ၏။

ဤသို့ ရှုပွားအပ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် သိကြားမင်း၊ နတ်မင်း အခြွေအရံ အသင်းအပင်းတို့၏ ဒေါမနဿ၏ ချုပ်ခြင်းမှာ ဖြစ်သကဲ့သို့ ရှုပွားသော ယောဂီ သူတော်စင်များမှာလည်း ဒေါမနဿ၏ ချုပ်ခြင်း၏ အကြောင်းတွေ့ ဖြစ်၏။ ဤသို့ မှတ်အပ်၏။

၁၃၄၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်နေ့တွင်
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### လူ၏ဘဝ အသုံးချ တရားတော် (မဟာသိဝ မထေရ် ဝတ္ထု)

### (သိကြားမင်း လူ့ပြည်ဆင်း၍ အတင်း ခြေလုဆေးသော အကြောင်း)

မဟာသိဝ၊ အားထုတ်လှ၊ ကြီးထ မထေရ်မှာ။
ရဟန္တာ မဖြစ်သမျှ၊ ညောင်စောင်းမှ၊ ကျောချ မအိပ်ပါ။
ထို့တူခြေနှစ်ခု၊ ဆေးကြောမှု၊ မပြု နှစ်သုံးဆယ်ကြာ။
ပဋိသမ္ဘိဒါဉာဏ်၊ လေးတန်ပြည့်ဝ၊ ထက်တန်းကျ၊ ဖြစ်ထ ရဟန္တာ။
လှဲချအိပ်မည်၊ စိတ်ကရည်၊ ပြင်ပြီ ညောင်စောင်းမှာ။
ခြေဆေးတော့မည်၊ စိတ်ကရည်၊ ရေတည် ပျဉ်ချပ်မှာ။
ငါတို့ထင်ရှား၊ ရှိပါငြားလျက်၊ ထေရ်ဘုရားယခု၊ ခြေဆေးမှု၊
ပြု၍ မတော်ပါ။
ခြေဆေးလိုဘိ၊ စိတ်လွန်ရှိ၊ တပည့် သုံးသောင်းမှာ။
ကောင်းကင်မှလျင်၊ သွားလျက်ပင်၊ ဦးတင် တောင်းပန်လာ။
သိကြားမင်းအမှန်၊ ခြေဆေးရန်၊ ကေန် ဆုံးဖြတ်လာ။
သုဇာတာခေါ်ငြား၊ မိဖုရား၊ သိကြားနှင့် အတူပါ။
အသူရာနတ်၊ သမီးမြတ်ထင်ရှား၊ သူဇာအား၊ ခေါ်ငြား ရှေ့တင်ကာ။
အရှင်ဘုရားများ၊ နောက်ဆုတ်သွား၊ ရှေ့ကား မာတုကာမပါ။
သိကြားမင်းမူ၊ အခွင့်ယူ၊ လွယ်ကူ ရှေ့တက်လာ။
လူ၏ အနံ့ဟာ၊ နတ်တို့မှာ၊ များစွာ စက်ဆုပ်စရာ။

ယူဇနာတရာ၊ ဝေးလှပါသည်း၊ လည်မှာဆွဲထား၊ ခွေးပုပ်အား၊
မခြား တူလှစွာ။
ငါ့ဟာ ငါလျှင်၊ ငါ့ခြေပင်၊ ငါရှင် ဆေးမှုစပါ။
သီလယန့်၊ အလွန်နှံ့၊ မွှေးပျံ့ ကျယ်ဝန်းစွာ။
နတ်ပြည်ခြောက်ရွာ၊ လွန်မြောက်ကာ၊ တည်လာ ဘဝဂ်မှာ။
သီလယန့်ထက်၊ ထူးကဲချက်၊ ရှာလျက် မရှိပါ။
သိကြားနတ်မင်း၊ လာခဲ့ခြင်း၊ ကြောင်းရင်း သီလသာ။
လက်ဝဲ လက်ယာ၊ ဖမျက်မှာ၊ လက်ယာ ခြေဖဝါးပြင်ပါ။
ကိုယ်တိုင်ပွတ်ကာ၊ အားရစွာ၊ ဆေးရာ ကြိမ်ဖန်ခါ။
သုဇာတာနှင့်၊ သူဇာလည်းပါ၊ ရှိခိုးကာ၊ ပြန်ရှာ နတ်တို့ရွာ။

(ဒီဃနိကာယ မဟာဝဂ္ဂ ဋ္ဌကထာ၊ နှာ-၃၂၂)

(ဓမ္မဒါန အလှူရှင်) မိခင်ကြီး ဒေါ်စောနှင့် ဒေါ်မြစိန်ကို အမှူးထား၍
ဦးမြသန်း-ဒေါ်မြကြည် မိသားစုကောင်းမှု။
ဒေါ်နလမ်း၊ ပဲခူးမြို့၊

## လူ၏ဘဝ အသုံးချ တရားတော် (မဟာသီဝမထေရ် ဝတ္ထု)

## (သိကြားမင်း လူ့ပြည်ဆင်း၍ အတင်း ခြေလုဆေးသောအကြောင်း)

## မှတ်သားဘွယ် အကျဉ်းချုပ်

### ရွာအနီးကျောင်း တောင်ခေါင်းအတွင်း နှလုံးသွင်း

မဟာသီဝ မထေရ်သည် တဆယ့်ရှစ်ပါးသော ဂိုဏ်းဝင် ရဟန်းတို့ကို ပို့ချပေးရသူ ဖြစ်သည်။ ထိုမထေရ်၏ အဆုံးအမ၌ တည်၍ သုံးသောင်းသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ဆရာ မဟာသီဝ မထေရ် ကြီးကား ပုထုဇဉ်မျှသာ ရှိသေးသည်၊ ယင်း တပည့် ရဟန်း သုံးသောင်းတို့သည် ကျောင်းကင်မှ ကြွလာ၍ နေ့အခါ ဆရာ မဟာသီဝ မထေရ်၏ အနီး၌ ဝတ်ပြု၍ နေ၏။ အဘယ့်ကြောင့် လာသနည်းဟု မေး၏၊ "အရှင်ဘုရား၊ တခုသော ဝမ်းမြောက်စရာကို သင်အံ့"ဟု လာကြောင်း လျှောက်၏။ "ငါ့ရှင်၊ အခွင့်အခါ မဖြစ်သတတ်"ဟု ဆို၏။ မဟာသီဝ မထေရ်သည် ငါကဲ့သို့သောသူအား အရဟတ္တဖိုလ်ကို ဖြစ်စေခြင်းငှာ အသို့ ခဲယဉ်းအံ့နည်း။ နှစ်ရက် သုံးရက်ဖြင့်ပင် ရောက်၍ ပြန်ခဲ့အံ့ဟု အဘွင်း တပည့်တို့အား မပြောကြားပဲ ဝါဆိုလဆန်း တဆယ့်သုံးရက်နေ့၌ ထွက်၍ ရွာနီးဖြစ်သော တောင်ခေါင်းသို့ သွား၍ စင်္ကြံသို့ တက်ပြီး ကမ္မဋ္ဌာန်း နှလုံးသွင်း၏။

### မဖြစ်မစန့် ကျောဆန့်မပေး ခြေမဆေး

ထိုနေ့၌ အရဟတ္တဖိုလ်ကို ယူခြင်းငှာ မစွမ်းနိုင်။ ဥပုသ်နေ့ ရောက်သော် နှစ်ရက် သုံးရက်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်အံ့ဟူ လာခဲ့သော်လည်း ယူခြင်းငှာ မစွမ်းနိုင်။ စင်စစ်မှာ သုံးလသော်လည်း မစွမ်းနိုင်။ ပဝါရဏာနေ့၌ ကြံ၏။ ငါသည် နှစ်ရက် သုံးရက်ဖြင့် အရဟတ္တဖိုလ်ကို ယူအံ့ဟု လာခဲ့၏။

သုံးလဖြစ်သော်လည်း အရဟတ္တဖိုလ်ကို ယူခြင်းငှာ မစွမ်းနိုင်။ သီတင်းသုံးဘော်တို့သည် ဝိသုဒ္ဓိပဝါရဏာကို ပဝါရဏာ ပြုကုန်၏။ ဤသို့ ကြံသော မဟာသီဝ မထေရ်အား မျက်ရည်များ စီးကျကုန်၏။ ထို့နောင်မှ ညောင်စောင်း၌ လေးပါးသော ဣရိယာပုတ်တို့ဖြင့် တည်သော ငါ့အား မဂ်ဖိုလ်သည် မဖြစ်သတတ်၊ အရဟတ္တဖိုလ်သို့ မရောက်ပဲ ညောင်စောင်း၌ ကျောက်ကုန်းကို မဆန့်အံ၊ ခြေတို့ကိုလည်း မဆေးအံ့ဟု ညောင်စောင်းကို ဆောင်၍ ထား၏။

## တယောက်နတ်သမီး ငိုပြီးရိုသေ ထိုင်၍နေ

တဖန် ဝါတွင်းသို့ ရောက်၏။ အရဟတ္တဖိုလ်ကို ယူခြင်းငှာ မစွမ်းနိုင်သည်သာ၊ တခုယုတ် သုံးဆယ်ခေါ် နှစ်ဆယ့်ကိုးကြိမ်သော ပဝါရဏာတို့၌ မျက်ရည် အလျဉ်တို့သည် စီးဆင်းကုန်၏။ ရွာသူ ရွာသားငယ်တို့သည် မထေရ်၏ ခြေတို့၌ ကွဲအက်ရာ အရပ်တို့ကို ဆူးတို့ဖြင့် ချုပ်ကုန်၏။ မြည်တမ်းခြင်းကို ပြုကုန်သော်သည်း မဟာသီဝ မထေရ်၏ ခြေတို့ကဲ့သို့ ဖြစ်စေကုန်သတည်းဟု ကျိန်ခြင်းကို ပြုကုန်၏။ မဟာသီဝ မထေရ်သည် သုံးဆယ်သောနှစ်၌ မဟာပဝါရဏာနေ့၌ တံကဲပျဉ်ကို မှီ၍ တည်လျက် ယခုအခါ၌ အနှစ်သုံးဆယ်တို့ပတ်လုံး ရဟန်းတရားကိုပြုသော ငါ့အား အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ မစွမ်းနိုင်၊ မချွတ် ငါ့အား ဤဘဝ၌ မဂ်သည် လည်းကောင်း၊ ဖိုလ်သည် လည်းကောင်း မရှိ။ ငါ့အား သီတင်းသုံးဘော်တို့နှင့်တကွ စင်ကြယ်သော ပဝါရဏာကို ပဝါရဏာ ပြုခြင်းငှာ မရဟု ကြံ၏။ ဤသို့ ကြံသော ထိုမထေရ်အား နှလုံးမသာခြင်း ဖြစ်၏။ မျက်ရည်တို့သည် စီးကုန်၏။ ထိုအခါ၌ မနီးမဝေးသော အရပ်၌ တယောက်သော နတ်သမီးသည် ငိုလျက် တည်၏။

## စောင်းတန်းမဝေး ခြေဆေးပျဉ်တွင် ထိုင်နေစဉ်

ဤ၌ "အဘယ်သူသည် ငို၍ နေသနည်း"ဟု ဆိုသော် "အရှင်ဘုရား၊ တပည့်တော်သည် နတ်သမီးပါတည်း"ဟု ဆို၏။ "အဘယ့်ကြောင့် ငိုသနည်း"ဟု မေးသော် "အရှင်ဘုရား ငိုသဖြင့် မဂ်တို့ ဖြစ်စေအပ်၏။ ထို့ကြောင့် အကျွန်ုပ်သည်သည်း တပါး နှစ်ပါးသော မဂ်ဖိုလ်တို့ကို ဖြစ်စေအံ့ဟု နှလုံးပိုက်၍ ငို၏"ဟုဆို၏။ ထို့နောင်မှ မထေရ်သည် "အို-မဟာသီဝထေရ် နတ်တို့သည်လည်း သင်နှင့်တကွ ပြက်ရယ်ပြုကုန်၏။ ဤသို့ နတ်တို့ ပြက်ရယ် ပြုခြင်းသည်

မလျှောက်ပတ်သည်သာတည်း''ဟု ဝိပဿနာကို ပွားစေ၍ ပဋိသမ္ဘိဒါဉာဏ်တို့
နှင့်တကွ အရဟတ္တဖိုလ်ကို ယူ၏။ ထိုမဟာသီဝ မထေရ်သည် ယခုအခါ၌
လျောင်းအံ့ဟု ကျောင်းအိပ်ရာ နေရာကို သုတ်သင်၍ ညောင်စောင်းကို ခင်း၍
ရေရှိရာ အရပ်၌ ရေကို ရှေ့ရှုထား၍ ခြေတို့ကို ဆေးအံ့ဟု နှလုံးပိုက်၍ စောင်း
တန်းဦး၌ ခင်းအပ်သော ပျဉ်၌ ထိုင်နေ၏၊

## ငါ့ခြေငါသာ ဆေးမှာအမှန် သင် သည်းခံ

ထိုမဟာသီဝ မထေရ်၏ တပည့်တို့သည် ရဟန်းတရားကို ပြုခြင်းငှာ
သွားသော ငါတို့၏ဆရာအား အနှစ်သုံးဆယ်တို့သည် ဖြစ်ကုန်၏၊ မဂ်ဖိုလ်
အထူးကို ဖြစ်စေခြင်းငှာ တတ်နိုင်သလော၊ မတတ်နိုင်သလောဟု ဆင်ခြင်ကုန်
သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်၍ ခြေဆေးအံ့သောငှာ နေ၏ဟု မြင်၍
ငါတို့၏ ဆရာသည် ငါတို့လို တပည့်များ ရှိပါလျက် မိမိခြေကို မိမိပင် ဆေး
ရမည်ဆိုလျှင် မသင့် မတော် မလျော်။ ငါ ဆေးပေးပါအံ့၊ ငါ ဆေးပေးပါအံ့ဟု
သုံးသောင်းသော ရဟန်းတို့သည် ကောင်းကင်ဖြင့် လာ၍ ရှိခိုးလျက် ''အရှင်
ဘုရား၊ ခြေတို့ကို ဆေးကုန်အံ့''ဟု လျှောက်ကုန်၏။ ''ငါ့ရှင်တို့၊ ယခုအခါ၌
ငါ၏ခြေတို့ မဆေးရသည်မှာ အနှစ်သုံးဆယ် ရှိကုန်၏။ သင်တို့ သည်းခံကြကုန်
လော၊ ငါသည်ပင် ဆေးအံ့''ဟု ဆို၏။

## သိကြားမင်းပင် ဦးတင်ညွတ်ပျောင်း ဆေးခွင့်တောင်း

သိကြားမင်းသည်လည်း ဆင်ခြင်သည်ရှိသော် ငါ၏ အရှင်ဖြစ်သော
မဟာသီဝ မထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်၏။ ခြေတို့ကို ဆေးကုန်အံ့ဟု
လာကုန်သော သုံးသောင်းသော တပည့်တို့အား ခြေတို့ကို ဆေးခြင်းငှာ မပေး၊
ငါကဲ့သို့သော အလုပ်အကျွေးသည် ရှိပါလျက် ငါ၏အရှင်သည်ပင် ကိုယ်တိုင်
ခြေဆေးရသည်ရှိသော် မသင့် မတော် မလျော်၊ ငါ ခြေဆေးအံ့ဟု ဆုံးဖြတ်၍
သုဇာတာမည်သော နတ်မိဖုရားနှင့်တကွ ရဟန်းအပေါင်း၏ အထံ၌ ထင်ရှား
ဖြစ်၏။ ထိုသိကြားမင်းသည် အသုရာ နတ်မင်းကြီး၏ သမီးဖြစ်သော သုဇာမည်
သော နတ်သမီးငယ်ကို ရှေ့သို့တင်၍ ''အရှင်ဘုရားတို့ ဖဲတော်မူလော။ ဤဟာ
ကား မာတုဂါမပါတည်း''ဟု အခွင့်ပြုစေ၍ ထေရ်သို့ကပ်ပြီး ရှိခိုးလျက် ရှေ့မှ
ဆောင့်ကြောင့်ထိုင်၍ ''အရှင်ဘုရား ခြေတို့ကို ဆေးကုန်အံ့''ဟု ဆို၏။

## နတ်တို့ပျော်ရာ ဝတိံသာဆီ ပြန်သွားပြီ

''အို-သိကြားမင်း၊ ယခုအခါ၌ ငါ့အား မဆေးအပ်ကုန်သော ခြေတို့၏ (ဝါ) ခြေမဆေးရသည်မှာ အနှစ်သုံးဆယ် ရှိပြီ။ နောက်တကြောင်းမှာ နတ်တို့မှာ ပကတိအားဖြင့် လူတို့၏ အနံ့ကို အလွန် စက်ဆုပ်၏။ ယူဇနာတရာ ဝေးကွာသော အရပ်၌ တည်သော လူ၏အနံ့သည် လည်ပင်း၌ ဆွဲထားအပ်သော အကောင်ပုပ်ကဲ့သို့ ဖြစ်၏၊ ငါပင် ဆေးအံ့''ဟု ဆို၏။ ထိုအခါ သိကြားမင်းက ''အရှင်ဘုရား၊ တပည့်တော်သည် ယင်းအနံ့ မည်သည် မသင်ရှားပါ။ အရှင်ဘုရား၊ အရှင်ဘုရားတို့၏ သီလအနံ့သည် နတ်ပြည်ခြောက်ထပ်တို့ကို လွန်၍ အထက် ဘဝဂ်သို့ ရောက်၍ တည်၏။ သီလအနံ့ထက် ထူးကဲသော တပါးသောအနံ့ မည်သည် မရှိ။ အရှင်ဘုရား၊ တပည့်တော်တို့သည် အရှင်ဘုရားတို့၏ သီလအနံ့ကြောင့် လာခြင်း ဖြစ်ပါ၏'' ဤသို့ဆို၍ လက်ဝဲလက်ဖြင့် ခြေချက်စိကို ကိုင်၍ လက်ယာလက်ဖြင့် ခြေဖဝါးအပြင်ကို ဆုပ်နယ် ပွတ်တိုက်၏။ အလွန် ငယ်နုသောသူ၏ ခြေကဲ့သို့ ဖြစ်ကုန်၏။ သိကြားမင်းကြီးသည် ခြေဆေးပေးပြီး ရှိခိုးလျက် သုဇာတာ၊ သူဇာ အမှူးပြုသော နတ်သမီး ရှစ်သောင်းနှင့်တကွ နတ်တို့ပျော်ရာ ဝတိံသာနန်း ဘုံကြငှန်းသို့ပင် ပြန်သွားလေ၏။

၁၃၄၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင်

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌

## ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ ဟောကြားအပ်သော

### သူတော်ကောင်းမှ နတ်ကောင်းမ တရားတော်

(ရှင်သောပါက ဝတ္ထု)

မေတ္တာစျာန် အခြေခံ၍ ဝိပဿနာကူးပြီး ရဟန္တာ ဖြစ်သွားပုံ

အတိတ်ကံအား၊ သူပြုထား၊ ကြောင်းအား လျော်ကန်ရာ။
ပစ္စည်းမွဲ့သူ၊ မိခင်ဟူ၊ စွဲယူ သန္ဓေပါ။
ဆယ်လပြည့်လျက်၊ မဖွားချက်၊ အခက်ကြုံပြန်လာ။
ဘွေ့ဝေမိန်းအား၊ သူသေလား၊ မခြား အိပ်ပျော်ရာ။
ဆွေမျိုးချစ်ကြင်၊ သေပြီထင်၊ မြို့ပြင် သုသာန်သာ။
ထင်းပုံထက်တွင်၊ ဝိုင်း၍ဘင်၊ ပြင်ဆင် မီးရှို့ရာ။
နတ်မြတ် နတ်ကောင်း၊ နတ်အပေါင်း၊ ခညောင်း ဝိုင်း၍လာ။
လေမုန်တိုင်းဆင်း၊ လွန်ထန်ပြင်း၊ အတင်း တိုက်၍လာ။
မီးဆက်မရှို့၊ လာသူတို့၊ အိမ်သို့ ပြန်ကြရာ။
အမိဝမ်းသား၊ သူငယ်သား၊ ဖြစ်ငြား ပစ္ဆိမဘဝိကာ။
နတ်တို့ဂုဏ်လွှမ်း၊ အဖြစ်ဆန်း၊ မာကျန်း ဖွားမြင်လာ။
မိခင်သေသွား၊ သူငယ်အား၊ နတ်များ ယူဆောင်လာ။
သုသာန်စောင့်တို့၊ အိမ်သို့ပို့၊ နတ်တို့ လူယောင်ဆောင်ကာ။
နှစ်ရက် သုံးရက်၊ ကိုယ်တိုင်တက်၊ ပြုလျက် ကျွေးမွေးရှာ။

လူ့ဘဝကူး၊ အဖြစ်ထူး၊ ကျဘူး သူ့စေဟနာ။
ပစ္စေက ဗုဒ္ဓါတပါး၊ နို့ဆွမ်းများ၊ လှူထားဘူးသည်သာ။
သောပါကသတို့သား၊ အသက်ကား၊ ရောက်ငြား ခုနစ်နှစ်မှာ။
ရွှေညာဏ်တော်လျှင်၊ ကွန်ရက်တွင်၊ တွေ့မြင် ဘုရားမြတ်စွာ။
မြတ်စွာဗုဒ္ဓေ၊ သုသာန်မြေ၊ ကြွလေ ကိုယ်တိုင်သာ။
ဖခင်အားတက်၊ ခွင့်ပြုချက်၊ ရလျက် ရှင်သာမဏေပါ။
မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းစေရေး၊ ဘုရားပေး၊ အေးဆေး သုသာန်မှာ။
မကြာသေးအမှန်၊ မေတ္တာဈာန်၊ ဧကန် ဖြစ်ပေါ်လာ။
မေတ္တာဈာန်အား၊ ခြေခံထား၊ ရှုပွား ဝိပဿနာ။
ဗလဝဒုဗ္ဗလ၊ နှစ်ခုပြ၊ မှတ်ကြ ဝိပဿနာ။
ဗလဝ ဝိပဿနာဟူဘိ၊ အားအင်ပြည့်၊ ဖြစ်၏ ရဟန္တာ။
သူတော်ကောင်းမှု၊ နတ်ကောင်းမ၊ မုချ မှတ်လိုက်ပါ။
(ခုဒ္ဒကနိကာယ ထေရဂါထာ ဋ္ဌကထာ နှာ-၁၁၇)

(ဓမ္မဒါန အလှူရှင်) နှစ်ဘက်သော မိဘများ အမွှားထား၍
ရန်ကုန်မြို့ ၃၃-လမ်း၊ အယ်ဒီတာ ဦးစိုးသိမ်း (မောင်ဝံသ)ဇနီး ဒေါ်မြင့်မြင့်၊
သမီး ထိုက်ထိုက်စိုး၊ လတ်လတ်စိုး၊ သား နောင်နောင်စိုးတို့ ကောင်းမှု။

## သူတော်ကောင်းမှ နတ်ကောင်း မ တရားတော် (ရှင်သောပါက ဝတ္ထု) မေတ္တာစျာန် အခြေခံ၍ ဝိပဿနာကူးပြီး ရဟန္တာဖြစ်သွားပုံ

### မှတ်သားဘွယ် အကျဉ်းချုပ်

### မဖွားလိမ်ပိန် အချိန်များစွာ မေ့မျောရှာ

ရှင်သောပါကအလောင်းသည် ဝိဝဋ္ဋူပနိဿယကုသိုလ် ဆည်းပူး ရာတွင် ကကုသန်ဘုရား လက်ထက်၌ သူဌေးတဦး၏ သားဖြစ်၍ တနေ့သ၌ ဘုရားကိုမြင်၍ ကြည်ညိုသောစိတ် ဖြစ်လျက် အမေ့ပြည့်သော အသီးတို့ကို ဘုရားအား လှူ၏။ အစဉ် သနားခြင်းကို အကြောင်းပြုလျက် အကင်ခံ၏။ ထိုမှ တပါး ရဟန်းအပေါင်း၌ အလွန်ကြည်ညို၍ စာရေးတံမဲဖြင့် ညွှန်ကြားသော ရဟန်းသုံးပါးတို့ကို အသက်ရှိသမျှ ကာလပတ်လုံး နို့ဆွမ်းလှူ၏။ ထို ကောင်းမှုကြောင့် နတ်ပြည် လူ့ပြည်တို့၌ ခံစားလျက် တခါ လူ့ဘဝ၌ ဖြစ်သည့်အခါ ပစ္စေကဗုဒ္ဓါတပါးအား နို့ဆွမ်းလှူ၏။ ဤသို့ ထိုထိုဘဝတို့၌ ဖြစ်၍ ယခု ဂေါတမဘုရား လက်ထက်၌ ရှေးကံကြောင့် သာဝတ္ထိပြည်၌ ဆင်းရဲသူမတဦး၏ ဝမ်း၌ သန္ဓေနေ၏။ ဆယ်လပြည့်၍ ကိုယ်ဝန် ရင့်မာလျက် မဖွားနိုင်ဘဲ အချိန်များစွာ မေ့မျောခြင်းသို့ ရောက်၏။

### ရွှေနောက်မခြား သားဖွားပြီးလေ မိခင်သေ

ထို ကိုယ်ဝန်ဆောင်အမျိုးသမီးကို သေပြီဟု အများဆုံးဖြတ်၍ သုသာန်သို့ မသာပို့ကြ၏။ မီးရှို့ရန် ထင်းပုံသို့ တင်ကြပြီ။ မီးရှို့ဖို့လည်း အားလုံး အသင့်ဖြစ်လေပြီ၊ သူ၏ ဝမ်းမှ ကလေး၏ ကုသိုလ်အရ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လေမုန်တိုင်းကြီး ကျလေ၏၊ ကြောက်ခမန်းလိလိ ဖြစ်၏။ ပရိသတ်များ အားလုံး ပြန်ကုန်ပြီ။ တာဝန်ကျ နှစ်ဦးသာ ကျန်တော့၏။ အိမ် စိတ်မချ၍ တဦး ပြန်သွားပြန်ပြီ။ မိုးလည်းချုပ်၊ အတော်မှောင်စပြုသဖြင့် ကျန်တဦးမှာလည်း ဘယ်လိုမှ မီးရှို့လို့ မရ၍ လက်လျှော့ပြီး နက်ဖြန်မှ လာရှို့တော့မည်ဟု ကြံလျက် ပြန်သွားလေ၏။

လေမှာလည်း တဖြည်းဖြည်း အားပျော့၍ လာလေပြီ။ သူငယ်ကား ပစ္ဆိမဘဝိက တည်း။ ထို့ကြောင့် နတ်အပေါင်းတို့၏ အာနုဘော်ကြောင့် ရောဂါမရှိ၊ ဘေး မထိဘဲ ဖွားမြင်လာလေ၏။ မရှေးမနှောင်း မိခင်ကား သေသွားပြီ။

## သောပါကဟု မည်ပြုချစ်ကြင် သူ့ဘခင်

ထိုသားငယ်ကလေးကို နတ်သမီး နတ်သားတို့သည် ပွေ့ချီ၍ လူ့အသွင် ဖြင့် သုသာန်မှူးကြီးအိမ်သို့ဝင်ကာ ခရီးသည်အနေ ဝင်ရောက်တည်းခိုလေ၏။ ယုံအောင်လည်း နေ့စေ့ လစေ့ ခရီးသွားယင်း လမ်းမှာ ဖွားခဲ့ရကြောင်း ပြော ပြလျက် နို့တိုက် ပြုစုလေ၏။ နှစ်ရက် သုံးရက်အထိ နေသွား၏။ ကလေးမှာလည်း အလွန် ချစ်ဖို့ကောင်း၏။ သုသာန်မှူးကြီးလည်း ကလေးအပေါ် အတော်ကို သံယော ဇဉ်ဖြစ်လေပြီ၊ အပ်နှံကြ၏။ သားအရင်းကဲ့သို့ ချစ်ခင်၏။ သုသာန်၌ မွေးဖွား ကြီးပွားလေသောကြောင့် သောပါကသတို့သားဟု အမည်ပေး၏၊ သုသာန်မှူးကြီး၏သား သုပိယနှင့်အတူ ကစားလေ့ ရှိ၏။

## မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောစျာန် အခြေခံ

ထိုအခါ တနေ့သ၌ အသက် ခုနစ်နှစ်သာ ရှိသေးသော ထိုသောပါက သတို့သားကို မြတ်စွာဘုရားသည် သဗ္ဗညုတရွှေဉာဏ်တော် ကွန်ရက်ကို ဖြန့်ကျက် ကြည့်ရှုလေသော် ကျွတ်ထိုက်သူအဖြစ် သောပါက သတို့သားကို မြင်လေ၏။ သုသာန်သို့ ဘုရားရှင် ကြွသာ၏။ သူ၏ ကုသိုလ်ကောင်းမှုများက တိုက်တွန်းသည် ဖြစ်၍ အလွန် ကြည်ညိုလှသည်ဖြစ်၍ အလွန် ကြည်ညိုလှ သဖြင့် ဘုရားအနီးသို့ ကပ်၍ ရှိခိုးပြီ ထိုင်နေ၏။ ဘုရားရှင်သည် သောပါက သတို့သားအစ တရားဟော၏။ သတို့သားသည် ရှင်အဖြစ် တောင်း၊ ဘခင်ကြီး ကလည်း ခွင့်ပြု လျှောက်ထား၏။ ရှင်ပြုပြီးသော် မေတ္တာကမ္မဋ္ဌာန်းကို ရှုပွား စေ၏၊ ရှင်သောပါကသည် ဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ သုသာန်မှာပင် နေ၏၊ မကြာမီ မေတ္တာစျာန်ကို ဖြစ်စေ၏။ ယင်း မေတ္တာစျာန်ကို အခြေခံ၍ ဝိပဿ နာကို ပွားသည်ရှိသော် (၀၁) ပွားလျက် အရဟတ္တဖိုလ်ဉာဏ်ကို မျက်မှောက် ပြု၏။ ရဟန္တာ ဖြစ်သွား၏။

**အယံ မေတ္တာ ဘဒ္ဒန္တ ဇောတိပါလတ္ထေရေန**
**ရစိတော**
**အမတ ရသ ဝိဘာဝနီ ဂန္ထော**

## ဘာဝနာ ရသ ဝိဘာဝနီကျမ်း နှင့်
## အမတ ရသ ဝိဘာဝနီကျမ်း
## ဂန္ထ သိဋ္ဌန နိဂမ ဂါထာများ

မဟာဝဂ္ဂါဒီနံ ဂန္ထ၊ သုတ္တန္တ ပါဠိ ပါဠိရုဂ္ဂ။
ကာရကော ဝါစကောဝုတ္တော၊ နာနာဂန္ထ ဗဟုဿုတော ။
ပဲခူးပုရမှိ ပညာဝေ၊ သီရိ ကြခတ္တ မဏ္ဍလေ။
သောဘိတေ ထောမိတေ ဇောတ်၊ ပါလော သုခေ သုရမ္မကေ။ ။
သာသနောဒယ ကာမေန၊ အနေကသတ္တ ကာရိနာ။
ဝသတာ မောနဘာသေ၊ ပဲခူး ကြခတ္တ မဏ္ဍလေ။ ။
မဟုဿာဟော နေ ဝေါစိဟ်၊ ဒိဿရတ္တံ ယထာရဟံ၊
ယံသတ္တ သဒ္ဒယံ ကသံ၊ ဝုတ္တံ တေနေဝ ပူဇိတံ၊ ။
စေတိယာဒီနံ နာယက၊ ဘာဝေန ပူဇိတံ ဘတံ၊
ဇာတိယာ အဋ္ဌ ပညာသ၊ တာလီသေကူန ဘိက္ခုတော။
သေစတ္တာလီသာမိကေ၊ တိသတေက သဟဿကေ။
သက္ကရာဇေ ဘဒ္ဒရမှိ၊ သုက္က ကွေသ ပဉ္စမေ၊ ။
နိဋ္ဌိတော ရဝိဝါရမှိ၊ သုနက္ခတ္တေ သုမင်္ဂလေ။
ဘာဝနာ အမတ ရသ၊ ဝိဘာဝနီ သုသုန္ဒရီ။ ။

မဟာဝဂ္ဂါဒီနံ၊ သုတ္တန် ပိဋကတ် ကျမ်းမြတ်အပါ မဟာဝါ အစရှိကုန်သော။ ဂန္ထသုတ္တန္တ-သုတ္တဂန္ထာနံ၊ ခုနစ်မျိုး ခုနစ်စား များပြားဖုံဖုံ(ဗုဒ္ဓပါဝစန) ကျမ်းဂန် အလုံးစုံတို့၏။ ပါဠိပါဠိရုဂ္ဂ ဂန္ထကာရကော၊ ပါဠိတော်-အဋ္ဌကထာ-ဋီကာ-ပါဠိနည်းယူ ပါဠိရုဂ္ဂမြောက် ကမ်းတဘက်ရောက်အောင် ပို့ဆောင်ပေလတ် (ပါဠိပါဠိရုဂ္ဂ ကျမ်း)အမြတ်ကို ရေးသားပြုစုခဲ့ပါသော။ ဝါစကော၊ ရဟန်းဖြစ်လာ ကိုးဝါကအစ ယနေ့ကျအောင် နေ့ညမကွာ စာဝါပို့ချ ထက်သန်စွာ သင်ကြားပြသခြင်းလည်း ရှိပေထသော။ ဝုတ္တော၊ နှစ်စဉ် ဝါတွင်း မယွင်းအစေ့ သီတင်းနေ့တို့၌ အမိဋ္ဌာန်ထား စိတ်ကြွပွားလျက် (ဝိပဿနာ အလုပ်တရား) ဟောကြားခြင်းလည်း ရှိပေထသော။ နာနာဂန္ထဗဟုဿုတော၊ သမိုင်း ရာဇဝင် မဟာဝင်နှင့် ဗုဒ္ဓဝင်မှန် ကျမ်းဂန်အမျိုး ဗုဒ္ဓစာပေအထူးထူး တို့၌ ကိုယ်တိုင် ဆည်းပူး နိုင်နင်းစွာ ရေးသားအပ်ပြီးသော ပဋိဘာဏဂမ္ဘီ စုံညီ ကျန ပြည့်ဝခြင်းလည်း ရှိပေထသော (ဇသန္တေ-ဠဝိစပ်)။

ပဲခူးပုရမ့်၊ ဥယျာဉ်ပဲခူး အမည်ထူးလျက် ကြည်နူးဘွယ် အဖြာဖြာ သာယာခဲ့ပြီး ရှေးအခါ မင်းနေပြည်တော်ကြီး၌။

ပဲခူးပုရမ့်၊ ဘုရင် ဦးပိုက် နန်းစိုက်ခဲ့၍ မြို့ရိုးနှင့်ကျုံး တောင်ကုန်း တောင်ကလာပ် တေသပ်နှင်းဆီ သရဖီ ရင်ခတ် ပန်းအမြတ်မြတ် အထပ်ထပ် တို့ဖြင့် သပ်ရပ်ကြည်နူး မြို့ပဲခူး၌။

ပဲခူးပုရမ့်၊ မန္တလေးအစုန် ရန်ကုန်အဆန် ရထားလမ်း ကားလမ်း ပဲခူး မြစ် ရေလမ်း မင်္ဂလာဒုံလေလမ်းတို့ဖြင့် ထွေဆန်းပြည့်ထူး မြို့ပဲခူး၌။

ပဲခူးပုရမ့်၊ အနောက်မှာတော အရှေ့မှာကွင်း ဆင်းလိုက်လျှင် မြစ် ဆန်းသစ်ခဲ့ပြီး သစ်သီးဝလံ ဆန်ရေစပါး ပေါများပြည့်ထူး မြို့ပဲခူး၌။

ပဲခူးပုရမ့်၊ ဗိမာန်တန်ဆောင်း ဂူ ကျောင်း ပြာသာဒ် အဆပ်ထပ်နှင့် ကျိုက်ပေါ ကျိုက်ပွန် ကျိုက်ကလွန်အစ ဗုဒ္ဓရောင်ခြည် စေတီပုထိုး အားကိုး လောက်ဘွယ် ဆံတော်စွယ်တော် အသွယ်သွယ်တို့၏ ရွှေသား ရွှေရောင် ရွှေတောင်လိုထူး မြို့ပဲခူး၌။

ပဲခူးပုရမ့်၊ ဘာဝနာယောဂီ တပည့်တို့ ပြည့်ညီးမွေ့ရာ အဖြာဖြာ နည်း တရာ ရိပ်သာကြီးတို့နှင့် ဘုရားသားတော် သံဃာတော်တို့၏ ပရိယတ် ခေါ် မိန့်ဖော် ညဝါ နေ့ဝါမဆန်း ထိုဆိုကျမ်းတို့ကို ကြိုးစမ်းအားထုတ်ကြရာ ပရိယတ္တိစာသင်တိုက်ကြီးတို့၏ တည်ရာအထူး ပဲခူးဟုခေါ် တိုင်းမြို့တော်၌။

ပညာတော၊ ရာပြည့်ရာကျော် ဗိမာန်တော်နှင့် တဖော်နတ်လမ်း စိမ့်ရေ စမ်းတို့ဖြင့် အံ့မခန်းသာယာ ခံစားရတာအထူး စိတ်ကြည်နူးဘွယ် ဖြစ်ပေထ သော။ သောဘိတော၊ သင်္ကန်းရောင်ထိန်ဝေ ကွန့်မြူးပြည့်ကြွယ် သုံးရာ့ခြောက် ဆယ် သံဃာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်မြင့်ဆန်း ရှုမခန်း ထူကဲပေထသော။ ထောမိတော၊ စာတော်ပြန် အောင်ဇေဇက်တို့ဖြင့် သာ သနာအရောင် ပြောင်လက်၍ အလွန်ပင် ချီးကျူးဘွယ် ကောင်းပေထသော။ သုခေ၊ မီးရိပ် ရေမိုး အမျိုးမျိုးတို့ဖြင့် ပြည့်ဖြိုးချမ်းသာခြင်းလည်းရှိပေထသော။ သုရမ္မကော၊ ဦးသီလအစ တောရနေသွင် ထေရ်အရှင်တို့ အစဉ်ကြည်စွာ ပျော် မွေ့ဘော်မူရာလည်း ဖြစ်ပေထသော။ သိရီကြခတ္တမဏ္ဍလေ၊ ဗုဒ္ဓမိန့်ပြန် ဆို ရွတ်သံတို့ဖြင့် သိရီမဟာ မင်္ဂလာရှိပြီး ပဲခူးကြခတ်ဝိုင်း ကျောင်းတိုက်ကြီး၌။ ဝသန္တော၊ ဥပဇ္ဈာယ်ဆရာ မိန့်မှာသွန်သင် နားဝယ်ဆင်ကာ နေမှဲ့ပေသော။

ဇောတိပါလော၊ ဆရာဥပဇ္ဈာယ် ကျောက်ထီးနှယ်၏(ဇောတိပါလ)သမဏဟု ပေးထမှည့်ခေါ် ရဟန်းတော်မည် ပါမထေရ်သည်။

ပဲခူးကြခတ္တမဏ္ဍလေ၊ ခြောက်ဆယ်စွန်းကယ် သုံးရာဆွယ်သည့် စခချ စာသင် စာပွဲဝင် ထေရ်အရှင်တို့ မွေ့ရှင်ခိုမှီး ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်ကြီး၌။ ပဓာနဘာဝေ-ပဓာနဘာဝေန၊ ပဓာနအကြီးအချုပ် ထိန်းအုပ်စင်စစ် နာယကပုဂ္ဂိုလ်အဖြစ်ဖြင့်။ ဝသဘာ ဝသဓေန၊ ဥပဇ္ဈာယ်ဆရာ မိန့်ဩဝါ ကြောင့် နေလာနေဆဲ ဖြစ်ပေထသော။ သာသနောဒယာ ကာမေန၊ ဘုရားမြတ်စွာ သာသနာနှံ့ ပြန့်စေလိုအပ် စိတ်တော်မြတ်ဖြင့်။ အနေကသတ္တကာရိနာ၊ (ပလ္လက်ာဒိ ကပ္ပိယာကပ္ပိယ ဝိနိစ္ဆယ) စသည်ဖြာဖြာ ကျမ်းများစွာတို့ကို လေ့လာကြံဖန် ကိုယ်ပိုင်ဉာဏ်ဖြင့် ရေးသားပြုစတော်မူခဲ့သော။ မယာ၊ ရှင်ဇောတိပါလခေါ် ငါရဟန်းတော်သည်။

ဒီဃရတ္တံ-ဒီဃရတ္တေန၊ နှစ်ရှည်လများ နေ့ညဥ့်အားဖြင့်။ ယထာရဟံ၊ သံဃာတော် ယျာဝစ္စ သာသနာ့တာဝန် ကျေပွန်ပြီးအခါ ထိုက်သည့်အားလျော်စွာ။ မဟုဿာဟေန၊ သမ္မပ္ပဓာန် ပြင်းထန်လုံ့လ ဝီရိယဖြင့်သာလျှင်။ ဥစိတံ၊ ရှာဖွေကျက်မှတ် စုဆောင်း၍ထားအပ်သော။ ယံသတ္တံ၊ အကြင် (ဘာဝနာ ရသ ဝိဘာဝနီ အမတ ရသ ဝိဘာဝနီ) သည်တင့်ဆန်း နှစ်မျိုးသောကျမ်း ကို။ သဒ္ဒယံ၊ အညမည နိဿိတမို့ ပေါင်းစုရိုက်နှိပ်ခြင်းကို။ ကတံ၊ ပြုခဲ့ပါပြီ။ တေနေဝ၊ ထိုကျင်မြတ်ပဋိပတ် ကျမ်းနှစ်ရပ်ဖြင့်သာလျှင်။ ဝုတ္တံ၊ ဗုဒ္ဓဟောရာ သာသနာသံရှင် ထွတ်အမြက်ကို။ ပူဇိတံ၊ ပဇော်သမှု ကော်ရော်ခြင်း ပြုအပ်ခဲ့ ပါပြီ။

စေတိယာဒီနံ၊ သာသနာ့တံခွန် ထူချွန်စစ်မြတ် (စွယ်တော် ဆံတော်) အရပ်ချပ်တို့၏ ကိန်းဝပ်ကြရာ မဟာစေတီ မွေသရီနှင့် တလီမော်ဓော အစ ရှိသော စေတီတော်ကြီးတို့၏၊ နာယက ဘာဝေန၊ ဩဝါဒါစရိယ နာယက အဖြစ်ဖြင့်။ သာသနဋ္ဌိတိယာ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏ အရောင်အဝါ လျှင်စွာ ပြီးမြောက် ခရီးရောက်လျက် အဓွန့်ရှည်ကြာ တည်ပါစေခြင်းအလို့ငှာ လည်း ကောင်း။ ပုညဇနနတ္ထာယ၊ ထွေထွေဝေနေယျ များသတ္တတို့ ပုညမင်္ဂလာ ဖြစ်ကြပါစေခြင်း အလို့ငှာ လည်းကောင်း။ ပူဇနံ၊ သားတော်ပီပီ စိတ်ကြည် ကြည်ဖြင့် ခန့်တည်မယုတ် နောက်မဆုတ်ပဲ အားထုတ်ပူဇော်ခြင်း အမှုကို။ ကတံ၊ စေတနာမြင့်မြတ် သဒ္ဓါဓာတ်ဖြင့် ပြုအပ်ခဲ့ပါပြီ။ ဇာတိယာ၊ မယ်တော် ၏ဝမ်း ကြာတိုက်ခန်းမှ လန်းဆန်းသန့်စင် ဖွားမြင်တော်မူခဲ့သည်မှ၊ အဋ္ဌပညာ

သ-အဌပညာသ ပတ္တကာလေ၊ ငါးဆယ့်ရှစ်နှစ် တွက်စစ်မှန်စွာ ရောက်ရှိလာသော အခါလည်း ဖြစ်ပေထသော။ ဘိက္ခုတော-ဘိက္ခုဘာဝတော၊ သာကိယဇာတ် ရဟန်းမြတ်အဖြစ်သို့ ရောက်သောအခါမှ။ တာလီသေကူန ကေူနတာလီသပတ္တကာလေ၊ သုံးဆယ့်ကိုးဝါ ရောက်ရှိလစသောအခါလည်း ဖြစ်ပေထသော။ကေစတ္တာလီသာဓိတော၊လေးဆယ့်တခုနှစ်အလွန်ရှိသော။ တိသတေကသဟဿကေ၊ တထောင့်သုံးရာ ခုနှစ်လည်းဖြစ်ပေထသော။ (ဝါ). တထောင့်သုံးရာ လေးဆယ့်တခုနှစ် ဖြစ်သော။ သက္ကရာဇေ၊ ခုနှစ်တွက်စစ် သက္ကရာဇ် ဝေါဟာ နှစ်ကောဇာ၌။ ဘဒ္ဒရမ္မိ၊ တော်သလင်းခေါ်ကြ မိုးမာသလည်း ဖြစ်ပေထသော။ (ရဝိဝါရမို-၌စပ်) သုက္ကပက္ခသ၊ ယုန်စန္ဒာလ ဆန်းပက္ခ၏။ သုနက္ခတ္တေ၊ ဂြိုဟ်တာရာတွင် နက္ခတ်ကောင်းနှင့်လည်း ယှဉ်ပေထသော။ သုမင်္ဂလေ၊ ကောင်းမြတ်မင်္ဂလာ ယှဉ်ပါသုခ လွန်ပြည့်ဝသော။ ပဥ္စမေ၊ ငါးရက်မြောက်ဖြစ်သော။

ရဝိဝါရမို၊ နေ့မြတ်ဂဠုန် ကြိုက်ကြုံချမ်းမြေ့ တနင်္ဂနွေနေ့၌။ သုသုန္ဒရို၊ အတ္တမမှ သာရနှစ်လီ ပြည့်ညီထူးချွန် အလွန်ပြည့်ဝ ကောင်းမွန်စွာထသော။ ဘာဝနာ အမဘ ရသ ဝိဘာဝနီ၊ (ပဋိပတ်အရသာ၊ နိဗ္ဗာန်အရသာ) ပြရာ ပြကြောင်းဖြစ်သော -

ဘာဝနာ ရသ ဝိဘာဝနီ

အမတ ရသ ဝိဘာဝနီ

ကျမ်းနှစ်လီတို့သည်။ နိဋ္ဌိတော၊ နိဒါန်းမှအစ နိဂုံးကျအောင် ဘေးမခရန်မသိ စိတ်ကြည်ကိုယ်လန်း ပီတိလွှမ်း၍ မျှော်မှန်းပိုင်နိုင် ဆုံးခန်းတိုင်တော့သည်သာလျှင်တည်း။

**အယ မေတ္တ ဘဒ္ဒန္တ ဇောတိပါလတ္ထေရေန**
**ရစိတာ**
**သတ္တ ဂန္ထ သိဗ္ဗန နိဂမ ဂါထာယော**

## အယမ္ပနေဿ ဝိညာပနံ

ပါဠိံ အဋ္ဌကထာဒီဟိ၊ နေတွာ ဝုတ္တံ ဝိနိစ္ဆယံ။
ဘာဝနာမတ ရသေသု၊ စိန္တယန္တု ဝိစက္ခဏာ။ ။

စိန္တယိတွာ ပုနပ္ပုနံ၊ ယုတ္တံစေ ဓာရယန္တု တံ။
အယုတ္တဉ္စေ ဣတော အညံ၊ ပရိယေသန္တု ကာရဏန္တိ။ ။

(* ဝိနယာလင်္ကာရ ဋီကာ၊ ၃၊ နှာ-၁၃၉)

# သမသီသီ ရဟန္တာ (၃) မျိုး

ကတာမော စ ပုဂ္ဂလော သမသီသီ
ယဿ ပုဂ္ဂလဿ အပုဗ္ဗံ အစရိမံ
အာသဝပရိယာဒါနဉ္စ ဟောတိ ဇီဝိတပရိယာဒါနဉ္စ၊
အယံ ဝုစ္စတိ ပုဂ္ဂလော သမသီသီ

* ပါရမီရင့် သဒ္ဓါပွင့်လျက် ကြီးမြင့်အားသီး သေခါနီးဝယ် တွန်းပြီးစောက်ချ ရှုမှတ်ရ၍ အာသဝခမ္မ သက်ဇီဝပါ နှစ်ဖြာ ရှေ့နောက်ကုန်ငြိမ်းပျောက်က "သမသီသီရဟန္တာ"ဟု ခေါ်တွင်ပြု။

* လျောင်းထိုင်ရပ် သွား တပါးပါးဖြင့် ရှုပွားနေစဉ် ကိလေစင်လျက် ထိုတွင် ပရိနိဗ္ဗာန် ကြွဝင်စံက "ဣရိယာပထ သမသီသီ ရဟန္တာ"ဟု ခေါ်တွင်ပြု။

* ကိုးဆယ့်ခြောက်ဖြာ ရောဂါကြီးထု နှိပ်စက်မှုဖြင့် ပွားရှုနေစဉ် ကိလေစင်လျက် ထိုတွင် ပရိနိဗ္ဗာန် ကြွဝင်စံက "ရောဂ သမသီသီ ရဟန္တာ"ဟု ခေါ်တွင်ပြု။

* ရုပ်စု နာမ်စု ချုပ်ငြိမ်းမှုတွက် ပွားရှုအလီလီ ထိုယောဂီမှာ အဝိဇ္ဇာနှင့် ယှဉ်လာဇီဝိတိန္ဒြေ ချုပ်မှုကြိမ်က "ဇီဝိတ သမသီသီ ရဟန္တာ" ဟု ခေါ်တွင်ပြု။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၃၉)